ဟာဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်

မြန်မာဘာသာပြန်

အစောင် ၁၃

အာယသ်တော် ၁၂ း ၅၃ မှ ၁၅ း ၁ အထိ

ပြန်ဆိုရေးသားတည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

ခဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၁၃]

စူရာဟ်ယူစွဖ်
တမန်တော်ယူစွဖ်ကဏ္ဍ

၁၂ း ၅၃ မှ ၁၂ း ၅၇ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂
၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅
၃။ မိမိ၏ သန့်ပြန့်မှုကို တင်ပြခြင်းသည် မသင့်တော်သော်လည်း အချို့သော အခြေအနေများတွင် တင်ပြနိုင်သည့်အကြောင်း ၅
၄။ 'နဖ်စ်'ဟူသော လူ့စိတ်၏ အခြေအနေသုံးရပ်အကြောင်း ၆
၅။ အစိုးရ၏ ရာထူးတစ်ခုခုကို မိမိကိုယ်တိုင် တောင်းဆိုခြင်းသည် မပြုပိုင်သော်လည်း အချို့သော သတ်မှတ်ချက်များအရ တောင်းဆိုခွင့်ရှိခြင်း ၁၂
၆။ တမန်တော်ယူစွဖ် عليه السلام ၏ ရာထူးတောင်းခံမှုသည် သီးခြားအမြော်အမြင်တစ်ရပ်ကြောင့် ဖြစ်ခြင်း ၁၃
၇။ ကာဖိရ်အာဏာပိုင်တို့၏ ရာထူးကို လက်သင့်ခံခြင်းသည် ပိုင်ပါသလော။....... ၁၄

၁၂ း ၅၈ မှ ၁၂ း ၆၂ အထိ

၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉
၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀
၁၀။ ပညတ်ချက်များနှင့် အကျိုးကျေးဇူးများ ၂၅
၁၁။ တမန်တော်ယူစွဖ် عليه السلام သည် မိမိ၏ အခြေအနေလုပ်ရပ်ကို ဖခင်ကြီးအား အကြောင်းမကြားခဲ့ခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်အရဖြစ်ခြင်း ၂၅

၁၂ း ၆၃ မှ ၁၂ း ၆၆ အထိ

၁၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈
၁၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၀
၁၄။ လမ်းညွှန်မှုများနှင့် ပညတ်ချက်များ ၃၃
၁၅။ သားသမီးများသည် အမှားအယွင်းတစ်စုံတစ်ရာကို ကျူးလွန်မိခဲ့လျှင် အဆက်အသွယ်ဖြတ်မည့်အစား ၎င်းတို့ကိုပြုပြင်ရန် သောကထားရမည့်အကြောင်း ၃၃

၁၂ း ၆၇ မှ ၁၂ း ၆၉ အထိ

၁၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၇
၁၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၉
၁၈။ မျက်စိစူးခြင်း၏ သက်ရောက်မှုသည် အမှန်တကယ်ဖြစ်ခြင်းအကြောင်း ၃၉
၁၉။ အမိန့်ပညတ်ချက်များ ၄၄

၁၂ း ၇၀ မှ ၁၂ း ၇၆ အထိ

၂၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၇
၂၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၉
၂၂။ ပညတ်ချက်များ ၅၃

၁၂ း ၇၇ မှ ၁၂ း ၈၂ အထိ

၂၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၇
၂၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၉
၂၅။ အမိန့်ပညတ်ချက်များ ၆၄

၁၂ း ၈၃ မှ ၁၂ း ၈၇ အထိ

၂၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၆
၂၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၈
၂၈။ တမန်တော်ယအ်ကူးဗ် عليه السلام သည် ယူစွ်ဖ် عليه السلام အား အဘယ်ကြောင့် နှစ်နှစ်ကာကာ ချစ်ခင်ခဲ့သနည်း။ ၇၀
၂၉။ အမိန့်ပညတ်ချက်များ ၇၄

၁၂ း ၈၈ မှ ၁၂ း ၉၂ အထိ

၃၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၇
၃၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၈
၃၂။ အမိန့်ပညတ်ချက်များနှင့် ညွှန်ကြားမှုများ ၈၂
၃၃။ 'ဆွဗရ်'သည်းခံခြင်းနှင့် 'သက္ကဝါ'ရှောင်ကြဉ်ခြင်းသည် ဘေးဒုက္ခအပေါင်း၏ ဆေးတစ်လက်ဖြစ်ခြင်း ၈၄

၁၂ း ၉၃ မှ ၁၂ း ၁၀၀ အထိ

၃၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၈
၃၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၀
၃၆။ ပညတ်ချက်များနှင့် ဓမ္မသတ်များ ၉၅
၃၇။ တမန်တော်ယူစွဖ် ﷺ ၏ 'ဆွဗရ်'နှင့် 'ရှုကုရ်' ၏ အဆင့်အတန်း ၉၇

၁၂ း ၁၀၁

၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၀
၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၁
၄၀။ ညွှန်ကြားချက်များနှင့် အမိန့်ပညတ်ချက်များ ၁၀၃

၁၂ း ၁၀၂ မှ ၁၂ း ၁၀၉ အထိ

၄၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၇
၄၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၀
၄၃။ ပညတ်ချက်များနှင့် သြဝါဒများ ၁၁၅
၄၄။ အကွယ်မှသတင်းများနှင့် အကွယ်မှရရှိသောပညာတွင် ခြားနားမှုရှိခြင်းအကြောင်း ၁၁၅

၁၂ း ၁၁၀ မှ ၁၂ း ၁၁၁ အထိ

၄၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၈
၄၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၉

စူရာဟ် ရအ်ဒ်
မိုးချုန်းသံ ကဏ္ဍ

၁၃ း ၁ မှ ၁၃ း ၄ အထိ

၄၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၅
၄၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၇
၄၉။ တမန်တော်မြတ် ﷺ ၏ဟဒီးစ်တော်များသည်လည်း ကျမ်းမြတ်ကုရ်အာန်ကဲ့သို့ပင် 'ဝဟီ'ဗျာဒိတ်တော်ဖြစ်ခြင်းအကြောင်း ၁၂၈
၅၀။ မိုးကောင်းကင်၏ ထုထည်ကို မြင်တွေ့နိုင်ပါသလော။ ၁၂၉
၅၁။ အရာဝတ္ထုတိုင်းနှင့်ပတ်သက်ပြီး တွေးခေါ်ကြံဆမှုသည် အမှန်စင်စစ် အလ္လာဟ် အသျှင်မြတ်၏ စီမံမှုပင်ဖြစ်သည်။ လူသားတို့၏တွေးခေါ်ကြံဆမှုသည် အမည်ခံ မျှသာ ဖြစ်သည်။ ၁၃၁

၁၃ း ၅ မှ ၁၃ း ၈ အထိ

၅၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၇
၅၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၈
၅၄။ သေဆုံးပြီးနောက် ပြန်လည်ရှင်သန်ကြရမည့် အထောက်အထား ၁၃၉
၅၅။ အုပ်စုတိုင်းနှင့် နိုင်ငံတိုင်းတွင် နဗီတမန်တော်များပွင့်ရန် လိုအပ်ပါသလော။..... ၁၄၃

၁၃ း ၉ မှ ၁၃ း ၁၅ အထိ

၅၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၈
၅၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၀

၁၃ း ၁၆ မှ ၁၃ း ၁၇ အထိ

၅၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၈
၅၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၀

၁၃ း ၁၈ မှ ၁၃ း ၂၄ အထိ

၆၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၂
၆၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၃

၁၃ း ၂၅ မှ ၁၃ း ၃၀ အထိ

၆၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၂
၆၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၄
၆၄။ ပညတ်ချက်များနှင့် ဩဝါဒများ ၁၇၆

၁၃ း ၃၁ မှ ၁၃ း ၃၃ အထိ

၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၂
၆၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၅

၁၃ း ၃၄ မှ ၁၃ း ၃၇ အထိ

၆၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၂

၁၃ း ၃၈ မှ ၁၃ း ၄၃ အထိ

၆၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၆
၆၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉၉

စူရာဟ်အိဗ်ရာဟီမ်
တမန်တော်အိဗ်ရာဟီမ်ကဏ္ဍ

၁၄ း ၁ မှ ၁၄ း ၃ အထိ

၇၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၈
၇၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၈
၇၂။ ဤစူရာဟ်ပါအကြောင်းအရာများ ၂၀၈
၇၃။ ဟေဒါယသ်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ စွမ်းဆောင်မှုတစ်ရပ်သာဖြစ်ခြင်း ၂၁၀
၇၄။ အမိန့်ပညတ်ချက်များနှင့် ဩဝါဒလမ်းညွှန်မှုများ ၂၁၁
၇၅။ ကျမ်းတော်မြတ်ကုရ်အာန်အား ရွတ်ဖတ်ခြင်းသည်လည်း သီးခြားရည်ရွယ်ချက် တစ်ခုဖြစ်ခြင်းအကြောင်း ၂၁၁
၇၆။ အနှစ်ချုပ်အလိုသဘော ၂၁၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

၇၇။ ကျမ်းမြတ်ကုရ်အာန်ကို လေ့လာရာတွင် မှားယွင်းနိုင်သော အမှားအချို့ကို ထောက်ရှုပြသခြင်း ၂၁၄

၇၈။ ပညတ်ချက်များနှင့် ဓမ္မသတ်များ ၂၁၅

၁၄ း ၄

၇၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၆

၈၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၇

၈၁။ ကျမ်းတော်မြတ်ကုရ်အာန်သည် အာရဗီဘာသာစကားဖြင့် အဘယ်ကြောင့် ဖြစ်နေရသနည်း။ ၂၁၉

၈၂။ အာရဗီဘာသာစကား၏ ထူးခြားချက်များ ၂၂၁

၁၄ း ၅ မှ ၁၄ း ၈ အထိ

၈၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၆

၈၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၇

၈၅။ ကျေးဇူးသိတတ်ခြင်းနှင့် ကျေးဇူးကန်းခြင်းတို့၏ ရလဒ်များ ၂၃၂

၁၄ း ၉ မှ ၁၄ း ၁၅ အထိ

၈၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၆

၁၄ း ၁၆ မှ ၁၄ း ၁၇ အထိ

၈၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၀

၁၄ း ၁၈ မှ ၁၄ း ၂၂ အထိ

၈၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၃

၁၄ း ၂၃

၈၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၇

၁၄ း ၂၄ မှ ၁၄ း ၂၅ အထိ

၉၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၈

၁၄ း ၂၆ မှ ၁၄ း ၂၉ အထိ

၉၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၉

၉၂။ သိမှတ်ဖွယ်ရာများနှင့် ပညတ်ချက်များ ၂၅၁

၉၃။ ကာဖိရ်များ၏ ပမာ ၂၅၄

၉၄။ အီမာန်၏ ထူးခြားသော အကျိုးအာနိသင် ၂၅၄

၉၅။ ‘ကဗရ်’၏ ပြစ်ဒဏ်နှင့် အကျိုးတရားတို့သည် အမှန်တကယ်ရှိခြင်းကို ကျမ်းတော်မြတ်ကုရ်အာန်နှင့်ဟဒီးစ်တော်များတွင် အတည်ပြုထားခြင်းအကြောင်း ၂၅၅

၉၆။ အမိန့်ပညတ်ချက်များနှင့် လမ်းညွှန်ချက်များ ၂၅၈

၁၄ : ၃၀ မှ ၁၄ : ၃၄ အထိ

၉၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၀

၉၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၁

၉၉။ သဗ်စီးရ်အကျယ်ဖွင့်ဆိုမှုနှင့် ရှင်းလင်းချက် ၂၆၁

၁၀၀။ ပညတ်ချက်များနှင့် သြဝါဒများ ၂၆၃

၁၄ : ၃၅ မှ ၁၄ : ၄၁ အထိ

၁၀၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၀

၁၀၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၂

၁၀၃။ ပညတ်ချက်များနှင့် သြဝါဒများ ၂၇၅

၁၀၄။ တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ တောင်းဆုတော်ရှိ လျှို့ဝှက်ချက်များနှင့်အမိန့်ပညတ်ချက်များ ၂၇၈

၁၀၅။ ပညတ်ချက်များနှင့် သြဝါဒများ ၂၈၅

၁၄ : ၄၂ မှ ၁၄ : ၅၂ အထိ

၁၀၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈၇

၁၀၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၉၀

စူရာဟ်ဟစ်ဂျ်ရ်

ကျောက်ဆောင်ကမ္ဘာ

၁၅ : ၁

၁၀၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉၇

ပါရာ [၁၃]

စူရာဟ်ယူစွဖ်
ဟာမန်ဇော်ယူစွဖ်ကဏ္ဍ

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَمَآ أُبَرِّئُ نَفۡسِيٓۚ إِنَّ ٱلنَّفۡسَ لَأَمَّارَةُۢ بِٱلسُّوٓءِ إِلَّا
مَا رَحِمَ رَبِّيٓۚ إِنَّ رَبِّي غَفُورٞ رَّحِيمٞ ٥٣

၁၂ ႏ ၅၃ ။ ။ စင်စစ် ကျွန်ုပ်တို့သည် မိမိကိုယ်တိုင် အပြစ်မှ ကင်းလွတ်သည်ဟု မဆိုလိုပေ။ အကြောင်းမှာ ကေန်အမှန် စိတ်နှလုံးများသည် မကောင်းမှုကို အလွန်အမိန့်ပေး တိုက်တွန်းလေ့ရှိသောကြောင့်ပင် (ဖြစ်၏။) သို့ရာတွင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က သနားကရုဏာပြုတော်မူသည့် (စိတ်နှလုံးသည်သာလျှင် အပြစ်မှ ကင်းလွတ်နိုင်ပေသည်။) ဧကန်မလွဲ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသည့် အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအသျှင် သနားကရုဏာပြုတော်သော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَقَالَ ٱلۡمَلِكُ ٱئۡتُونِي
بِهِۦٓ أَسۡتَخۡلِصۡهُ لِنَفۡسِيۖ فَلَمَّا كَلَّمَهُۥ قَالَ إِنَّكَ ٱلۡيَوۡمَ لَدَيۡنَا
مَكِينٌ أَمِينٞ ٥٤

၁၂ ႏ ၅၄ ။ ။ ထိုအခါ ဘုရင်က အသင်တို့သည် ၎င်း (ယူစွဖ်) အား 'ငါ့ထံ ပင့်ဆောင်ခဲ့ကြလေကုန်။ ငါသည် ၎င်းအား မိမိ (၏ ကိစ္စများ) အဖို့ ရွေးချယ် ခန့်ထားမည်ဖြစ်ကြောင်း' အမိန့်ပေးခဲ့လေသည်။ တစ်ဖန် ၎င်း (ယူစွဖ်) သည် ထိုဘုရင်နှင့် စကားပြောဆိုခဲ့သောအခါ ၎င်းဘုရင်က (ယူစွဖ်အား) 'အသင်သည် ယနေ့မှစ၍ ကျွန်ုပ်၏ထံတွင် မြင့်မြတ်သော

ဂုဏ်အင်ဒြပ်နှင့် ပြည့်စုံသူ (အဘက်ဘက်မှ) ယုံကြည်စိတ်ချအပ်သူ ဖြစ်သည်' ဟု (ချီးမြှင့်) ပြောကြား (မြှောက်စား) ခဲ့လေသည်။

قَالَ اجْعَلْنِي عَلَىٰ خَزَائِنِ الْأَرْضِ ۖ إِنِّي حَفِيظٌ عَلِيمٌ ﴿٥٥﴾

၁၂ : ၅၅ ။ ။ (ထိုအခါ) ၎င်း (ယူစွဖ်) က 'အသင်သည် ကျွန်ုပ်အား တိုင်းပြည်၏ ဘဏ္ဍာတော်များအပေါ်၌ (ကြီးကြပ်အုပ်ထိန်းသူအဖြစ်) ခန့်အပ်ပါလေ။ ဧကန်စင်စစ် ကျွန်ုပ်သည် ထိန်းသိမ်းနိုင်သူဖြစ်ကြောင်း၊ အသိပညာနှင့် ပြည့်စုံသူလည်းဖြစ်ကြောင်း' ပြောကြားခဲ့လေသည်။

وَكَذَٰلِكَ مَكَّنَّا لِيُوسُفَ فِي الْأَرْضِ يَتَبَوَّأُ مِنْهَا حَيْثُ
يَشَاءُ ۚ نُصِيبُ بِرَحْمَتِنَا مَنْ نَشَاءُ ۖ وَلَا نُضِيعُ أَجْرَ الْمُحْسِنِينَ ﴿٥٦﴾

၁၂ : ၅၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် ယူစွဖ်အား တိုင်းပြည်တွင် ၎င်း (ယူစွဖ်) သည် ယင်းတိုင်းပြည်၌ မိမိ (နှစ်သက်သလို) နေလိုသော နေရာတွင် နေထိုင်ရန် အာဏာကို ချီးမြှင့်တော်မူခဲ့လေသည်။ ငါအသျှင်မြတ်သည် မိမိအလိုရှိတော်မူသောသူ၌ မိမိ၏ ကရုဏာတော်ကို သက်ရောက်စေတော်မူ၏။ ၎င်းအပြင် ငါအသျှင်မြတ်သည် ကောင်းမှုပြုသူတို့၏ အကျိုးကို အချီးအနှီး ဖြစ်စေတော်မူသည် မဟုတ်ပေ။

وَلَأَجْرُ الْآخِرَةِ خَيْرٌ لِلَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ ﴿٥٧﴾

၁၂ : ၅၇ ။ ။ သို့ရာတွင် အီမာန် သက်ဝင်ယုံကြည်၍ (ပြစ်မှုဒုစရိုက်များမှ) ရှောင်ကြဉ်လျက်ရှိသော သူတို့အဖို့မှာမူ 'အာခိရသ်' နောင်တမလွန်ဘဝ၏ အကျိုးသည် အကောင်းဆုံးဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ကျွန်ုပ်သည် မိမိ 'နဖ်စ်' ကို (မိမိကိုယ်၌) သန့်ပြန့် (၎င်းနောက်) စင်ကြယ်သူဟု မတင်ပြပေ။ (အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်း၏) 'နဖ်စ်'သည် မကောင်းမှုဘက်သာ ညွှန်ပြလေ့ရှိသည်။ ထို (နဖ်စ်) မှအပ အကြင် (နဖ်စ်) အပေါ်သို့ ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အသနားတော် ရှိမည်။ (၎င်းနောက် အကြင်နဖ်စ်တွင် မကောင်းမှု၏ အင်အားပေးမထားပါက ပမာဆိုရသော် နဗီတမန်တော်များ၏ 'နဖ်စ်'သည် 'မွှသ်မအင်နဲ'ဖြစ်လေသည်။ ထိုအမျိုးအစားတွင် ယူစွဖ် عليه السلام ၏ 'နဖ်စ်'သည်လည်း ပါဝင်ပေသည်။ အချုပ်သဘောမှာ 'ကျွန်ုပ်၏ သန့်ပြန့်မှုနှင့် အပြစ်ကင်းစင်မှုသည် ကျွန်ုပ်နဖ်စ်၏ ပင်ကိုယ်အရည်အချင်းကြောင့် မဟုတ်ပေ။ အသျှင်မြတ်၏ ကရုဏာတော်နှင့် ချီးမြှင့်မှုကြောင့်သာလျှင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၏ နဖ်ဖ်သည် မကောင်းမှုအား ညွှန်ကြားခြင်းမရှိ။ အကယ်

၍ ထိုသို့မဟုတ်ပါက ကျွန်ုပ်၏ နဖ်စ်သည်လည်း အခြားသူများကဲ့သို့ပင် ဖြစ်လိမ့်မည်။) မုချစေကန် ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်နှင့် မဟာကရုဏာတော် အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ဆိုလိုသည်မှာ တင်ပြပါ အကြောင်းအရာများအရ နဖ်စ်သည် နှစ်မျိုးနှစ်စား ရှိကြောင်း သိရှိရသည်။ 'အမ်မာရာ'နှင့် 'မွသ်မအင်နံနဟ်'ဟူ၍ ဖြစ်သည်။ 'အမ်မာရာ'ကို အကယ်၍ 'သောင်ဗာဟ်'ပြုခဲ့လျှင် လွတ်ငြိမ်းချမ်းသာခွင့် ရရှိမည်ဖြစ်သည်။ ၎င်းနောက် 'သောင်ဗာဟ်' ၏ အဆင့်အတန်းတွင်ရှိလျှင် ထိုနဖ်စ်ကို 'လောင်ဝါမာ'ဟု ခေါ်သည်။ ၎င်းနောက် 'မွသ်မအင်နံနဟ်' ပြည့်ဝသော အရည်အချင်းသည် ယင်း၏ ပင်ကိုယ်အရည်အချင်းမဟုတ်။ အသျှင်မြတ်၏ အသနားတော်နှင့် ချီးမြှင့်မှုကြောင့် ထိုအရည်အချင်းကို ရရှိခြင်းဖြစ်သည်။ သို့ပါ၍ 'အမ်မာရာ'သည် 'လောင်ဝါမာ'အဆင့်သို့ ရောက်ရှိရာတွင် အသျှင်မြတ်၏ غفور ဟူသော ဂုဏ်တော်ပေါ်တွင် လာသည်ကို တွေ့ရှိရမည်ဖြစ်ပြီး 'မွတ်သ်မအင်နံနဟ်'ဟူသော အဆင့်ကို ရောက်ရှိရာတွင် رحيم ဟူသော ဂုဏ်တော်ကို တွေ့ရှိရမည်ဖြစ်သည်။

ဤသည်တို့သည် ယူစွဖ် ﷺ ၏ ဟောကြားမှု အကြောင်းအရာများ ဖြစ်သည်။ (အခြားအကြောင်းအရာတစ်ခုမှာ ယူစွဖ် ﷺ ၏ အပြစ်ကင်းစင်ကြောင်းကို အတည်ပြုသော အကြောင်းအရာသည် ချုပ်နှောင်မှုမှ လွတ်ကင်းပြီးနောက်တွင်လည်း ဖြစ်နိုင်သော အကြောင်းအရာ ဖြစ်သည်။ တစ်ဖန် အဘယ်ကြောင့် ထိုအပြစ်ကင်းစင်မှု အကြောင်းကို လွတ်မြောက်မှုထက် ဦးစားပေးထားရသနည်း။ ဖြစ်နိုင်ဖွယ်ရှိသည့် အကြောင်းအရင်းမှာ တင်ပြပါပုံသဏ္ဍာန်တွင် အပြစ်ကင်းစင်မှုကို ယုံကြည်ရသကဲ့သို့ အခြားပုံသဏ္ဍာန်များတွင်မူ ခိုင်မာသော ယုံကြည်ချက် မရရှိနိုင်ခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထောက်အထားများ၏ သက်သေပြ ထောက်ထားမှုသည် ဆက်စပ်မှုများ ရှိနေသည်။ သို့သော် တင်ပြပါ ပုံသဏ္ဍာန်တွင် ပို၍ ခိုင်မာမှုရှိနေသည့် အချက်မှာ 'ယူစွဖ် ﷺ သည် မိမိအပြစ်ကင်းစင်ကြောင်းကို မတင်ပြဘဲ အချုပ်နှောင်မှ လွတ်မြောက်သွားခြင်းကို မနှစ်သက်ပေ'ဟူသော အချက်အား ဘုရင်ကြီးနှင့် အပေါင်းပါများ နားလည်သဘောပေါက်ကြသည်။ အမှန်စင်စစ် ဤကဲ့သို့ အခြေအနေမျိုးတွင် လွတ်မြောက်မှုသည် အကျဉ်းသားများ၏ ကြီးမားသော မျှော်လင့်ချက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ကင်းစင်မှုကို လွတ်မြောက်မှုထက် ဦးစားပေးခြင်းကြောင့် သိရှိရသည်မှာ ယူစွဖ် ﷺ သည် မိမိ၏ သန့်ပြန့်မှုနှင့် အပြစ်ကင်းစင်မှုကို အပြည့်အဝ ယုံကြည်သည်။ ထို့ကြောင့် ထိုအပြစ်ကင်းစင်မှုသည်လည်း အတည်ဖြစ်သွားမည်ကို ပြည့်ပြည့်ဝဝ ယုံကြည်သည်။ ထို့ကြောင့် ထင်ရှားနေသည်မှာ ဤသို့ ပြည့်ဝသော ယုံကြည်မှုသည် အပြစ်ကင်းသူများတွင်သာ ရှိနိုင်သည်။ အပြစ်ရှိသူများတွင် မရှိနိုင်ပေ။ ဤစကားရပ်များအားလုံးကို ဘုရင်ကြီးကလည်း ကြားသည်။)

၎င်းနောက် (ဤစကားကို ကြားပြီး) ဘုရင်ကြီးက ပြောဆိုသည်မှာ '၎င်းကို ရှေ့တော်သို့ သွင်းလော။ ၎င်းကို ကျွန်ုပ်၏ အထူး (လုပ်ငန်းဆောင်တာများ) အတွက် ခန့်ထားတော်မူမည်။ (ဝန်ကြီးထံမှ ၎င်းကို

တောင်းယူတော်မူမည်။ ဝန်ကြီး၏ လက်အောက်တွင် မထားတော့ပေ။ ဤသို့ဖြင့် ယူစွဖ် عليه السلام အား ဘုရင်ကြီးထံသို့ ခေါ်ဆောင်လာခဲ့ကြသည်။) ဤသို့ဖြင့် ဘုရင်ကြီးသည် ၎င်းနှင့် စကားစမြည် ပြောဆိုလေသည်။ (၎င်းနောက် စကားပြောဆိုရာတွင် ယူစွဖ် عليه السلام ၏ မြင့်မြတ်မှုများနှင့် အရည်အချင်းများ ပေါ်လွင်လာပေသည်။) သို့ရှိရာ ဘုရင်ကြီးသည် (၎င်းကို) ပြောကြားသည်မှာ အသင်သည် ကျွန်ုပ်၏ ထံပါးတွင် ယနေ့ (မှစ၍) လွန်စွာ ဂုဏ်ရှိသူ၊ ၎င်းနောက် ယုံကြည်ထိုက်သူတစ်ဦး ဖြစ်သွားလေပြီ။ (စကားစမြည်ပြောဆိုလျက်နှင့် ဘုရင်ကြီး၏ အိပ်မက်အကြောင်း ပါလာလေသည်။ ထို့နောက် ဘုရင်ကြီးက ပြောကြားသည်မှာ 'ဤမျှ ကြီးမားသော မိုးခေါင်ရေရှားမှုကို ကာကွယ်စီမံရန်မှာ ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်သည်။ ဤစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး မည်သူ့ကို တာဝန်အပ်နှင်းရမည်နည်း။) ယူစွဖ် عليه السلام က မိန့်ကြားသည်မှာ တိုင်းပြည်၏ ဘဏ္ဍာတိုက်များနှင့် ပတ်သက်ပြီး ကျွန်ုပ်ကို တာဝန်အပ်နှင်းလော။ ကျွန်ုပ်သည် (ယင်းကို) ထိန်းသိမ်းစောင့်ရှောက်ခြင်း (လည်း) ပြုမည်။ ၎င်းနောက် (ဝင်ငွေထွက်ငွေ စီမံခန့်ခွဲမှုများနှင့် စာရင်းအင်း ပြုစုခြင်းကိုလည်း) ကျွန်ုပ် ကောင်းမွန်စွာ သိရှိနားလည်သည်။ (ဤသို့ဖြင့် ဘုရင်ကြီးသည် ၎င်းကို သီးခြားရာထူးတစ်ခု ပေးမည့်အစား မိမိ၏ လုပ်ပိုင်ခွင့်များအားလုံးကို ချီးမြှင့်ပေးအပ်လိုက်လေသည်။ ၎င်းသည်သာ စစ်မှန်သော ဘုရင်မင်းမြတ်ကြီးကဲ့သို့ ဖြစ်ရှိသွားပေသည်။ ယခင် ဘုရင်ကြီးမှာမူ အမည်ခံဘုရင်မျှသာ ဖြစ်လေတော့သည်။ ၎င်းနောက် ယူစွဖ် عليه السلام သည် ဘုရင်ခံကြီးဟူသော ဂုဏ်ပုဒ်ဖြင့် ကျော်ကြားသွားလေတော့သည်။ အသျှင်မြတ်က မိန့်တော်မူသည်မှာ) ၎င်းနောက် ငါအသျှင်မြတ်သည် ဤသို့ (အံ့သြဖွယ်ကောင်းလောက်အောင်) ယူစွဖ် عليه السلام ကို (အီဂျစ်) နိုင်ငံတွင် အာဏာရှိသူတစ်ဦး ဖြစ်စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံတွင် စိတ်ကြိုက်သွားလာ နေထိုင်နိုင်ခဲ့သည်။

(ဘုရင်များကဲ့သို့ပင် လွတ်လပ်မှုရရှိခဲ့သည်။ ဆိုလိုသည်မှာ တစ်ချိန်က ရေတွင်းထဲတွင် ချုပ်နှောင်ခံခဲ့ရသည်။ တစ်ဖန် ဝန်ကြီး၏ လက်အောက်တွင် အကျဉ်းကျခဲ့သည်။ ၎င်းနောက် ယနေ့ လုပ်ပိုင်ခွင့်အာဏာများနှင့် လွတ်လပ်မှုကို အသျှင်မြတ်က ချီးမြှင့်တော်မူခဲ့သည်။ စင်စစ်မှာမူ) ငါအသျှင်မြတ်သည် မိမိအလိုတော်ရှိသူကို ချီးမြှင့်တော်မူသည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ကောင်းကျိုးပြုသူများ၏ အစားကို လျော့နည်းစေမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ လောကတွင်လည်း ကောင်းကျိုးများ၏ အစားကို ရရှိပြီး သန့်ပြန့်သော ဘဝသက်တမ်းကို ချီးမြှင့်တော်မူသည်။ ယူစွဖ် عليه السلام ကဲ့သို့ ကြွယ်ဝချမ်းသာစေ၍ သော်လည်းကောင်း၊ ဥစ္စာစနေ မကြွယ်ဝဘဲ ရောင့်ရဲတင်းတိမ်စွာဖြင့် အသျှင်မြတ်၏ နှစ်မြို့မှုကို ချီးမြှင့်၍ သော်လည်းကောင်း ယင်းနှစ်မြို့မှုကြောင့် ရသမြောက်သော ဘဝသက်တမ်းကို ရရှိနိုင်သည်။ ဤသည်တို့သည် ဒွန္နယာလောကတွင် ချီးမြှင့်မည်ဖြစ်ပြီး) ၎င်းနောက် တမလွန်တွင် ရရှိမည့် အကျိုးခံစားခွင့်သည် အနှိုင်းမဲ့ သာပိုမည်ဖြစ်သည်။ အီမာန်နှင့် သက္ကဝါတရား ရရှိသူများအတွက် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

မိမိ၏ သန့်ပြန့်မှုကို တင်ပြခြင်းသည် မသင့်တော်သော်လည်း အချို့သော အခြေအနေများတွင် တင်ပြနိုင်သည့်အကြောင်း

ဤထက်အလျှင် အာယသ်တော်များတွင် ယူစွဖ် ﷺ ၏ အောက်ပါပြောဆိုမှုများကို တင်ပြထားပေသည်။ အကြောင်းမှာ ကျွန်ုပ် စွပ်စွဲခံရသော ပြစ်မှုနှင့် ပတ်သက်ပြီး ရှင်းလင်းချက်နှင့် အကြောင်းအရာကို ဂဃနဏ စုံစမ်းစစ်ဆေးမှုမပြုမီအလျှင် အကျဉ်းထောင်မှ လွတ်မြောက်ခြင်းကို ကျွန်ုပ် ကျေနပ်နှစ်သိမ့်နိုင်မည်မဟုတ်။ အကြောင်းမှာ အီဂျစ်နိုင်ငံ၏ ဘုရင်ကြီးနှင့် ဝန်ကြီးနှစ်ဦးစလုံး ကျွန်ုပ် သစ္စာမဖောက်ခဲ့သည့်အကြောင်းကို ပြည့်ပြည့်ဝဝ ယုံကြည်မှသာလျှင် ကျွန်ုပ် ကျေနပ်နိုင်မည်ဖြစ်သည်။ သို့သာမက စွပ်စွဲမှုသည် လိမ်လည်စွပ်စွဲခြင်းသာ ဖြစ်သည်။ ဤအကြောင်းအရာတွင် မိမိ၏ သန့်ပြန့်မှုနှင့် အပြစ်ကင်းစင်မှုအကြောင်းကို မဖြစ်မနေ တင်ပြရန် လိုအပ်နေပေသည်။ အပေါ်ယံကြည့်မည်ဆိုလျှင် ဤအချက်သည် မိမိနဖ်စ်ကို သန့်ပြန့်ကြောင်းနှင့် ကင်းစင်ကြောင်း ထုတ်ဖော်နေသကဲ့သို့ ဖြစ်သည်။ ဤသို့ ထုတ်ဖော်ခြင်းကို အလ္လာဟ်အသျှင်မြတ် မနှစ်သက်ပေ။ ကျမ်းမြတ်ကုရ်အာန်တွင် လာရှိသည်မှာ-

اَلَمْ تَرَ اِلَى الَّذِيْنَ يُزَكُّوْنَ اَنْفُسَهُمْ بَلِ اللّٰهُ يُزَكِّىْ مَنْ يَّشَآءُ

အလိုသဘောမှာ အသင်တမန်တော်၊ ထိုသူများကို မတွေ့လေသလော။ အကြင်သူတို့သည် မိမိကိုယ်မိမိ သန့်ပြန့်သည်ဟု ပြောဆိုကြသည်။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည်သာ မိမိအလိုရှိသူကို သန့်ပြန့်အောင် ပြုလုပ်ပိုင်ခွင့်ရှိသည်။ ၎င်းနောက် 'စူရာဟ်နဂျမ်'တွင်လည်း ဤအကြောင်းအရာနှင့် ပတ်သက်ပြီး အာယသ်တော်တစ်ပိုဒ် လာရှိသည်မှာ-

فَلَا تُزَكُّوْٓا اَنْفُسَكُمْ هُوَ اَعْلَمُ بِمَنِ اتَّقٰى

အလိုသဘောမှာ အသင်တို့သည် မိမိကိုယ်မိမိ သန့်ပြန့်သည်ဟု ကြွေးကြော်သူများ မဖြစ်ကြလေနှင့်။ မည်သူသည် အမှန်တကယ် သန့်ပြန့်သူ 'မွတ်သကီ'ဖြစ်ကြောင်း အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။

ထို့ကြောင့် အထက်ပါအာယသ်တော်တွင် ယူစွဖ် ﷺ သည် မိမိ၏ သန့်ပြန့်မှုကို ထုတ်ဖော်ရာ၌ ဤသို့ အမှန်တရားကိုလည်း ဖွင့်ဟဝန်ခံခဲ့သည်။ အကြောင်းမှာ ကျွန်ုပ် ဤသို့ တင်ပြခြင်းသည် မိမိ၏ 'သက္ကဝါ'နှင့် သန့်ပြန့်မှုကို ဂုဏ်ဖော်ရန် မဟုတ်ပေ။ သို့သာမက အမှန်တရားမှာ ဓါတ်ကြီးလေးပါးဖြစ်သော မီး၊ ရေ၊ မြေ၊ လေတို့ဖြင့် ပေါင်းစပ်ဖန်ဆင်းခံရသော လူသားတို့၏ နဖ်စ်သည် မိမိသဘာဝအလျောက် လူတိုင်းကို မကောင်းမှုများဘက်သို့ ယိမ်းညွတ်စေလေ့ ရှိသည်။ ထိုသူများမှအပ ၎င်းတို့ကို ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် မကောင်းမှုကို လိုလားသည့်

စိတ်ရိုင်းများမှ သန့်ရှင်းစင်ကြယ်စေတော်မူခဲ့သည်။ ပမာဆိုရလျှင် နဗီတမန်တော်များ၏ နဖ်စ်များဖြစ်သည်။ ဤကဲ့သို့သော နဖ်စ်များကို ကျမ်းမြတ်ကုရ်အာန်တွင် نفس مطمئنة ဟု တင်စားသုံးနှုန်းထားလေသည်။ အချုပ်ဆိုရသော် ဤကဲ့သို့ ကြီးမားသော ဖြစ်ရပ်တွင် ကျွန်ုပ် အပြစ်မှ ရှောင်ရှားနိုင်ခြင်းသည် ကျွန်ုပ်၏ စိတ်ရိုင်းထဲမှ ညစ်ညမ်းသော ဆန္ဒများကို မထုတ်ယူခဲ့ပါလျှင် ကျွန်ုပ်သည်လည်း အများသာမန် လူသားများကဲ့သို့ စိတ်အလိုလွှမ်းမိုးခြင်းကို ခံရမည်ဖြစ်သည်။

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ယူစွဖ် عليه السلام သည် အထက်ပါ စကားရပ်ကို ပြောဆိုခဲ့သည့် အကြောင်းအရင်းမှာ အတွေးတစ်ခုသည် သူ၏ နှလုံးသားတွင်းသို့လည်း ဝင်ရောက်လာခဲ့သည်။ ထိုအတွေးအခေါ်သည် မရည်ရွယ်သော 'ဝစ်ဝစဟ်' အတွေးမျိုးသာ ဖြစ်သည်။ သို့သော် 'နဗူဝသ်'၏ ဂုဏ်ဒြပ်အရ ကြည့်မည်ဆိုလျှင် ထိုအတွေးသည်လည်း မှားယွင်းမှုနှင့် မကောင်းမှုတစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်ပါ စာသားများဖြင့် မိမိကိုယ်မိမိ လုံးလုံးလျားလျား သန့်ပြန့်သည်ဟု မယူဆကြောင်း ထုတ်ဖော်တင်ပြခြင်းပင် ဖြစ်သည်။

'နဖ်စ်'ဟူသော လူ့စိတ်၏ အခြေအနေသုံးရပ်အကြောင်း

အထက်ပါ အာယသ်တော်တွင် ဂရုပြုသင့်သည့် အချက်တစ်ချက်မှာ လူသားတိုင်း၏ 'နဖ်စ်'ကို اَمَّارَةٌۢ بِالسُّوْٓءِ 'မကောင်းမှုများကို ညွှန်ကြားသူများ'ဟူ၍ မိန့်ဆိုထားသည်။ ထိုနည်းတူစွာ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ တစ်ခါက တမန်တော်မြတ် ﷺ သည် ဆွဟာဗာများကို မေးမြန်းခဲ့သည်။ ထိုမိတ်ဆွေနှင့် ပတ်သက်၍ အသင်တို့ မည်သို့ ယူဆလေသနည်း။ အကြင်မိတ်ဆွေကို အကယ်၍ အသင်တို့က ဂုဏ်ပေးလေးစားကြမည်၊ ကျွေးမွေးမည်၊ အဝတ်အစား ဆင်ယင်ပေးမည်ဆိုလျှင် ထိုမိတ်ဆွေက အသင်တို့ကို ဘေးဒုက္ခတွင် နစ်မွန်းစေမည်။ ၄င်းနောက် အကယ်၍ အသင်တို့က ထိုသူ့ကို ရှုံ့ချမည်၊ ငတ်မွတ်စေမည်၊ ဝတ်လစ်စလစ်ဖြစ်စေမည်ဆိုလျှင် ထိုသူက အသင်တို့ကို ကောင်းမွန်းစွာ ဆက်ဆံမည်။ ဆွဟာဗာများက လျှောက်ထားကြသည်မှာ 'အို၊ တမန်တော်မြတ်၊ ထိုမိတ်ဆွေထက် ပို၍ ဆိုးရွားသောသူ ဒွန်ယာလောကတွင် မည်သူတစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။ ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ ထိုအသျှင်မြတ်၏ ဇာတိတော်ကို ကျိန်တွယ်၍ ပြောဆိုပါသည်။ အကြင်အသျှင်မြတ်၏ လက်တော်တွင် ကျွန်ုပ်၏ အသက်ဝိညာဉ် ရှိသည်။ အသင်တို့၏ ဘေးတွင်ရှိသော အသင်တို့၏ နဖ်စ်ပင်လျှင် ထိုသို့သော မိတ်ဆွေဖြစ်သည်။' *[ကုရ်သုဗီးကျမ်း]*

အခြားဟဒီးစ်တော်တစ်ပုဒ်တွင် လာရှိသည်မှာ အသင်တို့၏ ကြီးမားဆုံးသော ရန်သူသည် အသင်တို့၏ နဖ်စ်ပင် ဖြစ်သည်။ ယင်းသည် အသင်တို့ကို မကောင်းမှုများတွင် နစ်မွန်းစေ၍ သေးသိမ်စေသည်။ ၄င်းနောက် အမျိုးမျိုးသော ဘေးဒုက္ခများတွင်လည်း နစ်မွန်းစေသည်။

ထို့ကြောင့် အထက်ပါအာယသ်တော်များနှင့် ဟဒီးစ်တော်များအရ သိရှိရသည်မှာ လူသား၏ နဖ်စ်သည် မကောင်းမှုများကိုသာ လိုလားလေ့ရှိသည်။ သို့သော် စူရာဟ်ကိယာမဟ်တွင် နဖ်စ်ကိုပင် **لوّامة** ဟူသော စာသားဖြင့် တင်စားသုံးနှုန်းကာ ဤသို့ ဂုဏ်ပေးထားသည်မှာ မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် နဖ်စ်အမည်နှင့် ကျိန်တွယ်ကာ မိန့်ဆိုထားပေသည်။

لَا أُقْسِمُ بِيَوْمِ الْقِيٰمَةِ وَلَا أُقْسِمُ بِالنَّفْسِ اللَّوَّامَةِ

၎င်းနောက် 'စူရာဟ်ဝလ်ဖဂျရ်'တွင်လည်း ထိုနဖ်စ်ကိုပင် **مطمئنه** ဟု တင်စားကာ 'ဂျန္နသ်' သုခဘုံ၏ သတင်းကောင်းပါးထားလေသည်။

يٰٓأَيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ ارْجِعِىٓ إِلٰى رَبِّكِ

ဤကဲ့သို့ လူသား၏ နဖ်စ်ကို တစ်နေရာတွင် **مطمئنه** ဟု ဆိုထားသည်။ အခြားတစ်နေရာတွင် **لَوَّامه** ဟု ဆိုထားပြီး တတိယနေရာတွင် **امارة بالسوٓء** ဟု ဆိုထားသည်။

ယင်းအချက်ကို ရှင်းလင်းတင်ပြရမည်ဆိုသော် လူသားတိုင်း၏ 'နဖ်စ်' သည် ပင်ကိုယ်ဗီဇအရ **اَمَّارَةٌۢ بِالسُّوٓءِ** မကောင်းမှုများကို လိုလားသူဖြစ်သည်။ သို့သော် လူသားသည် အလ္လာဟ်အရှင်မြတ်နှင့် တမလွန်ကို ကြောက်ရွံ့ကာ ယင်း၏ လိုလားတောင့်တမှုများကို မဖြည့်ဆည်းခဲ့ပါက ထိုနဖ်စ်သည် **لوّامة** အဆင့်သို့ ရောက်ရှိသွားလေသည်။ ဆိုလိုသည်မှာ မကောင်းမှုများကို ရှုံ့ချသူနှင့် မကောင်းမှုများအပေါ် 'သောင်ဗာဟ်' ပြုသူဟူ၍ အဓိပ္ပာယ်ရသည်။ ပမာဆိုရသော် အွမ္မသ်၏ အများသူတော်စင်တို့၏ နဖ်စ်ကဲ့သို့ ဖြစ်သည်။ ၎င်းနောက် လူသားသည် မိမိနဖ်စ်ကို ဆန့်ကျင်ကာ ကြိုးပမ်းအားထုတ်လျက် ဤသို့သော အဆင့်သို့ ရောက်ရှိသွားလေသည်။ ယင်းအဆင့်တွင် မကောင်းမှုများကို လိုလားတောင့်တမှုများပင် မရှိတော့ပေ။ ထိုသို့သော နဖ်စ်ကို **مطمئنة** ဟု ခေါ်ဆိုသည်။ အွမ္မသ်၏ သူတော်စင်များကို ကြိုးပမ်းအားထုတ်မှုဖြင့် ဤကဲ့သို့ အခြေအနေမျိုး ရရှိနိုင်သည်။ တစ်ဖန် ဤအခြေအနေမျိုးတွင် အမြဲတစေ ရပ်တည်နိုင်မည် ဟုလည်း အတိအကျ မဆိုနိုင်ပေ။ နဗီတမန်တော်များသည် ထိုအဆင့်ကို အလ္လာဟ်အရှင်မြတ်ဘက်တော်မှ အလိုအလျောက် ချီးမြှင့်ခံကြရသည်။ ထိုနည်းတူစွာ တင်ပြပါ ကြိုးပမ်းမှုများ မပါရှိဘဲနှင့်လည်း **نفس مطمئنه** ကို ရရှိသည့်အခါလည်း ရှိတတ်သည်။ ၎င်းနောက် ယင်းသည် အမြဲတစေ တစ်သမတ်တည်းလည်း ရှိနေတတ်သည်။ ဤကဲ့သို့ နဖ်စ်၏ အခြေအနေသုံးရပ်အရ အကြောင်းအရာသုံးခုကို တင်ပြပါအတိုင်း ရည်ညွှန်းထားခြင်း ဖြစ်သည်။

إِنَّ رَبِّى لَغَفُورٌ رَّحِيمٌ

အာယသ်တော်၏ နောက်ဆုံးအပိုဒ်တွင် မိန့်တော်မူထားသည်မှာ ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အရှင်မြတ်နှင့် မဟာကရုဏာ

တော်အသျှင် ဖြစ်တော်မူသည်။ غَفُوْرٌ ဟူသော စာသားဖြင့် ရည်ညွှန်းသည်မှာ امارة بالسوء ဟူသော နဖ်စ်သည် မိမိ၏ အပြစ်ကို အရှက်ရကာ 'သောင်ဗာဟ်'ပြုလျှင် ၄င်းနောက် لوّامة ဖြစ်ရှိသွားလျှင် အလ္လာဟ်အသျှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်သည် ကြီးမားတော်မူသည်၊ ခွင့်လွှတ်တော်မူမည်၊ ၄င်းနောက် رَحِيْمٌ ဟူသော စားသားဖြင့် ရည်ညွှန်းသည်မှာ نفس مطمئنة ကို ရရှိသူသည်လည်း အလ္လာဟ်အသျှင်မြတ်၏ မဟာကရုဏာတော်ဖြင့် ရရှိသော အကျိုးရလဒ်ပင် ဖြစ်သည်။

وَقَالَ الْمَلِكُ ائْتُوْنِىْ

ဆိုလိုသည်မှာ အီဂျစ်နိုင်ငံ၏ မင်းတရားကြီးသည် တမန်တော်ယူစွဖ် عليه السلام ၏ တင်ပြချက်အရ အမျိုးသမီးများထံမှ အကြောင်းအရာကို စုံစမ်းမေးမြန်းလေသည်။ ၄င်းနောက် ဇုလိုက်ခါသခင်မနှင့် အခြား အမျိုးသမီးများသည် အဖြစ်မှန်ကို ဝန်ခံကြလေသည်။ ထိုအခါ ဘုရင်မင်းကြီးက မိန့်ဆိုသည်မှာ 'တမန်တော်ယူစွဖ် عليه السلام ကို ငါ၏ ရှေ့တော်မှောက်သို့ အခစားဝင်စေ၊ ၄င်းကို ငါ၏ အထူးအတိုင်ပင်ခံ ပုဂ္ဂိုလ် အဖြစ် သတ်မှတ်ထားရှိမည်။ အမိန့်တော်အတိုင်း တမန်တော်ယူစွဖ် عليه السلام ကို ဂုဏ်ပေးလေးစားစွာဖြင့် အကျဉ်းထောင်မှ ဘုရင်ကြီး၏ ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာခဲ့လေသည်။ ၄င်းနောက် စကားစမြည် ပြောဆိုရင်းဖြင့် တမန်တော်ယူစွဖ် عليه السلام ၏ အရည်အချင်းများကို ကောင်းစွာ သိရှိလိုက်ရသောအခါ ဘုရင် မင်းကြီးက မိန့်ဆိုသည်မှာ ယနေ့မှစ၍ အသင်သည် ကျွန်ုပ်၏ ထံပါးတွင် ဂုဏ်သရေရှိသူတစ်ဦး၊ ၄င်းနောက် ယုံကြည်အားထားရသူတစ်ဦး ဖြစ်သွားလေပြီ။

အေမာမ်ဘဂဝီ (ရဟ) သခင်က ဆင့်ပြန်ထားသည်မှာ ဘုရင်မင်းကြီး၏ သံတမန်သည် ဒုတိယ အကြိမ် အကျဉ်းထောင်သို့ တမန်တော်ယူစွဖ် عليه السلام ထံ ရောက်ရှိကာ ထို့နောက် ဘုရင်မင်းကြီး၏ ဖိတ်ခေါ် မှုကို တင်ပြသောအခါ တမန်တော်ယူစွဖ် عليه السلام သည် အကျဉ်းသားများအားလုံးအတွက် ဆုမွန်ဒိုအာ တောင်း လေသည်။ ၄င်းနောက် ရေချိုးပြီး အဝတ်အစားအသစ်များကို လဲလှယ်ဝတ်ဆင်ကာ ဘုရင်မင်းကြီး၏ ရှေ့တော်မှောက်သို့ အခစားဝင်သောအခါ အောက်ပါဆုမွန်ဒိုအာကို တောင်းဆိုလေသည်။

حَسْبِىْ رَبِّىْ مِنْ دُنْيَاىَ وَحَسْبِىْ رَبِّىْ مِنْ خَلْقِهٖ عَزَّجَارُهٗ وَجَلَّ ثَنَائُهٗ وَلَا اِلٰهَ غَيْرُهٗ

အလိုသဘောမှာ ကျွန်ုပ်၏ ဒွန္နယာအတွက် ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် လုံလောက်ပေသည်။ ၄င်းနောက် အဖန်ဆင်းခံများအားလုံးအစား ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်အတွက် လုံလောက်ပေသည်။ ထိုအသျှင်မြတ်၏ ခိုလှုံမှုတွင် ရောက်ရှိသွားသူသည် လုံးဝ လုံခြုံမှုရှိသည်။ ထိုအသျှင်မြတ်မှအပ မည်သူမျှ ကိုးကွယ်ခံထိုက်သူ မရှိပေ။

ဘုရင်ကြီး၏ ရှေ့တော်မှောက်သို့ ရောက်ရှိသည့်အခါတွင်လည်း အလ္လာဟ်အသျှင်မြတ်ဘက်သို့ အာရုံပြုကာ အထက်ပါအတိုင်း ဒိုအာဆုမွန်တောင်းခံခဲ့သည်။

السّلام عليكم ورحمة الله

၄င်းနောက် အိဗ်ရာနီဘာသာဖြင့် ဘုရင်မင်းကြီးအတွက် ဒိုအာဆုမွန်တောင်းလေသည်။ ဘုရင်မင်းကြီးသည် ဘာသာစကားများစွာကို နားလည်သော်လည်း အာရဗီနှင့် အိဗ်ရာနီဘာသာစကားများကိုမူ နားမလည်ခဲ့ပေ။ တမန်တော်ယူစွဖ် عليه السلام က တင်ပြသည်မှာ စလာမ်မေတ္တာကို အာရဗီဘာသာစကားဖြင့် ပို့သခဲ့ပြီး ဆုမွန်ဒိုအာကို အိဗ်ရာနီဘာသာစကားဖြင့် ပြုခဲ့လေသည်။

ထိုဆင့်ပြန်ချက်တွင်ပင် တင်ပြထားသည်မှာ ဘုရင်မင်းကြီးသည် တမန်တော်ယူစွဖ် عليه السلام ကို မြောက်မြားစွာသော ဘာသာစကားများဖြင့် ပြောဆိုသောအခါ ယူစွဖ် عليه السلام ကလည်း အလားတူဘာသာစကားဖြင့်သာ ပြန်လည်ဖြေကြားခဲ့လေသည်။ ၄င်းနောက် ဘုရင်ကြီးနားမလည်သော အာရဗီဘာသာနှင့် အိဗ်ရာနီဘာသာစကားနှစ်ခုကို ထပ်ဆင့် အပို ပြောကြားခဲ့လေသည်။ ဤအကြောင်းအရာသည် ယူစွဖ် عليه السلام နှင့် ပတ်သက်ပြီး ဘုရင်မင်းကြီး၏ စိတ်နှလုံးထဲတွင် အလွန်တရာ ဂုဏ်ပေးလေးစားမှုကို ဖြစ်ပေါ်စေခဲ့သည်။

တစ်ဖန် အီဂျစ်နိုင်ငံ၏ ပြည့်ရှင်မင်းတရားကြီးက မိန့်ဆိုသည်မှာ 'ကျွန်ုပ်၏ အိပ်မက်အလိုသဘောကို ကြားခံမပါဘဲ ကျွန်ုပ်ကိုယ်တိုင် အသင့်ထံမှ ကြားနာလိုပါ၏။' ဦးစွာပထမ တမန်တော်ယူစွဖ် عليه السلام သည် ထိုအိပ်မက်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဤသို့ ရှင်းလင်းစွာ တင်ပြလေသည်။ ယင်းအကြောင်းအရာတို့ကို ဘုရင်မင်းကြီးကိုယ်တိုင် ယခုထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတင်ပြရသေးပေ။ ထိုမှတစ်ဖန် အလိုသဘောကို ရှင်းလင်းတင်ပြလေသည်။

ဘုရင်မင်းကြီးက မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် အလိုသဘောကို နားထောင်၍ အံ့သြရသည်ထက် အိပ်မက်၏ အကြောင်းအရာများကို အသင် မည်သို့ သိရှိခဲ့ပါသနည်းဟူသော အချက်ကို ပို၍ အံ့သြမိပါသည်။ ထို့နောက် ဘုရင်မင်းကြီးက 'ယခု ကျွန်ုပ် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်နည်း'ဟု အကြံဉာဏ်တောင်းခံလေရာ တမန်တော်ယူစွဖ် عليه السلام က ဤသို့ အကြံဉာဏ်ပေးလေသည်။ ပထမ ၇ နှစ်တာ မိုးကောင်းမွန်စွာ ရွာသွန်းမည့် ကာလတွင် ဘုရင်မင်းကြီးအနေနှင့် များမြောင်စွာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြရန် စီမံခန့်ခွဲတော်မူပါ။ ၄င်းနောက် တိုင်းသူပြည်သားအပေါင်းကို မိမိတို့၏ လယ်ယာမြေတိုင်းတွင် လယ်ယာစိုက်ပျိုးကြရန် ညွှန်ကြားတော်မူပါ။ ၄င်းနောက် ထွက်ရှိသမျှသော သီးနှံ၏ ၅ ပုံ ၁ ပုံကို မိမိထံတွင် ရိက္ခာအဖြစ် သိုလှောင်ထားပါ။

ဤသို့ ဆောင်ရွက်ခြင်းဖြင့် အီဂျစ်တိုင်းသူပြည်သားများ၏ မိုးခေါင်ရေရှားမည့် ၇ နှစ်တာကာလအတွက် ရိက္ခာကို စုဆောင်းမိမည် ဖြစ်သည်။ ၄င်းနောက် တိုင်းသူပြည်သားများနှင့် ပတ်သက်ပြီး သောကကင်းဝေးနိုင်မည် ဖြစ်သည်။ အစိုးရအခွန်တော်များမှ ရရှိသမျှ သီးနှံတို့ကို သို့မဟုတ် အစိုးရပိုင် လယ်ယာမြေများမှ ထွက်ရှိသော သီးနှံတို့ကို နိုင်ငံ၏ ပြင်ပတွင် နေထိုင်သောသူများအတွက် စုဆောင်းတော်မူပါ။ အဘယ်ကြောင့်ဆိုသော် ဤမိုးခေါင်ရေရှားမှုကို ဝေးလံခေါင်းဖျားသော အရပ်ဒေသများအထိ ခံစားရမည် ဖြစ်သည်။ ထိုအချိန်တွင် တိုင်းပြည်၏ ပြင်ပတွင်ရှိသော သူတို့သည် အရှင်မင်းကြီးကို တောင့်တကြလိမ့်မည်။

ထိုအချိန်တွင် အရှင်မင်းကြီးသည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများကို ရိက္ခာများ ပို့ဆောင်စေကာ ကူညီရမည်ဖြစ်သည်။ အဖိုးအခကို နည်းပါးစွာ သတ်မှတ်မည်ဆိုလျှင်လည်း အစိုးရဘဏ္ဍာတိုက်တွင် ယခင်က မစုဆောင်းခဲ့ဘူးသည့် ဘဏ္ဍာများကို စုဆောင်းမိမည် ဖြစ်သည်။ အီဂျစ်ပြည့်ရှင် မင်းကြီးသည် ထိုအကြံဉာဏ်ကို လွန်စွာ နှစ်သက်ကာ ပီတိဖြစ်ခဲ့ရသည်။ သို့သော် မိန့်ဆိုသည်မှာ ဤမျှ ကြီးမားသော အစီအမံများကို မည်သို့ စီမံဆောင်ရွက်ရမည်နည်း။ ၎င်းနောက် မည်သူက ဆောင်ရွက်မည်နည်း။ ထိုစကားရပ်အပေါ် တမန်တော်ယူစွဖ် ﷺ သခင်က ပြန်လည် ဖြေကြားသည်မှာ-

اِجْعَلْنِىْ عَلٰى خَزَآئِنِ الْاَرْضِ اِنِّىْ حَفِيْظٌ عَلِيْمٌ

အလိုသဘောမှာ တိုင်းပြည်၏ ဘဏ္ဍာတိုက်ကို (ယင်းတွင် မြေပထဝီမှ ထွက်ရှိသော ကောက်ပဲသီးနှံများလည်း ပါဝင်သည်) ကျွန်ုပ်အား တာဝန်အပ်နှင်းလော့။ ကျွန်ုပ်သည် ယင်းကို အပြည့်အဝ ထိန်းသိမ်းစောင့်ရှောက်မှုလည်း ပြုနိုင်ပေသည်။ ၎င်းနောက် သုံးစွဲရမည့် နေရာများနှင့် အတိုင်းအတာကိုလည်း ကောင်းစွာ နားလည်သိရှိသူ ဖြစ်သည်။ *[ကုရ်သုဗီနှင့် မဇ္ဖဟရီကျမ်း]*

တမန်တော်ယူစွဖ် عليه السلام သည် ဘဏ္ဍာရေးဝန်ကြီးတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အချင်းများအားလုံးကို ဤစာသားနှစ်လုံးတည်းတွင် စုစည်းတင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် ဘဏ္ဍာရေးတာဝန်ခံတစ်ဦး၏ ပထမအရည်အချင်းမှာ အစိုးရဘဏ္ဍာများကို မဆုံးရှုံးစေခြင်းဖြစ်သည်။ တိတိကျကျစုဆောင်းထိန်းသိမ်းရမည် ဖြစ်သည်။ မထိုက်တန်သူများနှင့် မသင့်တော်သော နေရာများတွင် မသုံးစွဲမိစေရန် ဂရုစိုက်ရမည်ဖြစ်သည်။ ဒုတိယအရည်အချင်းတစ်ခုမှာ သုံးစွဲသင့်သော နေရာနှင့် သုံးစွဲသင့်သော အတိုင်းအတာကို မလျော့စေရန်နှင့် လိုသည်ထက် ပို၍ မသုံးမိစေရန်လည်း ဂရုစိုက်ရမည်။ **حَفِيْظٌ** ဟူသော စာသားသည် ပထမအရည်အချင်းနှင့် ပတ်သက်ပြီး တာဝန်ယူခြင်းဖြစ်သည်။ ၎င်းနောက် **عَلِيْمٌ** ဟူသော စာသားသည် ဒုတိယအရည်အချင်းနှင့် ပတ်သက်သည်။

အီဂျစ်နိုင်ငံပြည့်ရှင်မင်းကြီးသည် တမန်တော်ယူစွဖ် عليه السلام ၏အရည်အချင်းများနှင့် သစ္စာရှိမှု၊ ဉာဏ်အမြော်အမြင်ရှိမှုတို့ကို အပြည့်အဝ ယုံကြည်သော်လည်း ဘဏ္ဍာရေးဝန်ကြီး ရာထူးကို ချက်ချင်း မပေးအပ်ခဲ့ပေ။ တစ်နှစ်ခန့်အထိ ဂုဏ်သရေရှိ ဧည့်သည်တစ်ဦးကဲ့သို့ အခွင့်အရေးပေး နေထိုင်စေခဲ့သည်။ တစ်နှစ်ပြည့်ပြီးသည့်နောက် ဘဏ္ဍာရေးဝန်ကြီးတာဝန်ကို လွှဲအပ်ရုံမျှမက တစ်တိုင်းပြည်လုံး၏ စီမံအုပ်ချုပ်မှုကိုလည်း လွှဲအပ်တာဝန်ပေးခဲ့လေသည်။ ဤသို့ ပြုရခြင်း၏ ရည်ရွယ်ချက်မှာ တမန်တော်ယူစွဖ် عليه السلام ကို အနီးအပါးတွင် ထား၍ ၎င်း၏ အကျင့်စာရိတ္တများကို ပြည့်ပြည့်ဝဝ မလေ့လာမသိရှိဘဲ ဤမျှ ကြီးမားသော တာဝန်ကို အပ်နှင်းခြင်းမှာ မသင့်တော်ဟု ယူဆခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

အချို့သော သဖ်စီးရ်ပညာရှင်များက ရေးသားထားသည်မှာ ဇုလိုက်ခါသခင်မ၏ ခင်ပွန်း ကီသ်ဖီးရ်သည်လည်း ထိုအချိန်ကာလတွင်ပင် ကွယ်လွန်သွားခဲ့သည်။ အီဂျစ်နိုင်ငံဘုရင်ကြီးသည် ဇုလိုင်ခါသခင်မ

ကို တမန်တော်ယူစွတ် عليه السلام နှင့် ထိမ်းမြားပေးလိုက်လေသည်။ ထိုအချိန်မှ တမန်တော်ယူစွတ် عليه السلام က ပြောကြားသည်မှာ 'အသင်လိုလားသည့် အချက်သည် ဤပုံသဏ္ဌာန်နှင့် ဖြစ်ပေါ်လာခြင်းမှာ သာပို၍ မကောင်းပါသလော။' ထိုအခါမှ ဇုလိုက်ခါသခင်မသည် မိမိ၏ အားနည်းချက်များကို တင်ပြ၍ မိမိအပြစ်ကို ဝန်ခံလေသည်။ အလ္လာဟ်အသျှင်မြတ်သည် သခင်မကြီးကို ကြီးမားသော ဂုဏ်သိက္ခာ ချီးမြှင့်၍ လိုအင်ဆန္ဒများကို ပြည့်ဝစေခဲ့သည်။ ၎င်းနောက် အေးချမ်းသာယာသော ဘဝသက်တမ်းကို ရရှိစေခဲ့သည်။ သမိုင်းအထောက်အထားများအရ သခင်မတွင် သားရတနာနှစ်ပါးလည်း ထွန်းကားခဲ့သည်။ ၎င်းတို့၏ အမည်မှာ 'အိဖ်ရာအီးမ်' နှင့် 'မန်ရှာအ်' ဖြစ်သည်။

အချို့သော ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှစ်ဦးကို ထိမ်းမြားစေပြီး တမန်တော်ယူစွတ် عليه السلام ၏ နှလုံးသားတွင် ဇုလိုက်ခါသခင်မကြီးက ၎င်းကို ချစ်ခင်ခဲ့သော အချက်ထက် သာပိုသော အချစ်ကို ကိန်းအောင်းစေခဲ့သည်။ တစ်ခါက တမန်တော်ယူစွတ် عليه السلام က သခင်မကြီးကို စောဒကတတ်သည်မှာ 'ရှင်မ၊ ကျွန်ုပ်ကို ယခင်က ချစ်ခင်ခဲ့သကဲ့သို့ အဘယ်ကြောင့် မချစ်တော့လေသနည်း' ဟု မေးမြန်းခဲ့ရာ ဇုလိုက်ခါသခင်မကြီးက လျှောက်ထားသည်မှာ 'တမန်တော်ကြီး၏ အကြောင်းခံဖြင့် ကျွန်တော်မျိုးမကို အလ္လာဟ်အသျှင်မြတ်၏ အချစ် ရရှိသွားလေပြီ။ ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ပတ်သက်ဆက်နွယ်မှုများအားလုံးနှင့် အတွေးအခေါ်များအားလုံးသည် ချည့်နဲ့သွားလေပြီ။ ဤအကြောင်းအရာများကို အခြားသော ရှင်းလင်းချက်များနှင့်တကွ သဖ်စီးရ်၊ ကုရ်သုဗီ၊ မဇ္ဇဟရီကျမ်းတို့တွင် ရေးသားဖော်ပြထားလေပြီ။

တမန်တော်ယူစွတ် عليه السلام ၏ အကြောင်းအရာတွင် အခြားလူသားများအားလုံး၏ အောင်မြင်မှုနှင့် ပတ်သက်သည့် မြောက်မြားစွာသော ညွှန်ကြားမှုများနှင့် သွန်သင်ဆုံးမမှုများ ပါရှိလေသည်။ ဤအကြောင်းအရာများကို ယခင်လည်း အနည်းငယ် တင်ပြခဲ့ပြီးဖြစ်သည်။ အထက်ပါအာယသ်တော်များ၏ အစတွင် အခြားဓမ္မသတ်များနှင့် လမ်းညွှန်မှုများလည်း ရှိပေသေးသည်။ ယင်းတို့ကို ဆက်လက် ဖော်ပြပေမည်။

ပထမဓမ္မသတ် ။ ။ တမန်တော်ယူစွတ် عليه السلام ၏ မိန့်ဆိုချက်ဖြစ်သော **وَمَآ اُبَرِّئُ نَفْسِىْ** ရည်မှန်းသော 'မွတ်သက္ကီ'သူတော်စင်များအတွက် ညွှန်ကြားမှုတစ်ခု ပါရှိသည်မှာ 'ဂိုနာဟ်'အကုသိုလ်တစ်ခုခုကို ရှောင်ရှားနိုင်သည့် 'သောင်ဖီးက်'စွမ်းအား ရရှိခဲ့ပါလျှင် မိမိကိုယ်မိမိ ဂုဏ်မယူပါနှင့်။ ၎င်းနောက် အခြားအကုသိုလ်ကျူးလွန်သူများကိုလည်း သေးသိမ်သည်ဟု မထင်မှတ်လေနှင့်။ သို့သာမက တမန်တော်ယူစွတ် عليه السلام ၏ အဆိုအတိုင်း ယင်းသည် ကျွန်ုပ်၏ ပင်ကိုယ်အရည်အချင်းမဟုတ်ဟူသော စကားကို နှလုံးသားတွင် ကိန်းအောင်းစေရမည်။ သို့သာမက ယင်းသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြစ်သည်။ အကြောင်းမှာ ထိုအသျှင်မြတ်က ကျွန်ုပ်အပေါ် နဖ်စ်စေအမ္မာရာကို မလွှမ်းမိုးစေခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့မဟုတ်ပါက လူတိုင်း၏ နဖ်စ်သည် သဘာဝအလျောက် ၎င်းကို မကောင်းမှုများဘက်သို့ ဆွဲဆောင်မည်ဖြစ်သည်။

အစိုးရ၏ ရာထူးတစ်ခုခုကို မိမိကိုယ်တိုင် တောင်းဆိုခြင်းသည် မပြုပိုင်သော်လည်း အချို့သော သတ်မှတ်ချက်များအရ တောင်းဆိုခွင့်ရှိခြင်း

ဒုတိယမှတ် ။ ။ اجْعَلْنِي عَلَىٰ خَزَائِنِ الْأَرْضِ ဟူသော စာသားအရ သိရှိရသည်မှာ အစိုးရ၏ ရာထူးရာခံတစ်ခုခုကို သီးခြားပုံသဏ္ဌာန်အရ တောင်းဆိုပိုင်ခွင့် ရှိသည်။ ဥပမာ- တမန်တော်ယူစွဖ် عليه السلام သည်လည်း ဘဏ္ဍာရေးရာ စီမံခန့်ခွဲမှုများ တာဝန်ကို ထမ်းဆောင်ရန် တောင်းဆိုခဲ့လေသည်။ သို့သော် ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ရှင်းလင်းချက်တစ်ခုမှာ သီးခြားရာထူးတစ်ခုနှင့် ပတ်သက်ပြီး အခြားသူများသည် ဤတာဝန်ကို ကောင်းမွန်စွာ စီမံခန့်ခွဲမှု မပြုနိုင်ဟု သိရှိရမည်။ ၎င်းနောက် မိမိကိုယ်မိမိ ဤတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်မည်ဟုလည်း ယုံကြည်မည်။ ၎င်းနောက် အကုသိုလ်ကျူးလွန်မိရန်လည်း အန္တရာယ်မရှိကြောင်း ယုံကြည်မည်။ ဤကဲ့သို့သော အခြေအနေများတွင် မိမိကိုယ်တိုင် ရာထူးကို တောင်းခံခြင်းသည် ပိုင်ပေသည်။ သို့သော် သတ်မှတ်ချက်တစ်ခု ရှိသည်မှာ ဥစ္စာပစ္စည်းနှင့် နေရာလိုခြင်းကြောင့် မဖြစ်စေရ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများကို မှန်မှန်ကန်ကန် အလုပ်အကျွေးပြုစုမည်။ ၎င်းနောက် မျှမျှတတ ရပိုင်ခွင့်များကို ပေးဆပ်မည်ဟု ရည်ရွယ်ချက် ရှိရမည်။ ဥပမာ- တမန်တော်ယူစွဖ် عليه السلام ၏ အတွေးတွင်လည်း ဤရည်ရွယ်ချက်ပင် ရှိခဲ့သည်။ အကယ်၍ ဤသို့သော ပုံသဏ္ဌာန်မရှိခဲ့ပါက ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က အစိုးရ၏ ရာထူးတစ်ခုခုကို မိမိကိုယ်တိုင် တောင်းဆိုခြင်းမှ တားမြစ်ထားလေသည်။ မိမိကိုယ်တိုင် ရာထူးကို တောင်းခံသူကိုလည်း ရာထူးချီးမြှင့်လေ့ မရှိပေ။

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဒီးစ်တော်တစ်ရပ် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် အဗ်ဒုရ်ရဟ်မာန်ဗင်နစမူရဟ် رضي الله عنه သခင်အား မိန့်တော်မူလေသည်။ မည်သည့်အခါမှ မည်သည့်ရာထူးရာခံကိုမှ အသင် မတောင်းခံလေနှင့်။ အဘယ်ကြောင့်ဆိုသော် အသင်သည် ကိုယ်တိုင် တောင်းဆို၍ ရာထူးကို ရရှိလိုက်လျှင်လည်း အလ္လာဟ်အသျှင်မြတ်၏ အကူအညီကိုတော့ ရရှိမည်မဟုတ်ပေ။ ယင်းအကူအညီကြောင့်ပင် အသင်သည် အမှားကင်းနိုင်မည်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ရာ တောင်းဆိုမှုမရှိဘဲ ရာထူးတစ်ခုခု ရရှိခဲ့ပါသော် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ထောက်ခံမှုနှင့် အကူအညီများ ရရှိလိမ့်မည်။ ယင်းအကူအညီကို အကြောင်းခံ၍ အသင်သည် ထိုတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်မည် ဖြစ်သည်။

ထိုနည်းတူစွာ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၏ အခြားဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ လူတစ်ဦးသည် တမန်တော်မြတ် ﷺ ထံ ရာထူးတစ်ခု တောင်းဆိုခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ

إِنَّا لَنْ نَسْتَعْمِلَ عَلَىٰ عَمَلِنَا مَنْ أَرَادَهُ

ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ ရာထူးများကို ကိုယ်တိုင် လိုလားသူများအား တာဝန်ပေးအပ်နှင်းလေ့ မရှိပေ။

တမန်တော်ယူစွဖ် عليه السلام ၏ ရာထူးတောင်းခံမှုသည် သီးခြားအမြော်အမြင်တစ်ရပ်ကြောင့် ဖြစ်ခြင်း

သို့သော် တမန်တော်ယူစွဖ် عليه السلام ၏ အကြောင်းအရာသည် အထက်ပါအကြောင်းအရာနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အီဂျစ်နိုင်ငံ ဘုရင်မင်းကြီးသည် ကာဖိရ်ဖြစ်ကြောင်း ကောင်းစွာသိရှိသည်။ ကာဖိရ်ဖြစ်သည့်အလျောက် ၎င်း၏ လုပ်ရပ်သည်လည်း ဤသို့ပင် ဖြစ်မည်။ ၎င်းနောက် တိုင်းပြည်သည် မကြာမီ ကြီးမားသော ကပ်ဆိုးကြီးတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ရန် ရှိသည်။ ထိုအချိန်တွင် ကိုယ်ကျိုးလိုလားသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းခံများအပေါ် သနားကြင်နာလိမ့်မည်မဟုတ်ပေ။ ၎င်းနောက် သိန်းချီသော လူတို့သည် ဆာလောင်မွတ်သိပ်မှုဒဏ်ကြောင့် သေကြေပျက်စီးကုန်ကြလိမ့်မည်။ ဆင်းရဲသားများ၏ ရပိုင်ခွင့်ကို မျှမျှတတ ပေးဝေမည့်သူ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရှိခဲ့ရပေ။ ထို့ကြောင့် မိမိကိုယ်တိုင် ထိုရာထူးကို တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းနောက် မိမိ၏ အရည်အချင်းများကိုလည်း ပူးတွဲတင်ပြရသည့်အကြောင်းမှာ လိုအပ်ချက်ကြောင့်သာ ဖြစ်သည်။ သို့မှသာ ဘုရင်မင်းကြီးသည် စိတ်အေးလက်အေးဖြင့် ရာထူးကို လွှဲအပ်မည်ဖြစ်သည်။

မျက်မှောက်ခေတ်တွင်လည်း အကယ်၍ တစ်ဦးတစ်ယောက်သည် အစိုးရ၏ ရာထူးတစ်ခုခုကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်သူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရှိရပါက ၎င်းနောက် မိမိကိုယ်မိမိလည်း တာဝန်ကို တိကျမှန်ကန်စွာ ထမ်းရွက်မည်နိုင်မည်ဟု ယုံကြည်ရပါက ထိုရာထူးကို တောင်းခံရန် ထိုသူ့အပေါ် ပြုပိုင်ရုံမက 'ဝါဂျိဗ်'တာဝန်ပင် ထိုက်လေသည်။ သို့သော် မိမိ၏ ဥစ္စာအာဏာအတွက် မဖြစ်စေရ။ အဖန်ဆင်းခံများအား အလုပ်အကျွေးပြုရန် ဖြစ်ရမည်။ ယင်းသည် နှလုံးသား၏ ရည်ရွယ်ချက်နှင့် ပတ်သက်ပေသည်။ ၎င်းကို အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူသည်။

[ကုရ်သုဗီးကျမ်း]

ခိုလဖာအေရာရှီဒီးန်သခင်ကြီးများသည် ၎င်းတို့၏ 'ခေလာဖသ်'တာဝန်ကို ယူရခြင်းမှာလည်း ဤအကြောင်းခံကြောင့်သာ ဖြစ်သည်။ အကြောင်းမှာ ထိုအချိန်တွင် ထိုတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်သူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိသည်ကို ၎င်းတို့ သိရှိကြသည်။ ဆွဟာဗာကြီးများဖြစ်သော ဟဇရသ်အလီ رضي الله عنه သခင်နှင့် ဟဇရသ်မုအာဝိယာ رضي الله عنه သခင်၊ ၎င်းနောက် ဟဇရသ်ဟုစိုင်န် رضي الله عنه သခင်နှင့် အဗ်ဒုလ္လာဟ်ဗင်န်ဇုဗိုင်းရ် رضي الله عنه သခင်တို့အကြား ကွဲလွဲမှုများသည် ထိုအကြောင်းခံများကြောင့်သာ ဖြစ်သည်။ တင်ပြပါ ပုဂ္ဂိုလ်တိုင်းက ယူဆကြသည်မှာ ထိုအချိန်တွင် မိမိသည် 'ခေလာဖသ်'တာဝန်ကို အခြားသူများထက်သာပို၍ အမြော်အမြင် ပြည့်ဝစွာဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်လိမ့်မည်။ ဥစ္စာနှင့် အာဏာသည် ၎င်းတို့၏ အဓိကရည်ရွယ်ချက် မဟုတ်ခဲ့ပေ။

ကာဖိရ်အာဏာပိုင်တို့၏ ရာထူးကို လက်သင့်ခံခြင်းသည် ပိုင်ပါသလော၊

တတိယဗမ္မသတ် ။ ။ တမန်တော်ယူစွဖ် عليه السلام သည် အီဂျစ်နိုင်ငံ မင်းတရားကြီး၏ ပေးအပ်သော တာဝန်ကို လက်သင့်ခံခဲ့လေသည်။ အမှန်စင်စစ် ဘုရင်မင်းကြီးသည် ကာဖိရ်တစ်ဦးဖြစ်လေသည်။ ထို့ကြောင့် သိရှိရသည်မှာ ကာဖိရ်သို့မဟုတ် ဖာစစ်က်အာဏာပိုင်တို့၏ အပ်နှင်းသော ရာထူးကို လက်သင့်ခံခြင်းသည် သီးခြားအခြေအနေမျိုးတွင် ပြုပိုင်သည်။ သို့သော် အေမာမ်ဂျပ်စွ်စွာ့စ် (ရဟ) သခင်သည် အာယသ်တော်

فَلَنْ اَكُوْنَ ظَهِيْرًا لِّلْمُجْرِمِيْنَ

၏ ဖွင့်ဆိုချက်တွင် ရေးသားထားသည်မှာ ဤအာယသ်တော်အရ ဖွာလင်မ်များနှင့် ကာဖိရ်များကို ကူညီခြင်းသည် မပြုပိုင်သော အရာဖြစ်သည်။ ၎င်းနောက် ထိုသူတို့၏ အချုပ်အခြာအာဏာမှ ရာထူးတစ်ခုခုကို လက်သင့်ခံခြင်းသည် ၎င်းတို့၏ လုပ်ရပ်တွင် ပါဝင်ပတ်သက်ခြင်းနှင့် ကူညီခြင်းဖြစ်သည်။ ဤသို့ ကူညီခြင်းကို ကျမ်းတော်မြတ်ကုရ်အာန်၏ မြောက်မြားစွာသော အာယသ်တော်များတွင် 'ဟရာမ်'ဟူ၍ သတ်မှတ်ထားပေသည်။

တမန်တော်ယူစွဖ် عليه السلام သည် ထိုရာထူးကို လက်သင့်ခံရုံမျှမက ယင်းကို တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ထိုသို့ တောင်းဆိုခြင်း၏ အဓိကအကြောင်းအရင်းကို သဖ်စီးရ်ပညာရှင်ကြီး မုဂျာဟိဒ်သခင်က ရှင်းလင်းတင်ပြသည်မှာ အီဂျစ်နိုင်ငံ ပြည့်ရှင်မင်းတရားကြီးသည် ထိုအချိန်တွင် မွတ်စ္စလင်မ်တစ်ဦး ဖြစ်သွားခဲ့ပြီးဖြစ်သည်။ သို့သော် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များတွင် ထိုအကြောင်းနှင့် ပတ်သက်ပြီး မည်သည့်အထောက်အထားမျှ မတွေ့ရှိရပေ။ ထို့ကြောင့် အခြားသဖ်စီးရ်ပညာရှင်များက အကြောင်းရင်းကို ဤသို့ တင်ပြသည်။ တမန်တော်ယူစွဖ် عليه السلام သည် ဘုရင်မင်းကြီး၏ ပြောဆိုဆက်ဆံမှုများကြောင့် သိရှိခဲ့သည်မှာ ဘုရင်ကြီးသည် ထိုလုပ်ငန်းဆောင်တာများတွင် မည်သို့မျှ ပါဝင်ပတ်သက်လိမ့်မည်မဟုတ်။ ၎င်းနောက် ရှရီအသ်နှင့် ဆန့်ကျင်သော မည်သည့်ဥပဒေကိုမျှ ထုတ်ပြန်ရန် အတင်းအကြပ်လည်း ပြုလုပ်လိမ့်မည်မဟုတ်။ သို့သာမက ၎င်းကို လုပ်ပိုင်ခွင့်များ၊ အပြည့်အဝပေးလိမ့်မည်။ ထိုလုပ်ပိုင်ခွင့်များဖြင့် တိကျမှန်ကန်သော တရားနည်းလမ်းအပေါ် ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ဤသို့ ပြည့်ဝသော လုပ်ပိုင်ခွင့်များဖြင့် ဆောင်ရွက်နိုင်ခြင်းနှင့် ရှရီအသ်နှင့် ဆန့်ကျင်သော ဥပဒေတစ်ခုခုကို လုပ်ဆောင်ရန် အတင်းအကြပ်လည်း မပြုခြင်းကြောင့် ကာဖိရ် သို့မဟုတ် ဖွာလင်မ်တစ်ဦးဦး၏ ပေးအပ်သော ရာထူးကို လက်သင့်ခံခဲ့မည်ဆိုလျှင်လည်း ထိုကာဖိရ်နှင့် ဖွာလင်မ်များကို ကူညီရာရောက်သည့် ဆိုးရွားမှုကား ကျန်ရှိနေဦးမည် ဖြစ်သည်။ သို့သော် ကာဖိရ်ကို ရာထူးမှ ဖယ်ရှားရန် မတတ်သာသေးသည့် အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ၎င်းနောက် ကာဖိရ်ထံ အပ်နှင်းသော တာဝန်ကို လက်မခံသင့်လျှင် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများ ရထိုက်သည့် ရပိုင်ခွင့်များ ဆုံးရှုံးသွားခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုများ အမှန်တကယ် ဖြစ်ပေါ်လာမည်ကို စိုးရိမ်ရသောအခါများတွင် မတတ်သာသည့်အတွက် တမန်တော်ယူစွဖ် عليه السلام ဆောင်ရွက်ခဲ့သည့်အတိုင်း အကူအညီပေးပိုင်ခွင့် ရှိသည်။ ထိုသို့သော

အခြေအနေမျိုးတွင် မိမိကိုယ်တိုင်လည်း ရှရီအသ်နှင့် ဆန့်ကျင်သော လုပ်ရပ်များကို ပြုလုပ် စရာ မလိုလျှင် ထိုရာထူးကို လက်ခံခွင့် ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ လက်ခံခြင်းသည် အမှန် စင်စစ် ကာဖိရ်များ၏ အကုသိုလ်များတွင် ပါဝင်ကူညီနေခြင်း မဟုတ်ပေ။ ဝေးလံသွယ်ဝိုက်သော နည်းလမ်းဖြင့် ထိုကာဖိရ်ကို မိမိ၏ ကူညီရိုင်းပင်းမှု အကျိုးခံစားရလင့်ကစား တရားတော်က တင်ပြသော အခြေအနေများအရ ကာဖိရ်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ခွင့် ပြုထားသည်။ ဖုကဟားအ်ခမ္မသတ် ပညာရှင်များသည် ဤခမ္မသတ်များနှင့် ပတ်သက်ပြီး အကျယ်တဝင့် ရေးသားဖော်ပြခဲ့ပေသည်။ ရှေးယခင်သူတော်စင်များ၊ သာဝကကြီးများနှင့် သာဗေအီးန်များအနက်မှ မြောက်မြားစွာသော သူတို့သည် အထက်ပါ အခြေအနေများတွင် ညဥ်းပန်းနှိပ်စက်သော အာဏာပိုင်တို့၏ ရာထူးတာဝန်များကို လက်ခံခဲ့ကြောင်း၊ အထောက်အထားများ အရ သိရှိရသည်။ *[ကုရ်သုဗီနှင့် မဇ္ဇ်ဟရီးကျမ်း]*

အလ္လာမဟ်မာဒရ်ဒီ (ရဟ) သခင်က ရှရီအသ်ကပြောသော နိုင်ငံရေးအကြောင်းနှင့် ပတ်သက်ပြီး မိမိကျမ်းတွင် ရေးသားတင်ပြသည်မှာ အချို့ပညာရှင်များသည် တမန်တော်ယူစွဖ် ﷺ ၏ လုပ်ရပ်ကို အထောက်အထားပြုကာ ကာဖိရ်နှင့် ဖွာလင်မ်အာဏာပိုင်များ၏ ပေးအပ်သော ရာထူးအား လက်ခံခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်တကွ ဆောင်ရွက်ပိုင်ခွင့် ပေးထားသည်။ အကြောင်းမှာ ထိုသူသည် မိမိကိုယ်၌လည်း တရားတော်နှင့် ဆန့်ကျင်သော မည်သည့်လုပ်ရပ်ကိုမျှ အခမ္မမ စေခိုင်းခံရသူ မဖြစ်စေရ၊ ၎င်းနောက် အချို့ပညာရှင်များသည် တင်ပြပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်လျှင်လည်း ရာထူးကို လက်ခံပိုင်ခွင့်မရှိဟု သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ လက်ခံခြင်းဖြင့် ညဥ်းပန်းနှိပ်စက်သူများ၏ အင်အားသည် ပိုမိုတောင့်တင်းလာမည်ဖြစ်သည်။ ထို့နောက် တမန်တော်ယူစွဖ် ﷺ ၏ လုပ်ရပ်ကို အကြောင်းပြချက်အမျိုးမျိုးဖြင့် ပြန်လည်ဖြေကြားထားသည်။ ယင်း၏အချုပ်မှာ တမန်တော်ယူစွဖ် ﷺ ၏ လုပ်ရပ်သည် ၎င်း၏ ပင်ကိုယ်လုပ်ရပ် သို့မဟုတ် မိမိ၏ ရှရီအသ်တရားတော်အရ ပြုလုပ်ခြင်းဖြစ်သည်။ အခြားသူများအတွက် မပြုပိုင်၊ သို့သော် ပွါမ်ဟူးရ်ခမ္မသတ်ပညာရှင်များက ပထမအဆိုကိုပင် နှစ်သက် ရွေးချယ်ကာ ပြုပိုင်သည်ဟု ဆိုသည်။

'ဗဟ်ရေမုဟီးသ္' သဖ်စီးရ်ကျမ်းတွင် လာရှိသည်မှာ အကြင်နေရာတွင် အာလင်မ်ပညာရှင်များနှင့် သူတော်စင်တို့က အကယ်၍ ဤရာထူးကို လက်မခံခဲ့ပါလျှင် လူအများ၏ ရပိုင်ခွင့်များသည် ဆုံးရှုံးနစ်နာမည်။ ၎င်းနောက် တရားမျှတမှုလည်း ကင်းမဲ့နေမည်ဆိုလျှင် ထိုနေရာမျိုးတွင် ရာထူးကို လက်ခံခြင်းသည် ပိုင်ရုံမျှမက အကျိုးစဝါးဗ်လည်း ရရှိမည် ဖြစ်သည်။ သို့သော် သတ်မှတ်ချက်ရှိသည်မှာ ထိုရာထူးကို လက်ခံဆောင်ရွက်ရာတွင် တရားတော်နှင့် ဆန့်ကျင်သော ကိစ္စများကို လုပ်ဆောင်ရန် အခမ္မမ စေခိုင်းခံသူ မဖြစ်စေရ။

စတုတ္ထခမ္မသတ် ။ ။ တမန်တော်ယူစွဖ် ﷺ ၏ မိန့်ဆိုချက်ဖြစ်သော إِنِّي حَفِيظٌ عَلِيمٌ အရ သိရှိရသည်မှာ လိုအပ်လာသည့်အခါ မိမိ၏ အရည်အချင်းတစ်ခုခုကို တင်ပြလိုက်ခြင်းသည် မိမိကိုယ်မိမိ

သန့်ပြန့်သည်ဟု ဂုဏ်ဖော်ခြင်းမျိုးတွင် မပါဝင်ပေ။ ထိုသို့ ဂုဏ်ဖော်ခြင်းကို ကျမ်းတော်မြတ်ကုရ်အာန်တွင် တားမြစ်ထား လေသည်။ ထိုသို့ အရည်အချင်းကို တင်ပြရာတွင်လည်း မာန်မာနထောင်လွှားရန်၊ အများအပေါ် လွှမ်းမိုးရန်ဟူသော ဆန္ဒမရှိစေရ။

وَكَذَٰلِكَ مَكَّنَّا لِيُوسُفَ فِي الْأَرْضِ يَتَبَوَّأُ مِنْهَا حَيْثُ يَشَاءُ نُصِيبُ
بِرَحْمَتِنَا مَنْ نَشَاءُ وَلَا نُضِيعُ أَجْرَ الْمُحْسِنِينَ ○

ဆိုလိုသည်မှာ အကြင်ကဲ့သို့ ငါအသျှင်မြတ်သည် ယူစွဖ် عليه السلام အား အီဂျစ်နိုင်ငံ ပြည့်ရှင်မင်း၏ နန်းတွင်းဝယ် ဂုဏ်သိက္ခာမြင့်မားမှုအား ချီးမြှင့်ခဲ့သည်။ ထိုကဲ့သို့ပင် ငါအသျှင်မြတ်သည် ၎င်းအား အီဂျစ်တစ်နိုင်ငံတွင် ပြည့်ဝသော အချုပ်အခြာအာဏာကို ချီးမြှင့်အပ်နှင်းခဲ့လေသည်။ မြေပထဝီတစ်ခုတွင် အလိုရှိသလို အမိန့်များကို စီမံဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ငါအသျှင်မြတ် အလိုတော်ရှိသူအား မိမိ၏ ကရုဏာတော် 'နေအ်မသ်'တော်များဖြင့် ဤသို့ ချီးမြှင့်တော်မူလေ့ရှိသည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ကောင်းကျိုးဆောင်ရွက်သူများ၏ အစားကို မည်သည့်အခါမျှ လျော့နည်းစေမည်မဟုတ်ပေ။

ထိုအကြောင်းအရာကို အကျယ်တဝင့် တင်ပြရမည်ဆိုလျှင် အီဂျစ်နိုင်ငံ ဘုရင်မင်းကြီးသည် တမန်တော်ယူစွဖ် عليه السلام ကို တစ်နှစ်ခန့် လေ့လာအကဲခတ်ပြီးသည့်နောက် နန်းတော်တွင် အစည်းအဝေးကြီးတစ်ခု ကျင်းပလေသည်။ ထိုအစည်းအဝေးတွင် အခွန်တော်အရာရှိများနှင့် အစိုးရ၏ ဘုရင်ခံများကိုလည်း စုရုံးစေခဲ့သည်။ ၎င်းနောက် တမန်တော်ယူစွဖ် عليه السلام ကို ဦးခေါင်းတွင် သရဖူဆောင်းစေလျက် ထိုအစည်းအဝေးသို့ ခေါ်ဆောင်လာခဲ့သည်။ ၎င်းနောက် တိုင်းပြည်ဘဏ္ဍာတော် တာဝန်သာမက စီမံအုပ်ချုပ်မှုအရပ်ရပ်ကို ၎င်းအား တာဝန်လွှဲအပ်ကာ ဘုရင်ကြီးသည် တာဝန်မှ အနားယူခဲ့လေသည်။ *[ကုရ်သုဗီး၊ မဇှ်ဟရီး]*

တမန်တော်ယူစွဖ် عليه السلام သည် စီမံအုပ်ချုပ်မှုတာဝန်အရပ်ရပ်ကို မည်သူတစ်ဦးတစ်ယောက်မျှ စောဒကမတက်နိုင်လောက်အောင် စီမံအုပ်ချုပ်ခဲ့သည်။ တစ်တိုင်းပြည်လုံးသည် တမန်တော်ကြီးအား ချစ်ခင်လေးစားသွားကြသည်။ ၎င်းနောက် တစ်တိုင်းပြည်တွင် အေးချမ်းသာယာမှုများ ပြန့်နှံ့ခဲ့လေသည်။ တမန်တော်ယူစွဖ် عليه السلام ကိုယ်တိုင်လည်း တိုင်းပြည်ကို မင်းလုပ်အုပ်ချုပ်သည့် တာဝန်ဝတ္တရားများကြောင့် မည်သည့်အခက်အခဲ ဘေးဒုက္ခမျှ မရှိခဲ့သကဲ့သို့ မည်သည့်ပူပန်သောကမျှလည်း မခံစားခဲ့ရပေ။

သဖ်စီးရ်ပညာရှင်များ၏ ခေါင်းဆောင် မုဂျာဟိဒ် (ရဟ) သခင်က မိန့်ဆိုသည်မှာ တမန်တော်ယူစွဖ် عليه السلام ၏ အဓိကရည်ရွယ်ချက်သည် ဤအုပ်ချုပ်မှုအာဏာ အရှိန်အဝါများဖြင့် အလ္လာဟ်အသျှင်မြတ်၏ ပညတ်တော်များကို အစဉ်အလာဖြစ်နေစေရန်နှင့် သာသနာကို ဆောက်တည်ရန်သာလျှင် ဖြစ်သည်။ ထို့ကြောင့် အီဂျစ်နိုင်ငံ ဘုရင်မင်းမြတ်ကြီးအား အစ္စလာမ်နှင့် အီမာန်ဘက်သို့ ဒအ်ဝသ်ပေး ဖိတ်ခေါ်ရန် အချိန်တိုင်းလိုလို သတိဝီရိယဖြင့် ဆောင်ရွက်ခဲ့လေသည်။ ၎င်း၏ စဉ်ဆက်မပြတ် 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်မှုနှင့် ကြိုးပမ်းမှုကြောင့် နောက်ဆုံးရလဒ်မှာ ဘုရင်မင်းမြတ်ကြီးသည်လည်း မွတ်စ္စလင်မ်တစ်ဦး ဖြစ်ရှိသွားလေသည်။

وَالْاٰخِرَةِ خَيْرٌ لِّلَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ

အလိုသဘောမှာ တမလွန်၏ အကျိုး 'စဝါးဗ်'သည် လောက၏ စည်းစိမ်များထက် အဆပေါင်းများစွာ သာပိုလေသည်။ ယင်းတို့သည် အီမာန်ရှင်များအတွက် ဖြစ်သည်။ ၄င်းနောက် အကြင်သူများအတွက် ဖြစ်သည်။ ထိုသူတို့သည် 'သက္ကဝါ'ရှောင်ကြဉ်ခြင်းကို လက်ကိုင်ထားသူများ ဖြစ်ကြသည်။

အာယသ်တော်၏ အလိုသဘောမှာ ဒွန္နယာလောက၏ စည်းစိမ်ဥစ္စာနှင့် အချုပ်အခြာ အာဏာ၊ ၄င်းနောက် စံထားလောက်သော အုပ်ချုပ်မှုကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် တမလွန်၏ မြင့်မားသော အဆင့်အတန်းများကိုလည်း ၄င်းအတွက် အဆင်သင့် ထားရှိမည်ဖြစ်သည်။ ထို့ပြင် ဆက်လက် တင်ပြထားသည်မှာ လောကီလောကုတ္တရာတွင် ရရှိမည့် ဤအဆင့်အတန်းများသည် တမန်တော်ယူစွဖ် ﷺ ကိုသာလျှင် သီးခြား ချီးမြှင့်မည်မဟုတ်။ သို့သာမက အီမာန်နှင့် 'သက္ကဝါ'တရား ထားရှိသူ လူတိုင်းကိုလည်း ထိုအဆင့်အတန်းများ ချီးမြှင့်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။

တမန်တော်ယူစွဖ် ﷺ သည် မိမိ၏ အုပ်ချုပ်မှု သက်တမ်းတွင် တိုင်းသူပြည်သားများ တည်ငြိမ်အေးချမ်းမှုရရန် ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်များသည် တုနှိုင်းစရာ မရှိလောက်အောင် ပြောင်မြောက်ခဲ့ပေသည်။ ဘုရင်ကြီး မြင်မက်ခဲ့သော အိပ်မက်၏ အလိုသဘောအတိုင်း ၇ နှစ်တိတိ စည်ပင်ဝပြောမှု ကာလကို ဖြတ်သန်းခဲ့ပြီးနောက် မိုးခေါင်ရေရှားသည့်ကာလ စတင်သည်နှင့် တမန်တော်ယူစွဖ် ﷺ သည် ဝမ်းဝအောင် ထမင်းမစားတော့ပေ။ လူအများက တိုင်းပြည်၏ ဘဏ္ဍာအားလုံးသည် အသင်၏ လက်ဝယ်၌ ရှိနေပါလျက် အဘယ်ကြောင့် ဆာလောင်မွတ်သိပ်မှုကို ခံစားနေရပါသနည်းဟု မေးမြန်းကြရာ ဖြေကြားခဲ့သည်မှာ ကျွန်ုပ် ဤသို့ ပြုရခြင်းသည် တိုင်းသူပြည်သားတို့၏ ဆာလောင်မွတ်သိပ်မှုကို စာနာတတ်သော စိတ်ဓါတ် ကျွန်ုပ်၏ နှလုံးသားတွင်မှ ကွယ်ပျောက်မသွားစေရန် ဖြစ်သည်။ ၄င်းနောက် ဘုရင့်စားတော်ဆက်များကိုလည်း အမိန့်ချမှတ်ခဲ့သည်မှာ တစ်နေ့တာတွင် နေ့လည်စာအချိန်၌သာလျှင် အစားအသောက်များ ချက်ပြုတ်ရမည်။ သို့မှသာ နန်းတွင်းသူ နန်းတွင်းသားတို့သည်လည်း တိုင်းသူပြည်သားတို့၏ ဝေ်မွတ် ခေါင်းပါးမှုဒဏ်ကို မျှဝေခံစားနိုင်မည် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَجَآءَ اِخْوَةُ يُوْسُفَ فَدَخَلُوْا عَلَيْهِ فَعَرَفَهُمْ وَهُمْ لَهٗ مُنْكِرُوْنَ ﴿٥٨﴾

၁၂ : ၅၈ ။ ။ ထို့နောက် ယူစွဖ်၏ နောင်တော်များသည် (အီဂျစ်ပြည်သို့) လာခဲ့ကြပြီး၊ ၄င်းတို့သည် ယင်း (ယူစွဖ်၏) ထံသို့ ဝင်ရောက်ခဲ့ကြလေသည်။ ထိုအခါ ယင်း (ယူစွဖ်) သည် ၄င်းတို့အား (ချက်ချင်း) မှတ်မိသော်လည်း ၄င်းတို့မှာမူ ယင်းယူစွဖ်အား မမှတ်မိခဲ့ကြပေ။

وَلَمَّا جَهَّزَهُم بِجَهَازِهِمْ قَالَ ائْتُونِي بِأَخٍ لَّكُم مِّنْ أَبِيكُمْ ۚ أَلَا تَرَوْنَ أَنِّي أُوفِي الْكَيْلَ وَأَنَا خَيْرُ الْمُنزِلِينَ ﴿٥٩﴾

၁၂ း ၅၉ ။ ။ တစ်ဖန် ယင်း (ယူစွဖ်) သည် ၎င်းတို့အဖို့ (စားနပ်ရိက္ခာနှင့် စပ်လျဉ်း၍) စီမံအပ်သည့် ပစ္စည်းများကို ၎င်းတို့အား အဆင်သင့်ဖြစ်အောင် စီမံ၍ ပေးခဲ့ပြီးသောအခါ (၎င်းတို့အား ဤသို့) ပြောကြားခဲ့လေသည်။ အသင်တို့သည် မိမိတို့၏ ခည်းတော်ဘက်မှ တော်စပ်သော အသင်တို့၏ ညီတော် (ဘတူ မိကွဲ ညီ) အား ကျွန်ုပ်ထံ ခေါ်ဆောင်ခဲ့ကြလေကုန်။ အသင်တို့သည် မမြင်ကြလေသလော။ ကျွန်ုပ်သည် (စားနပ်ရိက္ခာ ဖြန့်ဖြူးရာတွင်) ခြင်တွယ်သော ပမာဏကို အပြည့်ခြင်၍ ပေးသည့်အပြင် ကျွန်ုပ်သည် အကောင်းဆုံး ဧည့်ခံသူ တစ်ဦးလည်း ဖြစ်ပေသည်။

فَإِن لَّمْ تَأْتُونِي بِهِ فَلَا كَيْلَ لَكُمْ عِندِي وَلَا تَقْرَبُونِ ﴿٦٠﴾

၁၂ း ၆၀ ။ ။ သို့ရာတွင် အကယ်၍ အသင်တို့သည် ထိုညီတော်အား ကျွန်ုပ်ထံ ခေါ်ဆောင်လာခြင်း မပြုခဲ့ပါလျှင် အသင်တို့အဖို့ ကျွန်ုပ်ထံတွင် ပမာဏအခြင်အတွယ် (ဖြင့် ပေးရန် ကောက်ပဲသီးနှံ) လည်း အလျဉ်း ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်ထံသို့လည်း မချဉ်းကပ်ကြကုန်လင့်။

قَالُوا سَنُرَاوِدُ عَنْهُ أَبَاهُ وَإِنَّا لَفَاعِلُونَ ﴿٦١﴾

၁၂ း ၆၁ ။ ။ (ထိုအခါ) ၎င်းတို့က 'ဧကန်စင်စစ် ကျွန်ုပ်တို့သည် ထိုညီတော်အား ၎င်း၏ ခမည်းတော်ထံ တောင်းခံကြပါမည်။ ဧကန်မလွဲ ကျွန်ုပ်တို့သည် (ဤအတိုင်းပင်) ပြုလုပ်ကြပါမည်' ဟု ပြောဆို ဖြေကြားခဲ့လေသည်။

وَقَالَ لِفِتْيَانِهِ اجْعَلُوا بِضَاعَتَهُمْ فِي رِحَالِهِمْ لَعَلَّهُمْ يَعْرِفُونَهَا إِذَا انقَلَبُوا إِلَىٰ أَهْلِهِمْ لَعَلَّهُمْ يَرْجِعُونَ ﴿٦٢﴾

၁၂ း ၆၂ ။ ။ ထို့ပြင် ၎င်း (ယူစွဖ်) သည် (၎င်းတို့ ပြန်ခါနီးတွင်) မိမိ၏ အခိုင်းအစေများအား (ဤသို့) ပြောဆို အမိန့်ပေးခဲ့လေသည်။ 'အသင်တို့သည် ၎င်းတို့ (ကောက်ပဲသီးနှံ၏ တန်ဖိုးအဖြစ် ပေး၍) အရင်းအနှီးပြုလုပ်သော ပစ္စည်းကို ၎င်းတို့၏ ခရီးဆောင်ပစ္စည်းများတွင် (လျှို့ဝှက်စွာ ပြန်၍ ထည့်ပေး) ထားကြလေကုန်။ သို့မှသာလျှင် ၎င်းတို့သည် ထိုအရင်းအနှီး ပြုလုပ်သည့် ပစ္စည်းကို မိမိတို့အိမ်သူအိမ်သားများထံ ပြန်လည်ရောက်ရှိသောအခါ မှတ်မိကြပေမည်။ သို့မှသာလျှင် ၎င်းတို့သည် တစ်ဖန် ပြန်လာနိုင်ကြဦးမည် ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အချုပ်ဆိုရသော် တမန်တော်ယူစွဖ် عليه السلام သည် လုပ်ပိုင်ခွင့်အာဏာကို ရရှိပြီးနောက် လယ်ယာကိုင်းကျွန်းများကို စိုက်ပျိုးစေခဲ့သည်။ ၎င်းနောက် ရိက္ခာစုဆောင်းခြင်းကိုလည်း စတင်ဆောင်ရွက်စေခဲ့သည်။ ထို့နောက် (၇) နှစ်ခန့် ကြာပြီးသောအခါ မိုးခေါင်ရေရှားမှု စတင်လာတော့သည်။ အီဂျစ်နိုင်ငံ၏ အစိုးရဘက်မှ ရိက္ခာများ ရောင်းချပေးနေသည်ဟူသော သတင်းကို ကြားကာ ဝေးလံခေါင်းကျသော အရပ်ဒေသမှ လူတို့သည် အုပ်စုလိုက်အုပ်စုလိုက် အီဂျစ်နိုင်ငံသို့ စတင်ရောက်ရှိလာပါတော့သည်။) ၎င်းနောက် ('ကန်အာန်'မြို့တွင်လည်း မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့ရသည်။) ယူစွဖ် عليه السلام ၏ နောင်တော်များ (သည်လည်း 'ဗင်န်ယားမီးန်'မှအပ ရိက္ခာဝယ်ယူရန် အီဂျစ်နိုင်ငံသို့) ရောက်ရှိလာခဲ့သည်။ (တစ်ဖန် ယူစွဖ် عليه السلام ၏ ထံပါးသို့ ရောက်ရှိကြသောအခါ ယူစွဖ် عليه السلام သည် ၎င်းတို့ကို မှတ်မိသွားလေသည်။ ၎င်းတို့သည် ယူစွဖ် عليه السلام ကို မမှတ်မိကြချေ။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် အနည်းငယ်မျှသာ ပြောင်းလဲမှုများ ရှိခဲ့သည်။ တစ်ဖန် ယူစွဖ် عليه السلام သည်လည်း ၎င်းတို့ရောက်ရှိလာမည်ကို ခိုင်မာစွာ ယုံကြည်မှုရှိခဲ့သည်။ တစ်ဖန် ဆိုက်ရောက်လာသူတိုင်းကိုလည်း မေးမြန်းလေ့ရှိသည်။ အသင် မည်သူနည်း၊ မည်သည့်နေရာမှ လာသနည်းစသဖြင့် မေးမြန်းခဲ့သည်။ ၎င်းနောက် တွေ့ဖူးကြုံဖူးသူများကို အနည်းငယ် မေးမြန်းရုံမျှဖြင့် မှတ်မိသွားတတ်ကြသည်။ သို့သော် ယူစွဖ် عليه السلام သည် ၎င်းတို့နှင့် ခွဲခွာခဲ့သောအချိန်က ငယ်ရွယ်လွန်းလှသောကြောင့် ယခုအခါတွင် များစွာ ပြောင်းလဲနေခဲ့သည်။

တစ်ဖန် ၎င်းတို့သည်လည်း ယူစွဖ် عليه السلام သည် ဤနေရာတွင်ရှိနေမည်ဟု မမျှော်လင့်ထားခဲ့ပေ။ ၎င်းနောက် အာဏာပိုင်များကိုလည်း အသင်မည်သူနည်းဟု မေးမြန်းပိုင်ခွင့် မရှိပေ။ တမန်တော်ယူစွဖ် عليه السلام ၏ ထုံးစံသည်လည်း လူတိုင်းကို လိုအပ်သမျှသာ ရိက္ခာကို ရောင်းချစေခဲ့သည်။ ၎င်းတို့ကိုလည်း လူတစ်ဦးလျှင် ကုလားအုတ်နှင့်အမျှ ရိက္ခာကို ရောင်းချစေခဲ့သည်။ ၎င်းတို့ကိုလည်း လူတစ်ဦးလျှင် ကုလားအုတ်နှင့်အမျှ ရိက္ခာကို အခကြေးငွေပေး၍ ဝယ်ယူစေခဲ့သည်။ ၎င်းတို့က ပြောကြားသည်မှာ 'ကျွန်ုပ်တို့တွင် အဖေတူ မအေကွဲ ညီတစ်ယောက်လည်း ရှိသေးသည်။ ကျွန်ုပ်တို့၏ ဖခင်ကြီးသည် ၎င်းကို ကွယ်ပျောက်သွားမည် စိုးရိမ်၍။ မိမိထံတွင် နေစေခဲ့သည်။ ယခင်လည်း သားတစ်ယောက် ပျောက်ခဲ့ဘူးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျန်ရှိနေခဲ့သော ညီအတွက်လည်း ကုလားအုတ်တစ်ကောင်နှင့်အမျှ ရိက္ခာကို ရောင်းချစေလိုပါသည်။' ထိုအခါ တမန်တော် ယူစွဖ် عليه السلام က ပြောကြားသည်မှာ 'ဤသည် ဥပဒေနှင့် ဆန့်ကျင်နေသည်။ အကယ်၍ ထိုညီ၏ ဝေစုကို ရလိုလျှင် ၎င်းကိုယ်တိုင် လာရောက်ယူရမည်။' နောက်ဆုံးတွင် ၎င်းတို့၏ ဝေစုကိုသာ ပေးခဲ့လေသည်။)

၎င်းနောက် တမန်တော်ယူစွဖ် عليه السلام သည် ၎င်းတို့၏ ဥစ္စာပစ္စည်း (ရိက္ခာများကို) အသင့်ပြင်ဆင်ပြီးသောအခါ (ပြန်မည့်အချိန်တွင်) ပြောကြားလိုက်သည်။ အကြောင်းမှာ (အကယ်၍ ရိက္ခာများ ကုန်ဆုံးသွားပြီးနောက် တစ်ကြိမ်လာရန် ဆန္ဒရှိလျှင်) မိမိတို့၏ ဖအေတူမအေကွဲ ညီကိုလည်း (အတူ) ခေါ်လာခဲ့ကြလော့။ (သို့မှသာ ၎င်း၏ ဝေစုလည်း ပေးနိုင်မည်ဖြစ်သည်။) အသင်တို့ မမြင်တွေ့ကြလေသလော။

ကျွန်ုပ်သည် ပြည့်ပြည့်ဝဝ ချိန်တွယ်၍ ပေးလေ့ရှိသည်။ ၎င်းနောက် ကျွန်ုပ်သည် အားလုံးထက် ပို၍ ဧည့်ဝတ်ကျေပွန်သည်။ (ထို့ကြောင့် အကယ်၍ အသင်တို့၏ညီ ရောက်လာခဲ့လျှင် ၎င်းကိုလည်း ပြည့်ဝသော ဝေစုပေးမည်။ ထို့နောက် ၎င်းကိုလည်း အသင်တို့ တွေ့မြင်ခဲ့ရသကဲ့သို့ ဧည့်ဝတ်ကျေပွန်မည် ဖြစ်သည်။ အချုပ်ဆိုရလျှင် ၎င်း၏ လာရောက်ခြင်းသည် အကျိုးကျေးဇူးများသာလျှင် ရှိလိမ့်မည်။) ၎င်းနောက် အကယ်၍ အသင်တို့သည် (နောက်တစ်ကြိမ် ပြန်လာခဲ့ပြီး ၎င်းနောက်) ထိုညီကို ကျွန်ုပ်ထံ မခေါ်ဆောင်ခဲ့လျှင် (ကျွန်ုပ်သည် အသင်တို့၏ ရိက္ခာကို သာပို၍ ရလိုမှုကြောင့် ကျွန်ုပ်အား လှည့်စားသည်ဟု မှတ်ယူမည်။ ဤသို့ ပြုခဲ့လျှင် ဒဏ်ခတ်သောအနေဖြင့်) ကျွန်ုပ်ထံတွင် အသင်တို့အမည်နှင့် ရိက္ခာဝေစုကို ထားရှိတော့မည် မဟုတ်။ ၎င်းနောက် အသင်တို့သည်လည်း ကျွန်ုပ်ထံ မလာရောက်ကြလေနှင့်။ (သို့ပါ၍ ထိုညီကို မခေါ်လာသည့်အတွက် ဆုံးရှုံးမှုမှာ အသင်တို့၏ ရိက္ခာဝေစုလည်း ဆုံးရှုံးသွားမည်ဖြစ်သည်။) ၎င်းတို့က ပြောကြားသည်မှာ ကျွန်ုပ်တို့သည် (အစွမ်းကုန်) ဖခင်ကြီးထံတွင် သူ့ကို တောင်းဆိုမည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ထိုအလုပ်ကို (ဆိုလိုသည်မှာ ကြိုးပမ်းလျှောက်ထားမှုကို) မုချဧကန် ပြုလုပ် ကြမည်။ (ဆက်လက်၍ ဖခင်ကြီး၏ သဘောဆန္ဒသာ ဖြစ်သည်။) ၎င်းနောက် (၎င်းတို့ကို ထိုနေရာမှ ထွက်ခွာသောအခါ) တမန်တော်ယူစွဖ် عليه السلام သည် မိမိ၏ အစေအပါးများကို ညွှန်ကြားသည်မှာ ၎င်းတို့၏ အရင်းအနှီးကို (ယင်းအရင်းအနှီးဖြင့် ၎င်းတို့သည် ရိက္ခာများကို ဝယ်ယူခဲ့သည်။) ၎င်းတို့၏ ဥစ္စာပစ္စည်းထဲတွင် (ပင် ဝှက်၍) ထားရှိကြကုန်။ သို့မှသာ ၎င်းတို့ အိမ်ပြန်ရောက်သောအခါ ယင်းကို (မိမိတို့၏ ပစ္စည်းများအတွင်းမှ ထွက်ရှိလာပြီး) အမှတ်ရကြမည် ဖြစ်သည်။ (ဤကျေးဇူးတရားကို ကြည့်ပြီး) တစ်ဖန် ပြန်လာကောင်း လာလိမ့်မည်။ (အဘယ်ကြောင့်ဆိုသော် တမန်တော်ယူစွဖ် عليه السلام သည် ၎င်းတို့ကို ပြန်လည်ရောက်ရှိလာခြင်းနှင့် ၎င်းတို့၏ ညီငယ်အား ခေါ်ဆောင်လာခြင်းကို အလိုရှိနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် တတ်နိုင်သောနည်းဖြင့် ကြိုးပမ်းကြံစည်ခဲ့ခြင်း ဖြစ်သည်။ ဦးစွာပထမ ၎င်းတို့ကို သတိပေးခဲ့သည်မှာ အကယ်၍ ညီငယ်ကို ခေါ်ဆောင်လာခဲ့လျှင် ၎င်း၏ ဝေစုကိုလည်း ချီးမြှင့်မည်။ ဒုတိယအချက်အနေနှင့် ခြိမ်းခြောက်ခဲ့သည်မှာ ၎င်းကို မခေါ်ဆောင်လာခဲ့လျှင် မိမိတို့၏ ဝေစုများလည်း ရရှိကြမည်မဟုတ်။ တတိယအချက်အနေနှင့် ၎င်းတို့ ရိက္ခာနှင့် လဲလှယ်၍ ဝယ်ယူခဲ့သော ငွေသားမဟုတ်သည့်အပြင် အခြားပစ္စည်းများကို ပြန်ထည့်ပေးလိုက်သည်။ စိတ်ကူးနှစ်မျိုးကြောင့် ဤသို့ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ တစ်မျိုးမှာ ကျေးဇူးပြုလိုက်သည်ကို အကြောင်းပြု၍ နောက်တစ်ကြိမ် ပြန်လာရန်ဖြစ်သည်။ အခြားတစ်မျိုးမှာ ၎င်းတို့ထံတွင် နောက်ထပ် ငွေကြေးရှိမည် မဟုတ်ပေ။ ထို့ကြောင့် နောက်တစ်ကြိမ် မပြန်လာနိုင်မည် မဟုတ်ပေ။ ၎င်းတို့ ဝယ်ယူထားသော အဖိုးအခကို ပြန်ထည့်ပေးလိုက်ခြင်းဖြင့် နောက်တစ်ကြိမ် မလွဲမသွေ ပြန်လာနိုင်မည် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တမန်တော်ယူစွဖ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးကြောင့် အီဂျစ်နိုင်ငံ၏ ပြည့်ဝသော အချုပ်အခြာအာဏာကို ရရှိခဲ့ကြောင်း တင်ပြခဲ့လေသည်။ ဤအာယသ်တော်များ၏ အစတွင် ယူစွဖ် عليه السلام ၏

နောင်တော်များ ရိက္ခာဝယ်ယူရန် အီဂျစ်နိုင်ငံသို့ ရောက်ရှိလာကြောင်း တင်ပြထားလေသည်။ နောင်တော်ဆယ်ယောက် အီဂျစ်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်းနှင့် တမန်တော်ယူစွဖ် ﷺ ၏ ညီအရင်းတစ်ယောက် မပါခဲ့ကြောင်း အထောက်အထားများအရ သိရှိရသည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤကြားကာလအကြောင်းအရာများကို အကျယ်တဝင့် မဖော်ပြထားသည့် အကြောင်းအရင်းမှာ ရှေ့တွင် တင်ပြထားသော အကြောင်းအရာများကို ဆက်စပ်ကြည့်လျှင် ကိုယ်တိုင် သဘောပေါက်နိုင်သောကြောင့် ဖြစ်သည်။

အိဗ်နေကစီးရ် (ရဟ) သခင်သည် သဖ်စီရ်ပညာရှင်ကြီးများအနက်မှ စုတ်ဒီ (ရဟ) သခင်နှင့် မုဟမ္မဒ်ဗင်န်အစ္စဟာက် (ရဟ) သခင်တို့၏ အကိုးအကားဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်မှာ ၎င်းနောက် ထိုရှင်းလင်းချက်များသည် သမိုင်းဆင့်ပြန်ချက်များနှင့် အီစ္စရာအီလ် ဆင့်ပြန်ချက်များမှ ကောက်နုတ်တင်ပြခဲ့သည်ဆိုလျှင်လည်း ကျမ်းတော်မြတ်ကုရ်အာန်၏ အကြောင်းအရာ ဆက်စပ်မှုများတွင် ထိုအကြောင်းအရာများ၏ ရည်ညွှန်းချက်များ ပါရှိနေခြင်းကြောင့် ထိုဆင့်ပြန်ချက်များကိုလည်း လက်သင့်ခံ၍ ရသည်။

ထိုသဖ်စီးရ်ပညာရှင်များက ပြောကြားသည်မှာ တမန်တော်ယူစွဖ် ﷺ ကို အီဂျစ်နိုင်ငံ၏ ဘဏ္ဍာရေးတာဝန် ရရှိခဲ့ပြီးနောက် ပထမ (၇) ခုနှစ်တွင် အိပ်မက်၏ အလိုသဘောနှင့်အညီ တစ်တိုင်းပြည်လုံးတွင် အေးချမ်းသာယာမှုနှင့် စည်ပင်ဝပြောမှုများ အမြောက်အမြား ရရှိခဲ့လေသည်။ သီးနှံထွက်ကုန်လည်း လွန်စွာများပြားခဲ့လေသည်။ ၎င်းနောက် ရိက္ခာကိုလည်း အများအပြား ကြိုးပမ်းကာ စုဆောင်းခဲ့လေသည်။) ထို့နောက်တွင် အိပ်မက်၏ ဒုတိယကဏ္ဍဖြစ်သော ကြီးမားသည့် မိုးခေါင်ရေရှားမှုနှင့် ကြုံကြိုက်ခဲ့ရသည်။ ယင်းသည် (၇) နှစ်တာကာလအထိ ကြာရှည်ခဲ့လေသည်။ ထိုသို့ (၇) နှစ်တာ အဆက်မပြတ် မိုးခေါင်ရေရှားမှု ဖြစ်ပေါ်မည်ကို အစကတည်းက တမန်တော်ယူစွဖ် ﷺ သည် သိရှိသောကြောင့် မိုးခေါင်ရေရှားမှု ဖြစ်သော ပထမနှစ်တွင် နိုင်ငံတွင်းရှိ ရိက္ခာများကို လွန်စွာ သတိဝီရိယဖြင့် စုဆောင်းခဲ့လေသည်။ အထူးပင် ထိန်းသိမ်းစောင့်ရှောက်ခဲ့လေသည်။

အီဂျစ်တိုင်းသူပြည်သားများကိုလည်း ၎င်းတို့အတွက် လုံလောက်သော ရိက္ခာကို အစကတည်းက စုဆောင်းခဲ့သည်။ ယခု မိုးခေါင်ရေရှားမှုသည် အခြားသော မြို့ရွာ၊ တိုင်းပြည်များအထိ ပြန့်နှံ့သွားခြင်းကြောင့် နယ်စပ်မှ လူတို့သည် အီဂျစ်နိုင်ငံသို့ စုရုံးကာ လာရောက်ကြလေတော့သည်။ ထိုအခါ တမန်တော်ယူစွဖ် ﷺ သည် သီးခြားသတ်မှတ်ထားသော ပုံသဏ္ဌာန်ဖြင့် ရိက္ခာများကို စတင်ရောင်းချလေတော့သည်။ လူတစ်ဦးကို ကုလားအုတ်တစ်နိုင်စာထက် ပို၍ မရောင်းချစေခဲ့ပေ။ ကုလားအုတ်တစ်နိုင်စာ၏ အတိုင်းအတာကို ကုရ်သုဗီး (ရဟ) သခင်ကြီးက ဆွအ် (၆၀) ဟု ဖွင့်ဆိုရေးသားခဲ့လေသည်။ ယင်းသည် ကျွန်ုပ်တို့၏ ချိန်တွယ်မှုအတိုင်းအတာအရ ဆိုင်ရ်ပေါင်း (၂၁၀) သို့မဟုတ် (၅) မန်းထက် အနည်းငယ်သာပိုပေသည်။ (ဆိုလိုသည်မှာ ပိဿာပေါင်း (၂၄၀) ကျော်ခန့် ဖြစ်သည်။) ၎င်းနောက် ထိုတာဝန်ကို မည်မျှ တိကျစွာ ဆောင်ရွက်ခဲ့သည်ဆိုသော် ရိက္ခာရောင်းချနေရာတွင် မိမိကိုယ်တိုင် ကြီးကြပ်တာဝန်ယူခဲ့သည်။ ဤမိုးခေါင်းရေရှားမှုသည် အီဂျစ်တစ်နိုင်ငံတည်းတွင် ဖြစ်ပေါ်ခဲ့သည်မဟုတ်ပေ။ ဝေးလံခေါင်းဖျား

သော ဒေသများသို့တိုင် ပြန့်နှံ့ဖြစ်ပေါ်ခဲ့လေသည်။ ကန်အားန်မြို့သည် ပါလက်စတိုင်း၏ ဒေသတစ်ခု ဖြစ်သည်။ ၎င်းနောက် တမန်တော်ယအ်ကူးဗ် عليه السلام ၏ မွေးရပ်ဌာနေလည်း ဖြစ်သည်။ မျက်မှောက်ခေတ်ထိ ထိုမြို့သည် 'ခလီးလ်'ဟူသောအမည်ဖြင့် သာယာဝပြောလျက်ရှိနေသော မြို့တစ်မြို့ဖြစ်သည်။ ထိုမြို့တွင်ပင် တမန်တော်အီဗ်ရာဟီမ် عليه السلام ၊ တမန်တော်အီစ်ဟားက် عليه السلام ၊ တမန်တော်ယအ်ကူးဗ် عليه السلام နှင့် တမန်တော် ယူစွဖ် عليه السلام တို့၏ ဂူဗိမာန်များရှိသည်ဟု ကျော်ကြားခဲ့သည်။ ထိုဒေသသည်လည်း မိုးခေါင်ရေရှားမှုဒဏ်မှ မကင်းလွတ်ခဲ့ပေ။ တမန်တော်ယအ်ကူးဗ် عليه السلام ၏ ဆွေမျိုးသားချင်းများသည် လွန်စွာ ပူဆွေးသောက ရောက်ခဲ့လေသည်။ တစ်ပြိုင်နက်တည်း အီဂျစ်နိုင်ငံတွင် အဖိုးအခပေး၍ ရိက္ခာဝယ်ယူနိုင်သော သတင်း သည်လည်း ပြန့်နှံ့သွားပေသည်။ တမန်တော်ယအ်ကူးဗ် عليه السلام ထံသို့လည်း ထိုသတင်း ရောက်ရှိခဲ့သည်။ အကြောင်းမှာ အီဂျစ်နိုင်ငံ၏ ဘုရင်ကြီးသည် ရည်မွန်သော သနားကြင်နာတတ်သူတစ်ဦး ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများကို ရိက္ခာပေးလေသည်။ ထို့ကြောင့် မိမိ၏ သားတော်များကို ပြောကြားသည်မှာ 'အသင်တို့လည်း အီဂျစ်နိုင်ငံသို့ သွားရောက်ကာ ရိက္ခာယူဆောင်လာကြကုန်။'

၎င်းနောက် ဤအချက်ကိုလည်း သိရှိမည်ဖြစ်သည်။ ယင်းမှာ လူတစ်ဦးကို ကုလားအုတ်တစ်နိုင်စာ ထက် ပို၍ မရောင်းချပေ။ ထို့ကြောင့် သားတော်များအားလုံးကို စေလွှတ်ခဲ့ရခြင်းဖြစ်သည်။ သို့သော် အားလုံးအနက် အငယ်ဆုံးဖြစ်သော တမန်တော်ယူစွဖ် عليه السلام ၏ ညီအရင်းဖြစ်သော ဗင်န်ယာမီးအား တမန် တော်ယူစွဖ် عليه السلام ပျောက်ဆုံးသွားပြီးနောက်ပိုင်း တမန်တော်ယအ်ကူးဗ် عليه السلام ၏ အချစ်သည် ၎င်းအပေါ် သာပိုမို ရရှိခဲ့လေသည်။ မိမိထံပါးတွင် စိတ်သက်သာမှု ရရှိစေရန်နှင့် ပြုစုရန်အတွက် ကျန်ရစ်စေခဲ့သည်။

ညီနောင် (၁၀) ဦးတို့သည် ကန်အားန်မြို့မှ ထွက်ခွာ၍ အီဂျစ်နိုင်ငံသို့ ရောက်ရှိလာကြသည်။ တမန်တော်ယူစွဖ် عليه السلام သည် နန်းတွင်းအဆောင်ယောင်များဖြင့် တိုင်းပြည်ကို မင်းလုပ်အချုပ်သော ဘုရင် ကြီးတစ်ပါးအသွင်ဖြင့် ၎င်းတို့၏ ရှေ့မှောက်သို့ ရောက်ရှိလာခဲ့သည်။ နောင်တော်များသည် ၎င်းကို ငယ်စဉ် အခါ (၇) နှစ်သားအရွယ်က ခရီးသည်အုပ်စုထံသို့ ရောင်းချခဲ့သည်။ ထိုအချိန်သည် အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်အရ နှစ်ပေါင်းလေးဆယ် ကြာမြင့်ခဲ့လေပြီ။ [ကုရ်သုဗီး၊ မဇ္ဇဟရီး]

ဤမျှ ကြာရှည်သွားသော ကာလအတိုင်းအတာ လူတစ်ဦး၏ ပုံပန်းသဏ္ဌာန်သည်လည်း လုံးဝ ပြောင်းလွဲသွားသည်မှာ ထင်ရှားပေးလွင်နေပေသည်။ ၎င်းတို့သည် ကျွန်အဖြစ်နှင့် ရောင်းချခဲ့သော ကလေး သည် နိုင်ငံကြီးတစ်နိုင်ငံမှ ဘုရင်တစ်ပါး၏ ဝန်ကြီး သို့မဟုတ် ဘုရင်ခံတစ်ဦးဖြစ်နေမည်ကို အတွေး၌ပင် ရှိခဲ့ဖူးမည် မဟုတ်ပေ။ ထို့ကြောင့် နောင်တော်များသည် တမန်တော်ယူစွဖ် عليه السلام ကို မမှတ်မိကြခဲ့ပေ။ သို့သော် ယူစွဖ် عليه السلام သည်သာ မှတ်မိခဲ့လေသည်။ အထက်ပါအာယသ်တော်၏

فَعَرَفَهُمْ وَهُمْ لَهُ مُنكِرُونَ

အလိုသဘောသည် ဤအတိုင်းပင် ဖြစ်သည်။ အာရဗီဝေါဟာရတွင် انكار ၏ မူရင်းအဓိပ္ပာယ်မှာ သူစိမ်းထင်မှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် منكرون ဟူသော စာသား၏ အဓိပ္ပာယ်မှာ မသိရှိသောသူ၊ ၎င်းနောက် သူစိမ်းဟူ၍ ဖြစ်သည်။

တမန်တော်ယူစွဖ် عليه السلام က ၄င်းတို့ကို မှတ်မိခဲ့ခြင်းနှင့် ပတ်သက်၍ အိဗ်နေကစီးရ် (ရဟ) သခင်သည် စုဒ္ဒီ (ရဟ) သခင်၏ အဆိုကို ကိုးကား၍ ဖွင့်ဆိုရေးသားထားသည်မှာ ဤနောင်တော်ဆယ်ဦးသည် နန်းတော်သို့ ရောက်ရှိလာကြသောအခါ တမန်တော်ယူစွဖ် عليه السلام သည် ပို၍ သေချာသွားစေရန် သံသယရှိသူများအား မေးသည့် မေးခွန်းမျိုးကို မေးမြန်းခဲ့လေသည်။ သို့မှသာ ၄င်းတို့သည် အမှန်တရားကို အပြည့်အဝ ရှင်းလင်းစွာ တင်ပြကြမည်ဖြစ်သည်။ ဦးစွာပထမ ၄င်းတို့ကို မေးမြန်းခဲ့သည်မှာ အသင်တို့သည် အီဂျစ်နိုင်ငံသားများ မဖြစ်နိုင်။ အသင်တို့၏ ဘာသာစကားသည်လည်း အိဗ်ရာနီစကားဖြစ်သည်။ အသင်တို့ ဤအီဂျစ်နိုင်ငံကို မည်သို့ ရောက်ရှိလာကြသနည်း။ နောင်တော် (၁၀) ဦးက လျှောက်တင်ပြောကြားသည်မှာ 'ကျွန်ုပ်တို့၏ တိုင်းပြည်၌ အကြီးအကျယ် မိုးခေါင်ရေရှားမှု ဖြစ်ရှိနေပါသည်။ ၄င်းနောက် ကျွန်ုပ်တို့သည် အသင်၏ ကောင်းချီးများကို ကြားရပါသည်။ ထို့ကြောင့် ရိက္ခာများရယူရန် လာရောက်ကြခြင်း ဖြစ်ပါသည်။ တစ်ဖန် တမန်တော်ယူစွဖ် عليه السلام က အသင်တို့ အမှန်အတိုင်း ပြောဆိုနေကြသည်ဟု ကျွန်ုပ် မည်သို့ ယုံကြည်စိတ်ချရမည်နည်း။ ၄င်းနောက် အသင်တို့သည် ရန်သူတစ်ဦးဦး၏ စုံထောက်များ မဟုတ်ကြပါသလော။ ထိုအခါ နောင်တော်များက လျှောက်တင်ကြသည်မှာ အသျှင်မြတ်ထံ ခိုလှုံပါ၏။ ကျွန်ုပ်တို့သည် ဤသို့သောသူများ အလျဉ်းမဟုတ်ပေ။ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ တမန်တော်ယအ်ကူးဗ် عليه السلام ၏ သားတော်များ ဖြစ်သည်။ အကြင်တမန်တော်သည် ကန်အာန်းမြို့တွင် နေထိုင်သည်။

တမန်တော်ယူစွဖ် عليه السلام ၏ ထိုမေးခွန်းများကို မေးမြန်းရခြင်း၏ ရည်ရွယ်ချက်မှာ ၄င်းတို့သည် ဖြစ်ကြောင်းကုန်စင်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားကြရန်ဖြစ်သည်။ ထိုအချိန်မှ ယူစွဖ် عليه السلام က မေးမြန်းခဲ့သည်မှာ အသင်တို့၏ ဖခင်ထံတွင် အသင်တို့မှအပ အခြားသော သားသမီးများ ရှိပါသေးသလား။ ၄င်းတို့က လျှောက်တင်သည်မှာ ကျွန်ုပ်တို့တွင် ညီနောင် (၁၂) ဦး ရှိသည်။ ထိုအနက်မှ ညီငယ်တစ်ဦးသည် တောထဲတွင် ပျောက်ဆုံးခဲ့သည်။ ၄င်းနောက် ကျွန်ုပ်တို့၏ ဖခင်ကြီးသည် ၄င်းကို အချစ်ဆုံးဖြစ်သည်။ ထိုညီငယ်ပျောက်သွားပြီးနောက် ၄င်း၏ ညီအရင်းဖြစ်သူကိုသာ သာပို၍ ချစ်ခင်ခဲ့သည်။ ထို့ကြောင့် ယခုလည်း ထိုညီငယ်ကို ကျွန်ုပ်တို့နှင့်အတူ မစေလွှတ်ခဲ့ပေ။ ဖခင်ကြီး စိတ်သက်သာမှု ရရန် ဖြစ်သည်။

တမန်တော်ယူစွဖ် عليه السلام သည် ၄င်းတို့၏ စကားများကို ကြားနာပြီးနောက် မိန့်ခဲ့သည်မှာ ၄င်းတို့အား ဘုရင့်ဧည့်သည်တော်များအနေဖြင့် တည်းခိုစေရမည်။ ၄င်းနောက် ထုံးစံအတိုင်း ရိက္ခာပေးဝေရမည်။

နောင်တော်များထံမှ အကြောင်းအရာများကို အကျယ်တဝင့် သိရှိရပြီးနောက် ၄င်းတို့ကို တစ်ဖန်ပြန်လာစေရန် ဆန္ဒရှိခဲ့ခြင်းမှာ သဘာဝပင် ဖြစ်သည်။ ထို့ကြောင့် အပေါ်ယံအစီအမံတစ်ခုကို ဤသို့ပြုကာ နောင်တော်များကို ပြောကြားလေသည်။

اُئْتُوْنِىْ بِاَخٍ لَّكُمْ مِّنْ اَبِيْكُمْ اَلَاتَرَوْنَ اَنِّىْ اُوْفِى الْكَيْلَ وَاَنَاخَيْرُ الْمُنْزِلِيْنَ

အလိုသဘောမှာ အသင်တို့အနက် တစ်ကြိမ်ပြန်လာသည့်အခါ မိမိတို့၏ အဖေတူအမေကွဲ ညီငယ်ကိုလည်း ခေါ်ခဲ့ကြလော့။ ကျွန်ုပ်သည် ရိက္ခာများကို မည်သို့ ပြည့်ပြည့်ဝဝ ပေးဆောင်သည်ကို ၄င်းနောက် မည်သို့ ဧည့်ဝတ်ကျေပွန်သည်ကို အသင်တို့ တွေ့ရှိကြသည် မဟုတ်ပါသလော။

၄င်းနောက် တစ်ဖန် ခြိမ်းခြောက်မှုတစ်ခုလည်း ပြုခဲ့သည်။

فَاِنْ لَّمْ تَاْتُوْنِىْ بِهٖ فَلَا كَيْلَ لَكُمْ عِنْدِىْ وَلَا تَقْرَبُوْنِ

ဆိုလိုသည်မှာ 'အကယ်၍ အသင်တို့သည် မိမိတို့၏ ဖအေတူမအေကွဲ ညီငယ်ကို အတူမခေါ်ဆောင်ခဲ့ပါက ကျွန်ုပ်သည် အသင်တို့ထံမှ တစ်ဦးတစ်ယောက်ကိုပင်လျှင် ရိက္ခာပေးတော့မည် မဟုတ်။ (အကြောင်းမှာ အသင်တို့သည် ကျွန်ုပ်အား လှည့်ဖြားကြသည်ဟု ကျွန်ုပ်မှတ်ယူရတော့မည်။) ထိုကဲ့သို့ပင် အသင်တို့သည်လည်း ကျွန်ုပ်ထံပါးသို့ မလာရောက်ကြလေနှင့်။'

အခြားလျှို့ဝှက်သော အစီအမံတစ်ခုကိုလည်း ဤသို့ ပြုခဲ့လေသည်။ အကြင်ငွေကြေး သို့မဟုတ် လက်ဝတ်လက်စား အစရှိသည်တို့ကို အကြင်နောင်တော်များက ရိက္ခာ၏ တန်ဖိုးအဖြစ် ပေးအပ်ခဲ့သည်။ ယင်းနှင့် ပတ်သက်ပြီး အပါးစေများကို အမိန့်ပေးသည်မှာ 'ဤအရာများကို ကွယ်ဝှက်၍ ထိုသူတို့၏ ရိက္ခာပစ္စည်းတွင် ဤသို့ ထည့်ပေးလိုက်ပါ။ အကြောင်းမှာ အကြင်သူတို့ကို လတ်တလော မသိရှိနိုင်အောင် ဖြစ်သည်။ သို့မှသာ ၄င်းတို့အိမ် ရောက်ရှိ၍ ရိက္ခာပစ္စည်းများကို ဖွင့်ကြသည့်အခါ မိမိတို့၏ ငွေကြေးနှင့် လက်ဝတ်လက်စားကိုလည်း ပြန်လည်ရရှိပါက ၄င်းတို့သည် တစ်ဖန် ဒုတိယအကြိမ် ရိက္ခာယူရန် လာနိုင်ကြမည်ဖြစ်သည်။

အိမ်နေကစီးရ် (ရဟ) သခင်က တမန်တော်ယူစွဖ် ﷺ ၏ ဤလုပ်ရပ်နှင့် ပတ်သက်ပြီး တင်ပြချက်များကို တင်ပြခဲ့လေသည်။ တင်ပြချက်တစ်ခုမှာ ဤသို့ ဖြစ်သည်။ အကြောင်းမှာ ယူစွဖ် ﷺ သည် ဤသို့ တွေးထင်ထားသည်။ ထိုနောင်တော်များ၏ထံပါးတွင် ဤငွေကြေးနှင့် လက်ဝတ်လက်စားများမှအပ အခြားမည်သည့်မျှ ထပ်မံ မရှိတော့ပါလျှင် ရိက္ခာယူရန် လာခိုင်းမည်မဟုတ်တော့ပေ။ အခြားသော ထင်မြင်ချက်တစ်ခုမှာ ဤသို့ ဖြစ်သည်။ မိမိ၏ ဖခင်နှင့် ညီနောင်များထံမှ ရိက္ခာ၏ တန်ဖိုးယူခြင်းကို မနှစ်မြို့ပေ။ ထို့အတွက်ကြောင့် ဘုရင့်ဘဏ္ဍာတော်တိုက်တွင် မိမိထံပါး၌ စုမိထားသော ထိုသူတို့၏ ငွေကြေးအား ၄င်းတို့ကို ပြန်လည်ပေးအပ်လိုက်ခြင်း ဖြစ်သည်။ အခြားသော ထင်မြင်ချက်တစ်ခုမှာ ဤသို့ ဖြစ်သည်။ အကြောင်းမှာ ယူစွဖ် ﷺ က သိရှိသည်မှာ ထိုသူတို့၏ ပစ္စည်းဥစ္စာများ ၄င်းတို့ထံ တစ်ဖန် ပြန်လည်ရောက်ရှိသွားမည်။ ဖခင်ကြီးသည် အလ္လာဟ်၏ ရစူလ်တမန်တော်ဖြစ်သည့်အလျောက် ထိုအချက်ကို သိရှိသွားလိမ့်မည်။ ဤပြန်လည်ပေးအပ်သော ဥစ္စာပစ္စည်းများသည် အီဂျစ်ဘုရင်ဘဏ္ဍာတိုက်၏ ယုံကြည်အပ်နှံမှုများဟု ထင်မှတ်ကာ မလွဲမသွေ တစ်ဖန်ပြန်လည် အီဂျစ်နိုင်ငံသို့ ပို့ဆောင်စေမည် ဖြစ်သည်။ ဤအတွက်ကြောင့် နောင်တော်များ၏ နောက်တစ်ကြိမ် ပြန်လာမည်ကို ပို၍ပင် ယုံကြည်စိတ်ချရမည်ဖြစ်သည်။

ယူစွဖ် ﷺ သည် ဤအစီအမံများအားလုံးကို ပြုလုပ်ရခြင်း၏ အကြောင်းမှာ နောက်နောင်တွင်လည်း နောင်တော်များ စဉ်ဆက်မပြတ် လာရောက်နေစေရန် ဖြစ်သည်။ ၄င်းနောက် မိမိညီအရင်းနှင့်လည်း တွေ့ဆုံနိုင်ရန် ဖြစ်သည်။

ပညတ်ချက်များနှင့် အကျိုးကျေးဇူးများ

တမန်တော်ယူစွဖ် ﷺ ၏ ဤဖြစ်ရပ်မှ ပြုပိုင်သည့် အချက်အလက်များကို သိရှိရလေသည်မှာ နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်မှုအခြေအနေ ယိုယွင်းပျက်စီးသွားကာ (အကယ်၍ အရေးတယူ အုပ်ချုပ်မှုများ မပြုပါက လူအမြောက်အမြားသည် မိမိတို့၏ ဘဝသက်တမ်း လိုအပ်ချက်များကိုလည်း လက်မဲ့ဖြစ်သွားမည်ဆိုလျှင် အစိုးရအနေနှင့် ဤသို့သော အရာများကို မိမိ၏ စီမံမှုနှင့် အုပ်ချုပ်မှုအောက်တွင် ထိန်းချုပ်နိုင်သည်။ ၎င်းနောက် ရိက္ခာ၏ သင့်တော်သော ဈေးနှုန်းကို သတ်မှတ်နိုင်သည်။ အွမ္မသ်၏ ဖေကာဟ် ဓမ္မသတ်ပညာရှင်များက ဤအကြောင်းကို အကျယ်တဝင့် ဖွင့်ဆိုထားကြသည်။

တမန်တော်ယူစွဖ် ﷺ သည် မိမိ၏ အခြေအနေလုပ်ရပ်ကို ဖခင်ကြီးအား အကြောင်းမကြားခဲ့ခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရဖြစ်ခြင်း

တမန်တော်ယူစွဖ် ﷺ ၏ ထိုအကြောင်းအရာတွင် အလွန်ပင် အံ့သြစရာကောင်းသော အချက်တစ်ချက်မှာ တစ်ဖက်တွင် ၎င်း၏ဖခင်ကြီး တမန်တော်ယအ်ကူးဗ် ﷺ သည် သားတော်ကို ခွဲခွာခဲ့ရခြင်းကြောင့် လွန်စွာ ဝမ်းနည်းပူဆွေးကာ ငိုရင်းငိုရင်းဖြင့် စက္ခုနှစ်ကွင်းပင် အလင်းကွယ်ခဲ့လေသည်။ အခြားတစ်ဖက်တွင် တမန်တော်ယူစွဖ် ﷺ ကိုယ်တိုင်လည်း နဗီရစူလ်တစ်ပါးဖြစ်သည့်အလျောက် ဖခင်ကြီးကို သဘာဝတရားအရ ချစ်ခင်မှု ရှိခဲ့သည့်အပြင် ဖခင်၏ တာဝန်ဝတ္တရားများကိုလည်း ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်သူတစ်ဦးဖြစ်သည်။ သို့သော် နှစ်ပေါင်း (၄၀) ခန့်မျှ ရှည်လျားသော ကာလတွင် တစ်ကြိမ်တစ်ခါမျှပင် မိမိဖခင်ကြီးသည် မိမိနှင့် ခွဲခွာခဲ့ရခြင်းကြောင့် ပူဆွေးသောကရောက်နေမည်ကို သဘောမပေါက်ခဲ့လေသလော။ တစ်နည်းမဟုတ် တစ်နည်းဖြင့် မိမိ ကျန်းမာစွာ ရှိနေသည်ကို ဖခင်ကြီးထံ သတင်းပေးနိုင်သည်။ အီဂျစ်နိုင်ငံသို့ ကျွန်တစ်ယောက်အဖြစ်နှင့် ရောက်ရှိခဲ့စဉ်ကလည်း သတင်းပို့ရန် အခက်အခဲ မရှိပေ။ တစ်ဖန် အီဂျစ်နိုင်ငံဘုရင်ခံကြီး၏ အိမ်တွင်လည်း လွတ်လပ်မှုများနှင့် အဆောင်ယောင်များ ရှိခဲ့သည်။ ထိုစဉ်အခါက အကြောင်းခံတစ်ခုခုဖြင့် မိမိအိမ်သို့ စာလွှာသော်လည်းကောင်း၊ သတင်းသော်လည်းကောင်း ပေးပို့ခြင်းမှာ မည်သို့မျှ ခက်ခဲသော အလုပ်မဟုတ်ခဲ့ပေ။ ထိုနည်းတူစွာ အကျဉ်းထောင်တွင် ရှိနေစဉ်ကလည်း အများသိရှိသည့်အတိုင်း ဟိုဟိုဒီဒီမှ သတင်းများသည် အကျဉ်းထောင်သို့ ရောက်ရှိစမြဲဖြစ်သည်။ အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဂုဏ်သရေရှိစွာဖြင့် အကျဉ်းထောင်မှ လွတ်မြောက်စေခဲ့စဉ်က ၎င်းနောက် အီဂျစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လက်ဝယ် ရရှိစဉ်က ဦးစွာပထမ လုပ်သင့်သောလုပ်ရပ်မှာ မိမိကိုယ်တိုင် ဖခင်ကြီးထံသို့ သွားရောက် တွေ့ဆုံရမည်ဖြစ်သည်။ ၎င်းနောက် ဤသို့ သွားရောက်ခြင်းသည် မသင့်လျော်ဟု ယူဆခဲ့လျှင် အနည်းဆုံး သံတမန်တစ်ပါး စေလွှတ်၍ ဖခင်ကြီးကို နှစ်သိမ့်ခြင်းသည် မည်သည့်နည်းနှင့်မဆို လုပ်နိုင်စွမ်းရှိသော အရာဖြစ်သည်။

သို့သော် အလ္လာဟ်အသျှင်မြတ်၏ တမန်တော်ယူစွဖ် عليه السلام သည် ဤသို့ ဆန္ဒရှိခဲ့သည်ကိုပင် မည်သည့် ဆင့်ပြန်ချက်တွင်မျှ မတွေ့ရှိရပေ။ ၎င်းနောက် ယင်းသို့ ဆန္ဒရှိခဲ့သည်ကို မဆိုထားနှင့်။ နောင်တော်များ ရိက္ခာယူရန် လာရောက်ခဲ့သည့်အချိန်တွင်လည်း ဖြစ်ရပ်မှန်ကို တင်ပြခြင်းမရှိဘဲ ပြန်လည်စေလွှတ်ခဲ့သည်။

တင်ပြပါအခြေအနေရပ်ရပ်သည် မည်သည့်အဆင့်အတန်းနိမ့်သော လူသားတစ်ဦးမျှပင် စဉ်းစား လိမ့်မည်မဟုတ်ပေ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်တစ်ဦးဖြစ်သော တမန်တော်တစ်ပါး သည် ထိုကိစ္စရပ်များကို အဘယ်ကြောင့် ပြုလုပ်ခဲ့ရပါသနည်း။

ဤမျှ အံ့သြဖွယ်ရာကောင်းလှသော တမန်တော်ယူစွဖ် عليه السلام ၏ သတင်းမပေးဘဲ ဆိတ်ငြိမ်နေခဲ့ မှု၏ အဖြေသည် နှလုံးသားထဲတွင် အမြဲတစေ ဤသို့ပင် ထွက်ပေါ်လာသည်။ အကြောင်းမှာ အလ္လာဟ် အသျှင်မြတ်ကပင် မိမိ၏ ပြီးပြည့်စုံသော ဉာဏ်အမြော်အမြင်တော်ဖြင့် တမန်တော်ယူစွဖ် عليه السلام အား အဖြစ်မှန်ကို ဖွင့်ဟဖော်ထုတ်ရန် တားမြစ်ထားခြင်း ဖြစ်နိုင်သည်။ တစ်ဖန် သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် ထိုအကြောင်းအရာနှင့် ပတ်သက်သည့် ရှင်းလင်းချက်ကို တွေ့ရှိလိုက်ရသည်။ ယင်းမှာ အလ္လာဟ်အသျှင် မြတ်သည် တမန်တော်ယူစွဖ် عليه السلام ကို ဝဟီတော်နှင့် မိမိ၏ အိမ်သူအိမ်သားများနှင့် မိမိနှင့် ပတ်သက်သူ များကို အကြောင်းမကြားရန် တားမြစ်တော်မူခဲ့သည်။

အလ္လာဟ်အသျှင်မြတ်၏ 'ဟစ်ကမ်သ်'တော်များကိုအသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူပေ သည်။ လူသားသည် ယင်းကို မည်သို့ လက်လှမ်းမီနိုင်မည်နည်း။ တစ်ခါတစ်ရံ အချို့ကိစ္စရပ်များကိုသာ အချို့သော ဗန္ဒာဟ်များက နားလည်သဘောပေါက်ကြသည်။ ဤနေရာတွင်လည်း အပေါ်ယံအားဖြင့် ဖြစ်နိုင် ဖွယ်ရာ အကြောင်းအရင်းမှာ တမန်တော်ယအ်ကူးဗ် عليه السلام သည် သားတော်ယူစွဖ် عليه السلام ကို ဝံပုလွေက သတ်ဖြတ်စားသောက်ခဲ့သည်မှာ မဖြစ်နိုင်ကြောင်း ယူဆခဲ့ခြင်းဖြစ်သည်။ နောင်တော်များ၏ လက်ချက်သာ ဖြစ်နိုင်သည်ဟု ယူဆခဲ့သည်။ ဤသို့ ယူဆပြီး အမှန်စင်စစ် လုပ်ဆောင်ရမည့် အချက်မှာ အခင်းဖြစ်ရာ နေရာသို့ ကိုယ်တိုင် သွားရောက်ရမည်။ လေ့လာဆန်းစစ်ရမည်ဖြစ်သည်။ သို့သော် အသျှင်မြတ်သည် တမန်တော်ယအ်ကူးဗ် عليه السلام အား ထိုသို့ တွေးခေါ်ခွင့် မပေးခဲ့ပေ။ တစ်ဖန် ကာလရှည်ကြာပြီးသည့်နောက် တမန်တော်ယအ်ကူးဗ် عليه السلام သည် ယူစွဖ် عليه السلام ၏ နောင်တော်များကို ပြောကြားခဲ့သည်မှာ ညီတော်ယူစွဖ် عليه السلام နှင့် ၎င်း၏ညီတော်တို့ကို ရှာကြလော။ ဤသို့ပင် အလ္လာဟ်အသျှင်မြတ်သည် အလုပ်တစ်ခုကို ပြုလုပ် ရန် ဆန္ဒရှိခဲ့လျှင် ထိုအလုပ်၏ အကြောင်းခံများအားလုံးကို ယင်းသို့ပင် စုပေါင်းဖြစ်ပေါ်စေလေ့ရှိသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَلَمَّا رَجَعُوٓا إِلَىٰٓ أَبِيهِمْ قَالُوا۟ يَٰٓأَبَانَا مُنِعَ مِنَّا
ٱلْكَيْلُ فَأَرْسِلْ مَعَنَآ أَخَانَا نَكْتَلْ وَإِنَّا لَهُۥ لَحَٰفِظُونَ ﴿٦٣﴾

၁၂ : ၆၃ ။ ။ ထို့နောက် ၎င်းတို့သည် မိမိတို့၏ ခမည်းတော်ထံသို့ ပြန်လည် ရောက်ရှိခဲ့ကြသောအခါ (ဤသို့ လျှောက်ထားခဲ့ကြလေသည်။ 'အို၊ ကျွန်တော်မျိုးတို့၏ ဖခမည်းတော်၊ ရိက္ခာသည် ကျွန်တော်မျိုးတို့ (ရောင်းချခြင်းမှ ပိတ်ထား

ပြီးဖြစ်လေသည်။ သို့ဖြစ်ပါ၍ ခမည်းတော်သည် ကျွန်တော်မျိုးတို့နှင့်အတူ ကျွန်တော်မျိုးတို့၏ ညီတော် ဗင်န်ယာမိန်အား လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့သည် (ရိက္ခာကို နောက်တစ်ဖန်) ခြင်တွယ်၍ ယူခဲ့ကြပါမည်။ ၎င်းအပြင် ကျွန်တော်မျိုး တို့သည် ထိုညီတော်အား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်မည့်သူများလည်း ဖြစ်ကြပါမည်။

قَالَ هَلْ اٰمَنُكُمْ عَلَيْهِ اِلَّا كَمَآ اَمِنْتُكُمْ عَلٰٓى اَخِيْهِ مِنْ قَبْلُ ۭ
فَاللّٰهُ خَيْرٌ حٰفِظًا ۠ وَّهُوَ اَرْحَمُ الرّٰحِمِيْنَ ﴿٦٤﴾

၁၂ : ၆၄ ။ ။ (ထိုအခါ) ၎င်း (ခမည်းတော်) က (ဤသို့) ပြောဆို ပြန်ကြားခဲ့လေသည်။ 'ငါသည် အသင်တို့အပေါ်ဝယ် ယင်းညီတော်နှင့် ပက်သက်၍လည်း ယခင်က ၎င်း၏ နောင်တော် (ယူစွဖ်) ကို ယုံကြည်စိတ်ချဘိသကဲ့သို့ပင် ယုံကြည်စိတ်ချရ မည်သာဖြစ်သည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အကောင်းဆုံး စောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ် တော်မူ၏။ ၎င်းအပြင် ထိုအသျှင်မြတ်သည် ကရုဏာပြုသူတို့အနက် အကောင်းဆုံး ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَلَمَّا فَتَحُوْا
مَتَاعَهُمْ وَجَدُوْا بِضَاعَتَهُمْ رُدَّتْ اِلَيْهِمْ ۭ قَالُوْا يٰٓاَبَانَا مَا
نَبْغِيْ ۭ هٰذِهٖ بِضَاعَتُنَا رُدَّتْ اِلَيْنَا ۚ وَنَمِيْرُ اَهْلَنَا وَنَحْفَظُ اَخَانَا
وَنَزْدَادُ كَيْلَ بَعِيْرٍ ۭ ذٰلِكَ كَيْلٌ يَّسِيْرٌ ﴿٦٥﴾

၁၂ : ၆၅ ။ ။ ထို့နောက် ၎င်းတို့သည် မိမိတို့၏ ပစ္စည်းကို ဖွင့်ခဲ့ကြသောအခါ မိမိတို့ အရင်းအနှီးပြု (တန်ဖိုးအဖြစ် ပေးခဲ့) သော ပစ္စည်းကို မိမိတို့အား ပြန်လည် ထည့်ပေးလိုက်သည်ကို တွေ့ရှိခဲ့ကြလေသည်။ (ထိုအခါ) ၎င်းတို့က 'အို၊ ကျွန်တော်မျိုးတို့၏ ဖခမည်းတော်၊ ကျွန်တော်မျိုးတို့သည် မည်သည့်အရာကို အလိုရှိကြပါသေးသနည်း။ ဤသည် ကျွန်တော်မျိုး တို့ အရင်းအနှီးပြု (တန်ဖိုးအဖြစ် ပေးခဲ့) သော ပစ္စည်းပင် ဖြစ်ပါသည်။ ထိုအရင်းအနှီးပြုခဲ့သော ၎င်းပစ္စည်းသည်လည်း ကျွန်တော်မျိုးတို့အား ပြန်၍ ထည့်ပေးထားပြီး ဖြစ်ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် မိမိတို့၏ အိမ်သူအိမ်သားတို့အဖို့ (ထပ်မံ၍) စားနပ်ရိက္ခာများကို ယူဆောင်လာကြပါဦးမည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် မိမိတို့၏ ညီတော်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါမည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ) ကိုလည်း ပိုမို၍ ယူဆောင်လာကြပါဦးမည်။ (ယခု ကျွန်တော်မျိုးတို့ ယူဆောင်လာခဲ့ကြသော) ဤ (ရိက္ခာ) သည် အလွန်နည်းပါးလှပါသည်။ (တစ်နည်း) ဤမျှ (စားနပ်ရိက္ခာ) သည် လွယ်ကူစွာ ရရှိမည့်ရိက္ခာဖြစ်သည်' ဟုလျှောက်ထားကြပြန်၏။

قَالَ لَنْ أُرْسِلَهُ مَعَكُمْ حَتَّىٰ تُؤْتُونِ مَوْثِقًا مِّنَ اللَّهِ لَتَأْتُنَّنِي بِهِ إِلَّا أَن يُحَاطَ بِكُمْ ۖ فَلَمَّا آتَوْهُ مَوْثِقَهُمْ قَالَ اللَّهُ عَلَىٰ مَا نَقُولُ وَكِيلٌ ﴿٦٦﴾

၁၂ : ၆၆ ။ ။ (ထိုအခါ) ၎င်း (ခမည်းတော်) က 'အသင်တို့သည် ငါ့အား အလ္လာဟ်အသျှင်မြတ်ကို တိုင်တည်၍ အသင်တို့ကိုယ်တိုင် (ဘေးရန်များ) ဝန်းဝိုင်းခြင်းကို ခံကြရသည်မှအပ ထိုညီတော်အား ငါ့ထံသို့ (ပြန်လည်၍ ခေါ်) ယူခဲ့ကြပါမည်ဟု တစ်စုံတစ်ရာ ခိုင်မာသော အာမခံချက် မပေးသမျှ ကာလပတ်လုံး ငါသည် အသင်တို့နှင့်အတူ ယင်းညီတော်အား အလျှင်း စေလွှတ်မည်မဟုတ်' ဟု ပြောဆို ဖြေကြားခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် မိမိတို့၏ အာမခံချက်ကို ဖခမည်းတော်အား ပေးခဲ့ကြသောအခါ ထိုဖခမည်းတော်က 'အလ္လာဟ်အသျှင်မြတ်သည် ငါတို့ ပြောဆိုကြကုန်သော အကြောင်းအရာနှင့်စပ်လျဉ်း၍ လွှဲအပ်ခြင်းခံရတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်' ဟု ပြောဆိုခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အချုပ်ဆိုရသော် မိမိတို့၏ ဖခင်ကြီး (ယအ်ကူးဗ် عليه السلام) ၏ ထံပါးသို့ ပြန်လည်ရောက်ရှိလာကြသောအခါ ပြောကြားကြသည်မှာ အို, ဖခင်ကြီး၊ (ကျွန်ုပ်တို့အား လွန်စွာ ပျူငှာစွာဖြင့် ဧည့်ခံခဲ့ကြသည်။ ၎င်းနောက် ရိက္ခာလည်း ရရှိခဲ့သည်။ သို့သော် ဗင်န်ယာမီးန်၏ ဝေစုကား မရရှိပေ။ သို့သာမက ဗင်န်ယာမီးန်အား အတူ မခေါ်ဆောင်လာပါက နောက်နောင်တွင်လည်း) ကျွန်ုပ်တို့အတွက် (လုံး၀) ရိက္ခာရပိုင်ခွင့် အခွင့်အရေးများ ပိတ်ပင်ခြင်း ခံရလိမ့်မည်။ သို့ရှိရာ (ဤအခြေအနေတွင် အရေးကြီး လိုအပ်သည်မှာ) ဖခင်ကြီး အနေနှင့် ကျွန်ုပ်တို့၏ ညီတော် (ဗင်န်ယာမီးန်) အား ကျွန်ုပ်တို့နှင့် စေလွှတ်တော်မူပါ။ သို့မှသာ (နောက်တစ်ကြိမ် ရိက္ခာရယူရန် တားမြစ်ထားသော အမိန့်သည်လည်း ပျက်ပြယ်သွားပေမည်။ ၎င်းနောက်) ကျွန်ုပ်တို့သည် (တစ်ဖန်) ရိက္ခာများ ယူဆောင်လာနိုင်မည်။ ၎င်းနောက် (အကယ်၍ ထိုညီငယ်အား စေလွှတ်ရာတွင် ဖခင်ကြီးအား စိုးရိမ်မှုတစ်စုံတစ်ရာ အဟန့်အတား ဖြစ်နေပါသော် ယင်းနှင့် ပတ်သက်ပြီး ဤသို့ လျှောက်တင်ပါ၏။ အကြောင်းမှာ) ကျွန်ုပ်တို့သည် ၎င်းညီငယ်ကို ပြည့်ဝစွာ ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ယအ်ကူးဗ် عليه السلام က အမိန့်ရှိသည်မှာ ကောင်းပြီ (ရှိပါ၏လော) ကျွန်ုပ်သည် ၎င်းနှင့်ပတ်သက်ပြီးလည်း အသင်တို့ကို ထိုသို့ပင် ယုံကြည်စိတ်ချလိုက်မည်။ အဘယ်သို့ ယခင်ကလည်း ၎င်း၏နောင်တော် (ယူစွဖ် عليه السلام) နှင့် ပတ်သက်ပြီး အသင်တို့ကို ယုံကြည်ခဲ့သည်။ (ဆိုလိုသည်မှာ ကျွန်ုပ်သည် စိတ်ပါ၍မဟုတ်။ အသင်တို့၏ ပြောဆိုချက်ကြောင့်သာဖြစ်သည်။ အကြောင်းမှာ နောက်နောင် ဗင်န်ယာမီးန် မပါဘဲ ရိက္ခာမရနိုင်ဟု ဆိုခြင်းကြောင့်သာ ဖြစ်သည်။ ၎င်းနောက် အများအားဖြင့် ဘ၀ရှင်သန်ရပ်တည်ရန် ရိက္ခာသည် မရှိမဖြစ် လိုအပ်သည်။ ထို့နောက် မိမိ၏ အသက်ကို ကာကွယ်ရန်လည်း တာဝန်ရှိနေခြင်းကြောင့် ဖြစ်သည်)

သို့ပါ၍ (မည်သို့ပင်မဆို ၎င်းကို ခေါ်ဆောင်သွားမည်ဆိုလျှင်) အလ္လာဟ်အသျှင်မြတ် (ကိုသာ လွဲအပ်ရတော့မည်။ ထိုအသျှင်မြတ်သာလျှင်) အားလုံးထက် ပို၍ စောင့်ရှောက်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ကျွန်ုပ်၏ စောင့်ရှောက်မှုဖြင့် မည်သို့ ဖြစ်နိုင်မည်နည်း။) ၎င်းနောက် ထိုအသျှင်မြတ်သည် ကျေးဇူးရှင်များထက် ပို၍ ကျေးဇူးကြီးမားသော အသျှင် ဖြစ်သည်။ (ကျွန်ုပ်၏ ချစ်ခင်မြတ်နိုးမှုကြောင့် မည်သို့ ဖြစ်လာနိုင်မည်နည်း။) ၎င်းနောက် (ဤသို့ ပြောဆိုပြီးနောက်) ၎င်းတို့သည် မိမိတို့၏ ပစ္စည်းများ ကို ဖွင့်ကြသောအခါ (ထိုထဲတွင်) ၎င်းတို့၏ ထိုအရင်းနှီးကို (လည်း) တွေ့ရှိလိုက်ကြသည်။ အကြင် (အရင်းအနှီး) များကို ပြန်လည်ပေးအပ်ခံခဲ့ရသည်။ ၎င်းတို့က ပြောဆိုကြသည်မှာ အို့ ဖခင်ကြီး၊ (ယူ လိုက်လော့) ၎င်းနောက် ကျွန်ုပ်တို့ထံ ပြန်လည်ပေးအပ်ခံရသည်။ (မည်မျှ မြင့်မြတ်သော ဘုရင်ကြီး ဖြစ်လေသနည်း။ ၎င်းနောက် ထိုထက်ပို၍ မည်သည့်ချီးမြှင့်မှုများ ရှိနိုင်ဦးမည်နည်း။ ဤချီးမြှင့်မှုသာ လုံလောက်နေပေပြီ။ ထို့ကြောင့် ကျွန်ုပ်တို့ ပြုလုပ်သင့်သည့် အချက်မှာ ဤသို့ မြင့်မြတ်သော ဘုရင်ကြီး ထံသို့ တစ်ဖန် ပြန်သွားကြရမည်။ ညီတော်ကိုလည်း မဖြစ်မနေ ခေါ်ဆောင်သွားရမည် ဖြစ်သည်။ ထို့ကြောင့် ၎င်းကို ခေါ်ဆောင်သွားရန် ခွင့်ပြုလိုက်ပါလေ။)

၎င်းနောက် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားများအတွက် (ထပ်မံ) ဝေစုများကို ယူဆောင်လာခဲ့မည်။ ၎င်းနောက် မိမိတို့၏ ညီတော်ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ကြမည်။ နောက်ထပ် ကုလားအုတ် တစ်နိုင်စာ ရိက္ခာများကိုလည်း ယူဆောင်လာကြမည်။ (အဘယ်ကြောင့်ဆိုသော် ယခု ယူဆောင်လာသမျှ သော) ရိက္ခာသည် နည်းပါးလွန်းသည်။ (အလျင်အမြန် ကုန်ဆုံးသွားမည်ဖြစ်သည်။ တစ်ဖန် လိုအပ်လာပေ ဦးမည်။ နောက်ထပ်ရိက္ခာများ ရရန်မှာ ညီတော်ကို ခေါ်ဆောင်သွားသည့်အပေါ် မူတည်နေသည်။) ယအ်ကူးဗ် عليه السلام က ပြောကြားသည်မှာ (ကောင်းလေပြီ။ ဤအခြေအနေသို့ပင် ရောက်ရှိလာမှ ငြင်းပယ်ရာ မရှိတော့ ပေ။ သို့သော်) အသင်တို့သည် ထိန်းသိမ်းစောင့်ရှောက်ရန် ကျိန်တွယ်မှု မပြုမချင်း (ကျွန်ုပ် ခွင့်ပြုနိုင် မည်မဟုတ်။ ဤသို့ဖြင့် အားလုံးသည် ကျိန်တွယ် ပြောဆိုလိုက်ကြသည်။) သို့ဖြင့် ၎င်းတို့သည် ကျိန်တွယ် ကာ မိမိတို့၏ ဖခင်ကြီးကို ကတိပြုပြီး ပြောဆိုကြသည်မှာ ကျွန်ုပ်တို့ ပြောဆိုခဲ့သမျှသော စကားရပ် များအားလုံးကို အလ္လာဟ်အသျှင်မြတ်ထံ တိုင်တည်ပါ၏။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်သာလျှင် ကျွန်ုပ် တို့၏ ကတိကဝတ်ကို သက်သေထူမည်ဖြစ်သည်။ ထိုအသျှင်မြတ် ကြားနေတော်မူသည်။ ၎င်းနောက် ထို အသျှင်မြတ်သာလျှင် ဤပြောဆိုမှုများကို အထမြောက်စေမည်ဖြစ်သည်။ ဤပြောဆိုမှုများ၏ အကြောင်း အရင်း နှစ်ချက်ရှိသည်။ တစ်ချက်မှာ ၎င်းတို့အား မိမိတို့၏ ပြောဆိုမှုများနှင့် ပတ်သက်ပြီး သတိရှိနေစေရန် တိုက်တွန်းနှိုးဆော်ခြင်း ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ကို နေရာတိုင်း၊ အချိန်တိုင်း တည်ရှိ နေသည်ဟု ခံယူမှသာ ဤစကားမျိုးကို ပြောဆိုမည်ဖြစ်သည်။ ၎င်းနောက် ဒုတိယတစ်ချက်မှာ ဤပြောဆို မှုများ၏ ရလဒ်သည် ကံတရားအပေါ် မူတည်သတ်မှတ်ခြင်း ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်ကိုးစားမှု ရှိသည်။ ၎င်းနောက် ဗင်နယာမီးန်ကို အတူလိုက်ပါခွင့် ပြုလိုက်သည်။ အချုပ်ဆိုရသော် နောက်တစ်ကြိမ် အီဂျစ်နိုင်ငံသို့ ဗင်နယာမီးန်နှင့်အတူ ခရီးထွက်ရန် ပြင်ဆင်ကြလေတော့သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်များတွင် အဖြစ်အပျက်၏ ကျန်ရှိသော အကြောင်းအရာများကို ဤသို့ တင်ပြထားပေသည်။ တမန်တော်ယူစွဖ် ﷺ ၏ နောင်တော်များသည် ရိက္ခာများကို ယူဆောင်၍ အီဂျစ်နိုင်ငံမှ မိမိတို့အိမ်သို့ ပြန်လာသောအခါ အီဂျစ်နိုင်ငံ၏ အကြောင်းအရာများကို ဖခင်ကြီးအား တင်ပြကာ ပြောဆိုကြသည်မှာ အီဂျစ်နိုင်ငံ၏ ဘုရင်ကြီးသည် နောက်နောင်ကို ရိက္ခာများကို ရောင်းချရန် ကျွန်ုပ်တို့အား စည်းကမ်းချက်တစ်ခု သက်မှတ်လိုက်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ညီငယ်ကို အတူခေါ်ဆောင်လာမှ ရိက္ခာရောင်းချပေမည်။ အကယ်၍ မခေါ်လာပါက ရိက္ခာရောင်းချမည်မဟုတ်ဟု ဆိုသည်။ ထို့ကြောင့် ဖခင်ကြီးအနေနှင့် နောင်တွင် ဗင်န်ယာမီးန်ကိုလည်း ကျွန်ုပ်တို့နှင့်အတူ စေလွှတ်လိုက်ပါ။ သို့မှသာ နောင်တစ်ကြိမ် ကျွန်ုပ်တို့အတွက် ရိက္ခာရရှိနိုင်မည် ဖြစ်သည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ထိုညီငယ်ကို အပြည့်အဝ စောင့်ရှောက်ကြမည်။ ၎င်းကို မည်သို့သော ဘေးဒုက္ခမျှ မရောက်ရှိစေရ။

ဖခင်ကြီးက ပြောကြားသည်မှာ '၎င်းနှင့် ပတ်သက်ပြီး အသင်တို့အပေါ် ယုံကြည်စိတ်ချလိုက်ရမည်လော။ ယခင်ကလည်း ၎င်း၏ နောင်တော်ယူစွဖ် ﷺ နှင့်ပတ်သက်ပြီး အသင်တို့ကို ယုံကြည်ကိုးစားခဲ့သည်။' ဆိုလိုရင်းမှာ 'ယခု အသင်တို့၏ စကားကို မည်သို့ ယုံကြည်ကိုးစားရမည်နည်း'ဟူ၍ ဖြစ်သည်။ 'အသင်တို့ကို တစ်ကြိမ်တစ်ခါ ယုံကြည်မိ၍ ဒုက္ခတွေ့ခဲ့ပြီးလေပြီ။ အသင်တို့သည် ထိုအချိန်ကလည်း ဤသို့ ထိန်းသိမ်းစောင့်ရှောက်ပါမည်'ဟူသော စကားကို ပြောဆိုခဲ့လေသည်။

အထက်ပါစကားရပ်သည် ၎င်းတို့၏ အဖြေပေးခြင်းဖြစ်သည်။ သို့သော် ဆွေမျိုးသားချင်းများ၏ လိုအပ်ချက်ကို ထောက်ထား၍ ၎င်းနောက် တမန်တော်တစ်ပါးအတွက် ရှိအပ်သော ယုံကြည်အားထားမှုနှင့် ယင်း၏ ဖစ်မြစ်ကိုသာ အဓိက ဦးစားပေးခြင်းဖြစ်သည်။ အကြောင်းမှာ ကောင်းကျိုးဆိုးကျိုးဟူသမျှသည် မည်သည့်ဗန္ဒာဟ် တစ်ဦးတစ်ယောက်၏ လက်တွင်းမှ မရှိ။ အလ္လာဟ်အသျှင်မြတ်၏ အလိုတော်နှင့် ဆန္ဒတော်အတိုင်းသာ ဖြစ်မည်။ ၎င်းနောက် ထိုအသျှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် ယင်းကို မည်သူမျှ ဖယ်ရှား၍ မရပေ။ ထို့ကြောင့် အဖန်ဆင်းခံများကို အားကိုးခြင်းသည် မှားယွင်းသော လုပ်ရပ်ဖြစ်သည်။ ၎င်းနောက် ထိုသူတို့၏ တိုင်တန်းချက်အပေါ် အကြောင်းကိစ္စများကို ဆုံးဖြတ်ခြင်းသည်လည်း သင့်လျော်ခြင်းမရှိဟူ၍ ဖြစ်သည်။

ထို့ကြောင့် ပြောကြားခဲ့သည်မှာ-

فَاللّٰهُ خَيْرٌ حَافِظًا

ဆိုလိုသည်မှာ အသင်တို့၏ ထိန်းသိမ်းစောင့်ရှောက်မှု ရလဒ်ကို ပထမအကြိမ်ကတည်းက တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ယခု ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုကိုသာလျှင် ယုံကြည်အားကိုးတော့မည်။

وَهُوَ اَرْحَمُ الرّٰحِمِيْنَ

ငင်းနောက် ထိုအသျှင်မြတ်သည် အားလုံးထက် သာပိုသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်ထံမှသာလျှင် မျှော်ကိုးပါသည်။ ထိုအသျှင်မြတ်သည် ကျွန်ုပ်၏ အိုမင်းမစွမ်းမှုနှင့် ခံစားနေရသော သောကများကို ထောက်ရှုပြီး ကျွန်ုပ်အပေါ် ထပ်မံ၍ ရင့်နင့်ဖွယ်ရာများနှင့် ကြုံတွေ့စေမည် မဟုတ်ပေ။

အချုပ်ဆိုရသော် တမန်တော်ယအ်ကူးဗ် عليه السلام သည် အပေါ်ယံအခြေအနေများနှင့် မိမိ၏ သားတော်များ၏ ကတိပေး ပြောဆိုမှုများအပေါ် ယုံကြည်ကိုးစားမှု မပြုခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ယုံကြည်ကိုးစားကာ သားငယ်ကိုလည်း ၎င်းတို့နှင့်အတူ စေလွှတ်ရန် ခွင့်ပြုလိုက်လေသည်။

وَلَمَّا فَتَحُوْا مَتَاعَهُمْ وَجَدُوْا بِضَاعَتَهُمْ رُدَّتْ اِلَيْهِمْ قَالُوْا يٰۤاَبَانَا مَا نَبْغِىْ هٰذِهٖ بِضَاعَتُنَا رُدَّتْ اِلَيْنَا وَنَمِيْرُ اَهْلَنَا وَنَحْفَظُ اَخَانَا وَنَزْدَادُ كَيْلَ بَعِيْرٍ ذٰلِكَ كَيْلٌ يَّسِيْرٌ

ဆိုလိုသည်မှာ ယူစွဖ် عليه السلام ၏ နောင်တော်များ၏ ယခုအထိ ပြောဆိုခဲ့သမျှသော စကားများသည် ခရီးစဉ်တွင် ကြုံတွေ့ခဲ့သော အဖြစ်အပျက်များနှင့် ပတ်သက်သော စကားများဖြစ်သည်။ မိမိတို့၏ ပစ္စည်းများကိုသာ ယခုအထိ ဖွင့်မကြည့်ရသေးပေ။ ပစ္စည်းများကို ဖွင့်ကြည့်လိုက်သောအခါ တွေ့ရှိလိုက်ရသည်မှာ ၎င်းတို့၏ ရိက္ခာနှင့် လဲလှယ်ဝယ်ယူခဲ့သော ပစ္စည်းများသည်လည်း ၎င်းတို့၏ အထုပ်အပိုးထဲတွင် ရောက်ရှိနေသည်။ ထိုအချိန် ၎င်းတို့ ရိပ်စားမိလိုက်သည်မှာ ဤဖြစ်ရပ်သည် မေ့လျော့၍ ပြုမိခြင်းမဟုတ်။ တမင်ရည်ရွယ်၍ ကျွန်ုပ်တို့၏ အရင်းအနှီးများကို ကျွန်ုပ်တို့အား ပြန်လည်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် رُدَّتْ اِلَيْنَا ဟူ၍ ဆိုထားလေသည်။ အလိုသဘောမှာ ဤအရင်းအနှီးကို ကျွန်ုပ်တို့အား ပြန်လည်ပေးအပ်ခံရသည်။ ၎င်းနောက်တစ်ဖန် ဖခင်ကြီးကို လျှောက်ထားကြသည်မှာ مَا نَبْغِىْ ဆိုလိုသည်မှာ 'ကျွန်ုပ်တို့ မည်သည့်အရာ လိုအပ်ဦးမည်နည်း။ ရိက္ခာကိုလည်း ရရှိခဲ့ပြီ။ ယင်း၏ အဖိုးအခကိုလည်း ပြန်လည်ပေးအပ်ခံရသည်။ ထို့ကြောင့် ယခု ကျွန်ုပ်တို့သည် မိမိ၏ ညီငယ်ကို ခေါ်၍ စိတ်အေးချမ်းစွာဖြင့် နောက်တစ်ကြိမ် ပြန်သွားသင့်သည်။' အဘယ်ကြောင့်ဆိုသော် ဤဖြစ်ရပ်ကြောင့် သိရှိရသည်မှာ အီဂျစ်နိုင်ငံ ဘုရင်မင်းမြတ်ကြီးသည် ကျွန်ုပ်တို့အပေါ် အလွန်ပင် ကြင်နာမှုရှိလေသည်။ ထို့ကြောင့် မည်သည့်စိုးရိမ်ကြောင့်ကြမှုမျှ မရှိနိုင်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဆွေမျိုးသားချင်းများအတွက် ရိက္ခာများကို ယူဆောင်လာကြမည်။ ထို့နောက် ညီငယ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကာ ညီငယ်၏ ဝေစုကိုလည်း ရရှိကြမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယခု ကျွန်ုပ်တို့ ယူဆောင်လာသော ရိက္ခာသည် ကျွန်ုပ်တို့၏ သုံးစွဲမှုအတိုင်းအတာနှင့် ယှဉ်လျှင် လွန်စွာ နည်းပါးနေသည်။ ရက်အနည်းငယ်တွင် ကုန်ဆုံးသွားနိုင်သည်။

တမန်တော်ယူစွဖ် ﷺ ၏ နောင်တော်များ ပြောဆိုခဲ့သော مَانَبْغِى ဟူသော စာသား၏ အဓိပ္ပာယ်တစ်မျိုးမှာ အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ 'ကျွန်ုပ်တို့အား ထို့ထက်ပို၍ မည်သည့်အရာ အလိုရှိဦးမည်နည်း။' ၎င်းနောက် ထိုဝါကျတွင် ما ဟူသော စကားလုံးကို အငြင်းဝါကျစကားလုံးဟု မှတ်ယူလျှင် အလိုသဘောမှာ ဤသို့ ဖြစ်ပေလိမ့်မည်။ အကြောင်းမှာ သားတော်များသည် တမန်တော် ယအ်ကူးဗ် ﷺ ကို လျှောက်ထားကြသည်မှာ ယခု ကျွန်ုပ်တို့တွင် ရိက္ခာဝယ်ယူရန် အဖိုးအခများ ရှိနေသေးသောကြောင့် ဖခင်ကြီးထံမှ တစ်ပြားတစ်ချပ်မျှပင် တောင်းခံမည်မဟုတ်။ ဖခင်ကြီးသည် ညီငယ်ကိုသာ ကျွန်ုပ်တို့နှင့်အတူ စေလွှတ်တော်မူပါဟူ၍ ဖြစ်သည်။

ဖခင်ကြီးက ဤစကားများကို ကြား၍ ဖြေကြားခဲ့သည်မှာ-

لَنْ اُرْسِلَهٗ مَعَكُمْ حَتّٰى تُؤْتُوْنِ مَوْثِقًا مِّنَ اللّٰهِ لَتَاْ تُنَّنِىْ بِهٖ

အလိုသဘောမှာ ကျွန်ုပ်သည် အသင်တို့ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ကိုင်တွယ်၍ ကတိမပြုမချင်း ဗင်နယာမီန်ကို အသင်တို့နှင့်အတူ စေလွှတ်လိမ့်မည်မဟုတ်။ အသင်တို့သည် မုချဧကန် ၎င်းကို မိမိတို့နှင့်အတူ ပြန်လည်ခေါ်ဆောင်လာမည်ဟု ကတိပြုရမည်။ အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ် ကျွန်ုပ်တို့ မျက်ကွယ်မပြုနိုင်သော အချက်တစ်ချက်မှာ မစွမ်းနိုင်သော လူသားသည် အပေါ်ယံ မည်သည့်အင်အား စွမ်းပကားများကို ပိုင်ဆိုင်ထားပါမူ အရာရာတိုင်းတွင် မတတ်သာသည့်အဆုံး အလ္လာဟ်အသျှင်မြတ်၏ ကွဒ်ရသ်တန်ခိုးတော် ရှေ့မှောက်တွင် ခေါင်းငုံ့ရပေသည်။ ထိုနောင်တော်တို့သည် တစ်ဦးတစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်ကာ ပြန်လည်ခေါ်ဆောင်လာရန် ကတိကဝတ်သာလျှင် ပြုနိုင်ကြသည်။ သို့သော် ထိုကစ္စကို ပြည့်ပြည့်ဝဝ စွမ်းဆောင်နိုင်ခြင်းတော့ မရှိပေ။ ထို့ကြောင့် ဤကတိကဝတ်နှင့်အတူ ကန့်သတ်ကိုလည်း တွဲ၍ တင်ပြထားသည်။

اِلَّآ اَنْ يُّحَاطَ بِكُمْ

ဆိုလိုသည်မှာ 'သို့သော် အသင်တို့ အတင်းအကြပ် ပြုခံရသည့် အခြေအနေမျိုးတွင်' ဟူ၍ ဖြစ်သည်။ သဖ်စီးရ်ပညာရှင်များ၏ အေမာမ်တစ်ဦးဖြစ်သူ မုဂျာဟိဒ် (ရဟ) သခင်က ယင်း၏ အလိုသဘောကို တင်ပြထားသည်မှာ 'အသင်တို့ သေကြေပျက်စီးကုန်ကြသော်' ဟူ၍ ဖြစ်သည်။ ၎င်းနောက် ကဒါသာ (ရဟ) သခင်က မိန့်ဆိုသည်မှာ ယင်း၏ အလိုသဘောသည် 'အသင်တို့ လုံးဝ မတတ်စွမ်းနိုင်ကာ လွှမ်းမိုးခံခဲ့ရသော်' ဟူ၍ ဖြစ်သည်။

فَلَمَّآ اٰتَوْهُ مَوْثِقَهُمْ قَالَ اللّٰهُ عَلٰى مَانَقُوْلُ وَكِيْلٌ

သားတော်များသည် ဖခင်ကြီး၏ တောင်းဆိုချက်အတိုင်း ကတိပေးလိုက်သောအခါ ဆိုလိုသည်မှာ အားလုံးသည် ကိုင်တွယ်၍ ပြောဆိုလိုက်ကြသည်။ ၎င်းနောက် တမန်တော်ယအ်ကူးဗ် ﷺ က ပြောကြားသည်မှာ ဗင်နယာမီန်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ကျွန်ုပ်တို့ ပြုလုပ်နေကြသော ကိုင်တွယ်စေမှု

နှင့် ကိုန်တွယ်များအားလုံးကို အလ္လာဟ်အသျှင်မြတ်အပေါ်သို့သာ ယုံကြည်ကိုးစားအပ်နှံပါ၏။ ထိုအသျှင်မြတ် စွမ်းအားပေးတော်မူမှသာလျှင် တစ်ဦးတစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်သည်။ မိမိတို့၏ ကတိကဝတ်ကိုလည်း ဖြည့်ဆည်းနိုင်မည် ဖြစ်သည်။ သို့မဟုတ်ပါက လူသားသည် မည်သို့မျှ တတ်စွမ်းနိုင်မည် မဟုတ်။ လူသား၏ ပင်ကိုယ်တတ်စွမ်းနိုင်မှုသည် အလျဉ်းမရှိပေ။

လမ်းညွှန်မှုများနှင့် ပညတ်ချက်များ

အထက်ပါအာယသ်တော်များတွင် လူသားတို့အတွက် မြောက်မြားစွာသော ညွှန်ကြားမှုများနှင့် ပညတ်ချက်များ ရှိ၍ ယင်းတို့ကို မှတ်သားထားသင့်ပေသည်။

သားသမီးများသည် အမှားအယွင်းတစ်စုံတစ်ရာ ကို ကျူးလွန်မိခဲ့လျှင် အဆက်အသွယ်ဖြတ်မည့်အစား ၎င်း တို့ကို ပြုပြင်ရန် သောကထားရမည့်အကြောင်း

ပထမညွှန်ကြားမှု ။ ။ တမန်တော်ယူစွဖ် (عليه السلام) ၏ နောင်တော်များသည် ပထမတစ်ကြိမ် မှားယွင်းခဲ့သော အမှားယွင်းများသည် ကြီးလေးသော အပြစ်ဂိုနာဟ်များတွင် ပါဝင်နေသည်။ ဥပမာ- ဦးစွာပထမ ယူစွဖ် (عليه السلام) ကို ၎င်းတို့နှင့်အတူ လည်ပတ်ရန် စေလွှတ်ဟု လိမ်လည်ပြောဆိုကာ ဖခင်ကြီးကို အတင်းအဓမ္မ တိုက်တွန်းခြင်း၊ ဒုတိယအနေဖြင့် ဖခင်ကြီးကို ကတိကဝတ်ပြုပြီး ထိုကတိကို ချိုးဖောက်ခြင်း၊ တတိယ အမှားမှာ အပြစ်မဲ့သော ညီငယ်ကို သနားကြင်နာကင်းမဲ့စွာနှင့် ကြမ်းတမ်းစွာ ပြုမူဆက်ဆံခြင်း၊ စတုတ္ထ အမှားမှာ အိုမင်းမစွမ်းသော ဖခင်ကြီးကို စိတ်သောကရောက်စေ၍ ဂရုမစိုက်ခြင်း၊ ပဉ္စမအမှားမှာ အပြစ်မဲ့သူတစ်ဦးကို သတ်ဖြတ်ရန် ကြံရွယ်ခြင်း၊ ဆဋ္ဌမအမှားမှာ လွတ်လပ်သောသူတစ်ဦးကို အဓမ္မ ညှဉ်းပန်းနှိပ်စက်ကာ ကျွန်အဖြစ် ရောင်းချခြင်း၊ ဤသည်တို့သည် အနှိုင်းမဲ့ ကြီးမားသော ပြစ်မှုများဖြစ်သည်။ တမန်တော်ယအ်ကူးဗ် (عليه السلام) သည် ၎င်းတို့ လိမ်လည်ခဲ့ကြသည်ကို သိရှိသွားသောအခါ ၎င်းနောက် တမင်ရည်ရွယ်၍ ယူစွဖ် (عليه السلام) ကို နစ်နာဆုံးရှုံးစေခဲ့သည်ကို သိရှိသွားသောအခါ အပေါ်ယံဒေါသအလျောက် သားတော်များကို အဆက်အသွယ်ဖြတ် နှင်ထုတ်ပစ်မည့်အစား တမန်တော်ယအ်ကူးဗ် (عليه السلام) သည် ထိုသို့ မပြုခဲ့ဘဲ ထိုသားတော်တို့ကို မိမိအပါးတွင်သာ နေထိုင်စေခဲ့သည်။ ၎င်းတို့ကိုပင် အီဂျစ်နိုင်ငံမှ ရိက္ခာများ ယူဆောင်လာရန် စေလွှတ်ခဲ့သည်။ သို့သာမက အငယ်ဆုံးသားတော်နှင့် ပတ်သက်ပြီး ဖခင်ကြီးကို လျှောက်ထားခွင့်ပြုခဲ့သကဲ့သို့ နောက်ဆုံးတွင် ၎င်းတို့၏ စကားကို နားထောင်ပြီး သားငယ်ကို ၎င်းတို့ထံ အပ်နှံခဲ့လေသည်။

ထိုအကြောင်းအရာများအရ သိရှိရသည်မှာ သားသမီးများသည် အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိခဲ့လျှင် ဖခင်အနေနှင့် ၎င်းတို့ကို ဆုံးမပဲ့ပြင်ရန် သောကထားရမည်ဖြစ်သည်။ ပြုပြင်မှုရရန် မျှော်လင့်ချက်ရှိနေသည့် ကာလပတ်လုံး အဆက်အသွယ် မဖြတ်ရ။ တမန်တော်ယအ်ကူးဗ် (عليه السلام) သည်လည်း ဤသို့ပင်

ပြုခဲ့လေသည်။ နောက်ဆုံးတွင် သားတော်များသည် မိမိတို့၏ အမှားကို အရှက်ရကာ အကုသိုလ်များနှင့် ပတ်သက်ပြီး 'သောင်ဗာဟ်'ပြု အမှားဝန်ခံကြလေသည်။ အကယ်၍ ပြုပြင်မှုရရန် မျှော်လင့်ချက်ကင်းမဲ့သွားပါက ၎င်းနောက် ထိုသူတို့နှင့် အဆက်အသွယ်ထားလျှင် အခြားသောသူများ၏ သာသနာရေးရာများတွင် အနှောင့်အယှက်ဖြစ်နိုင်သည်ဟု ယူဆရသော် အဆက်အသွယ်ဖြတ်ခြင်းသည် ပိုမို သင့်လျော်ပါသည်။

ဒုတိယညွှန်ကြားမှု ။ ။ ယင်းမှာ တမန်တော်ယအ်ကူးဗ် عليه السلام ကျင့်ကြံခဲ့သော ရည်မွန်စွာ **ဆက်ဆံမှု** နှင့် ကောင်းမွန်သော အကျင့်သီလတို့နှင့် ပတ်သက်သည့် အကြောင်းမှာ သားတော်တို့၏ ကြီးမားပြင်းထန်သော အပြစ်ဒုစရိုက်များကို သိပါလျက်နှင့် ၎င်းတို့ကို ပျူငှာစွာ ဆက်ဆံခဲ့လေသည်။ ထို့ကြောင့်ပင် သားတော်တို့သည် ညီငယ်ကို မိမိတို့နှင့်အတူ ခေါ်ဆောင်သွားရန် လျှောက်ထားဝံ့ခဲ့ကြသည်။

တတိယညွှန်ကြားမှု ။ ။ အထက်ပါအခြေအနေမျိုးတွင် သားသမီး၏ အမှားကို ပြုပြင်သော ဆန္ဒဖြင့် ၎င်းတို့၏ အပြစ်များနှင့်ပတ်သက်ပြီး သတိပေးခြင်းသည်လည်း လျော်ကန်သောလုပ်ရပ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့၏ လုပ်ရပ်ကြောင့် ဖြစ်သင့်သည်မှာ ကျွန်ုပ် အသင်တို့၏ စကားကို နားမထောင်သင့်တော့ပေ။ သို့သော် ကျွန်ုပ်သည် အသင်တို့ကို ခွင့်လွှတ်လိုက်ပြီ။ သို့မှသာ နောင်တွင် အရှက်ရပြီး ပြည့်ပြည့်ဝဝ 'သောင်ဗာဟ်'ပြု အမှားဝန်ခံကြမည် ဖြစ်သည်။ တမန်တော်ယအ်ကူးဗ် عليه السلام သည်လည်း ဤသို့ပင် ဦးစွာ သတိပေးခဲ့သည်မှာ ကျွန်ုပ် အသင်တို့ကို ယူစွဖ် عليه السلام နှင့် ပတ်သက်ပြီး ယုံကြည်စိတ်ချခဲ့သကဲ့သို့ ဗင်ယာမီးန်နှင့် ပတ်သက်ပြီးလည်း ထိုသို့ပင် ယုံကြည်စိတ်ချရမည်လော။ သို့သော် တမန်တော်ကြီးသည် ၎င်းတို့ကို သတိပေးပြီးသည့်နောက် ၎င်းတို့၏ 'သောင်ဗာဟ်'အမှားဝန်ခံမှုကို အတိအကျ ခန့်မှန်းမိသောအခါမှ အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်လွှဲအပ်ခဲ့ပေသည်။ ၎င်းနောက် သားငယ်ကို ၎င်းတို့ထံ အပ်နှံလိုက်လေသည်။

စတုတ္ထညွှန်ကြားမှု ။ ။ တစ်ဦးတစ်ယောက်၏ ကတိပြုမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် တိတိကျကျ ယုံကြည်အားထားခြင်းသည် မှားယွင်းသော လုပ်ရပ်ဖြစ်သည်။ အမှန်စင်စစ် ယုံကြည်အားထား မှုဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်အပေါ်သာ ပြုသင့်သည်။ ထိုအသျှင်မြတ်သာလျှင် အမှန်တကယ် စီမံ တော်မူသော အသျှင်မြတ်နှင့် အကြောင်းခံများကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အကြောင်းခံများကို ဖန်တီးခြင်းနှင့် တစ်ဖန် ထိုအကြောင်းခံများတွင် ထိရောက်မှု ရှိစေခြင်းသည် အလ္လာဟ် အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်၌သာ ရှိတော်မူသည်။ ထို့ကြောင့်ပင် တမန်တော်ယအ်ကူးဗ် عليه السلام သည်

وَاللهُ خَيْرٌ حَافِظًا

ဟု ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ကအ့်ဗ်အဟ်ဗာရ် (ရဟ) သခင်က ဆိုသည်မှာ ဤဒုတိယချိန်တွင် တမန်တော်ယအ်ကူးဗ် عليه السلام သည် သားတော်တို့၏ ပြောစကားကိုသာ ယုံကြည်ခဲ့သည်မဟုတ်ဘဲ အကြောင်း

အရာအားလုံးကို အလ္လာဟ်အသျှင်မြတ်အပေါ်သာ လွှဲအပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ ငါအသျှင်မြတ်၏ ဂုဏ်တော်နှင့် ကြီးကျယ်ထွတ်မြတ်မှုကို ကျိန်တွယ်ပြောဆိုပါသည်။ ယခု ငါအသျှင်မြတ်သည် အသင်၏ သားတော်နှစ်ပါးစလုံးကို အသင့်ထံ ပြန်လည်စေလွှတ်တော်မူမည်။

ပဉ္စမပညတ်ချက် ။ ။ အကယ်၍ အခြားသူတစ်ဦး၏ ဥစ္စာပစ္စည်းဖြစ်စေ၊ အရာဝတ္ထုဖြစ်စေ မိမိ၏ပစ္စည်းများထဲမှ ထွက်ပေါ်လာပါက ၎င်းနောက် ပိုင်ရှင်သည် ကျွန်ုပ်ကို ပေးအပ်ရန် တမင်ရည်ရွယ်၍ ကျွန်ုပ်၏ ပစ္စည်းများထဲတွင် ထည့်ပေးလိုက်ခြင်းဖြစ်သည်ဟု အခြေအနေအရပ်ရပ်ကို လေ့လာပြီး ခိုင်မာစွာ ယုံကြည်ရလျှင် ထိုပစ္စည်းကို မိမိအတွက် ယူထားလိုက်ခြင်း၊ ၎င်းနောက် ထိုပစ္စည်းကို သုံးစွဲခြင်းသည် ပြုပိုင်ပေသည်။ ပမာဆိုရသော် တမန်တော်ယူစွဖ် ﷵ ၏ နောင်တော်များ၏ အထုပ်များထဲမှ ၎င်းတို့၏ အရင်းအနှီးကို ပြန်လည် ရရှိခဲ့ကြသကဲ့သို့ပင် ဖြစ်သည်။ ၎င်းတို့သည် အခြေအနေကို သုံးသပ်ကာ တိကျခိုင်မာစွာ သိရှိလိုက်ရသည်မှာ ဤပစ္စည်းသည် မေ့လျော့မှုတစ်ခုကြောင့် မိမိတို့ထံ ပြန်လည်ရောက်ရှိလာခြင်းမဟုတ်။ တမင်ရည်ရွယ်၍သာ ပြန်လည်ပေးအပ်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် တမန်တော်ယအ်ကူးဗ် ﷵ သည် ထိုအဖိုးအခကို ပြန်လည်အပ်နှံရန် မစေခိုင်းခဲ့ခြင်း ဖြစ်သည်။ သို့သော် တစ်ဦးတစ်ယောက်သည် မေ့မှား၍ မိမိပစ္စည်းကို မိမိ၏ အထုပ်ထဲသို့ ထည့်ပေးလိုက်ခြင်းဖြစ်သည်ဟု သံသယရှိခဲ့သော် ပိုင်ရှင်ကို မေးမြန်းစုံစမ်းမှုမပြုဘဲ ထိုပစ္စည်းကို သုံးစွဲပိုင်ခွင့် အလျဉ်းမရှိပေ။

ဆဋ္ဌမပညတ်ချက် ။ ။ တစ်ဦးတစ်ယောက်အား ဤသို့ မကျိန်တွယ်စေရ။ ယင်းကျိန်တွယ်မှုကို ဖြည့်ဆည်းရန် ၎င်းသည် လုံးဝ တတ်စွမ်းနိုင်ခြင်း မရှိ။ ပမာဆိုရသော် တမန်တော်ယအ်ကူးဗ် ﷵ သည် သားတော်တို့အား ဗင်နယာမီးန်ကို အေးချမ်းစွာ ပြန်လည်ခေါ်ဆောင်လာရန် ကစမ်ကျိန်တွယ်စေခဲ့သည်။ သို့သော် ၎င်းတို့အနေနှင့် လုံးဝမတတ်စွမ်းနိုင်တော့သော အခြေအနေမျိုးတွင်လည်းကောင်း၊ သို့မဟုတ် ၎င်းတို့ကိုယ်၌ သေကြေပျက်စီးသွားကြလျှင်သော်လည်းကောင်း၊ ထိုအခြေအနေမျိုးသည် ယင်းကျိန်တွယ်မှုနှင့် ပတ်သက်လိမ့်မည်မဟုတ်ဟူ၍ ဖြစ်သည်။

ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများကို အမိန့်နာခံရန် ကတိယူတော်မူသောအခါ တတ်စွမ်းနိုင်သမျှဟူသော စာသားကို ကန့်သတ်၍ ကတိယူတော်မူလေ့ ရှိသည်။ အလိုသဘောမှာ ကျွန်ုပ်တို့၏ အင်အားရှိသမျှ တတ်စွမ်းနိုင်သမျှ ကိုယ်တော်မြတ် ﷺ ၏ အမိန့်တော်ကို အပြည့်အဝ နာခံကြမည်ဟူ၍ ဖြစ်သည်။

သတ္တမပညတ်ချက် ။ ။ တင်ပြပါအကြောင်းအရာတွင် ယူစွဖ် ﷵ ၏ နောင်တော်များကို ဗင်နယာမီးန်အား ပြန်လည်ခေါ်ဆောင်လာမည်ဟု ကတိခံစေခဲ့ခြင်းနှင့် ပတ်သက်၍ သိရှိရသည်မှာ كَفَالَة بِالنَّفْس

မိမိကိုယ်မိမိ တာဝန်ယူစေခြင်းသည် ပြုပိုင်သောအရာ ဖြစ်သည်။ ဆိုလိုသည်မှာ အမှုခင်းတစ်ခုတွင် အမှု ရင်ဆိုင်ရသူကို အမှုစစ်မည့်နေ့တွင် အသင့်ရောက်ရှိလာရန် အာမခံစေခြင်းသည် ပြုပိုင်သော လုပ်ရပ် ဖြစ်သည်။ ဤမေ့သတ်တွင် အေမာမ်မာလစ်က် (ရဟ) သခင်၏ အဆိုသည် ကွဲလွဲသည်။ သခင်ကြီးသည် ဥစ္စာပစ္စည်းနှင့် ပတ်သက်ပြီး အာခမခံခြင်းကိုသာ ပြုလုပ်ပိုင်ခွင့် ပေးထားသည်။ မိမိကိုယ်မိမိ အာမခံ သည့်ကိစ္စကို ပြုပိုင်ခွင့်မရှိဟု ဆိုသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَقَالَ يَٰبَنِيَّ لَا تَدْخُلُوا۟ مِنۢ بَابٍ وَٰحِدٍ وَٱدْخُلُوا۟ مِنْ
أَبْوَٰبٍ مُّتَفَرِّقَةٍ ۖ وَمَآ أُغْنِى عَنكُم مِّنَ ٱللَّهِ مِن شَىْءٍ ۖ
إِنِ ٱلْحُكْمُ إِلَّا لِلَّهِ ۖ عَلَيْهِ تَوَكَّلْتُ ۖ وَعَلَيْهِ فَلْيَتَوَكَّلِ
ٱلْمُتَوَكِّلُونَ ﴿٦٧﴾

၁၂ : ၆၇ ။ ။ ထို့အပြင် ၎င်း (ဖခမည်းတော်) က ဆက်လက်၍ (ဤသို့) ပြောဆိုသည်မှာ ကြားပြန်သည်မှာ 'အို၊ ငါ၏ ချစ်သားတို့ (အီဂျစ်မြို့) သို့ အသင်တို့ ဝင်ကြသောအခါ တံခါးပေါက်တစ်ပေါက်တည်းမှ မဝင်ကြကုန်လင့်။ သို့ရာတွင် အသင်တို့သည် တခြားစီဖြစ်သော တံခါးမှ ဝင်ကြလေကုန်။ စင်စစ် ငါ (၏ အကြံပေးချက်) သည် အသင်တို့အဖို့ အလ္လာဟ် အသျှင်မြတ် (၏ အလိုတော်) နှင့် ယှဉ်ပြိုင်၍ အနည်းငယ်မျှပင် အသုံးဝင်မည် မဟုတ်ပေ။ အမိန့်အာဏာဟူသည် အလ္လာဟ် အသျှင်မြတ်မှတစ်ပါး အခြားမည်သူ့၌မျှ မရှိချေ။ ငါသည် ထိုအသျှင်အပေါ်၌သာ ယုံကြည်အားထား လွှဲအပ်ခဲ့လေပြီ။ စင်စစ် ယုံကြည်အားထား လွှဲအပ်လိုသူတို့သည် ထိုအသျှင်မြတ် အပေါ်၌သာလျှင် ယုံကြည်အားထား လွှဲအပ်ထိုက်ပေသည်။

وَلَمَّا دَخَلُوا۟ مِنْ حَيْثُ أَمَرَهُمْ أَبُوهُم مَّا
كَانَ يُغْنِى عَنْهُم مِّنَ ٱللَّهِ مِن شَىْءٍ إِلَّا حَاجَةً فِى نَفْسِ
يَعْقُوبَ قَضَىٰهَا ۚ وَإِنَّهُۥ لَذُو عِلْمٍ لِّمَا عَلَّمْنَٰهُ وَلَٰكِنَّ أَكْثَرَ
ٱلنَّاسِ لَا يَعْلَمُونَ ﴿٦٨﴾

၁၂ : ၆၈ ။ ။ ထို့နောက် ၎င်းတို့သည် (အီဂျစ်မြို့တော်သို့) မိမိတို့အား မိမိတို့၏ ဖခမည်းတော် မှာကြားခဲ့သည့် နည်းအတိုင်း ဝင်ရောက်ခဲ့ကြသောအခါ (ထိုခမည်းတော် နဗီတမန်တော် ယအ်ကူဗ်၏) အကြံပေးချက်သည် (နဗီတမန်တော်)

ယအ်ကူဗ်၏ စိတ်ထဲတွင် အလိုဆန္ဒတစ်ခု ရှိခဲ့သည်ကို ၎င်းယအ်ကူဗ်က ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်မှအပ အလ္လာဟ်အသျှင်မြတ် (၏ အလိုတော်) နှင့် ဆန့်ကျင်၍ လုံးဝ အသုံးမဝင်ခဲ့ချေ။ စင်စစ် ကေန်မလွဲ ထိုယအ်ကူဗ်သည် ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ပညာသင်ကြား ပို့ချပေးတော်မူခဲ့သောကြောင့် ပညာရှင်တစ်ဦး အမှန်ပင် ဖြစ်ခဲ့ပေသည်။ သို့ရာတွင် လူသားတို့အနက် မြောက်မြားစွာသော သူတို့မှာမူ နားမလည်ကြချေ။

وَلَمَّا دَخَلُوا عَلَىٰ يُوسُفَ آوَىٰ إِلَيْهِ أَخَاهُ قَالَ إِنِّي أَنَا أَخُوكَ فَلَا تَبْتَئِسْ بِمَا كَانُوا يَعْمَلُونَ ﴿٦٩﴾

၁၂ : ၆၉ ။ ။ တစ်ဖန် ၎င်းတို့သည် ယူစွဖ်ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ ၎င်း (ယူစွဖ်) သည် မိမိ ညီတော်အား မိမိ၏ထံတွင် နေရာထိုင်ခင်း ပေးခဲ့လေသည်။ ထို့နောက် ၎င်း (ယူစွဖ်) က ‘ကေန်စင်စစ် ငါသည် အသင်၏ (ပျောက်ဆုံးသွားသော) နောင်တော် (ယူစွဖ်) ပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ ပြုလုပ်ခဲ့ကြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိတ်ဒုက္ခမဖြစ်ပါလေနှင့်’ ဟု (တီးတိုးစွာ) ပြောဆို (နှစ်သိမ့်စေ) ခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (ထွက်ခွာသောအချိန်) ယအ်ကူးဗ် عليه السلام က (၎င်းတို့ကို) ပြောကြားသည်မှာ အို၊ ငါ၏ သားတော်တို့၊ (အီဂျစ်နိုင်ငံသို့ ရောက်သောအခါ) အားလုံး တံခါးပေါက်တစ်ခုတည်းမှ မဝင်ကြလေနှင့်။ (သီးခြားတံခါးပေါက်များ ဝင်ရောက်ကြကုန်။) ၎င်းနောက် (ဤသို့ စေခိုင်းခြင်းသည် အပေါ်ယံ တွေးခေါ်ကြံဆမှုတစ်ခုသာ ဖြစ်သည်။ သူတစ်ပါးမျက်စိကျမည့် မနှစ်မြို့ဖွယ်ရာ ကိစ္စရပ်များမှ ရှောင်ရှားရန်သာ ဖြစ်သည်။ ကျွန်ုပ်) အသင်တို့အပေါ်မှ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုတော့ ကျွန်ုပ်အနေနှင့် ဖယ်ရှား၍ မရပေ။ (ဆုံးဖြတ်ချက်သည်ကား) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုသာလျှင် (ဖြစ်ပေါ်လာမည်) ဖြစ်သည်။ (ဤသို့ အပေါ်ယံတွေးခေါ်ကြံဆမှုကို ပြုလျက် စိတ်နှလုံးမှလည်း) ထိုအသျှင်မြတ်အပေါ် ယုံကြည်အားကိုးပါ၏။ ၎င်းနောက် ယုံကြည်အားကိုးသူများသည် ထိုအသျှင်မြတ်ကိုသာလျှင် ယုံကြည်အားကိုးသင့်ပါသည်။ (ဆိုလိုသည်မှာ အသင်တို့သည်လည်း ထိုအသျှင်မြတ်ကိုသာလျှင် ယုံကြည်အားကိုးကြကုန်။ မိမိတို့၏ တွေးခေါ်ကြံဆမှုအပေါ် ယုံကြည်အားကိုးခြင်း မပြုကြလေနှင့်။ အချုပ်ဆိုရသော် အားလုံး နှုတ်ဆက်ကာ ထွက်ခွာသွားကြလေသည်။)

၎င်းနောက် (အီဂျစ်နိုင်ငံသို့ ရောက်ရှိကြသောအခါ) ၎င်းတို့၏ ဖခင် ပြောဆိုခဲ့သည့်အတိုင်း (မြို့) ထဲသို့ ဝင်ရောက်ခဲ့ကြရာ ဖခင်ကြီး၏ ဆန္ဒပြည့်ဝခဲ့လေသည်။ ၎င်းတို့၏ ဖခင်ကြီးသည် (ဤအကြံအစည်ကို ပြုသကာ) ၎င်းတို့နှင့် ပတ်သက်သည့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ဖယ်ရှားရန် ရည်ရွယ်ခဲ့ခြင်း မဟုတ်ပေ။ (ထိုအကြံအစည်ကြောင့် ၎င်းတို့အပေါ် တစ်စုံတစ်ရာ စောဒကတက်ခြင်း၊ သို့မဟုတ် ဤအကြံ

အစည်မအောင်မြင်လျှင် ၎င်းတို့အပေါ် သံသယတစ်စုံတစ်ရာ ဖြစ်ပေါ်လာအောင် ရည်ရွယ်ပြောဆိုခဲ့ခြင်းလည်း မဟုတ်ပေ။ သို့ရှိရာ ၎င်းကိုယ်တိုင် **مَآ أُغۡنِي عَنكُم** ဟု မိန့်ဆိုခဲ့ပြီး ဖြစ်သည်။) သို့သော် ယအ်ကူးဗ် عليه السلام ၏ စိတ်ထဲတွင် (ထိုအကြံအစည်နှင့် ပတ်သက်ပြီး) ဆန္ဒတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ယင်း (ဆန္ဒ) ကိုသာ ထုတ်ဖော်ခဲ့ခြင်း ဖြစ်သည်။ ၎င်းနောက် မုချဧကန်သူသည် ကြီးမားသော ပညာရှင်တစ်ဦးဖြစ်သည်။ ငါအသျှင်မြတ်က သူ့ကို ပညာရပ်မှာ ချီးမြှင့်ခဲ့ခြင်းကြောင့် ဖြစ်သည်။ (သူသည် မိမိပညာရပ်များနှင့် ဆန့်ကျင်လျက် မိမိ၏ တွေးခေါ်ကြံဆမှုတို့ကို အမှန်တကယ် ထိရောက်မှုရှိလိမ့်မည်ဟု အဘယ်မှာ ယုံကြည်ချက် ထားရှိမည်နည်း။ သူ၏ ပြောဆိုခြင်းသည် တွေးခေါ်ကြံဆမှုတစ်ခုကို လက်တွေ့ကျင့်ဆောင်စေခြင်းသာလျှင် ဖြစ်သည်။ ယင်းသည် ပြုပိုင်ပြုသင့်သော အရာဖြစ်သည်။) သို့သော် မြောက်မြားစွာသော သူတို့သည် ယင်းကို မသိရှိကြပေ။ (သို့သာမက မသိနားမလည်ဘဲ တွေးခေါ်ကြံဆမှုကို အမှန်ပင် ထိရောက်လှသော အရာဟု ယုံကြည်ချက် ထားရှိကြသည်။) ၎င်းနောက် ထိုသူတို့သည် (ယူစွဖ် عليه السلام ၏ နောင်တော်တို့သည်) ယူစွဖ် عليه السلام ထံသို့ ရောက်ရှိကြသောအခါ (၎င်းနောက် ဗင်န်ယာနမီးန်ကို ဆက်သ၍ ပြောကြသည်မှာ ကျွန်ုပ်တို့သည် အရှင်မင်းကြီး၏ အမိန့်တော်နှင့်အညီ ၎င်းကို ခေါ်လာခဲ့ကြသည်။) ထိုဟာဇရသ် ယူစွဖ် عليه السلام သည် မိမိ၏ ညီငယ်ကို မိမိထံသို့ ခေါ်လိုက်လေသည်။ (၎င်းနောက် နှစ်ကိုယ်ကြား) ပြောကြားသည်မှာ ကျွန်ုပ်သည် အသင်၏နောင်တော် (ယူစွဖ်) ဖြစ်သည်။ ၎င်းတို့၏ (ခါးသီးစွာ ဆက်ဆံမှုများ) ပြုခဲ့သည်နှင့် ပတ်သက်ပြီး စိတ်သောက မရောက်လေနှင့်။

(အဘယ်ကြောင့်ဆိုသော် ယခု အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့ကို တွေ့ဆုံစေခဲ့ပြီး ယခုအချိန်တွင် စိတ်သောကများကို မေ့လျော့လိုက်သင့်သည်။ ယူစွဖ် عليه السلام ကို ခါးသီးစွာ ဆက်ဆံခဲ့မှုသည် ထင်ရှားကျော်ကြားသောအချက်ဖြစ်သည်။ ဗင်န်ယာမီးန်ကိုလည်း အမျိုးမျိုးဒုက္ခပေးခဲ့ကြောင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ထို့ပြင် ယူစွဖ် عليه السلام နှင့် ခွဲခွာခဲ့ရခြင်းသည်လည်း ၎င်းအတွက် သေးငယ်သော ဒုက္ခမဖြစ်နိုင်။ တစ်ဖန် ညီနောင်နှစ်ဦးသည် ဗင်န်ယာမီးန်က ယူစွဖ် عليه السلام ထံပါး ကျန်ရစ်နေနိုင်အောင် နည်းလမ်းတစ်ခုခုရှာရန် ဆွေးနွေးတိုင်ပင်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ ကျန်ရစ်နေခဲ့ခြင်းသည် နောင်တော်များအနေနှင့် ဖခင်ကြီးကို ပေးခဲ့သော ကတိကဝတ်ကို အစမ္မမ သိမ်းပိုက်ရာရောက်မည်။ မျှတမှုမရှိသော ပြဿနာတစ်ရပ် ပေါ်ပေါက်လာနိုင်သည်။ တစ်ဖန် အကြောင်းအရင်းကို တင်ပြလိုက်လျှင်လည်း လျှို့ဝှက်ချက်ပေါ်သွားမည်။ အကယ်၍ လျှို့ဝှက်ချက်ကို လျှို့ဝှက်စွာပင် ထားရှိမည်ဆိုလျှင်လည်း ယအ်ကူးဗ် عليه السلام ၏ စိတ်သောက ပိုမိုလာမည်ဖြစ်သည်။ အကြောင်းမှာ မည်သည့်အကြောင်းရင်းကြောင့် ထားရစ်ခဲ့လေသနည်း။ သို့မဟုတ် အဘယ်ကြောင့် ကျန်ရှိနေခဲ့သနည်း။ တမန်တော်ယူစွဖ် عليه السلام က ပြောကြားသည်မှာ 'အကြံအစည်တော့ ရှိသည်။ သို့သော် အသင် အနည်းငယ် အမည်ပျက်မည် ဖြစ်သည်။' ဗင်န်ယာမီးန်က 'ကိစ္စမရှိပါ'ဟု ပြောကြားခဲ့လေသည်။ အချုပ်ဆိုရသော် ၎င်းတို့အနေနှင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ၎င်းနောက် အားလုံးကို ရိက္ခာများပေးပြီး ၎င်းတို့သည် နေရပ်ပြန်ကြရန် အထုပ်ပိုးများကို ပြင်ဆင်ကြသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အထက်အာယသ်တော်များတွင် တမန်တော်ယူစွဖ် ﷺ ၏ နောင်တော်များသည် ညီငယ်ကို ခေါ်ဆောင်၍ ဒုတိယအကြိမ် အီဂျစ်နိုင်ငံသို့ သွားရောက်ကြသည့် အကြောင်းများကို တင်ပြထားပေသည်။ ထိုအချိန်တွင် တမန်တော်ယအ်ကူးဗ် ﷺ သည် ၎င်းတို့ကို အီဂျစ်နိုင်ငံ၏ မြို့တွင်းသို့ ဝင်ရောက်ရန် သီးခြားပုံသဏ္ဍာန်တစ်ခု သတ်မှတ်မိန့်ဆိုခဲ့ကြသည်။ အကြောင်းမှာ 'ယခု အသင်တို့ ညီနောင် (၁၀) ဦးသည် အီဂျစ်သို့ သွားကြမည်။ ထိုနေရာသို့ ရောက်ရှိလျှင် မြို့၏ တံခါးပေါက်တစ်ခုတည်းမှ စုပေါင်း၍ မဝင်ရောက်ကြလေနှင့်။ မြို့စွန်မြို့ဖျားများသို့ ရောက်သည်နှင့် သီးခြားစီ လူစုခွဲကာ မြို့၏ သီးခြားတံခါးပေါက်များမှ ဝင်ရောက်ကြကုန်။'

ထိုသို့ မိန့်မှာရခြင်း အကြောင်းအရင်းမှာ စိုးရိမ်ပူပန်မိသည့်အတွက် ဖြစ်သည်။ အကြောင်းမှာ သားတော်များအားလုံးသည် လူရွယ်များဖြစ်ကြသည်။ ၎င်းနောက် ကျန်းမာရေးကောင်းမွန်သော အရပ်အမောင်းကောင်းသော ရုပ်ရည်လှပ တည်ကြည်သော လူငယ်လူရွယ်များဖြစ်ကြသည်။ ထို့ကြောင့် လူအများက တွေ့မြင်လျှင် သိရှိကြမည်မှာ '၎င်းတို့သည် ဖခင်တစ်ဦးတည်း၏ သားများ၊ ညီအစ်ကိုအရင်းများ ဖြစ်ကြသည်။ ထို့ကြောင့် အမြင်မကောင်းသူများ၏ အမြင်စူးရှမှုကို ခံရဖွယ်ရှိသည်။ တစ်စုံတစ်ရာ ဒုက္ခနှင့် ကြုံတွေ့နိုင်သည်။ သို့မဟုတ် စုပေါင်းဝင်ရောက်သည့်အတွက် အခြားသူတို့က တွေ့ရှိကာ မနာလိုဝန်တိုမှု ဖြစ်ပေါ်ကြမည်။ ၎င်းနောက် ဒုက္ခလည်း ပေးနိုင်ခြင်းကြောင့် ဖြစ်သည်။

တမန်တော်ယအ်ကူးဗ် ﷺ သည် ဤမှာတမ်းစကားကို ပထမတစ်ကြိမ် သွားရောက်စဉ်က မပြောဆိုခဲ့ပေ။ ဒုတိယတစ်ကြိမ် သွားရောက်သည့်အခါမှ ပြောဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်နိုင်ဖွယ်ရှိသည့်အချက်မှာ ၎င်းတို့သည် ပထမတစ်ကြိမ် အီဂျစ်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ခရီးသည်ပုံစံဖြင့်၊ ၎င်းနောက် ယိုယွင်းနေသော အခြေအနေမျိုးဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို မည်သူကမျှ မသိရှိခဲ့ကြပေ။ မည်သူမျှလည်း ၎င်းတို့၏ အခြေအနေကို စိတ်ဝင်စားရန် အကြောင်းမရှိပေ။ သို့သော် ပထမခရီးစဉ်မှာ အီဂျစ်နိုင်ငံ ဘုရင်မင်းကြီးသည် ၎င်းတို့ကို သာမန်ထက် ပို၍ ဂရုစိုက်ခဲ့သည်။ တိုဂရုတစိုက်ရှိမှုကြောင့် ဘဏ္ဍာတိုက်မှ အခြားပုဂ္ဂိုလ်များနှင့် ထိုမြို့၏ လူများစွာတို့သည် ၎င်းတို့ကို သိရှိသွားကြသည်။ ထို့ကြောင့် ယခု တစ်ဦးတစ်ယောက်၏ အမြင်စူးရှမှုအန္တရာယ်ကို ခံရမည်မှာ မလွဲမသွေ ဖြစ်သည်။ သို့မဟုတ် ၎င်းတို့ကို တစ်စုတစ်စည်းတည်း တွေ့မြင်ကာ အင်အားတောင့်တင်းသော အုပ်စုတစ်စုဟု ထင်မှတ်ပြီး မနာဝန်တိုစိတ်များ ဖြစ်ပေါ်လာနိုင်သည်။ ထို့ပြင် ယခုတစ်ကြိမ်တွင် သားငယ် ဗင်န်ယာမီးန် သည်လည်း ၎င်းတို့နှင့်အတူ လိုက်ပါသွားခြင်းသည်ပင် ဖခင်ကြီးအတွက် ပိုမို၍ အာရုံစူးစိုက်စရာ ဖြစ်လာခဲ့သည်။

မျက်စိစူးခြင်း၏ သက်ရောက်မှုသည် အမှန်တကယ်ဖြစ်ခြင်းအကြောင်း

အထက်ပါအကြောင်းအရာကြောင့် သိရှိရသည်မှာ တစ်ဦးတစ်ယောက်၏ မျက်စိစူးခြင်း သက်ရောက်မှုသည် ၎င်းနောက် ယင်းကြောင့် လူနှင့် သတ္တဝါတို့ကို ဒုက္ခရောက်ခြင်း သို့မဟုတ် ဆုံးရှုံးမှုဖြစ်ပေါ်ခြင်း

သည် အမှန်ပင်ဖြစ်သည်။ ယင်းသည် အသိဉာဏ်ကင်းမဲ့သော အတွေးအခေါ်သက်သက်ပင် မဟုတ်ပေ။ ထို့ကြောင့်ပင် တမန်တော်ယအ်ကူးဗ် ﷺ သည် ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး သောကထား ပြောကြားခဲ့လေသည်။

တမန်တော်မြတ် ﷺ သည်လည်း ထိုစကားကို ထောက်ခံထားပေသည်။ ဟဒီးစ်တော်တစ်ပုဒ်တွင် လာရှိသည်မှာ မျက်စိစူးခြင်းသည် လူတစ်ဦးကို 'ကဗရ်'သင်္ချိုင်းအတွင်းသို့ ၄င်းနောက် ကုလားအုတ်ကို အိုးငယ်အတွင်းသို့ ပို့ဆောင်ပေးသော အရာဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် မိမိကိုယ်တိုင် အသျှင်မြတ်ထံ ခိုလှုံခဲ့သော အရာများနှင့် အွမ္မသ်ကိုလည်း ခိုလှုံရန် တိုက်တွန်းခဲ့သည့် အရာများတွင်

مِنْ كُلِّ عَيْنٍ لَا مَّةٍ

လည်း ပါဝင်ပေသည်။ ဆိုလိုသည်မှာ အမြင်ဆိုးသက်ရောက်မှုမှ ကျွန်တော်မျိုး အသျှင်မြတ်ထံ ခိုလှုံပါ၏။ *[ကုရ်သုဗီးကျမ်း]*

ဆွဟာဗာသာဝကကြီးများထဲမှ အဗူစဟာလ်ဗင်န် ဟိုနိုင်းဖ်၏ အကြောင်းအရာသည် ကျော်ကြား ခဲ့လေသည်။ ၄င်းသည် တစ်ခါက ရေချိုးရန်အတွက် အင်္ကျီကို ချွတ်လိုက်သောအခါ ထိုသူ၏ အသား အရေသည် ဖြူဝင်းတောက်ပမှု၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုကို အာမိရ်ဗင်န်ရဘီအာသည် တွေ့မြင်သွားလေသည်။ ထို့နောက် ၄င်း၏ နှုတ်လျှာမှ ထွက်ပေါ်လာသော စကားမှာ 'ကျွန်ုပ်သည် ယနေ့ထိတိုင် ဤမျှ လှပသော ခန္ဓာကိုယ်ကို မမြင်တွေ့ခဲ့ဘူးပါ။' ဤသို့ ပြောဆိုလိုက်သည်နှင့် တစ်ပြိုင်နက် စဟဲလ်ဗင်န်ဟိုနိုင်းဖ်သည် အပြင်းဖျားလေတော့သည်။ တမန်တော်မြတ် ﷺ သည် ထိုအကြောင်းအရာကို သိရှိသောအခါ ယင်းကို ကုသရန် နည်းလမ်းရွေးချယ်ခဲ့သည်မှာ အာမိရ်ဗင်န်ရဗီအာကို 'ဝူဇူ'ပြုရန် အမိန့်ပေးလေသည်။ ၄င်းနောက် 'ဝူဇူ'ပြုထားသော ရေကို ခွက်တစ်ခွက်တွင် ခံစေပြီး ထိုရေကို စဟဲလ်ဗင်န်ဟိုနိုင်း၏ ခန္ဓာကိုယ်ပေါ်သို့ ဖြန်းစေခဲ့သည်။ ဤသို့ ပြုလုပ်သောအခါမှ ချက်ချင်းအဖျားကျသွားလေသည်။ ထို့နောက် လုံးဝ ကျန်းမာ သွားကာ တမန်တော်မြတ် ﷺ နှင့်အတူ သွားရန်ရှိသော အကြောင်းကိစ္စအတွက် ထွက်ခွာသွားလေသည်။ ဤအကြောင်းအရာတွင် တမန်တော်မြတ် ﷺ သည် အာမိရ်ဗင်န်ရဗီအာကို သတိပေး ပြောကြားခဲ့သည်မှာ–

عَلَامٌ يَقْتُلُ اَحَدُكُمْ اَخَاهُ اِلَّا بَرَّكْتَ اِنَّ الْعَيْنَ حَقٌّ

ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်သည် မိမိညီနောင်ကို အဘယ်ကြောင့် သတ်လေသနည်း။ အသင် သည် အဘယ်ကြောင့် ဤသို့ မပြုခဲ့လေသနည်း။ အကြောင်းမှာ ၄င်း၏ ကိုယ်ခန္ဓာကို အသင်မြင်တွေ့သော အခါ 'ဗရ်ကာသ်'မင်္ဂလာရရှိစေရန် ဒိုအာပြုပေးရမည်။ အမြင်၏ သက်ရောက်မှုသည် မှန်ကန်ပေသည်။

ဤဟဒီးစ်တော်အရ သိရှိရသည်မှာ အကြင်သူတစ်ဦးသည် အခြားသူ၏ အသက်အိုးအိမ်စည်းစိမ် တွင် ကောင်းနိုးရာရာတစ်ခုကို တအံ့တသြ တွေ့ရှိခဲ့ပါက ထိုသူ့အတွက် ဤသို့ ဆုမွန်ဒိုအာ ပြုသင့်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်းကို ထိုအရာနှင့် ပတ်သက်ပြီး 'ဗရ်ကာသ်'ချီးမြှင့်တော်မူပါ။ အချို့ဆင့်ပြန် ချက်များတွင် လာရှိသည်မှာ–

مَاشَآءَ اللّٰهُ لَا قُوَّةَ اِلَّا بِاللّٰهِ

ဟူ၍ ရွတ်ဆိုရမည်။ ထိုသို့ ဆိုခြင်းဖြင့် အမြင်ဆိုး၏ သက်ရောက်မှု ပပျောက်သွားလေသည်။ အခြားအကြောင်းအရာတစ်ခု သိရှိရသည်မှာ တစ်ဦးတစ်ယောက်သည် မျက်စိစူးခြင်း ခံရပါက ၎င်းမျက်စိစူးသူ၏ ခြေ၊ လက်၊ မျက်နှာတို့အား ဆေးကြောထားသော ရေဖြင့် အမြင်စူးရှခံရသူ၏ ခန္ဓာကိုယ်ပေါ်တွင် ပက်ဖျန်းလိုက်ပါက မျက်စိစူးခြင်း၏ စူးရှမှုကို ပပျောက်စေနိုင်သည်။

အေမာမ်ကုရ်သုဗီး (ရဟ) သခင်က ပြောကြားသည်မှာ အဲဟ်လေ့စွန္နသ်ဝလ်ဂျမာအသ် အိုလမာ ပညာရှင်များအားလုံးက တစ်ညီတစ်ညွတ်တည်း ထောက်ခံကြသည်မှာ မျက်စိစူးခြင်းနှင့် ယင်းကြောင့် ဆုံးရှုံးမှုဖြစ်ပေါ်ခြင်းသည် မှန်ကန်ပေသည်။

တမန်တော်ယအ်ကူးဗ် ﷺ သည် ရှုထောင့်ဘက်မှ တွေးတောကာ သားတော်များကို သူတစ်ပါး၏ အမြင်ဆိုးမသက်ရောက်ရန် သို့မဟုတ် မနာလိုဝန်တိုမှု၏ အန္တရာယ်မှ ကင်းဝေးစေရန် မှာတမ်းသည်မှာ မြို့၏ တံခါးပေါက်တစ်ခုတည်းမှ အားလုံး တစ်စုတစ်စည်း မဝင်ရောက်ကြလေနှင့်။ အခြားရှုထောင့် တစ်ဘက်မှ စဉ်းစားကာ အမှန်တရားတစ်ခုကို ဖော်ထုတ်ရန်လည်း လိုအပ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ ထိုလိုအပ်ချက်ကို မေ့လျော့တတ်ကြသောကြောင့် သာမန်လူတို့သည် ဤကဲ့သို့သော အကြောင်းအရာများတွင် အသိပညာကင်းမဲ့သော အတွေးအခေါ်များနှင့် သံသယများ၏ လွှမ်းမိုးခြင်းကို ခံကြရသည်။ ယင်းသံသယမှာ အမြင်ဆိုး၏ သက်ရောက်မှုသည် လူ၏ အသက်အိုးအိမ် စည်းစိမ်များတွင် ပြို့ယူဖမ်းစားခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ အမှန်စင်စစ် ယင်းကို ပမာဆိုရသော် ဥပါဒ်ဖြစ်စေသော ဆေးဝါးနှင့် အစားအစာသည် လူသားကို ရောဂါဖြစ်စေနိုင်သကဲ့သို့ ဖြစ်သည်။ အပူအအေးလွန်ကဲမှုကြောင့် ရောဂါဘယများ ဖြစ်ပေါ်တတ်သကဲ့သို့ အမြင်ဆိုး၏ သက်ရောက်မှု သို့မဟုတ် စိတ်ပြို့ခံရမှုတို့သည်လည်း ထိုဖြစ်လေ့ဖြစ်ထ ရှိသော အကြောင်းခံများပမာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမြင်စွမ်းအား သို့မဟုတ် အာရုံစွမ်းဖြင့် ယင်းစူးရှမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ယင်းတို့တွင် မည်သည့်စစ်မှန်သော ပင်ကိုယ်စူးရှမှုမျှ မရှိပေ။ သို့သာမက လောကတွင် ရှိရှိသမျှသော အကြောင်းခံအားလုံးသည် မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်' တန်ခိုးတော်နှင့် အလိုတော်အတိုင်းသာ ဖြစ်ကြရသည်။ အလ္လာဟ်အသျှင်မြတ် သတ်မှတ်တော်မူထားသော 'သက္ကဒီးရ်' ကံတရားနှင့် ယှဉ်၍ မည်သည့်အကျိုးရှိသော ကြံဆမှုမျိုးမှ အကျိုးသက်ရောက်မှု မရှိနိုင်သကဲ့သို့ မည်သည့်ဆိုးရွားသော ကြံဆမှုမျိုးမှ ဆိုးရွားမှု သက်ရောက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မိန့်တော်မူသည်မှာ-

وَمَا اُغْنِىْ عَنْكُمْ مِّنَ اللّٰهِ مِنْ شَىْءٍ اِنِ الْحُكْمُ اِلَّا لِلّٰهِ عَلَيْهِ تَوَكَّلْتُ وَعَلَيْهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُوْنَ ط

ဆိုလိုသည်မှာ အမြင်ဆိုးသက်ရောက်မှုမှ ရှောင်ရှားရန် ကျွန်ုပ်သည် ညွှန်ကြားခဲ့သော နည်းလမ်းသည် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်ကို ဖယ်ရှားနိုင်လိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ်ကိုယ်တိုင်

သိရှိသည်။ မည်သည့်အကြောင်းအရာမဆို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်းသာ ဖြစ်သည်။ မုချကေန် လူသားတို့အား အပေါ်ယံ တွေးခေါ်ကြံဆမှုများ ပြုလုပ်ရန် အမိန့်ချမှတ်ထားသည်။ ထို့ကြောင့်ပင် ဤသို့ မှာတမ်းရခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်၏ ယုံကြည်အားထားမှုသည် တွေးခေါ်ကြံဆမှုအပေါ်တွင် မရှိ။ အလ္လာဟ်အသျှင်မြတ်အပေါ်သာလျှင် ယုံကြည်အားထားသည်။ ထို့နောက် လူတိုင်းလူတိုင်းသည်လည်း ထိုအသျှင်မြတ်ကိုသာ အားထားကာ ယုံကြည်ကိုးစားသင့်ပေသည်။ အပေါ်ယံတွေးခေါ်ကြံဆမှုများနှင့် မိမိတို့၏ အတွေးအခေါ်များအပေါ် ယုံကြည်အားထားမှု မပြုသင့်ပေ။

တမန်တော်ယအ်ကူးဗ် عليه السلام ထုတ်ဖော်တင်ပြခဲ့သော အမှန်တရားအတိုင်း တိုက်တိုက်ဆိုင်ဆိုင်ပင် ကြုံကြိုက်လိုက်ရသည်မှာ ထိုခရီးစဉ်တွင် ဗင်န်ယာမီးန်ကို အထူးပင် ထိန်းသိမ်းစောင့်ရှောက်ကာ ပြန်လည်ခေါ်ဆောင်လာရန် တွေးခေါ်ကြံမှုများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ကြပါလျက် ထိုကြံဆမှုများအားလုံး တစ်ခုမျှ အောင်မြင်မှု မရှိခဲ့ပေ။ ၎င်းနောက် ဗင်န်ယာမီးန်သည် အီဂျစ်နိုင်ငံတွင် ထိန်းသိမ်းခံလိုက်ရသည်။ ထို့ကြောင့် တမန်တော်ယအ်ကူးဗ် عليه السلام သည်လည်း နောက်တစ်ကြိမ် ပြင်းထန်စွာ ပူဆွေးသောက ရောက်ရလေတော့သည်။ ၎င်းတို့၏ အကြံအစည် မအောင်မြင်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ရှေ့အာယသ်တော်တွင် တင်ပြထားသည့် ရည်ရွယ်ချက်မှာလည်း ဤသို့ပင် ဖြစ်သည်။ အကြောင်းမှာ အဓိကရည်ရွယ်ချက်အရ အကြံအစည်သည် မအောင်မြင်ခံခြင်းဖြစ်သည်။ အမှန်စင်စစ် အမြင်ဆိုးသက်ရောက်မှုနှင့် မနာလိုဝန်တိုခံရမှု စသည်တို့မှ ကင်းဝေးရန် အကြံအစည်မှာ အောင်မြင်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုခရီးစဉ်တွင် ဤအကြောင်းအရာများ ဖြစ်ပေါ်ခဲ့ခြင်း မရှိပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ် စီမံထားတော်မူသည့် ဖြစ်ရပ်ဆိုးကြီးတစ်ခု ကျရောက်လာမည့်အကြောင်းကို တမန်တော်ယအ်ကူးဗ် عليه السلام သည် လုံးဝ ထင်မှတ်မထားခဲ့ပေ။ ထို့နောက် ယင်းနှင့် ပတ်သက်၍လည်း မည်သည့်ကြံစည်မှုမျိုးကိုမှ မပြုနိုင်ခဲ့ပေ။ သို့သော် ထိုအပေါ်ယံဆုံးရှုံးနစ်နာမှုကို ခံစားရပါလျက် ယအ်ကူးဗ် عليه السلام ၏ အသျှင်မြတ်အပေါ် ယုံကြည်အားထားမှု 'ဗရ်ကသ်'ကြောင့် ဒုတိယ မိမိစိတ်သောကသည် ပထမစိတ်သောကကို ကုစားစေခဲ့သည်။ ၎င်းနောက် အလွန်တရာ အေးချမ်းစွာ သိက္ခာရှိစွာဖြင့် ယူစွဖ် عليه السلام နှင့် ဗင်န်ယာမီန်တို့နှစ်ဦး စလုံးကို နောက်ဆုံးတွင် တွေ့ဆုံခွင့်ရခဲ့လေသည်။

ဤတင်ပြချက်များအတိုင်းပင် ရှေ့အာယသ်တော်တွင်လည်း တင်ပြထားသည်မှာ သားတော်တို့သည် ဖခင်ကြီး၏ အမိန့်ကို နာခံကာ မြို့၏ သီးခြားတံခါးပေါက်များမှ အီဂျစ်နိုင်ငံသို့ ဝင်ရောက်ခဲ့လေသည်။ ထို့ကြောင့် ဖခင်၏ ဆန္ဒလည်း ပြည့်ဝခဲ့ပေသည်။ ၎င်းတို့၏ ဤအကြံအစည်သည် အလ္လာဟ်အသျှင်မြတ်၏ မည်သည့်အမိန့်ကိုမျှ ဖယ်ရှားနိုင်ခဲ့ခြင်း မရှိပေ။ သို့သော် တမန်တော်ယအ်ကူးဗ် عليه السلام ၏ ဖခင်တစ်ဦးတွင် ရှိသော ချစ်ခင်ကြင်နာမှုများအရ သားတော်တို့သည်လည်း အမိန့်အတိုင်း လိုက်နာဆောင်ရွက်ကြခြင်းဖြစ်သည်။

အာယသ်တော်များ၏ အဆုံးတွင် တမန်တော်ယအ်ကူးဗ် عليه السلام ၏ ချီးမွမ်းခြင်းကို ဤစာသားများဖြင့် တင်ပြခဲ့လေသည်။

اِنَّهُ لَذُوْعِلْمٍ لِّمَا عَلَّمْنٰهُ وَ لٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ

ဆိုလိုသည်မှာ ယအ်ကူးဗ် عليه السلام သည် ကြီးမားသော ပညာရှင်တစ်ယောက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် ၎င်းကို ပညာရပ်များ ချီးမြှင့်ခဲ့လေသည်။ အလိုသဘောမှာ အခြားသာမန်သူများကဲ့သို့ ၎င်း၏ ပညာသည် စာအုပ်စာပေများကြောင့် ၎င်းနောက် ကြိုးစားအားထုတ်မှုကြောင့် ရရှိခဲ့သည်မဟုတ်။ သို့သာမက အသျှင်မြတ်ကိုယ်တော်တိုင် ကြားခံမရှိဘဲ ချီးမြှင့်ပေးခဲ့သော ပညာရပ်များဖြစ်သည်။ ထို့ကြောင့် ၎င်းသည် တရားတော်အရ ပြုပိုင်သော ၎င်းနောက် ပြုသင့်သော အပေါ်ယံတွေးခေါ်ကြံစည်မှုကို ပြုလုပ်လိုက်သည်။ သို့သော် ယင်းအပေါ် ယုံကြည်အားထားမှု မပြုခဲ့ပေ။ သို့သော် မြောက်မြားစွာသော သူတို့သည် ထိုအကြောင်းအရာ၏ အဖြစ်မှန်ကို မသိရှိကြပေ။ ထို့နောက် မသိနားမလည်သည့်အတွက်ကြောင့် တမန်တော်ယအ်ကူးဗ် عليه السلام နှင့် ပတ်သက်ပြီး ဤသို့သော သံသယများတွင် နစ်မွန်းသွားကြသည်။ ယင်းမှာ ဤသို့ တွေးတောကြံဆခြင်းသည် တမန်တော်တစ်ဦး၏ ဂုဏ်သိက္ခာနှင့် ကိုက်ညီခြင်းမရှိဟူ၍ ဖြစ်သည်။

အချို့သော သဖ်စီးရ်ပညာရှင်များက ဖွင့်ဆိုကြသည်မှာ **علم** ဟူသော ပထမစာသား၏ အလိုသဘောမှာ အသိပညာနှင့်အညီ 'အမလ်' ပြုကျင့်ခြင်းဖြစ်သည်။ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ ငါအသျှင်မြတ်သည် ၎င်းကို ချီးမြှင့်ထားသော အသိပညာနှင့်အညီ ၎င်းသည် တိတိကျကျ လိုက်နာကျင့်သုံးသူ ဖြစ်သည်။ ထို့ကြောင့်ပင် အပေါ်ယံ တွေးခေါ်ကြံဆမှုများအပေါ် ယုံကြည်အားထားခဲ့ခြင်း မရှိပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ယုံကြည်အားထားမှု ပြုခဲ့သည်။

فَلَمَّا دَخَلُوْا عَلٰى يُوْسُفَ اٰوٰٓى اِلَيْهِ اَخَاهُ قَالَ اِنِّيْٓ اَنَا اَخُوْكَ فَلَا تَبْتَئِسْ بِمَا كَانُوْا يَعْمَلُوْنَ

အလိုသဘောမှာ အီဂျစ်နိုင်ငံသို့ ရောက်ရှိပြီးနောက် နောင်တော်တို့သည် ယူစွဖ် عليه السلام ၏ နန်းတော်သို့ ဝင်ရောက် ခစားကြလေသည်။ ၎င်းနောက် ယူစွဖ် عليه السلام က ၎င်းတို့သည် မိမိတို့၏ ကတိနှင့်အညီ ညီငယ်ကိုလည်း အတူးခေါ်ဆောင်လာသည်ကို တွေ့ရှိရသောအခါ ယူစွဖ် عليه السلام သည် မိမိ၏ ညီငယ် ဗင်န်ယာမီးန်ကို အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် မိမိနှင့်အတူ တည်းခိုစေခဲ့သည်။ သဖ်စီးရ်ပညာရှင်ကြီး ကသာဒါ (ရဟ) သခင်က တင်ပြခဲ့သည်မှာ ကျန်ရှိနောင်တော်များအားလုံးကို နှစ်ယောက်လျှင် တစ်ခန်းနှုန်းဖြင့် တည်းခိုရန် စီမံစေခဲ့သည်။ ထို့ကြောင့် ဗင်န်ယာမီးန်တစ်ဦးပင် ဘက်မရှိဘဲ ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် ၎င်းကို မိမိနှင့်အတူ တည်းခိုရန် မိန့်ကြားခဲ့လေသည်။ နှစ်ကိုယ်ကြား စကားစမြည် ပြောဆိုရန် အခွင့်အရေးရသည်နှင့် တမန်တော်ယူစွဖ် عليه السلام သည် ၎င်း (ဗင်န်ယာမီးန်အား) 'မိမိ၏ ညီအစ်အကိုအရင်းတစ်ယောက်ပင် ဖြစ်သည်။ ယခုအချိန်မှစ၍ အသင်သည် မည်သည့်ပူပင်သောကကိုမျှ မထားလေနှင့်။ ယခုအချိန်အထိ ကျန်ရှိနောင်တော်တို့ စိတ်ဒုက္ခပေးခဲ့သည်နှင့် ပတ်သက်ပြီး သောမထားလေနှင့်' ဟု ပြောဆိုလိုက်လေသည်။

အမိန့်ပညတ်ချက်များ

အထက်ပါအာယသ်တော်နှစ်ပိုဒ်မှ ပညတ်ချက်အချို့ကို သိရှိရလေသည်။

ပထမပညတ်ချက် ။ ။ အမြင်ဆိုးသက်ရောက်မှုသည် အမှန်ပင် ဖြစ်သည်။ ယင်းကို ရှောင်ရှားရန် တွေးခေါ်ကြံဆခြင်းသည် တရားတော်အရာ ပြုပိုင်သော ၄င်းနောက် ပြုသင့်သောအရာ ဖြစ်သည်။ အန္တရာယ် ဖြစ်စေသော အစားအသောက်များနှင့် လှုပ်ရှားမှုများမှ ကင်းဝေးရန် တွေးခေါ်ကြံစည်သကဲ့သို့ပင် ဖြစ်သည်။

ဒုတိယပညတ်ချက် ။ ။ သူတစ်ပါး၏ မနာလိုဝန်တိုမှုမှ ကင်းဝေးရန် မိမိ၏ သီးခြား 'နေ့အ်မသ်' များနှင့် အရည်အချင်းများကို ဖုံးကွယ်ခြင်းသည် ပြုပိုင်သောအရာဖြစ်သည်။

တတိယပညတ်ချက် ။ ။ အန္တရာယ်ရှိသော နိမိတ်လက္ခဏာများကို ရှောင်ရှားရန် အပေါ်ယံတွေးခေါ်ကြံဆမှုများ ပြုခြင်းသည် 'သဝက္ကုလ်'နှင့် ဆန့်ကျင်ရာ မရောက်သကဲ့သို့ နဗီတမန်တော်များ၏ ဂုဏ်ဒြပ်နှင့်လည်း ဆန့်ကျင်ရာ မရောက်ပေ။

စတုတ္ထပညတ်ချက် ။ ။တစ်ဦးတစ်ယောက်ကို အန္တရာယ်ကျရောက်တော့မည်ဟု စိုးရိမ်ရသောအခါ ၄င်းကို သတိပေးလိုက်ခြင်းသည် ကောင်းမွန်သော လုပ်ရပ်ဖြစ်သည်။ ၄င်းနောက် ထိုအန္တရာယ်မှ ကင်းဝေးရန် ဖြစ်နိုင်ဖွယ်ရာ နည်းလမ်းများကိုလည်း ပြသသင့်ပေသည်။ တမန်တော်ယအ်ကူးဗ် ﵇ သည်လည်း ဤအတိုင်းပင် ပြောဆိုညွှန်ကြားခဲ့လေသည်။

ပဉ္စမပညတ်ချက် ။ ။ အကြင်သူတစ်ဦးတစ်ယောက်သည် သူတစ်ပါး၏ အရည်အချင်းတစ်ခုခု သို့မဟုတ် 'နေ့အ်မသ်'တစ်ခုခုကို လွန်စွာ အားကျနှစ်သက်မိသော် ၄င်းနောက် သူတစ်ပါး၏ အမြင်စူးရှမှု အန္တရာယ်ကို မြင်တွေ့ရသော် ၄င်းကို ကြည့်၍ بارك الله သို့မဟုတ်ဟူ၍ ماشاء الله ပြောဆိုရန် တာဝန် ရှိလေသည်။ သို့မှသာ သူတစ်ပါးဒုက္ခမရောက်မည် ဖြစ်သည်။

ဆဋ္ဌမပညတ်ချက် ။ ။ သူတစ်ပါးအမြင်စူးရှခြင်းမှ ကင်းဝေးရန် တတ်နိုင်သည့် နည်းလမ်းများကို တွေးခေါ်ကြံဆခြင်းသည် ပြုပိုင်ပေသည်။ ထိုနည်းလမ်းများအနက်မှ တစ်ခုမှာ ဒုအာတစ်ခုခု သို့မဟုတ် 'သအ်ဝီးဇ်' စသည်တို့ဖြင့် ကုသခြင်းဖြစ်သည်။ တမန်တော်မြတ် ﷺ သည်လည်း ဟဇရသ်ဂျအ်ဖရ် ဗင်န် အဗူသွာလိဗ် ﵁ ၏ သားနှစ်ယောက်ကို အားအင်ချည့်နဲ့နေသည်ကို တွေ့မြင်ရကာ 'သအ်ဝီးဇ်' စသည် တို့ဖြင့် ကုသရန် ခွင့်ပြုခဲ့လေသည်။

သတ္တမပညတ်ချက် ။ ။ အသိဉာဏ်ကြွယ်ဝသော မွတ်စ္စလင်မ်တိုင်းသည် မိမိ၏ လုပ်ငန်းဆောင်တာများတွင် စစ်မှန်သော ယုံကြည်အားထားမှုကို အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ ထားရှိသင့်ပေသည်။ သို့သော် အပေါ်ယံသဘာဝ အကြောင်းခံများကိုလည်း မျက်ကွယ်မပြုသင့်ပေ။ မိမိ၏ ရည်ရွယ်ချက်အောင်မြင်ရန် ရွေးချယ်ခွင့်ရှိသော အကြောင်းခံများကို ရွေးချယ်ကျင့်သုံးရာတွင်လည်း လျော့နည်းမှု မရှိစေရ။ တမန်တော်ယအ်ကူးဗ် ﷺ သည်လည်း ဤသို့ပင် ပြုကျင့်ခဲ့လေသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ သည်လည်း ဤကဲ့သို့ပင် ညွှန်ကြားခဲ့လေသည်။ ဤသည်ပင် နဗီတမန်တော်ကြီးများ၏ 'သဝက္ကုလ်'နှင့် တမန်တော်မြတ် ﷺ ၏ စွန္နသ်ဓလေ့တော် ဖြစ်သည်။

အဋ္ဌမပညတ်ချက် ။ ။ အထက်ပါအကြောင်းအရာတွင် မေးမြန်းဖွယ်ရာ အချက်တစ်ချက် ရှိသည်မှာ တမန်တော်ယူစွဖ် ﷺ သည် မိမိ၏ ညီငယ်ကို ခေါ်ရန် ကြိုးပမ်းခဲ့လေသည်။ ၎င်းနောက် တင်းကြပ်မှုများလည်း ပြုခဲ့လေသည်။ တစ်ဖန် ညီငယ်သည် ၎င်းထံ ရောက်ရှိလာသောအခါ မိမိ၏ လျှို့ဝှက်ချက်ကိုလည်း တင်ပြခဲ့လေသည်။ သို့သော် ဖခင်ကြီးကို ဆင့်ခေါ်ရန်မှု အလျဉ်း မစဉ်းစားခဲ့ပေ။ မိမိ၏ သာကြောင်းမာကြောင်းနှင့် ပတ်သက်၍လည်း အကြောင်းကြားရန် မကြိုးစားခဲ့ပေ။ ထိုအကြောင်းအရင်းကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ နှစ်ပေါင်း (၄၀) ကာလတွင် ဖခင်ကြီးကို မိမိနှင့်ပတ်သက်ပြီး အကြောင်းကြားရန် အခွင့်အရေး များမြောင်စွာ ကြုံခဲ့ရလေသည်။ သို့သော် ဖြစ်ကြောင်းကုန်စင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ စီမံမှုနှင့် ဝဟီဗျာဒိတ်တော်၏ ညွှန်ကြားချက်များအရ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဖခင်ကြီးအား အကြောင်းကြားရန် ခွင့်ပြုချက်မရှိခဲ့၍လည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်ယအ်ကူးဗ် ﷺ အား သားငယ် ဗင်နှ်ယာမီးန်၏ ခွဲခွာမှုနှင့် ပတ်သက်ပြီး နောက်တစ်ကြိမ် စမ်းစစ်မှုပြုရန် ဖြစ်သည်။ ထိုစီမံကိန်း ပြီးမြောက်စေရန်အတွက် အထက်ပါနည်းလမ်းများကို ပေါ်ပေါက်စေခဲ့ခြင်း ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَلَمَّا جَهَّزَهُم بِجَهَازِهِمْ جَعَلَ السِّقَايَةَ فِي رَحْلِ أَخِيهِ ثُمَّ أَذَّنَ مُؤَذِّنٌ أَيَّتُهَا الْعِيرُ إِنَّكُمْ لَسَارِقُونَ ۝٧٠

၁၂ : ၇၀ ။ ။ ထို့နောက် ၎င်း (ယူစွဖ်) သည် ၎င်းတို့အဖို့ စီမံအပ်သည့် (ပစ္စည်း) များကို အဆင်သင့်ဖြစ်အောင် စီမံ၍ ပေးခဲ့ပြီးသောအခါ ရေဖလားကို မိမိညီတော်၏ ခရီးဆောင်ပစ္စည်းထဲတွင် ထည့်လိုက်လေသည်။ ထို့နောက် ကြေညာသူတစ်ဦးက 'အို၊ ခရီးသည်စု၊ ဧကန်မလွဲ အသင်တို့သည် ခိုးသားများပင် ဖြစ်ကြကုန်သည်' ဟု (ဟစ်အော်) ကြေညာခဲ့လေ။

قَالُوا وَأَقْبَلُوا عَلَيْهِم مَّاذَا تَفْقِدُونَ ﴿٧١﴾

၁၂ း ၇၁ ။ ။ (ထိုအခါ) ၎င်း (နောင်တော်) တို့က ထိုကြေညာသူနှင့် အပေါင်းအပါတို့ဘက်သို့ မျက်နှာလှည့်ကာ 'အသင်တို့သည် မည်သည့်အရာကို ပျောက်ဆုံးနေပါသနည်း' ဟု (ပြန်လည်) ပြောဆို မေးမြန်းခဲ့ကြလေသည်။

قَالُوا نَفْقِدُ صُوَاعَ
الْمَلِكِ وَلِمَن جَاءَ بِهِ حِمْلُ بَعِيرٍ وَأَنَا بِهِ زَعِيمٌ ﴿٧٢﴾

၁၂ း ၇၂ ။ ။ ထို (ကြေညာ) သူတို့က (ဤသို့) ပြောဆိုခဲ့ကြလေသည်။ 'ကျွန်ုပ်တို့ ဘုရင်မင်းမြတ်၏ ပမာဏ ခြင်ခွက် (ဖလား) ပျောက်ဆုံးနေပါသည်။ မည်သူမဆို ယင်း (ပမာဏခြင်ခွက် ဖလား) ကို (ရှာဖွေ) ယူဆောင်ခဲ့သည်ရှိသော် ထိုသူသည် ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ) ကို ရရှိမည်ဖြစ်သည်။ စင်စစ် ဤသည်နှင့် စပ်လျဉ်း၍ ကျွန်ုပ် ကိုယ်တိုင် အာမခံသူဖြစ်သည်' (ဟု ဆိုလေ၏။)

قَالُوا تَاللَّهِ لَقَدْ عَلِمْتُم مَّا جِئْنَا لِنُفْسِدَ فِي الْأَرْضِ وَمَا كُنَّا سَارِقِينَ ﴿٧٣﴾

၁၂ း ၇၃ ။ ။ (ထိုအခါ) ၎င်းတို့က 'အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြောအံ့။ ကျွန်ုပ်တို့သည် တိုင်းပြည်တွင် ဆူပူသောင်းကျန်းရန်အတွက် လာခဲ့ကြသည် မဟုတ်ကြောင်း၊ ထို့အပြင် ကျွန်ုပ်တို့သည် ခိုးသားများလည်း မဟုတ်ကြောင်း၊ အသင်တို့ ကောင်းစွာ သိရှိကြပြီးဖြစ်သည်' ဟု ပြောဆို ဖြေကြားခဲ့လေသည်။

قَالُوا فَمَا جَزَاؤُهُ إِن كُنتُمْ كَاذِبِينَ ﴿٧٤﴾

၁၂ း ၇၄ ။ ။ ယင်း (ကြေညာ) သူတို့က 'သို့ဖြစ်လျှင် အကယ်၍ အသင်တို့သည် မုသာဝါဒီများ ဖြစ်ခဲ့ကြပါလျှင် ၎င်း (ခိုးသား) ၏ ပြစ်ဒဏ်သည် မည်သို့ ဖြစ်ပါမည်နည်း' ဟု ပြောဆို (မေးမြန်း) ခဲ့လေ၏။

قَالُوا جَزَاؤُهُ مَن وُجِدَ فِي رَحْلِهِ فَهُوَ جَزَاؤُهُ كَذَٰلِكَ نَجْزِي الظَّالِمِينَ ﴿٧٥﴾

၁၂ း ၇၅ ။ ။ ၎င်း (နောင်တော်) တို့က (ဤသို့) ပြောဆို ဖြေကြားခဲ့လေသည်။ 'အကြင်သူသည် ထိုသူ၏ ခရီးဆောင်ပစ္စည်းတွင် ယင်းခြင်ခွက် (ရေဖလား) ကို တွေ့ရှိခဲ့သော် ထိုသူသည်ပင် မိမိ၏ အစား (သိမ်းပိုက်ခြင်းကို ခံရလိမ့်မည်) ဖြစ်ပေမည်။ ကျွန်ုပ်တို့သည် ဤနည်းအတိုင်းပင် ပြစ်မှုကျူးလွန်သူတို့အား အစား (အပြစ်) ပေးလေ့ ရှိကြကုန်၏။

فَبَدَأَ بِأَوْعِيَتِهِمْ قَبْلَ وِعَاءِ أَخِيهِ ثُمَّ
اسْتَخْرَجَهَا مِن وِعَاءِ أَخِيهِ ۚ كَذَٰلِكَ كِدْنَا لِيُوسُفَ ۖ مَا
كَانَ لِيَأْخُذَ أَخَاهُ فِي دِينِ الْمَلِكِ إِلَّا أَن يَشَاءَ اللَّهُ ۚ نَرْفَعُ
دَرَجَاتٍ مَّن نَّشَاءُ ۗ وَفَوْقَ كُلِّ ذِي عِلْمٍ عَلِيمٌ ﴿٧٦﴾

၁၂ : ၇၆ ။ ။ ထို့နောက် ယင်း (ယူစွဖ်) သည် မိမိညီတော်၏ အိတ် (ကို ရှာဖွေခြင်းမပြုမီ) အလျင်၊ ထိုနောင်တော်များ၏ အိတ်များကို စတင် (ရှာဖွေ) ခဲ့လေသည်။ ထို့နောက် ယင်း (ယူစွဖ်) သည် ထိုပမာဏ ခြင်ခွက် (ဖလား) ကို မိမိညီတော်၏ အိတ်ထဲမှ ထုတ်ဆောင်ခဲ့လေသည်။ ဤအတိုင်းကပင် ငါအသျှင်သည် ယူစွဖ်၏ အကျိုးငှာ ကြံစည်တော်မူခဲ့လေသည်။ (အမှန်စင်စစ်) ထိုယူစွဖ်သည် မိမိ၏ ညီတော်အား (အီဂျစ်) ဘုရင်၏ စည်းမျဉ်းဥပဒေအရ ခေါ်ယူထားနိုင်သည် မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် (ဤအတိုင်းပင်) အလိုရှိတော်မူ၏။ ငါအသျှင်မြတ်သည် မိမိ အလိုရှိတော်မူသော သူအား အဆင့်အတန်းများစွာ မြှင့်တင်၍ ပေးတော်မူ၏။ အမှန်စင်စစ် ပညာရှင်တိုင်း၏ ထက်ဝယ် (၎င်းထက်) အလွန်တတ်မြောက်သော ပညာရှင်တစ်ပါးလည်း ရှိချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တစ်ဖန် ယူစွဖ် عليه السلام သည်) ၎င်းတို့၏ ပစ္စည်းပစ္စယများ (ရိက္ခာများနှင့် ခရီးဆောင်ပစ္စည်းများကို) အရန်သင့် ပြုလုပ်ပေးပြီးသောအခါ (မိမိကိုယ်တိုင် သို့မဟုတ် ယုံကြည်စိတ်ချရသူတစ်ဦး၏ အကြောင်းခံဖြင့်) ရေခွက်ကို (ထိုခွက်ဖြင့်ပင် ရိက္ခာများကို ချိန်တွယ်ခဲ့သည်။) မိမိနောင်တော်များ၏ ပစ္စည်းဥစ္စာများထဲတွင် ထည့်ထားလိုက်လေသည်။ တစ်ဖန် (နောင်တော်တို့သည် မိမိတို့ပစ္စည်းများကို ထမ်းရွက်၍ ထွက်ခွာကြသောအခါ ယူစွဖ် عليه السلام ၏ အမိန့်ဖြင့် အနောက်မှ) ဆင့်ခေါ်သူတစ်ဦးက ဆင့်ခေါ်သည်မှာ 'အို၊ ခရီးသည်တို့၊ မုချဧကန် အသင်တို့သည် သူခိုးများဖြစ်ကြသည်။' ၎င်းတို့က ထို (ရှာဖွေကြသူများ) ဘက်သို့ လှည့်ကာ ပြောဆိုကြသည်မှာ 'အသင်တို့ထံမှ မည်သည့်အရာ ပျောက်ဆုံးသွားပါသနည်း။' (ယင်းကို ခိုးခဲ့သည်ဟု ကျွန်ုပ်တို့အပေါ် သံသယရှိနေကြသည်။) ထိုသူတို့က ပြောဆိုသည်မှာ ကျွန်ုပ်တို့၏ ဘုရင်ကြီး၏ ရိက္ခာချိန်တွယ်သော ခွက်မတွေ့တော့ပေ။ (ထိုခွက်ပျောက်ဆုံးသွားလေပြီ။) ၎င်းနောက် အကြင်မည်သူမဆို ထိုခွက်ကို (လာရောက်) ဆက်သလျှင် ၎င်းကို ကုလားအုတ်တစ်နိုင်စာ ရိက္ခာ (ဘဏ္ဍာတော်မှ ဆုလာဘ်အဖြစ်) ရရှိမည်။ (အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်သည်။ အကယ်၍ ခိုးယူခဲ့သူကိုယ်တိုင်လည်း ပစ္စည်းပြန်လည်အပ်နှံခဲ့လျှင် လွတ်ငြိမ်းခွင့် ရရှိမည့်အပြင် ဆုလာဘ်လည်း ရရှိမည်ဖြစ်သည်။) ၎င်းနောက် ကျွန်ုပ်သည် ထို (ခွက်ကို ရှာဖွေဆက်သရန်) တာဝန်ခံတစ်ဦး ဖြစ်သည်။ (ဤဆင့်ခေါ်သံနှင့် ဆုတော်ငွေချီးမြှင့်ရန် ကြေညာမှုသည် တမန်တော်ယူစွဖ် عليه السلام ၏ အမိန့်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်နိုင်သည်။)

နောင်တော်များက ပြောဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်တို့သည် တိုင်းပြည်တွင် ပြဿနာပြုလုပ်ရန် (ပြဿနာဟုဆိုရာတွင် ခိုးဝှက်မှုလည်း ပါဝင်ပေသည်။) လာရောက်ခဲ့ခြင်း မဟုတ်ကြောင်း အသင်တို့ ကောင်းစွာ သိရှိကြသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ခိုးဝှက်တတ်သူများလည်း မဟုတ်။' (ဆိုလိုသည်မှာ ယင်းသည် ကျွန်ုပ်တို့ လုပ်အပ်သော အလုပ်မဟုတ်ပေ။) ထို (ရှာဖွေကြသူများက) ပြောဆိုကြသည်မှာ 'အကယ်၍ အသင်တို့သည် လိမ်လည်မည်ဆိုလျှင် (၎င်းနောက် အသင်တို့ထဲမှပင် ခိုးမှုပေါ်ခဲ့လျှင်) ထို (သူခိုး) အား မည်သို့ အပြစ်ပေးရမည်နည်း။' ၎င်းတို့က '(ယအ်ကူးဗ် عليه السلام ၏ ရှရီအသ်အရ) ပြန်လည်ဖြေကြားကြသည်မှာ '၎င်း၏ အပြစ်ဒဏ်သည် ဤသို့ ဖြစ်ရမည်။ ယင်းမှာ အကြင်သူ၏ ပစ္စည်းထဲတွင် ထိုခိုးယူပစ္စည်းကို တွေ့ရှိခဲ့လျှင် ထိုသူ့ကိုသာ အပြစ်ဒဏ်ဟု မှတ်ယူရမည်။ (ဆိုလိုသည်မှာ ခိုးယူမှု၏ အပြစ်ဒဏ်အနေနှင့် ဥစ္စာရှင်သည် သူခိုးကို ကျွန်အဖြစ် သိမ်းပိုက်ခွင့် ရှိသည်) ကျွန်ုပ်တို့သည် ညှဉ်းပန်းသူများ (ဆိုလိုသည်မှာ သူခိုးများ) ကို ဤသို့ပင် အပြစ်ပေးလေ့ ရှိသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ရှရီအသ်တွင် ဤဓမ္မသတ်နှင့် ပတ်သက်ပြီး ဤသို့ပင် ဆောင်ရွက်လျက်ရှိသည်။ အချုပ်ဆိုရသော် ထိုစကားရပ်များကို ဆွေးနွေးညှိနှိုင်းပြီးနောက် ပစ္စည်းများကို ချစေခဲ့သည်။)

တစ်ဖန် (ရှာဖွေနေစဉ်) ယူစွဖ် عليه السلام သည် (ကိုယ်တိုင်သော်လည်းကောင်း၊ သို့မဟုတ် ယုံကြည်စိတ်ချရသူတစ်ဦးဖြင့်) မိမိညီငယ်၏ (ပစ္စည်း) အိတ်မှ အဖြေမရှာဖွေဘဲ အခြားနောင်တော်များ၏ (ပစ္စည်း) အိတ်များမှ အစပြု ရှာဖွေခဲ့သည်။ တစ်ဖန် (နောက်ဆုံးတွင်) ထို (ခွက်) ကို ညီငယ်၏ (ပစ္စည်း) အိတ်ကွင်းမှ ရှာထုတ်လိုက်လေသည်။ ငါအသျှင်မြတ်သည် ယူစွဖ် عليه السلام အတွက် (ဗင်ယာမီန်ကို အပါးတွင်ထားရှိရန်) ဤနည်းဖြင့် ဆောင်ရွက်ခဲ့လေသည်။ (ဤသို့ ကြံစွယ်ရခြင်း၏ အကြောင်းအရင်းမှာ) ယူစွဖ် عليه السلام သည် မိမိညီငယ်ကို ထို (အီဂျစ်နိုင်ငံ) ဘုရင်မင်းမြတ်၏ ဥပဒေအရ သိမ်းပိုက်ခွင့် မရှိပေ။ (အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံ၏ ဥပဒေတွင် ခိုးသူအား အနည်းငယ် ဆုံးမကာ ဒဏ်ငွေသတ်မှတ်သည့် ဥပဒေသာလျှင် ရှိသည်။ သွဗ်ရာနီကျမ်းတွင် မအ်မရ်မှ တစ်ဆင့် ဤသို့ ဆင့်ပြန်ထားသည်။ ပထမတစ်ချက်ကိုလည်း ရူးဟွလ်မအာနီးကျမ်းတွင် တင်ပြထားသည်။) သို့သော် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ဤသို့ပင် အလိုရှိတော်မူခဲ့သည်။ (ထို့ကြောင့် နောင်တော်များ၏ နှုတ်မှလည်း ဤဓမ္မသတ်ကို ပြောဆိုခဲ့လေသည်။ ၎င်းနောက် ဤအကြောင်းခံများ၏ စုပေါင်းဖြစ်ပေါ်ခဲ့မှုကြောင့် ယူစွဖ် عليه السلام ၏ အကြံအစည်အောင်မြင်ခဲ့လေသည်။ ၎င်းနောက် ဗင်န်ယာမီန်ကို အမှန်စင်စစ် ကျွန်အဖြစ် သိမ်းပိုက်ခဲ့သည်မဟုတ်။ ၎င်း၏ သဘောဆန္ဒဖြင့် ကျွန်၏ ပုံသဏ္ဍာန်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာတွင် လွတ်လပ်သူတစ်ဦးကို ကျွန်ပြုထိုက်သည်ဟူ၍ သံသယဝင်၍ မရပေ။ ၎င်းနောက် ယူစွဖ် عليه السلام သည် ကြီးမားသော ပညာရှင်တစ်ဦးနှင့် အသိဉာဏ်ကြွယ်ဝသူတစ်ဦး ဖြစ်ပါလျက် ငါအသျှင်မြတ်၏ တွေးခေါ်ကြံဆမှုများကို ဆည်းပူးရန် လိုလားတောင့်တခဲ့ရသူတစ်ဦး ဖြစ်လေသည်။ သို့သာမက) ငါအသျှင်မြတ်အလိုရှိတော်မူသော သူကို (ပညာရေးရာတွင်) ထူးခြားသော အဆင့်အတန်းများအထိ တိုးမြှင့်ပေးအပ်

လေသည်။ ၎င်းနောက် ထိုအသျှင်မြတ်သည် ပညာရှိသူများအားလုံးထက် သာပိုသော အနိုင်းမဲ့ ပညာရှင် ဖြစ်တော်မူသည်။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူသည်။ ဖန်ဆင်းခံများ၏ ပညာသည် ချို့တဲ့ပြီး ဖန်ဆင်းရှင်၏ ပညာသည် ပြည့်ဝတော်မူသည်။ ထို့ကြောင့် မုချဧကန် အဖန်ဆင်းခံတိုင်းသည် မိမိတို့၏ ပညာနှင့် အမြော်အမြင်တို့တွင် ဖန်ဆင်းရှင်ကို လိုလားတောင့်တကြရသည်။ ထို့ကြောင့် အာယသ်တော်တွင် كِدْنَا နှင့် اِلَّا اَنْ يَّشَاءَ اللّٰهُ ဟူသော စာသားများကို သုံးနှုန်းမိန့်ဆိုထားခြင်း ဖြစ်သည်။ အချုပ်ဆိုရသော် ၎င်းတို့၏ အထုတ်များထဲမှ ခွက်ကို တွေ့ရှိလိုက်ရသောအခါ၊ ထို့နောက် ဗင်န်ယာမီးန်သည် တားဆီးခံလိုက်ရသောအခါ နောင်တော်တို့သည် အလွန်တရာ အရှက်ရသွားကြလေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အထက်ပါအာယသ်တော်များတွင် တင်ပြထားသည်မှာ တမန်တော်ယူစွဖ် ﷺ သည် မိမိ၏ ညီအရင်း ဗင်န်ယာမီးန်ကို မိမိထံ ခေါ်ထားလို၍ ဤသို့ ကြံရွယ်ခဲ့လေသည်။ အကြောင်းမှာ နောင်တော်များကို ထုံးစံအတိုင်း ရိက္ခာများပေးပြီးသောအခါ နောင်တော်တစ်ဦးစီ၏ ရိက္ခာကို သီးခြားကုလားအုတ်တစ်ကောင်စီတွင် ၎င်းတို့၏ အမည်များတပ်၍ တင်ဆောင်ပေးလိုက်သည်။

ဗင်န်ယာမီးန်အတွက် ပေးအပ်ခဲ့သော ရိက္ခာကို ကုလားအုတ်အပေါ်သို့ တင်ဆောင်စဉ်တွင် ခွက်တစ်ခွက်ကို ထိုပစ္စည်းများထဲ၌ ဝှက်လိုက်လေသည်။ ထိုခွက်နှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်၏ တစ်နေရာတွင် سِقَايَةُ ဟူသော စာသားဖြင့် သုံးနှုန်းထားပြီး အခြားတစ်နေရာတွင် صُوَاعَ الْمَلِكِ ဟူ၍ သုံးနှုန်းထားပေသည်။ سِقَايَةُ ၏ အဓိပ္ပာယ်မှာ ရေသောက်သော ခွက်ဖြစ်သည်။ صُوَاعٌ ၏ အဓိပ္ပာယ်မှာလည်း ဤသို့သောခွက်ကိုပင် ဆိုလိုသည်။ ယင်းကို مَلِكْ ဟူသော စာသားဘက်သို့ ဆက်နွယ်ရေးသားသည့်အတွက်ကြောင့် ထပ်မံသိရှိရသည်မှာ ဤခွက်သည် တန်ဖိုးကြီးမားပြီး အဖိုးတန်ပစ္စည်းတစ်ခုဖြစ်သည်။ အချို့သော ဆင့်ပြန်ချက်များအရ အဖိုးတန် ရတနာကျောက်ဖြင့် ပြုလုပ်ထားသော ခွက်ဖြစ်သည်။ အချို့က ရွှေခွက်၊ အချို့က ငွေခွက်ဟု ဆိုကြသည်။ မည်သို့ပင်ဆိုစေ ဗင်န်ယာမီးန်၏ အထုပ်တွင် ဝှက်လိုက်သော ခွက်သည် တန်ဖိုးကြီးမားလှသည့်အပြင် အီဂျစ်နိုင်ငံ ဘုရင်မင်းကြီး၏ ထူးခြားသော အသုံးအဆောင်တစ်ခုလည်း ဖြစ်သည်။ ဘုရင်ကြီးကိုယ်တိုင် ထိုခွက်ကို အသုံးပြုသည်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဘုရင့်အမိန့်ဖြင့် ထိုခွက်ကို ရိက္ခာချိန်တွယ်ရာ၌ အသုံးချခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

ثُمَّ اَذَّنَ مُؤَذِّنٌ اَيَّتُهَا الْعِيرُ اِنَّكُمْ لَسَارِقُوْنَ

ဆိုလိုသည်မှာ အနည်းငယ်ကြာမြင့်ပြီးသည့်နောက် ဆင့်ခေါ်သူတစ်ဦးက ဆင့်ခေါ်သည်မှာ 'အို၊ ခရီးသည်တို့၊ အသင်တို့သည် သူခိုးများ ဖြစ်ကြလေသည်။'

ဤနေရာတွင် ثُمَّ ဟူသော စာသားအရ သိရှိသည်မှာ ဤဆင့်ခေါ်မှုသည် ချက်ချင်း ဆင့်ခေါ်ခဲ့ခြင်း မဟုတ်။ အနည်းငယ် အချိန်ပေးပြီးနောက် ဆင့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ထိုအုပ်စုနန်းတော်မှ ထွက်ခွာပြီးသည့်နောက်မှ ဆင့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ သို့မှသာ ဤလုပ်ရပ်သည် လုပ်ကြံမှုတစ်ခုဖြစ်သည်ဟု သံသယမဝင်မည် ဖြစ်သည်။ ထိုသို့ဖြင့် ဤဆင့်ခေါ်သူသည် ယူစွဖ် عليه السلام ၏ နောင်တော်အုပ်စုကို ခိုးဝှက်သူဟု သတ်မှတ်လိုက်လေသည်။

قَالُوْاوَ اَقْبَلُوْا عَلَيْهِمْ مَاذَا تَفْقِدُوْنَ

ဆိုလိုသည်မှာ ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် ဆင့်ခေါ်သူများဘက်သို့ လှည့်၍ ပြောကြားသည်မှာ 'အသင်တို့သည် ကျွန်ုပ်တို့ကို ခိုးဝှက်သူများဟူ၍ စွပ်စွဲနေကြလေသလော။ အသင်တို့ထံမှ မည်သည့် အရာများ ပျောက်ဆုံးသွားသည်ကိုလည်း တင်ပြကြလော။'

قَالُوْا نَفْقِدُ صُوَاعَ الْمَلِكِ وَلِمَنْ جَآءَ بِهٖ حِمْلُ بَعِيْرٍ وَّاَنَا بِهٖ زَعِيْمٌ

ဆင့်ခေါ်သူများက ပြောကြားသည်မှာ ဘုရင်မင်းကြီး၏ ခွက် ပျောက်ဆုံးသွားလေသည်။ ၎င်းနောက် မည်သူမဆို ထိုခွက်ကို ပြန်လည် ရှာဖွေဖော်ထုတ်နိုင်ပါက ၎င်းကို ကုလားအုတ်တစ်နိုင်စာ အပြည့် ရိက္ခာများ ချီးမြှင့်မည်ဖြစ်သည်။ ကျွန်ုပ်သည် ထိုကိစ္စတာဝန်ခံတစ်ဦး ဖြစ်သည်။'

ဤနေရာတွင် မေးမြန်းစရာ မေးခွန်းတစ်ခု ရှိသည်မှာ တမန်တော်ယူစွဖ် عليه السلام သည် ဗင်န်ယာမီးန်ကို မိမိထံပါး၌ ထားရန် ဤသို့ ကြံစည်ခဲ့ခြင်းဖြစ်သည်။ ဖခင်ကြီး ယအ်ကူးဗ် عليه السلام သည် တမန်တော် ယူစွဖ် عليه السلام ကို ခွဲခွာခဲ့ရစဉ်ကလည်း လွန်စွာ ခံစားခဲ့ရလေသည်။ ယခုတစ်ဖန် ညီငယ်ကို မိမိထံတွင် နေစေပြီး ဒုတိယတစ်ကြိမ် ထပ်မံ၍ အဘယ်ကြောင့် သောကရောက်စေလိုသနည်း။

ထို့ထက်ပို၍ အရေးကြီးသော ဒုတိယမေးခွန်းတစ်ခုမှာ အပြစ်မဲ့သော နောင်တော်များကို သူခိုးဟု စွပ်စွဲခြင်းဖြစ်သည်။ ၎င်းတို့၏ အထုပ်ပိုးများတွင် ပစ္စည်းတစ်ခုကို လျှို့ဝှက်စွာ ထားစေခဲ့ပြီး လုပ်ကြံခဲ့သည်။ ၎င်းနောက် တစ်ဖန် အများရှေ့တွင် အရှက်ရစေခဲ့ခြင် စသည်တို့သည် မပြုပိုင်သော လုပ်ရပ်များဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ နဗီတစ်ပါးဖြစ်သော ယူစွဖ် عليه السلام သည် ဤလုပ်ရပ်များကို အဘယ်ကြောင့် ပြုလုပ်ခဲ့ပါသနည်း။

ကုရ်သုဗီ (ရဟ) သခင်က တင်ပြထားသည်မှာ ဗင်န်ယာမီးန်သည် ယူစွဖ် عليه السلام ကို မှတ်မိသွားသောအခါ ၎င်းသည် စိတ်သက်သာမှု ရခဲ့လေသည်။ ထို့နောက် နောင်တော်ကို လျှောက်ထားသည်မှာ 'ကျွန်ုပ်ကို ထိုနောင်တော်များနှင့်အတူ ပြန်လည် မစေလွှတ်ပါနှင့်။ အသင်နှင့်သာ အတူ ထားရှိပါ'ဟူ၍ ဖြစ်သည်။ တမန်တော်ယူစွဖ် عليه السلام ကလည်း ပထမဦးဆုံး အကြောင်းပြချက်ကို တင်ပြခဲ့သည်မှာ 'အကယ်၍ အသင် ဤနေရာတွင် နေခဲ့လျှင် ဖခင်ကြီးသည် စိတ်သောကရောက်လေမည်။' ဒုတိယတစ်ချက်မှာ အသင့်ကို မိမိထံ ထားရှိရန် သူခိုးဟု စွပ်စွဲခြင်းမှအပ မည်သည့်နည်းလမ်းမှ မတွေ့ရှိရပေ။ ဤသို့ စွပ်စွဲပြီး ဖမ်းဆီးမှသာ မိမိထံ ထားရှိနိုင်မည်။' ဗင်န်ယာမီးန်သည် နောင်တော်များ၏ ဆက်ဆံမှုကို မနှစ်မြို့တော့၍ ထိုကြံစည်မှုများကို လက်ခံလိုက်လေသည်။

သို့သော်လည်း ဤအကြောင်းအရာသည် မှန်ကန်သည်ဟု ဆိုသည့်အတိုင်း ဗင်နယာမီးန်တစ်ဦးတည်း၏ သဘောတူနှစ်မြို့မှုဖြင့် ဖခင်ကြီးကို စိတ်သောကရောက်စေခြင်း၊ ၎င်းနောက် နောင်တော်များကို အရှက်စေရခြင်း၊ ၎င်းနောက် ညီငယ်ကို သူခိုးဟု စွပ်စွဲပြောဆိုခြင်း စသည်တို့သည် ပြုပိုင်သွားမည် မဟုတ်ပေ။ ထို့နောက် အချို့ပညာရှင်များက သုံးသပ်ကြသည်မှာ ဆင့်ခေါ်သူများ၏ သူခိုးဟု စွပ်စွဲခြင်းသည် ယူစွဖ် عليه السلام ၏ ခွင့်ပြုချက်အရ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ သို့သော် ဤသုံးသပ်မှုသည် အထောက်အထားမရှိသော ၎င်းနောက် အကြောင်းအရာနှင့် ဆက်စပ်မှုမရှိသော သုံးသပ်မှုသာလျှင် ဖြစ်သည်။ ထိုနည်းတူစွာ အခြားသုံးသပ်ချက်တစ်ခုမှာ နောင်တော်တို့သည် ယူစွဖ် عليه السلام ကို ဖခင်ကြီးထံမှ ခိုးယူကာ ရောင်းစားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ၎င်းတို့ကို သူခိုးဟု ဆိုခဲ့ခြင်းဖြစ်သည်။ သုံးသပ်မှုများအမျိုးမျိုး ရှိခဲ့သော်လည်း အထက်ပါမေးခွန်းများ၏ တိကျမှန်ကန်သော အဖြေမှာ ဤသို့ဖြစ်သည်။ ယင်းအဖြေကို ကုရ်သုဗီကျမ်းရှင်နှင့် မဇ္ဇဟရီးကျမ်းရှင်တို့က ရေးသားထားသည်မှာ ဤအကြောင်းအရာတွင် ဖြစ်ပျက်ခဲ့သမျှနှင့် ပြောဆိုခဲ့သမျှတို့သည် ဗင်နယာမီးန်၏ သဘောဆန္ဒအရ ဖြစ်ပျက်ခဲ့ခြင်း မဟုတ်သကဲ့သို့ ယူစွဖ် عليه السلام ၏ ကြံဆမှုများကြောင့်လည်း မဟုတ်ပေ။ သို့သာမက ဤသည်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရ ၎င်းနောက် အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူသော ဉာဏ်အမြော်အမြင်တို့၏ သရုပ်ဖော်တင်ပြမှုများသာ ဖြစ်လေသည်။ ဤဖြစ်ရပ်များသည် တမန်တော်ယာအ်ကူးဗ် عليه السلام ကို စမ်းသပ်မှုများ ပြုလုပ်ရာတွင် ပြီးပြည့်စုံရန် ဖြစ်သည်။ ထိုအဖြေနှင့် ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်တွင်လည်း အောက်ပါ အာယသ်တော်အရ ရည်ညွှန်းထားကြောင်း သိရှိနိုင်သည်။

كَذَٰلِكَ كِدْنَا لِيُوسُفَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ဤသို့ပင် ယူစွဖ် عليه السلام အတွက် ၎င်း၏ ညီတော်ကို ထားရှိရန် ကြံဆခဲ့လေသည်။

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ဤကြံဆမှုကို ထင်ထင်ရှားရှား မိမိဘက်သို့ ရည်ညွှန်းထားတော်မူသည်။ ထို့ကြောင့် ဤဖြစ်စဉ်များအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကြောင့် ဖြစ်ပျက်ခဲ့ခြင်းကြောင့် ယင်းကို မပြုပိုင်ဟု ပြောဆိုခြင်းသည် မည်သို့မျှ အဓိပ္ပာယ် မရှိနိုင်ပေ။ ပမာဆိုရသော် ဤဖြစ်ရပ်သည် တမန်တော်မူစာ عليه السلام နှင့် ခိသ္ဍိရ် عليه السلام ၏ အကြောင်းအရာတွင် လှေကို ဖျက်ဆီးခြင်း၊ ကလေးကို သတ်ပစ်ခြင်း စသည်တို့သည် အပေါ်ယံအပြစ်ထိုက်သော လုပ်ရပ်များ ဖြစ်သည်။ ထို့ကြောင့်ပင် မူစာ عليه السلام သည် ၎င်းကို တားမြစ်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ခိသ္ဍိရ် عليه السلام သည် ဤလုပ်ရပ်များကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် သီးခြား အကျိုးသက်ရောက်မှုများအတွက် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အပြစ်ထိုက်သော လုပ်ရပ်ဟု မဆိုနိုင်ပေ။

قَالُوا تَاللَّهِ لَقَدْ عَلِمْتُم مَّا جِئْنَا لِنُفْسِدَ فِي الْأَرْضِ وَمَا كُنَّا سَارِقِينَ

ဆိုလိုသည်မှာ ဘုရင်မင်းကြီး၏ သံတမန်တို့သည် ယူစွဖ် عليه السلام ၏ နောင်တော်တို့အပေါ် ခိုးမှုနှင့် ပတ်သက်ပြီး စွပ်စွဲသောအခါ ၎င်းတို့က ပြန်လည်၍ ပြောကြားကြသည်မှာ အစိုးရဘဏ္ဍာတိုက်

တာဝန်ခံများကိုယ်တိုင် ကျွန်ုပ်တို့၏ အခြေအနေကို သိရှိကြသည်။ ကျွန်ုပ်တို့သည် ဤနေရာသို့ ပြဿနာဖန်တီးရန် လာရောက်ခဲ့ကြခြင်း မဟုတ်။ ထို့နောက် ကျွန်ုပ်တို့သည် သူခိုးများလည်း မဟုတ်ကြပေ။

قَالُوْا فَمَا جَزَآؤُهٗٓ اِنْ كُنْتُمْ كٰذِبِيْنَ

ဆိုလိုသည်မှာ ဘုရင့်တာဝန်ခံများက ပြောကြားကြသည်မှာ အကယ်၍ အသင်တို့ လိမ်လည်သည်ဟု ပေါ်လွင်ခဲ့သော် အသင်တို့ပင် တင်ပြလော။ ခိုးဝှက်ခြင်း၏ ပြစ်ဒဏ်သည် မည်သို့ ဖြစ်သင့်သနည်း။

قَالُوْا جَزَآؤُهٗ مَنْ وُّجِدَ فِيْ رَحْلِهٖ فَهُوَ جَزَآؤُهٗ ؕ كَذٰلِكَ نَجْزِى الظّٰلِمِيْنَ

ဆိုလိုသည်မှာ ယူစွဖ် عليه السلام ၏ နောင်တော်များက ပြောကြားကြသည်မှာ 'အကြင်သူ၏ အထုပ်အပိုးထဲတွင် ခိုးယူပစ္စည်းကို တွေ့ရှိပါက ထိုခိုးယူသူကိုပင်လျှင် ပြစ်ဒဏ်ဟူ၍ သတ်မှတ်ရမည်။ ကျွန်ုပ်တို့သည် သူခိုးများကို ဤကဲ့သို့ပင် အပြစ်ပေးလေ့ ရှိသည်။

အလိုသဘောမှာ တမန်တော်ယာအ်ကူးဗ် عليه السلام ၏ ရှရီအသ်တွင် သူခိုး၏ ပြစ်ဒဏ်သည် ဤသို့ဖြစ်သည်။ ပစ္စည်းခိုးခံရသူသည် သူခိုးကို မိမိကျွန်အဖြစ် သိမ်းပိုက်ရမည်ဖြစ်သည်။ အစိုးရတာဝန်ခံများသည် ဤနည်းဖြင့် ယူစွဖ် عليه السلام ၏ ရှရီအသ်အရ တရားစီရင်မှုကို ဖွင့်ဟဝန်ခံစေ၍ ဗင်န်ယာမီးန်၏ အထုတ်အပိုးထဲမှ ခိုးယူပစ္စည်းကို တွေ့ရှိခဲ့သော် ၎င်းတို့၏ ဆုံးဖြတ်ချက်အတိုင်း ဗင်န်ယာမီးန်ကို ယူစွဖ် عليه السلام ၏ လက်ဝယ် မည်သို့မျှ မတတ်သာဘဲ အပ်နှံရန် စီမံခဲ့ခြင်း ဖြစ်သည်။

فَبَدَاَ بِاَوْعِيَتِهِمْ قَبْلَ وِعَآءِ اَخِيْهِ

ဆိုလိုသည်မှာ အစိုးရစစ်ဆေးရေးတာဝန်ခံများသည် မိမိတို့၏ အကြံအစည်ကို လျှို့ဝှက်စွာ ဆောင်ရွက်နိုင်ရန် ဦးစွာပထမ နောင်တော်များ၏ အထုတ်အပိုးများကို ရှာဖွေခဲ့သည်။ ဗင်န်ယာမီးန်၏ အထုပ်အပိုးကို အလျင် မဖွင့်ခဲ့ပေ။ ၎င်းတို့အပေါ် သံသယကင်းရန် ဤသို့ ပြုခဲ့ခြင်းဖြစ်သည်။

ثُمَّ اسْتَخْرَجَهَا مِنْ وِّعَآءِ اَخِيْهِ

ဆိုလိုသည်မှာ ဗင်န်ယာမီးန်၏ အထုပ်အပိုးကို နောက်ဆုံးမှ ဖွင့်ခဲ့သည်။ ထိုထဲမှ ဘုရင်မင်းကြီး၏ ခွက်ကို တွေ့ရှိခဲ့ပေသည်။ ထိုအချိန် နောင်တော်တို့သည် အရှက်ရကာ ခေါင်းငိုက်စိုက်ကြကုန်တော့သည်။ ၎င်းနောက် ဗင်န်ယာမီးန်ကိုလည်း အသင်သည် ကျွန်ုပ်တို့ကို သိက္ခာကျစေခဲ့သည်ဟု ပြင်းပြင်းထန်ထန် ပြောဆို ရှုံ့ချလေတော့သည်။

كَذٰلِكَ كِدْنَا لِيُوْسُفَ ؕ مَا كَانَ لِيَاْخُذَ اَخَاهُ فِيْ دِيْنِ الْمَلِكِ اِلَّاۤ اَنْ يَّشَآءَ اللّٰهُ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ယူစွဖ် عليه السلام အတွက် ဤနည်းဖြင့် ကြံစည်ခဲ့လေသည်။ ၎င်းသည် မိမိ၏ ညီငယ်ကို အီဂျစ်ဘုရင်မင်းမြတ်၏ ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခွင့် မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်

သူခိုးတစ်ယောက်နှင့် ပတ်သက်ပြီး အီဂျစ်နိုင်ငံ၏ ဥပဒေမှာ သူခိုးကို ရိုက်နှက်ဆုံးမကာ ခိုးယူပစ္စည်း၏ တန်ဖိုးနှစ်ဆပေးလျော်စေပြီး လွှတ်လိုက်ရမည်ဖြစ်သည်။ သို့သော် ၎င်းတို့သည် ယူစွဖ် عليه السلام ၏ နောင်တော်များထံမှ ယအ်ကူးဗ် عليه السلام ၏ ရှရီအသ်တွင် သူခိုးတစ်ယောက်၏ ပြစ်ဒဏ်သည် မည်သို့ရှိသည်ကို မေးမြန်းခဲ့ကြသည်။ ထိုနည်းလမ်းအတိုင်း ဗင်နယာမီးန်ကို မိမိတို့ထံ ခေါ်ယူထားရှိရန် အကြံအစည်မှာလည်း အောင်မြင်သွားလေသည်။ ဤသို့ဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်တော်နှင့် အလိုတော်အရ ယူစွဖ် عليه السلام ၏ ဆန္ဒသည်လည်း ပြည့်ဝခဲ့ပေသည်။

نَرۡفَعُ دَرَجَٰتٖ مَّن نَّشَآءُۗ وَفَوۡقَ كُلِّ ذِي عِلۡمٍ عَلِيمٞ

ဆိုလိုသည်မှာ ငါအသျှင်မြတ် အလိုတော်ရှိတော်မူသော သူကို အဆင့်အတန်း မြှင့်တင်ပေးတော်မူသည်။ ဤအကြောင်းအရာတွင်လည်း ယူစွဖ် عليه السلام ၏ အဆင့်အတန်းကို ၎င်း၏ နောင်တော်များထက် မြှင့်တင်ပေးတော်မူသကဲ့သို့ ဖြစ်သည်။ ၎င်းနောက် ပညာရှိသူတိုင်းသေက်ဝယ် ၎င်းထက် သာပို၍ ပညာရှိ တစ်ပါး ရှိနေသည်။

အလိုသဘောမှာ အဖန်ဆင်းခံများတွင် ငါအသျှင်မြတ်သည် အချို့ကို အချို့ထက် ဉာဏ်ပညာအရ သာပို ထွတ်မြတ်စေခဲ့သည်။ ကြီးမားသော ပညာရှင်ကြီးများအပေါ်တွင် ၎င်းတို့ထက် သာပိုသော ပညာရှင် ရှိနေတတ်သည်။ ၎င်းနောက် အကယ်၍ တစ်ဦးတစ်ယောက်သည် ရှိရှိသမျှသော ဖန်ဆင်းခံများတွင် သူ့ထက်ပို၍ ပညာရှင်သူတစ်ဦးတစ်ယောက်မျှ မရှိတော့ဟုဆိုလျှင် ကြီးကျယ်မြင့်မြတ်တော်မူသော၊ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဉာဏ်ပညာတော်သည် အားလုံးထက် နှိုင်းဖွယ်မရှိ သာပိုပေသည်။

ပညတ်ချက်များ

အထက်ပါအာယသ်တော်များတွင် အချို့သော ပညတ်ချက်များ သိရှိရသည်။

ပထမပညတ်ချက် ။ ။ وَلِمَن جَآءَ بِهِۦ حِمۡلُ بَعِيرٖ ဟူသော အာယသ်တော်အရ သိရှိရသည်မှာ သတ်မှတ်ထားသော အလုပ်တစ်ခုကို ပြုလုပ်ရန် အဖိုးအခ သတ်မှတ်၍ (သို့) ဆုလဒ်တစ်ခုခု သတ်မှတ်၍ ဤသို့ ကြေညာချက် ထုတ်ပြန်မည်ဆိုသော် ပြုပိုင်ခွင့်ရှိ၏။ အကြောင်းမှာ အကြင်မည်သူမဆို သတ်မှတ်ထားသည့် အလုပ်ကို လုပ်ဆောင်နိုင်ပါက အဘယ်မျှ ဆုလာဘ်များ (သို့) အဖိုးအခများ ရရှိမည်ဖြစ်သည်။ ဥပမာ- ကြေညာချက်ထုတ်ပြန်ထားသော တရားခံများကို ဖမ်းဆီးခြင်း၊ (သို့) ပျောက်ဆုံးနေသော ပစ္စည်းကို ရှာဖွေ၍ ပြန်လည်အပ်နှံခြင်း စသည့် ဆုတော်ငွေ သတ်မှတ်ထားသည့် ကြေညာချက်များကို ထုတ်ပြန် ကြေညာလေ့ ရှိသည်။ အမှန်စင်စစ် ဤပုံသဏ္ဍာန်သည် ဖိကာဟ်ဓမ္မသတ်၏ အဖိုးအခသတ်မှတ်သည့် ဥပဒေတွင် အကျုံးမဝင်သော်လည်း ဤအာယသ်တော်အရ ပြုပိုင်ခွင့်ရှိသည်ဟု သိရှိရသည်။ *[ကုရ်သုဗီးကျမ်း]*

ဒုတိယပညတ်ချက် ။ ။ أَنَا بِهِ زَعِيمٌ ဟူသော စာသားအရ သိရှိရသည်မှာ တစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦးဘက်မှ ဥစ္စာပစ္စည်း ရပိုင်ခွင့်ကို တာဝန်ယူဆောင်ရွက်ခွင့် ရှိသည်။ အွမ္မသ်ထုတစ်ရပ်လုံး၏ ဂျမ်ဟူးရ် ဖမ္မသတ်ပညာရှင်များထံတွင် ယင်းနှင့် ပတ်သက်သော ပုံသဏ္ဍာန်မှာ ပစ္စည်းရပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်သည် မိမိပစ္စည်းကို ရမည့်သူထံမှသော်လည်းကောင်း၊ တာဝန်ယူဆောင်ရွက်သော သူထံမှသော် လည်းကောင်း မိမိနှစ်သက်သူထံမှ ရယူပိုင်ဆိုင်ခွင့် ရှိသည်။ အကယ်၍ တာဝန်ခံသူထံမှ ရယူခဲ့လျှင် ရယူခဲ့သော ပစ္စည်းအတိုင်းအတာနှင့်အညီ ထိုတာဝန်ခံသည် ပစ္စည်းရမည့်သူထံမှ ပြန်လည်ရယူခွင့် ရှိသည်။

[ကုရ်သုဗီးကျမ်း]

တတိယပညတ်ချက် ။ ။ كَذَٰلِكَ كِدْنَا لِيُوسُفَ ဤအာယသ်တော်အရ သိရှိရသည်မှာ ရှရီအသ် တရားတော်၏ အကျိုးသက်ရောက်မှုတစ်ခုခု ရှိစေရန်အတွက် အမှုကိစ္စတစ်ခု၏ ပုံသဏ္ဍာန်ကို ပြောင်းလဲ ခြင်း၊ ယင်းသို့ ပြောင်းလဲခြင်းဖြင့် ပညတ်ချက်သည်လည်း ပြောင်းလဲသွားသည်။ ယင်းကို ဖမ္မသတ် ပညာ၏ ဝေါဟာရတွင် 'ဟီလာအေ့ရှရ်အီယာ' ဟု ခေါ်ဆိုပေသည်။ တရားတော်အရ ဤသို့ ပြုပိုင်ခွင့် ရှိသည်။ သို့သော် သတ်မှတ်ချက်တစ်ခု ရှိသည်မှာ ဤသို့ပြုခြင်းဖြင့် ရှရီအသ်၏ ပညတ်ချက်များတွင် ယိုယွင်းမှုများ မဖြစ်ပေါ်စေရ။ သို့မဟုတ်က ဤ 'ဟီလာ' (ရှောင်ရှားမှု) ပြုခြင်းသည် ဖမ္မသတ်ပညာရှင် များ၏ တစ်ညီတစ်ညွတ်တည်း မိန့်ဆိုချက်အရ 'ဟရာမ်'ဖြစ်လေသည်။ ဥပမာ- 'ဇကားသ်'ကို ရှောင်ရှား ရန် 'ဟီလာ' (ရှောင်ရှားမှု) တစ်ခုခုပြုခြင်း (သို့) ရမ်ဇာန်မတိုင်မီ အရေးကြီးကိစ္စမရှိဘဲ 'ရိုဇာဟ်'မထား ခြင်း ပြုပိုင်ရန် သက်သက် ခရီးထွက်ခြင်း စသည်တို့သည် ပညာရှင်များအားလုံးက 'ဟရာမ်'ဟု သတ်မှတ် ထားသည်။ ဤသို့ ဝိနည်းရှောင်ခြင်းကြောင့် အချို့သော မျိုးနွယ်စုများပေါ်သို့ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်' ပြစ်ဒဏ်များ ကျရောက်ခဲ့လေသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ သည် ဤသို့ ဝိနည်း ရှောင်ခြင်းမှ တားမြစ်ထားသည်။ ပညာရှင်များကလည်း တစ်ညီတစ်ညွတ်တည်း 'ဟရာမ်'ဟု သတ်မှတ် ထားသည်။ ဤသို့ 'ဟီလာ' (ရှောင်ရှားမှု) ပြု၍ 'အမလ်'လုပ်ခြင်းဖြင့် မည်သည့်အလုပ်မှ ပြုပိုင်ခွင့် ရှိသွားသည်မဟုတ်။ အပြစ်နှစ်ဆ တိုးပွားလာမည်သာ ဖြစ်သည်။ တစ်ခုမှာ မပြုပိုင်သော အလုပ်ကို လုပ်ခြင်း၊ အခြားတစ်ခုမှာ မပြုပိုင်သော 'ဟီလာ' (ရှောင်ရှားမှု) ကို ပြုလုပ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော် အလ္လာဟ်နှင့် အလ္လာဟ့်ရရူလ်ကို လှည့်စားခြင်းနှင့် တူသည်။ ဤသို့ 'ဟီလာ' (ရှောင်ရှားမှု) ပြု ခြင်းနှင့် ပတ်သက်ပြီး မပြုပိုင်ကြောင်းကို ဘိုခါရီကျမ်းရှင်သည် မိမိကျမ်းတွင် كتاب الحيل ဟူသော အမည်ဖြင့် ကဏ္ဍတစ်ခုကို ဖွင့်ဆိုရေးသားထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالُوٓا۟ إِن
يَسْرِقْ فَقَدْ سَرَقَ أَخٌ لَّهُۥ مِن قَبْلُ ۚ فَأَسَرَّهَا يُوسُفُ فِى
نَفْسِهِۦ وَلَمْ يُبْدِهَا لَهُمْ ۚ قَالَ أَنتُمْ شَرٌّ مَّكَانًا ۖ وَٱللَّهُ أَعْلَمُ
بِمَا تَصِفُونَ ﴿٧٧﴾

၁၂ ： ၇၇ ။ ။ ၄င်းတို့က အကယ်၍ ‘ဤ (ညီငယ်) သည် ခိုးဝှက်သည်ရှိသော် (အံ့ဖွယ်ရာမဟုတ်ပေ။ အကြောင်းမှာ) ယင်း၏ နောင်တော် (ယူစွဖ်) သည်လည်း ယခင်က ခိုးဝှက်ခြင်းကို ပြုခဲ့ဘူးသည်’ ဟု ပြောဆိုခဲ့ကြလေသည်။ သို့ပါလျှက် ယူစွဖ်သည် ယင်းပြောဆိုချက်ကို မိမိ၏ စိတ်ထဲ၌မျိုး ထားရှိခဲ့လေသည်။ ၄င်းပြင် ထိုစကားကို ၄င်းတို့ရှေ့တွင် ထုတ်ဖော် (ပြောဆို) ခြင်း မပြုခဲ့ချေ။ (သို့ရာတွင်) ၄င်း (ယူစွဖ်) သည် (မိမိ၏ စိတ်ထဲတွင်) ‘အသင်တို့သည် အဆင့်အတန်းအားဖြင့် ပိုမို၍ပင် ဆိုးရွားသူများ ဖြစ်ကြသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ (စွပ်စွဲ) ပြောဆိုလျက် ရှိကြသည်ကို အသိဆုံးပင် ဖြစ်တော်မူပေသည်’ ဟု ပြောဆိုခဲ့လေသည်။

قَالُوا۟ يَٰٓأَيُّهَا ٱلْعَزِيزُ إِنَّ لَهُۥٓ أَبًا شَيْخًا
كَبِيرًا فَخُذْ أَحَدَنَا مَكَانَهُۥٓ ۖ إِنَّا نَرَىٰكَ مِنَ ٱلْمُحْسِنِينَ ﴿٧٨﴾

၁၂ ： ၇၈ ။ ။ ၄င်း (နောင်တော်) တို့က ပြောဆိုခဲ့ကြပြန်သည်မှာ ‘အိုး, အဇီးဇ်၊ ဧကန်စင်စစ် ထိုညီငယ်၏ ဖခင်မှာ အလွန်အိုမင်း၍ အသက်အရွယ် ကြီးရင့်ပါပြီ။ သို့ပါ၍ အသင်သည် ကျွန်ုပ်တို့အနက် တစ်ဦးဦးကို ၄င်း (ညီ) ၏အစား ယူထားပါလေ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ကျေးဇူးပြုတတ်သူ ဖြစ်သည်’ ဟူ၍ပင် မြင်ကြပေသည်။

قَالَ مَعَاذَ ٱللَّهِ أَن نَّأْخُذَ إِلَّا مَن وَجَدْنَا مَتَٰعَنَا عِندَهُۥٓ
إِنَّآ إِذًا لَّظَٰلِمُونَ ﴿٧٩﴾

၁၂ ： ၇၉ ။ ။ (ထိုအခါ) ၄င်း (ယူစွဖ်) က ‘ငါတို့သည် မိမိတို့ ပစ္စည်းကို တွေ့ရှိသောသူမှအပ အခြားသူအား ဖမ်းဆီးခြင်းကို မပြုမိကြရန် အလ္လာဟ်အသျှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုကို ရှာမှီ (ခိုင်လုံ) ကြပေသည်။ ဧကန်စင်စစ် ငါတို့သည် (ထို) သို့ ပြုခဲ့ကြပါလျှင် အမှန်ပင် မတရားသောသူများ ဖြစ်ကြပေလိမ့်မည်’ ဟု ပြောဆို ပြန်ကြားခဲ့လေသည်။

فَلَمَّا ٱسْتَيْـَٔسُوا۟ مِنْهُ خَلَصُوا۟ نَجِيًّا ۖ
قَالَ كَبِيرُهُمْ أَلَمْ تَعْلَمُوٓا۟ أَنَّ أَبَاكُمْ قَدْ أَخَذَ عَلَيْكُم

مَّوْثِقًا مِّنَ اللَّهِ وَمِن قَبْلُ مَا فَرَّطتُمْ فِي يُوسُفَ ۖ فَلَنْ أَبْرَحَ الْأَرْضَ حَتَّىٰ يَأْذَنَ لِي أَبِي أَوْ يَحْكُمَ اللَّهُ لِي ۖ وَهُوَ خَيْرُ الْحَاكِمِينَ ﴿٨٠﴾

၁၂ : ၈၀ ။ ။ နောက်ဆုံးတွင် ၎င်း (နောင်တော်) တို့သည် ယင်းယူစွဖ်ထံမှ မျှော်လင့်ချက် ကင်းမဲ့ခဲ့ကြသောအခါ (၎င်း၏ထံမှ) ဆုတ်ခွာခဲ့ကြ၍ (အချင်းချင်း) လျှို့ဝှက်တိုင်ပင်ကြပြန်သည်။ (ထိုအခါ) ၎င်း (နောင်တော်) တို့အနက်မှ အကြီးဆုံးဖြစ်သူက '(အို၊ ငါ၏ ညီတော်များ) အသင်တို့သည်၊ အသင်တို့ထံမှ (ယင်းညီတော်နှင့် ပတ်သက်၍) အလ္လာဟ်အသျှင်မြတ်အား တိုင်တည်စေပြီး (အခိုင်အမာ) ကတိခံဝန်ချက်ယူခဲ့သည်ကိုလည်းကောင်း၊ အသင်တို့သည် ယခင်က ယူစွဖ်နှင့် ပတ်သက်၍ (ကတိ) ပျက်ကွက် လစ်ဟင်းခဲ့ကြသည်ကိုလည်းကောင်း မသိခဲ့ကြပါသလော။ သို့ဖြစ်ပေရာ ငါ၏ ဖခင်သည် ငါ့အား ခွင့်မပြုသမျှသော်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် ငါ၏အဖို့ စီရင်ဆုံးဖြတ်တော်မူခြင်း မပြုတော်မူသမျှ သော်လည်းကောင်း၊ ငါသည် ဤ (အီဂျစ်) တိုင်းပြည်မှ အလျှင်း စွန့်ခွာမည် မဟုတ်ပေ။ စင်စစ် ထိုအလ္လာဟ်အသျှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်' ပြောဆိုခဲ့လေသည်။

ارْجِعُوا إِلَىٰ أَبِيكُمْ فَقُولُوا يَا أَبَانَا إِنَّ ابْنَكَ سَرَقَ وَمَا شَهِدْنَا إِلَّا بِمَا عَلِمْنَا وَمَا كُنَّا لِلْغَيْبِ حَافِظِينَ ﴿٨١﴾

၁၂ : ၈၁ ။ ။ အသင်တို့သည် မိမိတို့၏ ဖခင်ထံသို့ ပြန်၍သွားကြပြီးလျှင် (ဤသို့) ပြောဆို လျှောက်ထားကြလေကုန်။ အို၊ ခမည်းတော်၊ ဧကန်မလွဲ ခမည်းတော်၏ သားတော်သည် ခိုးဝှက်ခဲ့ပါသည်။ ၎င်းအပြင် ကျွန်တော်မျိုးတို့သည် မိမိတို့ (မျက်မြင်ကိုယ်တွေ့) သိရှိခဲ့ကြသည်မှအပ တစ်ခြားတစ်စုံတစ်ရာကိုမျှ သက်သေခံကြသည် မဟုတ်ပါ။ စင်စစ်မှာမူ ကျွန်တော်မျိုးတို့သည် အကွယ်၌ရှိသော ကိစ္စများကို သိရှိကြသည် မဟုတ်ပါ။

وَاسْأَلِ الْقَرْيَةَ الَّتِي كُنَّا فِيهَا وَالْعِيرَ الَّتِي أَقْبَلْنَا فِيهَا ۖ وَإِنَّا لَصَادِقُونَ ﴿٨٢﴾

၁၂ : ၈၂ ။ ။ ထို့ပြင် အသင် (ဖခင်) သည် 'ကျွန်တော်မျိုးတို့ နေထိုင်ခဲ့ကြသော (အီဂျစ်) မြို့သူ၊ မြို့သားများအား လည်းကောင်း၊ ကျွန်တော်မျိုးတို့နှင့်အတူ လာခဲ့ကြကုန်သော ခရီးသည် အများစုအားလည်းကောင်း၊ စုံစမ်းမေးမြန်း၍ ကြည့်ပါ။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် သစ္စာဝါဒီများပင် ဖြစ်ကြပါသည်' (ဟု လျှောက်ထားရန် မှာကြားလေသည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ပြောဆိုကြသည်မှာ (လူကြီးမင်း) အကယ်၍ ထိုသူသည် ခိုးဝှက်ခဲ့သည်ဆိုသော် (အံ့သြဖွယ်ရာ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ထိုသူ၏ ညီနောင်တစ်ဦး (ရှိခဲ့သည်။ ထိုသူသည်) လည်း (ထိုနည်းတူစွာ) သူ့အလျင်က ခိုးဝှက်ခဲ့ဖူးသည်။ (ထိုအကြောင်းအရာကို ဒုရ်ရေမန်စူရ်ကျမ်းတွင် ဤကဲ့သို့ တင်ပြထားသည်။ တမန်တော်ယူစွဖ် عليه السلام ကို ငယ်ရွယ်စဉ်အခါက ၄င်း၏ 'အရီး'က ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ သိတတ်စအရွယ် ရောက်လာသောအခါ တမန်တော်ယအ်ကူးဗ် عليه السلام က သားကို ပြန်ခေါ်လိုခဲ့သည်။ အရီးဖြစ်သူကလည်း ၄င်းကို အလွန်လိုလားခဲ့သည်။ မိမိထံပါးတွင်သာ ထားလိုခဲ့သည်။ ထို့ကြောင့် အရီးဖြစ်သူသည် ယူစွဖ် عليه السلام ၏ ခါးတွင် ခါးစီးကြိုးတစ်ချောင်းကို အဝတ်များကြားတွင် ညပ်၍ ခါးစီးကြိုး ပျောက်သွားပြီဟု အသံလွှင့်လိုက်လေသည်။ ထို့နောက် အားလုံးကို ရှာဖွေစစ်ဆေးကြည့်သောအခါ ယူစွဖ် عليه السلام ၏ ခါးမှ ထိုကြိုး ထွက်ပေါ်လာလေသည်။ ၄င်းနောက် ထိုရှရီအသ်တရားတော်နှင့်အညီ ယူစွဖ် عليه السلام သည် မိမိ၏ အရီးထံတွင် နေထိုင်ခဲ့ရသည်။ ၄င်းအရီးသေဆုံးသွားပြီးသော အချိန်မှသာ ယူစွဖ် عليه السلام သည် မိမိ၏ဖခင် ယအ်ကူးဗ် عليه السلام ၏ ထံပါးသို့ ပြန်လည်ရောက်ရှိလာသည်။ ၄င်းနောက် ဖြစ်နိုင်ဖွယ်ရှိသည်မှာ ဤသည်လည်း ယူစွဖ် عليه السلام ၏ သဘောဆန္ဒအရ ဖြစ်မည်။ ထို့ကြောင့် ဤဖြစ်ရပ်တွင်လည်း လွတ်လပ်သူ တစ်ဦးကို ကျွန်ပြုရာ မရောက်နိုင်ခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေ တမန်တော်ယူစွဖ် عليه السلام ၏ မှန်မြတ်သော စာရိတ္တကို အနည်းငယ်မျှ အာရုံစိုက်ရုံဖြင့် တမန်တော်ကြီးတွင် အပြစ်မရှိကြောင်း ဤလုပ်ရပ်အရ မလွဲမသွေ သိရှိရမည်ဖြစ်သည်။ သို့သော် နောင်တော်များသည် ဗင်နယာမီန်ကို အမျက်ဒေါသထွက်လွန်းသည့်အတွက်ကြောင့် အထက်ပါ စကားကိုလည်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။)

ထို့ကြောင့် ယူစွဖ် عليه السلام သည် (ရှေ့တွင်လာမည့်) ထိုစကားရပ်ကို မိမိ၏ နှလုံးသားထဲတွင် သိုဝှက်ထားပေသည်။ ၄င်းနောက် ထိုစကားကို ၄င်းတို့ရှေ့တွင် (နှုတ်ဖြင့် ပြောဆို) ထုတ်ဖော်ခြင်း မပြုခဲ့ပေ။ ဆိုလိုသည်မှာ (စိတ်ထဲတွင်) ဤသို့ ပြောဆိုသည်မှာ ဤ (ခိုးဝှက်မှု) အဆင့်တွင် အသင်တို့သည် သာပို၍ ဆိုးရွားခဲ့ကြသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့ ညီနောင်နှစ်ဦးသည် စစ်မှန်သော ခိုးဝှက်မှုကို ပြုခဲ့ကြခြင်း မဟုတ်။ အသင်တို့သည် မည်သည့်အခါမျှ ကြီးလေးသော အပြစ်ကို ကျူးလွန်ခဲ့ကြသည်ဆိုသော် အများသူငှာတို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက်လေ့ရှိကြသော်လည်း အသင်တို့သည်ကား လူကိုပင် ခိုးယူဖျောက်ပစ်လိုက်ကြသည်။ အကြောင်းမှာ ကျွန်ုပ်ကို ဖခင်ကြီးအပါးမှ ခွဲခွာစေခဲ့ပြီး ၄င်းနောက် လူခိုးမှုသည် ပစ္စည်းခိုးမှုထက် သာပို၍ အပြစ်ကြီးမားကြောင်းမှာ ထင်ရှားနေပေသည်။)

၄င်းနောက် အသင်တို့သည် (ကျွန်ုပ်တို့ ညီနောင်နှစ်ဦးနှင့် ပတ်သက်ပြီး) ပြောဆိုခဲ့ကြသမျှသည် (ဥပမာ- ကျွန်ုပ်တို့ သူခိုးဖြစ်သည်၊ စသည်ဖြင့်) ထို (ဖြစ်ရပ်မှန်ကို) အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်သည်။ (အကြောင်းမှာ ကျွန်ုပ်တို့သည် သူခိုးများမဟုတ်ပေ။ ယူစွဖ် عليه السلام သည် ဗင်နယာမီန်ကို ဖမ်းဆီးပြီး သိမ်းပိုက်လိုက်သည်ကို နောင်တော်များက တွေ့မြင်ကြသောအခါ မျက်နှာချိုသွေး၍) ပြောဆို

ကြသည်မှာ 'အို၊ ဘုရင်ကြီး၊ ဤသူ (ဗင်န်ယာမီးန်) ၏ အိုမင်းမစွမ်းသော ဖခင်တစ်ဦး ရှိပေသည်။ (ထို့နောက် ၎င်းကို အလွန်ချစ်ခင်လိုလားသည်။ ၎င်း၏ သောကဖြင့် ဖခင်ကြီး၏ အခြေအနေ မည်သို့ ဖြစ်မည်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော့မည်။ ကျွန်ုပ်တို့ကား ဤမျှခန့် ချစ်ခင်သည်မဟုတ်။) သို့ပါ၍ အသင့်အနေနှင့် (ဤသို့ ပြုပါလေ။ အကြောင်းမှာ) သူ့အစား ကျွန်ုပ်တို့အနက်မှ တစ်ဦးဦးကို ခေါ်ထားလော့။ (၎င်းတို့သည် ဘုရင်ကြီးကို သဘောကြည်ဖြူသူတစ်ယောက်ဟု ထင်မှတ်ကြသည်။ (ဤ လျှောက်ထားချက်ကိုလည်း လက်သင့်ခံမည်ဟု မျှော်လင့်ကြပါသည်။) ယူစွဖ် عليه السلام က ပြောကြားသည်မှာ ဤသို့ (တရားမျှတမှု မရှိသော) ကိစ္စမှ အလ္လာဟ်အသျှင်မြတ် ဖယ်ရှားတော်မူပါစေ။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်သည် မိမိပစ္စည်းကို အကြင်သူထံမှ ပြန်လည်တွေ့ရှိခဲ့သည်။ သူ၏အစား အခြားသူကို ဖမ်းဆီးရမည်လော။ (အကယ်၍ ကျွန်ုပ် ဤသို့ ပြုခဲ့ပါလျှင်) ထိုအခြေအနေတွင် ကျွန်ုပ်သည် အလွန်ပင် တရားမျှတမှု ကင်းမဲ့သူဟု ထင်မှတ်ခံရမည်။ (လွတ်လပ်သူတစ်ဦးကို ကျွန်ပြုခြင်း၊ ၎င်းနောက် ကျွန်များကဲ့သို့ ဆက်ဆံခြင်းသည် အလိုတူနေလျှင်လည်း ပြုပိုင်ခွင့်မရှိ 'ဟရာမ်'ဖြစ်၏။)

တစ်ဖန် ၎င်းတို့သည် ယူစွဖ် عليه السلام ထံမှ (ရှင်းလင်းသော အဖြေကို ကြားသိလိုက်ရသောကြောင့်) လုံး၀ မျှော်လင့်ချက် ကင်းမဲ့သွားသောအခါ (အကြောင်းမှာ) ဗင်န်ယာမီးန်ကို ရရှိတော့မည်မဟုတ်ပ။) ထိုအခါ (ထိုနေရာမှ) ထွက်ခွာ၍ အချင်းချင်း သီးခြားတိုင်ပင် နှီးနှောကြလေသည်။ (အကြောင်းမှာ ယခု မည်သို့ ပြုကြမည်နည်း။ အချို့က မတတ်သာသည့်အဆုံး ကျွန်ုပ်ဌာနေသို့ လှည့်ပြန်သင့်သည်ဟု အကြံပြုကြသည်။ သို့သော်) အားလုံးအနက်မှ အစ်ကိုအကြီးဆုံးက ပြောဆိုသည်မှာ (အသင်တို့အားလုံးသည် နေရပ်ပြန်ကြရန် အကြံပြုနေကြသည်။) အသင်တို့ မသိရှိကြလေသလော။ အသင်တို့၏ ဖခင်ကြီးသည် အသင်တို့ကို အလ္လာဟ်အသျှင်မြတ်ထံ ကျိန်တွယ်စေ၍ ကတိက၀တ်ယူခဲ့ပြီးဖြစ်သည်။ (အကြောင်းမှာ အသင်တို့သည် ညီငယ်ကို မိမိတို့နှင့်အတူ ခေါ်ဆောင်လာရမည်။ သို့သော် အကယ်၍ နေရပ်ပြန်မည်ဆိုလျှင် လည်း သက်သာမည်မဟုတ်။ ထို့နောက် ကျွန်ုပ်တို့သည် မည်သည့်တွေးခေါ်ကြံစည်မှုမျိုးမှ မပြုနိုင်လောက် အောင်လည်း အကျဉ်းအကြပ် ဖြစ်နေကြသည်မဟုတ်။ ထို့ကြောင့် တတ်နိုင်သမျှ နည်းလမ်းများကို ရှာကြံ ကြရမည်။)

၎င်းနောက် ဤအလျင်လည်း ယူစွဖ် عليه السلام နှင့် ပတ်သက်ပြီး မည်မျှ ကြီးမားသော အမှားများ ကို ကျူးလွန်ခဲ့ပြီးကြပြီနည်း။ (အကြောင်းမှာ ၎င်းကို မည်သို့ ဆက်ဆံခဲ့သည်။ ဖခင်ကြီးနှင့် ပတ်သက်၍ ဝတ္တရားများကို မည်သို့ ချိုးဖောက်ခဲ့သည်။ လွန်လေပြီးသော ပြစ်မှုသည်ပင် သေးငယ်လှသည့်မဟုတ်။ ထပ်မံ၍ အရှက်ရမှုတစ်ခုကို ပြုလုပ်ကာ လှည့်ပြန်ကြမည်လော့။) ထို့ကြောင့် ကျွန်ုပ်သည် ဖခင်ကြီးထံ (အခစားဝင်ရန်) ခွင့်ပြုချက်မရမချင်း ဤနေရာမှ ရွေ့မည်မဟုတ်ပေ။ (သို့) အလ္လာဟ်အသျှင်မြတ်သည်သာ ဤအခက်အခဲကို ဖြေရှင်းပေးမည်ဆိုလျှင် ၎င်းနောက် ထိုအသျှင်မြတ်သည်သာ ကောင်းမွန်စွာ ဖြေရှင်း ပေးနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဆိုလိုသည်မှာ တစ်နည်းမဟုတ် တစ်နည်းဖြင့် ဗင်န်ယာမီးန် လွတ်မြောက်သွားရမည်။ အချုပ်ဆိုရသော် ကျွန်ုပ်သည် ထိုသူ့ကို ခေါ်ဆောင်ပြီးမှ ပြန်မည်။ (သို့) ကျွန်ုပ်

ကို ပြန်လာရန် ခေါ်ယူသွားမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ကို ဤနေရာတွင် ထားခဲ့လော။ ၄င်းနောက်) အသင်တို့ ဖခင်ကြီးထံ ပြန်ကြလော။ ၄င်းနောက် (သူ့ကို သွား၍) ပြောလော့။ အကြောင်းမှာ အို၊ ဖခင်ကြီး၊ အသင်၏ သား (ဗင်န်ယာမီးန်) သည် ခိုးဝှက်ခဲ့သည်။ ထို့ကြောင့် အဖမ်းခံခဲ့ရသည်။)

၄င်းနောက် ကျွန်ုပ်တို့သည် (တွေ့မြင်) သိရှိခဲ့ကြသမျှကို တင်ပြခြင်းဖြစ်သည်။ ၄င်းနောက် ကျွန်ုပ်တို့သည် (ကတိကဝတ် ပြုကြချိန်တွင်) အကွယ်မှ အကြောင်းအရာများကို သိရှိကြသူများ မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ၄င်းသည် ခိုးယူကျူးလွန်လိမ့်မည်။ (သို့) ကျွန်ုပ်သည် မည်သည့်အခါမျှ ၄င်းနှင့် ပတ်သက်ပြီး ကတိပေးလိမ့်မည်မဟုတ်။) ၄င်းနောက် အကယ်၍ ကျွန်ုပ်တို့ ပြောဆိုသမျှကို ယုံကြည်မှု မရှိခဲ့လျှင်) ထိုမြို့ရွာ (အီဂျစ်တိုင်းပြည်) တွင် နေထိုင်သူများအား (မိမိယုံကြည်ရသူတစ်ဦးဦး၏ အကြောင်း ခံဖြင့်) မေးမြန်းလော့။ ထိုနေရာတွင် ကျွန်ုပ်တို့ရှိခဲ့စဉ် (အခါက) ခိုးမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။) ၄င်းနောက် ကျွန်ုပ်တို့နှင့်အတူ လာသော ခရီးသည်အုပ်စုကိုလည်း မေးမြန်းလော့။ (ဤစကားကြောင့် သိရှိရသည်မှာ ကနာန်မြို့နှင့် အနီးအနားရှိ အခြားသူများသည်လည်း ရိက္ခာယူရန် သွားခဲ့ကြသည်။) ၄င်းနောက် ကျွန်ုပ်တို့သည် မှန်ကန်သော စကားကိုသာ ပြောဆိုသည်ကို ယုံကြည်ပါ။ (ဤသို့ဖြင့် ကျန်ရှိနောင်တော်များသည် နောင်တော်အကြီးဆုံးကို ထိုနေရာတွင် ထားရစ်ကာ ပြန်လာ၍ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအလျှင် အာယသ်တော်များတွင် တင်ပြထားသည်မှာ အီဂျစ်နိုင်ငံတွင် တမန်တော်ယူစွဖ် ﷷ ၏ ညီအရင်းဖြစ်သူ ဗင်န်ယာမီးန်၏ အထုပ်အပိုးထဲတွင် ဘုရင်မင်းကြီး၏ ခွက်ကို ဝှက်စေကာ အကြံအစည်ဖြင့် ၄င်း၏ အထုပ်အပိုးထဲမှ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ဗင်န်ယာမီးန်အပေါ် ပစ္စည်းခိုးသူဟု တရားခံဖြစ်ကြောင်း သတ်မှတ်ခဲ့ကြသည်။

အထက်ပါအာယသ်တော်တွင် တင်ပြထားသည်မှာ ယူစွဖ် ﷷ ၏ နောင်တော်များရှေ့တွင် ဗင်န်ယာမီးန်၏ အထုပ်ထဲမှ ပျောက်ဆုံးသွားသော ပစ္စည်း ပြန်လည်ရရှိခဲ့ရာ ရှက်လွန်းသောကြောင့် ၄င်းတို့၏ မျက်လှာများကို အောက်သို့ စိုက်လိုက်လေသည်။ တစ်ဖန် ဒေါသထွက်ကာ ပြောဆိုကြသည်မှာ-

اِنْ يَّسْرِقْ فَقَدْ سَرَقَ اَخٌ لَّهٗ مِنْ قَبْلُ

ဆိုလိုသည်မှာ 'အကယ်၍ သူသည် ခိုးယူခဲ့ခြင်း မှန်ကန်လျှင်လည်း အံ့သြဖွယ်ရာမဟုတ်။ ၄င်း၏ အစ်ကိုအရင်းတစ်ယောက်သည်လည်း ဤသို့ပင် ယခင်က ခိုးယူခဲ့ယူသည်။ အလိုသဘောမှာ ၄င်းသည် ကျွန်ုပ်တို့၏ ညီအစ်ကိုအရင်းမဟုတ် အဖေတူမအေကွဲ ညီအစ်ကိုသာ ဖြစ်သည်။ ၄င်း၏ အစ်ကိုအစ်ရင်း တစ်ယောက်ကလည်း ခိုးဝှက်မှု ကျူးလွန်ဖူးသည်' ဟု ဖြစ်သည်။

ယူစွဖ် ﷷ ၏ နောင်တော်တို့သည် ထိုအချိန်တွင် ယူစွဖ် ﷷ အပေါ်၌လည်း ခိုးမှုနှင့် ပတ်သက်ပြီး စွပ်စွဲခဲ့လေသည်။ ဤစကားရပ်သည် ဖြစ်ရပ်တစ်ခုသို့ ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်မှာ ယူစွဖ် ﷷ ငယ်စဉ်အခါက တွေ့ကြုံခဲ့သော ဖြစ်ရပ်ဖြစ်သည်။ ထိုဖြစ်ရပ်တွင် ဗင်န်ယာမီးန်ပေါ်သို့ ခိုးမှုတရားခံ

အဖြစ် စွပ်စွဲခံရသကဲ့သို့ပင် ထိုအချိန်က ယူစွဖ် عليه السلام အပေါ်သို့လည်း ၄င်းမသိဘဲ ဤသို့ပင် ကြံစည်ခဲ့ခြင်း ခံခဲ့ရသည်။ ၄င်းနောက် ဤဖြစ်ရပ်မှန်ကိုလည်း နောင်တော်တို့သည် ကောင်းစွာ သိရှိခဲ့ကြသည်။ အကြောင်းမှာ ယူစွဖ် عليه السلام သည် ထိုပြစ်မှုတွင် လုံးဝ အပြစ်မရှိဟူ၍ ဖြစ်သည်။ သို့သော် ဗင်နယာမီးန်အပေါ် လွန်စွာ ဒေါသထွက်မိသောကြောင့် ယူစွဖ် عليه السلام ၏ ဖြစ်ရပ်ကိုလည်း ခိုးမှုဟူ၍ သတ်မှတ်စွပ်စွဲလိုက်ခြင်း ဖြစ်သည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်ပြီး ဆင့်ပြန်ချက်များတွင် အကွဲအလွဲများ ရှိလေသည်။ အိဗ်နေကစီးရ် (ရဟ) က မိုဟမ္မဒ်ဗင်န်အီစ်ဟားက် (ရဟ) ၏ ကိုးကားချက်ဖြင့် သဖ်စီးရ်ပညာရှင်ကြီး မုဂျာဟိဒ် (ရဟ) သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ အကြောင်းမှာ တမန်တော်ယူစွဖ် عليه السلام မွေးဖွားပြီး များမကြာမီ အချိန်ကာလတွင် ဗင်နယာမီးန်ကို မွေးဖွားခဲ့သည်။ ၄င်းကို မွေးဖွားရင်းနှင့်ပင် မိခင်ကြီး ကွယ်လွန်ခဲ့သည်။ ယူစွဖ် عليه السلام နှင့် ဗင်နယာမီးန်တို့ ညီအစ်ကိုနှစ်ဦးသည် မိတဆိုးများ ဖြစ်ခဲ့ကြရသည်။ ၄င်းတို့၏ အရီးတော်က ၄င်းတို့ကို မိခင်ရင်ခွင်တွင် မွေးမြူစောင့်ရှောက်ခဲ့သည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်ယူစွဖ် عليه السلام ကို ငယ်စဉ်အခါကပင် ထူးခြားသော ဂုဏ်အင်တစ်ရပ် ချီးမြှင့်ခဲ့သည်မှာ မည်သူမဆို ၄င်းကို တွေ့မိသည်နှင့် တစ်ပြိုင်တည်း လွန်စွာ ချစ်ခင်လေတော့သည်။ အရီးသည်လည်း ဤကဲ့သို့ပင် မည်သည့်အချိန်မှ ၄င်းကို မျက်စိအောက်မှ အပျောက်မခံခဲ့ပေ။ တစ်ဖက်တွင် ဖခင်ကြီး တမန်တော်ယအ်ကူးဗ် عليه السلام သည်လည်း ဤကဲ့သို့ပင် ခံစားနေရသည်။ သို့သော် ငယ်ရွယ်လွန်းသောကြောင့် အမျိုးသမီးတစ်ဦး၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင် ထားရန် လိုအပ်သည်ဟု ယူဆကာ အရီးထံ လွှဲအပ်ခဲ့ခြင်း ဖြစ်သည်။ လမ်းလျှောက်တတ်သော အရွယ်သို့ ရောက်ရှိလာသောအခါ ဖခင်ကြီးက ၄င်းကို မိမိနှင့်အတူ ထားရှိရန် ရည်ရွယ်ခဲ့သည်။ အရီးကို တင်ပြသောအခါ ၄င်းက အကြောင်းအမျိုးမျိုး ပြလေတော့သည်။ တမန်တော်ယအ်ကူးဗ် عليه السلام ၏ ထပ်ဖန်တလဲလဲ ပြောဆိုမှုကြောင့် မတတ်သာသည့်အဆုံး ယူစွဖ် عليه السلام ကို ဖခင်ကြီးထံ ပြန်လည်အပ်နှံခဲ့သည်။ သို့သော် ၄င်း၏ ဖခင်ကြီးလက်မှ ပြန်လည်ရယူရန် ဤသို့ ကြံစည်ခဲ့လေသည်။ ယင်းမှာ အရီးတော်ထံတွင် ခါးစီးကြိုးတစ်ချောင်း ရှိသည်။ ယင်းကြိုးကို တမန်တော်အီစ်ဟားက် عليه السلام ထံတော်ပါးမှ ရရှိခဲ့ခြင်း ဖြစ်သည်။ ၄င်းနောက် ထိုကြိုးကို အလွန်ပင် တန်ဖိုးထားခဲ့ကြသည်။ အရီးတော်သည် ထိုခါးစီးကြိုးကို ယူစွဖ် عليه السلام ၏ ခါးတွင် အင်္ကျီအောက်၌ ဝှက်၍ ချည်နှောင်ပေးခဲ့သည်။

တမန်တော်ယူစွဖ် عليه السلام သည် ၄င်း၏ အပါးမှ ထွက်သွားပြီးနောက် ၄င်းက အသံလွှင့်ခဲ့သည်မှာ 'ကျွန်မ၏ ခါးစီးကြိုး ပျောက်ဆုံးသွားပြီ' ဟူ၍ ဖြစ်သည်။ ဝိုင်းဝန်းရှာဖွေကြသောအခါ ယူစွဖ် عليه السلام ၏ ထံတွင် ပြန်လည်တွေ့ရှိခဲ့သည်။ တမန်တော်ယအ်ကူးဗ် عليه السلام ၏ ရှရီအသ်အရ ယူစွဖ် عليه السلام ကို မိမိကျွန်အဖြစ် သိမ်းပိုက်ခွင့် ရရှိခဲ့လေသည်။ တမန်တော်ယအ်ကူးဗ် عليه السلام ကလည်း တရားတော်အရ အရီးသည် ယူစွဖ် عليه السلام ကို ပိုင်ဆိုင်သူ ဖြစ်ရှိသွားသည့်အတွက် ၄င်းထံ လွှဲအပ်လိုက်လေသည်။ အရီးတော် သက်ရှိထင်ရှား ရှိနေသမျှကာလပတ်လုံး ယူစွဖ် عليه السلام သည် ၄င်း၏ ထိန်းကွပ်မှုအောက်တွင် နေထိုင်ခဲ့လေသည်။

ဤဖြစ်ရပ်သည် တမန်တော်ယူစွဖ် ﷺ ခိုးယူ စွပ်စွဲခံခဲ့ရသော ဖြစ်ရပ်ဖြစ်သည်။ ထို့နောက်တွင် လူတိုင်းသည် အမှန်တရားကို သိရှိနားလည်သွားခဲ့သည်။ အကြောင်းမှာ ယူစွဖ် ﷺ သည် ဤဖြစ်ရပ်တွင် အနည်းငယ်မျှ သံသယ ရှိနိုင်လောက်အောင်ပင် အပြစ်ရှိသည်မဟုတ်ပေ။ အရီး၏ ချစ်ခင်ကြင်နာမှုကြောင့်သာ ဤသို့ ကြံစည်စွပ်စွဲခံခဲ့ရသည်။ နောင်တော်တို့သည်လည်း ဤဖြစ်ရပ်မှန်ကို သိရှိခဲ့ကြသည်။ သိလျက်နှင့်ပင် ၄င်းကို ခိုးမှုနှင့် ပတ်သက်ပြီး စွပ်စွဲခြင်းသည် မည်သို့မျှ သင့်တော်မှုမရှိပေ။ သို့သော် ယူစွဖ် ﷺ နှင့် ပတ်သက်ပြီး နောင်တော်တို့သည် ရှေးယခင်ကတည်းက ယခုထိတိုင် မတော်မတရား ပြုခဲ့သည်များအနက်မှ ဤစွပ်စွဲမှုသည်လည်း နောက်ဆုံးကဏ္ဍတစ်ရပ်ဖြစ်သည်ဟု သတ်မှတ်နိုင်သည်။

فَاَسَرَّ هَا يُوْسُفُ فِيْ نَفْسِهٖ وَلَمْ يُبْدِ هَا لَهُمْ

ဆိုလိုသည်မှာ ယူစွဖ် ﷺ သည် နောင်တော်တို့၏စကားကို ကြားပြီး စိတ်ထဲတွင် ရေရွတ်မိသည်မှာ ၄င်းတို့သည် ကျွန်ုပ်ကို မတော်မတရား ခိုးမှုနှင့် ပတ်သက်ပြီး စွပ်စွဲနေကြဆဲ ဖြစ်သည်။ သို့သော် ဤကိစ္စကို နောင်တော်တို့အား တင်ပြခဲ့ခြင်းမရှိဘဲ ယူစွဖ် ﷺ သည် ၄င်းတို့၏ စကားအရ စိတ်တွင် စံစားမှုတစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းသာ ဖြစ်သည်။

قَالَ اَنْتُمْ شَرٌّ مَّكَانًا وَاللّٰهُ اَعْلَمُ بِمَا تَصِفُوْنَ

ယူစွဖ် ﷺ သည် (မိမိစိတ်တွင်) ပြောဆိုခဲ့သည်မှာ အသင်တို့သာလျှင် အဆင့်နိမ့်ကျသော အခြေအနေတွင် ရှိသည်။ အကြောင်းမှာ ညီငယ်အပေါ် သိလျက်နှင့် ခိုးမှုကို စွပ်စွဲပြောဆိုခဲ့သည်။ ၄င်းနောက် ပြောဆိုသည်မှာ 'အသင်တို့ ပြောဆိုသမျှသည် မှန်သည်၊ မှားသည်ကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်သည်'ဟု ပထမဝါကျတွင် စိတ်တွင်းမှ ပြောဆိုခဲ့ခြင်းဖြစ်သည်။ ဒုတိယဝါကျကို နောင်တော်များ၏ ရှေ့တွင် ပြန်လည်ဖြေကြားလျက် ပြောဆိုခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

قَالُوْا يٰٓاَيُّهَا الْعَزِيْزُ اِنَّ لَهٗٓ اَبًا شَيْخًا كَبِيْرًا فَخُذْ اَحَدَ نَامَكَانَهٗ

اِنَّا نَرٰىكَ مِنَ الْمُحْسِنِيْنَ

ယူစွဖ် ﷺ ၏ နောင်တော်တို့သည် ၄င်းတို့၏ စကား မည်သို့မျှ အောင်မြင်စရာ အကြောင်းမရှိသည်ကို ၄င်းနောက် ဗင်နယာမီန်ကို ဤနေရာတွင် ထားခဲ့ရာမှအပ အခြားနည်းလမ်း မရှိတော့သည်ကို တွေ့ရှိကြသောအခါ ဘုရင်ကြီးကို မျက်နှာချိုသွေးကာ စတင်လျှောက်ထားကြသည်မှာ '၄င်း၏ဖခင်ကြီးသည် အိုမင်းမစွမ်းသူတစ်ဦး ဖြစ်သည်။ (၄င်းနှင့် ခွဲခွာရခြင်းကို မည်သို့မျှ ခံနိုင်ရည် ရှိလိမ့်မည်မဟုတ်။) ထို့ကြောင့် ဘုရင်ကြီးသည် ၄င်း၏အစား ကျွန်ုပ်တို့အနက်မှ တစ်ဦးတစ်ယောက်ကို ဖမ်းဆီးပါလော့'ဟု လျှောက်ထားကြလေသည်။ ဤလျှောက်ထားချက်ကိုလည်း ကျွန်ုပ်တို့သည် မျှော်လင့်ချက်တစ်ခုနှင့် ပြုနေကြခြင်းဖြစ်သည်။ အကြောင်းမှာ ဘုရင်မင်းကြီးသည် အလွန်တရာ ကျေးဇူးကြီးမားသူ

ဖြစ်သည်ဟု တစ်ဦးဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆမိသည်။ သို့မဟုတ် ဘုရင်မင်းကြီးသည် ယခင်ကလည်း ကျွန်ုပ်တို့ကို ကျေးဇူးတရားကြီးမားစွာဖြင့် ဆက်ဆံတော်မူခဲ့သည်။

قَالَ مَعَاذَ اللّٰهِ اَنْ نَّأْخُذَ اِلَّا مَنْ وَّجَدْنَا مَتَاعَنَا عِنْدَهٗٓ ۙ اِنَّآ اِذًا لَّظٰلِمُوْنَ

တမန်တော်ယူစွဖ် ﷺ သည် မိမိနောင်တော်များ၏ လျှောက်ထားချက်ကို ဤသို့ နည်းလမ်းတကျ အဖြေပေးခဲ့သည်။ 'အလိုရှိသူကို ဖမ်းဆီးအရေးယူရန် ကျွန်ုပ်တွင် လုပ်ပိုင်ခွင့်မရှိပေ။ သို့သာမက ခိုးယူပစ္စည်းကို မည်သူ့ထံမှ ပြန်လည်တွေ့ရှိခဲ့ပြီး ထိုသူ့အစား အခြားသူကို ဖမ်းဆီးအရေးယူလျှင် အသင်တို့၏ ဖသ်ဝါဆုံးဖြတ်ချက်အရ ကျွန်ုပ်သည် ညှဉ်းပန်းနှိပ်စက်သောသူတစ်ဦး ဖြစ်ရှိပေတော့မည်။ အဘယ်ကြောင့်ဆိုသော် မည်သူ့ထံတွင် ခိုးယူပစ္စည်း ပြန်လည်တွေ့ရှိခဲ့သည်။ ထိုသူပင်လျှင် အစားဖြစ်သည်ဟု အသင်တို့ ကိုယ်တိုင် ပြောဆိုခဲ့ကြသည် မဟုတ်ပါလော။'

فَلَمَّا اسْتَيْــَٔسُوْا مِنْهُ خَلَصُوْا نَجِيًّا

ဆိုလိုသည်မှာ နောင်တော်တို့သည် ဗင်နယာမီးန် လွတ်မြောက်ရန် မျှော်လင့်ချက်ကင်းမဲ့သွားကြသော အခါ အချင်းချင်း တိုင်ပင်ဆွေးနွေးကြရန် သီးခြားနေရာတစ်ခုတွင် စုရုံးကြလေသည်။

قَالَ كَبِيْرُهُمْ ــ الخ

အစ်ကိုအကြီးဆုံးဖြစ်သူက ပြောဆိုသည်မှာ ဖခင်ကြီးသည် ဗင်နယာမီးန်ကို အတူတကွ ပြန်လည်ခေါ်ဆောင်လာရန် အသင်တို့ကို ခိုင်မာစွာ ကတိကဝတ်တောင်းဆိုခဲ့သည်ကို အသင်တို့ မသိရှိခဲ့သလော။ ၎င်းနောက် ယခင်ကတည်းကလည်း ယူစွဖ် ﷺ နှင့် ပတ်သက်၍ အမှားကြီးတစ်ခု မှားခဲ့ပြီးကြပြီ။ ထို့ကြောင့် ကျွန်ုပ်သည် ယခု မင်းကြီးကိုယ်တိုင် ကျွန်ုပ်ကို ဤနေရာမှ ပြန်လာရန် အမိန့်မပေးသရွေ့ ကာလပတ်လုံး (သို့) အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'ဝဟီ'အမိန့်တော်အရ ကျွန်ုပ်ကို ဤနေရာမှ ထွက်ခွာရန် အမိန့်မကျမချင်း ကျွန်ုပ်သည် အီဂျစ်နိုင်ငံမှ ထွက်ခွာသွားမည်မဟုတ်ပေ။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သာလျှင် အကောင်းဆုံး အမိန့်ချမှတ်တော်မူသော အသျှင် ဖြစ်တော်မူသည်။ ဤသည် အစ်ကိုအကြီးဆုံးက ပြောဆိုခဲ့သော စကားများ ဖြစ်သည်။ အချို့ပညာရှင်များက တင်ပြကြသည်မှာ ၎င်းသည် 'ယဟူးဒါ'ဖြစ်သည်။ ထို့နောက် ၎င်းသည် အမှန်စင်စစ် အသက်အရွယ်အကြီးဆုံး တစ်ဦး မဖြစ်သော်လည်း ပညာအရာတွင် အမြင့်ဆုံးသူတစ်ဦး ဖြစ်သည်။ ၎င်းနောက် အချို့သဖ်စီးရ်ပညာရှင်များက တင်ပြသည်မှာ ထိုသူသည် အသက်အရွယ်အကြီးဆုံးဖြစ်သော 'ရိုဗီးလ်'ဖြစ်သည်။ ၎င်းနောက် ယူစွဖ် ﷺ ကို မသတ်ဖြတ်ကြရန် အကြံဉာဏ်ပေးခဲ့သူသည် ထိုသူပင် ဖြစ်သည်။ ၎င်းနောက် အချို့က ဆိုသည်မှာ ထိုသူသည် နောင်တော် 'ရှမ်အူးန်'ဖြစ်သည်။ ၎င်းသည် အခြားနောင်တော်များထက် အဆင့်အတန်းမြင့်မားဆုံး နောင်တော် တစ်ဦး ဖြစ်သည်။

ارۡجِعُوۡۤا اِلٰۤی اَبِیۡکُمۡ

ဆိုလိုသည်မှာ နောင်တော်ကြီးက ကျွန်ုပ်သည် ထိုနေရာတွင် ကျန်ရစ်ခဲ့မည်ဟု ပြောဆိုလေသည်။ အသင်တို့အားလုံး ဖခင်ကြီးထံ ပြန်ကြကုန်။ ၎င်းနောက် ဖခင်ကြီး၏ သားသည် ခိုးမှုကျူးလွန်ခဲ့သည်ဟု ပြောပြကြကုန်။ ၎င်းနောက် ကျွန်ုပ်တို့ ပြောဆိုသမျှသည် မိမိတို့မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ခိုးယူပစ္စည်းသည် ၎င်း၏ အထုပ်အပိုးထဲမှ ကျွန်ုပ်တို့ရှေ့တွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း တင်ပြကြကုန်။

وَمَا كُنَّا لِلۡغَيۡبِ حٰفِظِيۡنَ

ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဗင်န်ယာမီးန်ကို မိမိတို့နှင့် အတူတကွ မလွဲမသွေ ပြန်လည်ခေါ်ဆောင်လာမည်ဟု ဖခင်ကြီးကို ကတိကဝတ်ဖြင့် ပြုခဲ့သော်လည်း ဤကတိသည် အပေါ်ယံအခြေအနေများနှင့်သာ သက်ဆိုင်သည်။ အကွယ်မှ အခြေအနေအရပ်ရပ်ကိုသာ ကျွန်ုပ်တို့ သိရှိခဲ့ကြသည်မဟုတ်။ အကြောင်းမှာ ၎င်းသည် ခိုးဝှက်မှုပြုကာ အဖမ်းခံရမည်။ ထို့နောက် ကျွန်ုပ်တို့သည် ၎င်းနှင့် ပတ်သက်၍ မည်သို့မျှ တတ်စွမ်းနိုင်လိမ့်မည်မဟုတ်ဟူ၍ ဖြစ်သည်။ အထက်ပါဝါကျ၏ အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ညီငယ် ဗင်န်ယာမီးန်ကို ၎င်းအနေနှင့် ဒုက္ခရောက်မည့် မည်သည့်အလုပ်ကိုမျှ မပြုမိစေရန် အပြည့်အဝ ထိန်းသိမ်းစောင့်ရှောက်ကြသည်။ သို့သော် ကျွန်ုပ်တို့၏ ဤကြိုးပမ်းမှုသည် ပြင်ပအခြေအနေများအထိသာ သက်ရောက်နိုင်စွမ်းရှိခဲ့သည်။ ကျွန်ုပ်တို့၏ အမြင်မှ ကွယ်ပျောက်၍ ကျွန်ုပ်တို့ မသိရှိဘဲ ၎င်းသည် ဤသို့ လုပ်ဆောင်ခဲ့မည်ဟု အလျဉ်း မသိရှိခဲ့ကြပေ။

အဘယ်ကြောင့်ဆိုသော် ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် ယခင်ကလည်း ဖခင်ကြီးကို လှည့်စားခဲ့ဖူးသည်။ ၎င်းတို့သည် မိမိတို့၏ တင်ပြချက်ကို ဖခင်ကြီးအနေနှင့် လုံးဝ အယုံအကြည် ရှိမည်မဟုတ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သဘောပေါက်ကြသည်။ ဖခင်ကြီးသည် ကျွန်ုပ်တို့၏ စကားကို လုံးဝ အယုံအကြည်ရှိမည်မဟုတ်။ ထို့ကြောင့် ပို၍ ခိုင်မာမှုရှိစေရန် ပြောဆိုကြသည်မှာ ကျွန်ုပ်တို့ကို မယုံကြည်လျှင် ကျွန်ုပ်တို့ သွားရောက်ခဲ့သော အီဂျစ်နိုင်ငံသားများထံ မေးမြန်းစုံစမ်းလော။ ၎င်းနောက် ကျွန်ုပ်တို့နှင့်အတူ အီဂျစ်မှ ကင်န်အာန်သို့ ပြန်လာသော ခရီးသွားအုပ်စုများထံလည်း စုံစမ်းမေးမြန်းနိုင်သည်။ ကျွန်ုပ်တို့သည် လုံးဝ မှန်ကန်သော စကားကိုသာ ပြောဆိုကြခြင်းဖြစ်သည်။

သဖ်စီးရ်မဇ္ဖ်ဟရီကျမ်းတွင် ဤအကြောင်းအရာနှင့် ပတ်သက်ပြီး မေးခွန်းတစ်ခုကို ထပ်မံ မေးမြန်းထားသည်မှာ တမန်တော်ယူစွဖ် عليه السلام သည် ဖခင်ကြီးကို ဤသို့ ကြင်နာတရား ကင်းမဲ့စွာ အဘယ်ကြောင့် ဆက်ဆံခဲ့လေသနည်း။ အကြောင်းမှာ မိမိ၏ အခြေအနေကိုလည်း အကြောင်းကြားခဲ့ခြင်း မရှိသကဲ့သို့ ညီငယ်ကိုလည်း မိမိထံ သိမ်းပိုက်ခဲ့သည်။ နောင်တော်တို့သည် အီဂျစ်နိုင်ငံသို့ အကြိမ်ကြိမ် ရောက်ရှိခဲ့သော်လည်း မိမိ၏ လျှို့ဝှက်ချက်ကို ဖခင်ကြီးအား အကြောင်းကြားခြင်း အလျဉ်းမရှိခဲ့ပေ။ ဤ မေးခွန်းများနှင့် ပတ်သက်ပြီး သဖ်စီးရ်မဇ္ဖ်ဟရီကျမ်းတွင် ပြန်လည်ဖြေကြားထားသည်မှာ-

اَنَّهٗ عَمِلَ ذٰلِكَ بِاَمْرِاللّٰهِ تَعَالٰى لِيَزِيْدَ فِىْ بَلَآءِ يَعْقُوْبَ

ဆိုလိုသည်မှာ တမန်တော်ယူစွဖ် ﷺ သည် ဤဆောင်ရွက်ချက်များအားလုံးကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်း၏ ရည်ရွယ်ချက်မှာ တမန်တော်ယအ်ကူးဗ် ﷺ ကို စမ်းစစ်မှုပြုရာတွင် ပြီးပြည့်စုံရန် ဖြစ်သည်။

အမိန့်ပညတ်ချက်များ

ပထမပညတ်ချက် ။ ။ وَمَاشَهِدْنَآ اِلَّا بِمَاعَلِمْنَا ဤစာသားအရ သိရှိရသည်မှာ လူသားသည် တစ်ဦးတစ်ယောက်နှင့် အပေးအယူသော်လည်းကောင်း၊ ကတိကဝတ်သော်လည်းကောင်း ပြုခဲ့လျှင် ထိုပြုကျင့်မှုသည် ပြင်ပအခြေအနေများနှင့်သာ သက်ဆိုင်မှုရှိသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိနိုင်သည့် အကြောင်းအရာများသည် ထိုပြုကျင့်မှုတွင် အကျုံးမဝင်ပေ။ တမန်တော်ယူစွဖ် ﷺ ၏ နောင်တော်များသည် ညီငယ်ကို စောင့်ရှောက်ရန် ဖခင်ကြီးအား ကတိပေးခဲ့ခြင်းမှာလည်း မိမိတို့ တတ်စွမ်းနိုင်သော ကိစ္စရပ်များနှင့်သာ ပတ်သက်သည်။ ၄င်းအပေါ် ခိုးမှုစွပ်စွဲခံရခြင်းနှင့် ပတ်သက်ပြီး ၄င်းနောက် ဖမ်းဆီးခံရခြင်းနှင့် ပတ်သက်ပြီး နောင်တော်တို့၏ ကတိကဝတ်တွင် မည်သို့မျှ အစွန်းအထင်း မရှိပေ။

ဒုတိယပညတ်ချက် ။ ။ ဤအာယသ်တော်နှင့်ပတ်သက်ပြီး သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် တင်ပြထားသည်မှာ အထက်ပါစာသားများအရ 'ရှဟာဒသ်'သည် အသိတရားအပေါ် မူတည်သည်။ မည်သည့် ပုံသဏ္ဌာန်နှင့်မဆို သိရှိမည်ဆိုလျှင် မိမိသိရှိသည့်အတိုင်း 'ရှဟာဒသ်' သက်သေခံနိုင်သည်။ ထို့ကြောင့် ဖြစ်ရပ်တစ်ခုနှင့် ပတ်သက်ပြီး သက်သေထူရာတွင် မိမိမျက်မြင်ကိုယ်တွေ့အတိုင်း သက်သေထူနိုင်သကဲ့သို့ ယုံကြည်စိတ်ချရသောသူတစ်ဦးထံမှလည်း ကြားနာ၍ သက်သေထူနိုင်သည်။ မူရင်းဖြစ်ရပ်ကို ထိမ်ချန်ခြင်း မပြုရန်ကို သတ်မှတ်ချက် ထားရှိသည်။ မိမိ၏ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ် မဟုတ်ကြောင်း ယုံကြည်စိတ်ချ ရသူမည်သူ့ထံမှ ကြားသိခဲ့ရကြောင်း ရှင်းလင်းပြတ်သားစွာ တင်ပြရမည်ဖြစ်သည်။ ဤနည်းဥပဒေသအရ မာလေကီမဇ္ဈသတ်ကျမ်းတွင် မျက်မမြင်တစ်ဦး၏ 'ရှဟာဒသ်' သက်သေထူခြင်းကိုလည်း ပြုပိုင်သည်ဟု သတ်မှတ်ထားပေသည်။

တတိယပညတ်ချက် ။ ။ အထက်ပါအာယသ်တော်များအရ အခြားပညတ်ချက်တစ်ခု သိရှိရသည်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် မှန်ကန်ဖြောင့်မတ်သောလမ်းတွင် ရှိနေပါသော်လည်း တွေ့မြင်နိုင်သူများက ၄င်းကို မမှန်ကန် (သို့) အပြစ်ရှိသည်ဟု သံသယရှိသော် ထိုသံသယရှိခံရသူသည် ၄င်းတို့၏ သံသယကို ကင်းဝေးအောင် ပြုရမည်။ သို့မှသာ တွေ့မြင်ကြသူများသည် မကောင်းထင်မြင်ခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ ဥပမာ- ဗင်နယာမီးန်၏ အကြောင်းအရာတွင် လွန်လေပြီးသော တမန်တော်ယူစွဖ် ﷺ ၏

ဖြစ်ရပ်ကြောင့် နောင်တော်များအပေါ် စွပ်စွဲခံရမည်။ ၎င်းနောက် သံသယဖြစ်ခံရမည့် အခြေအနေမျိုး ဖြစ်ရှိနေခဲ့သည်။ ထို့ကြောင့် နောင်တော်တို့သည် ၎င်းတို့အပေါ် သံသယကင်းဝေးရန် မြို့သူမြို့သားများနှင့် ခရီးသည်အုပ်စုများကို သက်သေအဖြစ် တင်ပြခဲ့ခြင်းဖြစ်သည်။

တမန်တော်မြတ် ﷺ သည် ဤအကြောင်းအရာအား မိမိ၏ ကျင့်ကြံမှုဖြင့် ပိုမိုခိုင်မာစေခဲ့သည်။ တစ်ခါက တမန်တော်မြတ် ﷺ သည် ဟဇရတ်ဆွဖီယာဟ် ؓ အွမ္မလ် မူအ်မိနီးနှင့်အတူ ဗလီမှ ထွက်ကာ လမ်းကြိုလမ်းကြားတစ်ခုသို့ သွားနေသောအခါ ထိုလမ်းကြား၏ ထိပ်တွင် လူနှစ်ဦးကို တွေ့ရှိလိုက်သည်။ တမန်တော်မြတ် ﷺ သည် အဝေးမှပင် လှမ်း၍ အသံပြုတော်မူသည်မှာ ငါကိုယ်တော်နှင့်အတူ ရှိနေသူသည် ဆဖီယာဗင်န်သိ ဟိုယိုင်အ် ؓ သခင်မဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးက လျှောက်ထားကြသည်မှာ 'အို၊ တမန်တော်မြတ်၊ ကိုယ်တော်နှင့် ပတ်သက်ပြီး မည်သူက သံသယရှိနိုင်မည်နည်း။' ကိုယ်တော်က မိန့်တော်မူသည်မှာ 'ရှိုက်သွာန်သည် လူသား၏ သွေးကြောများအတွင်း သွားလာလှုပ်ရှားနေသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်၏ နှလုံးသားတွင်း၌ သံသယတစ်စုံတစ်ရာကိုလည်း ထည့်ကောင်းထည့်နိုင်သည်။

[ဘိုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قَالَ بَلْ سَوَّلَتْ لَكُمْ أَنفُسُكُمْ أَمْرًا ۖ فَصَبْرٌ جَمِيلٌ ۖ عَسَى اللَّهُ أَن يَأْتِيَنِي بِهِمْ جَمِيعًا ۚ إِنَّهُ هُوَ الْعَلِيمُ الْحَكِيمُ ﴿٨٣﴾

၁၂ း ၈၃ ။ ။ ထို (အခါ) ဖခင်သည် 'ထိုသို့ အလျှဉ်းမဟုတ်။ အမှန်စင်စစ် အသင်တို့၏ စိတ်နှလုံးသည် အသင်တို့ အဖို့ ကိစ္စတစ်ခုကို ကြံစည်ဖန်တီးခဲ့ခြင်းသာ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ သည်းခံခြင်းသည်သာ အကောင်းဆုံးပင် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ငါ့ထံသို့ ပြန်လည်ရောက်စေတော်မူလိမ့်မည်' ဟု မျှော်လင့်ရာ၏။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်မူပေသည်။

وَتَوَلَّىٰ عَنْهُمْ وَقَالَ يَا أَسَفَىٰ عَلَىٰ يُوسُفَ وَابْيَضَّتْ عَيْنَاهُ مِنَ الْحُزْنِ فَهُوَ كَظِيمٌ ﴿٨٤﴾

၁၂ း ၈၄ ။ ။ ထို့နောက် ၎င်း (တို့၏ဖခင်) သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲခဲ့ပြီးလျှင် 'သြော်- ယူစွဖ်၊ ဖြစ်မှဖြစ်ရလေခြင်း' ဟု ပြောဆို (ညည်းညူ) ခဲ့လေသည်။ ထို့ပြင် ၎င်း၏ မျက်စိနှစ်လုံးတို့မှာလည်း ဝမ်းနည်းပူဆွေးမှုကြောင့် ဖြူ၍ သွားခဲ့လေသည်။ သို့တစေလည်း ၎င်း (ဖခင်) သည် (မိမိ၏ စိတ်ကို) မျိုသိပ်လျက် ရှိနေခဲ့ရရှာလေသည်။

قَالُوا تَاللَّهِ تَفْتَؤُا تَذْكُرُ يُوسُفَ حَتَّىٰ
تَكُونَ حَرَضًا أَوْ تَكُونَ مِنَ الْهَالِكِينَ ﴿٨٥﴾

၁၂ : ၈၅ ။ ။ ယင်း (သား) တို့က (အို၊ ခမည်းတော်) ' အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြောဆိုအံ့။ အသင်ခမည်းတော်သည် ယူစွဖ်အား အမြဲမပြတ် သတိရတမ်းတလျက် ရှိနေသည်ဖြစ်ရာ၊ နောက်ဆုံးတွင်မူ အသင် ခမည်းတော်သည် ကျန်းမာရေး ချို့ယွင်းသူသော်လည်းကောင်း၊ အသက်ဇီဝိန် ချို့ယွင်းသူသော်လည်းကောင်း ဖြစ်ရပါတော့မည်' ဟုပြောဆိုကြကုန်၏။

قَالَ إِنَّمَا أَشْكُو
بَثِّي وَحُزْنِي إِلَى اللَّهِ وَأَعْلَمُ مِنَ اللَّهِ مَا لَا تَعْلَمُونَ ﴿٨٦﴾

၁၂ : ၈၆ ။ ။ (ထိုအခါ) ယင်း (ခမည်းတော်) က (ဤသို့) ပြောဆို ဖြေကြားခဲ့လေသည်။ 'ငါသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌သာလျှင် မိမိ၏ စိတ်သောကဖြစ်မှုကိုလည်းကောင်း၊ မိမိ၏ ပူဆွေးမှုကိုလည်းကောင်း လျှောက်ထားခြင်းဖြစ်ပေသည်။ စင်စစ်မှာမူ ငါသည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ အသင်တို့ မသိကြသော အရာကို သိရှိရပေမည်။'

يَا بَنِيَّ اذْهَبُوا فَتَحَسَّسُوا مِن يُوسُفَ وَأَخِيهِ وَلَا تَيْأَسُوا
مِن رَّوْحِ اللَّهِ ۖ إِنَّهُ لَا يَيْأَسُ مِن رَّوْحِ اللَّهِ إِلَّا الْقَوْمُ الْكَافِرُونَ ﴿٨٧﴾

၁၂ : ၈၇ ။ ။ အို၊ ငါ၏ ချစ်သားတို့၊ အသင်တို့သည် ယူစွဖ်အားလည်းကောင်း၊ ယင်း (ယူစွဖ်) ၏ ညီတော်အားလည်းကောင်း (အီဂျစ်သို့) သွား၍ ရှာဖွေစုံစမ်းကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် မကင်းကြကုန်လင့်။ စင်စစ်မှာမူ 'ကာဖိရ်' ငြင်းပယ်သူတို့သည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် ကင်းကြလေကုန်' (ဟု ပြောကြားခဲ့လေသည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ယအ်ကူးဗ် عليه السلام သည် ယူစွဖ် عليه السلام ၏ ဖြစ်ရပ်နှင့် ပတ်သက်ပြီး သားတော်တို့ကို မူလကတည်းက ယုံကြည်မှုမရှိခဲ့ပေ။ ထို့ကြောင့် (ယခင် ဖြစ်ရပ်အပေါ် နှိုင်းယှဉ်၍) ပြောကြားသည်မှာ (ဗင်န်ယာမီးန်သည် ခိုးမှုနှင့် ပတ်သက်ပြီး ဖမ်းဆီးခံရသည်။ သို့သာမက အသင်တို့သည်သာ မိမိတို့၏ နှလုံးသားထဲမှ စကားရပ်တစ်ခုကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် (ဖခင်ကဲ့သို့ပင်) ကျွန်ုပ် သည်းခံတရား ထားလိုက်မည်။ ဤကိစ္စနှင့် ပတ်သက်၍ ငြီးငြူခြင်းလည်း ပြုမည်မဟုတ်။ (ကျွန်ုပ်) အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် မျှော်လင့်ချက်ထားသည် မရှိ။ ၄င်းတို့အားလုံးကို (ဆိုလိုသည်မှာ ယူစွဖ် عليه السلام ကိုသော်လည်းကောင်း၊

၄င်းနောက် ဗင်နီယာမီးန်ကိုသော်လည်းကောင်း၊ အီဂျစ်နိုင်ငံတွင် ကျန်ရစ်သော အစ်ကိုအကြီးဆုံးကိုလည်းကောင်း သုံးဦးစလုံးကို) ကျွန်ုပ်ထံ ပို့ဆောင်ပေးတော်မူလိမ့်မည်။ (အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် (စစ်မှန်သော အခြေအနေကို) ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူလေသည်။

(ထို့ကြောင့် မည်သည့်နေရာတွင် ရှိသည်၊ ၄င်းနောက် မည်သည့်အခြေအနေတွင် ရှိသည်ကို ထိုအသျှင်မြတ်သည် သိရှိတော်မူသည်။ ၄င်းနောက် ထိုအသျှင်မြတ်သည်) ကြီးမားသော အမြော်အမြင်ရှိတော်မူသော ဖြစ်တော်မူသည်။ (ကျွန်ုပ်တို့ကို ပြန်လည်တွေ့ဆုံစေလိုလျှင် ထောင်ပေါင်းများစွာသော အကြောင်းခံများနှင့် နည်းလမ်းများကို ဖန်တီးတော်မူလိမ့်မည်။) ၄င်းနောက် (၄င်းတို့၏ လုပ်ရပ်ကြောင့် သောကရောက်ခဲ့ရပြီး ဤသို့ အဖြေပေးခဲ့သည်။) ၄င်းတို့ဘက်မှ မျက်နှာလွှဲလိုက်လေသည်။ (ဤသောက အသစ်ကြောင့် သောကအဟောင်း ဖြစ်သော ယူစွဖ် ﷺ ကို အောက်မေ့တသခြင်းသည်လည်း တစ်ဖန် ပြန်လည်လန်းဆန်းသွားလာခဲ့သည်။) ပြောဆိုသည်မှာ အို့၊ ယူစွဖ်၊ ဝမ်းနည်းလေစွ။ ၄င်းနောက် ပူဆွေးသောကရောက်ကာ (ငိုရင်းငိုရင်း) ၄င်း၏ မျက်စိများ ဖြူစွတ်သွားလေတော့သည်။ (အဘယ်ကြောင့်ဆိုသော် များမြောင်စွာ ငိုခြင်းဖြင့် မျက်စိ၏ အမဲရောင်သည် လျော့နည်းသွားသည်။ ၄င်းနောက် မျက်စိများ လင်းဝင်းမှုကင်းမဲ့ကာ လုံးဝ အလင်းရောင် ပျောက်ကွယ်သွားတော်မူသည်။) ၄င်းနောက် ထို (သောကကြောင့် စိတ်ထဲတွင်) ကြိတ်မှိတ်ခံနေရလေသည်။ (အဘယ်ကြောင့်ဆိုသော် ပြင်းထန်သော သောကကို လွန်စွာထိန်းချုပ်မိသောအခါ စိတ်ထဲတွင် မွန်းကြပ်သွားတတ်သည်။ ပမာဆိုရသော် 'ဆွဗရ်'ပြုသူများ၏ အခြေအနေကဲ့သို့ ဖြစ်သည်။)

သားတော်များက ပြောကြားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်တို့၏ အထင်ဖြင့်ပြောဆိုရလျှင်) အသင်သည် အမြဲတစေ ယူစွဖ်ကိုသာ သတိရနေခြင်းဖြစ်သည်။ နောက်ဆုံး ပိန်ချုံးကာအသက်ငင်သည့် အခြေအနေအထိ ရောက်ရှိသွားလိမ့်မည်။ (သို့) လုံးဝ အသက်ပျောက်ကွယ်သွားနိုင်သည်။ (သို့ပါ၍ ဤမျှသော သောကသာလျှင် မည်သို့ အကျိုးရှိမည်နည်း။ ထိုအခါ ယအ်ကူးဗ် ﷺ က ပြောဆိုသည်မှာ (အသင်တို့သည် ငါ၏ ငိုကြွေးခြင်းကို အဘယ်ကြောင့် ပူပန်နေသနည်း။) ငါသည် မိမိ၏ သောကကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင်သာ တိုင်တည်နေခြင်း ဖြစ်သည်။ (အသင်တို့ကို မည်သို့မျှ မပြောဆိုလိုတော့ပြီ။) ၄င်းနောက် အလ္လာဟ်အသျှင်မြတ်၏ အကြောင်းကို ငါသိရှိသလောက် အသင်တို့ သိရှိကြမည်မဟုတ်။ (အကြောင်းဟု ဆိုသည့်သဘောမှာ အလ္လာဟ်အသျှင်မြတ်၏ သနားကြင်နာမှုပြည့်ဝသော ကရုဏာတရား ထားရှိမှု ဖြစ်သည်။ (သို့) အကွယ်မှ အသိပေးခြင်းဖြစ်သည်။ ၄င်းတို့အားလုံးနှင့် တွေ့ဆုံရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တမန်တော်ယူစွဖ် ﷺ မြင်မက်ခဲ့သည့် အိပ်မက်၏ အလိုသဘောသည် ယခုအထိ ရုပ်လုံးမပေါ်ရှိသေးပေ။ မုချဧကန် ထိုအိပ်မက်သည် အကောင်အထည်ဖော်လာမည် ဖြစ်သည်။)

အို့၊ ငါ၏ သားတော်တို့၊ (ဤသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင်သာ မိမိသောကကို တင်ပြနေခြင်းဖြစ်သည်။ အကြောင်းခံများကို ဖန်တီးတော်မူသော အသျှင်မြတ်သည် ထိုအသျှင်မြတ်သာ

ဖြစ်တော်မူသည်။ သို့သော် အပေါ်ယံသဏ္ဌာန်ဖြင့် အသင်တို့ ရွေးမချယ်ရမည့် နည်းလမ်းများ၊ နောက်တစ်ကြိမ် ခရီး) ထွက်ကြလော။ ၎င်းနောက် ယူစွဖ် ﷺ နှင့် ၎င်း၏ ညီကို ရှာဖွေကြလော။ (ဆိုလိုသည်မှာ မျှော်လင့်ချက်မကင်းကြလေနှင့်။ မုချကေန် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ကို ကာဖိရ်များသာလျှင် မျှော်လင့်ချက် မထားရှိကြပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တမန်တော်ယအ်ကူးဗ် ﷺ ၏ သားထွေး ဗင်နယာမီးန်သည် အီဂျစ်နိုင်ငံတွင် ဖမ်းဆီးခံရပြီးနောက် ၎င်း၏ နောင်တော်များသည် မိမိတို့ဌာနေသို့ ပြန်လာကြသည်။ ၎င်းနောက် ယအ်ကူးဗ် ﷺ အား ဖြစ်ကြောင်းကုန်စင်ကို ပြောပြကြလေသည်။ ဤဖြစ်ရပ်တွင် ကျွန်ုပ်တို့သည် လုံး၀ အမှန်တရားပေါ်တွင် ရှိသည်ကို ယုံကြည်လောက်အောင် ပြောဆိုကြလေသည်။ ဖခင်ကြီးအနေနှင့် ကျွန်ုပ်တို့၏ စကားမှန်ကန်မှုကို အီဂျစ်နိုင်ငံသားများထံမှလည်း စုံစမ်းနိုင်သည်။ ၎င်းနောက် ဗင်နယာမီးန်သည် ခိုးဝှက်မှုကြောင့် ဖမ်းဆီးခဲ့ရသည့်အကြောင်းကို ကျွန်ုပ်တို့နှင့်အတူ အီဂျစ်နိုင်ငံမှ ကင်နအာန်သို့ ပြန်လာသော ခရီးသွားအုပ်စုထံမှလည်း မေးမြန်းစုံစမ်းနိုင်သည်။ တမန်တော်ယအ်ကူးဗ် ﷺ ၏ အကြောင်းအရာနှင့် ပတ်သက်ပြီး သားတော်များ၏ လိမ်လည်မှုကို သိရှိခဲ့ပြီးသောကြောင့် ဤတစ်ကြိမ်တွင်လည်း ၎င်းတို့အား အယုံအကြည် မရှိခဲ့ပေ။ အမှန်စင်စစ် ဤတစ်ကြိမ်တွင် ၎င်းတို့သည် မည်သည့်လိမ်လည်မှုကိုမှ ပြုခဲ့သည်မဟုတ်။ ထို့ကြောင့် ယူစွဖ် ﷺ ပျောက်ဆုံးခဲ့စဉ်အခါက ပြောဆိုခဲ့သော စကားများကိုပင် ယခုအခါတွင်လည်း ဖခင်ကြီးက ပြောဆိုလေသည်။

بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا فَصَبْرٌ جَمِيْلٌ

ဆိုလိုသည်မှာ အသင်တို့ ပြောဆိုနေသော စကားသည် မှန်ကန်မှုမရှိပေ။ အသင်တို့ကိုယ်တိုင် လုပ်ကြံဖန်တီးထားခြင်းသာ ဖြစ်သည်။ သို့သော် ကျွန်ုပ်သည် ယခုလည်း ခန္တီတရား ထားရှိမည်ဖြစ်သည်။ ဤသို့သည်သာ ကျွန်ုပ်အတွက် ကောင်းမွန်သောအရာ ဖြစ်သည်။

ကုရ်သုဗီးကျမ်းရှင်က ဤအာယသ်တော်မှ ဓမ္မသတ်တစ်ခု ကောက်နုတ်တင်ပြသည်မှာ မုဂျ်သဟိဒ်တစ်ဦးသည် မိမိ၏ 'အစ်ဂျ်သေဟားဒ်'ဖြင့် ပြောဆိုလိုက်သော စကားတွင် အမှားလည်း ရှိနိုင်သည်။ တမန်တော်များပင် မိမိတို့၏ 'အစ်ဂျ်သေဟားဒ်'ဖြင့် ပြောဆိုခဲ့သော စကားတွင် ဦးစွာပထမ မှားယွင်းမှုများ ဖြစ်ပေါ်နိုင်သည်။ ပမာဆိုရသော် ဤအကြောင်းအရာတွင် သားတော်များ၏ မှန်ကန်သော စကားကို လိမ်လည်သည်ဟု ထင်မှတ်ခဲ့သည်။ သို့သော် နဗီတမန်တော်များ၏ ထူးခြားချက်တစ်ခုမှာ ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ မှားယွင်းမှုကို အသိပေးပြီး ဖယ်ရှားလေ့ရှိသည်။ နောက်ဆုံးတွင် အမှန်တရားကို ရရှိစမြဲ ဖြစ်ကြသည်။

ဤအကြောင်းအရာတွင် အခြားဖြစ်နိုင်ဖွယ်ရာတစ်ခု ရှိသည်မှာ တမန်တော်ယအ်ကူးဗ် عليه السلام ၏ အဆွေတော်တွင် သားတော်များသည် စကားကို လုပ်ကြံဖန်တီး ပြောဆိုနေသည်ဆိုခြင်းမှာ အီဂျစ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အကြောင်းအရာကို ရည်ညွှန်းခြင်းဖြစ်သည်။ အကြောင်းမှာ ရည်ရွယ်ချက်တစ်ခုကြောင့် ခိုးမှုတစ်ခုကို အကွက်ဆင်ပြီး ဗင်န်ယာမီးန်ကို ဖမ်းဆီးခဲ့ကြသည်။ ယင်း၏ ရလဒ်မှာ နောင်တွင် ကောင်းမွန်သည့် နည်းလမ်းတစ်ခုပေါ်တွင် လာမည်ဖြစ်သည်။ ဤအာယသ်တော်၏ ရှေ့ဝါကျတွင်လည်း ဤသို့ပင် ရည်ညွှန်းချက် ပါရှိသည်။ ထိုအာယသ်တော်တွင် တင်ပြထားသည်မှာ-

عَسَى اللّٰهُ اَنْ يَّاْتِيَنِىْ بِهِمْ جَمِيْعًا

ဆိုလိုသည်မှာ မကြာမီ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို ကျွန်ုပ်နှင့် ဆုံတွေ့ပေးလိမ့်မည်။

အချုပ်ဆိုရသော် တမန်တော်ယအ်ကူးဗ် عليه السلام သည် ယခုအချိန်တွင် သားတော်တို့၏ စကားကို လက်မခံခဲ့သည့် အကြောင်းအရင်းမှာ အမှန်စင်စစ် မည်သည့်ခိုးမှုမှုလည်း ဖြစ်ပေါ်ခဲ့သည်မဟုတ်။ ဗင်န်ယာမီးန်သည်လည်း ဖမ်းဆီးခံရသည်မဟုတ်။ စေကန်စင်စစ် အကြောင်းအရာမှာ အခြားဖြစ်သည်။ သူ့နေရာနှင့်သူ မှန်ပေသည်။ သို့သော် သားတော်တို့သည် မိမိတို့ နားလည်သဘောပေါက်သည့်အတိုင်း လျှောက်တင်ကြသည်မှာလည်း မှားယွင်းမှုမရှိပေ။

وَتَوَلّٰى عَنْهُمْ وَقَالَ يٰاَسَفٰى عَلٰى يُوْسُفَ وَابْيَضَّتْ عَيْنٰهُ مِنَ الْحُزْنِ فَهُوَ كَظِيْمٌ

ဆိုလိုသည်မှာ တမန်တော်ယအ်ကူးဗ် عليه السلام သည် ဤတိယအကြိမ် စိတ်ဒုက္ခရောက်ပြီးနောက် သားတော်တို့ဖြင့် ဤအကြောင်းအရာနှင့် ပတ်သက်ပြီး စကားပြောဆိုခြင်းကို လုံးဝ မပြုတော့ပေ။ မိမိ အသျှင်မြတ်၏ ရှေ့တော်မှောက်၌သာ တောင်းဆိုမှုကို စတင်ပြုလုပ်နေလေတော့သည်။ ၎င်းနောက် ယူစွဖ် عليه السلام နှင့် ပတ်သက်ပြီး ကျွန်ုပ် လွန်စွာ ပူဆွေးသောက ရောက်ရှိရပါသည်ဟု ပြောဆိုလေသည်။ ၎င်းနောက် ထိုသောကကြောင့် ငိုရင်းငိုရင်း ၎င်း၏ မျက်စံများပင် ဖြူသွားလေတော့သည်။ ဆိုလိုသည်မှာ မျက်စိကွယ်သွားလေတော့သည်။ (သို့) အလွန်တရာ အိုမင်းမစွမ်း ဖြစ်သွားလေတော့သည်။ သဖ်စီးရ်ပညာရှင်ကြီး မကာသိလ်သခင်က တင်ပြသည်မှာ တမန်တော်ယအ်ကူးဗ် عليه السلام ကို ဤအခြေအနေသည်သည် ခြောက်နှစ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သည်။ မျက်စိလည်း ကွယ်လုနီးပါး ဖြစ်ခဲ့သည်။

فَهُوَ كَظِيْمٌ ဆိုလိုသည်မှာ ၎င်းသည် ဆိတ်ဆိတ်သာ နေလေတော့သည်။ မိမိ၏ ခံစားမှုကို တစ်ဦးတစ်ယောက်ကိုမျှ မတင်ပြတော့ပေ။ **كَظِيْمٌ** ဆိုသည်မှာ **كَظْمٌ** မှာ ဆင်းသက်လာသော စာသားဖြစ်သည်။ ပိတ်သွားခြင်း၊ ၎င်းနောက် ပြည့်နက်သွားခြင်းဟု အဓိပ္ပာယ်ရလေသည်။ အလိုသဘောမှာ စိတ်သောကပြင်းထန်မှုကြောင့် ၎င်း၏ နှလုံးသား မွန်းကြပ်သွားခဲ့သည်။ ၎င်းနောက် နှုတ်လျှာမှလည်း

ပိတ်သွားလေသည်။ မည်သူတစ်ဦး တစ်ယောက်ကိုမျှ မိမိ၏ သောကများနှင့် ပတ်သက်ပြီး တင်ပြပြောဆိုခြင်း မရှိတော့ပေ။

ထို့ကြောင့် كَظِيْمٌ ၏ အဓိပ္ပာယ်မှာ ဒေါသကို ချုပ်တည်းခြင်းဟူ၍ ဖြစ်နိုင်သည်။ စိတ်ထဲတွင် ဒေါသအမျက် ပြည့်နှက်နေပါလျက် နှုတ်လျှာနှင့် လက်ဖြင့် ဒေါသအလျောက် ဖြစ်ပေါ်တတ်သော မည်သည့်အရာကိုမျှ မပြုလုပ်ခြင်းကို ဆိုလိုပေသည်။ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ-

وَمَنْ يَّكْظِمِ الْغَيْظَ يَأْجُرْهُ اللهُ

ဆိုလိုသည်မှာ မိမိဒေါသကို ချုပ်တည်းသူအား ၎င်းနောက် ဒေါသအလျောက် ပြုလုပ်နိုင်စွမ်းရှိသည့် လုပ်ရပ်များကို မပြုလုပ်ပါက အလ္လာဟ်အသျှင်မြတ်သည် ၎င်းကို ကြီးမားသော အကျိုးစဝါးဗ်များ ချီးမြှင့်မည်ဖြစ်သည်။

အခြားဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ 'ဟရှ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော သူများကို အများရှေ့မှောက်တွင် ခေါ်ဆောင်ကာ 'ဂျန္နသ်'၏ 'နေ့အ်မသ်'တော်များအနက်မှ ကြိုက်နှစ်သက်ရာ 'နေ့အ်မသ်'တော်ကို ရွေးချယ်ခွင့် ပေးသနားတော်မူမည် ဖြစ်သည်။

အိဗ်နေဂျဗီးရ် (ရဟ) သခင်က ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ဟဒီးစ်တော်အရ ဆင့်ပြန်ထားသည်မှာ ဒုက္ခရောက်သောအချိန်တွင်

اِنَّا لِلّٰهِ وَاِنَّا اِلَيْهِ رَاجِعُوْنَ

ဖတ်စေခြင်းသည် ဤအုမ္မသ်၏ ထူးခြားချက်များအနက်မှ ဖြစ်သည်။ ဤ 'ကလေမာဟ်'တော်သည် လူသားတို့၏ စိတ်ဒုက္ခများမှ ကင်းဝေးစေရန် အလွန်ပင် ထိရောက်မှုရှိသော ဒိုအာဖြစ်သည်။ အုမ္မသေ့ မိုဟမ္မဒီယာ၏ ထူးခြားချက်ဟု ပြောဆိုနိုင်ခြင်းမှာ တမန်တော်ယအ်ကူးဗ် عليه السلام ၏ ဤအကြောင်းအရာကြောင့်ပင် ဖြစ်သည်။ ၎င်းသည် လွန်စွာ ပူဆွေးသောက ရောက်နေသည့် အခြေအနေတွင်လည်း အထက်ပါ 'ကလေမာဟ်'တော်ကို ရွတ်ဆိုမည့်အစား

يَا اَسَفٰى عَلٰى يُوْسُفَ

ဟူ၍သာ ရွတ်ဆိုခဲ့သည်။ ဗိုင်ဟကီသခင်ကလည်း ရှိအ်ဗုလ်အီမာန်တွင် ဤဟဒီးစ်တော်ကို အိဗ်နေ အဗ္ဗားစ် ﷺ ထံမှ ဆင့်ပြန်ထားလေသည်။

တမန်တော်ယအ်ကူးဗ် عليه السلام သည် ယူစွဖ် عليه السلام အား အဘယ်ကြောင့် နှစ်နှစ်ကာကာ ချစ်ခင်ခဲ့သနည်း၊

တမန်တော်ယအ်ကူးဗ် عليه السلام သည် ယူစွဖ် عليه السلام ကို အလွန်ပင် ချစ်ခင်ခဲ့ခြင်း၊ ထို့နောက် ၎င်းပျောက်ဆုံးသွားသောအချိန်တွင် ဤမျှခန့် စိတ်သောကရောက်ခြင်း၊ ၎င်းနှင့် ခွဲခွာခဲ့ရသည့်ကာလတွင် (အချို့အဆိုအရ

နှစ်ပေါင်းလေးဆယ်၊ ၄င်းနောက် အချို့အဆိုအရ နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင်) စဉ်ဆက်မပြတ် ငိုကြွေးခဲ့လေသည်မှာ မျက်စိများပင် ကွယ်သွားခဲ့လေသည်။ အမှန်စင်စစ် နဗီတစ်ပါးအနေနှင့် မိမိ၏ သားသမီးကို ဤမျှခန့် ချစ်ခင်ခြင်းသည် သင့်တော်မှုမရှိပေ။ ကျမ်းတော်မြတ်ကုရ်အာန်တွင်လည်း သားသမီးများကို فتنة (ဆန်းစစ်မှု) ဟူ၍ မိန့်ဆိုလာရှိသည်။

إِنَّمَا أَمْوَالُكُمْ وَأَوْلَادُكُمْ فِتْنَةٌ

ဆိုလိုသည်မှာ အသင်တို့၏ ဥစ္စာပစ္စည်းနှင့် သားသမီးများသည် 'ဖသ်နဟ်' ဆန်းစစ်မှုတစ်ခုသာ ဖြစ်သည်။ ၄င်းနောက် နဗီတမန်တော်များ၏ ဂုဏ်ဒြပ်နှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်တွင် တင်ပြထားသည်မှာ-

إِنَّا أَخْلَصْنَاهُم بِخَالِصَةٍ ذِكْرَى الدَّارِ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် နဗီတမန်တော်များကို သီးခြားဂုဏ်ဒြပ်တစ်ခု ချီးမြှင့်ထားတော်မူသည်။ ထိုဂုဏ်ဒြပ်သည် နောင်တမလွန်ကို သတိရတသနေခြင်း ဖြစ်သည်။ မာလိက်ဗင်န်ဒီနာရ် (ရဟ) က ထိုအာယသ်တော်၏ အဓိပ္ပာယ်ကို ဤသို့ ဖွင့်ဆိုတင်ပြထားလေသည်။ ငါအသျှင်မြတ်သည် ၄င်းတို့၏ နှလုံးသားမှ ဒွန်နယာလောက၏ အချစ်ကို ထုတ်ယူလိုက်သည်။ ၄င်းနောက် နောင်တမလွန်၏ အချစ်ကိုသာ ၄င်းတို့၏ နှလုံးသားဝယ် အသားကျစေသည်။ အရာတစ်ခုကို ရယူခြင်းနှင့် စွန့်လွှတ်ခြင်းတို့တွင် ၄င်းတို့၏ အမြင်သည် နောင်တမလွန်ကိုသာ ရှေးရှုလေ့ရှိသည်။

တင်ပြပါအချက်အလက်များဖြင့် ပိုမို၍ ခိုင်မာလာသော စောဒကတစ်ခုမှာ တမန်တော်ယအ်ကူးဗ် ﷺ သည် သားသမီးများကို ချစ်ခင်နှစ်သက်မှုတွင် ဤသို့ နစ်မွန်းနေခြင်းမှာ အဘယ်မှာ မှန်ကန်မှု ရှိနိုင်မည်နည်း။

ကာဇ္ဇီဆနာအူလ္လာဟ်ပါနီပသ်သီ (ရဟ) သခင်ကြီးသည် သဖ်စီးရ်မဇ္ဖဟရီးကျမ်းတွင် ဤစောဒကို တင်ပြကာ ဟဇရသ်မဂျဒ်ဒိဒ်အသ်ဖ်ဆာနီ (ရဟ) သခင်ကြီး၏ 'သုံးသပ်ချက်ကို တင်ပြထားလေသည်။ ထိုသုံးသပ်ချက်၏ အနှစ်ချုပ်မှာ မုချဧကန် ဒွန်နယာလောကနှင့် လောက၏ ဥစ္စာစည်းစိမ်တို့ကို ချစ်ခင်တွယ်တာခြင်းသည် မနှစ်မြို့ဖွယ်ရာတစ်ခု ဖြစ်သည်။ ဤအချက်နှင့် ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်တို့တွင် မြောက်မြားစွာသော သက်သေအထောက်အထားများ ရှိသည်။ သို့သော် ဒွန်နယာလောကတွင်ရှိသော တမလွန်နှင့် ပတ်သက်သော အရာများကို ချစ်ခင်တွယ်တာခြင်းသည် အမှန်စင်စစ် တမလွန်ကို ချစ်ခင်တွယ်တာခြင်းပင် ဖြစ်သည်။ ယူစွဖ် ﷺ ၏ ပြည့်ဝမှုသည် အပေါ်ယံ ပုံပန်းသဏ္ဌာန်အရသာ လုပ်ခင်းမဟုတ်ပေ။ နဗီဖြစ်ခြင်း၏ တင့်တယ်သန့်ပြန့်မှုနှင့် အကျင့်သီလ ကောင်းမွန်ခြင်းတို့ကိုလည်း ပိုင်ဆိုင်သူဖြစ်သည်။ ထိုအရည်အချင်းများကြောင့် ဖခင်ကြီးအနေနှင့် ၄င်းကို ချစ်ခင်နှစ်သက်ခြင်းသည် လောကီရေးရာကို ချစ်ခင်တွယ်တာခြင်းဟု မဆိုနိုင်။ ဧကန်စင်စစ် တမလွန်ကို ချစ်ခင်တွယ်တာခြင်းပင် ဖြစ်သည်။

ဤနေရာတွင် စဉ်းစားသင့်သည့် အချက်တစ်ချက်မှာ ဤချစ်ခင်မှုသည် အမှန်စင်စစ် ဒွန္နယာလောက၏ ချစ်ခင်တွယ်တာမှု မဟုတ်ပေ။ သို့သော် တစ်နည်းအားဖြင့် သုံးသပ်မည်ဆိုလျှင် ဒွန္နယာလောက၏ ချစ်ခင်မှုသည်လည်း ပါဝင်နေပေသည်။ ထို့ကြောင့်ပင် ဤချစ်ခင်မှုသည် တမန်တော်ယအ်ကူးဗ် ﷺ ကို ဆန်းစစ်သော အကြောင်းခံတစ်ခု ဖြစ်ရှိသွားသည်။ ၄င်းနောက် နှစ်ပေါင်းလေးဆယ်တိုင်တိုင် သားတော်ကို ခွဲခွာရခြင်း၏ ပြင်းထန်သော စိတ်ဝေဒနာကို ခံစားခဲ့ရလေသည်။ ၄င်းနောက် ဤအကြောင်းအရာ၏ အစမှအဆုံး ဖြစ်စဉ်များကို လေ့လာလျှင် သိရှိနိုင်သည်မှာ ၄င်း၏ စိတ်သောကခံစားမှုအား ကြာရှည်သည်ထက် ကြာရှည်အောင် အကြောင်းခံများ ဖြစ်ပေါ်လာခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှပင် ဖန်တီးခဲ့ခြင်းဖြစ်သည်။ သို့မဟုတ်ပါက အကြောင်းအရာ၏ အစတွင် အလွန် ချစ်ခင်လှပါသည်ဟူသော ဖခင်တစ်ဦးသည် သားများ၏ စကားကို နားထောင်ယုံကြည်ကာ အိမ်၌သာ ထိုင်နေခြင်းမှာ ဖြစ်နိုင်ဖွယ်ရာမရှိသော ကိစ္စတစ်ခု ဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာသို့ လိုက်၍ ရှာဖွေဆန်းစစ်မှုပြုမည် ဖြစ်သည်။ ထိုသို့ ပြုလိုက်လျှင် အမှန်တရားသည် ပေါ်လာမည်ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ စီမံမှုကြောင့် ထိုအချိန်က ဤသို့ အတွေးမပေါ်ခဲ့ခြင်း ဖြစ်သည်။ တမန်တော်ယူစွဖ် ﷺ ကိုလည်း ဝဟီ အကြောင်းခံဖြင့် မိမိ၏ သတင်းကို ဖခင်ကြီးထံ မပို့ရန် တားမြစ်တော်မူခဲ့သည်။ အီဂျစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လက်ဝယ်ရရှိပြီးသည့်တိုင် ၄င်းဘက်မှ မည်သည့်အကြောင်းကြားခြင်းကိုမျှ စတင်ခဲ့ခြင်း မရှိပေ။ သည်းခံတရား ထားရှိမှုနှင့် ပတ်သက်ပြီး ပိုမိုဆန်းစစ်ခံရသော အကြောင်းအရာများမှာ ၄င်း၏ နောင်တော်တို့သည် အကြိမ်ကြိမ်အခါခါ အီဂျစ်နိုင်ငံသို့ သွားလာခဲ့ကြသော်လည်း နောင်တော်တို့ကို အသိပေးခဲ့ခြင်း မရှိသကဲ့သို့ ဖခင်ကြီးကိုလည်း အကြောင်းကြားရန် မကြိုးစားခဲ့ပေ။ သို့သာမက နောက်ထပ် ညီငယ်တစ်ယောက်ကိုလည်း တစ်နည်းတစ်ဖုံ ကြံစည်၍ မိမိထံပါးတွင် ခေါ်ထားကာ ဖခင်ကြီး၏ စိတ်သောကကို နှစ်ဆတိုးစေခဲ့သည်။ ဤအကြောင်းအရာများအားလုံးသည် ယူစွဖ် ﷺ ကဲ့သို့ မြင့်မြတ်သော တမန်တော်တစ်ပါးထံမှ ဝဟီဗျာဒိတ်တော် အကြောင်းခံဖြင့် တားမြစ်ခဲ့ခြင်း မခံရလျှင် မည်သို့ ပြုနိုင်ဖွယ်ရာ ရှိမည်နည်း။ ထို့ကြောင့် အေမာမ်ကုရ်သုဗီ (ရဟ) သခင်ကဲ့သို့သော သဖ်စီးရ်ပညာရှင်များက တမန်တော်ယူစွဖ် ﷺ ၏ ဤလုပ်ရပ်များအားလုံးကို အလ္လာဟ်အသျှင်မြတ်၏ ဝဟီတော်အရသာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု သတ်မှတ်ကြလေသည်။ ၄င်းနောက် **كَذٰلِكَ كِدْنَا لِيُوْسُفَ** ဟူသော ကျမ်းတော်မြတ်၏ စာသားများတွင်လည်း ဤသည်ကဲ့သို့ပင် ရည်ညွှန်းနေပေသည်။

قَالُوْا تَاللّٰهِ تَفْتَؤُا تَذْكُرُ يُوْسُفَ

ဆိုလိုသည်မှာ သားတော်တို့သည် ဖခင်ကြီး၏ ဤကဲ့သို့ ပြင်းထန်စွာ စိတ်သောကခံစားနေရခြင်းနှင့် ထိုအပေါ် သည်းခံတရား ထားရှိနေမှုကို ကြည့်ရှုကာ ပြောဆိုကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်သည် ယူစွဖ် ﷺ ကိုသာ အမြဲတစေ သတိရလေသည်။ ထိုသို့ ဖြစ်ရပ်နှင့်ပင် အသင်

နာမကျန်း ဖြစ်ပေတော့မည်။ ၄င်းနောက် ပျက်စီးဆုံးရှုံးသူများတွင် ပါဝင်သွားပေတော့မည်။ စိတ်သောကဟူသမျှတွင် အတိုင်းအတာတစ်ခုတော့ ရှိသည်။ အချိန်ကာလ ကြာရှည်လာလျှင် လူသားသည် ယင်းကိုမေ့လျော့သွားတတ်သည်။ သို့သော် အသင်သည် ဤမျှ အချိန်ကာလ ကြာရှည်သွားသော်လည်း အခင်းဖြစ်ပွားခဲ့သည့် နေ့အတိုင်းပင် ဖြစ်နေခဲ့သည်။ ၄င်းနောက် အသင်၏ စိတ်သောကသည်လည်း ထိုအတိုင်းပင် လန်းဆန်းလျက် ရှိလေသည်။

တမန်တော်ယအ်ကူးဗ် عليه السلام သည် သားတော်တို့၏ စကားကို ကြားကာ ပြောဆိုသည်မှာ-

إِنَّمَا أَشْكُوا بَثِّي وَحُزْنِي إِلَى اللَّهِ

ဆိုလိုသည်မှာ ငါသည် မိမိ၏ တောင်းဆိုမှုဖြင့် စိတ်သောကကို အသင်တို့ရှေ့မှောက်တွင်လည်းကောင်း၊ အခြားသူတစ်ဦးဦး၏ ရှေ့တွင်လည်းကောင်း ထုတ်ဖော်တင်ပြနေသည် မဟုတ်။ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်ထံတော်တွင်သာ တောင်းဆိုနေခြင်း ဖြစ်သည်။ ထို့ကြောင့် ငါ့ကို ငါ၏ အခြေအနေအတိုင်းသာ ထားလေလော။ ၄င်းနောက် တစ်ပြိုင်နက်တည်း ထုတ်ဖေါ်ပြောကြားသည်မှာ ငါ၏ သတိရတသခြင်းသည် အချည်းနှီးဖြစ်မည်မဟုတ် ငါသည် မိမိ၏ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အကြင်အရာများကို သိရှိနေသည်။ ထိုအရာများကို အသင်တို့ သိရှိကြမည်မဟုတ်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကျွနုပ်အား ၄င်းတို့နှင့် တစ်ဖန်ပြန်လည် ဆုံတွေ့စေမည်ဟု ကတိတော်ပြုထားသည်။

يَٰبَنِيَّ اذْهَبُوا فَتَحَسَّسُوا مِن يُوسُفَ وَأَخِيهِ

ဆိုလိုသည်မှာ အို၊ ငါ၏ သားတော်တို့၊ ထွက်ခွာကြကုန်။ ယူစွဖ် عليه السلام နှင့် ၄င်း၏ ညီကို ရှာဖွေကြကုန်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် မကင်းကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များမှအပ မည်သူမျှ ထိုအသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်ကင်းကြသည်ဟူ၍ မရှိချေ။

တမန်တော်ယအ်ကူးဗ် عليه السلام သည် အချိန်ကာလ ဤမျှ ကြာခဲ့ပြီးမှ သားတော်တို့ကို အမိန့်ပေးခဲ့သည်မှာ အသင်တို့ ယူစွဖ် عليه السلام နှင့် ၄င်း၏ ညီတော်ကို ရှာဖွေရန် သွားကြလော့။ ၄င်းတို့ကို တွေ့ရှိနိုင်မည်မဟုတ်ဟု မျှော်လင့်ချက် မကင်းကြလေနှင့်။ ဤအလျင် မည်သည့်အခါကမျှ ဤသို့ အမိန့်မရှိခဲ့ပေ။ ဤသို့ အမိန့်ပေးခြင်းသည် ဆုံတွေ့ရန် သတ်မှတ်မှု မရှိသေးသောကြောင့် ဖြစ်သည်။ ယခုအခါ ပြန်လည်ဆုံတွေ့ရန် အချိန်ကျရောက်လာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် သင့်လျော်သောနည်းလမ်းများ အကြံအစည်များကို ၄င်း၏ နှလုံးသားတွင်းဝယ် ထည့်သွင်းပေးသနားတော်မူခြင်း ဖြစ်သည်။

၄င်းနောက် ထိုနှစ်ဦးစလုံးကို ရှာဖွေရန် အီဂျစ်နိုင်ငံဘက်သို့သာ သတ်မှတ်စေလွှတ်ခဲ့လေသည်။ ထိုသို့ သတ်မှတ်ခြင်းသည် ဗင်နယာမီးန်နှင့် ပတ်သက်၍ မှန်ကန်သော သတ်မှတ်မှုတစ်ရပ်ဖြစ်သော်လည်း တမန်တော်ယူစွဖ် عليه السلام ကို အီဂျစ်နိုင်ငံတွင် ရှာဖွေစေခြင်းမှာ အပေါ်ယံ မည်သို့မျှ ဆက်စပ်၍မရသော

သတ်မှတ်စီမံမှုတစ်ခုသာ ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် အကြောင်းကိစ္စတစ်ခုကို ပြုလုပ်ရန် ရည်ရွယ်တော်မူသောအခါ ယင်းကိစ္စနှင့် လျော်ကန်သော အကြောင်းခံများကို စုစည်းဖန်တီးထားတော်မူလေ့ရှိသည်။ ထို့ကြောင့် ယခုအချိန်တွင် သားတော်နှစ်ပါးအား ရှာဖွေရန် ကျန်သားတော်တို့ကို အီဂျစ်နိုင်ငံသို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ အချို့သော ပညာရှင်များက တင်ပြသည်မှာ တမန်တော်ယအ်ကူးဗ် عليه السلام သည် အီဂျစ်ဘုရင်မင်းကြီး၏ ပထမတစ်ကြိမ် သားတော်တို့အား ဆက်ဆံခဲ့မှုကို သုံးသပ်ပြီး ထင်မြင်ယူဆခဲ့သည်မှာ ရိက္ခာဝယ်ယူခဲ့သော အရင်းအနှီးကို ကရုဏာသက်စွာဖြင့် ပြန်လည်ပေးအပ်ခဲ့သည်။ မြင့်မြတ်သော ဘုရင်ကြီးမှာ အခြားသူ မဖြစ်နိုင်။ ယူစွဖ် عليه السلام သာလျှင် ဖြစ်ရမည်ဟူ၍ ယူဆခဲ့သည်။

အမိန့်ပညတ်ချက်များ

အေမာမ်ကုရ်သုဗီး (ရဟ) သခင်က ပြောကြားသည်မှာ တမန်တော်ယအ်ကူးဗ် عليه السلام ၏ အကြောင်းအရာဖြင့် သိရှိရသော ပညတ်ချက်တစ်ခုမှာ မွတ်စ္လင်မ်တစ်ဦးသည် မိမိ၏ အသက်အိုးအိမ်စည်းစိမ်၊ ၎င်းနောက် သားမြေးများနှင့် ပတ်သက်ပြီး ဒေါက္ခတစ်စုံတစ်ရာနှင့် ရင်ဆိုင်ရပါက အလ္လာဟ်အသျှင်မြတ်၏ ဆုံးဖြတ်ချက်များအပေါ် သဘောတူနှစ်မြို့လျက် ကောင်းမွန်သည့် ပုံသဏ္ဍာန်ဖြင့် သည်းခံတရားထားရှိပြီး ကုစားရန် 'ဝါဂျိဗ်'တာဝန်ထိုက်ပေသည်။ ဤသို့သော အခြေအနေတွင် တမန်တော်ယအ်ကူးဗ် عليه السلام နှင့် အခြားသော နဗီတမန်တော်များ၏ လမ်းစဉ်နောက် လိုက်ရမည်ဖြစ်သည်။

ဟစန်ဗဆွ်ရီ (ရဟ) သခင်က မိန့်သည်မှာ လူသား၏ မြိုသိပ်မှုများအနက်မှ မြိုသိပ်မှုနှစ်ခုကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် လွန်စွာ နှစ်သက်ခြင်း ခံရလေသည်။ တစ်မျိုးမှာ ဒေါက္ခ ကျရောက်လာသည့်အပေါ် သည်းခံတရားထားရှိခြင်း၊ ဒုတိယတစ်မျိုးမှာ ဒေါသကို မြိုသိပ်ခြင်းတို့ ဖြစ်သည်။

ဟဇရတ်အဗူဟုရိုင်ရာဟ် رضي الله عنه သခင်၏ ဆင့်ပြန်ထားသော ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

مَنْ بَثَّ لَمْ يَصْبِرْ

ဆိုလိုသည်မှာ အကြင်သူသည် မိမိ၏ ဒုက္ခကို အများသူငှာရှေ့တွင် တင်ပြနေမည်ဆိုပါက ထိုသူသည် 'ဆွဗရ်'ပြုသူ မဟုတ်ပေ။ ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်ယအ်ကူးဗ် عليه السلام အား ဤသည်းခံတရား ထားရှိခြင်းကြောင့် 'ရှဟီဒ်' များ၏ အကျိုးစဝါးဗ်ကို ချီးမြှင့်ခဲ့လေသည်။ တမန်တော်မြတ် ﷺ ၏ အုမ္မသ်တွင်လည်း ဒေါက္ခများအပေါ် သည်းခံတရားထားရှိသူအား ဤသို့ပင် အကျိုးစဝါးဗ်များ ရရှိမည်ဖြစ်သည်။

အေမာမ်ကုရ်သုဗီ (ရဟ) သခင်ကြီးသည် တမန်တော်ယအ်ကူးဗ် عليه السلام ၏ ဤပြင်းထန်လှသော ဆန်းစစ်ခံရမှုနှင့် ပတ်သက်ပြီး အကြောင်းအရင်းတစ်ခုကို တင်ပြထားသည်မှာ (ယင်းအကြောင်းအရင်းကို အချို့ဆင့်ပြန်ချက်များတွင်လည်း တင်ပြထားပေသည်။) တစ်နေ့၌ တမန်တော်ယအ်ကူးဗ် عليه السلام သည်

'သဟ်ဂျဒ်ဆွလားသ်'ကို ဆောက်တည်နေပေသည်။ ၎င်းနောက် ယူစွဖ် ﷺ သည် ၎င်း၏ ရှေ့တွင် အိပ်စက်လေသည်။ ရုတ်တရက် ယူစွဖ် ﷺ ထံမှ ဟောက်သံ ထွက်လာလေသည်။ ထိုအခါ ယအ်ကူးဗ် ﷺ ၏ အာရုံသည် သားတော်ယူစွဖ် ﷺ ဘက်သို့ ရောက်ရှိသွားလေတော့သည်။ တစ်ဖန် ဒုတိယအကြိမ် ၎င်းနောက် တတိယအကြိမ်တွင်လည်း ဤသို့ပင် ဖြစ်ပေါ်ခဲ့သည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကောင်းကင်တမန်များကို မိန့်တော်မူသည်မှာ 'အသင်တို့ ကြည့်ကြလော။ ဤငါ၏ မိတ်ဆွေ၊ ငါ၏ နှစ်မြို့ခြင်းခံရသော ဗန္ဒာဟ်ကျေးကျွန်သည် ငါအသျှင်မြတ်အား တိုင်တည်ပြောဆိုလျှောက်ထားနေသည့် ကြားတွင် အခြားဘက်သို့ အာရုံပြုခဲ့သည်။ ငါအသျှင်မြတ်၏ ကြီးကျယ်ထွတ်မြတ်ခြင်း၏ ကစမ်၊ ငါအသျှင်မြတ်သည် ၎င်း၏ စက္ခုမြင်ကွင်းကို ဖြုတ်ယူဖြစ်တော်မူမည်။ အကြင်စက္ခုဖြင့် ငါအသျှင်မြတ်မှ အပ အခြားဘက်သို့ အာရုံပြုခဲ့သည်။ ထို့နောက် ၎င်းအာရုံပြုခဲ့သည့် အရာကိုလည်း ကာလကြာရှည်သည့် အထိ ၎င်းနှင့် ခွဲခွာစေမည်။'

ထို့ကြောင့် ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ဆင့်ပြန်ချက်တစ်ရပ် လာရှိသည်မှာ သခင်မကြီးသည် တမန်တော်မြတ် ﷺ အား 'ဆွလားသ် ဆောက်တည်ရာတွင် အခြားအရာဝတ္ထုများဘက်သို့ ကြည့်ရှုခြင်းသည် မည်သို့ ရှိသနည်း'ဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'ဤသို့ ကြည့်ရှုခြင်းဖြင့် ရှိုက်သွာန်သည် ဗန္ဒာဟ်၏ ဝတ်ပြုမှုကို အလစ်သုတ်လိုက်လေသည်'ဟု မိန့်ကြားတော်မူသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَلَمَّا دَخَلُوا عَلَيْهِ قَالُوا يَا أَيُّهَا الْعَزِيزُ مَسَّنَا
وَأَهْلَنَا الضُّرُّ وَجِئْنَا بِبِضَاعَةٍ مُّزْجَاةٍ فَأَوْفِ لَنَا الْكَيْلَ
وَتَصَدَّقْ عَلَيْنَا ۖ إِنَّ اللَّهَ يَجْزِي الْمُتَصَدِّقِينَ ﴿٨٨﴾

၁၂ : ၈၈ ။ ။ တစ်ဖန် ၎င်းတို့သည် ယင်းယူစွဖ်ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ 'အို၊ အဇီးဇ်' ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားတို့၌ (တော်မွတ်ခြင်း) ဘေးဒုက္ခနှင့် ဆိုက်ရောက်နေပါသည်။ ၎င်းအပြင် ကျွန်ုပ်တို့သည် အနည်းငယ်မျှသော အရင်းအနှီး ပစ္စည်းကိုသာ ယူဆောင်လာခဲ့ကြပါသည်။ သို့ပါ၍ အသင်သည် ကျွန်ုပ်တို့အား (စားနပ်ရိက္ခာကို အပြည့်ခြင်၍ ပေးပါ။ ၎င်းအပြင် ကျွန်ုပ်အပေါ်၌ မေတ္တာထား၍ ပေးကမ်းလှူဒါန်းပါ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မေတ္တာတရားထားရှိ၍ လှူဒါန်းသူတို့အား အကျိုးကျေးဇူးကို ချီးမြှင့်တော်မူပါသည်' ဟု ပြောဆို လျှောက်ထားခဲ့ကြလေသည်။

قَالَ هَلْ عَلِمْتُمْ مَّا فَعَلْتُمْ بِيُوسُفَ وَأَخِيهِ إِذْ أَنْتُمْ جَاهِلُونَ ﴿٨٩﴾

၁၂ : ၈၉ ။ ။ (ထိုအခါဝယ်) ၄င်းယူစွဖ်က (ထိုသူတို့အား) 'အသင်တို့သည် မိမိတို့ မသိမိုက်မဲသူများ ဖြစ်ခဲ့ကြစဉ် အခါက မိမိတို့သည် ယူစွဖ်နှင့် ၄င်း၏ ညီတော်အား မည်သည့်အပြုအမူ ပြုခဲ့ကြသည်ကို အသင်တို့ မှတ်မိကြသေးသလော' ဟု ပြောဆို မေးမြန်းကြလေ၏။

قَالُوٓا أَءِنَّكَ لَأَنتَ يُوسُفُ ۖ قَالَ أَنَا يُوسُفُ وَهَٰذَآ أَخِى ۖ قَدْ مَنَّ ٱللَّهُ عَلَيْنَآ ۖ إِنَّهُۥ مَن يَتَّقِ وَيَصْبِرْ فَإِنَّ ٱللَّهَ لَا يُضِيعُ أَجْرَ ٱلْمُحْسِنِينَ ﴿٩٠﴾

၁၂ : ၉၀ ။ ။ (ထိုအခါ) ၄င်းတို့က 'ဧကန်စင်စစ် အသင်သည်ပင်' ယူစွဖ်ဖြစ်ပါသလော' ဟု (**အံ့အားသင့်စွာ**) ပြောဆို မေးမြန်းခဲ့ကြလေသည်။ (ထိုအခါ) ၄င်းယူစွဖ်က ကျွန်ုပ်သည် ယူစွဖ်ပင်ဖြစ်၍ ဤသည် **ကျွန်ုပ်၏ ညီတော်ပင်ဖြစ်သည်**။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ်ဝယ် ကျေးဇူးပြုတော်မူခဲ့လေသည်။ စင်စစ် **မည်သူမဆို ပြစ်မှုဒုစရိုက်** များမှ ရှောင်ကြဉ်ခြင်းနှင့် (ဘေးဒုက္ခများ ကြုံကြိုက်လာသောအခါ) သည်းခံခြင်းတရားကို ထားရှိသည်ဖြစ်ပါမူ **ဧကန်အမှန်** အလ္လာဟ်အသျှင်မြတ်က ကောင်းမြတ်သော သီလကို ဆောက်တည်သည့် သူတော်ကောင်းတို့၏ အကျိုးကျေးဇူးကို အချည်းအနှီး ဖြစ်စေတော်မူသည်မဟုတ်' ဟု ပြောကြားခဲ့လေသည်။

قَالُوا تَٱللَّهِ لَقَدْ ءَاثَرَكَ ٱللَّهُ عَلَيْنَا وَإِن كُنَّا لَخَٰطِـِٔينَ ﴿٩١﴾

၁၂ : ၉၁ ။ ။ ၄င်း (နောင်တော်) တို့က အလ္လာဟ်အသျှင်အား တိုင်တည်၍ ပြောဆိုအံ့။ ဧကန်အမှန် အလ္လာဟ် အသျှင်မြတ်သည် အသင့်အား ကျွန်ုပ်တို့ထက် မြင့်မြတ်စေတော်မူခဲ့လေသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည်သာလျှင် မှားယွင်း သူများ ဖြစ်ကြပေသည်' ဟု (ဝန်ခံ) ပြောဆိုကြလေသည်။

قَالَ لَا تَثْرِيبَ عَلَيْكُمُ ٱلْيَوْمَ ۖ يَغْفِرُ ٱللَّهُ لَكُمْ ۖ وَهُوَ أَرْحَمُ ٱلرَّٰحِمِينَ ﴿٩٢﴾

၁၂ : ၉၂ ။ ။ (ထိုအခါ) ၄င်းယူစွဖ်က 'ယနေ့ အသင်တို့အပေါ်၌ လုံး၀ အပြစ်တင် (အရေးယူ) ခြင်း မရှိချေ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အပြစ်မှ ချမ်းသာပေးသနားတော်မူပါစေ။ စင်စစ်မှာ ထိုအသျှင်မြတ်သည် သနား ကြင်နာသူ အပေါင်းတို့ထက် သာလွန်၍ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်' ဟု ပြောဆိုခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

တစ်ဖန် (ဟဇရသ်ယအ်ကူးဗ် ﷺ ၏ အမိန့်အရ ၄င်းတို့သည် အီဂျစ်နိုင်ငံသို့ ထွက်ခွာသွားကြလေသည်။ အဘယ်ကြောင့်ဆိုသော် ဗင်န်ယာမီးန်ကို အီဂျစ်နိုင်ငံတွင်သာ ထားခဲ့ကြသည်။ ဤသို့ စဉ်းစားကာ လွယ်ကူစွာ သိရှိနိုင်သောသူကို ဦးစွာပထမ ရှာဖွေခေါ်ဆောင်လာကြရန် ကြံဆသင့်ပေသည်။ ဘုရင်ကြီးထံမှ ၄င်းကို တောင်းယူကြမည်။ ထို့နောက်မှ ယူစွဖ် ﷺ ၏ထံပါးသို့ (၄င်းတို့သည် ယူစွဖ် ﷺ ကို ဘုရင်ခံကြီးဟု ထင်မှတ်လေကြသည်။) ရောက်ရှိလာကြလေသည်။ (၄င်းနောက် ရိက္ခာလည်း လိုအပ်နေကြသည်။ ရိက္ခာယူရန် အကြောင်းပြကာ ဘုရင်ကြီးဆီသို့ သွားရောက်ကြမည်ဟု စဉ်းစားခဲ့ကြသည်။ ၄င်းနောက် ရိက္ခာဝယ်ယူရန် ပြောဆိုရင်း ၄င်းကို မျက်နှာချိုသွေးကြမည်။ ဘုရင်ကြီး၏ စိတ်သဘောထားနူးညံ့နေမည်၊ ပျော်ရွှင်နေမည်ကို တွေ့ရှိရလျှင် ဗင်န်ယာမီးန်နှင့် ပတ်သက်ပြီး တောင်းဆိုမှု ပြုကြမည်။ ထို့ကြောင့် ဦးစွာပထမ ရိက္ခာဝယ်ယူခြင်းနှင့် ပတ်သက်ပြီး စကားကို အစပြုကြသည်။ ၄င်းနောက်) ပြောဆိုကြသည်မှာ အို့, ဘုရင်းမင်းကြီး၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားများသည် (မိုးခေါင်ရေရှားမှုဒဏ်ကြောင့်) အလွန်ပင် ဒုက္ခရောက်ခဲ့ကြသည်။ ၄င်းနောက် (ကျွန်ုပ်တို့သည် ဆင်းရဲမွဲတေမှုတွင် နစ်မွန်းခဲ့ကြသည်။ ထို့ကြောင့် ရိက္ခာဝယ်ယူရန်အတွက် တန်ဖိုးရှိသော အဖိုးအခပင် လက်ဝယ်မရှိခဲ့ပေ) ကျွန်ုပ်တို့သည် အဖိုးမတန်သော ပစ္စည်းအချို့ကို ယူဆောင်လာခဲ့သည်။ သို့ပါ၍ ဘုရင်ကြီးအနေနှင့် (ဤတန်ဖိုးမရှိသော အဖိုးအခကို မျက်ကွယ်ပြုကာ) ပြည့်ဝသော ရိက္ခာကို ချီးမြှင့်တော်မူပါ။

(၄င်းနောက် တန်ဖိုးမရှိသော အဖိုးအခကြောင့် ရိက္ခာတွင် လျှော့ပေးမှု မပြုပါနှင့်။) ၄င်းနောက် (ကျွန်ုပ်တို့နှင့် မထိုက်တန်သော်ငြားလည်း) ကျွန်ုပ်တို့ကို အလှူဒါနဟု (မှတ်ယူကာ) ချီးမြှင့်တော်မူပါ။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အလှူဒါနပြုသူများကို (ပြည့်ပြည့်ဝဝ လှူဒါန်းသည်ဖြစ်စေ၊ လွယ်ကူမှုပေးသူနှင့် ထောက်ထားမှုပြုသူ ဖြစ်စေ ယင်းသည်လည်း ပြည့်ဝသော အလှူဒါနကဲ့သို့ပင် ဖြစ်၍) အစား (ကောင်းမွန်စွာ) ချီးမြှင့်တော်မူသည်။ (အကယ်၍ အီမာန်ရှင်ဖြစ်လျှင် တမလွန်တွင်ပါ အကျိုးရရှိမည်။ သို့မဟုတ် လောကတွင်သာ ရရှိမည်။) ယူစွဖ် ﷺ သည် (၄င်းတို့၏ ဆင်းရဲနွမ်းပါးမှုနှင့် ပြည့်နှက်နေသော စကားလုံးများကိုကြားပြီး ထိန်းမရလောက်အောင် ခံစားခဲ့ရသည်။ အဖြစ်မှန်ကို တင်ပြလျှင် ကောင်းလိမ့်မည်ဟုပင် ဆန္ဒဖြစ်ပေါ်လာခဲ့သည်။ ၄င်းနောက် ယူစွဖ် ﷺ သည် မိမိ၏ စူးရှတောက်ပသော နှလုံးသားဖြင့် သိရှိသွားသည်လည်း ဖြစ်နိုင်သည်။ အကြောင်းမှာ ယခုတစ်ကြိမ် ၄င်းတို့၏ လာရောက်ခြင်း၏ အကြောင်းအရင်းကို ရှာဖွေစုံစမ်းရန် ဖြစ်သည်။ ၄င်းနောက် ဤအချက်ကိုလည်း အသျှင်မြတ်ဘက်တော်မှ အသိပေးခဲ့ခြင်း ဖြစ်နိုင်သည်။ အကြောင်းမှာ ယခု ဖခင်ကြီးနှင့် ခွဲခွာသော အချိန်ကာလသည် ကုန်ဆုံးသွားလေသည်။ ထို့ကြောင့် စကားချီးအနေနှင့် အသိပေး) ပြောကြားသည်မှာ (အသင်တို့ ပြောကြလော့။) အသင်တို့သည် ယူစွဖ်နှင့် သူ၏ ညီငယ်ကို မည်သို့ (ဆက်ဆံ) ခဲ့သည်ကို မှတ်မိသေးပါ၏လေ။ ထိုအခါက အသင်တို့သည် အသိတရား ကင်းမဲ့ခဲ့ကြသည်။ (၄င်းနောက် အကောင်းအဆိုးကို မခွဲခြားတတ်ခဲ့ကြချေ။ ဤစကားကို ကြားပြီး ဦးစွာပထမ တွေဝေကုန်ကြသည့်အကြောင်းမှာ အီဂျစ်နိုင်ငံ၏ ဘုရင်မင်းမြတ်သည်

ယူစွဖ် عليه السلام ၏ ဖြစ်ရပ်နှင့် မည်သို့ ပါဝင် ပတ်သက်နေသနည်း။ ၄င်းတို့သည် ရှေးယခင်ကတည်းက ယူစွဖ် عليه السلام ၏ အိပ်မက်ကြောင့် ထင်မြင်ခဲ့ကြသည်မှာ ယူစွဖ် عليه السلام သည် မြင့်မားသော အဆင့်အတန်းကို တစ်နေ့ ရောက်ရှိလိမ့်မည်။ ငါတို့သည် ၄င်း၏ရှေ့တွင် ခေါင်းငုံ့ရလိမ့်မည်။ ထို့ကြောင့် အထက်ပါစကား ရပ်ကြောင့် သံသယဝင်လာသည်။ ၄င်းနောက် စဉ်းစားတွေးခေါ်ပြီး အနည်းငယ် သဘောပေါက်လာသည်။ ထပ်မံ စူးစမ်းသောအနေဖြင့်) ပြောဆိုကြသည်မှာ အမှန်တကယ်ပင် အသင်သည် ယူစွဖ်ဖြစ်ပါသလော။ ၄င်းက ဖြေကြားသည်မှာ (ဟုတ်ပါ၏) ကျွန်ုပ်သည် ယူစွဖ်ဖြစ်သည်။ ၄င်း ဤ (ဗင်နယာမီးန်) သည် ကျွန်ုပ်၏ ညီ (အရင်း) ဖြစ်သည်။

(ဤစကားကို ထပ်ဆင့် ပြောကြားရသည့်အကြောင်းမှာ မိမိသည် ယူစွဖ် عليه السلام ဖြစ်ကြောင်းကို ပိုမိုခိုင်မာစေရန် ဖြစ်သည်။ (သို့) ၄င်းတို့၏ ရှာဖွေစူးစမ်းမှုကို အောင်မြင်မှုရကြောင်း သတင်းကောင်းပါး ခြင်း ဖြစ်သည်။ အကြောင်းမှာ အသင်တို့ လိုက်လံရှာဖွေနေသူနှစ်ဦးသည် တစ်နေရာတည်းတွင် ရှိနေသော ကျွန်ုပ်တို့နှစ်ဦးသာလျှင် ဖြစ်သည်။) ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်သည် ကျေးဇူးပြုခဲ့သည်။ (အကြောင်း မှာ ဦးစွာပထမ ကျွန်ုပ်တို့ကို 'ဆွဗရ်'နှင့် 'သက္ကဝါ'တရားကို ပြုကျင့်နိုင်ရန် စွမ်းအားပေးသနားတော်မူ ခဲ့သည်။ တစ်ဖန် ယင်း၏ 'ဗရ်ကသ်'ကြောင့် ကျွန်ုပ်တို့၏ ဒုက္ခကို သုခဖြင့်၊ ၄င်းနောက် ခွဲခွာမှုကို စုရုံး မှုဖြင့်၊ ၄င်းနောက် ဥစ္စာအာဏာနည်းပါးမှုကို များပြားမှုဖြင့် ပြောင်းလဲ ပေးသနားတော်မူခဲ့သည်။) မုချ ကေန် အကြင်သူသည် အကုသိုလ်များကို ရှောင်ရှားပြီး (ဘေးဒုက္ခများအပေါ်) သည်းခံတရားထားရှိလျှင် အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ကောင်းကျိုးပြုသူများ၏ အကျိုးစဝါးဗ်ကို ပျက်စီးစေမည်မဟုတ်ပေ။ ၄င်းတို့သည် (ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို သတိရကာ အရှက်ရကြလေသည်။ ၄င်းနောက် တောင်းပန်သောအနေဖြင့်) ပြောကြားကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင့်ကို အလ္လာဟ် အသျှင်မြတ်သည် ကျွန်ုပ်တို့ထက် ပို၍ ဂုဏ်ကျေးဇူးများ ချီးမြှင့်ခဲ့သည်မှာ စိုးစဉ်းမျှ သံသယမရှိပေ။ (၄င်းနောက် အသင်သည် ယင်းကို ထိုက်တန်သူဖြစ်သည်။) ၄င်းနောက် (ကျွန်ုပ်တို့ ပြုခဲ့သမျှသည်) မုချ ကေန် ကျွန်ုပ်တို့၏ အမှားပင်ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်အတွက် ခွင့်လွှတ်လိုက်ပါလေ။) ယူစွဖ် عليه السلام က ပြောကြားသည်မှာ မဟုတ်ပါ။ ယနေ့ အသင်တို့အပေါ် (ကျွန်ုပ်ဘက်မှ) မည်သည့်စွပ်စွဲမှုမျိုးမှ မရှိပါ။ (သောကမရောက်ကြလေနှင့်။ ကျွန်ုပ်၏ နှလုံးသားတွင် ရှင်းလင်းသွားပြီး) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏အပြစ်ကို ခွင့်လွှတ်ပါစေ။ ၄င်းနောက် ထိုအသျှင်မြတ်သည် ကျေးဇူးရှင်များထက် ပို၍ ကျေးဇူး ကြီးမားသော အသျှင် ဖြစ်တော်မူသည်။ (အမှားဝန်ချ တောင်းခံသူများကို ခွင့်လွှတ်တော်မူလေ့ရှိသည်။ ဤဒိုအာကြောင့် သိရှိရသည်မှာ ကျွန်ုပ်လည်း အသင်တို့ကို ခွင့်လွှတ်လိုက်ပြီဟူ၍ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်များတွင် ယူစွဖ် عليه السلام နှင့် ၄င်း၏ နောင်တော်များနှင့် ပတ်သက်ပြီး ကျန်ရှိအကြောင်းအရာများကို တင်ပြထားလေသည်။ အကြောင်းမှာ ၄င်းတို့၏ ဖခင် တမန်တော်ယအ်ကူးဗ်

عليه السلام သည် ၎င်းတို့ကို အမိန့်ပေးခဲ့သည်။ အသင်တို့ ယူစွဖ်နှင့် သူ၏ညီကို လိုက်လံရှာဖွေကြလော။ ထိုအခါ ၎င်းတို့သည် တတိယအကြိမ်မြောက် အီဂျစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ထိုနေရာတွင် ဗင်နယာမီးန်ရှိကြောင်းကို သိရှိသောကြောင့် ဖြစ်သည်။ ဦးစွာပထမ ၎င်းကို လွတ်မြောက်ရန် ပြုရမည်။ ၎င်းနောက် ယူစွဖ် عليه السلام အီဂျစ်နိုင်ငံတွင် ရှိနေသည်ကို မသိရှိသော်လည်း အလုပ်တစ်ခုကို ဆောင်ရွက်ကြသောအခါ လူသား၏ အတွေးအခေါ်များသည် အလိုအလျောက် မှန်ကန်မှုရှိလာသည်လည်း ရှိတတ်သည်။ ဤသို့ပင် ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အလုပ်တစ်ခုကို ဆောင်ရွက်ရန် အလိုတော်ရှိတော်မူသောအခါ ယင်းနှင့် ပတ်သက်သော အကြောင်းခံများအား အလိုအလျောက် စုစည်းမှု ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ယူစွဖ် عليه السلام ကို ရှာဖွေရန်လည်း အီဂျစ်နိုင်ငံသို့ သွားရန် သင့်လျော်သည်ဟု အလိုအလျောက်ပင် အတွေးဝင်လာခြင်း ဖြစ်သည်။ ၎င်းနောက် ရိက္ခာ၏ လိုအပ်ချက်လည်း ရှိနေသည်။ ထို့ကြောင့် ရိက္ခာလိုအပ်ချက်ကို အကြောင်းပြု၍ အီဂျစ်ဘုရင်မင်းမြတ်နှင့် တွေ့ဆုံကြမည်။ ထို့နောက် ၎င်းအား မိမိတို့၏ ညီတော် ဗင်နယာမီးန်လွတ်မြောက်ရန်အတွက် လျှောက်ထားကြမည်ဟု စဉ်းစားခဲ့ကြသည်။

فَلَمَّا دَخَلُوْا عَلَيْهِ قَالُوْا ــ الاية

ဆိုလိုသည်မှာ ဖခင်ကြီး၏ အမိန့်အရ ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် အီဂျစ်နိုင်ငံသို့ ရောက်ရှိခဲ့ကြသည်။ ထို့နောက် အီဂျစ်ဘုရင်မင်းမြတ်ကြီးနှင့် တွေ့ဆုံပြီး မျက်နှာချိုသွေးကာ မိမိတို့၏ လိုအပ်ချက်များနှင့် ဆင်းရဲမွဲတေမှုများအကြောင်းကို တင်ပြကြသည်။ 'အို, ဘုရင်မင်းမြတ်၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားများသည် မိုးခေါင်ရေရှားမှုဒဏ်ကြောင့် လွန်စွာ ဘေးဒုက္ခရောက် ရှိခဲ့ကြသည်။ အဘယ်မျှခန့်ဆိုသော် ယခု ကျွန်ုပ်တို့ထံတွင် ရိက္ခာဝယ်ယူရန် လျော်ကန်သော အဖိုးအခလည်း မရှိတော့ပေ။ ကျွန်ုပ်တို့သည် မတတ်သာသည့်အဆုံး တန်ဖိုးမရှိသော အရာဝတ္ထုများကို ရိက္ခာနှင့် လဲလှယ်ရန်အတွက် ယူဆောင်လာခဲ့ကြသည်။ အရှင်မင်းကြီးသာလျှင် မိမိ၏ မွန်မြတ်လှသော အကျင့်သီလတော်ဖြင့် ဤညံ့ဖျင်းသော ပစ္စည်းများကိုသာ လက်ခံတော်မူပါ။ ၎င်းနောက် ရိက္ခာကိုလည်း ထိုက်တန်သော အဖိုးအခဖြင့် ဝယ်ယူသကဲ့သို့ ပြည့်ပြည့်ဝဝ ပေးသနားတော်မူပါ။ ကျွန်ုပ်တို့သည် ဤသို့ ရပိုင်ခွင့်မရှိကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ကြသည်။ သို့သော် အရှင်မင်းကြီးအနေဖြင့် ကျွန်ုပ်တို့အား အလှူဒါနဟု မှတ်ယူ ချီးမြှင့်တော်မူပါ။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ဒါနပြုသူများအား ကောင်းမွန်သော အစားပေးသနားတော်မူသည်။'

ဤညံ့ဖျင်းသော အရာများသည် မည်သည့်အရာများဖြစ်သည်ကို ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်တွင် ရှင်းလင်းတင်ပြမထားပေ။ ယင်းနှင့် ပတ်သက်၍ သဖ်စီးရ်ပညာရှင်ကြီးများ၏ အဆိုတွင် ကွဲလွဲမှုများ ရှိသည်။ အချို့က ဆိုသည်မှာ ငွေဒင်္ဂါးအတုများဖြစ်သည်။ ယင်းကို ဈေးဝယ်ရာတွင် အသုံးပြု၍ မရပေ။ အချို့က ဆိုသည်မှာ အိမ်သုံးပစ္စည်းများ ဖြစ်သည်။ ဤသည် مُزْجَلَةٍ ဟူသော စာသားအရ

ဖြစ်သည်။ ထိုစာသား၏ မူရင်းအဓိပ္ပာယ်မှာ အသုံးမတည့်သော အရာများအား အဓမ္မ အသုံးတည့်အောင် ပြုလုပ်သော အရာဟူ၍ ဖြစ်သည်။

တမန်တော်ယူစွဖ် ﷺ သည် နောင်တော်များ၏ ဆင်းရဲမွဲတေမှုများဖြင့် ပြည့်နှက်နေသော စကားများကို ကြားရသော် ၄င်းနောက် ယိုယွင်းနေသော အခြေအနေကို တွေ့မြင်ရသောအခါ သဘာဝအလျောက် မိမိ၏ ဖြစ်ရပ်မှန်ကို ထုတ်ဖော်တင်ပြရန် မခံမရပ်နိုင်လောက်အောင်ပင် ခံစားခဲ့ရသည်။ ၄င်းနောက် အခြေအနေအရ အနေအထားမှာ တမန်တော်ယူစွဖ် ﷺ အား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အခြေအနေအရပ်ရပ်ကို ထုတ်ဖော်အသိပေးရန် တားမြစ်တော်မူသည်။ ယခု အချိန်တန်ခဲ့ပြီ။ ဖြစ်ရပ်မှန်ကို ထုတ်ဖော်ရန် အချိန်ကျရောက်လာပြီဖြစ်သည်။

၄င်းနောက် သဖ်စီးရ်ကုရ်သုဗီးကျမ်းနှင့် မဇ္ဇဟရီးကျမ်းတို့တွင် အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားသည်မှာ ထိုအချိန် တမန်တော်ယအ်ကူးဗ် ﷺ သည် အီဂျစ်ဘုရင်မင်းကြီး၏ အမည်ဖြင့် စာတစ်စောင် ရေးသားပို့ဆောင်ခဲ့သည်။ ထိုစာလွှာပါ အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

'အီဂျစ်နိုင်ငံပြည့်ရှင် မင်းကြီး၏ ထံတော်ပါးသို့ ယအ်ကူးဗ်ဆွဖီယွလ္လာဟ် အိဗ်နေအီစ်ဟားက် ဇဗီဟွလ္လာဟ် အိဗ်နေအီဗ်ရာဟီးမ်ခလီလွလ္လာဟ်၏ ဘက်မှ စာလွှာဖြစ်သည်။ أَمَّا بَعْد ကျွန်ုပ်တို့၏ ဆွေစဉ်မျိုးဆက် အားလုံးသည် ဘေးဒုက္ခများနှင့် စမ်းစစ်ခံရမှုများတွင် ကျော်ကြားခဲ့လေသည်။ ကျွန်ုပ်၏ အဘိုးဖြစ်သူ အိဗ်ရာဟီးမ်ခလီလွလ္လာဟ် သခင်အား နမရူဒ်ဘုရင်ကြီး၏ မီးမြင့် စမ်းစစ်ခံခဲ့ရသည်။ တစ်ဖန် ကျွန်ုပ်၏ ဖခင်ကြီး အီစ္စဟားက်သခင်အား ပြင်းထန်သော ဆန်းစစ်မှုများ ဖြစ်ခဲ့ရသည်။ တစ်ဖန် ကျွန်ုပ်ကိုလည်း သားတော်တစ်ပါး၏ အကြောင်းခံဖြင့် စမ်းစစ်ခံခဲ့ရသည်။ ထိုသားတော်သည် ကျွန်ုပ် အတွယ်တာဆုံး၊ အမြတ်နိုးဆုံး သားတော်ဖြစ်သည်။ အဘယ်မျှဆိုသော် ၄င်းဖြင့် ခွဲခွာရခြင်းကြောင့် ကျွန်ုပ်သည် မျက်စိပင် ကွယ်ခဲ့ရသည်။ ထို့နောက် ၄င်း၏ ညီငယ်တစ်ဦး ရှိသည်။ သူသည် သောကခံစားနေရသော ကျွန်ုပ်၏ ဖြေသိမ့်ရာတစ်ခုဖြစ်သည်။ ဘုရင်မင်းကြီးသည် ၄င်းအား ခိုးပြစ်ဒဏ်ကြောင့် ဖမ်းဆီးထားပေသည်။ ၄င်းနောက် ကျွန်ုပ် ပြောကြားလိုသည်မှာ ကျွန်ုပ်တို့သည် နဗီတမန်တော်များ၏ မျိုးရိုးစဉ်ဆက်ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့်အခါကမျှ မခိုးဝှက်ခဲ့ဖူးပါ။ ကျွန်ုပ်တို့၏ မျိုးရိုးတွင် မည်သည့်သူခိုးမျှ မပေါ်ပေါက်ခဲ့ဖူးပါ။'

တမန်တော်ယူစွဖ် ﷺ သည် ထိုစာကို ဖတ်ပြီး တုန်လှုပ်သွားခဲ့သည်။ ရုတ်တရက် ရှိုးပွဲချ ငိုကြွေးလေတော့သည်။ ၄င်းနောက် မိမိ၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်တင်ပြလိုက်လေသည်။ ၄င်းနောက် မှတ်မိစေရန်အတွက် စကားချည်းအနေဖြင့် မေးမြန်းခဲ့သည်မှာ အသင်တို့သည် ယူစွဖ် ﷺ နှင့် သူ၏ ညီငယ်ကို မည်သို့ ဆက်ဆံခဲ့သည်ကို မှတ်မိသေးပါ၏လော။ ထိုအခါက အသင်တို့သည် အသိတရားခေါင်းပါးခဲ့ကြသည်။ အကောင်းအဆိုးကို ခွဲခြားနိုင်သည့်စိတ် အလုပ်တစ်ခု၏ ရလဒ်ကို သောကထား စဉ်းစားနိုင်သည့် စိတ်ဓါတ် မရှိခဲ့ကြပေ။

ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် ဤမေးခွန်းကို ကြားလိုက်ရသောအခါ တွေဝေသွားလေသည်။ အီဂျစ်ဘုရင်မင်းကြီးသည် ယူစွဖ် عليه السلام ၏ အကြောင်းအရာနှင့် မည်သို့ ပတ်သက်မှု ရှိသနည်း။ တစ်ဖန် ယူစွဖ် عليه السلام ငယ်စဉ်အခါက မြင်မက်ခဲ့သော အိပ်မက်ကိုလည်း ပြန်လည်သတိရလာခဲ့သည်။ ထိုအိပ်မက်၏ အလိုသဘောမှာ ယူစွဖ် عليه السلام သည် မြင့်မားသော အဆင့်အတန်းကို ရရှိမည်။ ဤအီဂျစ်ပြည့်ရှင်မင်းကြီး သည်ပင် ယူစွဖ် عليه السلام ဖြစ်နေမည်လော။ တစ်ဖန် ထပ်မံ၍ တွေးတောအာရုံစိုက်လိုက်သောအခါ အချို့သော လက္ခဏာများကြောင့် သိရှိသွားခဲ့သည်။ ထပ်မံ၍ စူးစမ်းသောအနေဖြင့် ၎င်းတို့က ပြောကြားသည်မှာ-

أَإِنَّكَ لَأَنْتَ يُوسُفُ

ဧကန်အမှန် အသင်သည်ပင် ယူစွဖ်ဖြစ်နေပါသလော။ ယူစွဖ် عليه السلام က ဖြေကြားသည်မှာ 'မှန်ပါ၏။ ကျွန်ုပ်သာလျှင် ယူစွဖ်ဖြစ်ပါသည်။ ၎င်းနောက် ဤဗင်ယာမီန်သည် ကျွန်ုပ်၏ ညီအရင်းဖြစ်ပါသည်။ ညီတော်၏ အကြောင်းကို ဆက်လက်တင်ပြခြင်းမှာ ၎င်းတို့ ကောင်းစွာ ယုံကြည်သွားရန် ဖြစ်သည်။ ၎င်းနောက် နောင်တော်တို့၏ ရည်ရွယ်ချက် ပြည့်ဝစွာ အောင်မြင်သွားကြောင်းကို ရှင်းလင်းတင်ပြလိုခြင်း ကြောင့်လည်း ဖြစ်သည်။ အကြောင်းမှာ အသင်တို့ ရှာဖွေနေသူနှစ်ဦးအား တစ်နေရာတည်းတွင် အသင်တို့ တွေ့ရှိလိုက်ရလေပြီ။ တစ်ဖန် ပြောဆိုသည်မှာ-

قَدْ مَنَّ اللّٰهُ عَلَيْهِ اِنَّهٗ مَنْ يَّتَّقِ وَيَصْبِرْ فَاِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُحْسِنِيْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ် ကျေးဇူးတရား ထားရှိတော်မူခဲ့သည်။ အကြောင်းမှာ ဦးစွာပထမ ကျွန်ုပ်တို့နှစ်ဦးစလုံးအား 'ဆွဗရ်' နှင့် 'သက္ကဝါ' ဟူသော အရည်အချင်းနှစ်ရပ် ချီးမြှင့်တော်မူခဲ့သည်။ ယင်းသည် အောင်မြင်မှု၏ လျှို့ဝှက်ချက်နှင့် ဘေးဒုက္ခများအတွက် အေးချမ်းစေမည့် အရာဖြစ်သည်။ တစ်ဖန် ကျွန်ုပ်တို့၏ ဘေးဒုက္ခကို အေးချမ်းမှုဖြင့် ခွဲခွာမှုများကို စုစည်းမှုဖြင့် ဥစ္စာအာဏာ နည်းပါးမှုကို များပြားမှုဖြင့် ပြောင်းလဲပေးခဲ့သည်။ မုချဧကန် 'ဂိုနာဟ်' အကုသိုလ်များမှာ ရှောင်ရှားသူကို ၎င်းနောက် ဘေးဒုက္ခများအပေါ် သည်းခံတရားထားရှိသူကို ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ကောင်းကျိုးပြုသူများ၏ အကျိုးစဝါးဗ်ကို ပျက်စီးစေမည် မဟုတ်ပေ။

ယခုအချိန်တွင် ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် မိမိတို့၏ အပြစ်ကို ဝန်ခံရုံမှအပ ၎င်းနောက် တမန်တော်ယူစွဖ် عليه السلام ၏ ထွတ်မြတ်မှုနှင့် အရည်အချင်းများကို အသိအမှတ်ပြုရုံမှအပ မည်သည့်နည်းမှ ရွေးချယ်စရာ မရှိတော့ပေ။ တစ်ပြိုင်တည်း အားလုံးက ပြောဆိုကြသည်မှာ-

تَاللّٰهِ لَقَدْ اٰثَرَكَ اللّٰهُ عَلَيْنَا وَاِنْ كُنَّا لَخٰطِئِيْنَ

အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင့်ကို ကျွန်ုပ်တို့ထက် ပို၍ ဂုဏ်ကျေးဇူးများ ချီးမြှင့်ခဲ့သည်။ ၎င်းနောက် အသင်သည် ယင်းကို ထိုက်တန်သူဖြစ်လေသည်။ ကျွန်ုပ်တို့ ပြုကျင့်ခဲ့သမျှသည် မုချဧကန် ကျွန်ုပ်တို့အမှားပင် ဖြစ်လေသည်။ အလ္လာဟ်အသျှင်မြတ်အတွက် ခွင့်လွှတ်လိုက်ပါ။ ယူစွဖ် عليه السلام သည် အဖြေပေးရာ၌ မိမိ၏ နဗီတစ်ပါးတွင် ရှိအပ်သော ဂုဏ်ဒြပ်နှင့်အညီ မိန့်ဆိုသည်မှာ-

لَا تَثْرِيْبَ عَلَيْكُمْ

ဆိုလိုသည်မှာ ကျွန်ုပ်သည် အသင်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများကို လက်စားချေမည်ဟု မဆိုထားနှင့်။ ယနေ့ အသင်တို့ကို မည်သို့မျှ ပြစ်တင်ပြောဆိုမှုမျိုးကိုပင် ပြုခြင်းမဟုတ်။ ဤကဲ့သို့ မိမိဘက်မှ ခွင့်လွှတ်ကြောင်း သတင်းကောင်းပါးခဲ့သည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ဆုမွန်တောင်းခံလေသည်။

يَغْفِرُ اللهُ لَكُمْ وَهُوَ اَرْحَمُ الرّٰحِمِيْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ အပြစ်များကို ခွင့်လွှတ်တော်မူပါစေ။ ထိုအသျှင်မြတ်သည် ကျေးဇူးရှင်များအားလုံးထက် ပို၍ ကျေးဇူးတရားကြီးမားတော်မူသော အသျှင် ဖြစ်တော်မူသည်။

တစ်ဖန် ပြောကြားသည်မှာ-

اِذْهَبُوْا بِقَمِيْصِيْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِيْ يَأْتِ بَصِيْرًا

وَاْتُوْنِيْ بِاَهْلِكُمْ اَجْمَعِيْنَ

ဆိုလိုသည်မှာ ဤငါ၏ အင်္ကျီကို ယူဆောင်သွားလော။ ထို့နောက် ယင်းကို ငါ၏ ဖခင်ကြီး၏ မျက်နှာပေါ်တွင် အုပ်လေလော။ ဤသို့ဖြင့် ၎င်း၏ စက္ခုနှစ်ကွင်း ပြန်လည်အလင်းရရှိလာမည် ဖြစ်သည်။ ဤသို့ဖြင့် ၎င်းသည် ဤနေရာသို့ ကြွမြန်းလာနိုင်မည် ဖြစ်သည်။ ၎င်းနောက် အသင်တို့၏ ကျန်ရှိသော အိမ်သူအိမ်သားများအားလုံးကိုလည်း ကျွန်ုပ်ထံ ခေါ်ဆောင်ခဲ့လော။ သို့မှသာ အားလုံးနှင့် တွေ့ဆုံ၍ ပျော်ရွှင်နိုင်သည် ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော 'နေ့အ်မသ်'တော်များဖြင့် အကျိုးခံစားကာ 'ရှကူရ်' ပြုကြမည်။

အမိန့်ပညတ်ချက်များနှင့် ညွှန်ကြားမှုများ

အထက်ပါအာယသ်တော်များအရ မြောက်မြားစွာသော အမိန့်ပညတ်ချက်များနှင့် လူ့ဘဝသက်တမ်းနှင့် ပတ်သက်သော အရေးကြီးသည့် လမ်းညွှန်မှုများကို သိရှိရသည်။

ဦးစွာပထမ **تَصَدَّقْ عَلَيْنَا** ဟူသော စာသားဖြင့် မေးမြန်းစရာတစ်ခုမှာ ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် နဗီတစ်ပါး၏ သားတော်များ ဖြစ်ပါလျက် ၎င်းတို့အတွက် 'ဆွဒ်ကာဟ်'၊ 'ခိုင်ရာသ်'သည် မည်သို့ 'ဟလာလ်'ဖြစ်ခဲ့သနည်း။ အကယ်၍ 'ဟလာလ်'ဖြစ်ခဲ့လျှင်လည်း တောင်းရမ်းခြင်းသည် မည်သို့ပြုပိုင်မည်နည်း။ နောင်တော်တို့သည် နဗီတမန်တော်များ မဟုတ်ကြသော်လည်း ယူစွဖ် عليه السلام သည် တမန်တော်တစ်ပါးဖြစ်သည်။ ၎င်းအနေနှင့် ဤမှားယွင်းမှုကို အဘယ်ကြောင့် သတိမပေးခဲ့လေသနည်း။

ဤမေးခွန်း၏ ရှင်းလင်းသော အဖြေမှာ ဤနေရာတွင် **وَتَصَدَّقْ** ဟူသော စာသား၏ အဓိပ္ပာယ်မှာ အမှန်တကယ် စွန့်ကြဲရသော 'ဆွဒ်ကာဟ်'မဟုတ်ဘဲ အပေးအယူလုပ်ရာတွင် ညှာတာထောက်ထားမှု ထားစေလိုက်ခြင်းကို **وَتَصَدَّقْ** ဟူသော စာသားဖြင့် သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရိက္ခာကို အခမဲ့ တောင်းခံခြင်းလည်း မပြုခဲ့ပေ။ ညံ့ဖျင်းသော အရာများကိုသာ ဆက်သခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် လျှောက်ထားခဲ့ကြသည့် အလိုသဘောမှာလည်း ဤတန်ဖိုးမရှိသော အရာများကို ကျွန်ုပ်တို့အား ညှာတာထောက်ထားကာ လက်ခံတော်မူပါဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် နဗီနှင့် သားမြေးများအပေါ် 'ဆွဒ်ကာဟ်ဟရာမ်'ဖြစ်ခြင်းသည် တမန်တော်မြတ် ﷺ ၏ အွမ္မသ်နှင့်သာ သီးခြား သက်ဆိုင်သော ပညတ်ချက်တစ်ခုလည်း ဖြစ်နိုင်သည်။ သဖ်စီးရ်ပညာရှင် အေမာမ် မုဂျာဟိဒ် (ရဟ) သခင်၏ အဆိုသည်လည်း ဤကဲ့သို့ပင် ဖြစ်သည်။ *[ဗယာနွလ်ကုရ်အာန်ကျမ်း]*

إِنَّ اللَّهَ يَجْزِي الْمُتَصَدِّقِينَ

ဤစာသားအရ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ဆွဒ်ကာဟ်ခိုင်ရားသ်' စွန့်ကြဲသူများကို ကောင်းမွန်သော အကျိုးများ ချီးမြှင့်တော်မူမည်။ သို့သော် ဤအချက်တွင် ရှင်းလင်းချက်တစ်ခု လာရှိသည်မှာ 'ဆွဒ်ကာဟ်ခိုင်ရားသ်'၏ အကျိုးတစ်ခုသည် အများနှင့် သက်ဆိုင်သည်။ ယင်းအကျိုးကို အီမာန်ရှင်တိုင်းနှင့် ကာဖိရ်တိုင်း၊ ဒွန္နယာလောကတွင် ရရှိနိုင်သည်။ ယင်းမှာ ဘေးဒုက္ခများမှ ကင်းဝေးခြင်းနှင့် ဘေးဘလာများ ရုပ်သိမ်းခံရခြင်းတို့ ဖြစ်သည်။ အခြားအကျိုးကျေးဇူးတစ်ခုမှာ တမလွန်နှင့်သာ သီးခြား သက်ဆိုင်သည်။ ဆိုလိုသည်မှာ 'ဂျန္နသ်'သုခဘုံဖြစ်သည်။ ယင်းသည် အီမာန်ရှင်များအတွက်သာ ဖြစ်သည်။ ဤနေရာတွင် တိုင်တည်ပြောဆိုခံရသူမှာ အီဂျစ်ဘုရင်မင်းမြတ်ကြီး ဖြစ်သည်။ တမန်တော်ယူစွဖ် عليه السلام ၏ နောင်တော်များသည် ၎င်းနှင့် ပတ်သက်ပြီး အီမာန်ရှင်ဟုတ်သည်၊ မဟုတ်သည်ကို ယခုအထိ မသိရှိရသေးသောကြောင့် အဓိပ္ပာယ်ကျယ်ဝန်းသော ဝါကျကို ရွေးချယ်ပြောဆိုကြခြင်းဖြစ်သည်။ ထိုဝါကျတွင် လောကီလောကုတ္တရာနှစ်ဌာနစလုံးသော အကျိုးကျေးဇူးများ ပါဝင်နေပေသည်။

[ဗယာနွလ်ကုရ်အာန်ကျမ်း]

ထို့ပြင် ဤနေရာတွင် အီဂျစ်ဘုရင်မင်းမြတ်ကြီးနှင့် ပြောဆိုခြင်းဖြစ်သောကြောင့် ရွေးချယ်ပြောဆိုရမည့် စာသားများမှာ မိမိရှေ့မှောက်တွင်ရှိသောသူနှင့် ပြောဆိုရာတွင် သုံးနှုန်းသည့် စာသားများကိုသာ သုံးနှုန်းသင့်ပေသည်။ ဥပမာ- အလ္လာဟ်အသျှင်မြတ်သည် အသင့်ကို ကောင်းမွန်သော အစားပေးသနားတော်မူပါစေဟူ၍ ဖြစ်သည်။ သို့သော် ၎င်းသည် အီမာန်ရှင်ဖြစ်ကြောင်း အတိအကျ မသိရှိခဲ့သောကြောင့် အဓိပ္ပာယ်ကျယ်ဝန်းသော ခေါင်းစဉ်ဖြင့်သာ ရွေးချယ်ပြောဆိုခဲ့ကြလေသည်။ သီးသန့်ယူစွဖ် عليه السلام အပေါ် သို့သာ ကောင်းသော အစားပေးသနားတော်မူပါဟူသည့် စာသားများကို မသုံးနှုန်းခဲ့ပေ။

[ကုရ်သုဗီကျမ်း]

قَدْ مَنَّ اللّٰهُ عَلَيْنَا

ဤစာသားအရ သိရှိရသည်မှာ လူသားသည် ဘေးဒုက္ခတစ်စုံတစ်ရာနှင့် ကြုံတွေ့ရသော် တစ်ဖန် အလ္လာဟ်အသျှင်မြတ်က ထိုဘေးဒုက္ခမှ လွတ်မြောက်စေ၍ မိမိ၏ 'နေ့အ်မသ်'တော်များကို ချီးမြှင့်တော်မူသောအခါ လူသားသည် ကြုံတွေ့ခဲ့ရသော ဘေးဒုက္ခများကို သတိရတသနေမည့်အစား လောလောလတ်လတ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချီးမြှင့်လိုက်သော 'နေ့အ်မသ်'တော်များနှင့် ကျေးဇူးတော်များကိုသာ သတိရတသသင့်သည်။ ဘေးဒုက္ခမှ လွတ်မြောက်ပြီး အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်' တော်များကို ရရှိခံစားပြီးသော်လည်း လွန်လေပြီးသော ဘေးဒုက္ခများအပေါ် ငိုကြွေးနေခြင်းသည် ကျေးဇူးကန်းရာရောက်သည်။ ဤသို့ ကျေးဇူးကန်းကြောင်းကို ကျမ်းတော်မြတ်ကုရ်အာန်တွင် كَنُوْدٌ ဟူသော စာသားဖြင့် သုံးနှုန်းမိန့်ဆိုထားပေသည်။

اِنَّ الْاِنْسَانَ لِرَبِّهٖ لَكَنُوْدٌ

'ကနူးဒ်'ဆိုသည်မှာ ကျေးဇူးတရားကို သတိမရသောသူ၊ ဘေးဒုက္ခများကိုသာ သတိရနေတတ်သူဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တမန်တော်ယူစွဖ် عليه السلام သည် နောင်တော်များကြောင့် ကာလကြာရှည်စွာ ခံစားခဲ့ရသော ဘေးဒုက္ခများကို ထိုအချိန်တွင် မတင်ပြခဲ့ခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'ဆုလာဘ်တော်များအကြောင်းကိုသာ တင်ပြလေသည်။

'ဆွဗရ်'သည်းခံခြင်းနှင့် 'သက်ွဝါ'ရှောင်ကြဉ်ခြင်းသည် ဘေးဒုက္ခအပေါင်း၏ ဆေးတစ်လက်ဖြစ်ခြင်း

اِنَّهٗ مَنْ يَّتَّقِ وَيَصْبِرْ

ဤစာသားအရ သိရှိရသည်မှာ 'သက်ွဝါ'(အကုသိုလ်များမှ ရှောင်ကြဉ်ခြင်း) နှင့် 'ဆွဗရ်'(ဘေးဒုက္ခများနှင့် ကြုံကြိုက်ရသော်လည်း လမ်းမှန်ပေါ် မြဲမြံစွာ ရပ်တည်နိုင်ခြင်း)၊ ဤအရည်အချင်းနှစ်မျိုးသည် လူသားအား ဘေးဘလာအပေါင်းမှ လွတ်မြောက်စေသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် မြောက်မြားစွာသော နေရာများ၌ လူသား၏ အောင်မြင်မှုသည် ဤအရည်အချင်းနှစ်မျိုးပေါ်၌ မူတည်ကြောင်း တင်ပြထားလေသည်။

وَاِنْ تَصْبِرُوْا وَتَتَّقُوْا لَا يَضُرُّكُمْ كَيْدُهُمْ شَيْئًا

ဆိုလိုသည်မှာ အကယ်၍ အသင်တို့သည် 'ဆွဗရ်'နှင့် 'သက်ွဝါ'ကို ဆောင်ကြဉ်းထားမည်ဆိုလျှင် ရန်သူတို့၏ ဆန့်ကျင်သော ကြံစည်မှုများသည် အသင်တို့အား မည်သို့မျှ ရှုံးဆုံးနစ်နာစေမည်မဟုတ်ပေ။

ဤနေရာတွင် ယေဘုယျအားဖြင့် သုံးသပ်လျှင် သိရှိရသည်မှာ တမန်တော်ယူစွဖ် عليه السلام သည် မိမိကိုယ်မိမိ 'သက်ွဝါ'ရှင်၊ ၎င်းနောက် ခန္တိတရားရှင်ဟု ကြွေးကြော်နေသယောင် ရှိသည်။ အကြောင်းမှာ

ကျွန်ုပ်၏ 'ဆွဗရ်'နှင့် 'သက္ကဝါ'ကြောင့် အခက်အခဲများမှ လွတ်မြောက်ခဲ့ပြီး မြင့်မားသော အဆင့်အတန်းကို ရရှိခဲ့ခြင်း ဖြစ်သည်။ သို့သော် ဤသို့ မိမိကိုယ်မိမိ 'သက္ကဝါ'ရှင်ဟု ကြွေးကြော်ခြင်းသည် ကျမ်းတော်မြတ်ကုရ်အာန်တွင် တားမြစ်ထားသည်။

فَلَا تُزَكُّوا أَنفُسَكُمْ هُوَ أَعْلَمُ بِمَنِ اتَّقَىٰ

ဆိုလိုသည်မှာ မိမိ၏ သန့်ပြန့်စင်ကြယ်မှုကို ဂုဏ်မဖော်ကြလေနှင့်။ မည်သူသည် 'သက္ကဝါ'ရှင်ဖြစ်ကြောင်း၊ အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူသည်။ သို့သော် အမှန်စင်စစ် ဤနေရာတွင် ယူစွဖ် ﷺ သည် မိမိကိုယ်မိမိ ကြွေးကြော်နေခြင်းမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို တသသည့်အနေဖြင့် တင်ပြခြင်းဖြစ်သည်။ အကြောင်းမှာ ထိုအသျှင်မြတ်သည် ဦးစွာပထမ ကျွန်ုပ်ကို 'ဆွဗရ်'နှင့် 'သက္ကဝါ'တရား ထားရှိရန် စွမ်းအားပေးသနားတော်မူခဲ့သည်။ တစ်ဖန် ထိုအရည်အချင်းများ၏ အကြောင်းခံဖြင့် အလုံးစုံသော 'နေအ်မသ်'များကို ချီးမြှင့်တော်မူခဲ့သည်။

لَا تَثْرِيبَ عَلَيْكُمُ الْيَوْمَ

ဆိုလိုသည်မှာ ယနေ့ အသင်တို့အပေါ် မည်သို့သော ပြစ်တင်ဝေဖန်မှုမျိုးမှ မရှိပေ။ ဤသည်ပင် မြင့်မြတ်သော ကိုယ်ကျင့်တရား၏ မြင့်မားသော အဆင့်အတန်းတစ်ခု ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်သူကို ခွင့်လွှတ်ရုံမျှမက အသင်တို့ကို မည်သည့်ပြစ်တင် ဝေဖန်မှုမျိုးကိုမျှ မပြုပါဟု ရှင်းလင်းပြတ်သားစွာ အသိပေးလိုက်ခြင်း ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اِذْهَبُوْا بِقَمِيْصِيْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِيْ يَاْتِ بَصِيْرًا ۚ وَاْتُوْنِيْ بِاَهْلِكُمْ اَجْمَعِيْنَ ﴿٩٣﴾

၁၂ : ၉၃ ။ ။ 'အသင်တို့သည် ကျွန်ုပ်၏ ဤအင်္ကျီကို ယူသွားကြလေကုန်။ ထို့နောက် အသင်တို့သည် ယင်းအင်္ကျီကို ကျွန်ုပ်၏ ဖခမည်းတော်၏ မျက်နှာပေါ်သို့ တင်ကြလေကုန်။ (ထိုအခါ) ဖခမည်းတော်သည် စက္ခုအလင်း ရရှိသူ ဖြစ်လာပေမည်။ ၄င်းပြင် အသင်တို့သည် မိမိတို့၏ အိမ်သူအိမ်သား အားလုံးတို့ကို (လည်း) ကျွန်ုပ်၏ ထံသို့ (ခေါ်) ဆောင်၍ လာခဲ့ကြလေကုန်' (ဟု ပြောခဲ့ကြလေသည်။)

وَلَمَّا فَصَلَتِ
الْعِيرُ قَالَ أَبُوهُمْ إِنِّي لَأَجِدُ رِيحَ يُوسُفَ لَوْلَا أَنْ تُفَنِّدُونِ ﴿٩٤﴾

၁၂ : ၉၄ ။ ။ တစ်ဖန် ခရီးသည် တစ်စုသည် (အီဂျစ်ပြည်မှ) ထွက်ခွာခဲ့ကြသောအခါ ၎င်းတို့၏ ဖခင်က (အနီးအနား၌ ရှိသူတို့အား) 'အသင်တို့သည် အကယ်၍ ငါ့အား သူငယ်ပြန်သည်ဟု မယူဆကြပါလျှင် ဧကန်စင်စစ် ငါသည် ယူစွဖ်၏ အနံ့ကို ရနေသည်' ဟု ပြောဆိုခဲ့လေသည်။

قَالُوا تَاللَّهِ إِنَّكَ لَفِي ضَلَالِكَ الْقَدِيمِ ﴿٩٥﴾

၁၂ : ၉၅ ။ ။ ၎င်း (အနီး၌ ရှိနေသော သားချင်း) တို့က 'အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြောဆိုအံ့။ ဧကန် မလွဲ အသင်သည် ယခုတိုင်အောင် မိမိ၏ ရှေးဟောင်း လွဲမှားမှု၌ပင် ရှိနေပါသေးသည်' ဟု ပြောဆိုကြကုန်၏။

فَلَمَّا أَنْ جَاءَ الْبَشِيرُ أَلْقَاهُ عَلَىٰ وَجْهِهِ فَارْتَدَّ بَصِيرًا ۖ
قَالَ أَلَمْ أَقُلْ لَكُمْ إِنِّي أَعْلَمُ مِنَ اللَّهِ مَا لَا تَعْلَمُونَ ﴿٩٦﴾

၁၂ : ၉၆ ။ ။ တစ်ဖန် ဝမ်းမြောက်ဖွယ်ရာ သတင်းကို ယူဆောင်လာသော သူသည် (ဖခမည်းတော်ထံသို့) ရောက်ရှိလာသောအခါ ၎င်းသူသည် ယင်းအင်္ကျီကို ၎င်း (ဖခမည်းတော်) ၏ မျက်နှာပေါ်သို့ တင်ခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်း (ဖခမည်းတော်) သည် ပြန်၍ စက္ခုအလင်း ရရှိလာခဲ့လေသည်။ ထိုအခါ ၎င်း (ဖခမည်းတော်) က (ဤသို့) ပြောဆိုခဲ့လေသည်။ 'ငါသည် အလ္လာဟ်အသျှင်ထံတော်မှ အသင်တို့ မသိနားမလည်ကြသော ပညာကို အမှန်ပင် သိနားလည်သည်ဟု အသင်တို့အား ပြောဆိုခဲ့သည် မဟုတ်လော။'

قَالُوا يَا أَبَانَا اسْتَغْفِرْ لَنَا ذُنُوبَنَا إِنَّا كُنَّا خَاطِئِينَ ﴿٩٧﴾

၁၂ : ၉၇ ။ ။ (ထိုအခါ) ၎င်း (သားတော်) တို့က 'အို၊ ကျွန်တော်မျိုးတို့၏ ဖခမည်းတော်၊ ဖခမည်းတော်သည် ကျွန်တော်တို့အဖို့ မိမိ၏ ပြစ်မှုများမှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် အလို့ငှာ အသနားခံ၍ ပေးတော်မူပါ။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည်သာလျှင် အပြစ်မကင်းသူများ ဖြစ်ကြပါသည်' ဟု ပြောဆို လျှောက်ထားခဲ့ကြကုန်၏။

قَالَ سَوْفَ أَسْتَغْفِرُ لَكُمْ رَبِّي ۖ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ ﴿٩٨﴾

၁၂ : ၉၈ ။ ။ ၎င်း (ဖခမည်းတော်) က 'ငါသည် မကြာမီပင် အသင်တို့အဖို့ မိမိ၏ အသျှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံ၍ ပေးမည်ဖြစ်အံ့။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်ဖြစ်ပေသည်' ဟု ပြောဆို ပြန်ကြားခဲ့လေသည်။

فَلَمَّا دَخَلُوا۟ عَلَىٰ يُوسُفَ ءَاوَىٰٓ إِلَيْهِ أَبَوَيْهِ وَقَالَ ٱدْخُلُوا۟
مِصْرَ إِن شَآءَ ٱللَّهُ ءَامِنِينَ ﴿٩٩﴾

၁၂ : ၉၉ ။ ။ ထို့နောက် တစ်ဖန် ၎င်းတို့ (သားအမိ၊ သားအဖ အားလုံးတို့) သည် ယူစွဖ်ထံသို့ ဝင်ရောက်ခဲ့ကြသော အခါ ၎င်း (ယူစွဖ်) သည် မိမိ၏ ခမည်းတော်နှင့် မယ်တော်နှစ်ပါးကို မိမိ၏ထံပါးတွင် နေရာချ၍ ပေးခဲ့လေသည်။ ထို့ပြင် ၎င်းယူစွဖ်က (အို, ခမည်းတော်၊ မယ်တော်နှင့် နောင်တော်တို့အားလုံး 'အီဂျစ်မြို့ထဲသို့ ကြွမြန်းတော်မူကြပါ။ အလ္လာဟ် အသျှင်မြတ် အလိုရှိတော်မူပါလျှင် ဘေးရန်ကင်းငြိမ်းစွာ (နေထိုင်ကြရပါလိမ့်မည်)' ဟု ပြောဆို လျှောက်ထားခဲ့လေသည်။

وَرَفَعَ أَبَوَيْهِ عَلَى ٱلْعَرْشِ
وَخَرُّوا۟ لَهُۥ سُجَّدًا ۖ وَقَالَ يَٰٓأَبَتِ هَٰذَا تَأْوِيلُ رُءْيَٰىَ مِن
قَبْلُ قَدْ جَعَلَهَا رَبِّى حَقًّا ۖ وَقَدْ أَحْسَنَ بِىٓ إِذْ أَخْرَجَنِى
مِنَ ٱلسِّجْنِ وَجَآءَ بِكُم مِّنَ ٱلْبَدْوِ مِنۢ بَعْدِ أَن نَّزَغَ
ٱلشَّيْطَٰنُ بَيْنِى وَبَيْنَ إِخْوَتِىٓ ۚ إِنَّ رَبِّى لَطِيفٌ لِّمَا يَشَآءُ ۚ
إِنَّهُۥ هُوَ ٱلْعَلِيمُ ٱلْحَكِيمُ ﴿١٠٠﴾

၁၂ : ၁၀၀ ။ ။ ထို့အပြင် (ထိုမြို့ထဲသို့ ရောက်ရှိခဲ့ကြသောအခါ) ၎င်းယူစွဖ်သည် မိမိ၏ ခမည်းတော်နှင့် မယ်တော် နှစ်ပါးတို့အား ရာဇပလ္လင်ထက်ဝယ် စံမြန်းစေခဲ့လေသည်။ ထို့နောက် ၎င်း (ခမည်းတော်နှင့် နောင်တော်) တို့အားလုံးသည် ၎င်းယူစွဖ်၏ ရှေ့ဝယ် ဦးချခဲ့ကြလေသည်။ ထိုအခါ ၎င်းယူစွဖ်က 'အို, ကျွန်တော်၏ ဖခမည်းတော်၊ ဤသည်ပင် ကျွန်ုပ်၏ ရှေဦးမစွက မြင်မက်ခဲ့သော အိပ်မက်၏ (နိမိတ်) အနက် အဓိပ္ပာယ်ပင် ဖြစ်ပါသည်။ ဧကန်စင်စစ် ကျွန်ုပ်၏ အသျှင်မြတ်သည် ထိုအိပ်မက်ကို အမှန်ဖြစ်အောင် ပြုပေးတော်မူခဲ့လေသည်။ ၎င်းပြင် ဧကန်မလွဲ ထိုအသျှင်မြတ်သည် ကျွန်တော်မျိုး၏ အပေါ်၌ ကျွန်တော်မျိုးအား အကျဉ်းထောင်မှ အပြင်သို့ ထွက်စေခြင်းအားဖြင့်လည်းကောင်း၊ ရှိုက်သွာန်သည် ကျွန်တော်မျိုးနှင့် ကျွန်တော် မျိုး၏ နောင်တော်တို့ စပ်ကြားဝယ် နှောင့်ယှက် ဖျက်ဆီးခဲ့သည့်နောက်တွင် ထိုအသျှင်မြတ်သည် အသင် (ခမည်းတော်၊ မယ်တော်နှင့် နောင်တော်) တို့အားလုံး သဲကန္တာရ (တောကျေး) မှ (ထုတ်၍ ယဉ်ကျေးတိုးတက်သော ဤမြို့တော်သို့) ယူဆောင် ပို့တော်မူခြင်းအားဖြင့်လည်းကောင်း ကျေးဇူးပြုတော်မူခဲ့ပါသည်။ ဧကန်စင်စစ် ကျွန်တော်မျိုး၏ အသျှင်မြတ်သည် မိမိ အလိုရှိတော်မူသည်ကို သိမ်မွေ့စွာ စီမံ၍ ပေးတော်မူသော အသျှင် ဖြစ်တော်မူပေသည်။ ဧကန်အမှန် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော် မူပေသည်' ဟု ပြောဆိုခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ယခု အသင်တို့သည် (ကျွန်ုပ်၏ ဖခင်ထံသို့ သွား၍ သတင်းကောင်းပါးကြကုန်။ ၎င်းနောက် ထိုသတင်းကောင်းနှင့်တကွ) ကျွန်ုပ်၏ ဤအင်္ကျီကို ယူ၍ ဖခင်၏ မျက်နှာပေါ်သို့ အုပ်လိုက်ကြကုန်။ (ဤသို့ဖြင့်) ၎င်း၏ စက္ခုနှစ်ကွင်း ပြန်လည် အလင်းရလာမည်ဖြစ်သည်။ (၎င်းနောက် ဤနေရာသို့ ကြွမြန်းလာနိုင်မည်ဖြစ်သည်) ၎င်းနောက် မိမိတို့၏ (ကျန်ရှိ) အိမ်သူအိမ်သားများကို (လည်း) ကျွန်ုပ်ထံ ခေါ်ဆောင်လာကြကုန်။ (အားလုံးနှင့် တွေ့ဆုံ၍ ပျော်ရွှင်ကြမည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိအချိန်တွင် ကျွန်ုပ်အနေနှင့် ထိုနေရာသို့ သွားရန် ခက်ခဲလှသည်။ ထို့ကြောင့် မိသားစုဝင်များသာလျှင် လာရောက်ကြလျှင် ကောင်းပေလိမ့်မည်။) ၎င်းနောက် (ယူစွဖ် (عليه السلام) နှင့် စကားစမြည်ပြောဆိုကြပြီး ၎င်း၏ မိန့်ဆိုချက် အတိုင်း အင်္ကျီကို ယူဆောင်၍ ထွက်ခွာကြရန် ပြင်ဆင်ကြသည်။ ၎င်းနောက်) ခရီးသည်အုပ်စုသည် (အီဂျစ်နိုင်ငံမှ) ထွက်ခွာကြသောအခါ (နောင်တော်တို့သည်လည်း ထိုအုပ်စုတွင် လိုက်ပါသွားကြသည်။) ထိုအခါ ၎င်းတို့၏ ဖခင်ကြီးသည် (အနီးအနားရှိ လူများအား) စတင်ပြောဆိုသည်မှာ အကယ်၍ အသင်တို့သည် ကျွန်ုပ်ကို အသက်ကြီးမှ ယုတ်တိမရှိသော စကားများ ပြောဆိုသူဟု မထင်မှတ်ကြလျှင် ကျွန်ုပ် စကားတစ်ခွန်း ပြောလိုသည်မှာ ကျွန်ုပ်သည် ယူစွဖ်၏ အနံ့အသက်ကို ရရှိခံစားနေရသည်။ ('မုအ်ဂျေဇာဟ်' ဆိုသည်မှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်လာသော အရာဖြစ်သည်။ ထို့ကြောင့်ပင် ကြိုတင်၍ အာရုံမရခဲ့ခြင်း ဖြစ်သည်။) ထို (အနီးအပါးရှိသူများက) ပြောဆိုကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်သည် မိမိ၏ မှားယွင်းသော အတွေးအခေါ်ဟောင်းများတွင် နစ်မွန်းနေလေပြီ။ (အဘယ်ကြောင့်ဆိုသော် ယူစွဖ် (عليه السلام) အသက်ရှင်လျက်ရှိသည်။ ၎င်းနောက် ပြန်လည် တွေ့ဆုံရလိမ့်မည်။ ဤသို့သော အတွေးများ၏ လွှမ်းမိုး ခြင်းကြောင့် ယူစွဖ် (عليه السلام) ၏ အနံ့အသက်ကို ရရှိသည်ဟု ထင်မှတ်ခြင်း ဖြစ်သည်။ အမှန်စင်စစ် မည်သည့် အနံ့အသက်မျှ မရှိသကဲ့သို့ မည်သည့်အရာမျှလည်း မရှိပေ။ တမန်တော်ယအ်ကူးဗ် (عليه السلام) သည် ဆိတ်ဆိတ် သာ နေလေတော့သည်။)

ဤသို့ဖြင့် (ယူစွဖ် (عليه السلام) ကောင်းမွန်အေးချမ်းစွာ ရှိနေကြောင်း) သတင်းကောင်းယူဆောင်သူတို့သည် (၎င်း၏ အင်္ကျီနှင့်တကွ ထိုနေရာသို့) ရောက်ရှိလာသောအခါ (ရောက်ရှိသည်နှင့် တစ်ပြိုင်နက်) သူတို့သည် ထိုအင်္ကျီကို ယအ်ကူးဗ် (عليه السلام) ၏ မျက်နှာပေါ်သို့ အုပ်လိုက်လေတော့သည်။ ဤသို့ဖြင့် (မျက်စိကို ထိသည်နှင့် တစ်ပြိုင်နက်၊ ၎င်းနောက် ဦးနှောက်အတွင်းသို့ အနံ့အသက် ရောက်ရှိသည်နှင့် တစ်ပြိုင်နက်) ချက်ချင်း ၎င်း၏ မျက်စိများ ပြန်လည်ပွင့်လာတော့သည်။ (၎င်းနောက် နောင်တော်တို့သည် အဖြစ်အပျက်အားလုံးကို ဖခင်ကြီးအား တင်ပြလေသည်။) ယအ်ကူးဗ် (عليه السلام) က (သားတော်များကို) ပြောဆိုသည်မှာ ကျွန်ုပ် အသင် တို့ကို မပြောခဲ့ပါသလော။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အကြောင်းအရာများကို ကျွန်ုပ်သိသမျှ အသင်တို့ သိရှိကြသည် မဟုတ်ပေ။ (ထို့ကြောင့်ပင် ကျွန်ုပ်သည် အသင်တို့ကို ယူစွဖ် (عليه السلام) အား ရှာဖွေရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်။ အသင်တို့ တွေ့မြင်ကြပြီလော။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ မျှော်လင့်

ချက်များကို နောက်ဆုံးတွင် ပေါ်လွင်စေလိုက်ပြီ။ ယအ်ကူးဗ် ﷺ ၏ ဤစကားရပ်သည် အထက်ရှုကူအ်တွင် ပါရှိခဲ့ပြီးဖြစ်သည်။ ထိုအခါ) သားတော်များက ပြောဆိုသည်မှာ အို၊ ကျွန်ုပ်တို့၏ ဖခင်ကြီး၊ ကျွန်ုပ်တို့အတွက် (အလ္လာဟ်အသျှင်မြတ်ထံတော်မှ) ကျွန်ုပ်တို့၏ အကုသိုလ်များနှင့် ပတ်သက်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဆုမွန်ဒိုအာတောင်းခံပေးလော။ (ကျွန်ုပ်တို့သည် အသင့်အား ယူစွဖ် ﷺ နှင့် ပတ်သက်ပြီး ဒုက္ခရောက်စေခဲ့သည်။) ကျွန်ုပ်တို့သည် မုချဧကန် အပြစ်ရှိသူများ ဖြစ်သည်။ (ဆိုလိုသည်မှာ ဖခင်ကြီးလည်း ကျွန်ုပ်တို့အား ခွင့်လွှတ်တော်မူပါ။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် တစ်ဦးတစ်ယောက်နှင့် ပတ်သက်ပြီး လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးသော သူသည် မိမိကိုယ်တိုင်လည်း အရေးမယူခွင့်လွှတ်သောသူ ဖြစ်သည်။) ယအ်ကူးဗ် ﷺ က ပြောဆိုသည်မှာ မကြာမီ အသင်တို့အတွက် မိမိ၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတွင် လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဆုမွန်ဒိုအာ တောင်းခံပေးမည်။ မုချဧကန် ထိုအသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်မြတ်နှင့် မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။ (၄င်းနောက် ဤစကားရပ်ကြောင့် ၄င်းတို့အား ခွင့်လွှတ်ခဲ့ကြောင်းလည်း သိရှိရသည်။ ၄င်းနောက် မကြာမီဟူသော စာသား၏ အဓိပ္ပာယ်မှာ ဆုမွန်ဒိုအာများ လက်သင့်ခံသော 'သဟ်ဂျဒ်'အချိန် ကျရောက်လာသောအခါမှဟူ၍ ဆိုလိုခြင်းဖြစ်သည်။)

[ဒုရ်ရေမန်ဆူးရ်ကျမ်း]

(အချုပ်ဆိုရသော် အသင့်ပြင်၍ အီဂျစ်နိုင်ငံသို့ ထွက်ခွာသွားကြလေသည်။ ၄င်းနောက် ယူစွဖ် ﷺ သည် ထိုသတင်းကို ကြားကာ မြို့ပြင်သို့ ထွက်၍ ကြိုဆိုနေလေသည်။ ၄င်းနောက် မြို့ပြင်တွင်ပင် တွေ့ဆုံကြရန် စီမံထားလေသည်။) တစ်ဖန် အားလုံးသည် ယူစွဖ် ﷺ ၏ ထံပါးသို့ ရောက်ရှိကြသောအခါ (အားလုံးနှင့် တွေ့ဆုံပြီး) မိမိ၏ မိဘနှစ်ပါးကို မိမိထံပါးတွင် (ဂုဏ်ပေးသောအနေဖြင့်) နေရာချပေးလေသည်။ ၄င်းနောက် (စကားစမြည် ပြောဆိုကြပြီး) ပြောကြားသည်မှာ အားလုံး အီဂျစ်နိုင်ငံအတွင်းသို့ ဝင်ရောက်ကြစို့။ (ခွဲခွာခဲ့ကြရသည့် သောကနှင့် မိုးခေါင်ရေရှားဒဏ် စသည့် ဘေးဒုက္ခများသည် ပျောက်လွင့်သွားချေပြီ။ အချုပ်မှာ အားလုံး အီဂျစ်နိုင်ငံသို့ ရောက်ရှိလာကြသည်။) ၄င်းနောက် (ထိုနေရာသို့ ရောက်ရှိပြီး ဂုဏ်ပေးလေးစားသောအနေဖြင့်) မိမိ၏ မိဘနှစ်ပါးကို (ဘုရင့်) ပလ္လင်ပေါ်တွင် မြင့်သောနေရာတွင် ထိုင်စေခဲ့သည်။ ၄င်းနောက် (ထိုအချိန် အားလုံး၏ စိတ်နှလုံးတွင်းဝယ် ယူစွဖ် ﷺ ၏ ထွတ်မြတ်မှု လွှမ်းမိုးလာသည့်အတွက်) အားလုံးသည် ၄င်း၏ ရှေ့တွင် 'စဂျ်ဒဟ်'ပြု ဦးချခဲ့လေသည်။ ၄င်းနောက် (ဤအခြေအနေကို ကြည့်ပြီး) ယူစွဖ် ﷺ က ပြောကြားသည်မှာ 'အို၊ ဖခင်ကြီး၊ ကျွန်ုပ်အိပ်မက်၏ အလိုသဘောသည် ဤသည်ပင် ဖြစ်သည်။ ယင်းကို ယခင်က မြင်မက်ခဲ့ခြင်း ဖြစ်သည်။ (ယင်းမှာ နေနှင့် လ၊ ၄င်းနောက် ကြယ်တာရာ (၁၁) လုံးသည် ကျွန်ုပ်ကို 'စဂျ်ဒဟ်'ဦးချနေသည်ဟု မြင်မက်ခဲ့သည်။) ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ထို (အိပ်မက်) ကို မှန်ကန်စေတော်မူခဲ့သည်။ (ဆိုလိုသည်မှာ မှန်ကန်သော ဖြစ်ရပ်အဖြစ် ပေါ်လွင်စေခဲ့သည်။)

ငင်းနောက် (ထိုဂုဏ်သိက္ခာအပြင် ကျွန်ုပ်၏ အသျှင်သခင်သည် ကျွန်ုပ်အား အခြားသော 'နေ့အ်မသ်' တော်များကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ ပမာဆိုသော်) ကျွန်ုပ်ကို အကျဉ်းထောင်မှ လွတ်မြောက်စေခဲ့စဉ် အခါက ကျေးဇူးတော် (တစ်ခု) ပြုခဲ့သည်။ (ငင်းနောက် ဤအာဏာရရှိသည့် အဆင့်အတန်းအထိ ပို့ဆောင် တော်မူခဲ့သည်။) ငင်းနောက် (ဒုတိယနေ့အ်မသ်တော်မှာ) ရှိုက်သွာန်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ နောင်တော် များအကြား ပြဿနာတစ်စုံတစ်ရာကို ဖန်တီးခဲ့ပြီးနောက် (ထိုပြဿနာကြောင့် ဖြစ်သင့်သည်မှာ သက်တမ်း တစ်လျှောက်လုံး ကျွန်ုပ်တို့သည် ဆုံတွေ့နိုင်ကြမည် မဟုတ်တော့ပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့်သာ) အသင်တို့အားလုံးကို (ထိုထဲတွင် ကျွန်ုပ်၏ နောင်တော်များလည်း ပါဝင်သည်) အဝေးမှ (ဤနေရာအထိ) ခေါ်ဆောင်လာခဲ့သည်။ (ငင်းနောက် အားလုံးနှင့် တွေ့ဆုံစေခဲ့သည်။) မုချဧကန် ကျွန်ုပ်၏ အသျှင်သခင်သည် အလိုတော်ရှိရာကို နက်နဲလှသော စီမံမှုဖြင့် ဆောင်ရွက်တော်မူသည်။ မုချဧကန် ထိုအသျှင်မြတ်သည် အကြွင်းမဲ့ သိရှိတော်မူသော အသျှင်၊ ငင်းနောက် အမြော်အမြင် ကြီးမားတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (မိမိ၏ အသိပညာနှင့် အမြော်အမြင်ဖြင့် အရာခပ်သိမ်းကို တိကျမှန်ကန်စွာ စီမံတော်မူသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တမန်တော်ယူစွဖ် عليه السلام ၏ အကြောင်းအရာနှင့် ပတ်သက်၍ ယခင်အာယသ်တော်များတွင် သိရှိခဲ့ပြီးဖြစ်သည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ယူစွဖ် عليه السلام သည် မိမိ၏ လျှို့ဝှက်ချက်ကို နောင်တော်များအား ထုတ်ဖော်တင်ပြရန် အချိန်ကျရောက်လာသောအခါ ယူစွဖ် عليه السلام သည် ဖြစ်ရပ်မှန်ကို ထုတ်ဖော်တင်ပြလိုက်လေသည်။ နောင်တော်များက ခွင့်လွှတ်ရန် တောင်းပန်ကြသည်။ ငင်းက ခွင့်လွှတ်ရုံ ပင်မကဘဲ လွန်လေပြီးသော ဖြစ်ရပ်များနှင့် ပတ်သက်ပြီး ပြစ်တင်ဝေဖန်မှုကိုပင် ပြုရန် မနှစ်မြို့ခဲ့ချေ။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ငင်းတို့အတွက် ဆုမွန်ဒိုအာ တောင်းပေးခဲ့သည်။ ထို့နောက် ဖခင်ကြီးနှင့် တွေ့ဆုံရန် သောကထားခဲ့သည်။ အခြေအနေအရပ်ရပ်ကို ထောက်ရှုကာ ဤသည်ကိုပင် သင့်လျော်သည်ဟု ထင်မှတ်ခဲ့သည်။ အကြောင်းမှာ ဖခင်ကြီးကိုယ်တိုင် အိမ်သူအိမ်သားများနှင့်အတူ ဤနေရာ သို့ ကြွမြန်းလာရန်ဖြစ်သည်။ သို့သော် ဖခင်ကြီးသည် ငင်းနှင့် ခွဲခွာခဲ့ရခြင်းကြောင့် ငိုကြွေးရင်း မျက်စိ များ ကွယ်ခဲ့သည်။ ထို့ကြောင့် ယင်းနှင့် ပတ်သက်ပြီး သောကထားကာ ဦးစွာပထမ နောင်တော်တို့ကို ပြောဆိုသည်မှာ-

اِذْهَبُوا بِقَمِيصِى هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِىْ يَاْتِ بَصِيْرًا

ဆိုလိုသည်မှာ အသင်တို့သည် ကျွန်ုပ်၏ ဤအင်္ကျီကို ယူဆောင်သွားလော။ ငင်းနောက် ကျွန်ုပ် ဖခင်ကြီး၏ မျက်နှာပေါ်တွင် အုပ်လော။ ငင်း၏ မျက်စိများ ပြန်လည်ကောင်းမွန်လာလိမ့်မည်။ တစ်ဦး တစ်ယောက်၏ အင်္ကျီကို မျက်နှာပေါ် အုပ်လိုက်ရုံဖြင့် ကွယ်နေသော မျက်စိမှာ ပြန်လည်ကောင်းမွန်လာ

ရန် အပေါ်ယံ မည်သည့်အကြောင်းခံမျှ မရှိသည်မှာ ထင်ရှားနေပေသည်။ ထို့ကြောင့် ဤသည် တမန်တော် ယူစွဖ် عليه السلام ၏ 'မုအ်ဂျေဇာဟ်'တော်တစ်ရပ် ဖြစ်သည်။ ယင်းကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် သိရှိခဲ့ခြင်း ဖြစ်သည်။ အကြောင်းမှာ ၎င်း၏ အင်္ကျီကို ဖခင်၏ မျက်နှာပေါ် အုပ်လိုက်လျှင် အလ္လာဟ်အသျှင်မြတ်သည် ဖခင်ကြီး၏ မျက်စိများကို ပြန်လည်ကောင်းမွန်စေမည်ဟူ၍ ဖြစ်သည်။

၎င်းနောက် သွဟ်ဟားက် (ရဟ) သခင်နှင့် မုဂျာဟိဒ် (ရဟ) သခင် စသည့် သဖ်စီးရ်ပညာရှင်များက တင်ပြသည်မှာ ဤဖြစ်ရပ်သည် ထိုအင်္ကျီ၏ ထူးခြားချက်ကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအင်္ကျီသည် အခြားအင်္ကျီများနှင့်မတူပေ။ တမန်တော်အီဗ်ရာဟီးမ် عليه السلام အတွက် နမ်ရူဒ်ဘုရင်ကြီးက ၎င်းကို ကိုယ်လုံးတည်း မီးပုံတွင်းသို့ ပစ်ချခဲ့စဉ်အခါက 'ဂျန္နသ်'မှ ယူဆောင်လာသော အင်္ကျီဖြစ်သည်။ တစ်ဖန် ထို 'ဂျန္နသ်'မှ ယူဆောင်လာသော အင်္ကျီသည် တမန်တော်အီဗ်ရာဟီမ် عليه السلام ၏ ထံပါးတွင် အမြဲတမ်း ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။ ၎င်းကွယ်လွန်တော်မူပြီးနောက် တမန်တော်အိဆ်ဟားက် عليه السلام ထံပါးတွင် ရှိနေခဲ့သည်။ ၎င်းလည်း ကွယ်လွန်သေဆုံးပြီးနောက် တမန်တော်ယအ်ကူးဗ် عليه السلام က ရရှိခဲ့သည်။ ယအ်ကူးဗ် عليه السلام က ယင်းကို 'ဗရ်ကသ်'မင်္ဂလာရှိသော ပစ္စည်းတစ်ခုအနေနှင့် ကြုတ်တစ်ခုထဲတွင် ထည့်ကာ ယူစွဖ် عليه السلام ၏ လည်ပင်းတွင် 'သအ်ဝီးဇ်'သဘောမျိုးဖြင့် ချိတ်ဆွဲပေးခဲ့သည်။ အမြင်ဆိုးသက်ရောက်မှု စသည်တို့မှ ကင်းဝေးရန် ဖြစ်သည်။ ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် ၎င်း၏ အင်္ကျီကို ဖခင်ကြီးအား လှည့်စားရန် ချွတ်ယူခဲ့စဉ်က ထို့နောက် ၎င်းအား ကိုယ်လုံးတည်း ရေတွင်းထဲသို့ ပစ်ချခဲ့စဉ်က ကောင်းကင်တမန်ကြီး ဂျိဗ်ရာအီးလ် عليه السلام ကြွရောက်လာကာ လည်ပင်းတွင် ချိတ်ဆွဲထားသော ကြုတ်ကို ဖွင့်၍ ဤအင်္ကျီကို ထုတ်ယူခဲ့သည်။ ၎င်းနောက် ယူစွဖ် عليه السلام အား ဝတ်ဆင်စေခဲ့သည်။ ဤအင်္ကျီကို ၎င်းထံတွင် စဉ်ဆက်မပြတ် ထိန်းသိမ်းထားခဲ့သည်။ ယခုအချိန်လည်း ကောင်းကင်တမန်ကြီး ဂျိဗ်ရာအီးလ် عليه السلام က တမန်တော်ယူစွဖ် عليه السلام အား အကြံပြုသည်မှာ ဤအရာသည် 'ဂျန္နသ်'၏ အဝတ်အစားဖြစ်သည်။ ယင်း၏ ထူးခြားချက်မှာ မျက်မမြင်၏ မျက်နှာပေါ်သို့ အုပ်လိုက်လျှင် မျက်စိပြန်လည်ကောင်းမွန်လာလိမ့်မည်။ ထို့နောက် ပြောကြားသည်မှာ ယင်းကို မိမိ၏ ဖခင်ကြီးထံ ပို့ဆောင်ပေးလိုက်လျှင် ၎င်း၏ မျက်စိ ပြန်လည်ကောင်းမွန်လာလိမ့်မည်။

ဟဇရသ်မုဂျဒ်ဒိဒ်အလ်ဖိစာနီ (ရဟ) သခင်ကြီး၏ ဆန်းစစ်ချက်မှာ တမန်တော်ယူစွဖ် عليه السلام ၏ ချောမောလှပမှုနှင့် ၎င်း၏ တည်ရှိနေခြင်းသည် 'ဂျန္နသ်'သုခဘုံ၏ အရာတစ်ခုသာလျှင် ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ ခန္ဓာကိုယ်နှင့် ထိတွေ့ခဲ့သည့် အဝတ်အစားတိုင်းသည်လည်း ဤကဲ့သို့ပင် ထူးခြားချက်များရှိလိမ့်မည်။

[မဇွ်ဟရီး]

وَأْتُونِي بِأَهْلِكُمْ أَجْمَعِينَ

ဆိုလိုသည်မှာ အသင်နောင်တော်တို့အားလုံး မိမိတို့၏ မိသားစုများကို အီဂျစ်နိုင်ငံသို့ ခေါ်ဆောင်လာခဲ့လော့။ အဓိကရည်ရွယ်ချက်မှာ ဖခင်ကြီးကို ခေါ်ဆောင်လာရန် ဖြစ်သည်။ သို့သော် ဤနေရာတွင်

ဖခင်ကြီးကို ခေါ်ဆောင်လာရန် ရှင်းရှင်းလင်းလင်း ပြောကြားမည့်အစား မိသားစု ဆွေမျိုးသားချင်းများကို ခေါ်ဆောင်လာရန် တင်ပြခြင်းမှာ ဖခင်ကြီးကို ဤနေရာသို့ ခေါ်ဆောင်လာရန် ပြောဆိုခြင်းသည် မရှိမသေရာ ရောက်သည်ဟု ထင်မှတ်ခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ ၄င်းနောက် ခိုင်မာစွာ ယုံကြည်မိသည့်အချက်တစ်ချက်မှာ ဖခင်ကြီး၏ မျက်စိပြန်လည်ကောင်းမွန်လာလျှင် ဤနေရာသို့ လာရောက်ရန် မည်သည့်တားမြစ်ချက်မျိုးမှ ရှိမည်မဟုတ်ပေ။ ဖခင်ကြီးကိုယ်တိုင်ပင် ကြွရောက်လာလိမ့်မည်ဖြစ်သည်။

ကုရ်သုဗီကျမ်းရှင်၏ ဆင့်ပြန်ချက်တစ်ခုမှာ ယူစွဖ် ﷺ ၏ နောင်တော်များအနက်မှ 'ယဟူဒါ' ဆိုသူက ပြောကြားသည်မှာ ဤအင်္ကျီကို ကျွန်ုပ် ယူဆောင်သွားမည်။ အဘယ်ကြောင့်ဆိုသော် ယူစွဖ်၏ အင်္ကျီအား လိမ်လည်ကာ သွေးများလိမ်းကျံ၍ ယခင်က ကျွန်ုပ်ပင် ယူဆောင်သွားခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ဖခင်ကြီးသည် စိတ်သောကရောက်ခဲ့ရသည်။ ယခု ထိုသောကကို ဖြေဖျောက်ရန် တာဝန်မှာလည်း ကျွန်ုပ်၏ လက်နှင့်ပင် ဆောင်ရွက်သင့်ပေသည်။

وَلَمَّا فَصَلَتِ الْعِيرُ

ဆိုလိုသည်မှာ ခရီးသည်အုပ်စုသည် မြို့အပြင်ကို ထွက်ကြလေသောအခါ ယအ်ကူးဗ် ﷺ က မိမိအနီးရှိသူများကို ပြောကြားသည်မှာ အကယ်၍ အသင်တို့သည် ကျွန်ုပ်အား အသိတရားကင်းမဲ့သူဟု မဆိုကြပါလျှင် ကျွန်ုပ် အသင်တို့ကို ပြောပြမည်။ အကြောင်းမှာ ကျွန်ုပ် ယူစွဖ်၏ အနံ့အသက်များကို ရနေလေသည်။ အီဂျစ်နိုင်ငံမှ ကန်အာန်မြို့အထိ အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်အရ ရှစ်ရက်ကြာ ခရီးလမ်းဖြစ်သည်။ ၄င်းနောက် ဟဇရသ်ဟစန် ﷺ က အမိန့်ရှိသည်မှာ ဖရ်ဆခ်ရှစ်ဆယ်ဆိုလိုသည်မှာ ခန့်မှန်းခြေအားဖြင့် မိုင်ပေါင်း (၂၅၀) ကွာဝေးလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤမျှ ဝေးလံလှသော အရပ်မှ ယူစွဖ် ﷺ ၏ အင်္ကျီ၏သဟဲဖြင့် ယူစွဖ် ﷺ ၏ အနံ့အသက်အား ယအ်ကူးဗ် ﷺ ၏ ဦးနှောက်အထိ ပို့ဆောင်ပေးခဲ့သည်။ ၄င်းနောက် ဤအရာသည်လည်း အံ့ဖွယ်ကောင်းသော အရာများထဲမှ ဖြစ်သည်။ ယူစွဖ် ﷺ သည် မိမိ၏ မွေးရပ်ကန်အာန်မြို့တွင်းရှိ ရေတွင်းတစ်တွင်းထဲတွင် သုံးရက်ခန့် ရှိနေခဲ့ချိန်တွင် ဤအနံ့အသက်ကို မခံစားခဲ့ရပေ။ ဤအရာမှပင် သိရှိရသည်မှာ မည်သည့် 'မုအ်ဂျေဇာဟ်'မှ နဗီတမန်တော်များ၏ စိတ်အလိုကျ ဖြစ်ပေါ်လေ့မရှိပေ။ သို့သာမက စင်စစ်တွင် 'မုအ်ဂျေဇာဟ်'သည် နဗီတမန်တော်များ၏ ပင်ကိုယ်လုပ်ရပ်လည်း မဟုတ်ပါ။ ဤအရာသည် အလ္လာဟ်အသျှင်မြတ်၏ တိုက်ရိုက် စွမ်းဆောင်မှုတစ်ခု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသောအခါ 'မုအ်ဂျေဇာဟ်'ကို ပေါ်လွင်စေတော်မူသည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်မရှိခဲ့လျှင် နီးစပ်လှပါ၏ဟူသော အရာများသည်လည်း ဝေးကွာသွားလေသည်။

قَالُوْا تَاللّٰهِ اِنَّكَ لَفِىْ ضَلٰلِكَ الْقَدِيْمِ

ဆိုလိုသည်မှာ အနီးပါးရှိသူတို့သည် ယအ်ကူးဗ် ﷺ ၏ စကားကို ကြား၍ ပြောဆိုကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်သည် မိမိ၏ မှားယွင်းသော အတွေးအခေါ်ဟောင်းတွင်သာ နစ်မွန်း

နေလေသည်။ အကြောင်းမှာ ယူစွဖ် عليه السلام သည် အသက်ရှင်လျက်ရှိသည်။ ၄င်းနှင့် တစ်ဖန် ပြန်လည်တွေ့ဆုံရမည်ဟူ၍ ဖြစ်သည်။

فَلَمَّا اَنْ جَآءَ الْبَشِيْرُ

ဆိုလိုသည်မှာ ဤသတင်းကောင်းပါးမည့် သူသည် ကန်အာန်သို့ ရောက်ရှိလာကာ ယူစွဖ် عليه السلام ၏ အင်္ကျီကို ယအ်ကူးဗ် عليه السلام ၏ မျက်နှာပေါ်သို့ အုပ်လိုက်သောအခါ ချက်ချင်းပင် ၄င်း၏ မျက်စိများ ပြန်လည် ကောင်းမွန်လာသည်။ သတင်းကောင်းပါးသူသည် တမန်တော်ယူစွဖ် عليه السلام ၏ နောင်တော်ယဟူဒါပင် ဖြစ်လေသည်။ ၄င်းသည် ယူစွဖ် عليه السلام ၏ အင်္ကျီကို အီဂျစ်နိုင်ငံမှ ယူဆောင်လာခဲ့သည်။

قَالَ اَلَمْ اَقُلْ لَّكُمْ اِنِّىْٓ اَعْلَمُ مِنَ اللّٰهِ مَالَا تَعْلَمُوْنَ

ဆိုလိုသည်မှာ ကျွန်ုပ် အသင်တို့ကို မပြောခဲ့လေသလော။ အလ္လာဟ်အသျှင်မြတ်၏ ဘက်မှ ကျွန်ုပ်အား ထိုအသိပညာများ ရရှိထားသည်။ ယင်းပညာရပ်များကို အသင်တို့ သိရှိကြသည်မဟုတ်။ ဆိုလိုသည်မှာ ယူစွဖ် عليه السلام သက်ရှိထင်ရှား ရှိနေသည်။ ၄င်းနောက် ပြန်လည်တွေ့ဆုံရမည် ဖြစ်သည်။

قَالُوْا يٰٓاَبَانَا اسْتَغْفِرْ لَنَا ذُنُوْبَنَآ اِنَّا كُنَّا خٰطِئِيْنَ

ယခု အဖြစ်မှန်သည် ရှင်းရှင်းလင်းလင်း ရှေ့မှောက်သို့ ရောက်ရှိလာခဲ့ပြီ။ ထိုအခါ ယူစွဖ် عليه السلام ၏ နောင်တော်တို့သည် ဖခင်ကြီးအား မိမိတို့၏ အပြစ်များနှင့် ပတ်သက်ပြီး တောင်းပန်ခယကာ ဖခင်ကြီးအား လျှောက်တင်ကြသည်မှာ ကျွန်ုပ်တို့အတွက် အလ္လာဟ်အသျှင်မြတ်ထံပါးတွင် လွတ်ငြိမ်းချမ်းသာခွင့် ရရန် ဆုမွန်ဒိုအာ တောင်းခံပေးတော်မူပါ။ ၄င်းနောက် အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ရရန် တောင်းခံပေးသည်ဆိုခြင်းမှာ ထိုသူကိုယ်တိုင်လည်း ၄င်းတို့၏ အပြစ်များကို ခွင့်လွှတ်ပြီး ဖြစ်ပေလိမ့်မည်။

قَالَ سَوْفَ اَسْتَغْفِرُ لَكُمْ رَبِّىْ

ယအ်ကူးဗ် عليه السلام က ပြောကြားသည်မှာ ကျွန်ုပ် မကြာမီ အသင်တို့အတွက် အလ္လာဟ်အသျှင်မြတ် ထံတော်ပါးတွင် လွတ်ငြိမ်းခွင့်ရရန် ဆုမွန်ဒိုအာ ပြုပေးမည်။

ဤနေရာတွင် တမန်တော်ယအ်ကူးဗ် عليه السلام သည် ချက်ချင်း ဆုမွန်ဒိုအာ မတောင်းပေးဘဲ မကြာမီ ဒိုအာပြုပေးမည်ဟု ကတိပေးခဲ့သည်။ သဖ်စီးရ်ပညာရှင် အတော်များများက ယင်း၏ အကြောင်းအရင်းကို ရေးသားကြသည်မှာ ဤသို့ မိန့်ဆိုခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ ည၏ နောက်ဆုံးအချိန်တွင် ဂရုတစိုက် ဆုမွန်ဒိုအာ ပြုပေးမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် တောင်းခံသော ဆုမွန်ဒိုအာကို အထူးပင် လက်သင့်ခံလေ့ရှိသည်။ ပမာဆိုသော် ဆွဟီးဟ်ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ညစဉ်ညတိုင်း ည၏ သုံးပုံ၏ နောက်ဆုံး အပုံတွင် မြေပထဝီနှင့် အနီးဆုံး မိုးကောင်းကင်သို့ ကြွမြန်းတော်မူပြီး ကြေညာတော်မူလေ့ ရှိသည်။ 'ငါ

အသျှင်မြတ်ထံ ဆုမွန်ဒိုအာ တောင်းခံမည့်သူများ ရှိပါ၏လော။ ငါအသျှင်မြတ်သည် ယင်းကို လက်ခံတော်မူမည်။ ငါအသျှင်မြတ်ထံ အပြစ်ဒုစရိုက်များမှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံသူ ရှိပါ၏လော။ ငါအသျှင်မြတ် ၄င်းကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်။'

فَلَمَّا دَخَلُوْا عَلَيْهِ

အချို့သော ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ တမန်တော်ယူစွဖ် عليه السلام သည် ယခုအကြိမ်တွင် မိမိ၏ နောင်တော်များနှင့်အတူ ကုလားအုတ်အကောင် (၂၀၀) ပေးတွင် ပစ္စည်းများကို ပို့ဆောင်စေခဲ့သည်။ ဆွေမျိုးသားချင်းများအားလုံး အီဂျစ်နိုင်ငံသို့ လာရောက်ကြသောအခါ ကောင်းမွန်သပ်ရပ်စွာ ပြင်ဆင်၍ လာရောက်နိုင်ရန် ဖြစ်သည်။ ၄င်း၏ ဆန္ဒနှင့်အညီ တမန်တော်ယအ်ကူးဗ် عليه السلام နှင့် ၄င်း၏ သားမြေးများ၊ ၄င်းနောက် ဆွေမျိုးသားချင်းများအားလုံး အီဂျစ်နိုင်ငံသို့ ထွက်ခွာလာကြလေသည်။ ၄င်းတို့၏ ဆင့်ပြန်ချက်အရ အရေအတွက်မှာ (၇၂) ဦး ရှိပြီး အခြားဆင့်ပြန်ချက်များအရ အမျိုးသားအမျိုးသမီးပေါင်း (၉၃) ဦး ရှိလေသည်။

အီဂျစ်နိုင်ငံသို့ ရောက်ရှိခါနီးတွင် တစ်ဘက်မှ တမန်တော်ယူစွဖ် عليه السلام နှင့် အီဂျစ်နိုင်ငံသားများသည် မြို့ပြင်သို့ ထွက်၍ ခရီးဦးကြိုကြလေသည်။ စစ်သည်ဗိုလ်ပါလေးထောင်၊ ၄င်းနှင့်အတူ လိုက်ပါလာ၍ ခရီးဦးကြိုကြလေသည်။ ၄င်းတို့သည် အီဂျစ်နိုင်ငံတွင် တမန်တော်ယူစွဖ် عليه السلام ၏ အိမ်တော်သို့ ရောက်ရှိကြသောအခါ ၄င်းသည် မိဘနှစ်ပါးကို မိမိထံပါးတွင် နေထိုင်စေခဲ့သည်။

ဤနေရာတွင် မိဘနှစ်ပါးဟု တင်ပြထားပြီး အမှန်စင်စစ် ယူစွဖ် عليه السلام ၏ မိခင်ကြီးသည် ၄င်းငယ်ရွယ်စဉ်ကပင် ကွယ်လွန်သွားခဲ့သည်။ သို့သော် ၄င်းကွယ်လွန်ပြီးနောက် တမန်တော်ယအ်ကူးဗ် عليه السلام သည် ကြင်ယာတော်၏ နှမတော်ဖြစ်သူ လိုင်ယာနှင့် ထိမ်းမြားခဲ့လေသည်။ ၄င်းသည် ယူစွဖ် عليه السلام ၏ အဒေါ်ဖြစ်သည့်အလျောက် မိခင်ကဲ့သို့လည်း ဖြစ်သည်။ ၄င်းနောက် ဖခင်ကြီး၏ ထိမ်းမြားမှုတွင် ရှိသည့်အတွက် မိခင်ကြီးဟုပင် သတ်မှတ်လိုက်ပေသည်။

وَقَالَ ادْخُلُوْا مِصْرَ اِنْ شَآءَ اللّٰهُ اٰمِنِيْنَ

တမန်တော်ယူစွဖ် عليه السلام သည် ဆွေမျိုးသားချင်းများကို ပြောကြားခဲ့သည်မှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရ စိုးရိမ်ကြောင့်ကြမှု ကင်းမဲ့စွာဖြင့်၊ ၄င်းနောက် ကန့်သတ်ချုပ်ချယ်မှု ကင်းမဲ့စွာဖြင့် အီဂျစ်နိုင်ငံတွင်းသို့ ဝင်ရောက်ကြကုန်။ အလိုသဘောမှာ အခြားတိုင်းပြည်များသို့ ဝင်ရောက်သော ခရီးသည်များကို အများအားဖြင့် ကန့်သတ်ချုပ်ချယ်မှုများ ပြုလေ့ရှိကြသည်။ အသင်တို့သည် ထိုကန့်သတ်မှုများမှ လွတ်ကင်းသည်ဟု ဆိုလိုခြင်းဖြစ်သည်။

وَرَفَعَ اَبَوَيْهِ عَلَى الْعَرْشِ

ဆိုလိုသည်မှာ တမန်တော်ယူစွဖ် عليه السلام သည် မိမိ၏ မိဘနှစ်ပါးကို မိမိ၏ ရာဇပလ္လင်ပေါ်တွင် ထိုင်စေခဲ့သည်။

وَخَرُّوا لَهُ سُجَّدًا

ဆိုလိုသည်မှာ မိဘနှစ်ပါးနှင့် နောင်တော်များအားလုံးတို့သည် ယူစွဖ် (عليه السلام) ၏ ရှေ့မှောက်တွင် 'စဂျ်ဒဟ်' ဦးချကြလေသည်။ အစ်ဗ္ဗလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ကြီးက မိန့်ဆိုခဲ့သည်မှာ ဤဦးချခြင်းသည် အလ္လာဟ်အသျှင်မြတ်ကို ကျေးဇူးတင်ရှိသောအနေနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယူစွဖ် (عليه السلام) ကို ဦးချခဲ့ခြင်း မဟုတ်။ ၄င်းနောက် အချို့ပညာရှင်များက တင်ပြသည်မှာ ခဝပ်ကိုးကွယ်သည့် ပုံသဏ္ဍာန်ဖြင့် ဦးချခြင်းသည် နဗီတမန်တော်တို့၏ ရှရီအသ်တရားတော်တွင် အလ္လာဟ်အသျှင်မြတ်မှအပ ပြုခွင့်မရှိပေ။ 'ဟရာမ်' ဖြစ်သည်။ သို့သော် ဂုဏ်ပေးလေးစားသောအနေဖြင့် ဦးချခြင်းသည် ယခင်နဗီတမန်တော်များ၏ ရှရီအသ်တွင် ပြုပိုင်ခဲ့သည်။ ကျွန်ုပ်တို့၏ ရှရီအသ်တွင်မူ ရုရစ်က်အကြောင်းခံဖြစ်သောကြောင့် တားမြစ်ထားလေသည်။ ဥပမာ- ဆွဟီးဟိုင်းန် (ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း) ၏ ဟဒီးစ်တော်တစ်ရပ်တွင် တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ဦးချခြင်းသည် 'ဟလာလ်' မဖြစ်ပေ။

وَقَالَ يَٰٓأَبَتِ هَٰذَا تَأْوِيلُ رُؤْيَٰيَ

တမန်တော်ယူစွဖ် (عليه السلام) ၏ ရှေ့မှောက်တွင် မိဘနှစ်ပါးနှင့် နောင်တော် (၁၁) ပါးတို့သည် တစ်ပြိုင်နက် ဦးချကြသောအခါ ၄င်းသည် ငယ်ရွယ်စဉ်အခါက မြင်မက်ခဲ့သော အိပ်မက်ကို ပြန်လည်အမှတ်ရလာလေသည်။ ၄င်းနောက် ပြောကြားသည်မှာ အို၊ ဖခင်ကြီး၊ ဤသည် ကျွန်ုပ်၏ ထိုအိပ်မက်၏ အလိုသဘောပင် ဖြစ်လေသည်။ ယင်းကို ကျွန်ုပ် ငယ်ရွယ်စဉ်အခါက မြင်မက်ခဲ့လေသည်။ သူရိယနေမင်းနှင့် စန္ဒာလမင်းကြီး၊ ၄င်းနောက် ကြယ်တာရာ (၁၁) လုံးတို့သည် ကျွန်ုပ်အား ဦးချနေသည်ကို မြင်မက်ခဲ့ရသည်။ အလ္လာဟ်အသျှင်မြတ်ကို များစွာ ကျေးဇူးတင်မိပါသည်။ အကြင်အသျှင်မြတ်၏ ထိုအိပ်မက်၏ မှန်ကန်မှုကို မျက်ဝါးထင်ထင် တွေ့မြင်စေခဲ့သည်။

ပညတ်ချက်များနှင့် ဓမ္မသတ်များ

တမန်တော်ယအ်ကူးဗ် (عليه السلام) သည် သားတော်တို့၏ အပြစ်များမှ လွတ်ငြိမ်းခွင့်ရရန် မျှော်ကိုထားမှုအပေါ် မကြာမီ အသင်တို့အတွက် 'မဂ်ဖွေရသ်' ရရန် ဒိုအာပြုပေးမည်ဟု ပြန်လည်ဖြေကြားခဲ့သည်။ ချက်ချင်း ဆုမွန်ဒိုအာ မတောင်းခဲ့ပေ။

ဤသို့ ဆိုင်းငံ့ခဲ့ခြင်း၏ အကြောင်းအရင်းကို အချို့ပညာရှင်များက အောက်ပါအတိုင်း တင်ပြထားပေသည်။ အကြောင်းမှာ ယူစွဖ် (عليه السلام) နှင့် တွေ့ဆုံပြီး ဦးစွာ ဆန်းစစ်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် နောင်တော်တို့၏ အပြစ်ကို ခွင့်လွှတ်ပြီးပြီလော။ သို့မဟုတ် ခွင့်မလွှတ်ပါသလော။ အဘယ်ကြောင့်ဆိုသော် ညှဉ်းပန်းခံရသောသူက ခွင့်မလွှတ်သေးသမျှ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင်လည်း ခွင့်လွှတ်ခံရမည်မဟုတ်သောကြောင့် ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးတွင် 'မဂ်ဖွေရသ်' အတွက် ဒိုအာတောင်းခံခြင်းသည်လည်း လျော်ကန်မှုမရှိပေ။

(၁) ဤစကားသည်လည်း သူ့နေရာနှင့်သူ လုံး၀ မှန်ကန်ပြီး အခြေခံကျသော စကားဖြစ်သည်။ ယင်းမှာ 'ဟူကူကွလ်အိဗားဒ်'နှင့် ပတ်သက်သော ဝန်ချတောင်းပန်မှုသည် ရပိုင်ခွင့်ရှိသူက မိမိရပိုင် ခွင့်ကို မရမချင်း သို့မဟုတ် ခွင့်မလွှတ်သရွေ့ ကာလပတ်လုံး လက်သင့်ခံလိမ့်မည်မဟုတ်ပေ။ နှုတ်ဖြင့် 'သောင်ဗာဟ်'၊ 'အိစ်သိဂ်ဖာရ်' ပြုရုံမျှနှင့် လုံလောက်မည်မဟုတ်ပေ။

(၂) ဟာဇရသ်စွဖ်ယာန်စောင်ရီ (ရဟ) ၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ ယဟူဒါသည် ယူစွဖ် عليه السلام ၏ အင်္ကျီကို ယူဆောင်လာ၍ ယအ်ကူးဗ် عليه السلام ၏ မျက်နှာပေါ်သို့ အုပ်လိုက်သောအခါ ၄င်းက မေးမြန်းသည်မှာ 'ယူစွဖ်သည် အဘယ်သို့ ရှိသနည်း။' ယဟူဒါက ဖြေကြားသည်မှာ '၄င်းသည် အီဂျစ်နိုင်ငံဘုရင်မင်းကြီး ဖြစ်လေသည်။' ထိုအခါ ယအ်ကူးဗ် عليه السلام က 'ကျွန်ုပ်သည် ၄င်းဘုရင် ဖြစ်နေသလော။ သို့မဟုတ် သူဆင်းရဲဖြစ်နေသလော'ဟူ၍ မေးမြန်းသည်မဟုတ်။ 'ကျွန်ုပ် မေးမြန်းလိုသည်မှာ ၄င်းသည် အီမာန်နှင့် 'အမလ်'အရ မည်သည့်အခြေအနေတွင် ရှိနေသနည်း။ ထိုအခါမှ ယဟူဒါသည် ယူစွဖ် عليه السلام ၏ 'သက္ကဝါ'နှင့် 'သွဟာရသ်'အကြောင်းများကို တင်ပြလေသည်။ ဤသည်မှာ နဗီတမန်တော်တို့၏ သားသမီးများနှင့် ပတ်သက်သော ချစ်ခင်တွယ်တာမှုနှင့် ပတ်သက်ဆက်နွယ်မှု ဖြစ်လေသည်။ အကြောင်းမှာ သားသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ စည်းစိမ်ခံစားမှုထက် သာပိုပြီး ၄င်းတို့၏ နာမ်ပိုင်းဆိုင်ရာ အခြေအနေကို သောကထားလေ့ ရှိကြသည်။ မွတ်စ္စလင်မ်တို့သည်လည်း ၄င်းတို့၏ လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးသင့်ပေသည်။

(၃) ဟာဇရသ်ဟစန် (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက်တစ်ရပ် လာရှိသည်မှာ သတင်းကောင်း ပါးသူသည် ယူစွဖ် عليه السلام ၏ အင်္ကျီကို ယူဆောင်၍ ရောက်ရှိလာသောအခါ တမန်တော်ယအ်ကူးဗ် عليه السلام က ၄င်းအား ဆုလာဘ်တော်များ ချီးမြှင့်ရန် ဆန္ဒဖြစ်ပေါ်ခဲ့လေသည်။ သို့သော် မိမိ၏ အခြေအနေသည်ပင် မသာယာလှသောကြောင့် အကျိုးအကြောင်း တင်ပြခဲ့သည်မှာ 'ကျွန်ုပ်တို့အိမ်တွင် စားသောက်ရန် မုန့်မဖုတ် နိုင်ခဲ့သည်မှာ (၇) ရက်တိုင်ခဲ့လေပြီ။ ထို့ကြောင့် ကျွန်ုပ်အသင့်ကို ဆုလာဘ်အနေဖြင့် ဝတ္ထုပစ္စည်းများ မပေးနိုင်သော်လည်း အလ္လာဟ်အသျှင်မြတ်သည် အသင့်အပေါ်သို့ သေဆုံးကွယ်လွန်မည့်အချိန် 'စကရားသ်' ကို လွယ်ကူစေတော်မူပါ'ဟု ဆုမွန်ဒိုအာ တောင်းပေးမည်။ ကုရ်သုဗီး (ရဟ) သခင်ကြီးက မိန့်သည်မှာ ဤဆုမွန်ဒိုအာသည် ၄င်းတို့အတွက် အကောင်းဆုံးသော ဆုလာဘ်တော်ဖြစ်လေသည်။

(၄) ဤအကြောင်းအရာဖြင့် သိရှိရသည်မှာ သတင်းကောင်းပါးသူအား ဆုလာဘ်ချီးမြှင့်ခြင်း သည် နဗီတမန်တော်များ၏ လမ်းစဉ်ဖြစ်သည်။ ဆွဟာဗာသာဝကကြီးများထဲမှ ဟာဇရသ်ကအ်ဗင်န် မာလိက် (ရဟ) သခင်ကြီး၏ အကြောင်းအရာမှာ ကျော်ကြားလေသည်။ 'သဗူးက်'စစ်ပွဲတွင် မပါဝင်ခဲ့သည့်အတွက် အမျက်ဒေါသ စူးရှခံရသည်။ နောက်ပိုင်းမှ ၄င်း၏ 'သောင်ဗာဟ်'ကို လက်သင့်ခံခဲ့သည်။ 'သောင်ဗာဟ်' လက်သင့်ခံသည့် သတင်းကောင်းကို ယူဆောင်လာသူအား မိမိဝတ်ဆင်ထားသော အင်္ကျီတစ်စုံကို ချွတ်၍ ဆင်မြန်းပေးလိုက်လေသည်။

ထိုနည်းတူစွာ အခြားအချက်တစ်ချက် သိရှိရသည်မှာ ပျော်ရွှင်နေရသော အခြေအနေမျိုးတွင် မိမိ၏ ပျော်ရွှင်မှုကို ထုတ်ဖော်ရန်အတွက် မိတ်ဆွေရောင်းရင်းများကို ဖိတ်ခေါ်ကျွေးမွေးခြင်းသည်လည်း စွန္နသ်

တော်တစ်ရပ် ဖြစ်သည်။ ဟဇရသ်ဖာရူးက်အအ်ဇွမ် رضي الله عنه သခင်ကြီးသည် 'စူရာဟ်ဗကရာ'ကို သင်ယူပြီး မြောက်သောအခါ ပျော်ရွှင်လွန်းသောကြောင့် ကုလားအုတ်တစ်ကောင် 'ဇဗာဟ်'ပြု၍ လူအများကို ကျွေးမွေး ဧည့်ခံခဲ့လေသည်။

(၅) တမန်တော်ယအ်ကူးဗ် عليه السلام ၏ သားတော်တို့သည် အဖြစ်မှန်အားလုံး ပေါ်ပေါက်ခဲ့ပြီး နောက် မိမိတို့၏ ဖခင်ကြီးနှင့် ညီတော်အား တောင်းပန်ခဲ့လေသည်။ ထိုဖြစ်ရပ်ကို ထောက်ရှုခြင်းဖြင့် သိရှိရသည်မှာ အကြင်သူတစ်ဦးသည် မိမိ၏လက်နှင့် ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ကို ဒုက္ခရောက်စေခဲ့ပါက သို့မဟုတ် တစ်ဦးတစ်ယောက်၏ အခွင့်အရေးနှင့် ပတ်သက်ပြီး ၎င်းတွင် တာဝန် ရှိပါက ချက်ချင်းပင် ထိုအခွင့်အရေးကို ပေးဆပ်ရမည်။ သို့မဟုတ် တောင်းပန်လိုက်ရန် အရေးကြီးလေသည်။

ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အဗူဟုရိုင်ရာဟ် رضي الله عنه သခင်ကြီး၏ ဆင့်ပြန်ချက်ကို ဆင့်ပြန် ထားသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ အကြင်သူတစ်ဦးတစ်ယောက်ထံတွင် အခြားသူ တစ်ဦး၏ ပစ္စည်းဥစ္စာ ရပိုင်ခွင့် တစ်ခုခု ရှိနေပါလျှင် သို့မဟုတ် အခြားသူတစ်ဦးကို အသက်နှင့်ဖြစ်စေ ဒုက္ခရောက်စေခဲ့လျှင် ထိုနေ့တွင်ပင် ချက်ချင်း ယင်းကို ပေးဆပ်ရမည်။ သို့မဟုတ် တာဝန်ကင်းသွားရန် တောင်းပန်လိုက်ရမည်။ 'ကေယာမသ်'နေ့ မဆိုက်ရောက်လာမီအလျှင် ဤသို့ ဆောင်ရွက်လိုက်ရမည်။ ထိုနေ့တွင် မည်သူ့ထံမှ ရပိုင်ခွင့်များ ပေးဆပ်ရန် မည်သည့်ပစ္စည်းမျှ ရှိလိမ့်မည်မဟုတ်။ ထို့ကြောင့် ၎င်း၏ 'အအ်မာလေဆွာလေဟာ'ကို ညှဉ်းပန်းခံရသူအား ပေးဆပ်ရလိမ့်မည်။ ၎င်းသည် လက်မဲ့ဘဝနှင့် ကျန်ရစ်ခဲ့လိမ့်မည်။ အကယ်၍ ၎င်းထံတွင် 'အအ်မာလေဆွာလေဟာ' များ မရှိခဲ့ပါက သူတစ်ပါး၏ အပြစ်ဒုစရိုက်များ ၎င်းပေါ်သို့ လွှဲအပ်ခြင်း ခံရပေမည်။

တမန်တော်ယူစွဖ် عليه السلام ၏ 'ဆွဗရ်'နှင့် 'ရှုကုရ်'၏ အဆင့်အတန်း

ထို့နောက် တမန်တော်ယူစွဖ် عليه السلام သည် မိဘနှစ်ပါးရှေ့မှောက်တွင် မိမိ၏ ဘဝဖြစ်စဉ်ကို စတင်၍ တင်ပြပြောဆိုခဲ့သည်။ ဤနေရာတွင် အာရုံစိုက်သင့်သည့် အချက်တစ်ချက်မှာ မျက်မှောက်ခေတ်တွင် အကယ်၍ တစ်ဦးတစ်ယောက်သည် တမန်တော်ယူစွဖ် عليه السلام ခံစားခဲ့ရသော ဒုက္ခများကဲ့သို့ ခံစားရမည် ဆိုလျှင် ၎င်းနောက် ကာလကြာရှည်စွာ မိဘနှစ်ပါးနှင့် ခွဲခွာခဲ့ရပြီး မျှော်လင့်ချက်ကင်းမဲ့လောက်သည့် အချိန်မှ ပြန်လည်ဆုံတွေ့ခဲ့ပါမူ ထိုသူသည် မိဘနှစ်ပါးရှေ့တွင် မိမိ၏ အဖြစ်အပျက်များကို တင်ပြပြီး ကိုယ်တိုင်လည်း ငိုကြွေးကာ မိဘနှစ်ပါးကိုလည်း ငိုကြွေးစေလိမ့်မည် ဖြစ်သည်။ နေ့ပေါင်း၊ ညပေါင်း များစွာ ဒုက္ခခံစားခဲ့ရပုံများကို တင်ပြရင်း အလွမ်းသည်မည်မှာ ထင်ရှားလှပေသည်။ သို့သော် ဤနေရာတွင် နှစ်ဦးနှစ်ဖက်စလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်များ ဖြစ်သည်။ ၎င်းတို့၏ တွေ့ဆုံ၊ ဆက်ဆံပုံကိုလည်း တစ်စေ့တစ်စောင်း လေ့လာကြည့်ရှုသင့်ပေသည်။ တမန်တော်ယအ်ကူးဗ် عليه السلام ၏ အချစ်ဆုံးသားတော်သည် ဖခင်ကြီးနှင့် ခွဲခွာခဲ့ရပြီး မြောက်မြားစွာသော ဘေးဒုက္ခများကို ကျော်ဖြတ်ကာ ပြန်လည်တွေ့ဆုံသည့်အခါတွင် မည်သို့ လျှောက်ထားခဲ့သည်ကို လေ့လာကြည့်ကြပါစို့။

وَقَدْ اَحْسَنَ بِىْ اِذْ اَخْرَجَنِى مِنَ السِّجْنِ وَجَآءَ بِكُمْ مِنَ الْبَدْوِ مِنْ بَعْدِ اَنْ نَّزَغَ الشَّيْطٰنُ بَيْنِى وَبَيْنَ اِخْوَتِى

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အပေါ် ကျေးဇူးကြီးမားခဲ့သည်။ ကျွန်ုပ်အား အကျဉ်းထောင်မှ လွတ်မြောက်စေခဲ့သည်။ ၎င်းနောက် ရှိက်သွာန်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ နောင်တော်များအကြား ပြဿနာများကို ဖန်တီးခဲ့ပြီးသော်လည်း ဖခင်ကြီးအား တောရွာဆီမှ ဤနေရာအထိ ပို့ဆောင်ပေးခဲ့လေသည်။

တမန်တော်ယူစွဖ် ﷺ ၏ ဘေးဒုက္ခများကို အစဉ်လိုက် သုံးသပ်ကြည့်လျှင် ကဏ္ဍသုံးခုရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပထမကဏ္ဍမှာ နောင်တော်များ၏ ညှဉ်းပန်းနှိပ်စက်မှု၊ ဒုတိယကဏ္ဍမှာ ကာလကြာရှည်စွာ မိဘနှစ်ပါးနှင့် ခွဲခွာခဲ့ရမှု၊ တတိယကဏ္ဍမှာ အကျဉ်းထောင်ထဲမှ ဒုက္ခများ စသည်တို့ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ထွတ်မြတ်သော တမန်တော်ကြီးသည် မိမိအဖြစ်အပျက်များကို တင်ပြရာတွင် အစဉ်လိုက်မဟုတ်ဘဲ အကျဉ်းချခံရသည့် အကြောင်းအရာမှ စတင်၍ တင်ပြခဲ့သည်။ ၎င်းနောက် ထိုတင်ပြရာတွင်လည်း အကျဉ်းထောင်ထဲသို့ ဝင်ရောက်ခဲ့ရပုံနှင့် ထိုထဲရှိ ဘေးဒုက္ခများအကြောင်းကို တင်ပြခဲ့ခြင်း မရှိပေ။ သို့သာမက အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည့် အကြောင်းကိုသာ အလ္လာဟ်အသျှင်မြတ်ကို ကျေးဇူးတင်ရှိသော အသုံးအနှုန်းများဖြင့် တင်ပြခဲ့လေသည်။ အကျဉ်းထောင်မှ လွတ်မြောက်ခဲ့မှုနှင့် ထိုလွတ်မြောက်မှုအပေါ် အလ္လာဟ်အသျှင်မြတ်ကို ကျေးဇူးတင်ရှိကြောင်း တင်ပြရာတွင် ကျွန်ုပ်သည် တစ်ချိန်တစ်ခါက အကျဉ်းချခံခဲ့ရသည်ဟုလည်း အဓိပ္ပာယ်ပေါ်လွင်သွားလေသည်။

ဤနေရာတွင် ဂရုပြုသင့်သည့် အခြားအကြောင်းအရာတစ်ခုမှာ တမန်တော်ယူစွဖ် ﷺ သည် အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပုံကိုသာ တင်ပြခဲ့သည်။ နောင်တော်တို့က ၎င်းကို ရေတွင်းထဲသို့ ပစ်ချခဲ့သည့် အကြောင်းအရာနှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်ကို ထိုရေတွင်းမှ ကယ်တင်လွတ်မြောက်စေခဲ့သည်ဟူ၍ပင် မတင်ပြခဲ့ပေ။ အကြောင်းမှာ နောင်တော်တို့အား ယခင်ကတည်းက ခွင့်လွှတ်ခဲ့ပြီးသောကြောင့် ဖြစ်သည်။ ၎င်းနောက်

لَا تَثْرِيْبَ عَلَيْكُمُ الْيَوْمَ

ဟူ၍ ပြောဆိုခဲ့ပြီးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုရေတွင်းအကြောင်းနှင့် ပတ်သက်ပြီး မည်သည့်အကြောင်းအရာကိုမျှ တင်ပြခြင်းသည် သင့်လျော်လိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့ပေသည်။ သို့မှသာ နောင်တော်တို့လည်း အရှက်မရမည် ဖြစ်သည်။

ထို့နောက် ကာလကြာရှည်စွာ 'ဆွဗရ်'တရားထားရှိရန် စမ်းသပ်ခံခဲ့ရသော မိဘနှစ်ပါးနှင့် ခွဲခွာခဲ့ရမှု၊ ၎င်းနောက် ထိုသို့ ခွဲခွာခဲ့ရခြင်းကြောင့် ပူဆွေးသောကရောက်ခဲ့ရသည့် အကြောင်းများကို တင်ပြမည့်အစား၊ ထိုအကြောင်းအရာများကို လွှတ်ကာ နောက်ဆုံးရလဒ်ဖြစ်သော မိဘနှစ်ပါးနှင့် ပြန်လည်ဆုံဆည်းရမှုကို အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်သော အသုံးအနှုန်းများ သုံးကာ တင်ပြခဲ့လေသည်။ အဘယ်

ကြောင့်ဆိုသော် ဖခင်ကြီးကို بَدْوِ ဆိုလိုသည်မှာ တောရွာမှ မြို့အထိ ပို့ဆောင်ပေးခဲ့သည်။ ထိုစကားရပ်တွင် 'နေ့အ်မသ်'တော်တစ်ခုဘက်သို့လည်း ရည်ညွှန်းထားပေသည်။ ယင်းမှာ တမန်တော်ယအ်ကူးဗ် ﷺ၏ မွေးရပ်ဌာနေသည် တောရွာကလေးတစ်ခု ဖြစ်ခဲ့သည်။ အကြင်နေရာတွင် ဘဝရှင်သန် ရပ်တည်ရန် လွယ်ကူမှုများ နည်းပါးလှသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား မြို့တော်ရှိ မင်းခမ်းမင်းနား အဆောင်အယောင်များတွင်းသို့ ပို့ဆောင်တော်မူခဲ့သည်။

ယခု ပထမကဏ္ဍကို တင်ပြရန် ကျန်ရှိသေးသည်။ ယင်းမှာ နောင်တော်တို့၏ ညည်းပန်းနှိပ်စက်မှု ဖြစ်သည်။ ယင်းကိုလည်း ရှိုက်သွာန်အပေါ် လွှဲချကာ ရှင်းလင်းပစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ နောင်တော်တို့သည် ဤကဲ့သို့သော လုပ်ရပ်ကို လုပ်ဆောင်တတ်ကြသူများ မဟုတ်ပေ။ ရှိုက်သွာန်သည် ၎င်းတို့ကို လှည့်ဖြား၍ ဤပြဿနာကို ဖန်တီးခဲ့သည်။

ဤသည်တို့သည် နဗီတမန်တော်တို့၏ ဂုဏ်အင်္ဂလက္ခဏာများ ဖြစ်သည်။ ဘေးဘလာများ ကြုံကြိုက်ရလျှင် 'ဆွဗရ်'သည်းခံတရား ထားရှိရုံမျှမကဘဲ မည်သည့်နေရာတွင်မဆို အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတရားများအကြောင်းကိုသာ ထုတ်ဖော်တင်ပြလေ့ ရှိသည်။ ထို့ကြောင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အပေါ် ကျေးဇူးမသိတတ်သည်ဟူ၍ မည်သည့်အခြေအနေမျိုးတွင်မှ မရှိကြပေ။ ၎င်းတို့၏ အခြေအနေသည် သာမန်လူသားများနှင့် ကွဲပြားခြားနားလေသည်။ သာမန်လူတို့၏ အခြေအနေမှာ အလ္လာဟ်အရှင်မြတ်၏ မြောက်မြားစွာသော 'နေ့အ်မသ်'တော်များ ရရှိခံစားနေလင့်ကစား မည်သည့် 'နေ့အ်မသ်'တော်အကြောင်းကိုမျှ တင်ပြလေ့ မရှိပေ။ ၎င်းနောက် တစ်ကြိမ်တစ်ခါတွင် ဘေးဒုက္ခတစ်ခုခုနှင့် ရင်ဆိုင်ရမည်ဆိုလျှင် ယင်းကို သက်တမ်းတစ်လျှောက်လုံး ပြောဆိုမည် မဟုတ်တော့ပေ။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤအချက်ကိုပင် မနှစ်သက်ဖွယ်ရာအဖြစ် တင်ပြထားသည်မှာ-

اِنَّ الْاِنْسَانَ لِرَبِّهٖ لَكَنُوْدٌ

လူသားသည် မိမိ၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အပေါ် လွန်စွာ ကျေးဇူးကန်းသူ ဖြစ်သည်။

တမန်တော်ယူစွဖ် ﷺ သည် ဘေးဘလာများ ကြုံကြိုက်ခဲ့ရပုံကို စာသားသုံးလုံးတည်းဖြင့် အတိုချုံး တင်ပြပြီးသည့်နောက် မိန့်ဆိုသည်မှာ-

اِنَّ رَبِّىْ لَطِيْفٌ لِّمَا يَشَآءُ اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ

ဆိုလိုသည်မှာ ကျွန်ုပ်၏ အရှင်သခင်သည် အလိုရှိရာကို နက်နဲလှသော စီမံမှုဖြင့် ဆောင်ရွက်တော်မူသည်။ မုချဧကန် ထိုအရှင်မြတ်သည် အကြွင်းမဲ့ သိရှိတော်မူသော အရှင်၊ အမြော်အမြင် ကြီးမားတော်မူသော အရှင်မြတ် ဖြစ်တော်မူသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

رَبِّ قَدْ اٰتَيْتَنِيْ مِنَ الْمُلْكِ وَ
عَلَّمْتَنِيْ مِنْ تَاْوِيْلِ الْاَحَادِيْثِ ۚ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ ۣ
اَنْتَ وَلِيّٖ فِي الدُّنْيَا وَالْاٰخِرَةِ ۚ تَوَفَّنِيْ مُسْلِمًا وَّاَلْحِقْنِيْ
بِالصّٰلِحِيْنَ ﴿١٠١﴾

၁၂ : ၁၀၁ ။ ။ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်မလွဲ အသျှင်မြတ်သည် ကျွန်တော်မျိုးအား စိုးမိုးအုပ်ချုပ်မှု အာဏာကို ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား အိပ်မက်များ၏ (နိမိတ်) အနက်အဓိပ္ပာယ်ကိုလည်း သင်ကြားပေးခဲ့တော်မူပါသည်။ အို၊ မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုး၏ ကိစ္စအဝဝကို (ဤ) ပစ္စုပ္ပန် လောကီဘဝ၌လည်းကောင်း၊ 'အာခိရသ်' နောင်တမလွန်ဘဝ၌လည်းကောင်း၊ စီမံ၍ ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။ အသျှင်မြတ်သည် ကျွန်တော်မျိုးအား၊ ကျွန်တော်မျိုး၏ အသက်ဇီဝိန်ကို မွတ်စ္စလင်မ် (အမိန့်တော်လိုက်နာသူ) အဖြစ်နှင့် နုတ်သိမ်းတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်စင်တို့နှင့်အတူ တွဲဖက်၍ ပေးတော်မူပါ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထို့နောက် အားလုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြပြီးနောက် တမန်တော်ယအ်ကူးဗ် عليه السلام ၏ သက်တမ်းကုန်ဆုံးသည့်အချိန်သို့ ဆိုက်ရောက်လာလေသည်။ ကွယ်လွန်တော်မူပြီးနောက် ၎င်း၏ မှာတမ်းချက်အရ ရှားမ်နိုင်ငံသို့ ယူဆောင်ကာ မိမိတို့၏ ဘိုးဘေးသူတော်စင်များအပါးတွင် ဒဖန်ပြုလုပ်ခဲ့လေသည်။ တစ်ဖန် ယူစွဖ် عليه السلام သည်လည်း တမလွန်သို့ ခရီးဆက်ရန် ဆန္ဒပြင်းပြကာ ဆုပန်ခဲ့သည်မှာ) အို၊ ကျွန်ုပ်ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်ုပ်ကို (အမျိုးမျိုးသော နေ့အ်မသ်တော်များ အပေါ်ယံသဏ္ဍာန်ဖြင့်လည်းကောင်း၊ အတွင်းသဏ္ဍာန်ဖြင့်လည်းကောင်း ချီးမြှင့်တော်မူခဲ့သည်။ ဥပမာ-) ကြီးမားသော အုပ်ချုပ်မှုအာဏာကို ချီးမြှင့်ခဲ့သည်။ ၎င်းနောက် (အတွင်းသဏ္ဍာန်ဖြင့် ဥပမာ-) ကျွန်ုပ်အား အိပ်မက်သဘောကို နားလည်တတ်သိသော ပညာရပ် ချီးမြှင့်တော်မူခဲ့သည်။ (အကြင်ပညာရပ်သည် ကြီးကျယ်ခမ်းနားလှသည်။ အထူးသဖြင့် မှန်ကန်တိကျသော ပညာရပ် ဖြစ်ခဲ့ပါလျှင် ယင်းပညာရပ်သည် 'ဝဟီ'ဗျာဒိတ်တော်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ထို 'ဝဟီ' ရရှိမှုသည် 'နဗူဝသ်' ချီးမြှင့်ခံရမှုအပေါ် မူတည်သည်) အို၊ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သာလျှင် ကျွန်ုပ်၏ ကိစ္စအဝဝကို လောကီနှင့် လောကုတ္တရာတွင် စီမံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့ကြောင့် လောကတွင် ကျွန်ုပ်အား အာဏာနှင့် ပညာများ ချီးမြှင့်ခဲ့ပြီး အကျိုးရှိစေသကဲ့သို့ တမလွန်တွင်လည်း

အကျိုးရှိစေရန် စီမံပေးသနားတော်မူပါ။) ကျွန်ုပ်အား အမိန့်နာခံသူတစ်ဦးအနေဖြင့် လောကမှ ထွက်ခွာခွင့်ပြုတော်မူပါ။ ၎င်းနောက် အထူးမွန်မြတ်သော ဗန္ဒာဟ်များတွင် ပါဝင်စေတော်မူပါ။ (ဆိုလိုသည်မှာ ထွတ်မြတ်သော နဗီတမန်တော်များ ဖြစ်ခဲ့ကြသည့် ကျွန်ုပ်၏ ဘိုးဘေးများနှင့်အတူ ရှိစေရန် ကျွန်ုပ်အား ပို့ဆောင်ပေးသနားတော်မူပါ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ယခင်အာယသ်တော်များတွင် ဖခင်ကြီးနှင့် ပြောဆိုခဲ့သည့် အကြောင်းများကို တင်ပြထားပြီး မိဘနှစ်ပါးနှင့် နောင်တော်တို့အား တွေ့ဆုံ၍ ကြီးမားသော ရည်ရွယ်ချက်တစ်ခု အောင်မြင်သွားကာ စိတ်အေးချမ်းမှု ရရှိပြီး တစ်ကိုယ်တည်း အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းထောပနာပြုခြင်းနှင့် တောင်းဆုဒိုအာ ပြုရာတွင် မွေ့လျော်ခဲ့လေသည်။ မိန့်ဆိုခဲ့သည်မှာ-

رَبِّ قَدْ اٰتَيْتَنِيْ مِنَ الْمُلْكِ وَعَلَّمْتَنِيْ مِنْ تَاْوِيْلِ الْاَحَادِيْثِ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ اَنْتَ وَلِيّٖ فِي الدُّنْيَا وَالْاٰخِرَةِ تَوَفَّنِيْ مُسْلِمًا وَّاَلْحِقْنِيْ بِالصّٰلِحِيْنَ

ဆိုလိုသည်မှာ အို့ မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သာလျှင် ကျွန်ုပ်အား ကြီးမားသော အုပ်ချုပ်မှုအာဏာကို ချီးမြှင့်တော်မူခဲ့သည်။ ၎င်းနောက် ကျွန်ုပ်အား အိပ်မက်သဘောနှင့် ပတ်သက်သည့် ပညာရပ်ကို ချီးမြှင့်တော်မူခဲ့သည်။ အို့ မိုးနှင့် မြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သာလျှင် လောကီလောကုတ္တရာတွင် ကျွန်ုပ်၏ ကိစ္စအဝဝကို စီမံဆောင်ရွက်တော်မူသည်။ ကျွန်ုပ်အား ပြည့်ဝသော အမိန့်နာခံသူတစ်ယောက်အဖြစ်နှင့် ဤလောကမှ ရုပ်သိမ်းတော်မူပါ။ ၎င်းနောက် ကျွန်ုပ်အား ပြည့်ဝသော မွန်မြတ်သည့် ဗန္ဒာဟ်များတွင် ပါဝင်စေတော်မူပါ။ ပြည့်ဝသော မွန်မြတ်သည့် ဗန္ဒာဟ်များသည် နဗီတမန်တော်များသာလျှင် ဖြစ်နိုင်သည်။ ၎င်းတို့သည် အကုသိုလ်အပေါင်းမှ ကင်းဝေးလေသည်။

[မဇ္ဈဟရီကျမ်း]

ဤဆုမွန်ဒိုအာတွင် ကောင်းမွန်စွာ ကွယ်လွန်သေဆုံးနိုင်ရန် တောင်းဆိုခဲ့သည့် ဒိုအာကို အထူးဂရုသင့်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ် လက်သင့်ခံသော ဗန္ဒာဟ်များ၏ ဂုဏ်အင်္ဂါမှာ ၎င်းတို့သည် မည်မျှပင် လောကီလောကုတ္တရာ၏ မြင့်မားသော အဆင့်အတန်းများကို ရရှိနေပါစေ၊ ၎င်းနောက် မည်မျှပင် မြင့်မားသော ရာထူးဂုဏ်များသည် ၎င်းတို့၏ ဖဝါးအောက်သို့ ရောက်နေပါစေ၊ မည်သည့်အခါမျှ ၎င်းတို့သည် ထိုအရာများနှင့် ပတ်သက်ပြီး မာန်မာနထားလေ့ မရှိပေ။ သို့သာမက အချိန်တိုင်း စိုးရိမ်နေလေ့ရှိသည်မှာ ဤနာမ်ပိုင်းဆိုင်ရာ ဂုဏ်ဒြပ်များ မည်သည့်အခါ ရုပ်သိမ်းခံရမည်၊ မည်သို့ လျော့နည်းသွားမည်ကို ပူပန်နေတတ်ကြသည်။ ယင်းအတွက် ဆုမွန်ဒိုအာများ တောင်းနေလေ့ ရှိကြသည်။ အလ္လာဟ်အသျှင်

မြတ် ချီးမြှင့်ထားသော အပေါ်ယံသဏ္ဍာန်နှင့် အတွင်းသဏ္ဍာန် စသည့် 'နေ့အ်မသ်'တော်များသည် ကွယ်လွန်သေဆုံးသည့်အချိန်အထိ တည်မြဲနေရန် ဖြစ်သည်။ သို့သာမက ယင်းတို့တွင် တိုးပွားမှုရရှိရန် ဖြစ်သည်။

ဤတွင် ကျမ်းမြတ်ကုရ်အာန်က တင်ပြထားသော တမန်တော်ယူစွဖ် ﷺ ၏ ထူးခြားအံ့သြဖွယ် ရာကောင်းလှသော အကြောင်းအရာတွင် ပါရှိသော မှတ်သားဖွယ် လမ်းညွှန်ချက်များအကြောင်း ပြည့်စုံသွားလေပြီ။ ရှေ့တွင် ဆက်လက်ဖော်ပြမည့် အကြောင်းအရာများသည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် မရ်ဖူးအ်ဟဒီးစ်များတွင် ဆင့်ပြန်လာရှိထားခြင်း မဟုတ်ဘဲ အများအားဖြင့် သဖ်စီးရ်ပညာရှင်တို့က သမိုင်းအထောက်အထားများဖြင့်သော်လည်းကောင်း၊ အီစ်ရာအီလ် ရေဝါယသ်များအရသော်လည်းကောင်း ဆင့်ပြန်တင်ပြထားခြင်း ဖြစ်သည်။

သဖ်စီးရ်အိဗ်နေကဆီးရ်ကျမ်းတွင် ဟဇရသ်ဟစန် (ရဟ) ၏ ရေဝါယသ်တစ်ရပ်ကို ဆင့်ပြန်ထားသည်မှာ နောင်တော်တို့က ယူစွဖ် ﷺ ကို ရေတွင်းထဲ ပစ်ချခဲ့သည့်အချိန်တွင် ၎င်း၏ အသက်သည် (၇) နှစ်ခန့် ရှိခဲ့သည်။ ထို့နောက် နှစ်ပေါင်း (၈၀) တိုင်တိုင် ဖခင်ကြီးနှင့် ခွဲခွာခဲ့ရသည်။ ထို့နောက် မိဘနှစ်ပါးနှင့် တွေ့ဆုံပြီး (၂၃) နှစ်တိုင် သက်ရှိထင်ရှားနေထိုင်ခဲ့သည်။ သက်တော် (၁၂၀) တွင် ကွယ်လွန်တော်မူခဲ့သည်။

၎င်းနောက် မိုဟမ္မဒ်ဗင်န်အိစ်ဟားက် (ရဟ) သခင်က မိန့်သည်မှာ 'အဲဟ်လေ့ကိသာဗ်'တို့၏ ဆင့်ပြန်ချက်တွင် ဆင့်ပြန်ထားသည်။ တမန်တော်ယူစွဖ် ﷺ နှင့် ယအ်ကူးဗ် ﷺ တို့၏ ကွဲကွာမှုသည် နှစ်ပေါင်းလေးဆယ်ကြာခဲ့သည်။ တစ်ဖန် ယအ်ကူးဗ် ﷺ သည် အီဂျစ်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ယူစွဖ် ﷺ နှင့်တကွ (၁၇) နှစ်တိုင် နေထိုင်ခဲ့သည်။ ထို့နောက်မှ ကွယ်လွန်တော်မူခဲ့သည်။

သဖ်စီးရ်ကုရ်သုဗီးကျမ်းတွင် သမိုင်းပညာရှင်များ၏ အဆိုကို ကိုးကား၍ တင်ပြထားသည်မှာ တမန်တော်ယအ်ကူးဗ် ﷺ သည် အီဂျစ်နိုင်ငံတွင် (၂၄) နှစ် နေထိုင်ခဲ့ပြီးမှ ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ ၎င်းနောက် မကွယ်လွန်မီ ယူစွဖ် ﷺ အား မှာတမ်းခဲ့သည်မှာ ငါ၏ ရုပ်ကလာပ်ကို ငါ၏ မွေးရပ်ဌာနေသို့ ပို့ဆောင်ကာ ဖခင်ကြီး အီစ်ဟားက် ﷺ ၏အနီး၌ 'ဒဖန်'ပြုလုပ်ပါဟူ၍ ဖြစ်သည်။

စအီးဒ်ဗင်န် ဂျိုဗိုင်းရ် ﷺ သခင်က မိန့်ဆိုခဲ့သည်မှာ တမန်တော်ယအ်ကူးဗ် ﷺ အား ကျွန်းဖြင့်ပြုလုပ်ထားသော သေတ္တာတွင် ထည့်၍ 'ဗိုင်သွလ်မုကဒတ်စ်'သို့ ပို့ဆောင်စေခဲ့သည်။ ထို့ကြောင့်ပင် ယဟူဒီအချို့တွင် ဤအစဉ်အလာသည် ဖြစ်ပေါ်လာခဲ့သည်။ အကြောင်းမှာ မိမိတို့၏ ကွယ်လွန်သူ ရုပ်ကလပ်များကို ဝေးလံသော နေရာများမှ 'ဗိုင်သွလ်မုကဒတ်စ်'သို့ သယ်ဆောင်လာကာ မြုပ်နှံလေ့ ရှိကြသည်။ တမန်တော်ယအ်ကူးဗ် ﷺ ၏ သက်တော်သည် ကွယ်လွန်သည့်အချိန်တွင် (၁၄၇) နှစ် ရှိခဲ့သည်။

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်က မိန့်သည်မှာ တမန်တော်ယအ်ကူးဗ် ﷺ သည် မိမိ၏ သားမြေး၊ ဆွေမျိုးများနှင့်တကွ အီဂျစ်နိုင်ငံသို့ ဝင်ရောက်ခဲ့စဉ်က ၎င်းတို့၏ အရေအတွက်သည် အမျိုးသား အမျိုးသမီးပေါင်း (၉၃) ဦးရှိခဲ့သည်။ ၎င်းနောက် တမန်တော်ယအ်ကူးဗ် ﷺ ၏ သားမြေးတို့သည် ဆိုလိုသည်မှာ ဗနီအိစ္စရာအီးလ်မျိုးနွယ်သည် မူစာ ﷺ နှင့်အတူ အီဂျစ်နိုင်ငံမှ ထွက်ခွာခဲ့စဉ်က ၎င်းတို့၏ အရေအတွက်မှာ ခြောက်သိန်းခုနှစ်သောင်း ရှိခဲ့လေသည်။ *[ကုရ်သုဗီးနှင့် အိဗ်နေကစီးရ်ကျမ်း]*

အီဂျစ်နိုင်ငံ၏ ယခင်ဝန်ကြီး ကွယ်လွန်ခဲ့ပြီးနောက် ဘုရင်ကြီးသည် တမန်တော် ယူစွဖ် عليه السلام အား ဇုလိုက်ခါသခင်မနှင့် ထိမ်းမြားပေးခဲ့သည့်အကြောင်း ယခင်လည်း တင်ပြခဲ့ပြီးဖြစ်သည်။ 'သောင်ရားသ်' ကျမ်းနှင့် 'အဲဟ်လေ့ကိသားဗ်'တို့၏ သမိုင်းဝင် တင်ပြထားသည်မှာ တမန်တော်ယူစွဖ် عليه السلام တို့တွင် သား တော်နှစ်ပါး၊ အဖ်ရာအီးမ်နှင့် မန်ရှား၊ ၎င်းနောက် သမီးတော်တစ်ပါး ရဟ်မသ်ဗင်န်သေယူစွဖ်တို့ ထွန်း ကားခဲ့လေသည်။ သမီးတော်ရဟ်မသ်သည် ဟဇရသ်အိုင်ယူးဗ် عليه السلام နှင့် ထိမ်းမြားခဲ့လေသည်။ ၎င်းနောက် သားတော်အဖ်ရာအီးမ်၏ မျိုးဆက်တွင် ယူရှအ်ဗင်န်နူးန် မွေးဖွားခဲ့လေသည်။ ၎င်းသည် တမန်တော် မူစာ عليه السلام ၏ အဖော်ဖြစ်ခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

တမန်တော်ယူစွဖ် عليه السلام သည် သက်တော် (၁၂၀) တွင် ကွယ်လွန်တော်မူခဲ့သည်။ ၎င်းနောက် နိုင်းမြစ်ကမ်းနံဘေးတွင် မြုပ်နှံခဲ့လေသည်။

အိဗ်နေအီစ်ဟားက်သခင်က ဟဇရသ်အုရ်ဝဟ်ဗင်န်ဇိုဗိုင်းရ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်ကို တင်ပြ ခဲ့သည်မှာ တမန်တော်မူစာ عليه السلام အား ဗနီအိစ်ရာအီးလ် မျိုးနွယ်ဝင်တို့ကို ခေါ်ဆောင်ကာ အီဂျစ်နိုင်ငံမှ ထွက်ခွာသွားရန် အမိန့်ပေးခံရသောအခါ အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ'ဗျာဒိတ်တော်ဖြင့် ၎င်းအား ညွှန်ကြားခဲ့သည်မှာ တမန်တော်ယူစွဖ် عليه السلام ၏ ရုပ်ကလာပ်ကို အီဂျစ်နိုင်ငံတွင် မထားရစ်ခဲ့လေနှင့်။ ယင်းကို မိမိနှင့်အတူ ယူဆောင်ကာ ရှာမ်းနိုင်ငံဘက်သို့ သွားလော့။ ၎င်း၏ ဘိုး၊ ဘေးများအနားတွင် ထိုရုပ်ကလာပ် ကို မြုပ်နှံလော့။ ထိုအမိန့်အရ တမန်တော်မူစာ عليه السلام သည် မေးမြန်းစုံစမ်းကာ ၎င်း၏ 'ကဗရ်'ကို ရှာဖွေ ခဲ့လေသည်။ ယင်း 'ကဗရ်'ကို သလင်းကျောက်ဖြင့် ပြုလုပ်ထားသော သေတ္တာထဲတွင် မြုပ်နှံထားခြင်း ဖြစ်သည်။ ယင်းကို မိမိနှင့်အတူ ကန်အာန်မြို့ ပါလက်စတိုင်းဒေသသို့ ယူဆောင်လာခဲ့သည်။ ၎င်းနောက် တမန်တော်အီစ်ဟားက် عليه السلام နှင့် ယအ်ကူးဗ် عليه السلام တို့၏ ဘေးတွင် မြုပ်နှံခဲ့လေသည်။

[မဇ္ဇဟရီကျမ်း]

တမန်တော်ယူစွဖ် عليه السلام ၏နောက်တွင် အမာလီးက်မျိုးနွယ်ဝင် ဖိရ်အောင်န်ဘုရင်များသည် အီဂျစ် နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ၎င်းနောက် ဗနီအိစ္စရာအီလ်မျိုးနွယ်ဝင်များသည် ဖိရ်အောင်န်ဘုရင်တို့၏ အုပ်ချုပ်မှု အောက်တွင် နေထိုင်ပြီး တမန်တော်ယူစွဖ် عليه السلام ၏ သာသနာပေါ်တွင် ရပ်တည်ကျင့်သုံးခဲ့သည်။ သို့သော် ၎င်းတို့ကို တိုင်းတစ်ပါးသားများဟု မှတ်ယူကာ အမျိုးမျိုးအဖုံဖုံ ဒုက္ခများ ပေးခဲ့လေသည်။ တမန်တော်မူစာ عليه السلام ပွင့်တော်မူသည့်အချိန်မှ တမန်တော်ကြီး၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို 'အဇားဗ်'ဖိနှိပ်ချုပ်ချယ်ခံရမှုမှ လွတ်မြောက်စေခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

ညွှန်ကြားချက်များနှင့် အမိန့်ပညတ်ချက်များ

တင်ပြပါအာယသ်တော်များမှ ဓမ္မသတ်တစ်ခု သိရှိရသည်မှာ တမန်တော်ယူစွဖ် عليه السلام ၏ အကြောင်း အရာများအရ မိဘနှစ်ပါးကို ဂုဏ်ပေးလေးစားခြင်းသည် အရေးကြီးသော တာဝန်တစ်ရပ် ဖြစ်၏။ တမန်

တော်ယူစွဖ်၏ ရှရီအသတ်တွင် ဂုဏ်ပေးသောအနေဖြင့် ဦးချခြင်းသည် ပြုပိုင်သောအရာ ဖြစ်ခဲ့သည်။ ထို့ကြောင့် မိဘနှစ်ပါးနှင့် နောင်တော်တို့သည် ဦးချခဲ့ကြသည်။ သို့သော် တမန်တော်မိုဟမ္မဒ် ﷺ ၏ ရှရီအသ်တွင် ဦးချခြင်းသည် ခဝပ်ကိုးကွယ်ခြင်း၏ သီးခြားလက္ခဏာအဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ဦးချခြင်းသည် 'ဟရာမ်'ဟု သတ်မှတ်ထားပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူသည်မှာ-

لَا تَسْجُدُوا لِلشَّمْسِ وَلَا لِلْقَمَرِ

(အသင်တို့သည် နေမင်းနှင့် လမင်းတို့အား 'စဂျ်ဒဟ်'ဦးချခြင်း မပြုကြလေနှင့်။) ၄င်းနောက် ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ ဟဇရသ်မိုအားဇ် ؓ သခင်သည် ရှားမ်နိုင်ငံ သို့ ရောက်ရှိခဲ့သောအခါ ဤသို့ တွေ့မြင်ခဲ့သည်။ နဆွာရာနီဘာသာဝင်တို့သည် မိမိတို့၏ အကြီးအကဲများကို ဦးချလေ့ ရှိကြသည်။ သခင်ကြီးသည်လည်း မဒီနာသို့ ပြန်လည်ရောက်ရှိလာသောအခါ တမန်တော်မြတ် ﷺ ၏ ရှေ့မှောက်တွင် ဦးချလေတော့သည်။ တမန်တော်မြတ် ﷺ က တားမြစ်တော်မူခဲ့ပြီး မိန့်တော်မူသည်မှာ ငါကိုယ်တော်သည် အကယ်၍ တစ်ဦးတစ်ယောက်အား 'စဂျ်ဒဟ်'ဦးချခွင့် ရှိမည်ဆိုပါက အမျိုးသမီးများအား မိမိတို့၏ ခင်ပွန်းကို 'စဂျ်ဒဟ်'ဦးချရန် ပြောဆိုမည်ဖြစ်သည်။ ထိုနည်းတူစွာ ဟဇရသ်စလ်မာန် ဖာရ်စီးရ် ؓ သခင်ကြီးက ကိုယ်တော်မြတ် ﷺ အား 'စဂျ်ဒဟ်'ဦးချမည်ပြုသောအခါ ကိုယ်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။

لَا تَسْجُدْ لِي يَا سَلْمَانَ وَاسْجُدْ لِلْحَيِّ الَّذِي لَا يَمُوتُ

ဆိုလိုသည်မှာ 'အို၊ စလ်မာန်၊ ကျွန်ုပ်အား ဦးမချလေနှင့်။ သို့သာမက ဦးချခြင်းဆိုသည်မှာ အမြဲတစေ ရှင်သန်ရပ်တည်နေတော်မူသော ထိုအသျှင်မြတ်ကိုသာ ပြုထိုက်သည်။ အကြင်အသျှင်မြတ်သည် မည်သည့်အခါမှ ပျက်စီးလိမ့်မည်မဟုတ်။' *[အိဗ်နေကစီးရ်ကျမ်း]*

ထို့ကြောင့် သိရှိရသည်မှာ တမန်တော်မြတ် ﷺ ကိုပင် ဂုဏ်ပေးဦးချခြင်း မပြုပိုင်ဟု ဆိုလျှင် အခြားသူတော်စင်၊ ပီရ် စသည်တို့ကို မည်သို့ ဦးချပိုင်မည်နည်း။

هٰذَا تَأْوِيلُ رُؤْيَايَ

ဤစာသားများအရ သိရှိရသည်မှာ အိပ်မက်၏ အလိုသဘောသည် တစ်ခါတစ်ရံ ကာလကြာရှည်သောအခါမှ ပေါ်ပေါက်လာတတ်သည်။ ဥပမာ- ဤအကြောင်းအရာတွင်လည်း နှစ်ပေါင်း (၄၀) သို့မဟုတ် (၈၀) ခန့် ကြာပြီးမှ ဖြစ်ပေါ်ခဲ့ပေသည်။ *[အိဗ်နေဂျရီးရ်နှင့် အိဗ်နေကစီးရ်ကျမ်း]*

قَدْ اَحْسَنَ بِيْ

ဤစာသားများအရ သိရှိရသည်မှာ နာမကျန်းဖြစ်နေသူတစ်ဦး သို့မဟုတ် ဘေးဒုက္ခတွင် နစ်မွန်းနေသူတစ်ဦးသည် ထိုဘေးဒုက္ခမှ လွတ်မြောက်သွားပါက 'ရှုကုရ်'ပြု ကျေးဇူးတင်ရှိခြင်းသည် နဗီတမန်တော်

များ၏ ဝလေ့တော်တစ်ရပ် ဖြစ်သည်။ ၄င်းနောက် ထိုရောဂါနှင့် ဘေးဒုက္ခကို တသမနေဘဲ မေ့ပျောက်ပစ်ရမည်။

إِنَّ رَبِّي لَطِيفٌ لِّمَا يَشَاءُ

ဤစာသားများအရ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုတော်ရှိသော ကိစ္စနှင့် ပတ်သက်ပြီး ဤသို့ လျှို့ဝှက်နက်နဲသော စီမံမှုများနှင့် အကြောင်းခံများကို ပေါ်ပေါက်စေလေ့ ရှိသည်။ ယင်းအရာများကို မည်သူတစ်ဦးတစ်ယောက်မျှပင် စဉ်းစားတွေးခေါ်နိုင်မည် မဟုတ်ပေ။

تَوَفَّنِي مُسْلِمًا

ဤစာသားတွင် တမန်တော်ယူစွဖ် عليه السلام သည် အီမာန်အစ္စလာမ်နှင့်တကွ ကွယ်လွန်သေဆုံးနိုင်ရန် ဆုမွန်တောင်းခဲ့သည်။ ထို့ကြောင့် သိရှိရသည်မှာ သီးခြားအခြေအနေမျိုးတွင် သေခြင်းတရားနှင့် ပတ်သက်ပြီး ဆုမွန်တောင်းခံခြင်းကို မတားမြစ်ထားပေ။ ဆွဟီးဟ်ဟဒီးစ်တော်များတွင် တားမြစ်ထားသော သေခြင်းတရားကို မျှော်လင့်ခြင်းသည် လောက၏ ဘေးဒုက္ခများကို ကြောက်ရွံ့ပြီး သည်းမခံနိုင်သောကြောင့် သေခြင်းတရားကို တောင့်တခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤသို့ တောင့်တခြင်းသည် မပိုင်ပေ။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ မည်သူမဆို ဘေးဒုက္ခတစ်ခုခုကြောင့် သေခြင်းတရားကို မတောင့်တသင့်ပေ။ အကယ်၍ တောင်းဆိုမည်ဆိုလျှင်လည်း ဤသို့ တောင်းဆိုရမည်။ အို၊ အလ္လာဟ်အသျှင်မြတ်၊ ရှင်သန်နေခြင်းသည် ကျွန်ုပ်အတွက် မွန်မြတ်မှု ရှိနေသရွေ့ ကျွန်ုပ်အား ရှင်သန်လျက်သာ ထားရှိတော်မူပါ။ သေခြင်းတရားသည် ကျွန်ုပ်အတွက် ကောင်းမွန် မွန်မြတ်မည်ဆိုလျှင် ကျွန်ုပ်အား 'မောက်သ်' သေခြင်းတရား ပေးတော်မူပါ။'

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ذَٰلِكَ مِنْ أَنبَاءِ الْغَيْبِ نُوحِيهِ إِلَيْكَ ۖ
وَمَا كُنتَ لَدَيْهِمْ إِذْ أَجْمَعُوا أَمْرَهُمْ وَهُمْ يَمْكُرُونَ ﴿١٠٢﴾

၁၂:၁၀၂။ ။ (အို၊ နဗီတမန်တော်) ဤအတ္ထုပ္ပတ္တိ အကြောင်းအရာသည် အကွယ်၌ရှိသော သတင်းများအနက်မှပင် ဖြစ်ပေသည်။ ငါအသျှင်မြတ်သည် ယင်းအတ္ထုပ္ပတ္တိ အကြောင်းအရာကို အသင် မိုဟမ္မဒ်ထံသို့ 'ဝဟီ' ဖြင့် ပေးပို့တော်မူ၏။ အမှန်စင်စစ် ထိုသူတို့သည် မိမိတို့၏ အရေးကိစ္စကို တစ်စည်းတစ်လုံးတည်း ဆုံးဖြတ်စဉ်အခါ၌လည်းကောင်း၊ ထိုသူတို့ ကြံစည်လျက် ရှိနေကြစဉ်အခါ၌လည်းကောင်း အသင်မိုဟမ္မဒ်သည် ထိုသူတို့ထံ၌ ရှိခဲ့သည်မဟုတ်ပေ။

وَمَآ أَكۡثَرُ ٱلنَّاسِ وَلَوۡ حَرَصۡتَ بِمُؤۡمِنِينَ ١٠٣

၁၂ : ၁၀၃ ॥ ॥ အမှန်စင်စစ် အသင်မိုဟမ္မဒ်သည် (၎င်းတို့ သက်ဝင်ယုံကြရန်) မည်မျှပင် (အလိုဆန္ဒ) တပ်မက်သော်ငြားလည်း (၎င်းတို့အနက်) မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်နသက်ဝင် ယုံကြည်သူများ မဟုတ်ပေ။

وَمَا تَسۡـَٔلُهُمۡ عَلَيۡهِ مِنۡ أَجۡرٍۚ إِنۡ هُوَ إِلَّا ذِكۡرٞ لِّلۡعَٰلَمِينَ ١٠٤

၁၂ : ၁၀၄ ॥ ॥ အမှန်စင်စစ် အသင်သည် ဤတရားတော် ဟောကြားခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာကိုမျှ တောင်းခံသည်မဟုတ်ပေ။ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် စကြဝဠာ ခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒ သာလျှင် ဖြစ်ပေသည်။

وَكَأَيِّن مِّنۡ ءَايَةٖ فِي
ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ يَمُرُّونَ عَلَيۡهَا وَهُمۡ عَنۡهَا مُعۡرِضُونَ ١٠٥

၁၂ : ၁၀၅ ॥ ॥ စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီပေါ်၌ မြောက်များစွာသော သက်သေလက္ခဏာများသည် ရှိကြကုန်၏။ ထိုသူတို့သည် ယင်းသက်သေ လက္ခဏာများကို ဖြတ်ကျော်၍ သွားကြလေသည်။ သို့ရာတွင် ၎င်းတို့သည် ယင်း သက်သေလက္ခဏာများကို စိုးစဉ်းမျှ ဂရုမစိုက်ကြပေ။

وَمَا يُؤۡمِنُ أَكۡثَرُهُم بِٱللَّهِ إِلَّا وَهُم مُّشۡرِكُونَ ١٠٦

၁၂ : ၁၀၆ ॥ ॥ စင်စစ် ထိုသူတို့အနက် မြောက်မြားစွာသော သူတို့သည် အလ္လာဟ်အသျှင်မြတ်အား တစ်စုံတစ်ရာကို ထိုအသျှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ခြင်း မပြုဘဲ သက်ဝင်ယုံကြည်သည်မဟုတ်ပေ။

أَفَأَمِنُوٓاْ أَن
تَأۡتِيَهُمۡ غَٰشِيَةٞ مِّنۡ عَذَابِ ٱللَّهِ أَوۡ تَأۡتِيَهُمُ ٱلسَّاعَةُ بَغۡتَةٗ وَ
هُمۡ لَا يَشۡعُرُونَ ١٠٧

၁၂ : ၁၀၇ ॥ ॥ ထိုသူတို့သည် မိမိတို့၌ အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ (တစ်မျိုးသားလုံးကို) ဖုံးလွှမ်းမည့် ပြစ်ဒဏ်သည် သက်ရောက်လာမည်ကိုလည်းကောင်း၊ သို့တည်းမဟုတ် ယင်းသူတို့ အမှူမဲ့အမှတ်မဲ့ ရှိနေကြစဉ် 'ကေယာမသ်'သည် ၎င်းတို့ထံသို့ ရုတ်တရက် ဆိုက်ရောက်လာမည်ကိုလည်းကောင်း စိုးရိမ်ကင်းမဲ့စွာ စိတ်ချ၍ နေကြလေသလော။

قُلْ هَٰذِهِۦ سَبِيلِىٓ أَدْعُوٓا۟ إِلَى ٱللَّهِ ۚ عَلَىٰ
بَصِيرَةٍ أَنَا۠ وَمَنِ ٱتَّبَعَنِى ۖ وَسُبْحَٰنَ ٱللَّهِ وَمَآ أَنَا۠ مِنَ ٱلْمُشْرِكِينَ ﴿١٠٨﴾

၁၂ : ၁၀၈ ။ ။ (အို့, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'ဤသည်ပင်လျှင် ငါ၏ လမ်းစဉ်ဖြစ်၏။ ငါသည် (လူခပ်သိမ်းတို့အား) အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်၏။ ငါနှင့်တကွ ငါ၏ နောက်လိုက်တို့သည် အလွန်ထင်ရှား ခိုင်လုံသော သက်သေသာဓကအပေါ်၌ တည်ရှိကြကုန်၏။ ထို့အပြင် ထိုအသျှင်သည် (ချို့တဲ့မှုအပေါင်းတို့မှ) သန့်ရှင်းစင်ကြယ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့အပြင် ငါသည် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်တော်မူသော (မုရှ်ရစ်က်) တို့အထွက်မှ မဟုတ်ချေ။

وَمَآ أَرْسَلْنَا مِن قَبْلِكَ إِلَّا رِجَالًا نُّوحِىٓ إِلَيْهِم مِّنْ أَهْلِ ٱلْقُرَىٰٓ ۗ
أَفَلَمْ يَسِيرُوا۟ فِى ٱلْأَرْضِ فَيَنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ ٱلَّذِينَ
مِن قَبْلِهِمْ ۗ وَلَدَارُ ٱلْءَاخِرَةِ خَيْرٌ لِّلَّذِينَ ٱتَّقَوْا۟ ۗ أَفَلَا تَعْقِلُونَ ﴿١٠٩﴾

၁၂ : ၁၀၉ ။ ။ စင်စစ် (အို့, နဗီတမန်တော်) အသင့်အလျင် ရှေးလွန်လေပြီးသော အခါကလည်း မြို့ရွာများ၌ နေထိုင်ကြကုန်သော သူတို့အနက်မှ ယောကျ်ားများကိုသာလျှင် (ရစူလ်တမန်တော်များအဖြစ်) စေလွှတ်တော်မူ၍ ၎င်းတို့ထံသို့ 'ဝဟီ' အမိန့်တော်များကို ထုတ်ပြန်တော်မူခဲ့လေသည်။ (သို့ပါလျက်) ဤသူတို့သည် ကမ္ဘာမြေပေါ်ဝယ် လှည့်လည်သွားလာခြင်းကို မပြုကြလေသလော။ ထိုသို့ လှည့်လည်သွားလာကြပါလျှင် ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ဖူးကြသော ရှေးလူဟောင်းတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို ရှုမြင်ကြရပေမည်။ အမှန်စင်စစ် 'အာခိရသ်' နောင်တမလွန်ဘဝ၏ နေရာထိုင်ခင်းသည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်၏။ သို့ပါလျက် အသင်တို့သည် (ဤသို့မျှ) နားမလည်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤအကြောင်းအရာသည် (အထက်တွင် တင်ပြခဲ့သော အကြောင်းအရာများသည် အသင်တမန်တော်ဘက်မှ ကြည့်လျှင်) အကွယ်မှ သတင်းများအနက်မှ ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် အသင်တမန်တော်ထံတွင် ထိုအကြောင်းအရာများကို သိရှိရန် မည်သည့်အပေါ်ယံ အကြောင်းခံမျှ ရှိခဲ့သည်မဟုတ်ပေ။) ငါအသျှင်မြတ် (သည်သာလျှင်) ဝဟီဗျာဒိတ်တော်အကြောင်းခံဖြင့် အသင့်အား ဤအကြောင်းအရာများအား တင်ပြလေသည်။ ၎င်းနောက် (ထင်ရှားသည့် အချက်မှာ) အသင်သည် (တမန်တော်ယူစွဖ် عليه السلام

၏ နောင်တော်များ) အပါးတွင် ထိုအချိန်က ရှိခဲ့သည်မဟုတ်။ မည်သည့်အခါ ၎င်းတို့သည် မိမိတို့၏ ဆန္ဒကို (ယူစွဖ် ﷺ အား ရေတွင်းထဲသို့ ပစ်ချရန် ဆန္ဒကို) ခိုင်မာစွာ ပြုလုပ်ခဲ့သည်။ ထို့နောက် ၎င်းတို့သည် (ယင်းကိစ္စနှင့် ပတ်သက်ပြီး) ကြံစည်နေခဲ့ကြလေသည်။ (အသင်တမန်တော်အား ယူစွဖ် ﷺ ကို ဤသို့ ခေါ်ဆောင်သွားမည်ဟု ဤသို့ ပြောပြခဲ့သည်မဟုတ်။ ၎င်းနောက် အသင်တမန်တော်သည် ဤအကြောင်းအရာများကို တစ်ဦးတစ်ယောက်ထံမှ ကြားခဲ့ခြင်း၊ တစ်ဦးတစ်ယောက်ကို ပြောပြခဲ့ခြင်း မဟုတ်သည်မှာလည်း တိကျခိုင်မာသော အချက်ဖြစ်ပေသည်။ ထို့ကြောင့် ဤသည်ပင် 'နဗူဝသ်'၏ ရှင်းလင်းပြတ်သားသော အထောက်အထားတစ်ရပ် ဖြစ်လေသည်။ ၎င်းနောက် 'ဝဟီ' ဗျာဒိတ်တော် ချပေးခံရသူ ဖြစ်ကြောင်းလည်း ပေါ်လွင်နေပေသည်။)

၎င်းနောက် (နဗူဝသ်၏ အထောက်အထားများ ခိုင်မာစွာ တည်ရှိနေပါလျက်) အသင်တမန်တော်သည် မည်သို့ပင် ဆန္ဒရှိနေပါမူ မြောက်မြားစွာသော သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြချေ။ ၎င်းနောက် (၎င်းတို့၏ သက်ဝင်ယုံကြည်မှု မရှိခြင်းကြောင့် အသင်သည် မည်သို့မျှ ဆုံးရှုံးနစ်နာမှု မရှိ။ အဘယ်ကြောင့်ဆိုသော်) အသင်သည် ၎င်းတို့ထံမှ ထို (ကုရ်အာန်ကျမ်းမြတ်) အပေါ် မည်သည့်အဖိုးအခကိုမျှ တောင်းခံခဲ့သည်မဟုတ်။ (အကြောင်းမှာ အကယ်၍ ၎င်းတို့သည် ကုရ်အာန်ကို လက်မခံခဲ့လျှင် အသင် ရရှိမည့် အဖိုးအခမှာ ပျောက်ကွယ်သွားမည်ဟူ၍လည်း ဖြစ်နိုင်ဖွယ်ရာ မရှိပေ။) ဤ (ကျမ်းမြတ် ကုရ်အာန်သည်) စကြဝဠာတွင်ရှိသော သူများအားလုံးအတွက် ဆုံးဝါဒဩဝါဒတစ်ရပ်သာလျှင် ဖြစ်သည်။ (ယင်းကို လက်မခံသူသာလျှင် ဆုံးရှုံးနစ်နာမည် ဖြစ်သည်။) ၎င်းနောက် (၎င်းတို့သည် 'နဗူဝသ်'ကို ငြင်းပယ်ကြသူများ ဖြစ်သကဲ့သို့ အထောက်အထားများ ရှိနေပါလျက် အလ္လာဟ်တစ်ပါးတည်း တည်ရှိကြောင်းကို ငြင်းပယ်သူများလည်း ဖြစ်ကြသည်။) မြောက်မြားစွာသော အထောက်အထားများ ရှိနေလေသည်။ (အလ္လာဟ်တစ်ပါးတည်း တည်ရှိကြောင်းကို အထောက်အထားပြုရန်) မိုးကောင်းကင်များတွင်လည်း (ဥပမာ- ကြယ်တာရာများ) ၎င်းနောက် မြေပထဝီတွင်လည်း (ဥပမာ- ဓါတ်သဘာဝများနှင့် မူလသဘာဝပစ္စည်းများ) ထိုအရာများပေါ်တွင် ၎င်းတို့သည် အမြဲတစေ ဖြတ်သန်းသွားနေကြသည်။ (ဆိုလိုသည်မှာ အမြဲတစေ မြင်တွေ့နေကြရသည်။) ၎င်းနောက် ထိုသူတို့သည် ထိုအရာများဘက်သို့ (အနည်းငယ်မျှပင်) အာရုံမစိုက်ခဲ့ကြပေ။ (ဆိုလိုသည်မှာ ထိုအရာများဖြင့် အထောက်အထားမပြုခဲ့ကြပေ။ ၎င်းနောက် မြောက်မြားစွာသော သူတို့သည် အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ကြသော်လည်း တုဖက်နှိုင်းယှဉ်ခြင်းကိုလည်း ပြုလုပ်လျက် ရှိကြသည်။ (သို့ပါ၍ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းကို လက်မခံခြင်းသည် အလ္လာဟ်အရှင်မြတ်ကို လက်မခံသကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို ငြင်းဆန်ကြသသူများ ဖြစ်သည်။ ၎င်းနောက် 'နဗူဝသ်'ကိုလည်း ငြင်းဆန်ကြသူများဖြစ်သည်။)

ဤသို့ဖြင့် (အလ္လာဟ်နှင့် ရစူလ်ကို ငြင်းဆန်၍) တစ်ဖန် ၎င်းတို့ကို အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုများသည် ဘေးဘလာများအသွင်ဖြင့် ဘက်ပေါင်းစုံမှ ဝန်းရံကျရောက်လာမည်ကို မပူပန်

ကြလေသလော။ သို့မဟုတ် ရုတ်တရက် ၎င်းတို့အပေါ် 'ကေယာမသ်' ဆိုက်ရောက်လာမည်ကို (မပူပန်ကြလောသလော။) ထို့နောက် ၎င်းတို့သည် (နဂိုမူလကတည်းက) သိရှိခဲ့ကြသည်မဟုတ်။ (အလိုသဘောမှာ ဤသည် ငြင်းပယ်ခြင်းအတွက် ရရှိသင့်သော ပြစ်ဒဏ်ဖြစ်သည်။ ယင်းပြစ်ဒဏ်သည် လောကတွင် ကျရောက်သည်ဖြစ်စေ၊ သို့မဟုတ် 'ကေယာမသ်'နေ့တွင် ကျရောက်သည်ဖြစ်စေ၊ ၎င်းတို့သည် ကြောက်ရွံ့ကာ ကုဖွ်ရ်ငြင်းပယ်ခြင်းကို စွန့်လွှတ်သင့်ပေသည်။)

အသင်ပြောဆိုလော့။ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဤပုံသဏ္ဍာန်ဖြင့် ဖိတ်ခေါ်လေသည်။ အကြောင်းမှာ ကျွန်ုပ်သည် ('သောင်ဟီးဒ်'တရားနှင့် ပတ်သက်၍လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်သူဖြစ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း) အထောက်အထားများနှင့်တကွ ရပ်တည်နေခြင်း ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ၎င်းနောက် ကျွန်ုပ်၏ အပေါင်းအပါများလည်း (ဆိုလိုသည်မှာ ကျွန်ုပ်ထံတွင်လည်း 'သောင်ဟီးဒ်' ၎င်းနောက် 'ရေစာလသ်'နှင့် ပတ်သက်သော အထောက်အထားများရှိသကဲ့သို့ ကျွန်ုပ်၏ အပေါင်းပါများသည်လည်း အထောက်အထားများနှင့်တကွ ကျွန်ုပ်အား အီမာန်သက်ဝင်ယုံကြည်ကြခြင်း ဖြစ်သည်။ ကျွန်ုပ်သည် အထောက်အထားမဲ့သော စကားရပ်ဘက်သို့ မည်သူ့ကိုမျှ ဖိတ်ခေါ်လေ့ မရှိ။ အထောက်အထားများကို နားထောင်ကြကုန်။ ၎င်းနောက် နားလည်သဘောပေါက်ကြကုန်။ သို့ပါ၍ ကျွန်ုပ်လမ်းစဉ်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် တစ်ပါးတည်း တည်ရှိတော်မူသည်။ ၎င်းနောက် ကျွန်ုပ်သည် ထိုအသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်သူတစ်ဦး ဖြစ်သည်။) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် (တုဖက်နှိုင်းယှဉ်ခြင်းမှ) ကင်းစင်တော်မူသည်။ ၎င်းနောက် ကျွန်ုပ်သည် (ဤလမ်းစဉ်ကို လက်ခံသည်၊ ၎င်းနောက် ကျွန်ုပ်သည်) တုဖက်နှိုင်းယှဉ်သူများအနက်မှ မဟုတ်ပေ။ ၎င်းနောက် (အကြင်သူတို့သည် 'နဗူဝသ်'နှင့် ပတ်သက်ပြီး သံသယရှိနေကြသည်။ အကြောင်းမှာ နဗီသည် ကောင်းကင်တမန်ဖြစ်သင့်သည်။ ယင်းမှာ အဓိပ္ပာယ်မဲ့သော စကားရပ်တစ်ခုသာလျှင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် အသင့်အလျှင် မြောက်မြားစွာသော မြို့ရွာများတွင် စေလွှတ်ခဲ့သော (ရစူလ်တမန်တော်များသည်လည်း) လူသားများသာလျှင် ဖြစ်သည်။ ၎င်းတို့ထံသို့ ငါအသျှင်မြတ်သည် 'ဝဟီ'ဗျာဒိတ်တော်များ ပို့ချခဲ့သည်။ (ကောင်းကင်တမန်တစ်ပါးမျှ မရှိခဲ့ပေ။ ၎င်းတို့ ငြင်းပယ်ခဲ့ကြသည်လည်း မရှိခဲ့ပေ။ ဤသို့ပင် အဓိပ္ပာယ်မဲ့သော သံသယများ ထားရှိခဲ့သောကြောင့် ၎င်းတို့ကို ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ ထိုနည်းတူစွာ ဤသူတို့ကိုလည်း လောကတွင်ဖြစ်စေ၊ တမလွန်တွင်ဖြစ်စေ၊ ပြစ်ဒဏ်ခတ်မည်။ ၎င်းနောက် ထိုသူတို့သည် ဤမျှပင် သောကကင်းဝေးနေကြပြီလော။)

၎င်းတို့သည် မြေပထဝီတွင် (မည်သည့်နေရာမျှ) လှည့်လည်သွားလာကြခြင်း မရှိလေသလော။ အကြောင်းမှာ (ဤသို့ သွားလာကြလျှင် မိမိတို့၏ မျက်စိများဖြင့်) မြင်တွေ့ကြရမည်ဖြစ်သည်။ အကြောင်းမှာ ထိုသူတို့၏ ရလဒ်သည် အဘယ်မျှ (ဆိုးရွား) ခဲ့လေသနည်း။ အကြင်သူတို့သည် ၎င်းတို့အလျှင် (ကာဖိရ်အဖြစ်နှင့်) တည်ရှိခဲ့ကြသည်။ ၎င်းနောက် (မှတ်သားကြကုန်လော။ အသင်တို့ ချစ်ခင်စုံမက်ပြီး အရှုံးအမူးဖြစ်ကာ ယင်းကြောင့်ပင် ကုဖွ်ရ်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသော ဤဒွန်နယာလောကသည် ပျက်စီး

သွားမည် ဖြစ်သည်။ ၎င်းနောက် အချည်းနှီးဖြစ်သည်။) မုချကေန် တမလွန်စခန်းသည် ထိုသူတို့အတွက် ကြီးမားသော အောင်မြင်မှုတစ်ခု ဖြစ်သည်။ အကြင်သူတို့သည် (တုဖက်နိုင်းယှဉ်ခြင်း စသည်တို့ကို) ရှောင်ရှားခဲ့ကြသည်။ (၎င်းနောက် 'သောင်ဟီးဒ်' တရားနှင့် နာခံမှုကို ရွေးချယ်ခဲ့ကြသည်။) အသင်တို့သည် ဤမျှပင် နားလည်ကြလေသလော။ အကြောင်းမှာ ပျက်စီးသွားမည်။ ၎င်းနောက် အခြေအမြစ်မရှိသည့် အရာသည် ကောင်းပါသလော။ သို့မဟုတ် အမြဲတစေ ကျန်ရှိနေမည့်အရာသည် ပို၍ ကောင်းပါသလော။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပါအာယသ်တော်များတွင် တမန်တော်ယူစွဖ် ﷷ ၏ အကြောင်းအရာကို စုံလင်စွာ တင်ပြပြီးနောက် ဦးစွာပထမ တမန်တော်မြတ် ﷺ ကို မိန့်တော်မူသည်မှာ-

ذٰلِكَ مِنۡ اَنۡۢبَآءِ الۡغَيۡبِ نُوۡحِيۡهِ اِلَيۡكَ

ဆိုလိုသည်မှာ ဤအကြောင်းအရာသည် ထိုအကွယ်မှ သတင်းများအနက်မှ ဖြစ်သည်။ ယင်းကို ငါအသျှင်မြတ်သည် 'ဝဟီ' ၏ အကြောင်းခံဖြင့် အသင့်အား အသိပေးခဲ့သည်။ အသင်တမန်တော်သည် ယူစွဖ် ﷷ ၏ နောင်တော်များအပါးတွင် ရှိခဲ့သည်မဟုတ်ပေ။ မည်သည့်အခါ ၎င်းတို့သည် ယူစွဖ် ﷷ အား ရေတွင်းထဲသို့ ပစ်ချရန် ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းနောက် ယင်းနှင့် ပတ်သက်၍ ကြံစည်ခဲ့ကြသည်။

ဤသို့ ထုတ်ဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ တမန်တော်ယူစွဖ် ﷷ ၏ အကြောင်းအရာကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရှင်းလင်းတင်ပြခြင်းသည် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်' နှင့် 'ဝဟီ' ဖြစ်ခြင်း၏ တိကျခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်ကြောင်း တင်ပြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာသည် ကိုယ်တော်မြတ်၏ ခေတ်ကာလအလျင် ထောင်စုနှစ် မြောက်မြားစွာအလျင်က အကြောင်းအရာ ဖြစ်သည်။ ထိုအကြောင်းအရာများကို တွေ့မြင်ပြီး တင်ပြရလေအောင် ကိုယ်တော်မြတ် ﷺ သည် ထိုနေရာတွင် ရှိနေခဲ့သည်မဟုတ်။ ၎င်းနောက် တစ်ဦးတစ်ယောက်ထံမှ သင်ကြားကာလည်း တင်ပြခဲ့ခြင်းမဟုတ်။ အကြောင်းမှာ သမိုင်းစာပေများကို လေ့လာ၍ သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ ကြားနာ၍ တင်ပြခဲ့ခြင်းလည်း မဟုတ်။ ထို့ကြောင့် ထိုအကြောင်းအရာများကို တိကျမှန်ကန်စွာ သိရှိခဲ့ခြင်းမှာ 'ဝဟီ' ဗျာဒိတ်တော်မှအပ အခြားမည်သည့်နည်းလမ်းမှ မရှိနိုင်တော့ချေ။

ကျမ်းတော်မြတ်ကုရ်အာန်သည် ဤနေရာတွင် အသင်တမန်တော်သည် ထိုနေရာ၌ မရှိနေခဲ့ပေဟူ၍သာ တင်ပြပြီး စကားကို အတိုချုံးထားပေသည်။ အခြားသူတစ်ဦးတစ်ယောက်ထံမှ သို့မဟုတ် စာပေကျမ်းဂန်များမှ သင်ယူသိရှိခဲ့သည်မဟုတ်ဟူ၍ တင်ပြမထားပေ။ ထိုသို့ တင်ပြရန် မလိုအပ်ဟု ထင်မှတ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် အုမ္မီဖြစ်ကြောင်း၊ ကိုယ်တော်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ထံမှ အရေးအဖတ်ကို မသင်ယူခဲ့ကြောင်း အာရဗ်တစ်ခွင်လုံး သိရှိကြလေသည်။

၎င်းနောက် အားလုံး သိရှိကြသည်မှာ ကိုယ်တော်မြတ် ﷺ ၏ ဘဝသက်တမ်းသည် မက္ကာဟ်မြို့တွင် ကုန်လွန်ခဲ့သည်။ ရှားမ်နိုင်ငံသို့ ခရီးထွက်ခဲ့သည်မှာလည်း ဦးကြီးတော် အဗူသွာလစ်ဗ်နှင့်အတူ သွားခဲ့ခြင်းဖြစ်သည်။ ထိုခရီးတွင် လမ်းခုလတ်မှပင် လှည့်ပြန်တော်မူခဲ့သည်။ ဒုတိယအကြိမ်တွင် ကူးသန်းရောင်းဝယ် ဖောက်ကားမှုပြုကာ ပြန်လာခဲ့ခြင်း ဖြစ်သည်။ ထိုခရီးတွင်လည်း ပညာရှင်တစ်ဦးဦးနှင့် တွေ့ဆုံခဲ့ခြင်း သို့မဟုတ် ပညာရှင် အသိုင်းအဝိုင်းတစ်ခုခုနှင့် အဆက်အသွယ်ပြုခဲ့ခြင်းတို့ကို မည်သို့မျှ သံသယ မရှိနိုင်ပေ။ ထို့ကြောင့် ဤနေရာတွင် ထိုအကြောင်းအရာများကို တင်ပြရန် မလိုအပ်ဟု ယူဆခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် ဤအကြောင်းအရာကို တင်ပြထားပေသည်။

مَاكُنْتَ تَعْلَمُهَا اَنْتَ وَلَا قَوْمُكَ مِنْ قَبْلِ هٰذَا

ဆိုလိုသည်မှာ ကျမ်းတော်မြတ် မကျရောက်ခဲ့မီက ထိုအကြောင်းအရာများကို အသင်တမန်တော်သည်လည်း မသိရှိခဲ့သကဲ့သို့ အသင်၏ မျိုးနွယ်သည်လည်း မသိရှိခဲ့ပေ။

အေမာမ်ဗဂ်ဝီ (ရဟ) သခင်က မိန့်သည်မှာ ယဟူဒီ ကူရိုက်ရှ်မျိုးနွယ်ဝင်တို့သည် စုပေါင်းကာ တမန်တော်မြတ် ﷺ ကို စမ်းသပ်သောအနေဖြင့် မေးမြန်းခဲ့ကြသည်။ အကယ်၍ အသင်သည် မိမိ၏ နဗီဖြစ်ကြောင်း ကြွေးကြော်ရာတွင် မှန်ကန်သည်ဟု ဆိုလျှင် တမန်တော်ယူစွဖ် عليه السلام ၏ အကြောင်းအရာသည် မည်သို့ ဖြစ်ခဲ့သည်ကို ပြောပြလော။ တမန်တော်မြတ် ﷺ သည် ဝဟီအကြောင်းခံဖြင့် ဤအကြောင်းအရာများကို တင်ပြလိုက်သော်လည်း ၎င်းတို့သည် မိမိတို့၏ ကုဖွရ်ငြင်းဆန်မှု လမ်းစဉ်တွင်သာ မြဲမြဲစွာ ရပ်တည်နေခဲ့သောကြောင့် တမန်တော်မြတ် ﷺ သည် စိတ်သောကရောက်ခဲ့ရလေသည်။ ထို့ကြောင့် ရှေ့အာယသ်တော်တွင် မိန့်ဆိုထားသည်မှာ အသင်တမန်တော်၏ 'နဗူဝသ်'နှင့် 'ရိစာလသ်' အထောက်အထားများ ရှင်းလင်းပြတ်သားစွာ ရှိနေပါလျက် အသင်တမန်တော် မည်သို့ပင် ကြိုးပမ်းအားထုတ်ပါမူ မြောက်မြားစွာသော သူတို့သည် အီမာန်သက်ဝင် ယုံကြည်လိမ့်မည်မဟုတ်ပေ။ အလိုသဘောမှာ အသင်၏ တာဝန်သည် ပို့ချရန်နှင့် ပြုပြင်မှုရရန် ကြိုးပမ်းအားထုတ်ရန်သာ ဖြစ်သည်။ ယင်းကို အောင်မြင်စေရန်မှာမူ အသင့်တွင် အာဏာမရှိသကဲ့သို့ အသင်၏တာဝန်လည်း မဟုတ်ပေ။ ယင်းနှင့် ပတ်သက်ပြီး အသင်သည် ပူဆွေးသောကလည်း မထားသင့်ပေ။ ထို့နောက် မိန့်တော်မူသည်မှာ–

وَمَا تَسْئَلُهُمْ عَلَيْهِ مِنْ اَجْرٍ اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ

ဆိုလိုသည်မှာ အသင်တမန်တော်သည် ၎င်းတို့ကို တရားဒေသနာများ ပို့ချရာတွင် ၎င်းနောက် လမ်းမှန်ပေါ်သို့ ပို့ဆောင်ရာတွင် မိမိ၏ ကြိုးပမ်းအားထုတ်မှုအတွက် ၎င်းတို့ထံမှ မည်သည့်အဖိုးအခကိုမျှလည်း တောင်းခံခဲ့သည်မဟုတ်ပေ။ ဤသို့ တောင်းခံမည်ဆိုလျှင် ၎င်းတို့သည် အသင်၏ စကားများအရ နားထောင်လိုက်နာရန် အခက်အခဲများ ရှိကောင်းရှိနိုင်သည်။ သို့သာမက အသင်၏ စကားရပ်များသည် စကြဝဠာရှိ လူများအားလုံးအတွက် ကောင်းကျိုးလိုလားခြင်းနှင့် ဆုံးမသြဝါဒတရား နာကြားရန်အတွက်သာ

လျှင် ဖြစ်သည်။ ဤစာပိုဒ်တွင် ရည်ညွှန်းမှုတစ်ခု ရှိသည်မှာ အသင်တမန်တော်၏ ဤသို့ ကြိုးပမ်းရသည့် ရည်ရွယ်ချက်မှာ လောကီအကျိုးအမြတ်များ ရရှိရန်မဟုတ်ဘဲ တမလွန်၏ အကျိုးစဝါးဗ်များ ရရှိရန်နှင့် အွမ္မသ်ထု၏ ကောင်းကျိုးလိုလာရန်သာ ဖြစ်လေသည်။ ထို့ကြောင့် အသင်၏ ရည်ရွယ်ချက်သည် အထမြောက်သွားလေပြီ။ တစ်ဖန် အသင်သည် အဘယ်ကြောင့် ပူဆွေးသောကရောက်နေရသနည်း။

وَكَاَيِّنْ مِّنْ اٰيَةٍ فِى السَّمٰوٰتِ وَ الْاَرْضِ يَمُرُّوْنَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُوْنَ

ဆိုလိုသည်မှာ ၎င်းတို့သည် ဆုံးမဩဝါဒတရား ဟောကြားသူတစ်ဦး၏ ဆုံးမဩဝါဒကို အတိုက်အခံပြု၍ မကြားနာခံခြင်းသာ မဟုတ်ဘဲ ၎င်းတို့၏ အခြေအနေမှာ အဘယ်မျှ ဆိုးရွားသည်ဆိုသော် မိုးနှင့် မြေတွင် ထင်ရှားလျက်ရှိသော အချိန်တိုင်း မြင်တွေ့နေရသော အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသည့် 'ကွဒ်ရသ်' တန်ခိုးတော်၏ နိမိတ်လက္ခဏာများကိုပင် ဥပေက္ခာပြုကာ မျက်နှာလွှဲသွားလေ့ ရှိကြသည်။ စိုးစဉ်းမျှပင် ဤအရာများသည် မည်သူ၏ မြင့်မြတ်သော 'ကွဒ်ရသ်' တန်ခိုးတော်လက္ခဏာများ ဖြစ်သည်ကို အာရုံမစူးစိုက်ခဲ့ကြပေ။ မိုးနှင့် မြေတွင် ကြီးကျယ်ထွတ်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ကိုးကွယ်ရာ အသျှင်ဖြစ်ကြောင်းနှင့် ထိုအသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်များ၊ 'ကွဒ်ရသ်' တော်များ၏ သက်သေလက္ခဏာများ မြောက်မြားစွာ တည်ရှိနေပေသည်။ ယင်းတို့အနက်မှ တစ်ခုမှာ လွန်လေပြီးသော အွမ္မသ်များအပေါ် ကျရောက်ခဲ့သော 'အဇားဗ်' အပြစ်ဒဏ်များနှင့် အမြစ်မှ လှန်ပစ်ခံခဲ့ရသော သို့မဟုတ် ဖျက်ဆီးမခံခဲ့ရသော ထိုအွမ္မသ်များ၏ မြို့ရွာများကို ၎င်းတို့ မြင်တွေ့နေကြပါလျက် ယင်းဖြစ်ရပ်များဖြင့် မည်သို့မျှ သံဝေဂတရား မရယူကြချေ။

ဤတင်ပြချက်သည် အလ္လာဟ်အသျှင်မြတ် တည်ရှိခြင်းနှင့် ထိုအသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်နှင့်တကွ 'ကွဒ်ရသ်' တန်ခိုးတော်တို့ကို လက်မခံသူများနှင့် ပတ်သက်၍ တင်ပြခြင်း ဖြစ်သည်။ ရှေ့တွင် ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်၏ တည်ရှိတော်မူကြောင်းကို လက်ခံသော်လည်း ထိုအသျှင်မြတ်ကို ကိုးကွယ်ရာတွင် အခြားအရာများကိုလည်း တုဖက်နှိုင်းယှဉ်ခြင်း ပြုသူများအကြောင်းကို တင်ပြမည် ဖြစ်သည်။ မိန့်တော်မူသည်မှာ-

وَمَا يُؤْمِنُ اَكْثَرُهُمْ بِاللّٰهِ اِلَّا وَهُمْ مُّشْرِكُوْنَ

ဆိုလိုသည်မှာ ၎င်းတို့အနက်မှ အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်သော်လည်း တုဖက်နှိုင်းယှဉ်လျက် သက်ဝင်ယုံကြည်ကြသည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ အကြွင်းမဲ့ သိရှိတော်မူခြင်းနှင့် 'ကွဒ်ရသ်' တန်ခိုးတော် စသည့် ဂုဏ်တော်တို့တွင် အခြားသူများကိုလည်း နှိုင်းယှဉ်ယုံကြည်ခဲ့ကြသည်။ ယင်းသည် မတရားပြုခြင်းနှင့် ဉာဏ်ပညာမရှိခြင်းသာလျှင် ဖြစ်သည်။

အိဗ်နေကစီး၏ (ရဟ) သခင်က မိန့်တော်မူသည်မှာ ဤအာယသ်တော်၏ အလိုသဘောတွင် ထိုမှတ်စွလင်မ်များလည်း ပါဝင်ပေသည်။ အကြင်သူတို့သည် အီမာန်ရှိပါလျက် အမျိုးမျိုးသော ရှရစ်ကလုပ်ရပ်

များတွင် နစ်မွန်းနေကြသည်။ မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ ကျွန်ုပ်သည် အသင်တို့နှင့် ပတ်သက်၍ စိုးရိမ်မှုများအနက်မှ အစိုးရိမ်ရဆုံး အချက်မှာ 'ရှစ်ရ်က်အတ်စ်ဂရ်' ဖြစ်လေသည်။ သာ၀ကကြီးများ၏ မေးမြန်းလျှောက်ထားခဲ့သည့်အပေါ် ဖြေကြားမိန့်ဆိုခဲ့သည်မှာ ပြစားမှုသည် 'ရှရစ်က်ကိအတ်စ်ဂရ်' ဖြစ်လေသည်။ ထိုနည်းတူစွာ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများ၏ အမည်နာမကို ကိုင်တွယ်၍ ကျိန်တွယ်ခြင်းကို 'ရှရစ်က်'ဟု တင်ပြထားလေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

အလ္လာဟ်အသျှင်မြတ်မှအပ အခြားအမည်နာမများကို ကိုင်တွယ်၍ ကိုးခြင်းသည်လည်း ဓမ္မသတ်ပညာရှင်များအားလုံးထံတွင် အထက်ပါအမိန့်အတိုင်းပင် ဖြစ်သည်ဟု တင်ပြထားပေသည်။

ရှေ့တွင် ဆက်လက်၍ ၎င်းတို့၏ ဥပေက္ခာပြုမှုနှင့် အသိဉာဏ်ကင်းမဲ့မှုအပေါ် ဝမ်းနည်းဖွယ်ရာနှင့် အံ့သြဖွယ်ရာဖြစ်ကြောင်း တင်ပြထားလေသည်။ အကြောင်းမှာ ၎င်းတို့သည် ငြင်းပယ်ဖီဆန်မှုကို ပြုလုပ်နေပါလျက် ထိုအချက်မှ မည်သို့ သောက ကင်းဝေးနေကြသနည်း။ အကြောင်းမှာ ၎င်းတို့အပေါ်သို့ အလ္လာဟ်အသျှင်မြတ်ဘက်မှတော်မှ 'အဇားဗ်'အပြစ်ဒဏ်တစ်ခုခု ကျရောက်လာနိုင်သည်။ သို့မဟုတ် ရုတ်တရက် ၎င်းတို့အပေါ်သို့ 'ကေယာမသ်'နေ့သည်လည်း ဆိုက်ရောက်လာနိုင်သည်။ ၎င်းတို့သည် ထိုအခြေအနေများနှင့် ပတ်သက်ပြီး မည်သည့်ပြင်ဆင်မှုမျိုးကိုမျှ မပြုလုပ်ရသေးပေ။

قُلْ هٰذِهٖ سَبِيْلِىْٓ اَدْعُوْٓا اِلَى اللّٰهِ عَلٰى بَصِيْرَةٍ اَنَا وَمَنِ اتَّبَعَنِىْ وَسُبْحٰنَ اللّٰهِ وَمَآ اَنَا مِنَ الْمُشْرِكِيْنَ

ဆိုလိုသည်မှာ အသင်တမန်တော်၊ ၎င်းတို့အား ပြောကြားလော့။ (အသင်တို့ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ) ကျွန်ုပ်၏ လမ်းစဉ်သည် လူများကို အမြော်အမြင်ယုံကြည်ချက်နှင့်တကွ အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်နေမည်သာ ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ၎င်းနောက် ကျွန်ုပ်၏ နောက်လိုက်များသည်လည်း ဤလမ်းစဉ်ပေါ်တွင် ရှိသည်။

အလိုသဘောမှာ ကျွန်ုပ်၏ ဤဖိတ်ခေါ်မှုသည် သာမန်အတွေးအခေါ်ပေါ်၌သာ မူတည်နေခြင်းမဟုတ်ပေ။ သို့သာမက ပြည့်ဝသော အမြော်အမြင်နှင့် အသိဉာဏ်ကို အသုံးချ၍ ရရှိထားသော ရလဒ်ဖြစ်သည်။ ဤဖိတ်ခေါ်မှုနှင့် ဉာဏ်အမြော်အမြင် ရှိမှုတွင် တမန်တော်မြတ် ﷺ သည် မိမိ၏နောက်လိုက်များကိုလည်း ပါဝင်စေခဲ့သည်။ အိဗ်နေအဗ္ဗားစ် ؓ သခင်ကြီးက မိန့်သည်မှာ နောက်လိုက်များ ဆိုသည်မှာ ဆွဟာဗာကြီးများ ဖြစ်လေသည်။ ၎င်းတို့သည် 'ရိစာလသ်' ပညာရပ်များ၏ ရတနာသိုက်များနှင့် မြင့်မြတ် မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရဲဘော်များ ဖြစ်သည်။ အဗ်ဒုလ္လာဟ် ဗင်နမတ်စ်အူးဒ် ؓ သခင်က မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ ၏ သာ၀ကကြီးများသည် အုမ္မသ်ထုတစ်ရပ်လုံးအနက် အမွန်မြတ်ဆုံးသောသူများ ဖြစ်လေသည်။ ၎င်းတို့၏ နှလုံးသားများသည် သန့်ပြန့်စင်ကြယ်၍ ပညာအရာတွင်လည်း နက်ရှိုင်းမှု ရှိကြသည်။ ဟန်ဆောင်မှုလည်း စိုးစဉ်းမျှ မရှိခဲ့ကြပေ။ အလ္လာဟ်အသျှင်မြတ်သည်

၎င်းတို့ကို မိမိတမန် တော်၏ အပါး ခစားရန်အတွက် ၎င်းနောက် ကူညီရန်အတွက် ရွေးချယ်တော်မူခဲ့သည်။ အသင်တို့သည် ၎င်းတို့၏ အကျင့်စာရိတ္တများနှင့် လမ်းစဉ်များကို သင်ယူကြကုန်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သာ လမ်းမှန်ပေါ်တွင် ရှိလေသည်။

၎င်းနောက် مَنِ اتَّبَعَنِي ၏ အဓိပ္ပာယ်ကို အများနှင့် သက်ဆိုင်သည်ဟူ၍လည်း မှတ်ယူနိုင်သည်။ အလိုသဘောမှာ မည်သူမဆို 'ကေယာမသ်'နေ့ထိတိုင် တမန်တော်မြတ် ﷺ ၏ ဖိတ်ခေါ်မှုကို အွမ္မသ်သူ၊ အွမ္မသ်သားများထံသို့ ပို့ဆောင်ရာတွင် ပါဝင်ခဲ့လျှင် ထိုသူသည်လည်း အထက်ပါအမိန့်တွင် ပါဝင်သွားမည် ဖြစ်သည်။

ကလ်ဗီသခင်နှင့် အိဗ်နေဇိုက်ဒ်သခင်က မိန့်ဆိုသည်မှာ ဤအာယသ်တော်အရ အချက်တစ်ချက် သိရှိရသည်။ အကြင်သူသည် တမန်တော်မြတ် ﷺ ၏ နောက်လိုက်ဖြစ်သည်ဟု ကြွေးကြော်ခဲ့လျှင် ကိုယ်တော်မြတ် ﷺ ၏ ဖိတ်ခေါ်မှုလမ်းစဉ်ကို လူအများထံသို့ ပို့ဆောင်ပေးရန် ၎င်းအပေါ် တာဝန်ထိုက်လေသည်။ ၎င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်၏ သင်ကြားမှုကို ပြန့်နှံ့စေရမည်။ *[မဇ္ဇဟရီကျမ်း]*

سُبۡحٰنَ اللّٰهِ وَمَآ اَنَا مِنَ الۡمُشۡرِكِيۡنَ

ဆိုလိုသည်မှာ တုဖက်နိုင်းယှဉ်ခြင်းမှ ကင်းစင်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် ကျွန်ုပ် တမန်တော်သည် တုဖက်နိုင်းယှဉ်သူများအနက်မှ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အထက်တွင် တင်ပြခဲ့သည်မှာ မြောက်မြားစွာသော သူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌လည်း အီမာန်သက်ဝင်ယုံကြည်ကြသည်။ သို့သော် ထင်ထင်ရှားရှား ဖြစ်စေ၊ ကွယ်ဝှက်၍ဖြစ်စေ၊ ရှရစ်ကဲတုဖက်နိုင်းယှဉ်ခြင်းကိုလည်း ယှဉ်တွဲပြုလုပ်ကြသည်။ ထို့ကြောင့် မိမိသည် ရှရစ်ကဲလုပ်ရပ်များမှ ကင်းစင်ကြောင်း ကြေညာတော်မူခြင်း ဖြစ်သည်။ အချုပ်အလိုသဘောမှာ ကျွန်ုပ်၏ ဖိတ်ခေါ်မှုသည် လူအများကို ကျွန်ုပ်၏ ဗန္ဒာဟ်ပြုလုပ်ရန် ရည်ရွယ်၍ ဖိတ်ခေါ်ခြင်းမဟုတ်။ သို့သာမက ကျွန်ုပ်ကိုယ်တိုင်လည်း အလ္လာဟ်အသျှင်မြတ်၏ ဗန္ဒာဟ်တစ်ဦး ဖြစ်သည်။ ၎င်းနောက် လူအများကိုလည်း ထိုအသျှင်မြတ်ကို ခဝပ်မှုပြုရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။ မုချဧကန် ကျွန်ုပ်အား ဖိတ်ခေါ်သူတစ်ယောက်အနေဖြင့် အီမာန်သက်ဝင်ယုံကြည်ရန်မှာ 'ဖွရဇ်' တာဝန်ဖြစ်သည်။

ဤစကားရပ်အပေါ် မက္ကာဟ်မြို့မှ မုရှရစ်ကဲများက စောဒကတက်ကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်နှင့် စေတမန်သည် လူသားမဖြစ်နိုင်။ ကောင်းကင်တမန်သာလျှင် ဖြစ်သင့်သည်။ ဤစောဒက၏အဖြေကို ရှေ့အာယသ်တော်တွင် ဤသို့ တင်ပြထားပေသည်။

وَمَآ اَرۡسَلۡنَا مِنۡ قَبۡلِكَ اِلَّا رِجَالًا نُّوۡحِىۡۤ اِلَيۡهِمۡ مِّنۡ اَهۡلِ الۡقُرٰى

ဆိုလိုသည်မှာ ၎င်းတို့၏ ဤအတွေးအခေါ်သည် အခြေအမြစ်မရှိကာ အချည်းအနှီးသာ ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည် ကောင်းကင်တမန်တော်သာလျှင် ဖြစ်သင့်သည်။ လူသားမဖြစ်သင့်ဟု ဆိုခြင်းမှာ ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ အကြောင်းမှာ လူသားတို့အတွက်

အလ္လာဟ်အသျှင်မြတ်၏ စေတမန်သည် အမြဲတစေ လူသားအဖြစ်နှင့်ပင် လာရောက်လေ့ရှိခဲ့သည်။ မှချကေန် ထိုစေတမန်သည် သာမန်လူသားများနှင့် ခြားနားမှုတော့ ရှိသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းအပေါ်သို့ ဝဟီဗျာဒိတ်တော်များ၊ သဝဏ်လွှာများ ကျရောက်လေ့ရှိသည်။ ၎င်းနောက် ထိုအဆင့်အတန်းကို တစ်ဦးတစ်ယောက်၏ ကြိုးပမ်းမှုနှင့် ကျင့်ကြံမှုဖြင့်လည်း မရရှိနိုင်ပေ။ အသျှင်မြတ်ကိုယ်တော်တိုင် မိမိ၏ ဗန္ဓာဟ်များအနက်မှ သင့်လျော်မည့်သူကိုသာလျှင် ဤတာဝန်ပေးအပ်ရန် ရွေးချယ်တော်မူလေ့ ရှိသည်။ ၎င်းနောက် ဤရွေးချယ်မှုသည် သာမန်လူသားများတွင် မရှိသော ထူးခြားပြည့်စုံသည့် ဂုဏ်အင်များအပေါ် မူတည်သည်။

ရှေ့တွင် ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်သူနှင့် တမန်တော်၏ ဩဝါဒတော်များကို ဆန့်ကျင်ကာ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'ပြစ်ဒဏ်ကို ဖိတ်ခေါ်နေသူများအား သတိပေးထားလေသည်။

اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ وَلَدَارُ الْاٰخِرَةِ خَيْرٌ لِّلَّذِيْنَ اتَّقَوْا اَفَلَا تَعْقِلُوْنَ

ဆိုလိုသည်မှာ ၎င်းတို့သည် မြေပထဝီပေါ်တွင် သွားလာလှည့်လည်ခြင်း မပြုကြလေသလော။ အကြောင်းမှာ ၎င်းတို့သည် လွန်လေပြီးသော အွမ္မသ်များ၏ အခြေအနေကို မြင်တွေ့ရမည်ဖြစ်သည်။ ရစူလ်တမန်တော်များကို ငြင်းဆန်မှုကြောင့် ၎င်းတို့သည် မည်သို့သော ရလဒ်ဖြင့် ကြုံတွေ့ကြရသည်ကို သိရှိရမည်။ သို့သော် ၎င်းတို့သည် ဒွန္နယာလောက၏ အပေါ်ယံလုပမှုနှင့် စည်းစိမ်တို့တွင် မွေ့လျော်ကာ တမလွန်ကို မေ့လျော့ထားခဲ့ကြသည်။ စင်စစ်တွင် ရှောင်ကြဉ်သူများအတွက် တမလွန်သည် ဤဒွန္နယာလောကထက် အဆပေါင်းများစွာ သာပို၍ ကောင်းမွန်လေသည်။ ၎င်းတို့သည် ဤအချက်ကိုပင် မသိရှိကြလေသလော။ အကြောင်းမှာ ဒွန္နယာလောက၏ ရက်အနည်းငယ်ခန့် စည်းစိမ်ကို တမလွန်ရှိ တည်မြဲပြည့်စုံသော 'နေ့အ်မသ်'တော်များနှင့် စည်းစိမ်များအပေါ် ဦးစားပေးနေကြသည်။

ပညတ်ချက်များနှင့် ဩဝါဒများ

အကွယ်မှသတင်းများနှင့် အကွယ်မှ ရရှိသော ပညာတွင် ခြားနားမှုရှိခြင်းအကြောင်း

ذٰلِكَ مِنْ اَنْۢبَآءِ الْغَيْبِ نُوْحِيْهِ اِلَيْكَ

ဤအကြောင်းအရာများသည် အကွယ်မှ သတင်းများအနက်မှ ဖြစ်လေသည်။ ယင်းကို ငါအသျှင်မြတ်သည် 'ဝဟီ'ဗျာဒိတ်တော်၏ အကြောင်းခံဖြင့် အသိပေးခဲ့သည်။ ဤကဲ့သို့သော အကြောင်းအရာကို ဤစာသားများဖြင့်ပင် စူရာဟ်အာလေအင်မ်ရာန်၊ အာယသ်တော် (၄၃) တွင် မရ်ယမ်သခင်မကြီး၏

အကြောင်းအရာတွင်လည်း တင်ပြထားပေသည်။ ၎င်းနောက် စူရာဟ်ဟူးဒ်၏ အာယသ်တော် (၄၈) တွင် တမန်တော်နူးဟ် ﷺ ၏ အကြောင်းအရာနှင့် ပတ်သက်ပြီး တင်ပြထားသည်။

تِلْكَ مِنْ اَنْۢبَآءِ الْغَيْبِ نُوْحِيْهَا اِلَيْكَ

ဤအာယသ်တော်များဖြင့် သိရှိရသည့် အချက်တစ်ချက်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များကို မြောက်မြားစွာသော အကွယ်မှ သတင်းများ၊ 'ဝဟီ'ဗျာဒိတ်တော်၏ အကြောင်းခံဖြင့် အသိပေးတော်မူလေ့ ရှိသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ တမန်တော်မိုဟမ္မဒ် ﷺ ကိုယ်တော်အား ထိုအကွယ်မှ သတင်းများကို အထူးပင် ချီးမြှင့်ခြင်း ခံရသည်။ ယင်းချီးမြှင့်ခံရမှုသည် အခြားနဗီတမန်တော်များအားလုံးထက် သာပိုပေသည်။ ထို့ကြောင့်ပင် တမန်တော်မြတ် ﷺ သည် 'ကေယာမသ်'ထိတိုင် ဖြစ်ပေါ်လာမည့် အကြောင်းအရာများကို အကျယ်တဝင့်သော်လည်းကောင်း၊ ခြုံငုံ၍သော်လည်းကောင်း မိမိအုမ္မသ်အား အသိပေး ပြောကြားခဲ့လေသည်။ ဟဒီးစ်ကျမ်းတော်များတွင် 'ကေသာဗွလ်ဖေသန်' 'ဖိသ်နာကဏ္ဍ' ၏ ဟဒီးစ်တော်များအားလုံးသည် ထိုအကြောင်းများနှင့် ပြည့်နှက်နေလေသည်။

သာမန်လူတန်းစားတို့သည် ဤအချက်ကိုပင် 'အိလ်မေဂိုင်းဗ်' ဟု ထင်မှတ်နေကြသည်။ အကြောင်းမှာ အကြင်သူတစ်ဦးသည် အကွယ်မှ သတင်းများကို မည်သည့်နည်းနှင့်မဆို သိရှိခဲ့ပါမူ ၎င်းကို 'အာလိမွလ်ဂိုင်းဗ်'ဟု မှတ်ယူကြသည်။ ၎င်းနောက် ဤအရည်အချင်းသည် တမန်တော်မြတ် ﷺ တွင် ပြည့်ဝစွာ ရှိနေပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ အား **عالم الغيب** (အကွယ်မှ အရာများကို သိရှိသူ) ဟု ထင်မှတ်နေကြသည်။ သို့သော် ကျမ်းမြတ် ကုရ်အာန်တွင် ရှင်းလင်းပြတ်သားသော စာသားများဖြင့် ကြေညာထားသည်မှာ-

لَا يَعْلَمُ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ الْغَيْبَ اِلَّا اللّٰهُ

ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ **عالِمُ الغَيْبِ** (အကွယ်မှ အရာများကို သိရှိသူ) သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမျှ မရှိနိုင်ပေ။ 'အိလ်မေဂိုင်းဗ်'သည် အလ္လာဟ်အသျှင်မြတ်၏ သီးခြားဂုဏ်တော်တစ်ရပ် ဖြစ်သည်။ ထိုဂုဏ်တော်တွင် တမန်တော်တစ်ပါးပါးကိုသော်လည်းကောင်း၊ ကောင်းကင်တမန်တစ်ပါးပါးကိုသော်လည်းကောင်း ပါဝင်ပတ်သက်သည်ဟု ထင်မှတ်ခြင်းသည် ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်နှင့် နှိုင်းယှဉ်သကဲ့သို့ဖြစ်သည်။ ထိုလုပ်ရပ်သည် အီစာအီတို့၏ လုပ်ရပ်ဖြစ်သည်။ ၎င်းတို့သည် တမန်တော်အီစာကို အလ္လာဟ်အသျှင်မြတ်၏ သားတော်၊ ၎င်းနောက် ခဝပ်ကိုးကွယ်မှုကို ယှဉ်တွဲခံထိုက်သူဟု မှတ်ယူကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အထက်ပါအာယသ်တော်အရ အကြောင်းအရာ၏ အမှန်တရားသည် ရှင်းလင်းသွားလေသည်။ အကြောင်းမှာ 'အိလ်မေဂိုင်းဗ်'ဟူသည် အလ္လာဟ်အသျှင်မြတ်၏ သီးခြားဂုဏ်တော်တစ်ရပ် ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် 'အာလိမွလ်ဂိုင်းဗ်' (အကွယ်မှ အရာများကို သိရှိသူ) ဖြစ်သည်။ ဧကန်စင်စစ် အကွယ်မှ မြောက်မြားစွာသော သတင်းများကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တမန်တော်များအား 'ဝဟီ'ဗျာဒိတ်တော်၏

အကြောင်းခံဖြင့် အသိပေးခဲ့ခြင်း ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဝေါဟာရတွင် ဤအချက်ကို 'အိလ်မေဂိုင်းဗ်'ဟု မခေါ်ဆိုပေ။ ၎င်းနောက် သာမန်လူတို့သည် ထိုသိမ်မွေ့စွာ ခြားနားမှုကို သဘောမပေါက်ကြပေ။ အကွယ်မှ သတင်းများကိုပင် 'အိလ်မေဂိုင်းဗ်'ဟု ပြောဆိုတတ်ကြသည်။ ၎င်းနောက် ကုရ်အာန်၏ ဝေါဟာရအရ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ထံတွင်မျှ 'အိလ်မေဂိုင်းဗ်' မရှိဟု တင်ပြသောအခါ ဆန့်ကျင် ကန့်ကွက်မှုများ ပြုတတ်ကြသည်။

وَمَا اَرْسَلْنَا مِنْ قَبْلِكَ اِلَّا رِجَالًا نُّوحِىٓ اِلَيْهِمْ مِّنْ اَهْلِ الْقُرٰى

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ တမန်တော်များနှင့် ပတ်သက်၍ رِجَالًا ဟူသော စာသားသုံးနှုန်းထားခြင်းဖြင့် သိရှိရသည်မှာ တမန်တော်ဆိုသည်မှာ အမြဲတစေ အမျိုးသားများပင် ဖြစ်နိုင်သည်။ အမျိုးသမီးများသည် နဗီ သို့မဟုတ် ရစူလ်မဖြစ်နိုင်ကြချေ။

အိဗ်နေကစီးရ် (ရဟ) သခင်သည် ဂျမ်ဟူးရ်ပညာရှင်များ၏ အဆိုကို ဆင့်ပြန်ထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အမျိုးသမီးတစ်ဦးကိုမျှ နဗီ သို့မဟုတ် ရစူလ်အဖြစ် မစေလွှတ်ခဲ့ပေ။ အချို့သော ပညာရှင်တို့က အချို့အမျိုးသမီးများနှင့် ပတ်သက်ပြီး နဗီဖြစ်ခဲ့သည်ဟု သတ်မှတ်ခဲ့ကြသည်။ ဥပမာ- တမန်တော်အိဗ်ရာဟီမ် عليه السلام ၏ ဇနီး ဆာရာဟ်သခင်မနှင့် တမန်တော်မူစာ عليه السلام ၏ မိခင်၊ ၎င်းနောက် အီစာ عليه السلام ၏ မိခင် မရ်ယမ်သခင်မတို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအမျိုးသမီးသုံးဦးနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤသို့သော စာသားများ သုံးနှုန်းထားပေသည်။ ယင်းကြောင့် သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းကင်တမန်ကြီးများသည် ၎င်းတို့နှင့် စကားပြောဆိုခဲ့ကြသည်။ သတင်းကောင်းများ ပါးခဲ့ကြသည်။ သို့မဟုတ် ၎င်းတို့ကိုယ်တိုင် အလ္လာဟ်အသျှင်မြတ်၏ ဝဟီတော်၏ အကြောင်းခံဖြင့် စကားရပ်အချို့ကို သိရှိခဲ့ကြသည်။ သို့သော် ဂျမ်ဟူးရ်ပညာရှင်များထံပါးတွင် ထိုအာယသ်တော်များအရ ထိုအမျိုးသမီးသုံးဦး၏ မြင့်မြတ်မှု၊ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ၎င်းတို့၏ အဆင့်အတန်း အလွန်မြင့်မားကြောင်းကိုသာ အတည်ပြုသတ်မှတ်နိုင်မည် ဖြစ်သည်။ ပညာရှင်တို့က ပြောကြားသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ ထိုစာသားများသည်။ ထိုအမျိုးသမီးများ၏ နဗီရစူလ်ဖြစ်ခြင်းနှင့် ပတ်သက်ပြီး အထောက်အထားပြုရန် မလုံလောက်ပေ။

အထက်ပါအာယသ်တော်၏ اَهْلِ الْقُرٰى ဟူသော စာသားအရ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တမန်တော်များကို များသောအားဖြင့် မြို့ကြီးများနှင့် မြို့ငယ်များတွင် နေထိုင်ကြသူများ အနက်မှသာ စေလွှတ်တော်မူလေ့ ရှိသည်။ တောရွာများနှင့် တောများတွင် နေထိုင်ကြသူများသည် ရစူလ် တမန်တော်များ မဖြစ်ရှိနိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် တောရွာများနှင့် တောရွာများတွင် နေထိုင်ကြသူများသည် စိတ်နေသဘောထား ကြမ်းတမ်းပြီး၊ အသိဉာဏ်အမြော်အမြင် ပြည့်ဝမှု မရှိကြချေ။

[အိဗ်နေကစီးရ်နှင့် ကုရ်သုဗီးကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

حَتّٰىٓ اِذَا اسْتَايْـَٔسَ الرُّسُلُ وَظَنُّوْٓا اَنَّهُمْ قَدْ كُذِبُوْا جَآءَهُمْ
نَصْرُنَا ۙ فَنُجِّيَ مَنْ نَّشَآءُ ۭ وَلَا يُرَدُّ بَاْسُنَا عَنِ الْقَوْمِ الْمُجْرِمِيْنَ ﴿١١٠﴾

၁၂ : ၁၁၀ ။ ။ နောက်ဆုံးတွင် 'ရစူလ်'တမန်တော်များသည် မျှော်လင့်ချက်ကင်း၍ အမျိုးသားတို့ကလည်း 'ယင်း ရစူလ်တမန်တော်များသည် အလိမ်ခံကြရလေပြီ' ဟု ထင်မှတ်ခဲ့ကြသောအခါ ငါအသျှင်မြတ်၏ အကူအညီသည် ယင်းရစူလ် တမန်တော်များထံ (ရုတ်တရက်) ရောက်ရှိခဲ့လေသည်။ ထိုအခါ ငါအသျှင်မြတ် အလိုရှိတော်မူသောသူသည် ကယ်တင်ခြင်းကို ခံခဲ့ရလေသည်။ စင်စစ် ငါအသျှင်မြတ်၏ အပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူတို့အပေါ်မှ ဖယ်ရှားခြင်းသည် မဟုတ်ချေ။

لَقَدْ كَانَ فِيْ قَصَصِهِمْ عِبْرَةٌ لِّاُولِي الْاَلْبَابِ ۭ مَا كَانَ
حَدِيْثًا يُّفْتَرٰى وَلٰكِنْ تَصْدِيْقَ الَّذِيْ بَيْنَ يَدَيْهِ وَ
تَفْصِيْلَ كُلِّ شَيْءٍ وَّهُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ﴿١١١﴾

၁၂ : ၁၁၁ ။ ။ ဧကန်မလွဲ ၎င်းသူတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများတွင် ဆင်ခြင်သိမြင် နားလည်တတ်သူတို့အဖို့ (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိချေသည်။ (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) ကြံဖန်လီဆယ်ထားသော ကျမ်း မဟုတ်ပြီ။ စင်စစ် ယင်းကျမ်းသည် မိမိအလျင် ကျရောက်ခဲ့သော ကျမ်းများကို အတည်ပြုသော ကျမ်းဖြစ်၏။ ထို့အပြင် အရာခပ်သိမ်းတို့ကို အသေးစိတ် ရှင်းလင်းမှုသည်လည်းကောင်း၊ သက်ဝင်ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်မှုနှင့် ကရုဏာ တော်သည်လည်းကောင်း ဖြစ်နိုင်ချေရှိသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အကယ်၍ အသင်တို့သည် ကာဖိရ်များအပေါ်သို့ 'အဇာဗ်'ပြစ်ဒဏ် ကျရောက်ရာတွင် ကြန့်ကြာ နေခြင်းကြောင့် ပြစ်ဒဏ်မကျရောက်တော့ပေဟူ၍ သံသယထားရှိခြင်းသည် အသင်တို့၏ မှားယွင်းမှု တစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့်ပင် လွန်လေပြီးသော အွမ္မသ်များမှ ကာဖိရ်များကိုလည်း ကြီးမားသော အခွင့်အရေးများ ချီးမြှင့်ခဲ့ပေသည်။) အဘယ်မျှခန့်ဆိုသော် (အခွင့်အရေးပေးသောကာလ ရှည်လျားလွန်းသော ကြောင့်) တမန်တော်သည် (ဤအချက်မှ) မျှော်လင့်ချက်ကင်းခဲ့လေသည်။ (အကြောင်းမှာ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကာဖိရ်များအပေါ်သို့ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ရန် ကတိ တော်ရှိခဲ့သည့် အချိန်ကာလကို မိမိ၏ ခန့်မှန်းတွက်ချက်မှုဖြင့် သတ်မှတ်ခဲ့သည်။ ထိုသတ်မှတ်ခဲ့သော အချိန်တွင် ကာဖိရ်များအပေါ်သို့ 'အဇာဗ်'ကျရောက်ကာ ကျွန်ုပ်တို့၏ အောင်နိုင်မှုနှင့် မှန်ကန်မှုသည် ပြတ်သားစွာ ပေါ်လွင်လာမည် ဖြစ်သည်။) ၎င်းနောက် ထို (တမန်တော်တို့) သည် အတိအကျ ထင်မှတ်လိုက် ကြသည်မှာ (အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ရှိသည့် အချိန်ကာလကို သတ်မှတ်ရာတွင်) ကျွန်ုပ်တို့သည်

အတွေးမှားခဲ့ကြသည်။ (အကြောင်းမှာ အထောက်အထားမရှိဘဲ အရိပ်အမြွက်ဖြင့်သာ သို့မဟုတ် အလ္လာဟ် အသျှင်မြတ်၏ အကူအညီသည် လျင်မြန်စွာ ရောက်ရှိစေလိုသည့်အပေါ် တိုတောင်းလှသော အချိန်ကာလကို သတ်မှတ်ခဲ့ကြသည်။ အမှန်စင်စစ် အသျှင်မြတ်၏ ကတိတော်တွင် သတ်မှတ်ချက်မရှိခဲ့ပေ။ ဤသို့ မျှော်လင့်ချက်ကင်းမဲ့နေသည့် အခြေအနေတွင်) ငါအသျှင်မြတ်၏ အကူအညီသည် ၎င်းတို့ထံ ရောက်ရှိခဲ့သည်။ (ထိုအကူအညီမှာ ကာဖိရ်များအပေါ် ပြစ်ဒဏ်သက်ရောက်ခြင်းဖြစ်သည်။) တစ်ဖန် (ထို အဇာဗ်အပြစ်ဒဏ်မှ) ငါအသျှင်မြတ် အလိုတော်ရှိသူကို ကယ်တင်တော်မူခဲ့သည်။ (အီမာန်ရှင်များကို ဆိုလိုခြင်းဖြစ်သည်)

၎င်းနောက် (ထို 'အဇာဗ်'ပြစ်ဒဏ်တွင် ကာဖိရ်များ ပျက်စီးခံရသည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ်သည် အပြစ်ရှိသူများမှ ရှောင်ဖယ်သွားလိမ့်မည်မဟုတ်ပေ။ (သို့သာမက မုချဧကန် ၎င်းတို့အပေါ် ထင်ထင်ရှားရှားစွာ သက်ရောက်မည်။ သို့ပါ၍ မက္ကာဟ်မြို့မှ ဤကာဖိရ်များသည်လည်း ဤသို့ပင် တွေဝေမနေသင့်ပေ။) ထို (လွန်လေပြီးသော တမန်တော်များနှင့် အွမ္မသ်သားများ)၏ အကြောင်းအရာတွင် အသိဉာဏ်ရှိသူများအတွက် (ကြီးမားသော) သံဝေဂတရား ရှိသည်။ (၎င်းတို့သည် အမိန့်နာခံခြင်းဖြင့် ဤသို့ ခံစားရမည်။ ဖီဆန်ခြင်းဖြင့် ဤသို့ ခံစားရမည်ကို သံဝေဂတရား ရယူကြသည်။) ဤကျမ်းတော်မြတ်ကုရ်အာန်သည် (ယင်းတွင် ဤအကြောင်းအရာများ ပါရှိသည်။) တီထွင်လုပ်ကြံထားသော စကားရပ်များ မဟုတ်ပေ။ (ယင်းသို့ ဖြစ်ခဲ့လျှင် သံဝေဂတရား မရနိုင်မည် ဖြစ်သည်။) သို့သာမက ဤအလျင် (ကျရောက်ခဲ့သော) ကောင်းကင်ကျကျမ်းကြီးများအား မှန်ကန်ကြောင်း ထောက်ခံသည့် ကျမ်းဖြစ်သည်။ ၎င်းနောက် (အရေးကြီးသော) စကားရပ်တိုင်းကို ရှင်းလင်းတင်ပြသော ကျမ်းဖြစ်သည်။ ၎င်းနောက် အီမာန်သက်ဝင် ယုံကြည်သူများအတွက် လမ်းမှန်ရရန်နှင့် ကရုဏာတော်၏ အကြောင်းခံ ဖြစ်သည်။ (သို့ပါ၍ သံဝေဂတရားရရန် အကြောင်းအရာများ ပါရှိသော ဤကျမ်းဂန်မှ သံဝေဂတရားရယူရန် အရေးကြီးပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ယခင်အာယသ်တော်များတွင် နဗီတမန်တော်များကို စေလွှတ်ခြင်းနှင့် အမှန်တရားဘက်သို့ ဖိတ်ခေါ်ရန် တာဝန်ပေးအပ်ခဲ့ခြင်းအကြောင်း၊ ၎င်းနောက် နဗီတမန်တော်များနှင့် ပတ်သက်ပြီး စောဒကများ ရှိခဲ့သည်ကို အဖြေပေးထားလေသည်။ အထက်ပါအာယသ်တော်များတွင် ပထဦးဆုံး အာယသ်တော်၌ သတိပေးနှိုးဆော်ထားသည်မှာ ၎င်းတို့သည် နဗီတမန်တော်များကို ဆန့်ကျင်ပြီး ရရှိလာမည်။ ဆိုးရွားသော ရလဒ်ကို မတွေ့မြင်ကြပေ။ အကယ်၍ ၎င်းတို့သည် အနည်းငယ် အာရုံစိုက်ကာ မိမိတို့၏ အနီးနားရှိ မြို့ရွာများ၊ နေရာဒေသများ၏ သမိုင်းကြောင်းကို လေ့လာကြည့်ရှုကြမည်ဆိုလျှင် သိရှိကြလိမ့်မည်။ အကြောင်းမှာ နဗီတမန်တော်များကို ဆန့်ကျင်ခဲ့ကြသူများသည် ဤဒွန္နယာလောကတွင်လည်း အဘယ်မျှ ပြင်းထန် ဆိုးရွားသော ရလဒ်ကို ခံစားကြရသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ လူးသ် (عليه السلام) မျိုးနွယ်စု၏ မြို့ရွာကို မြေလှန်ခံခဲ့ရသည်။ အားဒ်မျိုးနွယ်စုနှင့် စမူးဒ်မျိုးနွယ်စုတို့ကို အမျိုးမျိုးအဖုံဖုံသော 'အဇာဗ်' ပြစ်ဒဏ်များဖြင့် ပျက်စီးဆုံးရှုံးစေခဲ့သည်။ ၎င်းနောက် တမလွန်၏ ပြစ်ဒဏ်သည် ထို့ထက်ပင် သာပိုမည် ဖြစ်သည်။

ဒုတိယအယသ်တော်တွင် ညွှန်ကြားထားသည်မှာ ဒုန္နယာလောက၏ ဒုက္ခနှင့် သုခဆိုသည်မှာ ရက်အနည်းငယ်မျှသာ ခံစားရမည်ဖြစ်သည်။ အမှန်စင်စစ် တမလွန်နှင့် ပတ်သက်၍သာ သောကထားရမည်။ ထိုတမလွန်တွင် အမြဲတစေ နေထိုင်ရမည်ဖြစ်သကဲ့သို့ ယင်း၏ ဒုက္ခနှင့် သုခမှာလည်း အမြဲတစေ တည်ရှိမည့် အရာဖြစ်သည်။ ၎င်းနောက် မိန့်တော်မူသည်မှာ တမလွန်အတွက် မှန်ကန်မှု ရှိစေရန်မှာ 'သက္ကဝါ' တရားအပေါ် မူတည်သည်။ ယင်း၏ အဓိပ္ပာယ်မှာ ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်များအားလုံးကို တိတိကျကျ လိုက်နာရန်ဖြစ်သည်။

ဤအာယသ်တော်တွင် လွန်လေပြီးသော တမန်တော်များနှင့် ၎င်းတို့၏ အွမ္မသ်များ၏ အခြေအနေများကို တင်ပြကာ မျက်မှောက်ခေတ်ရှိ လူများကို သတိပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ရှေ့အာယသ်တော်တွင် ၎င်းတို့၏ သံသယတစ်ခုကို ရှင်းလင်းတင်ပြထားသည်။ ယင်းမှာ မြောက်မြားစွာသော သူတို့သည် တမန်တော်မြတ် ﷺ ထံမှ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်များနှင့် ပတ်သက်ပြီး ခြိမ်းခြောက်မှုကို ကြားနေခဲ့ရသည်မှာ ကာလကြာရှည်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း မည်သည့်ပြစ်ဒဏ်မျှ ရောက်ရှိလာသည်ကို မတွေ့မြင်ကြရပေ။ ထို့ကြောင့် ၎င်းတို့သည် တစ်စတစ်စ ပို၍ ရဲတင်းလာကြသည်။ အကြောင်းမှာ 'အဇားဗ်'အပြစ်ဒဏ်တစ်ခုခု ကျရောက်ရန်ရှိခဲ့လျှင် ယခုအချိန်အထိ ကျရောက်ပြီး ဖြစ်လိမ့်မည်။ ထို့ကြောင့် မိန့်တော်မူသည်မှာ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မဟာကရုဏာတော်ဖြင့် ၎င်းနောက် ပြီးပြည့်စုံသော ဉာဏ်အမြော်အမြင်တော်ဖြင့် အပြစ်ရှိသော မျိုးနွယ်စုများကို တစ်ခါတစ်ရံ အခွင့်အရေးပေးလေ့ ရှိသည်။ ၎င်းနောက် ဤသို့ အခွင့်အရေးပေးခြင်းသည်လည်း တစ်ခါတစ်ရံ ကာလကြာရှည်တတ်သည်။ ဤသို့ဖြင့် ဆိုးသွမ်းသူတို့သည် ပို၍ ရဲတင်းလာကြသည်။ ဤသို့ဖြင့် နဗီတမန်တော်များသည် တဒင်္ဂ စိတ်သောက ခံစားကြရသည်။

حَتّٰىٓ اِذَا اسْتَايْـَٔسَ الرُّسُلُ وَظَنُّوْٓا اَنَّهُمْ قَدْ كُذِبُوْا جَآءَهُمْ نَصْرُنَا فَنُجِّيَ مَنْ نَّشَآءُ وَلَا يُرَدُّ بَأْسُنَا عَنِ الْقَوْمِ الْمُجْرِمِيْنَ

ဆိုလိုသည်မှာ လွန်လေပြီးသော အွမ္မသ်များမှ ဖီဆန်သူများကို ကြီးမားသော အခွင့်အရေးများပေးခဲ့သည်။ ကာလကြာရှည်သည့်အထိ ၎င်းတို့အပေါ် 'အဇားဗ်'အပြစ်ဒဏ် မကျရောက်ခဲ့ခြင်းကြောင့် တမန်တော်များပင် ဤသို့ စဉ်းစားကာ မျှော်လင့်ချက်ကင်းမဲ့ကြကုန်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကန့်သတ်ချက်မရှိ ကတိပြုထားသော 'အဇားဗ်'အပြစ်ဒဏ် ကျရောက်စေမည့် အချိန်ကို မိမိတို့၏ အထင်အမြင်ဖြင့် သတ်မှတ်ခဲ့ကြသည်။ ထိုသတ်မှတ်ခဲ့သည့် အချိန်တွင် ကာဖိရ်များအပေါ်သို့ ပြစ်ဒဏ်မကျရောက်ခဲ့ပေ။ အမှန်တရား၏ လွှမ်းမိုးမှုသည်လည်း မပေါ်လွင်ခဲ့ပေ။ ၎င်းနောက် ထိုတမန်တော်တို့သည် အတိအကျ ထင်မှတ်လိုက်ကြသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော် ကျရောက်လာမည့် အချိန်ကို မိမိတို့၏ အထင်ဖြင့် သတ်မှတ်ရာတွင် ကျွန်ုပ်တို့သည် အထင်မှားခဲ့ကြသည်။ အကြောင်း

မှာ အလ္လာဟ်အသျှင်မြတ်သည် အချိန်ကို တိတိကျကျ သတ်မှတ်တင်ပြခဲ့သည်မဟုတ်။ ကျွန်ုပ်တို့သည် သီးခြားလက္ခဏာများဖြင့်သာ အချိန်ကာလတစ်ခုကို သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့၏ ဤသို့ မျှော်လင့်ချက်ကင်းမဲ့နေသည့် အခြေအနေတွင်ပင် ငါအသျှင်မြတ်၏ အကူအညီ ဆိုက်ရောက်ခဲ့သည်။ ယင်းမှာ ကတိတော်နှင့်အညီ ကာဖိရ်များအပေါ်သို့ ‘အဇားဗ်’ပြစ်ဒဏ် ကျရောက်ခဲ့သည်။ တစ်ဖန် ထို ‘အဇားဗ်’ အပြစ်ဒဏ်မှ ငါအသျှင်မြတ်အလိုတော်ရှိသူကို ကယ်တင်တော်မူခဲ့သည်။ ဆိုလိုသည်မှာ နဗီတမန်တော်များကို လက်ခံခဲ့သူ၊ အီမာန်ရှင်များကို ကယ်တင်တော်မူခဲ့သည်။ ၎င်းနောက် ကာဖိရ်တို့သည် သေကြေပျက်စီးကုန်ကြသည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်၏ ‘အဇားဗ်’ အပြစ်ဒဏ်သည် အပြစ်ရှိသူများထံမှ ရှောင်ဖယ်သွားလေ့ မရှိပေ။ သို့သာမက မုချဧကန် ဆိုက်ရောက်လာလေ့ ရှိသည်။ ထို့ကြောင့် မက္ကာဟ်မြို့နေ ကာဖိရ်များသည် ‘အဇားဗ်’ပြစ်ဒဏ် နှောင့်နှေးမှုကြောင့် မတွေဝေသင့်ပေ။

ဤအာယသ်တော်တွင် كُذِبُوا ဟူသော စာသားသည် ကျော်ကြားသော ‘ကေရာအသ်’အရ တင်ပြထားခြင်း ဖြစ်သည်။ ၎င်းနောက် ယင်းစားသားနှင့် ပတ်သက်ပြီး ကျွန်ုပ် ရွေးချယ်တင်ပြသော သဖ်စီရ်ဖွင့်ဆိုချက်မှာ ခိုင်မာမှုအရှိဆုံးနှင့် အမှန်ကန်ဆုံး ဖွင့်ဆိုချက်တစ်ရပ်ဖြစ်သည်။ كُذِبُوا ဟူသော စာသား၏ အလိုသဘောမှာ မိမိ၏ ခန့်မှန်းချက်နှင့် အတွေးအခေါ် မှားယွင်းခြင်းဖြစ်သည်။ ယင်းသည် ‘အိဂျ်သေဟာဒီးဂလ်သွီ’ စမ်းစစ်မှု မှားယွင်းခြင်းတစ်ခု ဖြစ်သည်။ ၎င်းနောက် နဗီတမန်တော်များမှာ ဤသို့ မှားယွင်းမှုလည်း ဖြစ်ပေါ်နိုင်သည်။ သို့သော် နဗီတမန်တော်များနှင့် ‘မုဂ်ျသဟီးဒ်’ ပညာရှင်များ၏ မှားယွင်းမှုတွင် ကွာခြားမှုရှိသည့် အချက်မှာ နဗီတမန်တော်တို့သည် ဤကဲ့သို့သော မှားယွင်းမှုမျိုးကို မှားယွင်းမိပါက အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို ဤမှားယွင်းမှုတွင် ဆက်လက်မတည်ရှိနေစေရန် အမှန်တရားကို ဖော်ထုတ် အသိပေးလေ့ ရှိသည်။ သို့သော် ‘မုဂ်ျသဟီးဒ်’ ပညာရှင်များတွင် ဤသို့ အခွင့်အရေးမျိုး မရရှိပေ။ တမန်တော်မြတ် ﷺ ၏ ‘ဟုဒိုင်ဗီယာ’ စာချုပ်ချုပ်ဆိုသော အကြောင်းအရာတွင် ဤခမ္မသတ်နှင့် ပတ်သက်ပြီး အထောက်အထားများ အလုံအလောက် ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်ကုရ်အာန်တွင် တင်ပြထားသည်မှာ ထိုအကြောင်းအရာ၏ အဓိကဇစ်မြစ်ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ မြင်မက်ခဲ့သော အိပ်မက်ကြောင့် ဖြစ်သည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများနှင့်တကွ ‘ဗိုင်သွလ္လာဟ်’တွင် ‘သွဝါးဖ်’ပြုနေသည်ကို အိပ်မက်မက်ခဲ့သည်။ ၎င်းနောက် နဗီတမန်တော်များ၏ အိပ်မက်သည်လည်း ‘ဝဟီ’အမိန့်တွင် အကျုံးဝင်သောကြောင့် ထိုအကြောင်းအရာသည် မုချဧကန် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ခိုင်မာစွာ ပြောဆိုနိုင်သည်။ သို့သော် အိပ်မက်တွင် ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး အချိန်ကာလကို သတ်မှတ်တင်ပြထားခြင်း မရှိပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် မိမိ၏ ထင်မြင်ယူဆချက်ဖြင့် ထိုနှစ်တွင်ပင် ဖြစ်ပေါ်လိမ့်မည်ဟု ခန့်မှန်းခဲ့လေသည်။ ထို့ကြောင့် ဆွဟာဗာကြီးများအား ကြေညာတော်မူပြီး ၎င်းတို့၏ များပြားသော အရေအတွက်ကို ခေါ်ဆောင်လျက် ‘အွမ်ရာဟ်’ ပြုရန် မက္ကာဟ်မြို့တော်သို့ ထွက်ခွာသွားခဲ့သည်။ သို့သော် မက္ကာဟ်မြို့နေ ကိုရိုက်ရှ်အနွယ်ဝင်တို့က အဟန့်အတားပြုခဲ့သောကြောင့် ထိုအခါက ‘သွဝါးဖ်’နှင့် ‘အွမ်ရာဟ်’ပြုရန် အခွင့်အရေး မရရှိခဲ့ပေ။ (၂)

နှစ်တာကာလ ကုန်လွန်ခဲ့ပြီးမှ ဟီဂျ်ရီ (၇) နှစ်တွင် မက္ကာဟ်မြို့ကို အောင်နိုင်သည့် သဏ္ဌာန်ဖြင့် ပြည့်ပြည့်ဝဝ ပေါ်လွင်လာခဲ့လေသည်။ ၎င်းနောက် ထိုအကြောင်းအရာကြောင့် သိရှိရသည်မှာ တမန်တော်မြတ် ﷺ မြင်မက်ခဲ့သော အိပ်မက်သည် မှန်ကန်တိကျပေသည်။ သို့သော် ထိုအကြောင်းအရာ ဆိုက်ရောက်လာမည့် အချိန်ကို နိမိတ်လက္ခဏာများဖြင့် ခန့်မှန်းသတ်မှတ်ခဲ့ရာတွင် တမန်တော်မြတ် ﷺ သည် မှားယွင်းမှု ရှိခဲ့လေသည်။ သို့သော် ထိုမှားယွင်းမှုကို ထိုအချိန်၌ပင် အသိပေး ပပျောက်စေခဲ့သည်။

ထိုနည်းတူစွာ အထက်ပါအာယသ်တော်တွင် قَدْ كُذِبُوْا ၏ အလိုသဘောမှာလည်း ကာဖိရ်များအပေါ်သို့ 'အဇားဗ်'ပြစ်ဒဏ် ကျရောက်ရာတွင် ကြန့်ကြာမှု ရှိခဲ့သည်။ နဗီတမန်တော်တို့က မိမိ၏ အတွေးဖြင့် ခန့်မှန်းသတ်မှတ်ခဲ့သော အချိန်ကာလတွင် 'အဇားဗ်'ပြစ်ဒဏ် မကျရောက်ခဲ့ပေ။ ထို့ကြောင့် တမန်တော်တို့သည် ဤသို့ ယူဆခဲ့ကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့ ခန့်မှန်းသတ်မှတ်ခဲ့သော အချိန်သည် မှားယွင်းခဲ့လေသည်။ ဤဖွင့်ဆိုချက်သည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ؓ သခင်ထံမှ ဆင့်ပြန်ထားခြင်းဖြစ်သည်။ ၎င်းနောက် အလ္လာမာဟ်သွီဗီ (ရဟ) သခင် ဤဆင့်ပြန်ချက်သည် မှန်ကန်မှု ရှိသည်ဟု ဆိုသည်။ ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဆင့်ပြန်ထားသောကြောင့် ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

၎င်းနောက် အချို့သော 'ကေရာအသ်' တွင် 'ဇာလ်'ကို 'သဒ္ဒိဒ်'နှင့်တကွ ဖတ်ရွတ်ကာ قَدْ كُذِّبُوْا ဟူ၍ တင်ပြထားပေသည်။ ယင်းသည် تَكْذِيب ဟူသော နာမဝိသေသနမှ ဖြစ်ပေါ်လာသော ကြိယာ ဖြစ်သည်။ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ နဗီတမန်တော်တို့သည် ခန့်မှန်းတွေးခေါ်မှုဖြင့် 'အဇားဗ်'အပြစ်ဒဏ် ကျရောက်လာမည့် အချိန်ကို သတ်မှတ်ခဲ့ကြသည်။ သတ်မှတ်ထားသော အချိန်တွင် ပြစ်ဒဏ်မကျရောက်ခဲ့ခြင်းကြောင့် စိုးရိမ်ခဲ့ကြသည်မှာ ယခုအခါ အီမာန်ရှင်များသည်လည်း ကျွန်ုပ်တို့ကို ငြင်းဆန်ပေတော့မည်။ ကျွန်ုပ်တို့ ပြောဆိုခဲ့သမျှသည် ပြည့်ပြည့်ဝဝ မဖြစ်ပေါ်ခဲ့ဟု ဆိုကြမည်။ ဤသို့သော အခြေအနေတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကတိတော်ကို ပြည့်ပြည့်ဝဝ ပေါ်လွင်စေခဲ့သည်။ ငြင်းဆန်သူများအပေါ် 'အဇားဗ်'ကျရောက်ခဲ့ပြီး အီမာန်ရှင်များသည် လွတ်မြောက်ခဲ့ပေသည်။ ဤသို့ဖြင့် ထိုနဗီတမန်တော်တို့၏ လွှမ်းမိုးမှုသည် ထင်ရှားပေါ်လွင်ခဲ့ပေသည်။

لَقَدْ كَانَ فِيْ قَصَصِهِمْ عِبْرَةٌ لِّاُولِى الْاَلْبَابِ

ဆိုလိုသည်မှာ ထိုပုဂ္ဂိုလ်တို့၏ အကြောင်းအရာများဟွင် အသိဉာဏ်ရှိသူများအတွက် ကြီးမားသော သံဝေဂတရားများ ရှိသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ပါရှိသော နဗီတမန်တော်ကြီးများ၏ အကြောင်းအရာများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် ဤစူရာဟ်တွင် ပါရှိသော တမန်တော်ယူစွဖ် عليه السلام ၏ အကြောင်းအရာကို သီးခြားဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာတွင် ထင်ထင်ရှားရှား သိရှိရသည့် အချက်တစ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံခဲ့သော ဗန္ဒာဟ်များအား မည်သို့မည်ပုံ အကူအညီများ ရရှိခဲ့သည်။ ဥပမာ- ရေတွင်းမှ ထုတ်ယူကာ ဘုရင့်ပလ္လင်ပေါ်သို့ ပို့ဆောင်ခဲ့

ခြင်း၊ ၄င်းနောက် အမည်ပျက်စာရင်းမှ ဖယ်ရှား၍ ဆုံးခန်းတိုင်အောင် ကျော်ကြားသူတစ်ဦးအဖြစ်သို့ ပို့ဆောင်ခဲ့ခြင်း၊ ၄င်းနောက် လှည့်စားဖြားယောင်းသူတို့အား သေးသိမ်မှုနှင့် ရင်ဆိုင်းစေခဲ့ခြင်းတို့ကို သိရှိနိုင်ပေသည်။

مَاكَانَ حَدِيْثًا يُّفْتَرٰى وَلٰكِنْ تَصْدِيْقَ الَّذِىْ بَيْنَ يَدَيْهِ

ဆိုလိုသည်မှာ အထက်ပါအကြောင်းအရာများသည် လုပ်ကြံဖန်တီးထားသော အကြောင်းအရာများ မဟုတ်ပေ။ သို့သာမက လွန်လေပြီးသော ကျမ်းဂန်များကို မှန်ကန်ကြောင်း ထောက်ခံမှုတစ်ရပ်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'သောင်ရားသ်' ကျမ်းနှင့် 'အန်ဂျီးလ်' ကျမ်းတွင်လည်း တမန်တော်ယူစွဖ် عليه السلام ၏ အကြောင်းအရာကို တင်ပြထားပေသည်။ ၄င်းနောက် ဝဟာဗ်ဗင်န်မုနဗ်ဗဟ်သခင်ကြီးက ပြောကြားခဲ့သည်မှာ ကျရောက်လေသမျှသော ကောင်းကင်ကျကျမ်းကြီးများနှင့် ဆွဟီဖာဟ်များတွင် တမန်တော်ယူစွဖ် عليه السلام ၏ အကြောင်းအရာများ မတင်ပြခဲ့ဟူ၍ အလျဉ်းမရှိခဲ့ပေ။ *[မဇ္ဇဟရီကျမ်း]*

وَتَفْصِيْلَ كُلِّ شَىْءٍ وَّهُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ

ဆိုလိုသည်မှာ ဤကျမ်းမြတ်ကုရ်အာန်သည် အရာခပ်သိမ်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည့် ကျမ်းဖြစ်သည်။ အလိုသဘောမှာ လူသားအတွက် အရေးကြီးသော သာသနာရေးရာဟူသမျှနှင့် ပတ်သက်သည့် ရှင်းလင်းချက်များသည် ကျမ်းမြတ်ကုရ်အာန်တွင် ပါရှိပေသည်။ ခဝပ်ကိုးကွယ်မှုများ၊ အပေးအယူများ၊ အကျင့်သီလများ၊ လူမှုရေးရာများ၊ အုပ်ချုပ်မှုများ၊ နိုင်ငံရေးရာများ စသည့် ဘဝသက်တမ်း၏ တစ်ဦးပုဂ္ဂလသော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း အခြေအနေအရပ်ရပ်နှင့် သက်ဆိုင်သည့် ပညတ်ချက်များနှင့် လမ်းညွှန်မှုများသည် ဤကျမ်းတော်မြတ်တွင် ပါရှိပေသည်။ ၄င်းနောက် မိန့်တော်မူသည်မှာ ဤကျမ်းမြတ်ကုရ်အာန်သည် အီမာန်ရှင်များအတွက် လမ်းမှန်ပြမည့် ကျမ်းနှင့် ကရုဏာတော်တစ်ရပ် ဖြစ်သည်။ ဤနေရာတွင် အီမာန်ရှင်များအတွက်ဟူ၍ သီးခြားမိန့်ဆိုထားခြင်းမှာ အီမာန်ရှင်များသာလျှင်၊ ယင်းမှ အကျိုးအမြတ်ခံစားရယူနိုင်ခြင်းကြောင့် ဖြစ်သည်။ အမှန်စင်စစ် ကာဖိရ်များအတွက်လည်း ဤကျမ်းတော်မြတ်သည် 'ရဟ်မသ်' ကရုဏာတော်နှင့် လမ်းပြကျမ်းသည် ၄င်းတို့အတွက် ဘေးဘလာ ဖြစ်ရှိသွားခြင်း ဖြစ်သည်။

ရှိုက်ခ်အဗူမန်စူးရ်သခင်က မိန့်ဆိုသည်မှာ စူရာဟ်ယူစွဖ်တစ်ပုဒ်လုံးနှင့် ယင်းတွင် ပါရှိသော ယူစွဖ် عليه السلام ၏ အကြောင်းအရာများဖြင့် တမန်တော်မြတ် ﷺ အား နှစ်သိမ့်ထားခြင်းဖြစ်သည်။ အကြောင်းမှာ အသင်တမန်တော်၏ မျိုးနွယ်စုဘက်မှ ဘေးဒုက္ခအမျိုးမျိုး ရရှိခံစားခဲ့ရသကဲ့သို့ လွန်လေပြီးသော နဗီတမန်တော်များသည်လည်း ဘေးဒုက္ခများ ခံခဲ့ရသည်။ သို့သော် နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တမန်တော်များကိုသာ လွှမ်းမိုးစေခဲ့လေသည်။ အသင်တမန်တော်၏ ဖြစ်ရပ်သည်လည်း ဤသို့ပင် ဖြစ်လာမည်ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ် ရအ်ဒ်

မိုးချုန်းသံ ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓمّٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ ؕ وَالَّذِيْٓ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ الْحَقُّ
وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ①

၁၃ : ၁ ။ ။ အလစ်ဖ်၊ လာ....မ်၊ မီး....မ် ရာ။ ဤသည်တို့သည် (မြင့်မြတ်လှစွာသော ကုရ်အာန်) ကျမ်းဂန်၏ အာယသ်တော်များပင် (ဖြစ်၏။) စင်စစ်မှာမူ အသင့်ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ကျရောက်လာသည့် တရားတော်များသည် (လုံး၀) အမှန်ပင် ဖြစ်ချေသည်။ သို့ရာတွင် လူသားတို့အနက် မြောက်မြားလှစွာသော သူတို့မှာမူ သက်ဝင်ယုံကြည်ကြသည်မဟုတ်ပေ။

اَللّٰهُ الَّذِيْ رَفَعَ السَّمٰوٰتِ بِغَيْرِ
عَمَدٍ تَرَوْنَهَا ثُمَّ اسْتَوٰى عَلَى الْعَرْشِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ؕ
كُلٌّ يَّجْرِيْ لِاَجَلٍ مُّسَمًّى ؕ يُدَبِّرُ الْاَمْرَ يُفَصِّلُ الْاٰيٰتِ لَعَلَّكُمْ
بِلِقَآءِ رَبِّكُمْ تُوْقِنُوْنَ ②

၁၃ : ၂ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်များကို အသင်တို့ တွေ့မြင်ကြရသည့်အတိုင်း၊ တိုင်များမပါဘဲ မြင့်စွင့်တည်စေတော်မူခဲ့သော အသျှင် ဖြစ်တော်မူ၏။ (တစ်နည်း) အသင်တို့ မမြင်နိုင်ကြသော တိုင်များဖြင့် မြင့်စွင့်တည်စေတော်မူခဲ့သော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထို့နောက် ၎ါအသျှင်မြတ်သည် (အရ်ရှ်) ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူလေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် 'နေ' နှင့် 'လ'ကို အမိန့် နာခံစေတော်မူလေသည်။ (ယင်းနေနှင့် လသည်) သတ်မှတ်ထားသော အချိန်ကာလတွင် အသီးသီး

သွားလာလျက်ပင် ရှိကြကုန်၏။ ထိုအသျှင်မြတ်သည် အရေးကိစ္စအဝဝကို စီမံခန့်ခွဲတော်မူ၏။ ထို့ပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံခြင်းကို ယုံကြည်ကြရန်အလို့ငှာ (မိမိ၏) သက်သေလက္ခဏာတော်များကို အသေးစိတ် ရှင်းလင်း မိန့်ကြားတော်မူပေသည်။

وَهُوَ الَّذِي مَدَّ الْأَرْضَ وَجَعَلَ فِيهَا
رَوَاسِيَ وَأَنْهَارًا ۖ وَمِنْ كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ ۖ
يُغْشِي اللَّيْلَ النَّهَارَ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِقَوْمٍ يَتَفَكَّرُونَ ﴿٣﴾

၁၃ : ၃ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် ပထဝီမြေကို ဖြန့်ခင်းတော်မူခဲ့သော အသျှင် ဖြစ်တော်မူပေသည်။ ထို့ပြင် ယင်းအသျှင်မြတ်သည်ပင် ထိုပထဝီမြေ၌ တောင်များကိုလည်းကောင်း၊ မြစ်ချောင်းများကိုလည်းကောင်း ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်းပထဝီမြေ၌ သစ်သီးဝလံ အသီးသီးကို နှစ်မျိုးစီ ဖန်ဆင်းတော်မူခဲ့၏။ ထိုအသျှင်မြတ်သည် ညဥ့်ဖြင့် နေ့ကို ဖုံးအုပ်တော်မူခဲ့၏။ ကေန်မလွဲ ဤသည်တို့၌ စဉ်းစားဆင်ခြင် သုံးသပ်ကြသောသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိချေသည်။

وَفِي الْأَرْضِ قِطَعٌ مُتَجَاوِرَاتٌ وَجَنَّاتٌ مِنْ أَعْنَابٍ وَزَرْعٌ وَنَخِيلٌ
صِنْوَانٌ وَغَيْرُ صِنْوَانٍ يُسْقَىٰ بِمَاءٍ وَاحِدٍ وَنُفَضِّلُ بَعْضَهَا
عَلَىٰ بَعْضٍ فِي الْأُكُلِ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِقَوْمٍ يَعْقِلُونَ ﴿٤﴾

၁၃ : ၄ ။ ။ ထို့ပြင် ပထဝီမြေ၌ နီးကပ်စွာရှိသော မြေကွက်များသည်လည်းကောင်း၊ စပျစ်ခြံများသည်လည်းကောင်း၊ လယ်ယာများသည်လည်းကောင်း၊ အမြစ်တစ်ခုတည်းမှ တစ်ပင်မက ပေါက်ရောက်သော စွန်ပလွံပင်များသည်လည်းကောင်း၊ အမြစ်တစ်ခုမှ တစ်ပင်စီ ပေါက်ရောက်သော စွန်ပလွံပင်များသည်လည်းကောင်း ရှိကြသည်။ ယင်းအားလုံးတို့မှာ တစ်မျိုးတည်းသော ရေသွန်းလောင်းခြင်းကို ခံကြရ၏။ သို့ရာတွင် ငါအသျှင်မြတ်သည် ယင်းအသီးများတွင် ၎င်းတို့အနက် အချို့ကို အချို့ထက် (အရသာ) ထူးကဲစေတော်မူ၏။ ကေန်အမှန် ဤသည်တို့၌ နားလည်ကြသူတို့အဖို့ သက်သေလက္ခဏာများသည် အမှန်ပင် ရှိနေပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ယင်း၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူသည်။ ဤ (အသင်တမန်တော်ကြားနေရသော အရာများသည်) ကြီးမားသော ကျမ်းဂန်၏ အာယသ်တော်များ ဖြစ်သည်။ (ဆိုလိုသည်မှာ

ကုရ်အာန်ဖြစ်သည်။) ၎င်းနောက် အသင်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်တော်မှ အသင့်အပေါ်သို့ ချပေးခဲ့သော အရာများသည် လုံးဝ မှန်ကန်လေသည်။ ၎င်းနောက် (အားလုံး အီမာန်သက်ဝင်ယုံကြည်သင့်သာ အရာများဖြစ်သည်။) သို့သော် မြောက်မြားစွာသောသူတို့သည် သင်ဝင်ယုံကြည်ခြင်း မရှိကြချေ။ (အာယသ်တော်များ၏ ဆက်စပ်မှုမှာ အထက်တွင် ကုရ်အာန်၏ စစ်မှန်ခြင်း အကြောင်းအရာများကို တင်ပြထားပြီး ရှေ့တွင် ဆက်လက်၍ 'သောင်ဟီးဒ်'တရားနှင့် ပတ်သက်သော အကြောင်းအရာများအား တင်ပြမည်ဖြစ်သည်။ ယင်းသည် ကျမ်းတော်မြတ်ကုရ်အာန်၏ အကြီးမားဆုံး ရည်ရွယ်ချက်တစ်ခု ဖြစ်သည်။)

အလ္လာဟ်အသျှင်မြတ်သည် ဤသို့ (တတ်စွမ်းနိုင်သော အသျှင်) ဖြစ်တော်မူသည်။ အကြောင်းမှာ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များကို တိုင်မပါဘဲ မြင့်မားသော နေရာတွင် ဖန်ဆင်းတည်ရှိစေသည်။ အသင်တို့သည် ထို (မိုးကောင်းကင်များ) ကို (ဤသို့ပင်) တွေ့မြင်လျက်ရှိကြသည်။ တစ်ဖန် 'အရရှ်' ပလ္လင်ပေါ်တွင် (ယင်းပလ္လင်သည် ဘုရင့်ပလ္လင်နှင့် ဆင်တူသည်။ ဤသို့) တည်ရှိလျက် (၎င်းနောက် စံမြန်းတော်မူလျက် ရှိသည်။ ၎င်းနောက် စံမြန်းတော်မူလျက် ရှိသည်။ အသျှင်မြတ်၏ စံမြန်းထိုက်သည့် ပုံသဏ္ဍာန်နှင့်အညီ ရှိနေတော်မူသည်။ ၎င်းနောက် နေမင်းနှင့် လမင်းကို စေခိုင်းတော်မူထားသည်။ (ယင်းတို့အနက်မှ) အသီးသီးကို (မိမိတို့၏ သတ်မှတ်ချက်အတိုင်း) သတ်မှတ်ထားသည့် အချိန်နှင့်အညီ လှည့်ပတ်သွားလာလျက် ရှိကြသည်။ (ဤသို့ဖြင့် နေမင်းသည် မိမိသွားလာရာလမ်းကြောင်းကို တစ်နှစ်ပတ်လည်တွင် ဖြတ်သန်းလေသည်။ ၎င်းနောက် လမင်းသည် မိမိ၏ လမ်းကြောင်းကို တစ်လတည်းတွင် ဖြတ်သန်းလေသည်။) ထို (အလ္လာဟ်အသျှင်မြတ်) သာလျှင် (လောကတွင် ဖြစ်ပေါ်လျက်ရှိသော) အကြောင်းအရာအားလုံးကို စီမံနေတော်မူခြင်း ဖြစ်သည်။ (၎င်းနောက် ဖြစ်ပျက်သော အကြောင်းအရာများနှင့် ရှရီအသ်၏အကြောင်းအရာ) အထောက်အထားများကို ရှင်းလင်းပြတ်သားစွာ တင်ပြတော်မူသည်။ သို့မှသာ အသင်တို့သည် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံ သွားရောက်ရန် (ဆိုလိုသည်မှာ 'ကေယာမသ်' နေ့အား) ယုံကြည်ကြမည် ဖြစ်သည်။ (ထို 'ကေယာမသ်'သည် ဖြစ်နိုင်ဖွယ်ရှိခြင်းကို ဤသို့ ယုံကြည်ကြမည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ဤမျှ ကြီးမားထည်ဝါသော အရာဝတ္ထုများကို ဖန်ဆင်းနိုင်စွမ်း ရှိသည်ဆိုလျှင် သေဆုံးပြီးသူများကို ပြန်လည်ရှင်ထစေရန် အဘယ်ကြောင့် မစွမ်းမည်နည်း။ ၎င်းနောက် ထို 'ကေယာမသ်' ဖြစ်ပေါ်လာမည့် အကြောင်းကိုလည်း ဤသို့ ယုံကြည်ကြမည်ဖြစ်သည်။ အကြောင်းမှာ မှန်မှန်ကန်ကန် သတင်းပေးသူသည် ဖြစ်နိုင်ဖွယ်ရာ အကြောင်းကိစ္စတစ်ခု ဖြစ်ပေါ်လာမည်ကို သတင်းပေးထားသည်။ မည်သို့ပင်ဆိုစေ ထိုသတင်းသည် မှန်ကန်တိကျမည် ဖြစ်သည်။)

၎င်းနောက် ထိုအသျှင်မြတ်သည် မြေပထဝီကို ဖြန့်ခင်းထားသည်။ ၎င်းနောက် ထို (မြေပဝထီ) တွင် တောင်များနှင့် မြစ်ချောင်းများကို ဖန်ဆင်းတော်မူထားသည်။ ၎င်းနောက် ထို (မြေပထဝီ) တွင် အမျိုးမျိုးအဖုံဖုံသော သစ်သီးဝလံများအား အစုံလိုက် နှစ်မျိုးနှစ်စားစီ ဖန်ဆင်းထားသည်။ (ဥပမာ- ချဉ်

သော၊ ချိုသော သို့မဟုတ် သေးသော၊ ကြီးသော အချို့မှာ အရောင်တစ်မျိုး၊ အချို့မှာ အခြားအရောင်တစ်မျိုး စသည်ဖြင့်) ညဥ့်၏ (၏ အမှောင်ထု) ဖြင့် နေ့ (၏ အလင်းရောင်) ကို ဖုံးကွယ်စေသည်။ (ဆိုလိုသည်မှာ ညဥ့်၏ အမှောင်ထုဖြင့် နေ့၏ အလင်းရောင်ကို ကွယ်ပျောက်စေတော်မူသည်။) ထို (တင်ပြပါ) အကြောင်းအရာများတွင် တွေးခေါ်သူများအား (နားလည်သဘောပေါက်ရန်) အတွက် (သောင်ဟီးဒ်တရား၏) အထောက်အထားများ (တည်ရှိ) နေသည်။ (ဤအကြောင်းအရာများကို ဒုတိယပါရာ စတုတ္ထရူကူအ်အစတွင် တင်ပြပြီးဖြစ်သည်။)

ၾငင်းနောက် (ဤကဲ့သို့ပင် 'သောင်ဟီးဒ်'တရား၏ အခြားအထောက်အထားများလည်း ရှိနေသည်) မြေပထဝီတွင် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြသော အသွင်မတူသည့် မြေကွက်များ ရှိသည်။ (တစ်နေရာနှင့် တစ်နေရာ ဆက်နေပါလျက် အာနိသင်မတူကြခြင်းမှာ အံ့သြဖွယ်ရာအချက်တစ်ချက် ဖြစ်သည်။) ၎င်းနောက် စပျစ်ခြံများလည်း ရှိသည်။ ၎င်းနောက် (အမျိုးမျိုးအဖုံဖုံသော) လယ်ယာများလည်း ရှိပေသည်။ ၎င်းနောက် စွန်ပလွံ (ပင်များလည်း) ရှိလေသည်။ ယင်းတို့အနက် အချို့သည် ပင်စည်တစ်ခုမှ အထက်သို့ ပင်စည်နှစ်ခု ခွဲထွက်လျက်ရှိကြသည်။ ၎င်းနောက် အချို့မှာမူ ပင်စည်နှစ်ခု မရှိကြချေ။ (အမြစ်မှတိုင်အဖျားအထိ ပင်စည်တစ်ခုတည်း တစ်ပြေးညီရှိကြသည်။ ၎င်းနောက်) အမျိုးအစားအားလုံးကို ရေတစ်မျိုးတည်းသာလျှင် တိုက်ကျွေးရမည်။ ၎င်းနောက် (ဤသို့ ရေတစ်မျိုးတည်းသာ တိုက်ကျွေးပါလျက် ကျွန်ုပ်တို့သည် အချို့အမျိုးအစားများကို အချို့ထက် သာပို၍ ကောင်းမွန်သည်ဟု သတ်မှတ်ကြသည်။ ထို (တင်ပြပါ) အကြောင်းအရာများတွင် (လည်း) နားလည်သဘောပေါက်သူများ (နားလည်ရန်) အတွက် ('သောင်ဟီးဒ်'တရား၏) အထောက်အထားများ (တည်ရှိနေ) လေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤစူရာဟ်သည် မက္ကီစူရာဟ်ဖြစ်သည်။ ၎င်းနောက် ယင်းတွင် အာယသ်တော်ပေါင်း (၄၃) အာယသ်ရှိလေသည်။ ဤစူရာဟ်တွင်လည်း ကျမ်းတော်မြတ်ကုရ်အာန်သည် မှန်ကန်သည့် ကျမ်းဖြစ်ကြောင်းနှင့် 'သောင်ဟီးဒ်'တရားနှင့် 'ရိစာလသ်'တရားတို့၏ အကြောင်းများ၊ ၎င်းနောက် သံသယများ၏ အဖြေများကို တင်ပြထားပေသည်။

الٓمّٓرٰ ဤစာသားများသည် 'ဟူရူဖွေမုကသ်ွသွအားသ်'ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင် မြတ်သာလျှင် သိရှိတော်မူသည်။ အွမ္မသ်သားများအား ယင်း၏ အဓိပ္ပာယ်ကို တင်ပြခဲ့ခြင်းမရှိပေ။ သာမန် အွမ္မသ်သားများသည် ယင်းကို လေ့လာစူးစမ်းခြင်း မပြုသင့်ပေ။

တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များသည်လည်း ကျမ်းမြတ်ကုရ်အာန်ကဲ့သို့ပင် 'ဝဟီ'ဗျာဒိတ်တော် ဖြစ်ခြင်းအကြောင်း

ပထအာယသ်တော်တွင် ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်ခြင်း နှင့် မှန်ကန်မှုရှိခြင်းအကြောင်း တင်ပြထားပေသည်။ كِتَابُ ဟူသည့် အလိုသဘောမှာ ကုရ်အာန်ကျမ်း မြတ် ဖြစ်သည်။ ၎င်းနောက်

وَالَّذِىٓ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ

ဤစာသားများ၏ အလိုသဘောမှာလည်း ကျမ်းမြတ်ကုရ်အာန်ကိုပင် ဆိုလိုခြင်း ဖြစ်နိုင်သည်။ သို့သော် စကားဆက်အနေနှင့် သုံးသော و ပါရှိခြင်းကြောင့် အပေါ်ယံအားဖြင့် အဓိပ္ပာယ်မှာ ဤသို့ ဖြစ်နိုင်သည်။ အကြောင်းမှာ كِتَابُ နှင့် اَلَّذِىٓ اُنْزِلَ اِلَيْكَ ဟူသော စာပိုဒ်နှစ်ပိုဒ်သည် သီးခြားစီ အဓိပ္ပာယ်ဖော်ဆောင်လျက် ရှိသည်။ ဤသို့ ဆိုလျှင် كتاب ၏ အလိုသဘောမှာ ကုရ်အာန်ဖြစ်ပြီး

اَلَّذِىٓ اُنْزِلَ اِلَيْكَ

၏ အလိုသဘောမှာ 'ဝဟီ'ဗျာဒိတ်တော်ဖြစ်မည်။ ယင်းဝဟီတော်များသည် ကျမ်းမြတ်ကုရ်အာန် အပြင် တမန်တော်မြတ် ﷺ အပေါ်သို့ ကျရောက်ခဲ့သော ဗျာဒိတ်တော်များ ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် အငြင်းပွားဖွယ်ရာမရှိသည့် အချက်တစ်ချက်မှာ တမန်တော်မြတ် ﷺ အပေါ်သို့ ကျရောက်ခဲ့သော 'ဝဟီ'ဗျာဒိတ်တော်များသည် ကုရ်အာန်ချည်းသက်သက် မဟုတ်ခဲ့ပေ။ ကျမ်းတော်မြတ်ကုရ်အာန်တွင် လာရှိသည်မှာ-

وَمَا يَنْطِقُ عَنِ الْهَوٰى اِنْ هُوَ اِلَّا وَحْىٌ يُّوْحٰى

ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ ပြောဆိုခဲ့သော စကားတိုင်းသည် မိမိသဘောဆန္ဒနှင့် ပြောဆို ခဲ့ခြင်း မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးသနားတော်မူသော 'ဝဟီ'ဗျာဒိတ်တော်များ သာလျှင် ဖြစ်သည်။ ဤအာယသ်တော်အရ သိရှိရသည်မှာ တမန်တော်မြတ် ﷺ သည် ကုရ်အာန်အာယသ် တော်များအပြင် မိန့်မြွက်တော်မူခဲ့သော ပညတ်ချက်များသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကျရောက် လာသော ပညတ်ချက်များပင် ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်ကိုမူ 'သေလာဝသ်'ရွတ်ဖတ်ရပြီး အခြားဝဟီတော်များကိုမူ ရွတ်ဖတ်ခြင်းမရှိသည်မျှသာ ခြားနားပေသည်။ ထိုခြားနားမှု၏ အကြောင်းအရင်း မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ စာသားများနှင့် အဓိပ္ပာယ်များသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော် မှ ကျရောက်လာခြင်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်အပြင် ဟဒီးစ်တော်များတွင် တမန်တော်မြတ် ﷺ အမိန့်ပညတ်ချက် ချမှတ်ခဲ့ရာ၌ ယင်း၏ အဓိပ္ပာယ်များသည် အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော် မှ ကျရောက်ခဲ့ခြင်း ဖြစ်သော်လည်း စာသားများမှာမူ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ မဟုတ်ပေ။ ထို့ကြောင့်ပင် 'ဆွလားသ်'ဝတ်ပြုရာတွင် ထိုဟဒီးစ်တော်များကို မရွတ်ဖတ်ရခြင်းဖြစ်သည်။

အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ ဤကျမ်းမြတ်ကုရ်အာန်နှင့် တမန်တော်မြတ် ﷺ အပေါ်သို့ ကျရောက်ခဲ့သော အမိန့်ပညတ်ချက်များသည် အားလုံး မှန်ကန်ပေသည်။ ယင်းတွင် မည်သို့မျှ ဒွိဟသံသယဖြစ်ဖွယ်ရာ မရှိပေ။ သို့သော် မြောက်မြားစွာသော သူတို့သည် စဉ်းစားတွေးခေါ်ခြင်း မရှိသောကြောင့် ယင်းအပေါ် သက်ဝင်ယုံကြည်ခြင်းမရှိကြပေ။

ဒုတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ် တည်ရှိခြင်းနှင့် ထိုအသျှင်မြတ်တစ်ပါးတည်း တည်ရှိတော်မူခြင်း၊ အထောက်အထားများကို တင်ပြထားပေသည်။ အကြောင်းမှာ ထိုအသျှင်မြတ်၏ ဖန်ဆင်းခံများနှင့် ဖန်ဆင်းမှုများကို အနည်းငယ် အာရုံစိုက်၍ ကြည့်ရှုမည်ဆိုလျှင် ထိုအရာများကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ်နှင့် ဖန်ဆင်းခံများ အားလုံးနှင့် စကြဝဠာအားလုံးတို့သည် ထိုအသျှင်မြတ်၏ ထိန်းချုပ်မှုတွင် ရှိကြောင်း ယုံကြည်ရမည် ဖြစ်သည်။ မိန့်တော်မူထားသည်မှာ-

اَللهُ الَّذِىْ رَفَعَ السَّمٰوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا

ဆိုလိုသည်မှာ ထိုအလ္လာဟ်အသျှင်မြတ်သည် ဤမျှ ကြီးမားကျယ်ပြန့်ပြီး မြင့်မားစွာ တည်ရှိသော မိုးကောင်းကင်များကို မည်သည့်တိုင်မျှ မရှိဘဲ မြင့်မားစွာ တည်ရှိစေတော်မူသည်။ အသင်တို့သည် ထိုမိုးကောင်းကင်များကို ဤကဲ့သို့သော အခြေအနေမျိုးတွင်ပင် တွေ့မြင်လျက်ရှိကြသည်။

မိုးကောင်းကင်၏ ထုထည်ကို မြင်တွေ့နိုင်ပါသလော၊

အများအားဖြင့် ပြောဆိုကြသည်မှာ ကျွန်ုပ်တို့ မြင်တွေ့နေရသော မိုးပြာရောင်သည် မိုးကောင်းကင်၏ အရောင်ဖြစ်ပေသည်။ သို့သော် အတွေးအခေါ်ပညာရှင်များက ပြောဆိုကြသည်မှာ ဤအရောင်သည် အလင်းနှင့် အမှောင် ပေါင်းစပ်မှုကြောင့် တွေ့မြင်ခံစားရခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအောက်တွင် ကြယ်တာရာများ၏ အလင်းရောင်နှင့် ထိုကြယ်တာရာများအပေါ်တွင် အမှောင်ထုရှိသည်။ ထို့ကြောင့် အပြင်ဘက်မှ ကြည့်လျှင် အပြာရောင်ဟု ထင်မှတ်ရခြင်းဖြစ်သည်။ ဥပမာ- နက်ရှိုင်းလှစွာသော ရေတွင် အလင်းရောင် ကျရောက်ခဲ့ပါက အပြာရောင်သာ မြင်တွေ့ရသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အချို့ အာယသ်တော်များတွင် မိုးကောင်းကင်ကို ကြည့်ရှုသည့်အကြောင်း တင်ပြထားသည်။ ဥပမာ- ဤအာယသ်တော်တွင်လည်း **تَرَوْنَهَا** ဟူသော စာသားများဖြင့် မိန့်ဆိုထားသည်။ ၎င်းနောက် အချို့သော အာယသ်တော်များတွင်

اِلَى السَّمَاءِ كَيْفَ رُفِعَتْ

ဟူသော စာသားဖြင့် သုံးနှုန်းထားပေသည်။ ဦးစွာပထမ ပြောကြားလိုသည်မှာ ဖလော်ဆော်ဖီ ပညာရှင်များ၏ စမ်းစစ်မှုများသည် ဤအာယသ်တော်များနှင့် ဆန့်ကျင်နေသည် မဟုတ်။ အဘယ်ကြောင့်

ဆိုသော် မိုးကောင်းကင်၏ အရောင်အဆင်းသည် အပြာရောင်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ သို့မဟုတ် အခြားအရောင်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ သို့သော် ထိုကြားတွင် ဖြစ်ပေါ်လျက်ရှိသော အလင်းနှင့် အမှောင်၏ ထိတွေ့မှုကြောင့် မိုးပြာရောင်အဖြစ် တွေ့မြင်ရခြင်းမှာလည်း ဖြစ်နိုင်ဖွယ်ရှိသည်။ ဤလေဟာနယ်၏ အရောင်တွင် မိုးကောင်းကင်၏ အရောင်လည်း ပါဝင်နေသည်ဟု ဆိုလျှင်လည်း မည်သို့မျှ ငြင်းဆိုနိုင်သည့် အထောက်အထားရှိမည်မဟုတ်ပေ။ ၎င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်တွင် မိုးကောင်းကင်ကို တွေ့မြင်ကြသည်ဟု တင်ပြထားခြင်းမှာ ခိုင်းနှိုင်းမှုတစ်ခုအဖြစ် တင်ပြထားခြင်းလည်း ဖြစ်နိုင်သည်။ အဘယ်သို့ဆိုသော် မိုးကောင်းကင်ကြီး တည်ရှိခြင်းနှင့်ပတ်သက်၍ ဤသို့ ခိုင်မာတိကျသော အထောက်အထားများ တည်ရှိနေခြင်းကြောင့် ပမာဆိုရသော် မိုးကောင်းကင်ကြီးကို မျက်ဝါးထင်ထင် တွေ့မြင်နေရသကဲ့သို့ပင် ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ *[ရှုဟွလ်မအာနီကျမ်း]*

ထို့နောက် ဆက်လက်၍ မိန့်တော်မူသည်မှာ-

ثُمَّ اسْتَوٰى عَلَى الْعَرْشِ

ဆိုလိုသည်မှာ ဘုရင့်ပလ္လင်နှင့် ဆင်တူသော အရ်ရှ်တော်ပေးတွင် အသျှင်မြတ်သည် မိမိ၏ စံမြန်းထိုက်တော်မူသော ဂုဏ်အင်လက္ခဏာနှင့်အညီ စံမြန်းလျက် ရှိတော်မူသည်။ ထိုစံမြန်းနေတော်မူသည့် ပုံသဏ္ဌာန်ကို မည်သူမျှ သဘောမပေါက်နိုင်ပေ။ သို့သော် ဤသို့ ယုံကြည်ချက်ထားရန်မှာ လိုအပ်ပေသည်။ အကြောင်းမှာ ထိုအသျှင်မြတ်သည် မိမိ၏ ဂုဏ်တော်နှင့်အညီ စံမြန်းတော်မူလျက်ရှိသည်။

وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَّجْرِىْ لِاَجَلٍ مُّسَمًّى

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် နေမင်းနှင့် လမင်းကို ထိန်းချုပ်ထားပြီး အမိန့်တော်ကို နာခံသူအဖြစ် ပြုထားတော်မူသည်။ ယင်းတို့သည် အသီးသီး သတ်မှတ်ထားသော စံနှုန်းနှင့်အညီ လည်ပတ်လျက် ရှိသည်။

ထိန်းချုပ်ထားသည်ဟူသည့် အလိုသဘောမှာ ယင်းတို့ကို စေခိုင်းထားတော်မူသည့်အတိုင်း တိတိကျကျ လုပ်ဆောင်လျက်ရှိသည်။ ထောင်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီးဖြစ်သော်လည်း ယင်းတို့၏ လှည့်ပတ်နှုန်းတွင် ပိုလျော့ဟူ၍ မရှိခဲ့ပေ။ မောပန်းသွားသည်လည်း မရှိပေ။ မည်သည့်အခါမျှ သတ်မှတ်စေခိုင်းထားသည်နှင့် ဆန့်ကျင်ဆောင်ရွက်ခဲ့သည်လည်း မရှိပေ။ ၎င်းနောက် သတ်မှတ်ထားသည့် အချိန်ကာလဘက်သို့ ရွေ့လျားလျက်ရှိသည်ဟူသည့် အဓိပ္ပာယ်မှာ ဒွန္နယာလောကကြီးတစ်ခုလုံး၏ နောက်ဆုံးအချိန်အဖြစ် သတ်မှတ်ထားသော 'ကေယာမသ်'နေ့ထိတိုင် ရွေ့လျားနေခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။ ထိုနောက်ဆုံးစခန်းသို့ ရောက်ရှိပြီး ယင်းတို့၏ ရွေ့လျားသွားလာနေသည့် စီမံကိန်းကြီးမှာလည်း ကုန်ဆုံးသွားမည်ဖြစ်သည်။

၎င်းနောက် အခြားအဓိပ္ပာယ်တစ်ခုလည်း ဖြစ်နိုင်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဂြိုဟ်များကို သီးခြားလှည့်ပတ်နှုန်းနှင့် သီးခြားနယ်နိမိတ်တစ်ခုစီ သတ်မှတ်ပေးထားသည်။ ယင်းတို့သည် အမြဲ

တစေ မိမိတို့၏ နယ်နိမိတ်အတွင်း သတ်မှတ်ထားသော လည်ပတ်နှုန်းနှင့်အညီ လည်ပတ်ရွေ့လျားနေကြခြင်း ဖြစ်သည်။ လသည် မိမိ၏ နယ်နိမိတ်ကို တစ်နှစ်အတွင်း လည်ပတ်ရွေ့လျားသည်။ ၎င်းနောက် နေမင်းသည် တစ်နှစ်တာကာလတွင် လည်ပတ်မှု ပြီးမြောက်သည်။

ထိုဂြိုဟ်ကြီးများ၏ ကြီးမားထည်ဝါစွာ တည်ရှိနေမှုသည် တစ်ဖန် သီးခြားနယ်နိမိတ်များတွင် သီးခြားလည်ပတ်နှုန်းများနှင့် နှစ်ထောင်သောင်းများစွာကပင် ပုံမှန်လည်ပတ်ရွေ့လျားနေကြခြင်း၊ ၎င်းနောက် မည်သည့်အခါမျှ ချွတ်ချော်မှု၊ ကျိုးပဲ့ပျက်စီးမှု မဖြစ်ပေါ်ခဲ့ပေ။ ၎င်းနောက် မည်သည့်လောင်စာဆီ၊ စက်ဆီများမှ မလိုအပ်ခြင်း၊ ၎င်းနောက် အတိုင်းထက်အလွန် တိုးတက်နေသော သိပ္ပံပညာရပ်များဖြင့် လူသားတို့ တီထွင်ထားသော အရာများကို ထိုသဘာဝ ယန္တရားကြီးများ၏ ထောင်ပုံပုံ တစ်ပုံခန့်မျှပင် ပမာပေးနိုင်းနှိုင်း၍မရခြင်း စသည်တို့သည် 'ကွဒ်ရသ်'တော်၏ စီမံကိန်းကြီးတစ်ရပ်အဖြစ် ကျယ်လောင်စွာ ကြွေးကြော်နေသည်မှာ ယင်းတို့ကို ဖန်ဆင်းပြီး စေခိုင်းနေတော်မူသော အသျှင်တစ်ပါး မုချဧကန် တည်ရှိနေပေသည်။ အကြင်အသျှင်မြတ်ကို လူသားတို့၏ ဉာဏ်စွမ်းဖြင့် စဉ်းစားတွေးခေါ်၍ မရနိုင်ပေ။

အရာဝတ္ထုတိုင်းနှင့် ပတ်သက်ပြီး တွေးခေါ်ကြံဆမှုသည် အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ စီမံမှုပင် ဖြစ်သည်၊ လူသားတို့၏ တွေးခေါ်ကြံဆမှုသည် အမည်ခံမျှသာ ဖြစ်သည်၊

يُدَ بِّرُ الْاَمْرَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သာလျှင် ကိစ္စတိုင်းကို စီမံတော်မူခြင်း ဖြစ်သည်။ လူသားတို့သည် မိမိတို့၏ တွေးခေါ်ကြံဆမှုများအပေါ် ဂုဏ်ယူလျက် ရှိကြသည်။ အနည်းငယ်မျှ အာရုံစိုက်ကြည့်လျှင် နားလည်သွားမည်မှာ ၎င်းတို့၏ တွေးခေါ်ကြံဆမှုသည် မည်သည့်အရာကို မဖန်တီးနိုင်ပေ။ မပြုလုပ်နိုင်ကြပေ။ ၎င်းတို့၏ တွေးခေါ်ကြံဆမှုများအားလုံး၏ ရလဒ်မှာ ဤသည်ထက် မပိုပေ။ အကြောင်းမှာ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားတော်မူသည့် အရာများကို မှန်ကန်တိကျစွာ အသုံးချခြင်းသာလျှင် ဖြစ်သည်ဟု မှတ်ယူရမည်။ စကြဝဠာအတွင်းရှိ အရာခပ်သိမ်းကို အသုံးချသည့် စီမံမှုများသည်လည်း လူသား၏ စွမ်းဆောင်မှု ဘောင်အပြင်တွင်သာ ရှိသည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် မိမိတို့၏ လုပ်ငန်းဆောင်တာတို့တွင် အခြားထောင်ပေါင်းများစွာသော လူသားများနှင့် တိရစ္ဆာန်များ၊ ၎င်းနောက် အခြားသော အဖန်ဆင်းခံများကို တောင့်တနေရသည်။ ယင်းတို့ကို မိမိတို့၏ တွေးခေါ်ကြံဆမှုဖြင့် မိမိတို့၏ လုပ်ငန်းဆောင်တာများတွင် အသုံးချနိုင်ခြင်း မရှိပေ။ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်သာလျှင် အရာဝတ္ထုတိုင်း၏ တည်မြဲမှုကို အခြားအရာများနှင့် ဤသို့ ဆက်နွယ်ထားပေသည်။ အကြောင်းမှာ အရာတိုင်းသည် တစ်ခုနှင့်တစ်ခု ဆွဲဆောင်မှုကို ခံစားကြရသည်။ ဥပမာ- အသင်သည် အိမ်ဆောက်ရန် လိုအပ်လာပါက ပုံစံဆွဲသော အင်ဂျင်နီယာပညာရှင်မှစ၍ ဆေးသုတ်မည့်

သူများအထိ မြောက်မြားစွာသော လူသားတို့သည် မိမိတို့၏ အသက်ခန္ဓာနှင့် အတတ်ပညာကို ယူဆောင်ကာ အသင့်ဆီသို့ အလုပ်အကျွေးပြုရန် ရောက်ရှိလာကြမည်ကို တွေ့မြင်ကြရလိမ့်မည်။ မြောက်မြားစွာသော ဆိုင်များတွင် ရောင်းချလျက်ရှိသော ဆောက်လုပ်ရေး ပစ္စည်းများကိုလည်း အသင့်ရယူရမည် ဖြစ်သည်။ ယခု မေးမြန်းလိုသည်မှာ အသင်၏ ဥစ္စာပစ္စည်းနှင့် တွေးခေါ်ကြံဆမှု အစွမ်းအစဖြင့် ထိုဥစ္စာပစ္စည်းများကို အသင့်ရရှိအောင် ပြုလုပ်ခဲ့လေသလော။ ၎င်းနောက် ထိုမြောက်မြားစွာသော သူတို့ကို မိမိအား အလုပ်အကျွေးပြုရန် အသင်၏ အစွမ်းအစဖြင့် ရောက်ရှိစေခဲ့လေသလော။ အသင့်အား မဆိုထားနှင့် အာဏာကြီးမားသော အစိုးရများပင်လျှင် ဥပဒေအာဏာကို သုံးကာ ဤကဲ့သို့သော စီမံမှုများကို စွမ်းဆောင်နိုင်မည်မဟုတ်ပေ။ မုချဧကန် ဤစီမံမှုများနှင့် စကြဝဠာတစ်ခုလုံး၏ ယန္တရားကြီးကို ရပ်တည်နေစေသော သူမှာ ထိုအသျှင်မြတ်၏ ရှင်သန်နေတော်မူသော၊ ၎င်းနောက် အမြဲတစေ ထိန်းသိမ်းစောင့်ရှောက်နေတော်မူသော အသျှင်မြတ်သာလျှင် ဖြစ်လေသည်။ လူသားသည် အကယ်၍ ယင်းကို မိမိ၏ တွေးခေါ်ကြံဆမှုဟု သတ်မှတ်လျှင် ၎င်း၏ ပညာမဲ့မှုမှအပ အခြားမရှိနိုင်ပေ။

يُفَصِّلُ الْاٰيٰتِ

ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် မိမိ၏ အာယသ်တော်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြနေတော်မူသည်။ ယင်း၏ အလိုသဘောမှာ ကုရ်အာန်အာယသ်တော်များအား ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ ယင်းအာယသ်တော်များကို အလ္လာဟ်အသျှင်မြတ်သည် ရှင်းလင်းပြတ်သားစွာ ချပေးတော်မူခဲ့သည်။ တမန်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့် ယင်းအာယသ်တော်များကို ထပ်မံ၍ အကျယ်ဖွင့်ဆိုလေသည်။

၎င်းနောက် အာယသ်တော်များဟု ဆိုရာတွင် 'ကွဒ်ရသ်'တန်ခိုးတော်၏ လက္ခဏာများလည်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ မိုးနှင့်မြေရှိ ၎င်းနောက် လူသားတို့၏ ကိုယ်တွင် ရှိသော အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်၏ နိမိတ်လက္ခဏာများဖြစ်သည်။ ယင်းတို့အား ရှင်းလင်းပြတ်သားစွာ အချိန်တိုင်း၊ နေရာတိုင်းတွင် လူသားတို့သည် တွေ့မြင်နေရာရသည်။

لَعَلَّكُمْ بِلِقَاۤءِ رَبِّكُمْ تُوْقِنُوْنَ

ဆိုလိုသည်မှာ ဤစကြဝဠာကြီးနှင့် ယင်း၏ အံ့သြဖွယ်ရာကောင်းသော စီမံမှုများ၊ တွေးခေါ်ကြံဆမှုများကို အလ္လာဟ်အသျှင်မြတ်အနေနှင့် ဆောက်တည်ထားတော်မူသည့် အကြောင်းအရင်းမှာ အသင်တို့သည် ထိုအရာများနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်ကာ နောင်တမလွန်နှင့် 'ကေယာမသ်'နေ့ကို သက်ဝင်ယုံကြည်ကြရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအံ့သြဖွယ်ရာကောင်းသော စီမံမှုများနှင့် စကြဝဠာကြီးတစ်ခုလုံးကို ဖန်ဆင်းထားခြင်းအား လေ့လာကြည့်ရှုပြီးနောက် နောင်တမလွန်တွင် အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အား ပြန်လည်ရှင်ထစေရန် တတ်စွမ်းနိုင်မည်မဟုတ်ဟု သံသယဖြစ်ဖွယ်ရာ အကြောင်းရှိတော့မည်မဟုတ်ပေ။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ တတ်စွမ်းနိုင်မှုနှင့် ဖြစ်နိုင်ဖွယ်ရှိသည်ကို သိရှိ

ရပြီးနောက် ဤသို့ ထွက်မြတ်သော သူတစ်ဦးက ထိုအကြောင်းအရာများကို သတင်းပေးနေပေသည်။ အကြင်ထွက်မြတ်သူ၏ နှုတ်လျှာပေါ်တွင် သက်တမ်းတစ်လျှောက်လုံး မည်သည့်အခါကမျှ မုသားစကား ပြောဆိုခဲ့သည်ဟူ၍ မရှိ။ ထို့ကြောင့် ထို 'ကေယာမသ်' ဆိုက်ရောက် ဖြစ်ပေါ်လာမည့် အကြောင်းနှင့် ပတ်သက်ပြီး မည်သို့ သံသယရှိနိုင်မည်နည်း။

وَهُوَ الَّذِي مَدَّ الْأَرْضَ وَجَعَلَ فِيهَا رَوَاسِيَ وَأَنْهَارًا

ထိုအသျှင်မြတ်သာလျှင် မြေပထဝီကြီးကို ဖြန့်ခင်းထားတော်မူသည်။ ၎င်းနောက် ယင်းတွင် လေးလံလှသော တောင်များနှင့် မြစ်ချောင်းများကို ဖန်ဆင်းထားတော်မူသည်။

မြေပထဝီကို ဖြန့်ခင်းထားခြင်းဆိုသည်မှာ ယင်း၏ လုံးဝန်းနေခြင်းနှင့် မဆန့်ကျင်ပေ။ အဘယ်ကြောင့်ဆိုသော် လုံးဝန်းသော အရာတစ်ခုသည် အလွန်တရာ ကြီးမားခဲ့ပါလျှင် ယင်း၏ အစိတ်အပိုင်းကို သီးခြားစီ ဖြန့်နေသော မျက်နှာပြင်အဖြစ်နှင့်သာ တွေ့မြင်နိုင်မည် ဖြစ်သည်။ ၎င်းနောက် ကျမ်းမြတ်ကုရ်အာန်၏ မိန့်ဆိုမှုသည် လူအများအား မိန့်ဆိုခြင်းဖြစ်သောကြောင့် အများ၏ အမြင်နှင့် ကိုက်ညီသော အသုံးအနှုန်းဖြင့်သာ မိန့်ဆိုလေ့ရှိသည်။ အပေါ်ယံကြည့်ရှုသူတစ်ယောက်အနေဖြင့် ယင်းမြေပထဝီကြီးကို ဖြန့်နေသော မျက်နှာပြင်အဖြစ်နှင့်သာ တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် ယင်းကို ဖြန့်ခင်းထားသည်ဟူသော စကားဖြင့် သုံးနှုန်းထားခြင်းဖြစ်သည်။ တစ်ဖန် ထိုမြေပထဝီကို တူညီမျှတမှုရှိစေရန်နှင့် အခြားသော မြောက်မြားစွာ အကျိုးများ သက်ရောက်နိုင်ရန် ယင်းအပေါ်တွင် မြင့်မားလေးလံသော တောင်များကို တည်ရှိစေတော်မူသည်။ ယင်းတောင်များသည် တစ်နည်းအားဖြင့် မြေပထဝီကို တည်ငြိမ်မျှတမှု ရှိစေသည်။ အခြားတစ်ဖက်တွင် အဖန်ဆင်းခံများအားလုံးကို ရေရရှိစေရန် စီမံပေးလေသည်။ ကြီးမားသော ရေအရင်းအမြစ်များကို ထိုတောင်များ၏ ထိပ်တွင် ခဲနေသော ပင်လယ်ကြီး (ရေခဲတောင်) သဏ္ဌာန်ဖြင့် ထားရှိတော်မူသည်။ ထိုသို့ ထားရှိရန် ကန်လည်း မလိုအပ်သကဲ့သို့သော တိုင်ကီလည်း မလိုအပ်ပေ။ ညစ်ညမ်းမှု ဖြစ်ပေါ်ရန်လည်း အကြောင်းမရှိသကဲ့သို့ ပုပ်သိုးစရာလည်း အကြောင်းမရှိပေ။ တစ်ဖန် ယင်းကို မြေပထဝီအောက်သို့ သဘာဝပိုက်လိုင်းဖြင့် လောကတစ်ခွင်သို့ ဖြန့်ကျက်ပို့ဆောင်တော်မူသည်။ ယင်းမှပင် ထိုရေအရင်းအမြစ်ကို အချို့သော နေရာများတွင် မြစ်ချောင်းများအသွင်ဖြင့် ထွက်ပေါ်စေပြီး အချို့နေရာများတွင် မြေပထဝီအောက်တွင် ကိန်းဝပ်စေကာ ရေတွင်းများအကြောင်းခံဖြင့် ထိုသဘာဝ ပိုက်လိုင်း၏ ရေထွက်ပေါက် ဖြစ်ပေါ်စေသည်။ ၎င်းနောက် ရေကို ရရှိစေသည်။

وَمِن كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ

ဆိုလိုသည်မှာ တစ်ဖန် မြေပထဝီမှ အမျိုးမျိုးသော သစ်သီးဝလံများ ထွက်ပေါ်စေသည်။ ၎င်းနောက် သစ်သီးတိုင်းတွင် နှစ်မျိုးနှစ်စားစီ ဖန်ဆင်းထားလေသည်။ အကြီး၊ အသေး၊ အနီ၊ အဖြူ၊ ချဉ်သော၊ ချိုသော ၎င်းနောက် ဤသို့လည်း ဖြစ်နိုင်သည်မှာ زوجين ၏ အဓိပ္ပာယ်သည် နှစ်မျိုးနှစ်စားမဟုတ်ဘဲ

မြောက် မြားစွာသော အမျိုးအစားများဟု ဆိုလိုခြင်းဖြစ်သည်။ ယင်းတို့၏ အရေအတွက်သည် အနည်းဆုံး နှစ်မျိုးနှစ်စား ဖြစ်သည်။ ထို့ကြောင့် **زوجين اثنين** ဟူသော စာသားဖြင့် သုံးနှုန်းထားခြင်း ဖြစ်သည်။ ၎င်းနောက် **زوجين** ဟူသော အဓိပ္ပာယ်မှာ ဖိုနှင့် မဟူ၍လည်း ဖြစ်နိုင်သည်။ ဥပမာ မြောက်မြားစွာသော အပင်များနှင့် ပတ်သက်ပြီး လေ့လာသိရှိရသည်မှာ ယင်းတို့တွင် ဖိုနှင့် မဟူ၍ နှစ်မျိုးရှိလေသည်။ ပမာ ဆိုရသော် စွန်ပလွံပင်နှင့် သဘော်ပင် စသည်တို့ ဖြစ်သည်။ အခြားသော အပင်များတွင်လည်း ဤသို့ပင် ဖြစ်နိုင်ဖွယ် ရှိသည်။ ယခုအချိန်ထိ လေ့လာဆန်းစစ်ချက်များတွင် မပေါ်လွင်သေးသောကြောင့်သာလျှင် ဖြစ်မည်။

يُغْشِى الَّيْلَ النَّهَارَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သာလျှင် နေ့နှင့် ညကို ဖုံးကွယ်စေခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ နေ့၏ အလင်းရောင်နောက်တွင် ညကို ဖြစ်ပေါ်စေသည်။ ဥပမာ- လင်းဝင်းတောက်ပသော အရာတစ်ခုကို အကာအကွယ်တစ်ခုအောက်တွင် ဖုံးကွယ်စေလိုက်ခြင်း ဖြစ်သည်။

اِنَّ فِى ذَالِكَ لَاٰيَاتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ

မှချကေန် စကြဝဠာအားလုံးကို ဖန်ဆင်းထားတော်မူခြင်းနှင့် ယင်းတို့၏ စီမံခန့်ခွဲမှုတွင် စဉ်းစားတွေးခေါ်သူများအတွက် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူသော 'ကွဒ်ရသ်' တန်ခိုးတော်များ၏ မြောက်မြားစွာသော လက္ခဏာများ တည်ရှိနေပေသည်။

وَفِى الْاَرْضِ قِطَعٌ مُّتَجٰوِرَاتٌ وَّجَنّٰتٌ مِّنْ اَعْنَابٍ وَّزَرْعٌ وَّنَخِيْلٌ صِنْوَانٌ
وَّغَيْرُ صِنْوَانٍ يُّسْقٰى بِمَآءٍ وَّاحِدٍ وَنُفَضِّلُ بَعْضَهَا عَلٰى بَعْضٍ فِى الْاُكُلِ

ဆိုလိုသည်မှာ တစ်ဖန် မြေပထဝီပေါ်တွင် မြောက်မြားစွာသော အစိတ်အပိုင်းကို့သည် အချင်းချင်း ဆက်စပ်နေပါလျက် ယင်းတို့၏ ဓါတ်သဘာဝနှင့် ထူးခြားချက်များတွင် ခြားနားမှုများ ရှိကြသည်။ အချို့မြေများသည် ကောင်းမွန်ပြီး အချို့မြေများသည် မြေငံဖြစ်သည်။ အချို့သည် ပျော့ပြီး အချို့က မာသည်။ အချို့သည် လယ်ယာမြေဖြစ်ပြီး အချို့သည် ဥယျာဉ်အတွက် သင့်တော်သည်။ ၎င်းနောက် ထိုမြေကွက်များတွင် ဥယျာဉ်များလည်း ရှိသည်။ ဥပမာ- စပျစ်ခြံများ၊ ၎င်းနောက် လယ်ကွက်များလည်း ရှိသည်။ ၎င်းနောက် စွန်ပလွံပင်များလည်း ရှိသည်။ ထိုအပင်များအနက် အချို့သည် ပင်စည်တစ်ခုမှ အပေါ်သို့ ရောက်ကာ ပင်စည်နှစ်ခု ကွဲသွားလေသည်။ ဥပမာ- အများအားဖြင့် သစ်ပင်တို့သည် ဤသို့ပင် ရှိကြသည်။ ၎င်းနောက် အချို့တွင် ပင်စည်တစ်ခုတည်းသာ ရှိသည်။ ဥပမာ- စွန်ပလွံပင် စသည်တို့ ဖြစ်သည်။

၎င်းနောက် ဤသစ်သီးဝလံတို့သည် အမှန်စင်စစ် ဤမြေပထဝီတစ်ခုထဲမှ ပေါက်ရောက်ခဲ့ကြခြင်း ဖြစ်သည်။ ရေတစ်မျိုးတည်းကိုသာ တိုက်ကျွေးခဲ့ခြင်း ဖြစ်သည်။ ၎င်းနောက် နေအလင်းရောင်နှင့် လအလင်း

ရောင်များ၊ ၎င်းနောက် အမျိုးမျိုးသော လေများ၏ တိုက်ခတ်မှုသည်လည်း အားလုံး တန်းတူ သက်ရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယင်းတို့၏ အရောင်အဆင်းနှင့် အရသာမှာမူ ကွဲပြားခြားနားလျက် ရှိပြီး အကြီးအသေး စသည့် ခြားနားမှုများကို ထင်ရှားစွာ တွေ့ရှိကြရသည်။

မြေပထဝီ၏ အစိတ်အပိုင်းများသည် ဆက်စပ်နေပါလျက် ဤအမျိုးမျိုးအဖုံဖုံသော ကွဲပြားခြားနားမှုများသည် ဤစကားရပ်ကို ခိုင်မာပြတ်သားစွာ သက်သေထူလျက် ရှိနေသည်မှာ ဤစီမံကိန်းများအားလုံးသည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူပြီး စီမံခန့်ခွဲနေသူတစ်ဦး၏ အမိန့်ကို နာခံလျက် ဖြစ်ပေါ်နေခြင်းသာလျှင် ဖြစ်သည်။ မိမိတို့ အလိုအလျောက်သာ ဖြစ်ပေါ်နေခြင်းမဟုတ်။ အချို့ပညာမဲ့များက ဤသို့ပင် ထင်မှတ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် သဘာဝအလျောက် ဖြစ်ပေါ်လာခြင်းဟု ဆိုလျှင် မြေဓါတ် သဘာဝတွင် တူညီမှုရှိပါလျက် ဤသို့ ကွဲပြားခြားနားသော ရလဒ်များ အဘယ်ကြောင့် ဖြစ်လာရသနည်း။ အမှန်စင်စစ် မြေတစ်မျိုးမှ တစ်မျိုးတည်းသော သစ်သီးဝလံသည် တစ်မျိုးတည်းသော ရာသီတွင် ထွက်ရှိလာပြီး အခြားသီးနှံတစ်မျိုးသည် အခြားရာသီတွင် ထွက်ပေါ်လျက်ရှိသည်။ သစ်ပင်တစ်ပင်၏ အကိုင်းတစ်ခုတည်းတွင် အမျိုးမျိုးအဖုံဖုံသော အကြီးအငယ်၊ ၎င်းနောက် အရသာအမျိုးမျိုးရှိသော သစ်သီးဝလံများလည်း ထွက်ပေါ်လေ့ရှိသည်။

إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ

ထိုအရာများတွင် မုချဧကန် အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်များနှင့် ကြီးမားထွတ်မြတ်မှုများ၊ ၎င်းနောက် ထိုအသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိကြောင်း အထောက်အထားပြုမည့် မြောက်မြားစွာသော နိမိတ်လက္ခဏာများ တည်ရှိနေသည်။ ဤအာယသ်တော်တွင် ထိုအရာဝတ္ထုများနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်မှု မရှိသူများအား အသိဉာဏ်ကင်းမဲ့သူများဟူ၍ ရည်ညွှန်းထားခြင်း ဖြစ်သည်။ လောကသားတို့က ၎င်းအား အဘယ်မျှပင် ဉာဏ်ကြီးရှင်ဟု သတ်မှတ်ပါမူ ၎င်းနောက် ပြောဆိုကြပါမူ ထိုသူသည် အသိဉာဏ်ကင်းမဲ့သူသာ ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِن تَعْجَبْ فَعَجَبٌ قَوْلُهُمْ أَءِذَا كُنَّا تُرَٰبًا أَءِنَّا لَفِى خَلْقٍ
جَدِيدٍ ۗ أُو۟لَٰٓئِكَ ٱلَّذِينَ كَفَرُوا۟ بِرَبِّهِمْ ۖ وَأُو۟لَٰٓئِكَ ٱلْأَغْلَٰلُ فِىٓ
أَعْنَاقِهِمْ ۖ وَأُو۟لَٰٓئِكَ أَصْحَٰبُ ٱلنَّارِ ۖ هُمْ فِيهَا خَٰلِدُونَ ﴿٥﴾

၁၃ : ၅ ॥ ॥ စင်စစ် အကယ်၍ အသင်သည် အံ့သြသည်ရှိသော် 'ကျွန်ုပ်တို့သည် (သေပြီးနောက်) ပကတိမြေကြီး ဖြစ်သွားခဲ့ကြသောအခါ အသစ်ပြန်၍ ဖန်ဆင်းခြင်းကို ခံကြရမည်လော'ဟူသော ၎င်းတို့၏ ပြောဆိုချက်သည်ကား (သာ၍ပို၍

ပင်) အံ့သြဖွယ်ရာ ဖြစ်ပေသည်။ ဤသူများပင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား မယုံမကြည် သွေဖည် ငြင်းပယ်ခဲ့ကြသော သူများပင် ဖြစ်ကြ၏။ ၎င်းတို့၏ လည်ပင်းများ၌ လည်ကွင်းများ (စွပ်လျက်) ရှိမည်။ ထို့ပြင် ဤသူတို့သည်ပင်လျှင် ငရဲသားများ ဖြစ်ကြကုန်သည်။ ၎င်းတို့သည် ထိုငရဲမီး၌ အမြဲထာဝစဉ် နေထိုင်ကြရမည့်သူများ ဖြစ်ကြပေသည်။

وَيَسْتَعْجِلُونَكَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ وَقَدْ خَلَتْ مِنْ قَبْلِهِمُ الْمَثُلَاتُ ۗ وَإِنَّ رَبَّكَ لَذُو مَغْفِرَةٍ لِّلنَّاسِ عَلَىٰ ظُلْمِهِمْ ۖ وَإِنَّ رَبَّكَ لَشَدِيدُ الْعِقَابِ ﴿٦﴾

၁၃ : ၆ ။ ။ စင်စစ်မှာ ၎င်းတို့သည် အသင့်ထံ၌ ဘေးရန်ကင်းငြိမ်းခြင်းထက် အလျင်၊ ဘေးအန္တရာယ်ကို အလျင်စလို တောင်းဆိုကြကုန်၏။ အမှန်စင်စစ် အပြစ်ဒဏ်ခတ်မှု (ဖြင့် ကျရောက်လာသော အဖြစ်အပျက်) များသည် ၎င်းတို့အလျင် ရှိခဲ့ပြီး ဖြစ်ပေသည်။ ၎င်းအပြင် ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် လူတို့အပေါ်၌ ၎င်းတို့သည် မတရားကျူးလွန်ကြသူများ ဖြစ်ကြပါလျက် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူပေသည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အသျှင်မြတ်လည်း အမှန်ပင် ဖြစ်တော်မူပေသည်။

وَيَقُولُ الَّذِينَ كَفَرُوا لَوْلَا أُنزِلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ ۗ إِنَّمَا أَنتَ مُنذِرٌ ۖ وَلِكُلِّ قَوْمٍ هَادٍ ﴿٧﴾

၁၃ : ၇ ။ ။ ၎င်းပြင် မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည် ၎င်း (နဗီတမန်တော် မိုဟမ္မဒ်) ၏ အပေါ်၌ '၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ သက်သေလက္ခဏာ တန်ခိုးတော်တစ်စုံတစ်ရာသည် အဘယ်ကြောင့် မကျရောက်ခဲ့ပါသနည်း' ဟူ၍လည်း ပြောဆိုကြသေး၏။ (အမှန်စင်စစ်) အသင်သည် သတိပေးနှိုးဆော်သူ တစ်ဦးမျှသာ ဖြစ်ပေသည်။ ထိုနည်းတူစွာ လူမျိုးတိုင်းအဖို့ တရားလမ်းမှန်ကို ညွှန်ကြားပြသသူတစ်ဦး ရှိချေသည်။

اللَّهُ يَعْلَمُ مَا تَحْمِلُ كُلُّ أُنثَىٰ وَمَا تَغِيضُ الْأَرْحَامُ وَمَا تَزْدَادُ ۖ وَكُلُّ شَيْءٍ عِندَهُ بِمِقْدَارٍ ﴿٨﴾

၁၃ : ၈ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အမိတိုင်း၊ မည်သည့်အရာ ကိုယ်ဝန်ဆောင်လျက် ရှိသည်ကိုလည်းကောင်း၊ သားအိမ်များသည် မည်သည့်အရာကို ချွတ်ယွင်းစေသည်ကိုလည်းကောင်း၊ ထို့ပြင် မည်သည့်အရာကို ပိုမိုစေသည်ကိုလည်း

ကောင်း သိရှိတော်မူ၏။ (တစ်နည်း အလ္လာဟ်အသျှင်မြတ်သည် မိန်းမတစ်ဦးတစ်ယောက်၏ ဝမ်းတွင် လွယ်ထားသည့် (ကလေး) ကိုလည်းကောင်း၊ မိန်းမများ၏ သားအိမ်များတွင် (ကလေးနှင့် စပ်လျဉ်းသည့် ပိုသည်တို့ကိုလည်းကောင်း သိရှိတော်မူ၏။) စင်စစ် အရာခပ်သိမ်းတို့သည် ထိုအသျှင်မြတ်ထံတော်၌ ချင့်ချိန်တိုင်းတာ သတ်မှတ်ပြီးဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းနောက် (အို၊ မိုဟမ္မဒ်) အကယ်၍ အသင့်အား (၄င်းတို့၏ 'ကေယာမသ်' နေ့ကို ငြင်းဆန်မှုသည်) အံ့သြစေခဲ့လျှင် (အမှန်တကယ်ပင်) ၄င်းတို့၏ ဤပြောဆိုမှုသည် အံ့သြထိုက်ပေသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် (သေဆုံးသွားပြီး) မြေကြီးဖြစ်သွားသည့်အခါ တစ်ဖန်ပြန်၍ ကျွန်ုပ်တို့သည် (ကေယာမသ် နေ့တွင်) အစမှ ပြန်၍ ရှင်ပြန်ထရမည်လော။ (အံ့သြထိုက်သည်ဆိုခြင်းမှာ အကြင်အသျှင်မြတ်သည် တင်ပြပါ အရာဝတ္ထုများကို ဖန်ဆင်းရန် အစပထမတွင် တတ်စွမ်းနိုင်သည်ဆိုပါက ယင်းအရာများကို နောက်တစ်ကြိမ် ပြန်လည် ဖန်ဆင်းရန် အဘယ်မှာ အခက်အခဲရှိနိုင်မည်နည်း။ ၄င်းနောက် ဤမျှနှင့်ပင် ၄င်းတို့အတွက် အဖြေမှာ ပြည့်စုံလျက်ရှိနေပေပြီ။ ပြန်လည်ရှင်ထစေခြင်းကို မဖြစ်နိုင်ဟု ဆိုခြင်းနှင့် 'နဗူဝသ်' ကို ငြင်းဆန်ခြင်းသည်လည်း အထက်ပါအကြောင်းအရာအပေါ် မူတည်၍ ငြင်းဆန်ကြခြင်း ဖြစ်သောကြောင့် ထိုငြင်းဆန်မှုအတွက်လည်း ဤအဖြေသည် လုံလောက်နေပေသည်။ ဆက်လက်၍ ၄င်းတို့အား သတိပေးထားသည်မှာ) ထိုသူတို့သည် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကို ငြင်းပယ်သူများ ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် ပြန်လည်ရှင်ထရမည်ကို ငြင်းဆန်ခြင်းသည် ထိုအသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်အား ငြင်းဆန်ရာရောက်သည်။ ၄င်းနောက် 'ကေယာမသ်' နေ့ကို ငြင်းဆန်ခြင်းသည် 'နဗူဝသ်' ကို ငြင်းဆန်ရာရောက်သည်။)

၄င်းနောက် ဤသို့သောသူများ၏ လည်ကုတ်တွင် ('ဂျဟန္နမ်' ၌) သံကွင်းခတ်ခံရမည်။ ၄င်းနောက် ထိုသူတို့သည် ငရဲဘုံသားများ ဖြစ်ကြမည်။ (၄င်းနောက်) ထိုသူတို့သည် 'ဂျဟန္နမ်' တွင် အမြဲတစေ နေကြရမည်။ ၄င်းနောက် ထိုသူတို့သည် ငြိမ်းချမ်းမှု (ကာလ မကုန်ဆုံးမီ) အလျင် အသင် တမန်တော်ထံမှ ဘေးဒုက္ခ (ကျရောက်ရန် လိုလားနေကြသည်။ (အကြောင်းမှာ အကယ်၍ အသင်သည် နဗီဟုဆိုလျှင် 'အဇားဗ်' အပြစ်ဒဏ်ကို တောင်းခံယူဆောင်လာလော။ ထိုစကားကြောင့် သိရှိရသည်မှာ ၄င်းတို့သည် 'အဇားဗ်' အပြစ်ဒဏ် ကျရောက်ခြင်းကို မဖြစ်နိုင်သောအရာဟု ထင်မှတ်နေကြသည်။) အမှန်စင်စစ် ၄င်းတို့ အလျင် (အခြားကာဖိရ်များပေါ်သို့) ပြစ်ဒဏ်များ ကျရောက်ပြီးခဲ့လေပြီ။ (ထို့ကြောင့် ၄င်းတို့အပေါ်သို့ လည်း ပြစ်ဒဏ်ကျရောက်ရန်မှာ မဖြစ်နိုင်ဖွယ်ရာ မရှိ။) ၄င်းနောက် (အလ္လာဟ်အသျှင်မြတ်၏ လွတ်ငြိမ်း ချမ်းသာခွင့်ပေးသော အသျှင်ဖြစ်ခြင်းနှင့် သနားကြင်နာတော်မူသော အသျှင်မြတ်ဖြစ်ခြင်းကို ကြားနာပြီး ထိုသူတို့သည် ယခု ကျွန်ုပ်တို့အပေါ် 'အဇားဗ်' အပြစ်ဒဏ် မကျရောက်နိုင်တော့ပေဟူ၍ မောက်မာ၍ မနေသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင် မြတ်နှင့် သနားကြင်နာတော်မူသော အသျှင်မြတ်မျှသာ ဖြစ်သည်မဟုတ်။ တစ်ဖန် ထိုလွတ်ငြိမ်းချမ်းသာ

ခွင့်နှင့် သနားကြင်နာမှုသည်လည်း အားလုံးအတွက် မဟုတ်ချေ။ သို့သာမက ဤဂုဏ်တော်နှစ်ပါးသည် သူ့နေရာနှင့်သူ ပေါ်လွင်သက်ရောက်မည် ဖြစ်သည်။ ဆိုလိုသည်မှာ) မုချဧကန် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် လူသားတို့၏ အပြစ်များကို ၎င်းတို့၏ အဓိပ္ပာယ်မဲ့သော လုပ်ရပ်များ ပြုလုပ်နေပါလျက် (အတိုင်းအတာတစ်ခုအထိ) ခွင့်လွှတ်တော်မူလေ့ ရှိသည်။ ၎င်းနောက် မုချဧကန် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူသော အသျှင်ဖြစ်သည်။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်တွင် ဂုဏ်တော်နှစ်ပါးစလုံး ရှိတော်မူသည်။ ၎င်းနောက် ဂုဏ်တော်အသီးသီး ပေါ်လွင်သက်ရောက်ရန် သက်မှတ်ချက်များနှင့် အကြောင်းခံများလည်း ရှိသည်။ ၎င်းတို့သည် မည်သည့်အကြောင်းခံမျှ မရှိဘဲ မိမိကိုယ်မိမိ ကရုဏာတော်များနှင့် လွတ်ငြိမ်းချမ်းသာခွင့် ခံထိုက်သူများဟု မည်သို့ သတ်မှတ်လိုက်ကြသနည်း။ သို့သာမက ၎င်းတို့သည် ကုဖွ်ရ်သွေဖည်ငြင်းဆန်မှုကြောင့် အလ္လာဟ်အသျှင်မြတ်၏ ပြင်းထန်သော 'အဇားဗ်'အပြစ်ဒဏ်ကိုသာ ခံထိုက်သူများ ဖြစ်သည်။)

၎င်းနောက် ထိုကာဖိရ်တို့သည် (နဗူဝသ်ကို ငြင်းဆန်သော ရည်ရွယ်ချက်ဖြင့်) ဤသို့ (လည်း) ပြောဆိုကြသည်မှာ ၎င်းတို့အပေါ်သို့ (၎င်းတို့ လိုလားသည့်အတိုင်း) 'မုအ်ဂျိဇာဟ်'များ အဘယ်ကြောင့် မကျရောက်ခဲ့လေသနည်း။ (၎င်းနောက် ဤသို့ စောဒကတက်ခြင်းသည် အသိဉာဏ် ကင်းမဲ့မှုတစ်ခုသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်တမန်တော်သည် 'မုအ်ဂျိဇာဟ်'တော်များကို ပိုင်ဆိုင်သူတစ်ဦး မဟုတ်ပေ။ သို့သာမက) အသင်သည် (ကာဖိရ်များကို အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်မှ) ခြောက်လှန့်သူတစ်ဦးသာလျှင် ဖြစ်ပေသည်။ (ဆိုလိုသည်မှာ နဗီတစ်ပါးသာလျှင်ဖြစ်ပြီး နဗီတစ်ပါးအတွက် သတ်မှတ်ချက်မရှိသော 'မုအ်ဂျိဇာဟ်'တော်တစ်ရပ် လိုအပ်ပေသည်။ ယင်းမှာလည်း ပေါ်လွင်ခဲ့ပြီး ဖြစ်သည်။ သီးခြား 'မုအ်ဂျိဇာဟ်'များ ပြသရန် မလိုအပ်ပေ။) ၎င်းနောက် (အသင်တမန်တော်သည် ထူးခြားသော နဗီတစ်ပါးလည်း မဟုတ်ပေ။ သို့သာမက လွန်လေပြီးသော အွမ္မသ်များတွင်လည်း) အုပ်စုတိုင်းအတွက် လမ်းပြသူတစ်ဦး ပေါ်ပေါက်စမြဲ ဖြစ်သည်။ (ထိုအုပ်စုတိုင်းတွင်လည်း ဤကဲ့သို့ပင် နဗီတစ်ပါးဖြစ်ရန် ကန့်သတ်ချက်မရှိသော အထောက်အထားတစ်ခု ရှိခြင်းသည် လုံလောက်သည်ဟု သတ်မှတ်ခဲ့သည်။ သီးခြားအထောက်အထားများရှိရန် မလိုအပ်ခဲ့ပေ။) အလ္လာဟ်အသျှင်မြတ်သည် အမျိုးသမီးတိုင်း၏ ဝမ်းတွင်း၌ လွယ်ထားသော အရာကိုလည်း သိတော်မူ၏။ ၎င်းနောက် ဝမ်းတွင်းရှိ ထိုအရာ၏ လျော့နည်းသွားမှုနှင့် တိုးပွားလာမှုကိုလည်း သိရှိတော်မူ၏။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အရာခပ်သိမ်းနှင့်ပတ်သက်ပြီး အတိုင်းအတာတစ်ခု သတ်မှတ်ထားတော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

တင်ပြပါအာယသ်တော်များအနက်မှ ပထမ (၃) အာယသ်တွင် ကာဖိရ်များ၏ သံသယများနှင့် ပတ်သက်ပြီး အဖြေများ ပါရှိ၏။ ယင်းသံသယများသည် 'နဗူဝသ်'နှင့် ပတ်သက်ပြီး ၎င်းနောက် ဆက်လက်၍ ငြင်းဆန်သူများအား 'အဇားဗ်'အပြစ်ဒဏ်သင့်မည့်အကြောင်း သတိပေးထားလေသည်။

၎င်းတို့၏ သံသယများသည် (၃) ခုရှိသည်။ တစ်ခုမှာ ၎င်းတို့သည် သေဆုံးပြီးနောက် ပြန်လည်ရှင်ထခြင်းနှင့် 'ဟာရှရ်'၏ စာရင်းအင်းစစ်ဆေးမှုကို မဖြစ်နိုင်ဖွယ်ရာနှင့် အသိဉာဏ်နှင့် ဆန့်ကျင်သောအရာဟူ၍ ထင်မှတ်ခဲ့ကြသည်။ ထိုစကားရပ်အပေါ် အခြေခံပြီး တမလွန်နှင့် ပတ်သက်ပြီး သတင်းပေးသည့် နဗီတမန်တော်များကိုလည်း ငြင်းဆန်ကာ ၎င်းတို့၏ 'နဗူဝသ်' နဗီဖြစ်ခြင်းကိုလည်း ငြင်းဆန်ခဲ့ကြသည်။ ဥပမာ- ကျမ်းတော်မြတ်ကုရ်အာန်တွင် ၎င်းတို့၏ သံသယအကြောင်း ဤအာယသ်တော်၌ တင်ပြထားသည်။

هَلْ نَدُلُّكُمْ عَلٰى رَجُلٍ يُّنَبِّئُكُمْ اِذَا مُزِّقْتُمْ كُلَّ مُمَزَّقٍ اِنَّكُمْ لَفِىْ خَلْقٍ جَدِيْدٍ

ထိုအာယသ်တော်တွင် ကာဖိရ်များသည် နဗီတမန်တော်များကို ပြက်ရယ်ပြုသည့်သဘောဖြင့် ပြောဆိုလေသည်မှာ ကျွန်ုပ်တို့သည် အသင်တို့အား ဤသို့သောသူတစ်ဦးကို ပြသမည်။ ထိုသူသည် အသင်တို့အား ပြောဆိုသည်မှာ အသင်တို့ သေဆုံးကွယ်လွန်ပြီးနောက် တစ်စစီဖြစ်ရှိသွားပြီး ထိုအစအနများသည် မြေကြီးဖြစ်ကာ ထိုမြေမှုန့်များသည်လည်း လောကတစ်ခွင်တွင် ပြန့်နှံ့သွားသောအခါ အသင်တို့သည် တစ်ဖန်ပြန်လည် ရှင်ထကြရမည်ဟု ဆိုသည်။

သေဆုံးပြီးနောက် ပြန်လည်ရှင်သန်ကြရမည့် အထောက်အထား

တင်ပြပါအာယသ်တော်များအနက် ပထမအာယသ်တော်တွင် ၎င်းတို့၏ ထိုသံသယကို ဖြေကြားထားလေသည်။

وَاِنْ تَعْجَبْ فَعَجَبٌ قَوْلُهُمْ ءَاِذَا كُنَّا تُرٰبًا ءَاِنَّا لَفِىْ خَلْقٍ جَدِيْدٍ

ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို တိုင်တည် မိန့်ဆိုထားသည်။ အကယ်၍ အသင်တမန်တော်သည် ထိုစကားရပ်ကို အံ့ဩလေလျှင် အကြောင်းမှာ ကာဖိရ်တို့သည် အသင့်ထံ နဗူဝသ်နှင့်ပတ်သက်ပြီး ပွင့်လင်းထင်ရှားသော 'မုအ်ဂျေဇာဟ်'တော်များနှင့် အလ္လာဟ်အသျှင်မြတ်၏ ရှင်းလင်းပြတ်သားသော အထောက်အထားများကို တွေ့ရှိပါလျက် အသင်၏ 'နဗူဝသ်'ကို ငြင်းဆန်ကြလေသည်။ ၎င်းနောက်ထိုသူတို့ ယုံကြည်လက်ခံကြသည့် အရာမှာလည်း အသက်ကင်းမဲ့သော ကျောက်ခဲများကို ယုံကြည်ကြခြင်းဖြစ်သည်။ ထိုကျောက်တုံးကျောက်ခဲများတွင် ခံစားမှုလည်း မရှိ၊ အသိဉာဏ်လည်း မရှိပေ။ မိမိတို့၏ ကောင်းကျိုး၊ ဆိုးကျိုးနှင့် ပတ်သက်၍ပင် မည်သို့မျှ တတ်စွမ်းနိုင်ကြသည်မဟုတ်။ အခြားသူများအား မည်သို့ အကျိုးပြုနိုင်မည်နည်း။

သို့သော် ထို့ထက်ပို၍ အံ့ဩဖွယ်ရာကောင်းသော ၎င်းတို့၏ စကားတစ်ခွန်းမှာ ကျွန်ုပ်တို့သည် သေဆုံးပြီးနောက် မြေကြီးဖြစ်သွားလျှင်လည်း ကျွန်ုပ်တို့အား တစ်ဖန်ပြန်၍ ဖန်ဆင်းခံရဦးမည်လော။ ဤစကားသည် ဖြစ်နိုင်ပါ၏လောဟု ပြောဆိုကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်သည် ထိုအံ့ဖွယ်ကောင်းသော အကြောင်းအရင်းကို အကျယ်တဝင့် မတင်ပြထားပေ။ အဘယ်ကြောင့်ဆိုသော် လွန်လေပြီးသော

အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကုဒ်ရသ်'တန်ခိုးတော်များ၏ ထူးခြားအံ့ဖွယ်ရာကောင်းသော မြင်ကွင်းများအကြောင်းကို တင်ပြပြီး အတည်ပြုထားသည်မှာ ထိုအသျှင်မြတ်သည် ဤသို့ အကြွင်းမဲ့ တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အဖန်ဆင်းခံများအားလုံးကို နတ္ထိဘဝမှ ဖန်ဆင်းကာ တည်ရှိစေတော်မူခဲ့သည်။ တစ်ဖန် အရာခပ်သိမ်း၏ တည်ရှိခြင်းတွင် မြောက်မြားစွာသော အမြော်အမြင်များ ထားရှိထားသည်ကို လူသားတို့သည် စဉ်းစားတွေးခေါ်ရန် ဉာဏ်မမီနိုင်ကြမည် မဟုတ်ပေ။ ၎င်းနောက် ထင်ရှားသော အချက်မှာ အကြင်အသျှင်မြတ်သည် အရာဝတ္ထုတစ်ခုကို ပထမတစ်ကြိမ် အလျဉ်းမရှိသည့် ဘဝမှ တည်ရှိလာအောင် ဖန်ဆင်းနိုင်သည်ဆိုလျှင် ထိုအရာအား နောက်တစ်ကြိမ် ပြန်လည်ဖန်ဆင်းရန် အဘယ်မှာ အခက်အခဲရှိလိမ့်မည်နည်း။ လူသားတို့သည်လည်း အရာတစ်ခုကို အသစ်ဖန်တီးပြုလုပ်ကြသောအခါ အခက်အခဲများနှင့် ရင်ဆိုင်ရသော်လည်း ထိုအရာကိုပင် နောက်တစ်ကြိမ် ပြုလုပ်ရာတွင် လွယ်ကူမှု ရှိသွားတတ်ပေသည်။

အံ့သြဖွယ်ရာကောင်းသည်မှာ ထိုသူတို့သည် စကြဝဠာအားလုံးကို မြောက်မြားစွာသော ဉာဏ်အမြော်အမြင်နှင့်တကွ ပထမတစ်ကြိမ်တွင် ထိုအသျှင်မြတ်ကပင် ဖန်ဆင်းထားသည်ကို ယုံကြည်လက်ခံကြပြီး တစ်ဖန် ဒုတိယအကြိမ် ဖန်ဆင်းမည်ကို အဘယ်ကြောင့် မဖြစ်နိုင်ဟု ၎င်းနောက် အသိဉာဏ်နှင့် ဆန့်ကျင်သည်ဟု ထင်မှတ်ကြလေသနည်း။

ဖြစ်နိုင်ဖွယ်ရှိသည်မှာ ထိုငြင်းဆန်သူများထံတွင် ကြီးမားသော စောဒကမှာ ဤသို့ ဖြစ်မည်။ အကြောင်းမှာ သေဆုံးပြီးနောက် မြေကြီးဖြစ်သွားပြီး လူသားတို့၏ အစိတ်အပိုင်းများနှင့် အမျှင် အမှုန်များသည် လောကတစ်ခွင် ပြန့်နှံ့သွားကြမည် ဖြစ်သည်။ လေသည်လည်း ထိုအမှုန်များကို တစ်နေရာမှ တစ်နေရာသို့ တိုက်ခတ်ယူဆောင်သွားမည်ဖြစ်သည်။ ၎င်းနောက် အခြားသော အကြောင်းခံများဖြင့်လည်း ထိုအမှုန်များသည် လောကတစ်ခွင်သို့ ပြန့်နှံ့သွားကြမည်။ တစ်ဖန် 'ကေယာမသ်'နေ့တွင် ထိုအမှုန် အမျှင်များအားလုံးကို မည်သို့ စုဆောင်းမည်နည်း။ တစ်ဖန် ယင်းတို့ကို စုဆောင်း၍ နောက်တစ်ကြိမ် မည်သို့ ရှင်သန်စေမည်နည်း။

သို့သော် ထိုသူတို့သည် မစဉ်းစားကြသည်မှာ လက်ရှိအခြေအနေတွင် ၎င်းတို့၏ တည်ရှိနေမှုသည် လောကတစ်ခွင်၏ အမှုန်အမျှင်များကို စုဆောင်း၍ တည်ရှိဖြစ်ပေါ်နေကြခြင်း မဟုတ်ပါသလော။ လောက၏ အရှေ့အရပ်နှင့် အနောက်အရပ်၏ အရာဝတ္ထုများ၊ ၎င်းနောက် လေနှင့် ရေ၊ ၎င်းနောက် လေနှင့် ရေတွင် ပါလာသော အမှုန်မျှင်များသည် လူသားတို့၏ အစားအသောက်များတွင် ပါဝင်ကာ ၎င်းတို့၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ဖြစ်ရှိသွားခြင်းဖြစ်သည်။ ထိုခေါင်းပါးသူ လူသားသည် မိမိ၏ ခံတွင်းသို့ ပို့ဆောင်လိုက်သော အစာတစ်လုပ်တွင် အာဖရိကတိုက်မှ အမှုန်များ မည်မျှ ပါဝင်နေသည်။ အမေရိကတိုက်မှ အမှုန်များ မည်မျှ ပါဝင်နေသည်၊ အရှေ့ဘက်အရပ်ရှိ နိုင်ငံများမှ မည်မျှပါဝင်နေသည်ကို သိရှိလိမ့်မည်ပင် မဟုတ်ပေ။ ထို့ကြောင့် အကြင်အသျှင်မြတ်သည် မိမိ၏ နက်နဲလှသော ဉာဏ်အမြော်အမြင်တော်ဖြင့် ၎င်းနောက် စီမံခန့်ခွဲမှုများ အကြောင်းခံဖြင့် လက်ရှိအခြေအနေတွင် လူတိုင်းလူတိုင်းနှင့် တိရစ္ဆာန်တိုင်း၏

တည်ရှိဖြစ်ပေါ်မှုနှင့် လောကတစ်ခွင် ပြန့်ကျဲနေသော အမှုန်များကို စုဆောင်းကာ တည်ရှိဖြစ်ပေါ်စေသည် ဆိုလျှင် လာမည့်အချိန်ကာလတွင် ဤအရာများကို ပြန်လည်စုဆောင်းရန် ထိုအသျှင်မြတ်အတွက် အဘယ်မှာ အခက်အခဲ ရှိနိုင်မည်နည်း။ လောကတစ်ခွင်တွင် ရှိသမျှ အင်အားများ၊ ဥပမာ- လေနှင့် ရေ၊ ၎င်းနောက် အခြားသော အင်အားများအားလုံးသည် ထိုအသျှင်မြတ်၏ အမိန့်တော်ကို နာခံကြရသည်။ ၎င်းနောက် အသျှင်မြတ်၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။ ထိုအသျှင်မြတ်၏ ညွှန်ကြားချက်ဖြင့် လေသည် မိမိတွင် ရှိသော အရာများ၊ ၎င်းနောက် ရေသည်လည်း မိမိတွင်ရှိသော အရာများ၊ ၎င်းနောက် လေဟာနယ်သည်လည်း မိမိတွင် ရှိသော အမှုန်များကို စုဆောင်းလိုက်မည်ဆိုလျှင် မည်သို့ စောဒကတက်နိုင်ဦးမည်နည်း။

အမှန်စင်စစ် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်နှင့် ၎င်းအား တန်ဖိုးထားရမည်ကို နားမလည်ကြသေးပေ။ ထိုအသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်ကို မိမိတို့၏ စွမ်းရည်များဖြင့် နှိုင်းဆနေကြသည်။ အမှန်စင်စစ် မိုးကောင်းကင်နှင့် မြေပထဝီ၊ ၎င်းနောက် ထိုနှစ်ခုအကြားရှိ အရာခပ်သိမ်းတို့သည် ကိုယ်စီကိုယ်စီ မိမိ၏အဆင့်နှင့် အသိဉာဏ်အာရုံများ ရှိကြသည်။ ၎င်းနောက် အရာခပ်သိမ်းတို့သည် မြင့်မြတ်မှန်ကန်တော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို နာခံလျက်ရှိနေကြသည်။

အချုပ်ဆိုရသော် ထင်ရှားပြတ်သားသော အထောက်အထားများကို တွေ့မြင်ကြပါလျက် ၎င်းတို့၏ 'နဗူဝသ်'ကို ငြင်းဆန်ခြင်းကား အံ့သြဖွယ်ရာ ကောင်းလှပေသည်။ ထို့ထက်ပို၍ အံ့သြဖွယ်ရာကောင်းသည်မှာ 'ကေယာမသ်'နေ့တွင် ပြန်လည်ရှင်ထရမည့်အကြောင်းနှင့် 'ဟရှရ်'နေ့ကို ငြင်းဆန်ခြင်းပင် ဖြစ်လေသည်။

ထို့နောက် ထိုရန်ငြိုးထား ငြင်းဆန်သူများ၏ ပြစ်ဒဏ်နှင့် ပတ်သက်သော အကြောင်းအရာများကို တင်ပြထားပေသည်။ အကြောင်းမှာ ထိုသူတို့သည် အသင်တမန်တော်ကိုသာလျှင် ငြင်းဆန်ကြခြင်းမဟုတ်ဘဲ ဧကန်စင်စစ် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကို ငြင်းဆန်နေကြခြင်း ဖြစ်သည်။ ၎င်းတို့၏ ပြစ်ဒဏ်မှာ ၎င်းတို့၏ လည်ဂုတ်များတွင် သံကွင်းခတ်ရပြီး အမြဲတစေ ငရဲဘုံ၌ နေထိုင်ကြရမည်ဖြစ်သည်။

ငြင်းဆန်သူများ၏ ဒုတိယသံသယမှာ အကယ်၍ အမှန်တကယ် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ နဗီရစူလ်ဖြစ်ပါက နဗီများကို ငြင်းဆန်မှုနှင့် ပတ်သက်ပြီး အသင် ခြိမ်းခြောက်လျက်ရှိသော 'အဇာဗ်'ပြစ်ဒဏ်များသည် အဘယ်ကြောင့် မကျရောက်လာလေသနည်း။ ယင်းသံသယ၏ အဖြေကို ဒုတိယအာယသ်တော်တွင် ဤသို့ တင်ပြထားသည်။

وَيَسْتَعْجِلُوْنَكَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ وَقَدْ خَلَتْ مِنْ قَبْلِهِمُ
الْمَثُلٰتُ وَاِنَّ رَبَّكَ لَذُوْ مَغْفِرَةٍ لِّلنَّاسِ عَلٰى ظُلْمِهِمْ وَاِنَّ رَبَّكَ لَشَدِيْدُ الْعِقَابِ

ဆိုလိုသည်မှာ ထိုသူတို့သည် အမြဲတစေ ငြိမ်းချမ်းစွာ နေထိုင်ရန် သတ်မှတ်ထားသော အချိန်ကာလထက် စော၍ အသင်တမန်တော်ထံမှ ဘေးဗလာများ ကျရောက်လာစေရန် တောင်းဆိုနေကြသည်၊

(အကြောင်းမှာ အကယ်၍ အသင်သည် နဗီဟုဆိုလျှင် ချက်ချင်းပင် 'အဇာဗ်'အပြစ်ဒဏ်ကို ခေါ်ယူပြလော။ ဤစကားကြောင့် သိရှိရသည်မှာ ထိုသူတို့သည် 'အဇာဗ်'ပြစ်ဒဏ် ကျရောက်မည့်အကြောင်းကို အတော်ပင် ခက်ခဲသည်။ သို့မဟုတ် ဖြစ်နိုင်ဖွယ်မရှိဟု ထင်မှတ်နေကြသည်။) အမှန်စင်စစ် ၎င်းတို့၏အလျင် အခြားကာဖိရ်များအပေါ်သို့လည်း 'အဇာဗ်'ပြစ်ဒဏ် ကျရောက်ခဲ့သည့် အကြောင်းအရာများ ဖြစ်ပေါ်ခဲ့ပြီးလေပြီ။ ထိုအကြောင်းအရာများကို လူအတော်များများပင် တွေ့မြင်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့အပေါ်သို့လည်း 'အဇာဗ်'ပြစ်ဒဏ် ကျရောက်ရန်မှာ မခက်ခဲလှပေ။ ဤနေရာတွင် مَثُلَت ဟူသော စာသားသည် مثلة ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ လူသားအား အများရှေ့၌ သေးသိမ်စေခြင်းသည် ၎င်းနောက် အခြားသူများအတွက် သံဝေဂတရားရစရာ အကြောင်းခံ ဖြစ်စေခြင်းဟူ၍ ဖြစ်သည်။

တစ်ဖန် မိန့်တော်မူသည်မှာ မုချဧကန် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် လူသားများ၏ အပြစ် 'ဂိုနာဟ်'များနှင့် ဖည်ဆန်မှုများ ပြုနေပါလျက် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်နှင့် အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူသည်။ ၎င်းနောက် အကြင်သူတို့သည် ထိုလွတ်ငြိမ်းချမ်းသာခွင့်နှင့် သနားကြင်နာမှုကို အကျိုးအမြတ် မရယူ မခံစားဘဲ မိမိတို့၏ ဆိုးသွမ်းပြင်းထန်စွာ 'အဇာဗ်'အပြစ်ဒဏ်ပေးမည့်သူ ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် သနားကြင်နာခြင်းတို့အပေါ် ကျွန်ုပ်တို့အား 'အဇာဗ်' အပြစ်ဒဏ် လုံးဝ မကျရောက်နိုင်ဟု အထင်အမြင် မလွဲမှားကြလေနှင့်။

ထိုကာဖိရ်များ၏ တတိယသံသယမှာ အမှန်စင်စစ် ကျွန်ုပ်တို့သည် တမန်တော်မြတ် ﷺ ၏ မြောက်မြားစွာသော 'မုအ်ဂျေဇာဟ်'များကို တွေ့ရှိခဲ့ပြီးလေပြီ။ သို့သော် ကျွန်ုပ်တို့ အထူးတောင်းဆိုခဲ့သော 'မုအ်ဂျေဇာဟ်'များကို အဘယ်ကြောင့် ထုတ်ဖော်မပြသလေသနည်း။ ထိုသံသယ၏ အဖြေကို တတိယအာယသ်တော်တွင် ဤသို့ တင်ပြထားလေသည်။

يَقُوْلُ الَّذِيْنَ كَفَرُوْا لَوْلَآ اُنْزِلَ عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ؕ اِنَّمَآ اَنْتَ مُنْذِرٌ وَّلِكُلِّ قَوْمٍ هَادٍ

ဆိုလိုသည်မှာ ထိုကာဖိရ်တို့သည် အသင်တမန်တော်၏ 'နဗူဝသ်' စောဒကတက်သည့်အနေနှင့် ပြောဆိုကြသည်မှာ ထိုသူ့အပေါ် အထူးတောင်းဆိုခဲ့သော 'မုအ်ဂျေဇာဟ်'သည် အဘယ်ကြောင့် မကျရောက်ခဲ့လေသနည်း။ ထိုစောဒက၏ အဖြေသည် ရှင်းလင်းနေပေသည်။ အကြောင်းမှာ 'မုအ်ဂျေဇာဟ်'ကို ထုတ်ဖော်ပြသရန်မှာ နဗီတမန်တော်များတွင် အာဏာမရှိပါ။ အမှန်စင်စစ် ထိုအရာသည် အလ္လာဟ်အသျှင်မြတ်၏ တိုက်ရိုက်ဆောင်ရွက်မှုတစ်ခုသာ ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိမိ၏ အမြော်အမြင်တော်ဖြင့် မည်သည့်အချိန်၊ မည်သည့်ပုံသဏ္ဍာန်ဖြင့် 'မုအ်ဂျေဇာဟ်'ကို ထုတ်ဖော်ပြသရန် အလိုရှိပါက ထိုတောင်းဆိုချက်နှင့် ထိုအတိုင်းပင် ထုတ်ဖော်ပြသလေ့ရှိသည်။ ထိုအသျှင်မြတ်သည် တစ်ဦးတစ်ယောက်၏ တောင်းဆိုချက်နှင့် လိုအင်ဆန္ဒတို့ကို မဖြစ်မနေ လိုက်နာနေရသည့် အသျှင်မြတ် မဟုတ်ပေ။ ထို့ကြောင့်ပင် မိန့်တော်မူသည်မှာ-

اِنَّمَا اَنۡتَ مُنۡذِرٌ

ဆိုလိုသည်မှာ အသင်တမန်တော်သည် ကာဖိရ်များကို အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်မှ ခြောက်လှန့်သူတစ်ဦးသာ ဖြစ်သည်။ 'မုအ်ဂျေဇာဟ်'ကို ထုတ်ဖော်ပြသရန်မှာ အသင်တမန်တော်၏ တာဝန်မဟုတ်ပေ။

وَلِكُلِّ قَوۡمٍ هَادٍ

ဆိုလိုသည်မှာ အုပ်စုတိုင်းအတွက် လွန်လေပြီးသော အွမ္မသ်များတွင် လမ်းပြသူတစ်ဦး ရှိခဲ့လေသည်။ အသင်တမန်တော်သည် ထူးခြားသော နဗီတစ်ပါးမဟုတ်ပေ။ နဗီတမန်တော်တိုင်း၏ အဆိုမှာ မိမိတို့အုပ်စုကို လမ်းပြန်ရန်သာဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်မှ ခြိမ်းခြောက်ရန်ဖြစ်သည်။ 'မုအ်ဂျေဇာဟ်'များကို ထုတ်ဖော်ပြသရန် မည်သည့်နဗီတမန်တော်ကိုမျှ အာဏာမပေးထားပေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိလိုအပ်သည့်အချိန် လိုအပ်သည့် ပုံသဏ္ဍာန်ဖြင့် 'မုအ်ဂျေဇာဟ်'တော်များကို အလိုရှိတော်မူသည့်အတိုင်း ထုတ်ဖော်ပြသလေ့ ရှိသည်။

အုပ်စုတိုင်းနှင့် နိုင်ငံတိုင်းတွင် နဗီတမန်တော်များ ပွင့်ရန် လိုအပ်ပါသလော၊

အထက်ပါအာယသ်တော်တွင် ရည်ညွှန်းခဲ့သည့်အတိုင်း အုပ်စုတိုင်းအတွက် လမ်းပြသူတစ်ဦး ရှိခဲ့သည်ဟု သိရှိရသည်။ ထိုအချက်ကြောင့် အတည်ပြုနိုင်သည်မှာ မည်သည့်မျိုးနွယ်စုနှင့် မည်သည့်နေရာဒေသ၊ ၄င်းနောက် မည်သည့်နိုင်ငံတွင်းမဆို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဖိတ်ခေါ်သူ၊ ၄င်းနောက် လမ်းပြသူများ မပေါ်ပေါက်ခဲ့ဟူ၍ မရှိပေ။ ထိုသူသည် နဗီတမန်တော် ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် နဗီ၏ ဖိတ်ခေါ်မှုကို ဖြန့်ချိမည့် ကိုယ်စားလှယ်ဖြစ်မည်။ ပမာဆိုရသော် စူရာဟ်ယာစီးန်တွင် နဗီတစ်ပါးဘက်မှ အုပ်စုတစ်စုဘက်သို့ ဖိတ်ခေါ်ရန် ၄င်းနောက် လမ်းပြရန် လူနှစ်ဦးကို အလျင် စေလွှတ်ခဲ့ကြောင်း တင်ပြထားလေသည်။ ထိုသူနှစ်ဦးသည် နဗီများမဟုတ်ခဲ့ကြပေ။ တစ်ဖန် တတိယမြောက်လူတစ်ဦးကိုလည်း ၄င်းတို့အား ကူညီပံ့ပိုးရန် စေလွှတ်ခဲ့ကြောင်း တင်ပြထားပေသည်။

ထို့ကြောင့် ဤအာယသ်တော်အရ အိန္ဒိယနိုင်ငံတွင်လည်း နဗီနှင့် ရစူလ်တစ်ပါးပါး မုချဧကန် ပေါ်ထွန်းခဲ့ရမည်ဟု မဆိုနိုင်ပေ။ တမန်တော်မြတ် ﷺ ၏ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်မှုကို ပို့ချဖြန့်ချီရန် မြောက်မြားစွာသော အာလင်မ်ပညာရှင်တို့သည် ထိုနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း၊ အထောက်အထားများ ရှိလေသည်။ တစ်ဖန် ထိုနေရာမှ မြောက်မြားစွာ ဤကဲ့သို့သော လမ်းပြပုဂ္ဂိုလ်များသည်လည်း ပေါ်ထွန်းခဲ့ကြောင်းကို အများအသိပင် ဖြစ်သည်။

ဤတွင် ပထမသုံးအာယသ်တော်၌ 'နဗူဝသ်'ကို ငြင်းဆန်သူများ၏ သံသယများကို ဖြေကြားထားခြင်းဖြစ်သည်။ စတုတ္ထအာယသ်တော်တွင် တစ်ဖန် ပြန်၍ အဓိကခေါင်းစဉ်ဖြစ်သော အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်းကို တင်ပြထားပေသည်။ စူရာဟ်၏ အစကိုလည်း ဤအကြောင်းအရာနှင့်ပင် အစပြုထားလေသည်။ မိန့်တော်မူသည်မှာ-

اللهُ يَعْلَمُ مَا تَحْمِلُ كُلُّ اُنْثٰى وَمَاتَغِيْضُ الْاَرْحَامُ وَمَا تَزْدَا دُ
وَكُلُّ شَيْءٍ عِنْدَهٗ بِمِقْدَارٍ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အားလုံးသော အရာများအား သိရှိတော်မူသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးတွင် ရှိသော ကိုယ်ဝန်၏ ယောက်ျားလေးဖြစ်ခြင်း၊ သို့မဟုတ် မိန်းကလေးဖြစ်ခြင်း၊ ချောမောခြင်း သို့မဟုတ် ရုပ်ဆိုးခြင်း၊ ကောင်းခြင်း၊ သို့မဟုတ် ဆိုးခြင်း၊ ၎င်းနောက် ထိုအမျိုးသမီးများ၏ သားအိမ်တွင် လျော့နည်းမှုဖြစ်ခြင်းနှင့် တိုးပွားမှုဖြစ်ခြင်း အကြောင်းမှာ တစ်ခါတစ်ရံ ကလေးတစ်ဦးသာ ဖွားမြင်ပြီး၊ ၎င်းနောက် တစ်ခါတစ်ရံ အလျင်အမြန်ဖွားမြင်၍ တစ်ခါတစ်ရံတွင် ကြန့်ကြာစွာ ဖွားမြင်ခြင်းတို့ကိုလည်း သိရှိတော်မူသည်။

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ထူးခြားသော ဂုဏ်တော်တစ်ရပ်အကြောင်း တင်ပြထားလေသည်။ အကြောင်းမှာ ထိုအသျှင်မြတ်သည် 'အာလိမွလ်ဂိုင်းဗ်' အကွယ်မှ အရာများကို သိရှိတော်မူသော အသျှင် ဖြစ်တော်မူသည်။ စကြဝဠာအားလုံးနှင့် အဖန်ဆင်းခံများ၏ အမှန်အမွှားများကိုပင် သိရှိတော်မူကာ ထိုအမှန်အမွှားများ၏ ပြောင်းလဲနေသော အခြေအနေများကိုလည်း သိရှိတော်မူသည်။ ထို့အတူ လူသားတို့ကို ဖန်ဆင်းရာတွင် ၎င်းတို့၏ အခြေအနေအရပ်ရပ်၊ ထို့နောက် ၎င်းတို့၏ ပြောင်းလဲမှုဟူသရွေ့ ထို့နောက် ၎င်းတို့၏ ဂုဏ်အင်ဟူသမျှတို့ကို ပြည့်ပြည့်ဝဝ သိရှိတော်မူသော အသျှင်ဖြစ်ကြောင်း တင်ပြထားပေသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ကိုယ်ဝန်နှင့် ပတ်သက်သော တိကျမှန်ကန်သည့် အသိသည် ထိုအသျှင်မြတ်ထံတော်တွင်သာ ရှိတော်မူသည်။ ယောက်ျားလော၊ မိန်းမလော၊ သို့မဟုတ် နှစ်မျိုးစလုံးလော။ သို့မဟုတ် မည်သည့်အရာမျှ မရှိဘဲ လေနှင့် ရေသာ ရှိနေသလော။ ထို့နောက် နိမိတ်လက္ခဏာများ၊ ၎င်းနောက် ခန့်မှန်းချက်များဖြင့် သမားတော် သို့မဟုတ် ဆရာဝန်တစ်ဦးဦး၏ ဤအကြောင်းအရာနှင့် ပတ်သက်ပြီး တင်ပြချက်များသည် ထင်မြင်ယူဆချက်များနှင့် ခန့်မှန်းချက်များထက် သာပိုခြင်း မရှိပေ။ တစ်ခါတစ်ရံ ၎င်းတို့၏ တင်ပြချက်နှင့် လွဲနေသည်လည်း ရှိတတ်ပေသည်။ ခေတ်မီ ဓါတ်မှန်ကိရိယာတို့သည်လည်း ထိုဇစ်မြစ်ကို တိတိကျကျ ဖော်ထုတ်နိုင်စွမ်း မရှိကြပေ။ ထိုအကြောင်းအရာ၏ ဇစ်မြစ်နှင့် တိကျမှန်ကန်သော အသိကို မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူသည်။ ထိုအကြောင်းအရာကို အခြားအာယသ်တော်တစ်ပုဒ်တွင်လည်း ဤသို့ တင်ပြထားပေသည်။

وَيَعْلَمُ مَا فِى الْاَرْحَامِ

ဆိုလိုသည်မှာ သားအိမ်တွင်းရှိ အရာများကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူသည်။

تَغِيْضُ ဟူသော စာသားသည် အာရဗီဘာသာတွင် လျော့နည်းခြင်း၊ ၎င်းနောက် ခြောက်သွေ့ခြင်းဟု အဓိပ္ပာယ်ရသည်။ တင်ပြပါအာယသ်တော်တွင် ထိုစာသားနှင့် ယှဉ်တွဲကာ **تَزْدَادُ** ဟူသော

စာသားကို သုံးနှုန်းထားခြင်းဖြင့် تَغِيضُ ၏ အဓိပ္ပာယ်သည် ဤနေရာတွင် လျော့နည်းခြင်းဖြစ်သည်ဟု သတ်မှတ်လိုက်လေသည်။ အလိုသဘောမှာ သားအိမ်တွင် ဖြစ်ပေါ်လျက်ရှိသော လျော့နည်းမှုနှင့် တိုးပွားမှုတို့ကို တိကျမှန်ကန်စွာ သိရှိသောသူမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်သည်။ ထိုလျော့နည်းမှုနှင့် တိုးပွားမှု၏ အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်သည်။ အကြောင်းမှာ မွေးဖွားလာမည့် ကလေးအရေအတွက်တွင် လျော့နည်းခြင်းနှင့် တိုးပွားခြင်း၊ ဆိုလိုသည်မှာ ထိုကိုယ်ဝန်တွင် ကလေးတစ်ဦးတည်း ရှိသည်။ သို့မဟုတ် တစ်ဦးထက် ပို၍ ရှိနေသည်။ ၎င်းနောက် အခြားဖြစ်နိုင်ဖွယ်ရာ အချက်တစ်ချက်မှာ မွေးဖွားမည့်ကာလတွင် လျော့နည်းခြင်းနှင့် တိုးပွားခြင်း ဆိုလိုသည်မှာ ထိုကိုယ်ဝန်သည် မည်သည့်လ ရှိမည်၊ မည်သည့်ရက်ရှိမည်၊ မည်သည့်နာရီတွင် မွေးဖွားကာ လူသားတစ်ဦးကို ပေါ်ထွန်းစေမည်။ ထိုအကြောင်းအရာများ၏ တိကျခိုင်မာသော အသိကိုလည်း ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမျှ မသိနိုင်ပေ။

သဖ်စီးရ်ပညာရပ်၏ အေမာမ်တစ်ဦးဖြစ်သူ မုဂျာဟိဒ် (ရဟ) သခင်က တင်ပြထားသည်မှာ ကိုယ်ဝန်ဆောင်ကာလတွင် အမျိုးသမီးတစ်ဦး၏ သွေးစီးဆင်းမှုသည် ထိုကိုယ်ဝန်၏ သန္ဓေသားဖြစ်ပေါ်မှုနှင့် ကျန်းမာမှုတွင် လျော့နည်းခြင်း၏ အကြောင်းခံတစ်ခု ဖြစ်သည်။ تَغِيضُ الْأَرْحَامُ ၏ အလိုသဘောမှာလည်း ထိုသန္ဓေသားကြံ့ခိုင်မှု လျော့နည်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် အဓိကဆိုလိုရင်းမှာ ကိုယ်ဝန်၏ လျော့နည်းမှု အမျိုးအစားအားလုံးသည် ဤအာယသ်တော်၏ စာသားတွင် အကျုံးဝင်ပေသည်။ ဤသို့ဆိုလျှင် မည်သည့်အကွဲအလွဲမှ ရှိမည်မဟုတ်ပေ။

كُلُّ شَيْءٍ عِندَهُ بِمِقْدَارٍ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အရာခပ်သိမ်းနှင့် ပတ်သက်ပြီး အတိုင်းအတာတစ်ခုကို သတ်မှတ်ထားလေသည်။ ထိုသတ်မှတ်ထားသော အတိုင်းအတာထက် လျော့နည်းမသွားနိုင်သကဲ့သို့ ပိုလည်း မပိုနိုင်ပေ။ သန္ဓေသား၏ အခြေအနေအရပ်ရပ်သည်လည်း ဤစကားရပ်တွင် အကျုံးဝင်ပေသည်။ အကြောင်းမှာ ထိုသန္ဓသား၏ အစိတ်အပိုင်းတိုင်းနှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် သတ်မှတ်ချက်တစ်ခု ရှိသည်။ ကိုယ်ဝန်သည် မည်သည့်ရက်အတွင်း ကိုယ်ဝန်ရှိနေရမည်။ တစ်ဖန် မည်မျှ အတိုင်းအကာအထိ လောကတွင် အသက်ရှင်နေမည်။ မည်မျှ စားနပ်ရိက္ခာ ရရှိမည်၊ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ဤအနှိုင်းမဲ့ အသိတရားသည် ထိုအသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိကြောင်း အထောက်အထားပင် ဖြစ်လေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

عَٰلِمُ ٱلْغَيْبِ وَٱلشَّهَٰدَةِ ٱلْكَبِيرُ ٱلْمُتَعَالِ ﴿٩﴾

၁၃ း ၉ ။ ။ (ထိုအသျှင်မြတ်သည်) ဖုံးကွယ်လျက်ရှိသည့် (မမြင်နိုင်သော) အရာများနှင့် ပေါ်လွင်ထင်ရှားစွာ ရှိသည့် (မြင်နိုင်သော) အရာများကို သိတော်မူသော အသျှင်၊ (အလုံးစုံတို့ထက်) ကြီးကဲတော်မူသော အသျှင်၊ မြင့်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

سَوَآءٌ مِّنكُم مَّنْ أَسَرَّ ٱلْقَوْلَ وَ

مَن جَهَرَ بِهِۦ وَمَنْ هُوَ مُسْتَخْفٍۭ بِٱلَّيْلِ وَسَارِبٌۢ بِٱلنَّهَارِ ﴿١٠﴾

၁၃ း ၁၀ ။ ။ အသင်တို့အနက် (မည်သူမဆို) ညဥ့် (၏ အမှောင်) ၌ ပုန်းကွယ်လျက်ရှိသူဖြစ်စေ၊ နေ့ (၏ အလင်းရောင်) ၌ (အထင်အရှား) သွားလာလှုပ်ရှားလျက်ရှိသူဖြစ်စေ၊ (ထိုအသျှင်မြတ်၏ အသိဉာဏ်တော်တွင်) အတူတူပင် ဖြစ်ကြကုန်၏။

لَهُۥ مُعَقِّبَٰتٌ مِّنۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهِۦ يَحْفَظُونَهُۥ

مِنْ أَمْرِ ٱللَّهِ ۗ إِنَّ ٱللَّهَ لَا يُغَيِّرُ مَا بِقَوْمٍ حَتَّىٰ يُغَيِّرُوا۟ مَا

بِأَنفُسِهِمْ ۗ وَإِذَآ أَرَادَ ٱللَّهُ بِقَوْمٍ سُوٓءًا فَلَا مَرَدَّ لَهُۥ ۚ وَمَا لَهُم

مِّن دُونِهِۦ مِن وَالٍ ﴿١١﴾

၁၃ း ၁၁ ။ ။ ထို (လူသား) အသီးသီးတို့၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့် ယင်း (လူသား) အသီးသီးတို့အား အလှည့်ကျ လာရောက်၍ ထိန်းသိမ်းစောင့်ရှောက်ကြကုန်သော ကောင်းကင်တမန်များသည် ရှိကြကုန်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လူမျိုးတစ်မျိုး၏ အခြေအနေကိုမျှ ၎င်းတို့ကိုယ်တိုင် မိမိတို့၏ (ကောင်းမွန်သော) အခြေအနေကို မပြောင်းလဲသမျှ ကာလပတ်လုံး ပြောင်းလဲတော်မူသည် မဟုတ်ပေ။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည် လူမျိုးတစ်မျိုး၏ အပေါ်၌ ဘေးဒုက္ခ ဆိုက်ရောက်စေရန် ရည်ရွယ်တော်မူခဲ့သည်ရှိသော် (မည်သူတစ်ဦးတစ်ယောက်မျှပင်) ထိုဘေးဒုက္ခကို တွန်းလှန်နိုင်ခြင်း မရှိပေ။ ထို့ပြင် ၎င်းတို့အား ထိုအသျှင်မြတ်အပြင် ကာကွယ်စောင့်ရှောက်မည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။

هُوَ ٱلَّذِى يُرِيكُمُ ٱلْبَرْقَ خَوْفًا وَطَمَعًا وَيُنشِئُ ٱلسَّحَابَ ٱلثِّقَالَ ﴿١٢﴾

၁၃ း ၁၂ ။ ။ ထိုအသျှင်မြတ်သည်ပင် အသင်တို့အား လျှပ်စစ်ပြက်ခြင်း (ဖြင့် သေကြေပျက်စီးနိုင်မည်) ကို (တွေး၍) ကြောက်မက်ဖွယ်ရာအဖြစ်လည်းကောင်း၊ (မိုးတိမ်များကို မြင်ရ၍ မိုးရွာသွန်းမည်ဟု) မျှော်လင့်ဖွယ်ရာအဖြစ်လည်းကောင်း ပြတော်မူသော အသျှင် ဖြစ်တော်မူသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် လေးလံစွာသော မိုးတိမ်များကို ဖန်ဆင်း (မြင့်မြောက်) တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَيُسَبِّحُ الرَّعْدُ بِحَمْدِهٖ وَالْمَلٰٓئِكَةُ
مِنْ خِيْفَتِهٖ ۚ وَيُرْسِلُ الصَّوَاعِقَ فَيُصِيْبُ بِهَا مَنْ
يَّشَآءُ وَهُمْ يُجَادِلُوْنَ فِى اللّٰهِ ۚ وَهُوَ شَدِيْدُ الْمِحَالِ ﴿١٣﴾

၁၃ : ၁၃ ။ ။ ထို့ပြင် 'ရအ်ဒ်'အမည်ရှိသော ကောင်းကင်တမန်သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်း ဘာဝနာ စီးဖြန်းလေ၏။ ထိုနည်းတူစွာ (အခြား) 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့သည် ထိုအသျှင်မြတ်အား ကြောက်ရွံ့ရှိသေခြင်းအားဖြင့် (ချီးမွမ်းထောပနာပြုခြင်းနှင့် သန့်ရှင်းစေတော်မူကြောင်းကို) ဘာဝနာ စီးဖြန်းကြ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် မိုးကြိုးသွားများကို စေလွှတ်တော်မူပြီးနောက် မိမိအလိုရှိတော်မူသော သူ၏ အပေါ်ဝယ် ယင်းမိုးကြိုးသွားကို ကျရောက်စေတော်မူ၏။ သို့ပါလျက် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ငြင်းခုံလျက် ရှိကြကုန်၏။ စင်စစ်မှာမူ ထိုအသျှင်မြတ်သည် ပြင်းထန်စွာ ဖမ်းဆီးအပြစ်ပေးအရေးယူတော်မူသော အသျှင် (အင်အား အလွန်ကြီးမားတော်မူသော အသျှင်) မြတ်ပင် ဖြစ်တော်မူပေသည်။

لَهٗ دَعْوَةُ الْحَقِّ ۗ وَالَّذِيْنَ يَدْعُوْنَ مِنْ دُوْنِهٖ لَا يَسْتَجِيْبُوْنَ
لَهُمْ بِشَىْءٍ اِلَّا كَبَاسِطِ كَفَّيْهِ اِلَى الْمَآءِ لِيَبْلُغَ فَاهُ وَمَا هُوَ
بِبَالِغِهٖ ۗ وَمَا دُعَآءُ الْكٰفِرِيْنَ اِلَّا فِىْ ضَلٰلٍ ﴿١٤﴾

၁၃ : ၁၄ ။ ။ မှန်ကန်သော ဟစ်ခေါ်တသ ဆုတောင်းမှုပြုခြင်းသည် ထိုအသျှင်မြတ်ထံတော်၌သာလျှင် ပြုထိုက်ပေသည်။ သို့ရာတွင် ထိုအသျှင်မြတ်အား စွန့်၍ ၎င်းတို့ ဟစ်ခေါ်တသ ဆုတောင်းမှုပြုကြကုန်သော အရာဝတ္ထုတို့မှာမူ ထိုသူတို့အား တစ်စုံတစ်ရာကိုမျှ ပေးနိုင်ကြသည်မဟုတ်ပေ။ (စင်စစ် ၎င်းတို့ ဟစ်ခေါ်တသခြင်းမှာ) မိမိ၏ လက်ဝါးနှစ်ဖက်ကို ရေရှိရာဘက်သို့ ဖြန့်၍ မိမိပါးစပ်ထဲသို့ (အလိုအလျောက်) ရောက်ရှိရန် ပန်ကြားသူနှင့် တူ၏။ စင်စစ်မှာမူ ထိုရေသည် ယင်းပါးစပ်ထဲသို့ (မည်သည့်အခါမျှ အလိုအလျောက်) ရောက်ရှိမည် မဟုတ်ပေ။ အမှန်မှာ ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏ ဟစ်ခေါ်တသ ဆုတောင်းမှုပြုခြင်းသည် လွဲမှားမှု၌သာ ရှိနေပေသည်။

وَلِلّٰهِ يَسْجُدُ
مَنْ فِى السَّمٰوٰتِ وَالْاَرْضِ طَوْعًا وَّكَرْهًا وَّظِلٰلُهُمْ بِالْغُدُوِّ وَالْاٰصَالِ ﴿١٥﴾ السجدة

၁၃ : ၁၅ ။ ။ သို့ရာတွင် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် မိမိစေတနာအလျောက်ဖြစ်စေ၊ စေတနာမရှိဘဲ မလွှဲမရှောင်သာ၍ဖြစ်စေ၊ ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်၌သာလျှင် ပျပ်ဝပ်ဦးချ ခယရိုကျိုးလျက် ရှိကြကုန်၏။ ထို့ပြင် ၎င်းတို့၏ အရိပ်များသည်လည်း နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း (ထိုနည်းအတိုင်းပင်) ပျပ်ဝပ်ဦးချ ခယရိုကျိုးလျက် ရှိကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုအသျှင်မြတ်သည် ဖုံးကွယ်နေသော အရာအားလုံးနှင့် ထင်ရှားလျက်ရှိသော အရာအားလုံးကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အားလုံးထက် ပို၍ ကြီးမားသော (၎င်းနောက်) မြင့်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အသင်တို့အနက် မည်သူမဆို တိုးတိုးစွာ ပြောဆိုသော စကားများ၊ ၎င်းနောက် ကျယ်လောင်စွာ ပြောဆိုသော စကားများ၊ ၎င်းနောက် မည်သူမဆို ညအမှောင်တွင် ပုံးကွယ်နေခြင်းနှင့် နေ့တွင် သွားလာနေခြင်းများ ဤအရာအားလုံးသည် (အလ္လာဟ်အသျှင်မြတ်၏ အသိတော်တွင်) တစ်ပြေးညီတည်း ဖြစ်သည်။ (ဆိုလိုသည်မှာ အားလုံးတို့ကို တစ်ပြေးညီတည်း သိရှိတော်မူသကဲ့သို့ အားလုံးကိုလည်း ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။ ဤသို့ဖြင့် အသင်တို့အနက်) လူတိုင်းကို (ထိန်းသိမ်းစောင့်ရှောက်) ရန် ကောင်းကင်တမန်အချို့ကို (သတ်မှတ်) ထားရှိသည်။ ထိုကောင်းကင်တမန်များသည် အပြောင်းအလဲပြုလုပ်လျက်ရှိကြသည်။ အချို့သည် ထိုလူသား၏ ရှေ့တွင် ရှိပြီး အချို့သည် သူ၏နောက်တွင် ရှိကြသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် (မြောက်မြားစွာသော ဘေးဗလာများမှ) ထိုသူ့ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ (၎င်းနောက် ဤစကားကြောင့် ကောင်းကင်တမန်များသည် ကျွန်ုပ်တို့အား ထိန်းသိမ်းစောင့်ရှောက်လျက် ရှိကြသည်။ ထို့ကြောင့် လုပ်လိုရာကို လုပ်လော့ဟု မထင်မှတ်လိုက်ကြလေနှင့်။ အကုသိုလ်များ ကျူးလွန်သူဖြစ်စေ၊ ကုဖ္ဖရ်ငြင်းဆန်မှုကို ပြုသူဖြစ်စေ၊ မည်သည့် 'အဇာဗ်' ပြစ်ဒဏ်မှ ကျရောက်နိုင်မည်မဟုတ်ဟု ထင်မှတ်ခြင်းသည် လုံးဝ မှားယွင်းပေသည်။ အဘယ်ကြောင့်ဆိုသော်) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် (အစပထမကတည်းက မည်သူ့ကိုမျှ 'အဇာဗ်' အပြစ်ဒဏ်ပေးလေ့မရှိ။ အသျှင်မြတ်၏ ဓလေ့တော်မှာ ထိုအသျှင်မြတ်သည်) မည်သည့်အုပ်စုကိုမျှ ၎င်းတို့ကိုယ်တိုင် မိမိတို့၏ အခြေအနေကို မပြောင်းလဲသရွေ့ (ကောင်းမွန်သော) အခြေအနေကို ပြောင်းလဲပေးမည်မဟုတ်ပေ။ (သို့သော် ၎င်းတို့သည် မိမိတို့၏ ကောင်းကျိုးများတွင် ကိုယ်တိုင် အဟန့်အတားပြုမည်ဆိုပါက အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှလည်း ၎င်းတို့အပေါ်သို့ ဘေးဗလာများနှင့် ပြစ်ဒဏ်များ ရွေးချယ်သတ်မှတ်တော်မူလေ့ ရှိသည်။)

၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် အုပ်စုတစ်စုအား ဘေးဒုက္ခများတွင် နစ်မွန်းစေရန် သတ်မှတ်လိုက်ပြီးဆိုပါက တစ်ဖန် ထိုဘေးဒုက္ခမှ ကင်းဝေးရန် မည်သည့်နည်းလမ်းမျှ ရှိမည်မဟုတ်ပေ။ (ထိုဘေးဒုက္ခသည် ကျရောက်လာမည်သာ ဖြစ်သည်။) ၎င်းနောက် (ထိုအချိန်တွင်) အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမျှ (၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်မည်ဟု ထင်မှတ်နေကြသူများသည်လည်း) ၎င်းတို့ကို ကူညီနိုင်မည်မဟုတ်ပေ။ (ကောင်းကင်တမန်များသည်လည်း ၎င်းတို့ကို စောင့်ရှောက်နိုင်မည်မဟုတ်ပေ။ အကယ်၍ စောင့်ရှောက်မည်ဆိုလျှင်လည်း ထိုစောင့်ရှောက်မှုသည် ၎င်းတို့အတွက် အသုံးဝင်မည်မဟုတ်ပေ။) ထိုအသျှင်မြတ်သည် ဤသို့ (ကြီးကျယ်ထွတ်မြတ်တော်မူသော) အသျှင်မြတ် ဖြစ်သည်။ အကြောင်းမှာ အသင်တို့ (မိုးရွာသွန်းစဉ်) လျှပ်စီး (လက်သကဲ့သို့) တွေ့မြင်ကြရမည်။ ထိုအရာကြောင့် (မိုးကြိုးအပစ်ခံရမည်ကို) လည်း စိုးရိမ်ကြရသည်။ ၎င်းနောက် (ထိုလျှပ်စီးလက်မှုကြောင့် မိုးရွာမည်ဟု) မျှော်လင့်လျက်လည်း ရှိ

ကြသည်။ ၄င်းနောက် ထိုအသျှင်မြတ်သည် မိုးတိမ်များကို (လည်း) မြင့်မားသောနေရာတွင် ထားရှိတော်မူသည်။ ထိုမိုးတိမ်တို့သည် မိုးရေများဖြင့် ပြည့်နှက်လျက် ရှိကြသည်။ ၄င်းနောက် 'ရအ်ဒ်' (ကောင်းကင်တမန်သည်) ထိုအသျှင်မြတ်၏ ချီးမွမ်းထောပနာပြုခြင်းနှင့်အတူ ထိုအသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကို ရွတ်ဆိုနေသည်။ ၄င်းနောက် (အခြားသော) ကောင်းကင်တမန်များသည်လည်း ထိုအသျှင်မြတ်အား ကြောက်ရွံ့ရိုကျိုးစွာဖြင့် (ထိုအသျှင်မြတ်၏ ချီးမွမ်းထောပနာပြုခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းကို ရွတ်ဆိုလျက်ရှိကြသည်။) ၄င်းနောက် ထိုအသျှင်မြတ်သည် (မြေပထဝီဘက်သို့) လျှပ်စီးများ စေလွှတ်တော်မူသည်။ တစ်ဖန် အလိုတော်ရှိရာ အရာပေါ်သို့ ကျရောက်စေသည်။

၄င်းနောက် ထိုလူတို့သည် (အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်ပြီး (ဆိုလိုသည်မှာ ထိုအသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိကြောင်းနှင့် ပတ်သက်ပြီး ထိုအသျှင်မြတ်သည် ဤသို့ ကြီးကျယ်ထွတ်မြတ်ပါလျက်) အငြင်းပွားလျက် ရှိကြသည်။ စေန်စင်စစ် ထိုအသျှင်မြတ်သည် ကြီးမားပြင်းထန်သော စွမ်းအားရှင်ဖြစ်တော်မူသည်။ (သို့ပါ၍ ထိုအသျှင်မြတ်ကို ကြောက်ရွံ့ရိုကျိုးရမည်။ သို့သော် ထိုသူတို့သည် ကြောက်ရွံ့ရိုကျိုးခြင်း မရှိကြပေ။ ၄င်းနောက် ထိုအသျှင်မြတ်အား တုဖက်နှိုင်းယှဉ်မှု ပြုကြသည်။ ၄င်းနောက် ထိုအသျှင်မြတ်သည် တောင်းခံမှုများကို လက်သင့်ခံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။) အကြောင်းမှာ မှန်ကန်သော ကြွေးကြော်မှုသည် ထိုအသျှင်မြတ်အတွက်သာလျှင် ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် လက်သင့်ခံနိုင်သော အင်အားရှိသည်။) ၄င်းနောက် အလ္လာဟ်အသျှင်မြတ်မှအပ အကြင်အရာများကို ၄င်းတို့သည် မိမိတို့၏ လိုအပ်ချက်များနှင့် ဘေးဗလာများနှင့် ပတ်သက်ပြီး ကြွေးကြော်နေကြသည်။ ထိုအရာများသည် (လက်သင့်ခံနိုင်သည့် အရည်အချင်း မရှိသောကြောင့်) ၄င်းတို့၏ တောင်းဆိုမှုများကို ထို့ထက်ပို၍ လက်သင့်မခံနိုင်ပေ။ ပမာဆိုရသော် ရေသည် ထိုသူတို့၏ တောင်းဆိုချက်ကို လက်သင့်ခံသကဲ့သို့ ဖြစ်သည်။ အကြင်သူတို့သည် မိမိတို့၏ လက်နှစ်ဖက်ကို ရေဘက်သို့ ဖြန့်လျက် ထားရှိသည်။ (၄င်းနောက် ထိုရေကို အရိပ်အမြွက်ဖြင့် မိမိဘက်သို့ ခေါ်လေ့ရှိသည်။) ထို (ရေ) သည် ၄င်း၏ ပါးစပ်နားအထိ (လွင့်၍) ရောက်ရှိလာရန် ဖြစ်သည်။ ၄င်းနောက် ထို (ရေသည် မိမိကိုယ်မိမိ ၄င်း၏ ပါးစပ်နားအထိ (မည်သည့်နည်းနှင့်မျှ) ရောက်ရှိလာမည်မဟုတ်။

(သို့ပါ၍ ရေသည် ၄င်းတို့၏ တောင်းဆိုချက်အတိုင်း မတတ်စွမ်းနိုင်သကဲ့သို့ ၄င်းတို့၏ ကိုးကွယ်ရာအရှင်များသည်လည်း တတ်စွမ်းနိုင် ခြင်း မရှိပေ။ ထို့ကြောင့်) ကာဖိရ်တို့၏ (ထိုအရာများအား) လျှောက်ထားခြင်းသည် မည်သို့မျှ ထိရောက်မှု မရှိနိုင်ပေ။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်သာလျှင် (ဤသို့ အနိုင်းမဲ့ တတ်စွမ်းနိုင်တော်မူသော အသျှင် ဖြစ်တော်မူပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်) ၏ ရှေ့တော်မှောက်တွင် အရာအားလုံးသည် ဦးချလျက် ရှိနေကြသည်။ ကောင်းကင်တွင် ရှိသော အရာများနှင့် မြေပထဝီတွင် ရှိသော အရာများအားလုံး ပါဝင်ပေသည်။ (အချို့က) နှစ်မြို့လျက် ၄င်းနောက် (အချို့) မလွဲသာ၍ (နှစ်မြို့လျက် ဆိုသည်မှာ မိမိ၏ ကိုယ်ပိုင်ရွေးချယ်ချက်ဖြင့် 'အေဗာဒသ်' ပြုခြင်း ဖြစ်သည်။ ၄င်းနောက် မလွဲသာ၍ဆိုသည့် အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံတစ်ဦးအား အသုံးချလိုသော် ၄င်းအဖန်ဆင်းခံသည် ထိုအသျှင်မြတ်၏ အမိန့်အား မဆန့်ကျင်နိုင်ပေ။) ၄င်းနောက် ထို

(မြေပထဝီရှိ လူများ) ၏ အရိပ်သည်လည်း (ဦးချလျက် ရှိကြလေသည်။) နံနက်နှင့် ညနေအချိန်များတွင် (ဆိုလိုသည်မှာ အရိပ်အား အလိုရှိသရွေ့ တိုးစေပြီး အလိုရှိသရွေ့ ကျစေသည်။ ၎င်းနောက် နံနက်နှင့် ညနေအချိန်များတွင် အရိပ်၏ တိုးသွားခြင်း၊ ၎င်းနောက် လျော့သွားခြင်းတို့မှာ ပေါ်လွင်ထင်ရှားနေခြင်း ကြောင့် အထူးတလည် တင်ပြထားရခြင်း ဖြစ်ပေသည်။ စင်စစ်တွင် အရိပ်သည်လည်း မည်သည့်ပုံသဏ္ဍာန် နှင့်မဆို အမိန့်နာခံရသော အရာတစ်ခု ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

တင်ပြပါအာယသ်တော်များ၏အလျင် ကြီးကျယ်ထွတ်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော အထူးဂုဏ်တော်များအကြောင်းကို တင်ပြလျက်ရှိသည်။ အကြင်အရာများသည် စင်စစ်တွင် 'သောင်ဟီးဒ်'တရား၏ အထောက်အထားများပင် ဖြစ်လေသည်။ ထိုအာယသ်တော်တွင် အမိန့်ရှိသည်မှာ

عَالِمُ الْغَيْبِ وَ الشَّهَادَةِ الْكَبِيْرُ الْمُتَعَالِ

ဆိုသည့် စာသား၏ အလိုသဘောမှာ လူသားတို့၏ အာရုံများမှ ဖုံးကွယ်လျက်ရှိသော အရာများ ကို ဆိုလိုခြင်းဖြစ်သည်။ အလိုသဘောမှာ ယင်းကို မျက်စိများဖြင့် မမြင်တွေ့နိုင်သကဲ့သို့ နားဖြင့်လည်း မကြားနိုင်ပေ။ နှာခေါင်းဖြင့်လည်း အနံ့မခံနိုင်သကဲ့သို့ နှုတ်လျှာဖြင့်လည်း မမြည်းစမ်းနိုင်ပေ။ လက်များ ဖြင့်လည်း ကိုင်တွယ်၍ မသိရှိနိုင်သော အရာများကို ဆိုလိုခြင်းဖြစ်သည်။

شهادة ဟူသည် တင်ပြပါအရာများနှင့် ဆန့်ကျင်ဘက်အရာဝတ္ထုများဖြစ်သည်။ ထိုအရာများ ကို လူသားတို့၏ တင်ပြပါ အာရုံများဖြင့် သိရှိနိုင်သည်။ အာယသ်တော်၏ အလိုသဘောမှာ ထိုအလ္လာဟ် အသျှင်မြတ်၏ ပြီးပြည့်စုံသော ဂုဏ်တော်ထူးတစ်ရပ်မှာ ထိုအသျှင်မြတ်သည် အကွယ်မှ အရာများကို ရှေ့မှောက်၌ တည်ရှိနေသော အရာများကဲ့သို့ပင် သိရှိတော်မူသည်။

الكبير ၏ အဓိပ္ပာယ်မှာ ကြီးမားသော ၎င်းနောက် **المتعال** ၏ အဓိပ္ပာယ်မှာ 'ထွတ်မြတ် မြင့်မားသော' ဟူ၍ ဖြစ်သည်။ ဤစာသားများ၏ အဓိပ္ပာယ်မှာ ထိုအသျှင်မြတ်သည် အဖန်ဆင်းခံများ ၏ ဂုဏ်အင်လက္ခဏာများမှ မြင့်မားထွတ်မြတ်တော်မူပြီး အရာအားလုံးထက် အကြီးမားဆုံး ဖြစ်တော် မူသည်။ ကာဖိရ်များနှင့် မုရှ်ရစ်က်တို့သည် အပေါ်ယံအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားမှုနှင့် ကြီးကျယ် မှုကိုတော့ အသိအမှတ်ပြုကြသည်။ သို့သော် မိမိတို့၏ အသိတရား ချို့တဲ့မှုကြောင့် အလ္လာဟ်အသျှင် မြတ်ကိုလည်း သာမန်လူသားများနှင့် နှိုင်းယှဉ်ကာ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်နှင့် မကိုက်ညီသော ဂုဏ်အင်များကို သတ်မှတ်အတည်ပြုကြသည်။ ဥပမာ- ယဟူဒီတို့နှင့် နဆ္စရာနီတို့သည် အလ္လာဟ်တွင် သားတော်ရှိကြောင်း၊ အတည်ပြု သတ်မှတ်ကြသည်။ အချို့က အလ္လာဟ်အသျှင်မြတ်တွင် လူသားများကဲ့သို့ ခန္ဓာကိုယ်နှင့် အစိတ်အပိုင်းများ ရှိသည်ဟု သတ်မှတ်ကြသည်။ အချို့က အလ္လာဟ်အတွက် အရပ်မျက်နှာ လိုအပ်သည်ဟု သတ်မှတ်ကြသည်။ စင်စစ်တွင် ထိုအသျှင်မြတ်သည် ဤအခြေအနေများအားလုံးနှင့်

ဤဂုဏ်အင်လက္ခဏာများမှ မြင့်မြတ်ကင်းစင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ တင်ပြသော ဂုဏ်လက္ခဏာများမှ ကင်းစင်ကြောင်း အကြိမ်ကြိမ် တင်ပြထားသည်။

سُبْحَانَ اللهِ عَمَّا يَصِفُوْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုဂုဏ်အင်များမှ ကင်းစင်တော်မူသည်။ အကြင်ဂုဏ်အင်များကို ထိုသူတို့ တင်ပြကြလေသည်။

ပထမဝါကျဖြစ်သော عَالِمُ الْغَيْبِ وَالشَّهَادَةِ တွင် ၎င်းနောက် ဤအာယသ်တော်အလျင် اَللهُ يَعْلَمُ مَاتَحْمِلُ كُلُّ اُنْثٰى တွင် မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော အသိတရားများ အကြောင်းကို တင်ပြထားပေသည်။ ဒုတိယ ဝါကျဖြစ်သော اَلْكَبِيْرُ الْمُتَعَالِ တွင် ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်နှင့် ထွတ်မြတ်မှုကို တင်ပြထားပေသည်။ အကြောင်းမှာ ထိုအသျှင်မြတ်၏ အင်အားနှင့် တတ်စွမ်းနိုင်မှုတို့သည် လူသားတို့၏ ဉာဏ်မှီသည်ထက် ပို၍ ကြီးကျယ်မြင့်မြတ်တော်မူသည်။ ရှေ့အာယသ်တော်တွင်လည်း ထိုပြီးပြည့်စုံသော အသိတရားနှင့် ပြီးပြည့်စုံသော 'ကွဒ်ရသ်' တန်ခိုးတော်တို့ကို ထူးခြားသော ပုံသဏ္ဌာန်တစ်မျိုးဖြင့် တင်ပြထားလေသည်။

سَوَآءٌ مِّنْكُمْ مَّنْ اَسَرَّ الْقَوْلَ وَمَنْ جَهَرَ بِهٖ وَمَنْ هُوَ مُسْتَخْفٍ بِالَّيْلِ وَسَارِبٌ بِالنَّهَارِ

اَسَرَّ الْقَوْلَ တွင် اسرار ဟူသော နာမ်မှ ထွက်ပေါ်လာသော စာသားဖြစ်သည်။ အဓိပ္ပာယ်မှာ တီးတိုးစကား၊ ၎င်းနောက် جَهَرَ ၏ အဓိပ္ပာယ်မှာ ပြောင်ပြောင်တင်းတင်း ပြောဆိုသော စကားဖြစ်သည်။ အခြားသူ တစ်ဦးဦးကို တင်ပြရန် ပြောဆိုသော စကားကို جَهَرَ ဟု ခေါ်ဆိုသည်။ ၎င်းနောက် မိမိကိုယ်မိမိ ပြောကြားလိုစေသော စကားကို سِرَ ဟု ခေါ်ဆိုပေသည်။ مُسْتَخْفٍ ၏ အဓိပ္ပာယ်မှာ ပုန်းကွယ်နေသောသူ ဖြစ်သည်။ سَارِبٌ ၏ အဓိပ္ပာယ်မှာ လွတ်လပ်စွာ သောကကင်းစွာ လမ်းပေါ်တွင် သွားလာနေသူကို ခေါ်ဆိုပေသည်။

အာယသ်တော်၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ အရာခပ်သိမ်းကို ခြုံငုံသိရှိနိုင်တော်မူခြင်းကြောင့် ထိုအသျှင်မြတ်ထံတော်ပါးတွင် တီးတိုးစွာ ပြောဆိုသူနှင့် ကျယ်လောင်စွာ ပြောဆိုသူတို့သည် တစ်ပြေးညီတည်း ဖြစ်သည်။ ထိုအသျှင်မြတ်သည် နှစ်ဦးစလုံး၏ စကားများကို တစ်ပြေးညီတည်းပင် ကြားတော်မူပြီး၊ တစ်ပြေးညီတည်းပင် သိရှိတော်မူသည်။ ထို့နည်းတူစွာ အကြင်သူသည် ည၏ အမှောင်ထုတွင် ပုန်းကွယ်လျက် ရှိမည်။ ၎င်းနောက် အကြင်သူသည် နေ့၏ အလင်းရောင်တွင် လမ်းပေါ်တွင် ထင်ထင်ရှားရှား သွားလာနေမည်။ ထိုနှစ်ဦးစလုံးသည်လည်း အလ္လာဟ်

အသျှင်မြတ်၏ အသိဉာဏ်တော်အရ ၎င်းနောက် 'ကွဒ်ရသ်' တန်ခိုးတော်အရ တစ်ပြေးညီတည်းပင်ဖြစ်သည်။ အကြောင်းမှာ နှစ်ဦးစလုံး၏ အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာ အခြေအနေအရပ်ရပ်ကို တစ်ပြေးညီ သိရှိတော်မူသည်။ ၎င်းနောက် ထိုအသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်သည် နှစ်ဦးစလုံးအပေါ်သို့ တစ်ပြေးညီ သက်ရောက်တော်မူသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်အပြင် မတည်ရှိနိုင်ပေ။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ရှေ့အာယသ်တော်တွင် ဤသို့ ထပ်မံ တင်ပြထားပေသည်။

لَهٗ مُعَقِّبٰتٌ مِّنْۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖ يَحْفَظُوْنَهٗ مِنْ اَمْرِ اللّٰهِ

مُعَقِّبٰتٌ သည် **معقبة** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အုပ်စုတစ်စု၏ နောက်မှ ဆက်တိုက် လိုက်လာသော အခြားအုပ်စုတစ်စုကို **معقبه** သို့မဟုတ် **متعقبه** ဟု ခေါ်ဆိုပေသည်။ **مِنْۢ بَيْنِ يَدَيْهِ** လုံးချင်း အဓိပ္ပာယ်မှာ လက်နှစ်ဖက်ကြားဟူ၍ ဖြစ်သည်။ အလိုသဘောမှာ လူသား၏ အရှေ့ဘက်ကို ဆိုလိုခြင်းဖြစ်သည်။ **وَمِنْ خَلْفِهٖ** အနောက်ဘက်အရပ်ကို ဆိုလိုခြင်းဖြစ်သည်။ **مِنْ اَمْرِ اللّٰهِ** တွင် **مِنْ** ဟူသော စာသားသည် အကြောင်းခံပြသော **باء** ၏ အဓိပ္ပာယ်တွင် ရှိသည်။ **بِاَمْرِ اللّٰهِ** ဟူသော အဓိပ္ပာယ် သက်ရောက်သည်။ အချို့သော 'ကေရာအသ်' များတွင် **بِاَمْرِ اللّٰهِ** ဟူ၍ပင် ဆင့်ပြန်ထားပေသည်။

[ရူးဟွလ်မအာနီကျမ်း]

အာယသ်တော်၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ လူတိုင်းလူတိုင်းသည် မိမိတို့၏ စကားများကို ဖုံးကွယ်သည်ဖြစ်စေ၊ ဖော်ထုတ်သည်ဖြစ်စေ၊ ထိုနည်းတူစွာ မိမိတို့၏ သွားလာလှုပ်ရှားမှုများကို ညာ၏ အမှောင်ထုတွင် လျှို့ဝှက်စွာ ပြုလုပ်ကြသည်ဖြစ်စေ၊ သို့မဟုတ် အများသူငှာ ရှေ့လမ်းများပေါ်တွင် သွားလာကြသည်ဖြစ်စေ၊ ထိုလူသားများအားလုံးအတွက် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကောင်းကင်တမန်များ၏ အုပ်စုများကို သတ်မှတ်ထားရှိသည်။ ထိုကောင်းကင်တမန်များသည် လူသားတို့၏ ရှေ့မှသော်လည်းကောင်း၊ နောက်မှသော်လည်းကောင်း ဝိုင်းရံလျက်ရှိနေကြသည်။ ၎င်းတို့၏ တာဝန်ချိန်သည်လည်း ပြောင်းလဲလျက်ရှိသည်။ ၎င်းတို့သည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်လျက် ရှိကြသည်။ ၎င်းတို့၏ တာဝန်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် လူသားတို့အား ထိန်းသိမ်းစောင့်ရှောက်ရသည်။

ဆွဟီးဟ်ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ ကောင်းကင်တမန်များ၏ အုပ်စု နှစ်စုကို ထိန်းသိမ်းစောင့်ရှောက်မှုတာဝန် ထမ်းဆောင်ရန် သတ်မှတ်ထားသည်။ တစ်ဖွဲ့မှာ ညတွင် တာဝန်ယူရသည်။ ကျန်တစ်ဖွဲ့မှာ နေ့တွင် ဖြစ်သည်။ ၎င်းနောက် ဤနှစ်ဖွဲ့စလုံးသည် 'ဖဂျ်ရ်' အချိန်နှင့် 'အဆွရ်' အချိန်တွင် စုရုံးမိကြသည်။ 'ဖဂျ်ရ်' ဆွလားသ်ဝတ်ပြုပြီးသည့်နောက် ညတာဝန်ကျသော အုပ်စုသည် ပြန်သွားကြသည်။ နေ့တာဝန်ကျသော အုပ်စုသည် ဆက်လက် တာဝန်ထမ်းဆောင်ကြသည်။ 'အဆွရ်' ဆွလားသ် ဝတ်ပြုပြီးနောက် နေ့အုပ်စုသည် ပြန်သွားကြသည်။ ညတာဝန်ကျသော ကောင်းကင်တမန်များသည် ဆက်လက် တာဝန်ထမ်းဆောင်ကြသည်။

အဗူဒါဝူးဒ်ကျမ်း၏ ဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အလီ رضي الله عنه သခင်၏ ဆင့်ပြန်ချက်တစ်ရပ် လာရှိသည်မှာ လူတိုင်းလူတိုင်းနှင့်အတူ ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် ကောင်းကင်တမန်များ သတ်မှတ်ထားရှိသည်။ ထိုကောင်းကင်တမန်များသည် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ၎င်းတို့ အပေါ်သို့ နံရံစသည်များ ပြိုမကျရန် သို့မဟုတ် တွင်းများ၊ ချောက်ကမ်းပါးများအတွင်းသို့ ပြုတ်မကျရန် သို့မဟုတ် တိရစ္ဆာန်နှင့် အခြားလူသားများ ၎င်းကို ဒုက္ခမပေးရန် စသည်တို့ဖြစ်သည်။ လူသားတစ်ဦးကို ဘေးဗလာများ ကျရောက်ရန် အလ္လာဟ်အသျှင်မြတ်က အမိန့်တော် ချမှတ်လိုက်သောအခါမှ ထိုထိန်းသိမ်း စောင့်ရှောက်သော ဖရစ်ရှ်သာဟ်တို့သည် ထိုနေရာမှ ဖယ်ရှားသွားကြသည်။ *[ရူးဟွလ်မအာနီကျမ်း]*

အိဗ်နေဂျရီးရ်ကျမ်းတွင် ဟဇရသ်ဗွတ်စ်မာန်းဂနီ رضي الله عنه ၏ ဆင့်ပြန်ချက်တစ်ရပ်ကို တင်ပြထားပေ သည်။ ထိုဆင့်ပြန်ချက်အရ သိရှိရသည်မှာ ထိန်းသိမ်းစောင့်ရှောက်သော ကောင်းကင်တမန်တို့၏ တာဝန် သည် ဒွန္နယာလောက၏ ဘေးဗလာဒုက္ခများမှ ထိန်းသိမ်းရန် သက်သက်မဟုတ်ဘဲ ၎င်းတို့သည် လူသား ကို အကုသိုလ်များမှ ကင်းဝေးစေရန်လည်း ကြိုးပမ်းဆောင်ရွက်ကာ ထိန်းသိမ်းစောင့်ရှောက်ကြလေသည်။ လူသားတို့၏ နှလုံးသားတွင် ကောင်းမှုကုသိုလ်များနှင့် အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့သည့် စိတ်များ ပေါ်ပေါက်လာစေရန် နှိုးဆော်မှုများလည်း ပြုလုပ်ကြသည်။ ထိုအကြောင်းခံဖြင့် အကုသိုလ်များမှ ကင်းဝေး ရန်ဖြစ်သည်။ ၎င်းနောက် အကယ်၍ ထိုလူသားသည် ကောင်းကင်တမန်များ၏ နှိုးဆော်မှုကို ဂရုမမူဘဲ အကုသိုလ်များတွင် နစ်မွန်းသွားလျှင် ထိုလူသားသည် အမြန်ဆုံး 'သောင်ဗာဟ်' ပြုကာ အကုသိုလ်များမှ သန့်စင်သွားရန် တောင်းဆုဒိုအာပြုလျက် ကြိုးပမ်းကြလေသည်။ အကယ်၍ ထိုလူသားသည် မည်သည့် နည်းနှင့်မျှ သတိမရှိဘဲ 'သောင်ဗာဟ်' မပြုဘဲ နေခဲ့လျှင် ကောင်းကင်တမန်များသည် ၎င်း၏ 'အအ်မာလ် နာမအ်' တွင် ထိုအကုသိုလ်ကို ရေးမှတ်လိုက်ပေသည်။

အချုပ်ဆိုရသော် ဤထိန်းသိမ်းစောင့်ရှောက်သော ကောင်းကင်တမန်များသည် သာသနာရေးရာနှင့် လောကီရေးရာနှစ်မျိုးစလုံး၏ ဘေးဒုက္ခများမှ လူသားသည် အိပ်စက်နေသည်ဖြစ်စေ၊ နိုးကြားနေသည်ဖြစ်စေ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိနေကြသည်။ ဟဇရသ်ကအဗ်အဟ်မားရ် رضي الله عنه သခင်က မိန့်ဆိုသည်မှာ အကယ်၍ လူသားအပါးမှ အလ္လာဟ်အသျှင်မြတ်၏ ဤထိန်းသိမ်းစောင့်ရှောက်မှုကို ဖယ်ရှားလိုက်မည်ဆိုလျှင် 'ဂျင်န်' အပေါင်းတို့သည် ၎င်းတို့၏ ဘဝသက်တမ်းကို ဘေးဗလာအပေါင်းတွင် နစ်မွန်းစေလိမ့်မည် ဖြစ်သည်။ သို့သော် ဤထိန်းသိမ်းစောင့်ရှောက်မှု တာဝန်သည် ထိုအချိန်ထိသာ အကျုံးဝင်သည်။ အကြင်အချိန်အထိ အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်စီမံမှုက ၎င်းကို ထိန်းသိမ်းစောင့်ရှောက်ရန် ခွင့်ပြုတော်မူသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ဗန္ဒာဟ်တစ်ဦးကို ဘေးဒုက္ခတွင် နစ်မွန်းစေလျှင် ဤထိန်းသိမ်း စောင့် ရှောက်သူများသည်လည်း ဖယ်ရှားသွားကြသည်။ ထိုအကြောင်းအရာကိုပင် ရှေ့အာယသ်တော်တွင် ဤသို့ တင်ပြထားပေသည်။

إِنَّ اللَّهَ لَا يُغَيِّرُ مَا بِقَوْمٍ حَتَّىٰ يُغَيِّرُوا مَا بِأَنفُسِهِمْ وَإِذَا أَرَادَ اللَّهُ بِقَوْمٍ سُوءًا

فَلَا مَرَدَّ لَهُ وَمَا لَهُم مِّن دُونِهِ مِن وَالٍ

ဆိုလိုသည္မွာ အုပ္စုတစ္စုသည္ ကိုယ္တိုင္ပင္ မိမိတို႔၏ က်င့္ႀကံမႈမ်ားႏွင့္ အေျခအေနမ်ားကို ဆိုးရြားမႈမ်ားႏွင့္ ေဘးဒုကၡမ်ားအသြင္သို႔ မေျပာင္းလဲသေ႐ြ႕ ကာလပတ္လုံး အလႅာဟ္အသွ်င္ျမတ္သည္လည္း ထိုအုပ္စု၏ ေအးခ်မ္းသာယာေသာ အေျခအေနကို ေဘးဒုကၡမ်ားျဖင့္ ေျပာင္းလဲလိမ့္မည္ မဟုတ္ေပ။ ထို႔ေနာက္ ၄င္းတို႔သည္ မိမိတို႔၏ အေျခအေနမ်ားကို ဆိုးသြမ္းမႈမ်ားႏွင့္ ဖီဆန္မႈမ်ားျဖင့္ ေျပာင္းလဲလိုက္လွ်င္ အလႅာဟ္အသွ်င္ျမတ္သည္လည္း မိမိ၏ ဆက္ဆံမႈကို ေျပာင္းလဲေတာ္မူေလ့ ရွိသည္။ ၄င္းေနာက္ ထင္ရွားသည္မွာ အသွ်င္ျမတ္ကိုယ္ေတာ္တိုင္ တစ္ဦးတစ္ေယာက္၏ ဆိုးရြားမႈကို လိုလားလွ်င္ ၄င္းေနာက္ ျပစ္ဒဏ္က်ေရာက္ေစလိုလွ်င္ တစ္ဖန္ ထိုအမိန္႔ကို မည္သူတစ္ဦးတစ္ေယာက္မွ် ဖယ္ရွားပစ္ႏိုင္မည္ မဟုတ္ေပ။ ၄င္းေနာက္ အလႅာဟ္အသွ်င္ျမတ္၏ အမိန္႔ေတာ္ႏွင့္ ဆန္႔က်င္လ်က္ မည္သည့္အကူအညီမွ ေရာက္ရွိလာႏိုင္မည္မဟုတ္ေပ။

အလိုသေဘာမွာ ျမင့္ျမတ္ေတာ္မူေသာ အလႅာဟ္အသွ်င္ျမတ္၏ ဘက္ေတာ္မွ လူသားမ်ားကို ထိန္းသိမ္းေစာင့္ေရွာက္ရန္ ေကာင္းကင္တမန္မ်ားကို အေစာင့္ထားေတာ္မူသည္။ သို႔ေသာ္ အုပ္စုတစ္စုသည္ အလႅာဟ္အသွ်င္ျမတ္၏ 'ေန႔အ်မသ္'ေတာ္မ်ားကို ေက်းဇူးတင္ရွိျခင္း၊ ၄င္းေနာက္ ထိုအသွ်င္ျမတ္၏ အမိန္႔ကို နာခံျခင္း စသည္တို႔ကို စြန္႔လႊတ္ကာ မေကာင္းေသာ က်င့္ႀကံမႈ၊ ၄င္းေနာက္ ဆိုးသြမ္းမႈတို႔ကိုသာ ေ႐ြးခ်ယ္ခဲ့မည္ဆိုပါက အလႅာဟ္အသွ်င္ျမတ္သည္လည္း မိမိ၏ ထိန္းသိမ္းေစာင့္ေရွာက္သူမ်ားကို ျပန္လည္႐ုပ္သိမ္းေတာ္မူေလ့ ရွိသည္။ ထို႔ေနာက္ အလႅာဟ္အသွ်င္ျမတ္၏ အမ်က္ေဒါသႏွင့္ 'အဇားဗ္'ျပစ္ဒဏ္တို႔သည္ ၄င္းတို႔အေပၚ က်ေရာက္ေလေတာ့သည္။ ထိုအရာမ်ားကို ေရွာင္ရွားရန္ မည္သည့္နည္းလမ္းမွ် ရွိမည္မဟုတ္ေပ။

ထိုရွင္းလင္းခ်က္ေၾကာင့္ သိရွိရသည္မွာ တင္ျပပါအာယသ္ေတာ္တြင္ အေျခအေနမ်ားကို ေျပာင္းလဲျခင္းဟူသည့္ အဓိပၸာယ္မွာ အုပ္စုတစ္စုသည္ အမိန္႔နာခံျခင္းႏွင့္ ေက်းဇူးတရား နားလည္ျခင္းတို႔ကို စြန္႔လႊတ္ကာ မိမိတို႔ကိုယ္တိုင္ ဆိုးရြားေသာ အေျခအေနမ်ားသို႔ ေျပာင္းလဲပစ္ပါက အလႅာဟ္အသွ်င္ျမတ္သည္လည္း မိမိ၏ က႐ုဏာလမ္းစဥ္ႏွင့္ ထိန္းသိမ္းေစာင့္ေရွာက္မႈကို ေျပာင္းလဲပစ္ေတာ္မူသည္။

ဤအာယသ္ေတာ္ႏွင့္ ပတ္သက္ၿပီး အမ်ားအားျဖင့္ အထက္ပါအလိုသေဘာကိုလည္း တင္ျပေလ့ရွိသည္။ အေၾကာင္းမွာ အုပ္စုတစ္စုသည္ ကိုယ္တိုင္ပင္ မိမိတို႔၏ အေျခအေနမ်ားကို ေကာင္းမြန္ေျပာင္းလဲလာရန္ မျပဳျပင္ပါက ထိုအုပ္စု၏ အေျခအေနသည္ ေကာင္းမြန္ေျပာင္းလဲရန္ အေၾကာင္းမရွိေပ။ ထိုအလိုသေဘာႏွင့္ စပ္လ်ဥ္း၍ ေက်ာ္ၾကားေသာ ကဗ်ာတစ္ပုဒ္ရွိသည္။ အလိုသေဘာမွာ 'အလႅာဟ္အသွ်င္ျမတ္သည္ ယေန႔ထိ ထိုအုပ္စု၏ အေျခအေနကို မေျပာင္းလဲေပ။ ယင္းအုပ္စုကိုယ္၌ပင္ မိမိတို႔အေျခအေနအား ေျပာင္းလဲရန္ သတိမရွိခဲ့ပါလွ်င္'ဟု ျဖစ္သည္။

ဤစကားရပ္သည္ အတိုင္းအတာတစ္ခုအထိ မွန္ကန္ပါေသာ္လည္း အထက္ပါအာယသ္ေတာ္၏ အလိုသေဘာမွာ ဤသို႔ မဟုတ္ေပ။ ၄င္းေနာက္ အတိုင္းအတာအထိ မွန္ကန္သည္ဆိုျခင္းမွာလည္း လူအမ်ား သိရွိနားလည္ၾကေသာ မူတစ္ခုအရသာ ျဖစ္သည္။ ယင္းမွာ အၾကင္သူတစ္ဦးသည္ ၄င္းကိုယ္တိုင္ မိမိ၏

အခြေအနေကို ပြုပြင်ရန် ဆန္ဒမရှိခဲ့ပါက အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှလည်း ၎င်းအား ကူညီပံ့ပိုးရန် ကတိမပေးထားပေ။ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် လူသားတို့ကိုယ်၌က ပြုပြင်မှုရရှိရန် သောကထားရှိသောအခါမှ သက်ရောက်မည် ဖြစ်သည်။ ဥပမာ- အာယသ်တော်တစ်ပိုဒ်တွင်

اَلَّذِيْنَ جَاهَدُوافِيْنَا لَنَهْدِ يَنَّهُمْ سُبُلَنَا

ဟူ၍ မိန့်ဆိုထားသည်။ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'ဟေဒါယသ်' လမ်းမှန်သည်လည်း မိမိတို့ကိုယ်တိုင် လမ်းမှန်ကို လိုလားမှုရှိပါမှ လမ်းဖွင့်ပေးတော်မူမည် ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များသည် ထိုမှုအရသာ ချီးမြှင့်ထားသည်မဟုတ်ဘဲ တစ်ခါတစ်ရံ ထိုမှုနှင့် ဆန့်ကျင်၍ ချီးမြှင့်သည်လည်း ရှိပေသည်။

ကျွန်ုပ်တို့၏ တည်ရှိနေခြင်းပင်လျှင် ၎င်းနောက် မြောက်မြားစွာသော 'နေ့အ်မသ်'တော်များသည် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုရလဒ်များ မဟုတ်သကဲ့သို့ ဤသို့သော ဘဝသက်တမ်း ချီးမြှင့်ရန် ကျွန်ုပ်တို့သည် မည်သည့်အခါကမျှ တောင်းဆိုခဲ့ကြဖူးသည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ မျက်စိများ၊ နှာခေါင်းများ၊ နားများနှင့် ရှိရှိသမျှ အင်အားများ ၎င်းနောက် အခြားအစိတ်အပိုင်းများ မှန်ကန်မှုရှိစေရန်လည်း တောင်းဆိုခဲ့ခြင်း မရှိပေ။ ဤ 'နေ့အ်မသ်'တော်များသည်ကား မတောင်းဘဲ ရရှိခဲ့သော အရာများပင် ဖြစ်လေသည်။

မုချကေန် 'နေ့အ်မသ်'တော်များ ရပိုင်ခွင့်သည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်မရှိဘဲ မိမိ၏ ကြိုးပမ်းမှုဖြင့်သာ မရရှိနိုင်ပေ။ ၎င်းနောက် အုပ်စုတစ်စုသည် ကြိုးပမ်းကျင့်ကြံမှု မပြုဘဲ အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို စောင့်ဆိုင်းနေခြင်းသည်လည်း မိမိကိုယ်မိမိ လှည့်ဖြားခြင်းနှင့် အလားသဏ္ဍာန်တူလေသည်။

هُوَالَّذِى يُرِيْكُمُ الْبَرْقَ خَوْفًا وَّطَمَعًا وَّيُنْشِئُ السَّحَابَ الثِّقَالَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သာလျှင် သန့်ရှင်းစင်ကြယ်တော်မူ၏။ အကြင်အသျှင်မြတ်သည် အသင်တို့အား မိုးကြိုးလျှပ်စီးတို့ကို ပြသလေသည်။ အကြင်အရာများသည် လူသားတို့အတွက် ကြောက်မက်ဖွယ်ရာလည်း ဖြစ်ရှိနိုင်၏။ အကြောင်းမှာ ထိုအရာများ ကျရောက်သောနေရာတွင် သေကြေပျက်စီးသွားမည် ဖြစ်သည်။ ၎င်းနောက် လူသားတို့အတွက် ထိုအရာများသည် မျှော်လင့်ဖွယ်ရာတစ်ခုလည်း ဖြစ်နိုင်၏။ အကြောင်းမှာ လျှပ်စီးလက်ပြီးသည့်နောက် မိုးရွာသွန်းခြင်းလည်း ဖြစ်နိုင်သည်။ အကြင်မိုးသည် လူသားတို့နှင့် တိရစ္ဆာန်တို့၏ ဘဝသက်တမ်းအတွက် အားထားဖွယ်ရာတစ်ခု ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်သာလျှင် သန့်ရှင်းစင်ကြယ်တော်မူ၏။ အကြင်အသျှင်မြတ်သည် ကြီးမားလေးလံသော တိမ်တိုက်ကြီးများကို သမုဒ္ဒရာအတွင်းမှ မုတ်သုန်လေအဖြစ် မ,ယူတော်မူသည်။ တစ်ဖန် ထိုရေများဖြင့် ပြည့်နှက်နေသော တိမ်တိုက်များကို လေဟာနယ်တွင် အလွန်လျင်မြန်စွာဖြင့် တစ်နေရာမှ တစ်နေရာသို့ ယူဆောင်သွားတော်မူသည်။ ၎င်းနောက်၏ မိမိအမိန့်ဆုံးဖြတ်ချက်နှင့် သတ်မှတ်ချက်တို့နှင့်အညီ အလိုရှိရာ နေရာတွင် ရွာသွန်းစေတော်မူသည်။

وَيُسَبِّحُ الرَّعْدُ بِحَمْدِهٖ وَالْمَلٰٓئِكَةُ مِنْ خِيفَتِهٖ

ဆိုလိုသည်မှာ 'ရအဒ်'သည် အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကို ရွတ်ဆိုလျက်ရှိသည်။ အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းခြင်းနှင့် ကျေးဇူးတရားအကြောင်း ရွတ်ဆိုလျက်ရှိသည်။ ၎င်းနောက် အခြားကောင်းကင်တမန်တို့သည်လည်း ထိုအသျှင်မြတ်၏ ကြောက်ရွံ့စိတ်ဖြင့် 'သစ်ပ်ဗီးဟ်'ရွတ်ဆိုလျက်ရှိကြသည်။

'ရအဒ်'ဆိုသည်မှာ ဝေါဟာရတွင် တိမ်တိုက်များ၏ ရွေ့လျားသံကို ခေါ်ဆိုပေသည်။ ထိုအသံသည် တိမ်တိုက်များ တစ်ခုနှင့်တစ်ခု တိုက်မိကြသောအခါ ထွက်ပေါ်လေ့ရှိသည်။ 'သပ်စ်ဗီးဟ်'ရွတ်ဆိုခြင်းဆိုသည်မှာ ထို 'သပ်စ်ဗီးဟ်'ကိုပင် ဆိုလိုခြင်းဖြစ်သည်။ ယင်းကို ကျမ်းမြတ်ကုရ်အာန်၏ အခြားအာယသ်တော်တစ်ပိုဒ်တွင် တင်ပြထားပေသည်။ မိုးနှင့် မြေတွင် အလ္လာဟ်အသျှင်မြတ်၏ 'သပ်စ်ဗီးဟ်'မရွတ်ဆိုသည့် အရာဟူ၍ မရှိပေ။ သို့သော် ဤ 'သပ်စ်ဗီးဟ်'ကို လူအများ ကြားနိုင်စွမ်း မရှိကြချေ။ ၎င်းနောက် အချို့သော ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'ရအ်ဒ်'ဆိုသည်မှာ ကောင်းကင်တမန်တစ်ပါး၏ အမည်ဖြစ်သည်။ ၎င်းသည် မိုးရွာသွန်းခြင်းနှင့် ပတ်သက်ပြီး တာဝန်ပေးခြင်းခံရသည်။ ထိုသဘောသဘာဝအရ 'သပ်စ်ဗီးဟ်'ရွတ်ဆိုလျက် ရှိကြောင်းမှာ ထင်ရှားနေလေပြီ။

وَيُرْسِلُ الصَّوَاعِقَ فَيُصِيبُ بِهَا مَنْ يَّشَآءُ

صَوَاعِق သည် **صَاعِقَةٌ** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ မြေပထဝီသို့ ကျရောက်သော လျှပ်စီးကို 'ဆွာအိကာဟ်' ဟု ခေါ်ဆိုပေသည်။ အာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် ဤလျှပ်စီးကြောင်းများကို မြေပထဝီပေါ်သို့ ပို့ဆောင်တော်မူသည်။ ထိုလျှပ်စီး၏ အကြောင်းခံဖြင့် အလိုရှိသူအား လောင်ကျွမ်းစေတော်မူသည်။

وَهُمْ يُجَادِلُوْنَ فِى اللّٰهِ وَهُوَ شَدِيْدُ الْمِحَالِ

مِحَال ဟူသော စာသားသည် (မီးမ်ကို 'ကဆ်ရဟ်'ဖြင့်) လှည့်ဖြားကြံစည်ခြင်းဟု အဓိပ္ပာယ်ရသည်။ ၎င်းနောက် 'အဓားဗ်'အပြစ်ဒဏ်ဟုလည်း အဓိပ္ပာယ်ရသည်။ ၎င်းနောက် စွမ်းဆောင်နိုင်ခြင်းဟူ၍လည်း အဓိပ္ပာယ်ရသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိကြောင်းနှင့် ပတ်သက်၍ အချင်းချင်း အငြင်းပွားလျက် ရှိနေကြသည်။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည် ကြီးမားသော ကြံစည်နိုင်စွမ်းရှိတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မည်သူတစ်ဦးတစ်ယောက်၏ လှည့်စားမှုမှ အသုံးဝင်လိမ့်မည်မဟုတ်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قُلْ مَن رَّبُّ السَّمٰوٰتِ وَالْاَرْضِ ؕ قُلِ اللّٰهُ ؕ قُلْ
اَفَاتَّخَذْتُمْ مِّنْ دُوْنِهٖۤ اَوْلِيَآءَ لَا يَمْلِكُوْنَ لِاَنْفُسِهِمْ نَفْعًا
وَّلَا ضَرًّا ؕ قُلْ هَلْ يَسْتَوِى الْاَعْمٰى وَالْبَصِيْرُ ۙ اَمْ هَلْ
تَسْتَوِى الظُّلُمٰتُ وَالنُّوْرُ ۚ اَمْ جَعَلُوْا لِلّٰهِ شُرَكَآءَ خَلَقُوْا
كَخَلْقِهٖ فَتَشَابَهَ الْخَلْقُ عَلَيْهِمْ ؕ قُلِ اللّٰهُ خَالِقُ كُلِّ شَىْءٍ
وَّهُوَ الْوَاحِدُ الْقَهَّارُ ﴿١٦﴾

၁၃ း ၁၆ ။ ။ (အို၊ နဗီတမန်တော်)၊ အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောဆို (မေးမြန်း) ပါလေ။ (အို၊ အချင်းတို့) 'မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အဘယ်အသျှင်မြတ် ဖြစ်ပါသနည်း။ အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်ကြောင်း' အသင်ကပင် ဖြေကြားပါလေ။ (တစ်ဖန်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောဆို မေးမြန်းပါဦးလေ။ (အို၊ အချင်းတို့) 'သို့ပါလျက် အသင်တို့သည် ထိုအသျှင်မြတ်အား စွန့်၍ မိမိတို့နှင့် ပတ်သက်၍ပင် အကျိုးဖြစ်ထွန်းစေခြင်းကိုလည်းကောင်း၊ အကျိုးယုတ်စေခြင်းကိုလည်းကောင်း အစိုးမရသော အရာများကိုပင် အရာရာကို စီမံခန့်ခွဲ၍ ပေးသူများအဖြစ် ပြုလုပ်သတ်မှတ်ခဲ့ကြလေသလော။ အသင်သည် (၎င်းတို့အား၊ ဤသို့ တစ်ဖန်) ပြောဆိုမေးမြန်း ပါဦးလေ။ (အို၊ အချင်းတို့) မျက်စိအလင်း မရသူနှင့် မျက်စိအလင်းရသူသည် တူနိုင်ပါမည်လော။ သို့တည်းမဟုတ် အမိုက်မှောင်နှင့် အလင်းရောင်သည် တူနိုင်ပါမည်လော။ သို့တည်းမဟုတ် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၌ အကြင်ကဲ့သို့သော တွဲဖက်များကို ပြုလုပ်၍ သတ်မှတ်ထားခဲ့ကြလေသလော။ ယင်းတွဲဖက်များသည် ထိုအသျှင်မြတ် ဖန်ဆင်းတော်မူခဲ့သည့် နည်းတူ (တစ်စုံတစ်ရာကို) ဖန်ဆင်းခဲ့ကြသဖြင့် ယင်းဖန်ဆင်းသော အရာသည် ၎င်းတို့အပေါ်၌ ဆင်တူယိုးမှား ဖြစ်ခဲ့သည် ဖြစ်လေသလော။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောဆိုဖြေကြားပါလေ။ (အို၊ အချင်းတို့) အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော အသျှင် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် တစ်ဆူတည်းသော အသျှင်၊ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

اَنْزَلَ مِنَ السَّمَآءِ مَآءً فَسَالَتْ
اَوْدِيَةٌۢ بِقَدَرِهَا فَاحْتَمَلَ السَّيْلُ زَبَدًا رَّابِيًا ؕ وَمِمَّا
يُوْقِدُوْنَ عَلَيْهِ فِى النَّارِ ابْتِغَآءَ حِلْيَةٍ اَوْ مَتَاعٍ زَبَدٌ

مِّثْلُهٗ ۚ كَذٰلِكَ يَضْرِبُ اللّٰهُ الْحَقَّ وَالْبَاطِلَ ۥ فَاَمَّا
الزَّبَدُ فَيَذْهَبُ جُفَآءً ۚ وَاَمَّا مَا يَنْفَعُ النَّاسَ
فَيَمْكُثُ فِى الْاَرْضِ ۗ كَذٰلِكَ يَضْرِبُ اللّٰهُ الْاَمْثَالَ ؕ﴿١٧﴾

၁၃ : ၁၇ ။ ။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ (မိုး) ရေကို ရွာသွန်းစေတော်မူခဲ့၏။ ထိုအခါ ချောင်းလျှိုရိုးများသည် မိမိတို့၏ အဝင်အဆံ့နှင့် လျော်ညီစွာ အထွေထွေ စီးဆင်းကြလေသည်။ ထို့နောက် ပြင်းထန်စွာ စီးဆင်းသော ထိုရေစီးသည် ရေမြှုပ်ကို ရေပေါ်သို့ သယ်ဆောင်၍ လာပေသည်။ ထိုနည်းတူစွာ လူတို့သည် လက်ဝတ်လက်စားသော်လည်းကောင်း၊ (အခြား) အသုံးအဆောင် ကိရိယာပစ္စည်းများကိုသော်လည်းကောင်း၊ ပြုလုပ်ရန်အလို့ငှာ (မီးဖိုထဲ၌) မီးချ (အရည်ကျို) ကြကုန်သော ဓါတ်သတ္တုများတွင်လည်းကောင်း ယင်းကဲ့သို့ပင် အမြှုပ်အချေးသည် တက်လာကြကုန်၏။ အလ္လာဟ်အသျှင်မြတ်သည် ဤနည်းအတိုင်းပင် အမှန်နှင့် အမှားကို ပုံခိုင်းတော်မူလေသည်။ သို့ဖြစ်ပေရာ အညစ်အကြေးသည် အသုံးမကျသော အရာအဖြစ် အချည်းအနှီး ဖြစ်သွားလေတော့သည်။ သို့ရာတွင် လူတို့အဖို့ အသုံးဝင်သောအရာမှာမူ ပထဝီမြေဝယ် ကျန်ရှိ၍ နေလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤနည်းအတိုင်းပင် ဥပမာပုံဆောင်ချက်များကို (လူတို့ စဉ်းစားဆင်ခြင်ရန်အတွက်) ခိုင်းနှိုင်းတော်မူချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော် (၎င်းတို့အား ဤသို့) ပြောလေလော။ မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းတော်မူသော အသျှင် (ဆိုလိုသည်မှာ ကီထွင်တော်မူသော အသျှင်နှင့် တည်မြဲစေသော အသျှင်၊ ဆိုလိုသည်မှာ ဖန်ဆင်းတော်မူသော အသျှင်နှင့် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်) သည် မည်သူနည်း။ (၎င်းနောက် ယင်း၏ အဖြေမှာ သတ်မှတ်ပြီးဖြစ်သောကြောင့် အဖြေကိုလည်း) အသင်တမန်တော် (ပင်) ပေးလော။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ (တစ်ဖန်) အသင်တမန်တော် ပြောကြားလော့။ အကြောင်းမှာ (ဤ 'သောင်ဟီးဒ်' တရား၏ အထောက်အထားများကို ကြားနေပြီး) သော်လည်း အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူများကို အကူအညီပေးသူအဖြစ် (ဆိုလိုသည်မှာ ကိုးကွယ်ရာအသျှင်အဖြစ်) သတ်မှတ်နေပါသေးသလော။ အကြင်အရာများသည် (အတိုင်းထက်အလွန် မတတ်စွမ်းနိုင်ခြင်းကြောင့်) မိမိကိုယ်နှင့် ပတ်သက်၍ပင် အကျိုးအမြတ်နှင့် ဆုံးရှုံးမှုအား ရွေးချယ်ပိုင်ခွင့် မရှိပေ။ (၎င်းနောက် တုဖက်နှိုင်းယှဉ်ခြင်း၏ မှားယွင်းမှု၊ ၎င်းနောက် 'သောင်ဟီးဒ်' တရား၏ မှန်ကန်မှုကို သိရှိပြီးနောက် 'သောင်ဟီးဒ်' ကို လက်ခံသူများနှင့် 'ရှရစ်က်' ကို လက်ခံသူများ၊ ၎င်းနောက် 'သောင်ဟီးဒ်' နှင့် 'ရှရစ်က်' တို့အကြား ကွဲပြားခြားနားမှုကို ထင်ရှားစေရန်) အသင်တမန်တော် ဤသို့ (လည်း) ပြောကြား

လော။ မျက်မြင်တစ်ဦးနှင့် မျက်မမြင်တစ်ဦးသည် တူညီနိုင်ပါသလော။ (ဤပမာပေးမှုသည် မုရှိရစ်က်နှင့် 'မုဝဟ်ဟိဒ်'တို့၏ ဥပမာဖြစ်သည်။) သို့မဟုတ် အမှောင်ထုနှင့် အလင်းရောင်သည် တူညီနိုင်မည်လော။ (ဤဥပမာသည် ရှရစ်က်နှင့် 'သောင်ဟီးဒ်'၏ ဥပမာဖြစ်သည်။) သို့မဟုတ် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နိုင်းယှဉ်ခဲ့သော အရာများသည်လည်း (အရာတစ်ခုခုကို) ဖန်ဆင်းထားလေသလော။ ဥပမာ- အလ္လာဟ်အသျှင်မြတ်က (၎င်းတို့ ဝန်ခံသည့်အတိုင်း ဖန်ဆင်းထားသည်များရှိသည်။ (ဤအချက်ကြောင့်) ၎င်းတို့သည် (နှစ်ဦးစလုံး၏) ဖန်ဆင်းထားမှုကို ဆင်တူယိုးမှား ဖြစ်နေကြလေသလော။)

၎င်းနောက် ဤသည်ကိုပင် အထောက်အထားပြု၍ နှစ်ဦးစလုံးသည် ဖန်ဆင်းရှင်အဖြစ် တူညီနေကြသောကြောင့် နှစ်ဦးစလုံးပင် ကိုးကွယ်ခံထိုက်ရာတွင်လည်း တူညီလျက်ရှိသည်ဟု ထင်မှတ်နေကြသလော။ ဤအကြောင်းကိုလည်း) အသင်တမန်တော် (ပင်) ပြောကြားလော။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်သာလျှင် (မိမိ၏ ကတိတော်နှင့် ပြီးပြည့်စုံသော ဂုဏ်တော်အပေါင်းတွင်) တစ်ပါးတည်း တည်ရှိတော်မူသည်။ (၎င်းနောက် အဖန်ဆင်းခံများအားလုံးအပေါ်) လွှမ်းမိုးတော်မူလျက် ရှိသည်။ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်မှ (မိုး) ကို ရွာသွန်းစေတော်မူသည်။ တစ်ဖန် (ထိုရေများဖြင့်) ချောင်းများ (ပြည့်လျှံကာ) မိမိအတိုင်းအတာအရ စီးဆင်းလျက်ရှိကြသည်။ (ဆိုလိုသည်မှာ သေးသော ချောင်းတွင် ရေအနည်းငယ်သာ စီးတွေပြီး ကြီးမားသော ချောင်းများတွင် များမြောင်စွာ စီးတွေလျက်ရှိသည်။) တစ်ဖန် ထိုစီးတွေသော (ရေသည်) အမှိုက်သရိုက်များကို သယ်ဆောင်သွားလေသည်။ ယင်းတို့သည် ထို (ရေ) ၏ (မျက်နှာပြင်) အပေါ်တွင် (မျောပါလျက်) ရှိကြသည်။ (ဤသည် အမှိုက်သရိုက်တစ်မျိုး ဖြစ်သည်။) ၎င်းနောက် အကြင် အရာများကို မီးအတွင်း (ထည့်ကာ) လက်ဝတ်ရတနာများ သို့မဟုတ် ပစ္စည်းများ (လက်ဝတ်တန်ဆာစသည်တို့) ပြုလုပ်ရန် အပူပေးကြသည်။ ထိုသို့ အပူပေးရာတွင်လည်း ဤကဲ့သို့ပင် အမှိုက်သရိုက်များ (အပေါ်သို့ တက်လာကြသည်။) ထို့ကြောင့် ဤဥပမာနှစ်ခုတွင် အကြောင်းအရာနှစ်ခု ရှိသည်။ တစ်ခုမှာ အသုံးဝင်သော အရာ ရေအရင်းအမြစ်ဖြစ်သည်။ ထို့နောက် ဥစ္စာပစ္စည်းဖြစ်သည်။ ၎င်းနောက် အခြားတစ်ခုမှာ အသုံးမဝင်သော ပစ္စည်းအမှိုက်သရိုက်များနှင့် အညစ်အကြေးများ ဖြစ်သည်။ အချုပ်ဆိုရသော်) အလ္လာဟ်အသျှင်မြတ်သည် အမှန်တရားနှင့် (ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တရားနှင့် အီမာန်ယုံကြည်မှု စသည်တို့ကို) ၎င်းနောက် မှားယွင်းမှုကို (ဆိုလိုသည်မှာ ကုဖွရ်နှင့် ရှရစ်က် စသည်တို့ကို) ဤကဲ့သို့ပင် ပမာပေး တင်ပြလေ့ရှိသည်။ (ဤအကြောင်းအရာကို ရှေ့တွင် ပြည့်စုံစွာ တင်ပြမည်ဖြစ်သည်။)

ထို့ကြောင့် (တင်ပြပါ ဥပမာနှစ်ခုတွင်) အညစ်အကြေးများကို စွန့်ပစ်ရသည်။ ၎င်းနောက် လူတို့အတွက် အသုံးဝင်သော အရာများသည် လောကတွင် (အကျိုးပြုလျက်) တည်ရှိနေသည်။ (၎င်းနောက် အမှန်နှင့် အမှားကို အထက်တွင် တင်ပြခဲ့သည့်အတိုင်း) အလ္လာဟ်အသျှင်မြတ်သည် ဤနည်းအတိုင်းပင် (အရေးကြီးသော အကြောင်းအရာများတွင်) ပမာပေး တင်ပြလေ့ရှိသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤဥပမာနှစ်မျိုးစလုံး၏ အလိုသဘောမှာ တင်ပြခဲ့သည့်အတိုင်း အညစ်အကြေးများသည် အဓိက ကျသော ပစ္စည်းအပေါ်တွင်သာ တွေ့မြင်ရသည်။ သို့သော် နောက်ဆုံးတွင် ယင်းတို့ကို စွန့်ပစ်ရသည်။ ၎င်းနောက် အဓိကကျသော အရာသည်သာ ကျန်ရှိနေတတ်သည်။ ထိုနည်းတူးစွာ လမ်းမှားခြင်းသည် ရက်အနည်းငယ်အတွက် အမှန်တရားအပေါ် လွှမ်းမိုးနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သော်လည်း နောက်ဆုံး တွင် လမ်းမှားမှုသည် လွှမ်းမိုးခံရ၍ ပျောက်ကွယ်သွားလေ့ ရှိသည်။ ၎င်းနောက် အမှန်တရားသည်သာ ကျန်ရှိတည်မြဲနေတတ်သည်။ *[ဂျလာလိုင်န်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

لِلَّذِينَ اسْتَجَابُوا لِرَبِّهِمُ الْحُسْنَىٰ ۚ وَالَّذِينَ لَمْ يَسْتَجِيبُوا لَهُ لَوْ أَنَّ
لَهُم مَّا فِي الْأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لَافْتَدَوْا بِهِ ۚ أُولَٰئِكَ لَهُمْ
سُوءُ الْحِسَابِ وَمَأْوَاهُمْ جَهَنَّمُ ۖ وَبِئْسَ الْمِهَادُ ﴿١٨﴾

၁၃ : ၁၈ ။ ။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို လက်ခံနာယူကြကုန်သော သူတို့အဖို့ ကောင်းမြတ်သော အကျိုးသည် ရှိပေသည်။ သို့ရာတွင် ထိုအသျှင်မြတ်၏ အမိန့်တော်ကို လက်ခံနာယူခြင်း မပြုခဲ့ ကြသော သူတို့မှာမူ အကယ်၍ စင်စစ် ၎င်းတို့၌ ကမ္ဘာမြေဝယ် ရှိသမျှသော အရာဝတ္ထု အလုံးစုံတို့အပြင် ယင်းနှင့်အတူ ထိုမျှလောက် နောက်ထပ် ရှိပါလျှင်လည်း အမှန်ပင် ၎င်းတို့သည် ထိုအလုံးစုံတို့ကို လျော်ကြေးအဖြစ် ပေးကြမည်သာ ဖြစ်၏။ ဤသူများပင် ၎င်းတို့၌ အလွန် ပြင်းထန်ပူဆွေးဖွယ်ရာဖြစ်သော စစ်ဆေးမှုသည် ရှိချေမည်။ ထို့ပြင် ၎င်းတို့၏ နေရာထိုင်ခင်းသည် 'ဂျဟန္နမ်'ငရဲဘုံပင် ဖြစ်ပေမည်။ စင်စစ် ယင်းနေရာထိုင်ခင်းသည် အလွန်ပင် ဆိုးရွားလှပေသည်။

أَفَمَن يَعْلَمُ
أَنَّمَا أُنزِلَ إِلَيْكَ مِن رَّبِّكَ الْحَقُّ كَمَنْ هُوَ أَعْمَىٰ ۚ إِنَّمَا يَتَذَكَّرُ أُولُو الْأَلْبَابِ ﴿١٩﴾

၁၃ : ၁၉ ။ ။ အသင့်ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ထုတ်ပြန်ပို့ချခြင်းခံရသော ကျမ်းဂန်သည် မှန်ကန်ကြောင်း လေးနက်စွာ ယုံကြည်သောသူသည် မျက်စိအလင်းမရှိသော မျက်ကန်းကဲ့သို့ ဖြစ်နိုင်ပါမည်လော။ (စင်စစ်မှာမူ) ဉာဏ်ရှင်တို့သည်သာလျှင် တရားရကြကုန်၏။

الَّذِينَ يُوفُونَ بِعَهْدِ اللَّهِ وَلَا يَنقُضُونَ الْمِيثَاقَ ﴿٢٠﴾

၁၃ : ၂၀ ။ ။ (ထိုပညာရှင်များက) အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိသော ပဋိညာဉ်ဝန်ခံချက်ကို ကျေပွန်စွာ ဆောင်ရွက်ကြလေသည်။ ထို့ပြင် (ယင်း) ပဋိညာဉ်ဝန်ခံချက်ကို မဖောက်ဖျက်ကြပေ။

وَالَّذِينَ يَصِلُونَ مَا أَمَرَ اللَّهُ بِهِ أَن يُوصَلَ وَيَخْشَوْنَ رَبَّهُمْ وَ
يَخَافُونَ سُوءَ الْحِسَابِ ﴿٢١﴾

၁၃ : ၂၁ ။ ။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်က ဆက်စပ်၍ ထားရှိရန် အမိန့်ပေးတော်မူသည့် အဆက်အသွယ်များကို ဆက်စပ်၍ ထားရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ရိုသေကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလွန် ပူဆွေးဖွယ်ရာဖြစ်သော စစ်ဆေးမှုကိုလည်း စိုးရိမ် ကြောင့်ကြကြကုန်၏။

وَالَّذِينَ صَبَرُوا ابْتِغَاءَ وَجْهِ رَبِّهِمْ
وَأَقَامُوا الصَّلَاةَ وَأَنفَقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً وَيَدْرَءُونَ
بِالْحَسَنَةِ السَّيِّئَةَ أُولَٰئِكَ لَهُمْ عُقْبَى الدَّارِ ﴿٢٢﴾

၁၃ : ၂၂ ။ ။ ၎င်းပြင် ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နှစ်သက်မှုကို ရှာဖွေဆည်းပူးရာ၌ တည်တံ့ကြံ့ခိုင်စွာ ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် 'ဆွလားသ်' ဝတ်ပြုမှုကိုလည်း ဆောက်တည်ကြကုန်၏။ ထိုနည်းတူစွာ ယင်းသူတို့သည် ငါအသျှင်မြတ် ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ လျှို့ဝှက်စွာတစ်မျိုး၊ ထင်ရှားစွာတစ်ဖုံ လှူဒါန်းသုံးစွဲခြင်းလည်း ပြုကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မကောင်းမှုကို ကောင်းမှုဖြင့် လွှဲဖယ်တုန့်ပြန်ကြကုန်၏။ ဤကဲ့သို့သော သူတို့အဖို့ နောင်တမလွန်ဘဝ၏ ကောင်းကျိုးသည် ရှိပေသည်။

جَنَّاتُ عَدْنٍ
يَدْخُلُونَهَا وَمَن صَلَحَ مِنْ آبَائِهِمْ وَأَزْوَاجِهِمْ وَذُرِّيَّاتِهِمْ وَالْمَلَائِكَةُ
يَدْخُلُونَ عَلَيْهِم مِّن كُلِّ بَابٍ ﴿٢٣﴾

၁၃ : ၂၃ ။ ။ (၎င်းတို့အဖို့) ထာဝရတည်သော ဥယျာဉ်များသည် (ရှိပေမည်။) ၎င်းတို့သည် ထိုဥယျာဉ်များသို့ (မိမိတို့ကိုယ်တိုင်လည်း) ဝင်ရောက်ကြပေမည်။ ထို့ပြင် ၎င်းတို့၏ အဘ၊ အဘိုးများအနက်မှလည်းကောင်း၊ ၎င်းတို့၏ ကြင်ရာ

ကြင်ဖက်တို့အနက်မှလည်းကောင်း၊ ၎င်းတို့၏ သား၊ မြေး၊ မြစ်တို့အနက်မှလည်းကောင်း ('ဂျန္နသ်'နှင့်) ထိုက်တန်သော သူတို့သည်လည်း (ဝင်ရောက်ကြပေမည်။) ၎င်းပြင် 'မလာအိကဟ်'ကောင်းကင်တမန်များသည် ထိုသူတို့ထံသို့ တံခါးပေါက်တိုင်းမှ ဝင်ရောက်ကြပေမည်။

سَلَٰمٌ عَلَيۡكُم بِمَا صَبَرۡتُمۡۚ فَنِعۡمَ عُقۡبَى ٱلدَّارِ ﴿٢٤﴾

၁၃ : ၂၄။ ။ (ယင်းကောင်းကင်တမန်များသည် ၎င်းတို့ထံသို့ ဝင်ရောက်ကြသောအခါ) 'အသင်တို့သည် (လောကီဘဝ၌) သည်းခံခြင်းတရား ထားရှိ၍ တည်တံ့ကြံ့ခိုင်စွာ ရှိခဲ့ကြသည့်အတွက် ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်၌ ကျရောက်ပါစေ။ ဤတမလွန်ဘဝ၌ (အသင်တို့ စံစားကြရမည့်) အကျိုးသည် အလွန်ကောင်းမြတ်လှပေသည် (ဟု ပြောဆိုနှုတ်ခွန်းဆက်သကြပေမည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူတို့သည် မိမိတို့၏ ဖန်ဆင်းရှင်စကားကို နာခံလိုက်ကြသည်။ (၎င်းနောက် 'သောင်ဟီးဒ်' တရားနှင့် အမိန့်နာခံခြင်းကို ရွေးချယ်ခဲ့ကြသည်။) ၎င်းတို့အတွက် ကောင်းမွန်သောအစား (ဆိုလိုသည်မှာ 'ဂျန္နသ်'သုခဘုံကို သတ်မှတ်ထားရှိ) သည် ၎င်းနောက် အကြင်သူတို့သည် ထိုအသျှင်မြတ်၏ စကားကို လက်မခံခဲ့ကြလျှင် (၎င်းနောက် ငြင်းဆန်မှုများနှင့် ဖီဆန်မှုများအပေါ် ရပ်တည်နေမည်ဆိုလျှင်) ၎င်းတို့ထံတွင် (ကေယာမသ်နေ့၌) အကယ်၍ လောကတစ်ခွင်စာအပြည့် ပစ္စည်းပစ္စယများ (တည်ရှိ) နေပြီး (သို့သာမက) ထိုပစ္စည်းပစ္စယများနှင့်အညီ ထပ်မံ (ဥစ္စာပစ္စည်းများ) ရှိနေပါလျှင်လည်း ထိုအရာအားလုံးကို မိမိတို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ပေးဆပ်မည်ဆိုလျှင်လည်း ထိုသူတို့ကို ပြင်းထန်စွာ စစ်ဆေးမည်ဖြစ်သည်။ (ထိုစစ်ဆေးမှုကို အခြားအာယသ်တော်တွင် حِسَابٌ عَسِيرٌ ဟု မိန့်တော်မူထားသည်။) ၎င်းနောက် ထိုသူတို့၏ စခန်းသည် (အမြဲတမ်းအတွက်) 'ဂျဟန္နမ်'ငရဲဘုံသာလျှင် ဖြစ်သည်။ စင်စစ် ဤစခန်းသည် အလွန်ပင် ဆိုးရွားလှသော စခန်းဖြစ်သည်။ အကြင်သူသည် အသင်တမန်တော်အပေါ်သို့ အသင်၏ ဖန်ဆင်းရှင်ဘက်မှ ချပေးခဲ့သော အရာများကို မှန်ကန်သည်ဟု သက်ဝင်ယုံကြည်ခဲ့ပါလျှင် ဤကဲ့သို့သော သူသည် (ထိုအသိတရားကို လုံးဝ) မြင်နိုင်စွမ်းမရှိသူနှင့် တူညီနိုင်ပါမည်လော။ (ဆိုလိုသည်မှာ ကာဖိရ်နှင့် မုအ်မင်န်သည် တူညီမှု မရှိနိုင်။)

ဆုံးမသြဝါဒတရားကို အသိဉာဏ်ရှိသူတို့သာလျှင် လက်ခံလေ့ရှိကြသည်။ (၎င်းနောက်) ဤ (အသိဉာဏ်ရှိသူတို့သည်) အလ္လာဟ်အသျှင်မြတ်ကို ကတိခံဝန်ချက် ပြုထားသည်များကို ပြည့်ဝစွာ ဆောင်ရွက်လေ့ရှိသည်။ ၎င်းနောက် (ထို) ကတိကို ချိုးဖောက်လေ့ မရှိပေ။ ထို့နောက် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်က ဆက်နွယ်ရန် အမိန့်ပေးထားသော တော်စပ်မှုများအား ဆက်နွယ်ကြသည်။ ၎င်းနောက် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ရိုကျိုးကြသည်။ ၎င်းနောက် ပြင်းထန်သော

'အဇာဗ်'အပြစ်ဒဏ်ကို စည်းစိမ်ကြောင့်ကြကြသည်။ (ထိုပြစ်ဒဏ်များသည် သီးခြားကာဖိရ်များနှင့်သာ သက်ဆိုင်သည်။ ထို့ကြောင့် ကုဖွ်ရ်ငြင်းဆန်မှုမှလည်း ရှောင်ရှားကြသည်။) ထို့နောက် ၎င်းတို့သည် မိမိတို့ ဖန်ဆင်းရှင်၏ နှစ်မြို့မှုကို ရှာဖွေလျက်ရှိကြပြီး (စစ်မှန်သော သာသနာအပေါ်) မြဲမြဲလျက် ရှိကြသည်။ ၎င်းနောက် 'ဆွလားသ်'ဝတ်ပြုမှုကိုလည်း မြဲမြဲစွာ ဆောက်တည်ကြသည်။ ၎င်းနောက် ငါအသျှင်မြတ် ချီးမြှင့်ထားသော အရာများမှ တိတ်တဆိတ်ဖြစ်စေ၊ ပေါ်လွင်စွာဖြစ်စေ (အလျဉ်းသင့်သကဲ့သို့ လှူဒါန်း) သုံးစွဲလေ့ရှိကြသည်။ ၎င်းနောက် (လူတို့၏) ဆိုးရွားစွာ ဆက်ဆံမှုကို (၎င်းတို့အား ဆက်ဆံရမှုကို) ပြေပြစ်သော ဆက်ဆံမှုဖြင့် ပြောင်းလဲဆက်ဆံလေ့ ရှိကြသည်။ (ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်က ၎င်းတို့အား ဆိုးရွားစွာ ဆက်ဆံခဲ့လျှင် လျစ်လျူရှုရုံမက ထိုသူ့ကိုပင် ကောင်းမွန်စွာ ဆက်ဆံလေ့ရှိသည်)

ထိုလောကတွင် (ဆိုလိုသည်မှာ တမလွန်တွင်) ၎င်းတို့အတွက် ကောင်းမွန်သော ရလဒ်ရှိသည်။ ဆိုလိုသည်မှာ အမြဲတစေ စံမြန်းရမည့် 'ဂျန္နသ်'သုခဘုံတွင် ၎င်းတို့သည်လည်း ဝင်ရောက်ကြရမည့်အပြင် ၎င်းတို့၏ မိဘနှစ်ပါး၊ ထို့နောက် ဇနီးမယားများ၊ ထို့နောက် သားသမီးများအနက် (ဂျန္နသ်နှင့်) ထိုက်တန်သူ (အီမာန်ရှင်များသည်လည်း) ဝင်ရောက်ကြရမည်။ (ထိုဝင်ရောက်ကြမည့် သူများသည် အထက်ပါ အရည်အချင်းရှိသူများနှင့် အဆင့်အတန်းချင်း တူနိုင်လိမ့်မည် မဟုတ်ပေ။) ၎င်းတို့သည်လည်း (တင်ပြပါ အရည်အချင်းရှိသူများ၏ 'ဗရ်ကသ်'ကြောင့် ၎င်းတို့နှင့် အဆင့်အတန်းတူသော 'ဂျန္နသ်'တွင်) ဝင်ရောက်ကြရမည်။ ၎င်းနောက် ကောင်းကင်တမန်များသည် ၎င်းတို့အပါး (အဘက်ဘက်သော) တံခါးများမှ ဝင်ရောက်လာမည်။ (၎င်းနောက် ပြောဆိုကြလိမ့်မည်။) အကြောင်းမှာ အသင်တို့သည် (ဘေးဗလာအပေါင်း နှင့် ကြောင့်ကြမှုအပေါင်းမှ) အေးချမ်းစွာ နေရမည်။ အသင်တို့သည် (စစ်မှန်သော သာသနာအပေါ်) မြဲမြဲစွာ ရပ်တည်ခဲ့ကြသောကြောင့် ဖြစ်သည်။ သို့ပါ၍ ဤလောကတွင် အသင်တို့၏ ရလဒ်သည် လွန်စွာ ကောင်းမွန်မည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ယခင်အာယသ်တော်များတွင် အမှန်တရားနှင့် လမ်းမှားကို ပမာပေး၍ ရှင်းလင်းတင်ပြခဲ့သည်။ ယခု ဤအာယသ်တော်များတွင် အမှန်တရား လိုက်စားသူများနှင့် လမ်းမှားလိုက်စားသူတို့၏ လက္ခဏာများ၊ ဂုဏ်အင်များ၊ ထို့နောက် ၎င်းတို့၏ ကောင်းသော၊ မကောင်းသော ကျင့်ကြံမှုများ၊ ထို့နောက် ၎င်းတို့၏ အကျိုးခံစားမှုများနှင့် ပြစ်ဒဏ်သင့်မှုများအကြောင်းကို တင်ပြထားပေသည်။

ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ကျင့်ကြံသူ၊ အမိန့်နာခံသူတို့ အတွက် ကောင်းသောအစား ရရှိမည်ဖြစ်ကြောင်းနှင့် ဖီဆန်သူများကို ပြင်းထန်သော ပြစ်ဒဏ်သင့်မည့် အကြောင်းကို တင်ပြထားပေသည်။

ဒုတိယအာယသ်တော်တွင် ထိုနှစ်မျိုးနှစ်စားကို မျက်မြင်နှင့် မျက်မမြင်တို့၏ ဥပမာဖြင့် ပမာပေး တင်ပြထားသည်။ ၎င်းနောက် အဆုံးတွင် မိန့်တော်မူသည်မှာ-

اِنَّمَا يَتَذَكَّرُ اُولُوا الاَلْبَابِ

ဆိုလိုသည်မှာ စင်စစ်တွင် စကားမှာ ရှင်းလင်းလျက်ရှိသည်။ သို့သော် အသိဉာဏ်ရှိသူများသာလျှင် ထိုအရာကို နားလည်နိုင်မည်ဖြစ်သည်။ အကြင်သူတို့၏ အသိဉာဏ်များသည် ပေါ့လျော့မှုကြောင့် ထို့နောက် ဗီဆန်မှုကြောင့် အချည်းနှီးဖြစ်နေမည်ဆိုလျှင် ထိုသူတို့သည် ဤမျှကြီးမားသော ခြားနားမှုကိုပင် နားလည်နိုင်မည်မဟုတ်ပေ။

တတိယအာယသ်တော်တွင် အထက်ပါအုပ်စုနှစ်စုလုံး၏ သီးခြားကျင့်ကြံမှုများနှင့် နိမိတ်လက္ခဏာများအကြောင်းကို စတင် တင်ပြထားလေသည်။ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာသူများ၏ ဂုဏ်အင်များကို ဤသို့ တင်ပြထားသည်။

اَلَّذِيْنَ يُوْفُوْنَ بِعَهْدِ اللّٰهِ

ဆိုလိုသည်မှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်ကို ပေးထားသော ကတိခံဝန်ချက်များကို ပြည့်ပြည့်ဝဝ ဆောင်ရွက်သူများ ဖြစ်ကြသည်။ ကတိခံဝန်ချက်များဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်က မိမိ၏ ကျေးကျွန်များမှ တောင်းဆိုထားသော ကတိကဝတ်များအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ ယင်းတို့အနက်မှ ပထမဦးဆုံး ကတိမှာ အလ္လာဟ်အသျှင်မြတ်သည် မွေးမြူဖန်ဆင်းတော်မူသော အသျှင်သခင်ဖြစ်ကြောင်း ဝိညာဉ်များအားလုံး၏ ရှေ့တွင် ဝိညာဉ်လောကဌ် တောင်းဆိုခဲ့သော ကတိဖြစ်သည်။

اَلَسْتُ بِرَبِّكُمْ

ဆိုလိုသည်မှာ ငါသည် အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်သခင် မဟုတ်သလော။ ထိုစဉ်က အားလုံးသည် တစ်သံတည်း အဖြေပေးခဲ့ကြသည်မှာ- بَلٰى 'အဘယ်ကြောင့် မဟုတ်ရမည်နည်း။ မုချဧကန် အသျှင်မြတ်သည် ကျွန်ုပ်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထိုနည်းတူစွာ အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များအားလုံးကို လိုက်နာရန် 'ဖွရ်ဇ်' ပညတ်ချက်များအားလုံးကို ကျင့်ဆောင်ရန် ၄င်းနောက် မပြုပိုင်သော အရာများမှ ရှောင်ကြဉ်ရန် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ညွှန်ကြားထားခြင်းနှင့် 'ဗန္ဒာဟ်' များဘက်မှလည်း ဝန်ခံကတိပြုထားခြင်းတို့ကို မြောက်မြားစွာသော ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များတွင် တင်ပြထားပေသည်။

ဒုတိယဂုဏ်အင်မှာ-

وَلَا يَنْقُضُوْنَ الْمِيْثَاقَ

ဆိုလိုသည်မှာ ထိုသူတို့သည် မည်သည့်ကတိခံဝန်ချက်မျိုးကိုမှ ဆန့်ကျင်လေ့မရှိ။ ဤစကားရပ်တွင် ဗန္ဒာဟ်နှင့် အလ္လာဟ်အသျှင်မြတ်အကြား ထားရှိသော ကတိခံဝန်ချက်များလည်း ပါဝင်ပေသည်။ ယင်းတို့ကို ဤအလျှင် ပထမဝါကျတွင် عَهْدُ اللّٰهِ ဟူသော စာသားဖြင့် တင်ပြထားပေသည်။ ၄င်းနောက် အွမ္မသ်သူ၊

အမွေသိသားများသည် မိမိတို့၏ နဗီတမန်တော်များနှင့် ထားရှိခဲ့ကြသော ကတိကဝတ်များလည်း ပါဝင်ပေသည်။ ၄င်းနောက် လူသားတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ထားရှိကြသော ကတိကဝတ်များလည်း ပါဝင်ပေသည်။

အဗူဒါဝူးဒ်ကျမ်းတွင် အောင်ဖ်ဗင်န်မာလိက် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများအား အောက်ပါအချက်များအပေါ် ကတိသစ္စာယူ၍ 'ဗိုင်အသ်'ပြုခဲ့သည်။ ၄င်းမှာ 'အလ္လာဟ်အသျှင်မြတ်နှင့် မည်သည့်အရာကိုမျှ တုဖက်နိုင်းယှဉ်ခြင်း မပြုရန်၊ ၄င်းနောက် ငါးကြိမ် 'ဆွလားသ်'ကို စွဲမြဲစွာ ဆောက်တည်ရန်၊ ၄င်းနောက် မိမိတို့၏ ခေါင်းဆောင်များအမိန့်ကို နာခံရန် ၄င်းနောက် မည်သည့်လူသားတစ်ဦးထံမှ မည်သည့်အရာကိုမျှ မတောင်းခံရန်' စသည်တို့ ဖြစ်သည်။

ထို 'ဗိုင်အသ်'ပြုရာတွင် ပါဝင်ခဲ့ကြသူတို့၏ ကတိသစ္စာကို တည်မြဲကြပုံမှာ မြင်းပေါ်တွင် စီးနင်းနေခိုက် ၄င်းတို့၏လက်မှ မြင်းကြာပွတ် ကျသွားလျှင်လည်း ထိုကြာပွတ်ကို ကောက်ယူပေးရန် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြောဆိုလေ့ မရှိပေ။ ကိုယ်တိုင်ပင် အစီးအနင်းမှ ဆင်း၍ ကောက်ယူလေ့ရှိကြသည်။

ဤသည်တို့သည် သာဝကကြီးများ၏ စိတ်နှလုံးတွင်းရှိ တမန်တော်မြတ် ﷺ ၏ အချစ်နှင့် ထွတ်မြတ်မှု၊ ၄င်းနောက် ပြင်းပြသော စိတ်ဓါတ်ဖြင့် အမိန့်နာခံမှု လက္ခဏာများပင် ဖြစ်သည်။ ဤသို့မဟုတ်ပါက တမန်တော်မြတ်၏ သဘောဆန္ဒမှာ ဤကဲ့သို့သော တောင်းခံမှုများမှ တားမြစ်ခဲ့ခြင်း မဟုတ်သည်မှာ ထင်ရှားနေပေသည်။ ဥပမာ- တစ်ခါက ဟဇရသ်အဗ်ဒုလ္လာဟ် ဗင်န် မတ်စ်အူးဒ် ﷺ သည် ဗလီတွင်းသို့ ဝင်ရောက်လာလေသည်။ တမန်တော်မြတ် ﷺ ၏ ဩဝါဒစကား မိန့်ကြားနေသည်ကို တွေ့ရှိခဲ့သည်။ ထို့နောက် တိုက်ဆိုင်စွာပင် ၄င်းဗလီတွင်းသို့ ဝင်ရောက်သည့်အချိန် ကိုယ်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော နှုတ်လျှာမှ 'ထိုင်လော'ဟူသော စကားကို ပြောကြားလိုက်သည်။ အဗ်ဒုလ္လာဟ် ဗင်န်မတ်စ်အူးဒ် ﷺ သခင်က ထိုစကား၏ အလိုသဘောမှာ လမ်းပေါ်တွင် သို့မဟုတ် မသင့်လျော်သော နေရာတစ်ခုခုတွင် ထိုင်ရန် ပြောဆိုခြင်း မဟုတ်သည်ကိုလည်း သိရှိသည်။ သို့သော် အမိန့်နာခံလို စိတ်ပြင်းပြမှုသည် ၄င်းကို ရှေ့တစ်လှမ်းတိုးရန်ပင် အခွင့်မပေးခဲ့ပေ။ ထိုအသံကို ကြားလိုက်ရသော ဗလီဝတ်ကျောင်းတော်၏ တံခါးအပြင်ဘက်တွင်ပင် ထိုင်ချလိုက်လေတော့သည်။

အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံသော ဗန္ဒာဟ်ကျေးကျွန်တို့၏ တတိယဂုဏ်အင်ကို ဤသို့ တင်ပြထားသည်။

وَالَّذِيْنَ يَصِلُوْنَ مَا اَمَرَ اللّٰهُ بِهٖ اَنْ يُّوْصَلَ

ဆိုလိုသည်မှာ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်က တည်မြဲစွာ ထားရှိရန် မိန့်ထားသော တော်စပ်မှုများကို တည်မြဲစွာ ထားရှိကြသည်။ ဤအာယသ်တော်၏ ကျော်ကြားသော သဖ်စီးရ်မှာ ဆွေမျိုးသား

ချင်းများနှင့် အမြဲတစေ ဆက်နွယ်မှုထားရှိရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည့်အတိုင်း ထိုသူတို့သည် ထိုဆက်နွယ်တော်စပ်မှုများကို တည်မြဲစွာ ထားရှိကြသည်။ အချို့သော သဖ်စီးရ်ပညာရှင်များက မိန့်ဆိုကြသည်မှာ ဤအာယသ်တော်၏ အလိုသဘော မှာ ထိုသူတို့သည် အီမာန်ယုံကြည်မှုနှင့်တကွ ကောင်းကျိုးကျင့်ကြံမှုများကို သို့မဟုတ် တမန်တော်မြတ် ﷺ နှင့် ကျမ်းတော်မြတ်ကုရ်အာန်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့်တကွ လွန်လေပြီးသော နဗီတမန် တော်များနှင့် ၎င်းတို့၏ ကျမ်းဂန်များအပေါ် အီမာန်သက်ဝင် ယုံကြည်ခြင်းတို့ကို ဒွန်တွဲထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။

စတုတ္ထဂုဏ်အင်္ဂါလက္ခဏာကို ဤသို့ တင်ပြထားသည်။

وَيَخْشَوْنَ رَبَّهُمْ

ဆိုလိုသည်မှာ ၎င်းတို့သည် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ ကြသည်။ ဤနေရာတွင် خَوْفٌ ဟူသော စာသားအစား خَشْيَةٌ ဟူသော စာသားကို သုံးနှုန်းထားခြင်းမှာ အောက်ပါအချက်ကို ရည်ညွှန်းလို၍ ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့မှုသည် သားရဲတိရစ္ဆာန်များ သို့မဟုတ် ဒုက္ခပေးတတ်သူများအား သဘာဝအလျောက် ကြောက်ရွံ့ကြသကဲ့သို့ မဟုတ်ပေ။ သို့သာမက ၎င်းတို့၏ ကြောက်ရွံ့ခြင်းမှာ အများအားဖြင့် သားသမီးက မိဘအား ကြောက်ရွံ့ သကဲ့သို့ တပည့်က ဆရာအား ကြောက်ရွံ့သကဲ့သို့ ဖြစ်သည်။ အကြောင်းမှာ ဒုက္ခပေးလိုသည့် ကြောက်ရွံ့ ခြင်းမျိုး မဟုတ်ဘဲ ချစ်ခင်လေးစားသည့်အတွက်ကြောင့် ကြောက်ရွံ့ခြင်းမျိုးသာ ဖြစ်သည်။ အကြောင်း မှာ ကျွန်ုပ်တို့၏ ပြောဆိုမှုတစ်ခုခုသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် မနှစ်သက်၊ မနှစ်မြို့ ဖွယ်ရာ မဖြစ်သွားရလေအောင် စိုးရိမ်ကြောက်ရွံ့ခြင်းတို့ ဖြစ်သည်။ ထို့ကြောင့်ပင် ချီးမွမ်းထောပနာပြု သည့် နေရာတွင် မည်သည့်နေရာမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည့်အကြောင်း တင်ပြလျှင် များသောအားဖြင့် ဤ خَشْيَة ဟူသာ စာသားကိုပင် သုံးနှုန်းလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ‘ခရှိယသ်’ဟူသည်မှာ ချစ်ခင်လေးစားခြင်းကြောင့် ဖြစ်ပေါ်တတ်သော ကြောက်ရွံ့မှုမျိုးကိုပင် ခေါ်ဆို ပေသည်။ ထို့ကြောင့် အာယသ်တော်၏ ရှေ့အပိုဒ်တွင် ကြမ်းတမ်းစွာ စာရင်းအင်းစစ်ဆေးမှုကို ကြောက်ရွံ့ သည့်အကြောင်း တင်ပြထားလေသည်။ ထိုနေရာတွင် خَشْيَة ဟူသော စာသားအစား خَوْفٌ ဟူသော စာသားကိုပင် သုံးနှုန်းထားပေသည်။ မိန့်တော်မူသည်မှာ-

وَيَخَافُونَ سُوٓءَ ٱلْحِسَابِ

ဆိုလိုသည်မှာ ထိုသူတို့သည် မကောင်းသော စာရင်းအင်း၏ စစ်ဆေးမှုကို ကြောက်ရွံ့ကြသည်။ မကောင်းသော စာရင်းအင်းစစ်ဆေးမှု၏ အလိုသဘောမှာ စာရင်းအင်းစစ်ဆေးရာတွင် ကြမ်းတမ်းစွာ

၎င်းနောက် နိုက်ချွတ်စွာ စစ်ဆေးခြင်းကို ဆိုလိုပေသည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မက အမိန့်ရှိသည်မှာ လူသား၏ အောင်မြင်မှုကား အသျှင်မြတ်၏ သနားကြင်နာမှုဖြင့်သာ ဖြစ်နိုင်ပေသည်။ အကြောင်းမှာ ကျင့်ကြံမှုများကို စာရင်းအင်းစစ်ဆေးရာတွင် ခြုံငုံကာ၊ ၎င်းနောက် ခွင့်လွှတ်လျှော့ပေါ့ကာ စစ်ဆေးရန်ဖြစ်သည်။ သို့မဟုတ်က မည်သူ့ကိုမဆို ပြည့်ပြည့်ဝဝ အသေးအမွှားမှအစ စာရင်းအင်းစစ်ဆေးမည်ဆိုပါက ထိုသူသည် 'အဇာဗ်'ပြစ်ဒဏ်မှ လွတ်မြောက်ရန် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မည်သည့်အခါမျှ မည်သည်အကုသိုလ် အမှားအယွင်းကိုမျှ မကျူးလွန်ခဲ့သူဟူ၍ မည်သူရှိမည်နည်း။ ဤကြမ်းတမ်းစွာ စာရင်းအင်း စစ်ဆေးမှုကို ကြောက်ရွံ့ခြင်းသည် မှန်မြတ်သော အမိန့်နာခံသူတို့၏ ပဉ္စမဂုဏ်အင် ဖြစ်လေသည်။

ဆဋ္ဌမဂုဏ်အင်ကို ဤသို့ တင်ပြထားသည်။

وَالَّذِينَ صَبَرُوا ابْتِغَاءَ وَجْهِ رَبِّهِمْ

ဆိုလိုသည်မှာ အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုကို ရရှိရန်အတွက်သာ ခန္တီတရား ထားရှိကြသည်။ အာရဗီဘာသာရပ်တွင် صبر ၏ အဓိပ္ပာယ်မှာ အူရ်ဒူဘာသာရပ်၌ သုံးသော 'ဆွဗရ်' ၏ အဓိပ္ပာယ်ထက် လွန်စွာ ကျယ်ပြန့်မှုရှိသည်။ အကြောင်းမှာ ဘေးဒုက္ခတစ်ခုခုနှင့် ပတ်သက်ပြီး သည်းခံခြင်းဟူ၍သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာသား၏ မူရင်းအဓိပ္ပာယ်မှာ မိမိစိတ်သဘောထားနှင့် မတိုက်ဆိုင်သော အရာများကြောင့် စိတ်သောကမရောက်ခြင်း ဖြစ်သည်။ သို့သာမက မိမိ၏ လုပ်ဆောင်ချက်အပေါ် မြဲမြံစွာ ရပ်တည်နေခြင်းဖြစ်သည်။ ထို့ကြောင့် 'ဆွဗရ်'နှင့် ပတ်သက်ပြီး နှစ်မျိုးနှစ်စား ရှိကြောင်း၊ တင်ပြကြလေသည်။ တစ်မျိုးမှာ အမိန့်နာခံရာတွင် သည်းခံခြင်း၊ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်ဆောင်ရာတွင် မြဲမြံမှုရှိခြင်း၊ ဒုတိယတစ်မျိုးမှာ အကုသိုလ်များမှ ရှောင်ရှားရာတွင် သည်းခံခြင်း ဆိုလိုသည်မှာ အကုသိုလ်များကို ရှောင်ရှားရာ၌ မြဲမြံမှုရှိခြင်းတို့ ဖြစ်သည်။

صبر ဟူသော စာသားနှင့်တကွ ابْتِغَاءَ وَجْهِ رَبِّهِمْ ဟူသော သတ်မှတ်ချက်သည် ညွှန်ပြနေသည်မှာ မည်သည့်သတ်မှတ်မှုမှ မရှိသော 'ဆွဗရ်'သည် မည်သို့မျှ အကျိုးရှိမည်လည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တစ်ချိန်မဟုတ် တစ်ချိန် သည်းခံစိတ်မရှိသူပင် အတိုင်းအတာတစ်ခု၏ နောက်ဆုံးတွင် 'ဆွဗရ်'ရှိလာစမြဲ ဖြစ်သည်။ မရည်ရွယ်ဘဲ ဖြစ်ပေါ်လာသော 'ဆွဗရ်'သည်းခံတရားသည် မည်သို့မျှ အကျိုးထူးမရှိပေ။ ဤကဲ့သို့ပင် မရည်ရွယ်ဘဲ ဖြစ်ပေါ်လာသော အခြေအနေကိုလည်း အလ္လာဟ်အသျှင်မြတ်က အမိန့်မပေးထားပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ဟဒီးစ်တော်တစ်ပုဒ်တွင် မိန့်တော်မူထားသည်မှာ-

الصَّبْرُ عِنْدَ الصَّدْمَةِ الْأُولٰى

ဆိုလိုသည်မှာ စစ်မှန်သော လက်ခံနိုင်သော 'ဆွဗရ်'တရားမှာ အစကနဦး စိတ်ထိခိုက်ခံစားရသော အချိန်တွင် ထားရှိသော 'ဆွဗရ်'တရားပင် ဖြစ်လေသည်။ သို့မဟုတ်က နောက်ပိုင်းတွင် တစ်ချိန်မဟုတ်

တစ်ချိန် လူသားသည် အလိုအလျောက် 'ဆွဗရ်'တရားရရှိလာစမြဲ ဖြစ်သည်။ ချီးမွမ်းထိုက်သော 'ဆွဗရ်' တရားမှာ မိမိကိုယ်ပိုင် အသိစိတ်ဖြင့် စိတ်ဆန္ဒနှင့် ဆန့်ကျင်သော အကြောင်းအရာကို သည်းခံမှုထားခြင်း၊ ထိုအကြောင်းအရာသည် 'ဖွရဇ်' (သို့) 'ဝါဂျိဗ်'ပညတ်ချက်များကို ကျင့်ကြံခြင်းဖြစ်စေ၊ 'ဟရာမ်'အရာများနှင့် 'မက္ကရူးဟ်'အရာများကို ရှောင်ရှား၍ဖြစ်စေ ဖြစ်သည်။

ထို့ကြောင့် အကယ်၍ အကြင်သူတစ်ဦးသည် ခိုးရန် ရည်ရွယ်ချက်ဖြင့် အိမ်တစ်အိမ်တွင်းသို့ ဝင်ရောက်ပြီး ထိုအိမ်တွင် အခွင့်အရေးမရခဲ့၍ 'ဆွဗရ်'လုပ်ပြီး ပြန်လာသည်ဟုဆိုလျှင် ဤမရည်ရွယ်ဘဲ ပြုခဲ့သော 'ဆွဗရ်'အရာသည် ချီးမွမ်းထိုက်ဖွယ်မဟုတ်ပေ။ 'ဆွဗရ်'တရားအတွက် အကျိုးစဝါးဗ်မှာ အလ္လာဟ် အသျှင်မြတ်ကို ကြောက်ရွံ့၍ ၎င်းနောက် ထိုအသျှင်မြတ်၏ နှစ်မြို့မှုကို ရယူရန် ပြုကျင့်မှသာလျှင် ရရှိမည်ဖြစ်သည်။

သတ္တမဂုဏ်အင်မှာ أَقَامُوا الصَّلٰوةَ 'အိကာမသ်သေဆွလားသ်'၏ အဓိပ္ပာယ်သည် 'ဆွလားသ်' စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ပြီး 'ခုရှုအ်'နှင့်တကွ ဆောက်တည်ခြင်း ဖြစ်သည်။ သာမန် 'ဆွလားသ်'ဆောက်တည်ခြင်းကို ဆိုလိုခြင်း မဟုတ်ပေ။ ထို့ကြောင့်ပင် ကျမ်းတော်မြတ်ကုရ်အာန်တွင် အများအားဖြင့် 'ဆွလားသ်'၏ ပညတ်ချက်ကို اقامت الصوة ဟူသော စာသားဖြင့်သာ သုံးနှုန်းထားလေ့ ရှိသည်။

အဋ္ဌမဂုဏ်အင်မှာ وَأَنْفَقُوا مِمَّا رَزَقْنٰهُمْ سِرًّا وَّعَلَانِيَةً ဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော ရိဇ္ဇာများအနက်မှ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့်လည်း လှူဒါန်းလေ့ရှိသည်။ ဤအာယသ်တော်တွင် ရည်ညွှန်းထားသည် မှာ အသင်တို့ထံမှ 'ဇကားသ်'စသည်တို့ကို ပေးဆောင်ရန် အလ္လာဟ်အသျှင်မြတ်၏ ပညတ်ထားမှုသည် စင်စစ်တွင် ထိုအရာများကို အသင်တို့ထံမှ တောင်းခံနေသည်မဟုတ်။ အသျှင်မြတ်ကိုယ်တော်တိုင် ချီးမြှင့် ထားသော ဥစ္စာပစ္စည်းများအနက်မှ အချို့ကိုသာဖြစ်သည်။ ဆိုလိုသည်မှာ တစ်ရာတွင် ၂.၅% မျှသာ နည်းပါးလွန်းသော အတိုင်းအတာကိုသာ တောင်းဆိုခြင်းဖြစ်သည်။ ယင်းကို ပေးဆောင်ရန် အသင်တို့သည် သဘာဝအလျောက် ချင့်ချိန်မနေသင့်ပေ။

အလ္လာဟ့်လမ်းတွင် ဥစ္စာပစ္စည်း လှူဒါန်းခြင်းနှင့် ပတ်သက်ပြီး سِرًّا وَّعَلَانِيَةً ဟူသော သတ်မှတ်ချက်အရ သိရှိရသည်မှာ 'ဆွဒ်ကာဟ်'၊ 'ခိုင်ရားသ်'တွင် နေရာတကာ လျှို့ဝှက်စွာ ပေးဆောင်ခြင်းသည်လည်း စွန္နသ်တော်မဟုတ်ပေ။ တစ်ခါတစ်ရံ ထုတ်ဖော်ခြင်းသည်လည်း မှန်ကန်သော လုပ်ရပ်ဖြစ်သည်။ ထို့ကြောင့် သာသနာ့ပညာရှင်များက မိန့်သည်မှာ 'ဇကားသ်'နှင့် 'ဝါဂျိဗ်ဆွဒ်ကာဟ်'တို့ကို ပေါ်ပေါ်ထင်ထင် ပေးဆောင်ခြင်းသည် သာပို၍ မွန်မြတ်ပေသည်။ ၎င်းတို့ကို လျှို့ဝှက်စွာ ပေးဆောင်ခြင်းသည် မသင့်လျော်ပေ။ သို့မှသာ အခြားသူများကိုလည်း တိုက်တွန်းရာ ဆွဲဆောင်ရာရောက်မည်။ 'နဖိလ်ဆွဒ်ကာဟ်'များကို လျှို့ဝှက်စွာ ပေးဆောင်ခြင်းသည်ပင် မွန်မြတ်လေသည်။ လျှို့ဝှက်စွာ ပေးဆောင်ခြင်း မွန်မြတ်သည်ဟု ကြားထားသော ဟဒီးစ်တော်များသည် 'နဖိလ်ဆွဒ်ကာဟ်'များနှင့်သာ သက်ဆိုင်သည်။

နဝမဂုဏ်အင်မှာ يَدْرَءُونَ بِالْحَسَنَةِ السَّيِّئَةَ ဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူတို့သည် မကောင်းမှုကို ကောင်းမှုဖြင့်၊ ရန်ငြိုးကို မိတ်ဆွေဖွဲ့ခြင်းဖြင့်၊ ညှဉ်းပန်းမှုကို ခွင့်လွှတ် လိုက်လျောခြင်းဖြင့် တုန့်ပြန်လေ့ ရှိကြသည်။ ဆိုးရွားသော ပြောကြားမှုကို ဆိုးရွားမှုဖြင့်သာ တုန့်ပြန်လေ့ မရှိ။ အချို့ပညာရှင်များက ယင်းအဓိပ္ပာယ်ကို ဤသို့ ဖွင့်ဆိုထားကြလေသည်။ ၎င်းတို့သည် အကုသိုလ်ကို ကောင်းမှုဖြင့် တုန့်ပြန်လေသည်။ ဆိုလိုသည်မှာ မည်သည့်အခါမဆို အမှားယွင်း အကုသိုလ်တစ်ခု ကျူးလွန်မိပါက အမိန့်နာခံမှုနှင့် ခဝပ်ကိုးကွယ်မှုများကို များမြောင်စွာ ပြုခြင်းကြောင့် ယခင်အကုသိုလ်သည် ပပျောက်သွားပေသည်။ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ သည် ဟဇရသ်မုအားဇ် ؓ သခင်ကို မှာတမ်းခဲ့သည်မှာ မကောင်းမှုကျူးလွန်မိပြီးလျှင် ကောင်းမှုကုသိုလ်ကို ပြုကျင့်လော။ ထိုကောင်းမှုသည် မကောင်းမှုကို ဖျောက်ပစ်လိုက်လိမ့်မည်။ ဆိုလိုသည်မှာ ထိုမကောင်းမှု အကုသိုလ်ကျူးလွန်မိသည့်အပေါ် အရှက်ရကာ 'သောင်ဗာဟ်'ပြုလိုက်လျှင် ထို့နောက်တစ်ဖန် ကောင်းမှုကုသိုလ်များ ပြုကျင့်လိုက်လျှင် ထိုကောင်းမှုကုသိုလ်သည် အကုသိုလ်ကို ဖျောက်ပစ်လိုက်လေသည်။ အရှက်မရဘဲ၊ 'သောင်ဗာဟ်'မပြုဘဲ အကုသိုလ်ကျူးလွန်ပြီးနောက် ကောင်းမှုကုသိုလ်တစ်ခုခု ကျင့်ကြံလိုက်ရုံဖြင့် အကုသိုလ်များမှ လွတ်ငြိမ်းခွင့်ရရန် မလုံလောက်ပေ။

အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံသူများအတွက် ဤဂုဏ်အင်ကိုးခုအား တင်ပြပြီးသည့်နောက် ၎င်းတို့၏အစား ဤသို့ တင်ပြမိန့်ဆိုထားသည်။

أُولَٰئِكَ لَهُمْ عُقْبَى الدَّارِ

دار ၏ အလိုသဘောမှာ 'အာခိရသ်'ကို ဆိုလိုခြင်းဖြစ်သည်။ အလိုသဘောမှာ တမလွန်၏ အောင်မြင်မှုများသည် ထိုသူများအတွက်သာလျှင် ဖြစ်သည်။ ၎င်းနောက် အချို့ပညာရှင်များက အမိန့်ရှိသည်မှာ ဤနေရာတွင် دار ၏ အလိုသဘောမှာ ဒုန္နယာလောက ဖြစ်သည်။ ဆိုလိုသည်မှာ ဤသို့ဖြစ်သည်။ လူမွန်လူမြတ်များကို ဤလောကတွင် ဘေးဒုက္ခများလည်း ဆိုက်ရောက်လေ့ ရှိသည်။ သို့သော် အဆုံးတွင် လောကဥ္စလည်း အောင်မြင်တိုးတက်မှုများသည် ထိုလူမွန်တို့၏ ဝေစုသာလျှင် ဖြစ်ပေသည်။

ရှေ့တွင်လည်း عُقْبَى الدَّارِ ဟူသော တမလွန်ရေးရာ၏ အောင်မြင်မှုများအကြောင်း တင်ပြထားပေသည်။ အကြောင်းမှာ ထိုသူတို့အတွက် جَنّٰتُ عَدْنٍ ဖြစ်ပေလိမ့်မည်။ ထိုထဲသို့ ၎င်းတို့ ဝင်ရောက်ကြပေလိမ့်မည်။ عَدْنٍ ၏ အဓိပ္ပာယ်မှာ တည်မြဲနေထိုင်ခြင်းဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ထို 'ဂျန္နသ်' များထဲမှ ၎င်းတို့အား မည်သည့်အချိန်တွင်မှ ထုတ်ပယ်လိမ့်မည်မဟုတ်ပေ။ သို့သာမက ထို 'ဂျန္နသ်'များတွင် ၎င်းတို့၏ တည်မြဲခြင်းသည် အမြဲတမ်းအတွက် ဖြစ်လိမ့်မည်။ ၎င်းနောက် အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ عَدْنٍ သည် 'ဂျန္နသ်'သုခဘုံ၏ အလယ်ဗဟိုနေရာ၏ အမည်ဖြစ်သည်။ ထိုနေရာသည် 'ဂျန္နသ်'၏ အဆင့်အတန်းအနက် မြင့်မားသော အဆင့်အတန်းတစ်ခု ဖြစ်သည်။

ထို့နောက်တွင် ထိုသူမွန်သူမြတ်များအတွက် အခြား 'နေ့အ်မသ်'တော်တစ်ခုကိုလည်း တင်ပြထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ထို 'နေ့အ်မသ်'တော်သည် ထိုသူမွန်သူမြတ်အတွက်သာမက ၎င်းတို့၏ ဘိုး၊ ဘေးများနှင့် ဇနီးကြင်ယာများ၊ ၎င်းနောက် သားသမီးများသည်လည်း ဝေစုအဖြစ် ရရှိမည်ဖြစ်သည်။ သို့သော် သတ်မှတ်ချက်ရှိသည်မှာ ထိုသူတို့သည်လည်း လူကောင်းသူမွန်များ ဖြစ်ရမည်။ အနိမ့်ဆုံးအဆင့်မှာ မွတ်စ္စလင်မ်ဖြစ်ရမည်။ ၎င်းနောက် အလိုသဘောမှာ ဤသို့ဖြစ်မည်။ ထိုသူမွန်သူမြတ်များ၏ ဘိုး၊ ဘေးများနှင့် ဇနီးကြင်ယာတို့၏ ကျင့်ကြံမှုများသည် စင်စစ်တွင် ထိုအဆင့်အတန်းသို့ မရောက်ရှိနိုင်ပါသော်လည်း အလ္လာဟ်အသျှင်မြတ် လက်သင့်ခံသော ဗန္ဒာဟ်ကျေးကျွန်များ၏ 'ဗရ်ကသ်'အကြောင်းခံဖြင့် ၎င်းတို့ကိုလည်း ထိုမြင့်မားသော အဆင့်အတန်းသို့ ပို့ဆောင်ပေးမည် ဖြစ်သည်။

ထို့နောက် တမလွန်လောကတွင် ၎င်းတို့၏ အောင်မြင်မှုများနှင့် ပတ်သက်ပြီး ထပ်မံ တင်ပြသည်မှာ ကောင်းကင်တမန်များသည် တံခါးပေါက်တိုင်းမှ ၎င်းတို့အား စလာမ်မေတ္တာပို့သလျက် ဝင်ရောက်လိမ့်မည်။ ၎င်းနောက် ပြောကြားကြမည်မှာ အသင်တို့၏ 'ဆွဗရ်'တရား ထားရှိခဲ့ခြင်းကြောင့် ဘေးဒုက္ခအပေါင်းမှ ကင်းဝေးရခြင်း ဖြစ်သည်။ ၎င်းနောက် ဤတမလွန်လောကသည် အဘယ်မျှ ကောင်းမွန်သော ရလဒ်ဖြစ်လေတော့သနည်း။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَالَّذِيْنَ يَنْقُضُوْنَ عَهْدَ اللّٰهِ مِنْۢ بَعْدِ مِيْثَاقِهٖ
وَيَقْطَعُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ وَيُفْسِدُوْنَ فِى الْاَرْضِ ۙ اُولٰٓئِكَ
لَهُمُ اللَّعْنَةُ وَلَهُمْ سُوْٓءُ الدَّارِ ﴿٢٥﴾

၁၃ : ၂၅ ။ ။ သို့ရာတွင် အကြင်သူသည် အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိခဲ့သော ပဋိညာဉ်ဝန်ခံချက်ကို အခိုင်အမာပြုလုပ်ပြီးနောက် ဖောက်ဖျက်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်က ဆက်စပ်၍ ထားရှိရန် အမိန့်ပေးတော်မူသည်များကိုလည်း ဖြတ်တောက်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းလျက် ရှိကြကုန်၏။ ထိုကဲ့သို့သော သူတို့၌ ကရုဏာတော်မှ ကင်းဝေးခြင်းသည် ရှိပေမည်။ ထို့ပြင် ၎င်းတို့၌ ထိုလောက၏ အကျိုးယုတ်မှုသည်လည်း ရှိပေမည်။

اَللّٰهُ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ ۭ
وَفَرِحُوْا بِالْحَيٰوةِ الدُّنْيَا ۭ وَمَا الْحَيٰوةُ الدُّنْيَا فِى الْاٰخِرَةِ اِلَّا مَتَاعٌ ﴿٢٦﴾

၁၃ : ၂၆ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကို တိုးချဲ့၍ ပေးတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် (မိမိအလိုရှိတော်မူသော သူ၏ အပေါ်၌ စားနပ်ရိက္ခာကို) ကြပ်တည်း ကျဉ်းမြောင်းစေ

တော်မူ၏။ သို့ရာတွင် ထိုသူတို့သည် ဤလောကီဘဝ၌ အသက်ရှင်မှုကြောင့်ပင် ဝမ်းမြောက်ရွှင်မြူးခဲ့ကြလေသည်။ စင်စစ်မှာမူ ဤလောကီဘဝ၌ အသက်ရှင်မှုသည် အနည်းငယ် တစ်ဒင်္ဂမျှပင် အကျိုးခံစားခြင်းသာလျှင် ဖြစ်ပေသည်။

وَيَقُوْلُ الَّذِيْنَ كَفَرُوْا لَوْلَآ اُنْزِلَ عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ۭ قُلْ اِنَّ اللّٰهَ يُضِلُّ مَنْ يَّشَاۗءُ وَيَهْدِيْٓ اِلَيْهِ مَنْ اَنَابَ ۝۲۷

၁၃ : ၂၇ ။ ။ ထို့ပြင် မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့က 'ငင်း (တမန်တော်မြတ်) ၏ အပေါ်၌ ငင်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ တန်ခိုးတော် တစ်စုံတစ်ရာသည် အဘယ်ကြောင့် ချပေးခြင်း မခံရပါသနည်း' ဟု ပြောဆိုကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောဆို ဖြေကြားပါလေ။ (အချင်းတို့) 'ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား လမ်းမှား၌ပင် ရှိတော်မူ၏။ သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိဘက်သို့ ပြန်လှည့်သော သူတို့ကိုမူ တရားလမ်းမှန်ကို ပြသတော်မူပေသည်။'

اَلَّذِيْنَ اٰمَنُوْا وَتَطْمَىِٕنُّ قُلُوْبُهُمْ بِذِكْرِ اللّٰهِ ۭ اَلَا بِذِكْرِ اللّٰهِ تَطْمَىِٕنُّ الْقُلُوْبُ ۝۲۸

၁၃ : ၂၈ ။ ။ (ထိုသူတို့သည်) အကြင်သူများပင် ဖြစ်ကြ၏။ ငင်းတို့သည် သက်ဝင်ယုံကြည်ခဲ့ကြသည့်အပြင် ငင်းတို့၏ စိတ်နှလုံးများသည် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်းဖြင့် တည်ငြိမ်အေးငြိမ်းမှုကို ခံစားကြရ၏။ ကောင်းစွာ မှတ်ယူကြလေကုန်။ အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်းအားဖြင့် စိတ်နှလုံးများသည် တည်ငြိမ်အေးငြိမ်းမှုကို ရရှိကြကုန်၏။

اَلَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ طُوْبٰى لَهُمْ وَحُسْنُ مَاٰبٍ ۝۲۹

၁၃ : ၂၉ ။ ။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြသည့်အပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှု ဆောက်တည်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့ (ဤပစ္စုပ္ပန်ဘဝ၌) စိတ္တသုခ ကောင်းချီးမင်္ဂလာသည်လည်းကောင်း၊ ကောင်းမြတ်သော (အကျိုးဆက်) ပြန်လည်ရာဌာနသည်လည်းကောင်း ရှိချေသည်။

كَذٰلِكَ اَرْسَلْنٰكَ فِيْٓ اُمَّةٍ قَدْ خَلَتْ مِنْ قَبْلِهَآ اُمَمٌ لِّتَتْلُوَا۟ عَلَيْهِمُ الَّذِيْٓ اَوْحَيْنَآ اِلَيْكَ وَهُمْ يَكْفُرُوْنَ بِالرَّحْمٰنِ ۭ قُلْ هُوَ رَبِّيْ لَآ اِلٰهَ اِلَّا هُوَ ۚ عَلَيْهِ تَوَكَّلْتُ وَاِلَيْهِ مَتَابِ ۝۳۰

၁၃ : ၃၀ ။ ။ (အို၊ နဗီတမန်တော်) ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် အသင့်အား အကြင်လူမျိုးတစ်မျိုးထံသို့ ငါအသျှင်မြတ် အသင့်ထံသို့ 'ဝဟီ' အားဖြင့် ထုတ်ပြန်ပို့တော်မူခဲ့သော ကျမ်းဂန်ကို ငင်းတို့ရှေ့ဝယ် ဖတ်ကြားရန်အလို့ငှာ

စေလွှတ်တော်မူခဲ့၏။ ထိုလူမျိုးတို့အလျင်ကလည်း လူမျိုးအသီးသီးတို့သည် လွန်လေပြီး ဖြစ်ခဲ့ကြကုန်၏။ သို့ရာတွင် ဤလူများသည် 'ရဟ်မာန်' (အနန္တကရုဏာတော်ရှင်) အား သွေဖည်ငြင်းပယ်လျက် ရှိကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'ထိုအသျှင်မြတ်သည်သာလျှင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိပေ။ ထိုအသျှင်မြတ်အပေါ်၌သာလျှင် ငါသည် လုံးဝ အားကိုးအားထား ယုံပုံလွှဲအပ်ထားခဲ့လေပြီ။ ထို့ပြင် ငါသည် ထိုအသျှင်မြတ်ထံတော်သို့ပင် ပြန်လည်၍ သွားရမည်သာ ဖြစ်ချေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် အကြင်သူတို့သည် တိကျခိုင်မာစွာ အလ္လာဟ်အသျှင်မြတ်အား ကတိကဝတ်ပြုပြီးနောက် ချိုးဖောက်ကြလေသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်က ဆက်သွယ်ထားရှိရန် မိန့်တော်မူထားသော ဆက်နွယ်မှုများကို အဆက်ဖြတ်ပစ်ကြသည်။ ၎င်းနောက် ဒွန္နယာလောကတွင် ပြဿနာများ ဖန်တီးကြသည်။ ဤကဲ့သို့သော သူများအပေါ် ကျိန်စာသင့်မည်ဖြစ်သည်။ ၎င်းနောက် ထိုသူတို့အတွက် ထိုလောကတွင် ပျက်စီးဆုံးရှုံးမှုများ ရှိလိမ့်မည်။ (ဆိုလိုသည်မှာ အပေါ်ယံဥစ္စာဓနနှင့် အောင်မြင်မှုတို့ကို ကြည့်ကာ ၎င်းတို့သည် 'ရဟ်မသ်' ကရုဏာတော် ချပေးခံရသူများဟု အထွေးမမှားသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဥစ္စာဓန ချီးမြှင့်မှုဆိုသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အလိုရှိသူကို သာပို၍ ရိဇ္ဇာချီးမြှင့်တော်မူသည်။ (၎င်းနောက် အလိုတော်ရှိသူကို) ကျဉ်းမြောင်းစေသည်။ (ရဟ်မသ်ကရုဏာတော်နှင့် အမျက်ဒေါသတို့၏ စံနှုန်းနှင့် ချီးမြှင့်ခြင်း မဟုတ်ပေ။) ၎င်းနောက် ဤ (ကာဖိရ်) တို့သည် လောကီဘဝသက်တမ်းအပေါ် (၎င်းနောက် လောကီစည်းစိမ်ဥစ္စာများအပေါ်) ဂုဏ်မောက်နေကြသည်။

၎င်းနောက် (၎င်းတို့၏ မောက်မာမှုသည် မည်သို့မျှ အရာမဝင်ဘဲ မှားယွင်းမှုတစ်ခုသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ဤလောကီဘဝသက်တမ်းသည် (၎င်းနောက် ယင်း၏ စည်းစိမ်ဥစ္စာများသည်) လောကုတ္တရာနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှသော စည်းစိမ်မှအပ အခြားမရှိပေ။ ၎င်းနောက် ဤကာဖိရ်တို့သည် (အသင်၏ 'နဗူဝသ်'နှင့် ပတ်သက်ပြီး ဝေဖန်စောဒကတက်သည့်အနေနှင့် ဤသို့) ပြောဆိုကြသည်။ အကြောင်းမှာ ထို (တမန်တော်) အပေါ်သို့ (ကျွန်ုပ်တို့ တောင်းဆိုခဲ့ကြသော 'မုအ်ဂျေဇာဟ်' များအနက်မှ) 'မုအ်ဂျေဇာဟ်'တစ်ခုခု ၎င်း၏ ဖန်ဆင်းရှင်ဘက်မှ အဘယ်ကြောင့် မကျရောက်လာလေသနည်း။ အသင်တမန်တော် ပြောကြားလော။ အကြောင်းမှာ မုချဧကန် (အသင်တို့၏ ထိုအဓိပ္ပာယ်မဲ့သော တောင်းဆိုမှုများကြောင့် ရှင်းရှင်းလင်းလင်း သိရှိနိုင်သည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အလိုရှိသူကို လမ်းမှားစေသည်။ (အကြောင်းအရင်းမှာ ထင်ရှားလျက်ရှိသည်။ ပြည့်ဝသော 'မုအ်ဂျေဇာဟ်'တော်များ ရှိနေပါလျက်၊ ယင်းတို့အနက် အကြီးမားဆုံးသော 'မုအ်ဂျေဇာဟ်'မှာ ကျမ်းတော်မြတ်ကုရ်အာန် ဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် အချည်းနှီးစကားများကိုသာ ပြောဆိုလျက်ရှိသည်။ ထို့ကြောင့် သိရှိရသည်မှာ

၎င်းတို့၏ နဖူးစာ) တွင်ပင် လမ်းမှားခြင်းကို ရေးမှတ်ထားသည်။ ၎င်းနောက် (ထိုရန်လိုသူများအား ကျမ်းတော်မြတ်ကုရ်အာန်သည် ကြီးမားသော 'မုအ်ဂျေဇာဟ်' တော်ဖြစ်ပါလျက် 'ဟေဒါယသ်' လမ်းမှန် ရရန် မလုံလောက်ခဲ့ပေ။ ၎င်းနောက် လမ်းမှားခြင်းသည် ၎င်းတို့၏ နဖူးစာဖြစ်ခဲ့သကဲ့သို့) အကြင်သူသည် ထိုအသျှင်မြတ်ဘက်တော်သို့ ဦးလှည့်လာလျှင် (၎င်းနောက် လမ်းမှန်ကို လိုလားလျှင် ထိုသူတို့အကြောင်း ရှေ့တွင် တင်ပြထားသည်မှာ-

اَلَّذِيْنَ اٰمَنُوْا وَتَطْمَئِنُّ

ထိုသူ့ကို မိမိဘက်သို့ (ရောက်ရှိစေရန်) လမ်းပြပေးတော်မူသည်။ (၎င်းနောက် လမ်းမှားခြင်းမှ ကယ်တင်တော်မူသည်။) ၎င်းတို့မှာ ထိုသူများပင် ဖြစ်သည်။ အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည် ကြသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ တသမှုဖြင့် (ထိုတသမှု၏ ကြီးမားသော ကဏ္ဍမှာ ကုရ်အာန် ဖြစ်သည်။) ၎င်းတို့၏ နှလုံးသားများကို တည်ငြိမ်အေးချမ်းမှု ရရှိကြသည်။ (ထိုအေးချမ်းမှု၏ ကြီးမားသော ကဏ္ဍမှာ အီမာန်ဖြစ်သည်။ အလိုသဘောမှာ အကြင်သူတို့သည် ကျမ်းတော်မြတ်ကုရ်အာန်၏ 'မုအ်ဂျေဇာဟ်' တော်ကို 'နဗူဝသ်'၏ ပြည့်ဝသော အထောက်အထားဟူ၍ မှတ်ယူကြသည်။ ၎င်းနောက် အချည်းနှီး ပျက်စီးရာပျက်စီးကြောင်းများကို တောင်းဆိုလေ့ မရှိကြပေ။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်ကို တသခြင်း နှင့် အမိန့်နာခံခြင်းတို့တွင် ၎င်းတို့သည် ဤသို့ စိတ်ပါဝင်စားမှု ရှိကြလေသည်။ အကြောင်းမှာ ကာဖိရ် များကဲ့သို့ လောကီဘဝသက်တမ်းနှင့် စည်းစိမ်ဥစ္စာများဖြင့် အလျှဉ်းစိတ်ဝင်စားခြင်း၊ ပျော်ရွှင်ခြင်း မရှိ ကြချေ။ ၎င်းနောက်) ကောင်းစွာ မှတ်ယူကြလော။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ကို သတိရတသ ခြင်းသည် (ဤသို့ ထူးခြားချက်ရှိသည်။ အကြောင်းမှာ ယင်း) ဖြင့် နှလုံးသားများကို အေးချမ်းမှု ရရှိသည်။ (ဆိုလိုသည်မှာ သတိရတသမှု အဆင့်အတန်းမြင့်မားသမျှ အေးချမ်းမှုအဆင့်သည်လည်း မြင့်မား မည်ဖြစ်သည်။ စင်စစ်တွင် ကျမ်းတော်မြတ်ကုရ်အာန်အား အီမာန်သက်ဝင်ယုံကြည်ခြင်း၊ ၎င်းနောက် 'အအ်မာ လေဆွာလေဟာဟ်' ကျင့်ကြံမှုများဖြင့် လေးနက်စွာ အမိန့်နာခံမှုနှင့် အလ္လာဟ်အသျှင်မြတ်ဘက်သို့ အာရုံ ထားရှိမှုများ ရရှိနိုင်သည်။ အချုပ်ဆိုရသော်) အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြပြီး ကောင်းမှု ကုသိုလ်များ ကျင့်ကြံကြသည်။ (အထက်တွင် တင်ပြခဲ့သည့်အတိုင်း) ထိုသူတို့အတွက် (လောကီတွင်) သာယာဝပြောမှုနှင့် (လောကုတ္တရာတွင်) ကောင်းသော အရဒ်များ ရှိသည်။ (ယင်းကို ဒုတိယအာယသ် တော်တွင်

فَلَنُحْيِيَنَّهٗ حَيٰوةً طَيِّبَةً وَلَنَجْزِ يَنَّهُمْ اَجْرَهُمْ ـــ الخ

ဖြင့် ရည်ညွှန်းမိန့်ဆိုတော်မူလေသည်။ (ထိုနည်းတူစွာ) ငါအသျှင်မြတ်သည် အသင်တို့ထံ ဤကဲ့သို့သော အွမ္မသ်စုတစ်စုတွင် တမန်တော်မြတ် ﷺ အဖြစ် စေလွှတ်တော်မူသည်။ အကြောင်းမှာ ထို (အွမ္မသ်) အလျှင် အခြားမြောက်မြားစွာသော ထင်ရှားသော အွမ္မသ်များလည်း ပေါ်ထွန်းခဲ့လေသည်။ (၎င်းနောက် အသင်တမန်တော်ကို ၎င်းတို့ထံ တမန်တော်အဖြစ် စေလွှတ်ခဲ့သည်။) အကြောင်းမှာ ၎င်းတို့ကို

ငါအသျှင်မြတ်က အသင့်ထံ 'ဝဟီ'တော်၏ အကြောင်းခံဖြင့် ပို့ချခဲ့သော ကျမ်းဂန်အား ဖတ်ရွတ်ပြရန် ဖြစ်သည်။ ၄င်းနောက် (ထိုသူတို့သည် ဤကြီးမားသော 'နေအ်မသ်'တော်အား တန်ဖိုးထားသင့်သည်။ ၄င်းနောက် 'မုအ်ဂျေဇာဟ်'တော်တစ်ရပ်ဖြစ်သော ဤကျမ်းဂန်အပေါ် အီမာန်သက်ဝင်ယုံကြည်သင့်သည်။ သို့သော်) ထိုသူတို့သည် ဤသို့ ကြီးမားသော ကရုဏာတော်ရှင်အား ကျေးဇူးကန်းကြသည်။ (၄င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြပေ။) အသင်တမန်တော် ပြောကြားလော။ (အသင်တို့ အီမာန်ယုံကြည်မှု မရှိခြင်းကြောင့် ကျွန်ုပ်တွင် မည်သို့မျှ ဆုံးရှုံးနစ်နာမှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် အသင်တို့ အများဆုံးပြုနိုင်သည်မှာ ကျွန်ုပ်အား ဆန့်ကျင်ကြမည်။ ထို့ကြောင့် ထိုဆန့်ကျင်မှုဖြင့် ကျွန်ုပ်သည် မည်သို့မျှ ဆုံးရှုံးနစ်နာမှု မရှိပေ။) အကြောင်းမှာ ထိုအသျှင်မြတ်သည် ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (၄င်းနောက် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။) ထိုအသျှင်မြတ်မှအပ အခြားမည်သူမျှ ခဝပ်ကိုးကွယ်ထိုက်သူဟူ၍ မရှိ။ (ထို့ကြောင့် ထိုအသျှင်မြတ်သည် မုချဧကန် ပြီးပြည့်စုံတော်မူသော ဂုဏ်တော်ရှင်ဖြစ်သည်။ ၄င်းနောက် ထိုအသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုသည် လုံလောက်ပေသည်။ ထို့ကြောင့်) ကျွန်ုပ်သည် ထိုအသျှင်မြတ်အပေါ်၌သာ အားကိုးအားထားမှု ပြုသည်။ ၄င်းနောက် ထိုအသျှင်မြတ်ထံတော်သို့သာ ကျွန်ုပ်သွားရမည်။ (အချုပ်အလိုသဘောမှာ ကျွန်ုပ်အား ထိန်းသိမ်းစောင့်ရှောက်ရန် အလ္လာဟ်အသျှင်မြတ်သာလျှင် လုံလောက်တော်မူပေသည်။ အသင်တို့သည် ကျွန်ုပ်အား ဆန့်ကျင်၍ မည်သို့မျှ ဆုံးရှုံးနစ်နာစေနိုင်မည်မဟုတ်။ မုချဧကန် အသင်တို့သာလျှင် ဆုံးရှုံးနစ်နာမည်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ပထမရုကူအ်တွင် လူသားတို့အား နှစ်မျိုးနှစ်စားခွဲ၍ တင်ပြထားပေသည်။ အကြောင်းမှာ ၄င်းတို့အနက် အချို့သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံသူများ ဖြစ်ကြသည်။ အချို့သည် အမိန့်မနာခံသူများ ဖြစ်ကြသည်။ တစ်ဖန် အမိန့်နာခံသူများ၏ ဂုဏ်အရည်အချင်းနှင့် အမှတ်အသား အချို့ကို တင်ပြထားပေသည်။ ၄င်းနောက် တမလွန်တွင် ထိုသူတို့အတွက် ကောင်းကျိုးခံစားရမည်ကို တင်ပြထားပေသည်။ ယခု ဤအာယသ်တော်များတွင် ဒုတိယအမျိုးအစား လူတန်းစားတို့၏ လက္ခဏာများနှင့် ဂုဏ်ခြင်းများ၊ ၄င်းနောက် ထိုသူတို့အတွက် ခံစားရမည့် ပြစ်ဒဏ်များအကြောင်းကို တင်ပြထားပေသည်။ ယင်းတို့အနက်မှ ထိုဆိုးသွမ်းနာခံမှု မရှိသော ဗန္ဒာဟ်တို့၏ အကျင့်ဓလေ့တစ်ခုမှာ ဤသို့ ဖြစ်သည်။

اَلَّذِيْنَ يَنْقُضُوْنَ عَهْدَ اللّٰهِ مِنْۢ بَعْدِ مِيْثَاقِهٖ

ဆိုလိုသည်မှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်ကို အခိုင်အမာ ကတိပြုပြီးနောက် ကတိကို ချိုးဖောက်လိုက်ကြသည်။ အလ္လာဟ်အသျှင်မြတ်ကို ကတိပြုခြင်းဆိုရာတွင် ဝိညာဉ်လောကမှ ပြုခဲ့သော ကတိကဝတ်လည်း ပါဝင်ပေသည်။ ယင်းများပေါက်ဖွားလာမည့် ဝိညာဉ်များအားလုံးကို အလ္လာဟ်အသျှင်

မြတ်သည် မွေးမြူဖန်ဆင်းတော်မူသော အသျှင်ဖြစ်ကြောင်း၊ ၎င်းနောက် တစ်ပါးတည်း တည်ရှိကြောင်းတို့နှင့် ပတ်သက်၍ ပေးခဲ့သော ကတိခံဝန်ချက်ဖြစ်သည်။ ထိုကတိခံဝန်ချက်ကို ကာဖိရ်နှင့် မုရှ်ရစ်က်တို့သည် ဒွန္နယာလောကသို့ ရောက်ရှိကာ ချိုးဖောက်ပစ်ခဲ့ကြသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်နှင့်နှိုင်းယှဉ်ကာ ထောင်သောင်းများစွာသော ဖန်ဆင်းရှင်များနှင့် ကိုးကွယ်ရာအသျှင်များ သတ်မှတ်ထားရှိကြသည်။

၎င်းနောက် ထိုကတိခံဝန်ချက်များအားလုံးသည်လည်း ထိုထဲတွင် ပါဝင်ပေသည်။ ယင်းတို့ကိုလိုက်နာရန် لَا اِلٰهَ اِلَّااللّٰهُ ဆောင်ပုဒ်အရ လူသားအပေါ် တာဝန်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် 'ကလိမာဟ်သွိုင်ယိဗဟ်' لَا اِلٰهَ اِلَّااللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ ဟူသည် စင်စစ်တွင် ကြီးမားသောကတိခံဝန်ချက်၏ ဆောင်ပုဒ်တစ်ခုဖြစ်လေသည်။ ထိုဆောင်ပုဒ်အောက်တွင် အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ့်တမန်တော် မိုဟမ္မဒ် ﷺ ၏ ညွှန်ကြားထားသော ပညတ်ချက်များအားလုံးကို လိုက်နာရန်၊ ၎င်းနောက် တားမြစ်ထားသော အရာများမှ ရှောင်ကြဉ်ရန် ခံဝန်ချက်လည်း ပါဝင်ပေသည်။ ထို့ကြောင့် အကြင်သူတစ်ဦးသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်တစ်ခုခု သို့မဟုတ် တမန်တော်မိုဟမ္မဒ် ﷺ ၏ အမိန့်ကို သွေဖည်ခဲ့လျှင် ထိုသူသည် အီမာန်ရေးရာ ကတိခံဝန်ချက်ကို ချိုးဖောက်သူပင် ဖြစ်သည်။

ထိုအမိန့်မနာခံသူများ၏ ဒုတိယအကျင့်ဓလေ့တစ်ခုကို ဤသို့ တင်ပြထားပေသည်။

وَيَقْطَعُوْنَ مَا اَمَرَاللّٰهُ بِهٖ اَنْ يُّوْصَلَ

ဆိုလိုသည်မှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်က ဆက်နွှယ်ပတ်သက်ရန် အမိန့်ပေးထားသော ဆက်နွှယ်မှုများကိုလည်း ဖြတ်တောက်ပစ်ကြသည်။ ပတ်သက်မှုတွင် အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ့်တမန်တော် မိုဟမ္မဒ် ﷺ တို့ဖြင့် ဆက်နွှယ်ပတ်သက်ခြင်းများလည်း ပါဝင်ပေသည်။ ထိုပတ်သက်မှုကို ဖြတ်တောက်ခြင်းဆိုသည်မှာ ၎င်းတို့၏ အမိန့်ပညတ်ချက်များကို ဆန့်ကျင်ခြင်းပင် ဖြစ်သည်။ ၎င်းနောက် ဆွေမျိုးတော်စပ်မှု၏ ဆက်နွှယ်ပတ်သက်ခြင်းများလည်း ထိုထဲတွင် ပါဝင်ပေသည်။ ၎င်းတို့ကို ဆက်နွှယ်ပတ်သက်ရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝ ပေးဆပ်ရန် ကျမ်းတော်မြတ်ကုရ်အာန်၏ နေရာအမြောက်အမြားတွင် ညွှန်ကြားထားပေသည်။

အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို ဖီဆန်သူများသည် ထိုအခွင့်အရေးများနှင့် ဆက်နွှယ်ပတ်သက်မှုများကိုလည်း ချိုးဖောက်ပစ်ကြသည်။ ဥပမာ- မိဘနှစ်ပါး၊ အိမ်နီးနားချင်းများ၊ ညီအစ်ကိုမောင်နှမများ၊ ၎င်းနောက် အခြားသော ပတ်သက်ရာ ပတ်သက်ကြောင်းများ၏ အခွင့်အရေးများနှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်နှင့် အသျှင်မြတ်၏ ရစူလ်တမန်တော်က သတ်မှတ်တာဝန်ပေးထားသည်ကို မထမ်းဆောင်ကြချေ။

တတိယအကျင့်ဓလေ့တစ်ခုကို ဤသို့ တင်ပြထားသည်။

وَيُفْسِدُوْنَ فِى الْاَرْضِ

ဆိုလိုသည်မှာ ထိုသူတို့သည် မြေပထဝီပေါ်တွင် ပြဿနာများ ဖန်တီးကြသည်။ အမှန်စင်စစ် ဤတတိယအကျင့်ဓလေ့သည် ပထမအကျင့်ဓလေ့နှစ်ခု၏ ရလဒ်ပင် ဖြစ်သည်။ အကြောင်းခံမှာ အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ဗန္ဒာဟ်တို့၏ ကတိခံဝန်ချက်များကို အလေးမထားခဲ့လျှင် ၎င်းနောက် တစ်ဦးတစ်ယောက်၏ အခွင့်အရေးများနှင့် ဆက်နွယ်ပတ်သက်မှုများကို မထောက်ထားခဲ့လျှင် ၎င်းတို့၏ ကျင့်ကြံမှုများနှင့် လုပ်ရပ်များမှာ အခြားသူများအတွက် နစ်နာဆုံးရှုံးစေမည့် အကြောင်းခံများ ဖြစ်မည်မှာ ထင်ရှားနေပေသည်။ ခိုက်ရန်ဖြစ်ပွားမှုများနှင့် သွေးထွက်သံယိုပြုမှုများ ဖြစ်ပေါ်လာမည် ဖြစ်သည်။ ဤသည်ပင် မြေပထဝီပေါ်ရှိ ကြီးမားသော ပြဿနာများဖြစ်သည်။

ဆိုးသွမ်းသော ၎င်းနောက် အမိန့်ဖီဆန်သော ဗန္ဒာဟ်များ၏ အကျင့်ဓလေ့သုံးမျိုးကို တင်ပြပြီးသည့်နောက် ၎င်းတို့၏ ပြစ်ဒဏ်နှင့် ပတ်သက်ပြီး ဤသို့ တင်ပြထားသည်။

اُولٰٓئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوْٓءُ الدَّارِ

ဆိုလိုသည်မှာ ၎င်းတို့သည် ကျိန်စာသက်ရောက်ပြီး ဆိုးရွားသော နေရာစခန်းကို ၎င်းတို့အတွက် သတ်မှတ်ထားသည်။ **لعنة** ၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခြင်းနှင့် အသျှင်မြတ်၏ ကရုဏာတော်မှ လက်မဲ့ဖြစ်ခြင်းဟူ၍ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခြင်းသည် 'အဇာဗ်'အပြစ်ဒဏ်များအနက် အကြီးမားဆုံးသော 'အဇာဗ်'၊ ၎င်းနောက် ဘေးဒုက္ခများအနက် ကြီးမားဆုံးသော ဘေးဒုက္ခဖြစ်သည်မှာ ထင်ရှားနေပေသည်။

ပညတ်ချက်များနှင့် ဩဝါဒများ

အထက်ပါအာယသ်တော်များတွင် လူ့ဘဝသက်တမ်း၏ ကဏ္ဍအမျိုးမျိုးနှင့် ပတ်သက်၍ သီးခြား ပညတ်ချက်များနှင့် ဩဝါဒတော်များ ပါရှိပေသည်။ အချို့ကို ထင်ထင်ရှားရှား ၎င်းနောက် အချို့ကို အရိပ်အမြွက်ဖြင့် တင်ပြထားသည်။ ဥပမာ-

اَلَّذِيْنَ يُوْفُوْنَ بِعَهْدِ اللّٰهِ وَلَا يَنْقُضُوْنَ الْمِيْثَاقَ

ဤအာယသ်တော်အရ သိရှိရသည်မှာ တစ်ဦးတစ်ယောက်အား ကတိခံဝန်ချက်ဖြစ်စေ၊ ဥပမာ- အီမာန်နှင့် ပတ်သက်သော ကတိခံဝန်ချက် သို့မဟုတ် အဖန်ဆင်းခံများနှင့် ထားရှိသော ကတိခံဝန်ချက် ဖြစ်စေ၊ မွတ်စ္စလင်မ်နှင့် ဖြစ်စေ၊ ကာဖိရ်နှင့်ဖြစ်စေ၊ ကတိခံဝန်ချက်ကို ချိုးဖောက်ခြင်းသည် 'ဟရာမ်' ဖြစ်သည်။

وَالَّذِيْنَ يَصِلُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ

ဤအာယသ်တော်မှ သိရှိရသည်မှာ အစ္စလာမ်၏ သွန်သင်မှုသည် အားလုံးနှင့် အဆက်အသွယ်ဖြတ်ကာ တောထွက်တရားထိုင်ခြင်း မဟုတ်ပေ။ သို့သာမက အရေးကြီးသော ဆက်နွယ်ပတ်သက်မှုများ

ကို ဆက်သွယ်ထားရှိရမည်။ ထို့နောက် ၎င်းတို့၏ ရပိုင်ခွင့်များကိုလည်း ပေးဆပ်ရမည်ဟု သတ်မှတ်ထားပေသည်။ မိဘနှစ်ပါး၏ အခွင့်အရေး၊ သားသမီး၊ ဇနီးမယား၊ ၎င်းနောက် ညီအစ်ကိုမောင်နှမများ၏ အခွင့်အရေး၊ အခြားသော ဆွေမျိုးသားချင်းများနှင့် အိမ်နီးချင်းများ၏ အခွင့်အရေးများကို အလ္လာဟ်အသျှင်မြတ်သည် လူတိုင်းအပေါ် သတ်မှတ်တာဝန်ပေးထားလေသည်။ ယင်းတို့ကို လျစ်လျူရှုပြီး 'နဖိလ်အေဗာဒသ်' များတွင်သော်လည်းကောင်း၊ အခြားသာသနာပြု လုပ်ငန်းများတွင်သော်လည်းကောင်း နစ်မွန်းနေခြင်းသည် မပြုပိုင်သော အရာဖြစ်သည်။ အခြားအလုပ်များတွင် နစ်မွန်းကာ ယင်းတို့ကို မေ့လျော့ထားခြင်းသည် မည်သို့ ပြုပိုင်မည်နည်း။

ဆွေမျိုးသားချင်းတို့နှင့် အဆက်အသွယ်ထားခြင်း၊ ၎င်းတို့အား သတင်းမေးခြင်း၊ ၎င်းတို့၏ ရပိုင်ခွင့်များကို ပေးဆပ်ခြင်းနှင့် ပတ်သက်ပြီး မြောက်မြားစွာသော ကုရ်အာန်အာယသ်တော်များတွင် အခိုင်အမာ တင်ပြထားပေသည်။

၎င်းနောက် ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတွင် အနတ်စ် ؓ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်က ၎င်း၏ ရိဇ်ဇရိက္ခာတွင် ကျယ်ပြန့်မှု၊ ထို့နောက် လုပ်ငန်းဆောင်တာများတွင် 'ဗရ်ကသ်' မင်္ဂလာပေးသနားရန် လိုလားပါက ထိုသူသည် ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ထားရှိရမည်။ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ထားခြင်း ဆိုသည်မှာ ဆွေမျိုးသားချင်းဖြစ်သည့်အလျောက် သီးခြားပတ်သက်မှုများကို သတင်းမေးရမည်ဖြစ်သည်။ ၎င်းနောက် တတ်နိုင်သော ကူညီပံ့ပိုးရမည် ဖြစ်သည်။

၎င်းနောက် ဟဇရသ်အဗူအိုက်ယူးဗ်အန်ဆွာရီ ؓ သခင်က မိန့်ကြားသည်မှာ ကျေးရွာတစ်ရွာမှ ကျေးတောသား အာရဗ်တစ်ဦးသည် တမန်တော်မြတ် ﷺ ၏ အိမ်တော်သို့ အခစားဝင်ကာ လျှောက်ထားသည်မှာ 'ကျွန်ုပ်အား 'ဂျန္နသ်' သုခဘုံနှင့် နီးစပ်မှုရပြီး 'ဂျဟန္နမ်' ငရဲဘုံမှ ကင်းဝေးမည့် 'အမလ်' ကျင့်ကြံမှုသည် မည်သို့ဖြစ်သည်ကို တင်ပြတော်မူပါ။' တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်လော။ မည်သည့်အရာကိုမျှ ထိုအသျှင်မြတ်နှင့် တုဖက်နိူင်းယှဉ်ခြင်း မပြုလေနှင့်။ ၎င်းနောက် 'ဆွလာသ်' ဝတ်ပြုမှုကို ဆောက်တည်လော။ 'ဇကာသ်' လည်း ပေးဆောင်လော။ ၎င်းနောက် ဆွေမျိုးသားချင်းတို့နှင့် အဆက်အသွယ်ထားလော။ *(ဗဂ်ဝီကျမ်း)*

၎င်းနောက် ဆွဟီးဟ်ဘိုခါရီကျမ်းတွင် အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ؓ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ ဆွေမျိုးသားချင်းတို့ကို အဆက်အသွယ်ထားခြင်းဆိုသည်မှာ အသင်တို့သည် မိမိဆွေမျိုးများ၏ ကျေးဇူးကို တုန့်ပြန်လိုက်ရုံဖြင့် လုံလောက်မသွားပေ။ ၎င်းနောက် ထိုသူတို့သည် အသင့်အား ကျေးဇူးပြုခဲ့ပါလျှင် အသင်သည်လည်း ၎င်းတို့အား ကျေးဇူးပြုရမည်။ သို့သာမက စစ်မှန်သော အဆက်အသွယ်ထားခြင်းမှာ အသင်တို့၏ ဆွေမျိုးသားချင်းများသည် အသင်တို့၏ ရပိုင်ခွင့်ကို ပြည့်ပြည့်ဝဝ မပေးဆပ်လျှင်၊ အသင်တို့အား အဆက်အသွယ်မထားခဲ့လျှင်လည်း အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အတွက် ၎င်းတို့နှင့် အဆက်အသွယ်ထားကြကုန်။ ထို့နောက် ၎င်းတို့အား ကျေးဇူးပြုကြကုန်။

ဆွေမျိုးသားချင်းများ၏ အခွင့်အရေးများကို ပေးဆပ်ရန်နှင့် ၎င်းတို့အား အဆက်အသွယ် ထားရှိမှု တည်မြဲစေရန် ရည်ရွယ်၍ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်မှာ အသင်တို့သည် မိမိတို့၏ မျိုးရိုးစဉ်ဆက် အမည်နာမများကို ထိန်းသိမ်းကြလော။ ယင်းကို အကြောင်းခံ၍ ဆွေမျိုးသားချင်းများ၏ ဝတ္တရားများကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ထို့နောက် ၎င်းတို့၏ ရပိုင်ခွင့်များကို ပေးဆပ်နိုင်မည် ဖြစ်သည်။ တစ်ဖန် မိန့်တော်မူသည်မှာ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ထားခြင်းဖြင့် အချင်းချင်း ချစ်ခင်မှုရရှိ ခြင်း၊ ၎င်းနောက် ဥစ္စာပစ္စည်းတွင် 'ဗရ်ကသ်'ရှိခြင်းနှင့် တိုးပွားခြင်း၊ ၎င်းနောက် သက်တမ်းတွင် 'ဗရ်ကသ်'ရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ *[သိရ်မေဇီကျမ်း]*

၎င်းနောက် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ ဆွေမျိုးသားချင်းများနှင့် ကြီးမားသော အဆက်အသွယ်ထားခြင်းသည် ဤသို့ ဖြစ်သည်။ အကြောင်းမှာ အကြင်သူတစ်ဦးသည် မိမိဖခင်ကွယ်လွန်ပြီးနောက် ဖခင်၏ မိတ်ဆွေရောင်းရင်းများအား မိမိဖခင်နှင့် ဆက်ဆံသကဲ့သို့ ဆက်ဆံခြင်း ဖြစ်သည်။

وَالَّذِيْنَ صَبَرُوا ابْتِغَاءَ وَجْهِ رَبِّهِمْ

ဤအာယသ်တော်အရ သိရှိရသည်မှာ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်တွင် ပါရှိသော 'ဆွဗရ်'၏ အကျိုးကျေးဇူးများ၊ 'ဆွဗရ်'ပြုသူအား အလ္လာဟ်အသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အကူအညီများ ရရှိရမည် ဖြစ်သည်။ ၎င်းနောက် အတိုင်းအတာမရှိသော အကျိုးကုသိုလ်များ ရရှိမည်ဟု တင်ပြထားသည်။ ထိုအခွင့်အရေးများသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုရရန်အလို့ငှာ 'ဆွဗရ်'တရားကို လက်ကိုင်ထားမှသာ ရရှိနိုင်မည် ဖြစ်သည်။ ဤသို့မဟုတ်ပါက လူတိုင်းလူတိုင်းသည် တဖြည်းဖြည်းနှင့် 'ဆွဗရ်' တရား ရရှိလာမြဲပင် ဖြစ်သည်။

'ဆွဗရ်'၏ မူရင်းအဓိပ္ပာယ်မှာ မိမိကိုယ်မိမိ ချုပ်တည်းခြင်းနှင့် မြဲမြံစွာ ရပ်တည်ခြင်းဟူ၍ ဖြစ်သည်။ ယင်းသည် ပုံသဏ္ဌာန်အမျိုးမျိုး ရှိသည်။ တစ်မျိုးမှာ ဘေးဒုက္ခများအပေါ် 'ဆွဗရ်'ထားခြင်း၊ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ မျှော်လင့်ချက်မကင်းခြင်း၊ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်ကိုသာ အားကိုးအားထားကာ မျှော်လင့်ချက်ထားခြင်း ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ အမိန့်နာခံမှုအပေါ် 'ဆွဗရ်'ထားခြင်း ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များကို တိကျစွာ လိုက်နာခြင်း၊ မိမိအပေါ် အခက်အခဲရှိသည်ဟု ယူဆရသော်လည်း အမိန့်တော်နှင့်အညီ မြဲမြံစွာ ရပ်တည်နေခြင်း၊ တတိယတစ်မျိုးမှာ မကောင်းမှုဒုစရိုက်များမှ 'ဆွဗရ်'ထားခြင်း၊ အကြောင်းမှာ မိမိစိတ်သည် မကောင်းမှုဒုစရိုက်များဘက်သို့ ယိမ်းယိုင်လျက် ရှိနေသော်လည်း အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့စိတ်ဖြင့် ထိုဘက်သို့ မလှမ်းခြင်း စသည်တို့ ဖြစ်သည်။

وَاَنْفَقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّ عَلَانِيَةً

ဤအာယသ်တော်အရ သိရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် လျှို့ဝှက်စွာ ဖြစ်စေ၊ ပေါ်ပေါ်ထင်ထင်ဖြစ်စေ၊ လှူဒါန်းခြင်း နှစ်မျိုးစလုံး ပြုပိုင်ပေသည်။ 'ဝါဂျိဗ်ဆွဒ်ကာဟ်'များဖြစ်သော

'ဇကားသ်'နှင့် 'ဖိသ်ရာဟ်' စသည်တို့ကို ပေါ်ပေါ်ထင်ထင် ပေးဆောင်ခြင်းသည် သာပို၍ မွန်မြတ်ပေသည်။ သို့မှသာ အခြားမွတ်စ္စလင်မ်များသည်လည်း ဤသို့ ကျင့်ကြံရန် စိတ်ပါဝင်စားလာမည် ဖြစ်သည်။ ၎င်းနောက် 'ဝါဂျိဗ်'မဟုတ်သော 'နဖိလ်ဆွဒ်ကာဟ်'များကို လျှို့ဝှက်စွာ ပေးသင့်သည်။ သို့မှသာ ပြစားခြင်းနှင့် ကျော်ကြားလိုခြင်း စသည်တို့မှ ရှောင်ရှားနိုင်မည် ဖြစ်သည်။

يَدْ رَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ

ဤစာသားများအရ သိရှိရသည်မှာ ဉာဏ်အမြော်အမြင်အရသော်လည်းကောင်း၊ သဘာဝအလျောက်သော်လည်းကောင်း မကောင်းမှုဟူသမျှကို ဖယ်ရှားရန်မှာ လိုအပ်သောအရာဖြစ်သည်။ သို့သော် မကောင်းမှုကို မကောင်းမှုဖြင့် တုန့်ပြန်ဖယ်ရှားခြင်းသည် အစ္စလာမ့်လမ်းစဉ်မဟုတ်ပေ။ သို့သာမက အစ္စလာမ့် သွန်သင်မှုမှာ မကောင်းမှုကို ကောင်းမှုဖြင့် တုန့်ပြန်ဖယ်ရှားခြင်း ဖြစ်သည်။ မည်သူမဆို အသင့်အား ညှဉ်းပန်းမှုပြုခဲ့သော် အသင်သည် ၎င်းကို တရားမျှတစွာ ဆက်ဆံရမည်။ မည်သူ့မဆို အသင်၏ ရပိုင်ခွင့်ကို မပေးဆပ်ခဲ့သော် အသင်သည် ၎င်း၏ ရပိုင်ခွင့်ကို ပေးဆပ်ရမည်။ မည်သူမဆို အသင့်အား အမျက်ဒေါသစူးရှပါက အသင်သည် ထိုသူ့ကို သဘောထားကြီးစွာဖြင့် တုန့်ပြန်ရမည်။ ဤသို့ ဆက်ဆံခြင်းဖြင့် ရန်သူသည်လည်း မိတ်ဆွေဖြစ်သွားမည်မှာ မလွဲမသွေ ဖြစ်သည်။ ၎င်းနောက် ဆိုးသွမ်းသူသည်လည်း အသင့်ရှေ့တွင် မွန်မြတ်သူ ဖြစ်သွားပေလိမ့်မည်။

၎င်းနောက် အထက်ပါဝါကျ၏ အခြားအဓိပ္ပာယ်တစ်ခုမှာ အကုသိုလ်များ၏အစား အမိန့်ကို နာခံခြင်းဖြင့် ပေးဆပ်လော့ဟူ၍ ဖြစ်သည်။ အကယ်၍ တစ်ခါတစ်ရံ အကုသိုလ်တစ်ခုခု ကျူးလွန်မိပါက ချက်ချင်းပင် 'သောင်ဗာဟ်'ပြုရမည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှုတွင် နစ်မွန်းနေရမည်။ ဤသို့ဖြင့် အသင်၏ ကျူးလွန်ခဲ့သော အကုသိုလ်များသည် ပလပ်သွားမည်ဖြစ်သည်။

ဟာဇရသ်အဗူဟူရိုင်ရာဟ် ﵁ သခင်က ဆင့်ပြန့်သည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ အသင်တို့သည် အကုသိုလ်တစ်ခုခုကို ကျူးလွန်မိပါက ထို့နောက်တွင် ကောင်းမှုကုသိုလ်များကို ကျင့်ကြံလော။ ဤသို့ဖြင့် အကုသိုလ်များသည် ပျက်ပြယ်သွားပေသည်။ (အဟ်မဒ်ကျမ်းနှင့် မဇ္ဇဟရီကျမ်း) ထိုကောင်းမှုကုသိုလ် ကျင့်ကြံရာတွင် သတိမှတ်ချက်ရှိသည်မှာ ကျူးလွန်ခဲ့သော အကုသိုလ်နှင့် ပတ်သက်ပြီး အမှားဝန်ချတောင်းပန်ပြီးမှ ကောင်းမှုကုသိုလ်ကို ကျင့်ကြံရမည်ဖြစ်သည်။

جَنّٰتُ عَدْنٍ يَّدْ خُلُوْنَهَا وَمَنْ صَلَحَ مِنْ اٰبَآ ئِهِمْ وَاَزْ وَاجِهِمْ وَذُ رِّيّٰتِهِمْ

ဤအာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ် လက်သင့်ခံသော မွန်မြတ်သည့် ဗန္ဒာဟ်များသည် ကိုယ်တိုင်လည်း 'ဂျန္နသ်'သုခဘုံတွင် မြင့်မားသော အဆင့်အတန်းများ ရရှိကြမည့်အပြင် ၎င်းတို့၏ အကြောင်းခံဖြင့် ၎င်းတို့၏ မိဘနှစ်ပါး၊ ဇနီးမယားနှင့် သားသမီးများကိုလည်း မွန်မြတ်သော အီမာန်ရှင်

မွတ်စ္စလင်မ်များဖြစ်ခဲ့လျှင် ၎င်းနောက် ကာဖိရ်များ မဖြစ်ခဲ့လျှင် ထို့နောက် ၎င်းတို့၏ ကောင်းမှုကုသိုလ်များသည် ထိုမွန်မြတ်သော ဗန္ဒာဟ်၏ အဆင့်အတန်းမျှ မရှိခဲ့လျှင်လည်း အလ္လာဟ်အသျှင်မြတ်သည် ထိုသူတော်စင်၏ 'ဗရ်ကသ်'မင်္ဂလာဖြင့် 'ဂျန္နသ်'သုခဘုံတွင် ၎င်းတို့ကိုလည်း ထိုသူတော်စင်ကဲ့သို့ မြင့်မားသော အဆင့်အတန်းကို ချီးမြှင့်မည်ဖြစ်သည်။ ဒုတိယအာယသ်တော်တွင် တင်ပြသည်မှာ-

اَلۡحَقۡنَا بِهِمۡ ذُرِّيَّتَهُمۡ

ဆိုလိုသည်မှာ မိမိ၏ မွန်မြတ်သော ဗန္ဒာဟ်များ၏ သားသမီးများကိုလည်း ၎င်းတို့နှင့်အတူ ထားရှိမည်ဖြစ်သည်။ ထိုအကြောင်းအရာအရ သိရှိရသည်မှာ သူတော်စင်များနှင့် ဆက်သွယ်မှုရှိခြင်းသည် ဆွေမျိုးတော်စပ်မှုအရဖြစ်စေ၊ သို့မဟုတ် မိတ်ဖွဲ့၍ဖြစ်စေ အီမာန်ရှိမည်ဆိုလျှင် တမလွန်တွင် အကျိုးရှိမည် ဖြစ်သည်။

سَلٰمٌ عَلَيۡكُمۡ بِمَا صَبَرۡتُمۡ فَنِعۡمَ عُقۡبَى الدَّارِ

ဤအာယသ်တော်အရ သိရှိရသည်မှာ နောင်တမလွန်တွင် အောင်မြင်ခြင်းနှင့် မြင့်မားသော အဆင့်အတန်းများ ရရှိခြင်းတို့သည် ဒုန္နယာလောကတွင် လူသားတို့၏ 'ဆွဗရ်'တရားထားရှိခဲ့ကြသော ရလဒ်များပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ဗန္ဒာဟ်များ၏ ဝတ္တရားများကို ကျေပွန်ရာတွင် ၎င်းနောက် အမိန့်ဖီဆန်မှုများကို ရှောင်ရှားရာတွင် မိမိကိုယ်မိမိ ချုပ်တည်းခဲ့ရသောကြောင့် ဖြစ်သည်။

اُولٰٓئِكَ لَهُمُ اللَّعۡنَةُ وَلَهُمۡ سُوۡٓءُ الدَّارِ

ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ မွန်မြတ်သော ဗန္ဒာဟ်များ၏ ရလဒ်ကို 'ဂျန္နသ်'သုခဘုံသည် ၎င်းတို့၏ ဌာနေစခန်းဖြစ်မည့်အကြောင်းကို တင်ပြထားသကဲ့သို့ ကောင်းကင်တမန်များသည် ၎င်းတို့အား စလာမ်မေတ္တာပို့သကြမည်။ ၎င်းနောက် ပြောဆိုကြမည်မှာ 'ဂျန္နသ်'၏ တည်မြဲသော ဤ'နေ့အ်မသ်'တော်များသည် အသင်တို့၏ 'ဆွဗရ်'တရားနှင့် မြဲမြံမှု၊ ၎င်းနောက် အမိန့်နာခံမှုတို့၏ ရလဒ်ပင် ဖြစ်သည်။ ထိုနည်းတူစွာ ဤအာယသ်တော်တွင် အမိန့်ဖီဆန်သူများ၊ ဆိုးသွမ်းသူများ၏ ရလဒ်ဆိုးကို တင်ပြထားသည်မှာ ၎င်းတို့ပေါ်သို့ အလ္လာဟ်အသျှင်မြတ်၏ 'လအ်နသ်' (ကျိန်စာ) သက်ရောက်မည် ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးကြလိမ့်မည်။ ထို့နောက် ၎င်းတို့အတွက် ငရဲဘုံစခန်းကို သတ်မှတ်ထားရှိမည် ဖြစ်သည်။ ဤအချက်များကြောင့် သိရှိရသည်မှာ ကတိချိုးဖောက်ခြင်းနှင့် ဆွေမျိုးသားချင်း၊ မိတ်ဆွေရောင်းရင်းများနှင့် အဆက်ဖြတ်ခြင်းသည် အသျှင်မြတ်၏ 'လအ်နသ်'ကျရောက်ရန် ၎င်းနောက် ငရဲဘုံသို့ ကျရန် အကြောင်းခံ ဖြစ်လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَوْ أَنَّ قُرْآنًا سُيِّرَتْ بِهِ الْجِبَالُ أَوْ قُطِّعَتْ بِهِ الْأَرْضُ
أَوْ كُلِّمَ بِهِ الْمَوْتَىٰ ۗ بَل لِّلَّهِ الْأَمْرُ جَمِيعًا ۗ أَفَلَمْ يَيْأَسِ الَّذِينَ آمَنُوا أَن
لَّوْ يَشَاءُ اللَّهُ لَهَدَى النَّاسَ جَمِيعًا ۗ وَلَا يَزَالُ الَّذِينَ كَفَرُوا تُصِيبُهُم
بِمَا صَنَعُوا قَارِعَةٌ أَوْ تَحُلُّ قَرِيبًا مِّن دَارِهِمْ حَتَّىٰ يَأْتِيَ وَعْدُ اللَّهِ ۚ إِنَّ
اللَّهَ لَا يُخْلِفُ الْمِيعَادَ ﴿٣١﴾

၁၃ : ၃၁ ။ ။ စင်စစ်မှာမူ အကယ်၍သာ အကြင်ကဲ့သို့သော ကုရ်အာန်တစ်စောင် ချပေးတော်မူသည် ရှိခဲ့အံ့။ ထိုကုရ်အာန် (၏ တန်ခိုး) ဖြင့် တောင်များသည် ရွေ့လျားသွားလာခြင်းကို ပြုခဲ့သည်ရှိသော်၊ သို့တည်းမဟုတ် ထိုကုရ်အာန် (၏ တန်ခိုး) ဖြင့် ပထဝီမြေသည် အက်ကွဲစေခြင်းကို ခံရသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုကုရ်အာန် (၏ တန်ခိုး) ဖြင့် သူသေများသည် စကားပြောဆိုခဲ့ကြသည်ရှိသော ထိုသို့ (ဖြစ်သော်ငြားလည်း ၎င်းတို့သည် သက်ဝင်ယုံကြည်ကြမည်) အလျဉ်းမဟုတ်။ စင်စစ်မှာ အလုံးစုံသော အမိန့်အာဏာတို့သည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ သို့ပါလျက် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူပါလျှင် ဧကန်မလွဲ ထိုအသျှင်မြတ်သည် လူခပ်သိမ်းတို့အား တရားလမ်းမှန်သို့ ပို့တော်မူခဲ့မည်ဖြစ်ကြောင်း မသိခဲ့ကြလေသလော။ အမှန်စင်စစ် ကာဖိရ်သွေဖည် ငြင်းပယ်ကြကုန်သော သူတို့၌ ၎င်းတို့၏ အပြုအမူများကြောင့် ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်မြဲ ဆိုက်ရောက်လျက်ပင် ရှိပေသည်။ သို့တည်းမဟုတ် ၎င်းတို့၏ မြို့ရွာအနီး (ပတ်ဝန်းကျင်) ၌ပင် အမြဲမပြတ် သက်ရောက်လျက်ရှိလေသည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ် ချိန်းချက်ထားတော်မူသော ပြစ်ဒဏ်သည် ရောက်ရှိလာပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (မိမိ) ချိန်းချက်ထားတော်မူသော ကတိကို အလျဉ်းဖောက်ဖျက်တော်မူသည် မဟုတ်ပေ။

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَأَمْلَيْتُ
لِلَّذِينَ كَفَرُوا ثُمَّ أَخَذْتُهُمْ ۖ فَكَيْفَ كَانَ عِقَابِ ﴿٣٢﴾

၁၃ : ၃၂ ။ ။ ၎င်းပြင် ဧကန်စင်စစ် အသင်၏အလျှင်လည်း မြောက်မြားစွာသော ရစူလ်တမန်တော်များသည် ပြက်ရယ်သမှုပြုခြင်းကို ခံခဲ့ကြရကုန်၏။ သို့ပါလျက် ငါအသျှင်မြတ်သည် ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်ကြသော သူတို့အား ရွှေ့ဆိုင်းခွင့် ပေးတော်မူခဲ့၏။ နောက်ဆုံးတွင် ငါအသျှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် အသို့ ရှိခဲ့ပါသနည်း။ (အလွန် ပြင်းထန် ကြောက်မက်ဖွယ်ရာ ကောင်းခဲ့လေသည်)

أَفَمَنْ هُوَ قَآئِمٌ
عَلَىٰ كُلِّ نَفْسٍۭ بِمَا كَسَبَتْ ۗ وَجَعَلُوا۟ لِلَّهِ شُرَكَآءَ قُلْ سَمُّوهُمْ ۚ أَمْ تُنَبِّـُٔونَهُۥ
بِمَا لَا يَعْلَمُ فِى ٱلْأَرْضِ أَم بِظَـٰهِرٍ مِّنَ ٱلْقَوْلِ ۗ بَلْ زُيِّنَ لِلَّذِينَ كَفَرُوا۟
مَكْرُهُمْ وَصُدُّوا۟ عَنِ ٱلسَّبِيلِ ۗ وَمَن يُضْلِلِ ٱللَّهُ فَمَا لَهُۥ مِنْ هَادٍ ﴿٣٣﴾

၁၃ : ၃၃ ။ ။ တစ်ဖန် လူတိုင်းလူတိုင်း မည်သည့် (အမှု) ကို ပြုလုပ်ကြသည်ကို သိရှိတော်မူသော အသျှင်မြတ်သည် (မဟုတ်မမှန်သော ကိုးကွယ်ရာများနှင့် တူနိုင်တော်မူပါမည်လော။) သို့ပါလျက် အလ္လာဟ်အသျှင်မြတ်၌ နှိုင်းယှဉ်ဘက်များကို ပြုလုပ်ခဲ့ကြလေသည်။ အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ၎င်းတို့၏ ဂုဏ်အရည်အချင်းများကို (ငါ့အား) ပြောပြကြလေကုန်။ အသင်တို့သည် ထိုအသျှင်မြတ်အား ပထဝီမြေ၌ ထိုအသျှင်မြတ် သိတော်မမူသော အရာများကို ကြားသိစေကြလေသလော။ သို့တည်းမဟုတ် (ယင်းကိုးကွယ်ရာများကို) အပေါ်ယံအားဖြင့်သာ (ကိုးကွယ်ရာများဟူ၍) ပြောဆိုခြင်း ဖြစ်လေသလော။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာမူ ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ အမြင်၌ မိမိတို့၏ လှို့ဝှက်ကြံစည်မှုများကို လှပတင့်တယ်စွာ (မြင်အောင်) ပြုလုပ်ပြီးဖြစ်ပေသည်။ ထို့ကြောင့် ၎င်းတို့သည် (မှန်ကန်သော တရား) လမ်းမှလည်း ပိတ်ပင်တားဆီးခြင်းကို ခံခဲ့ကြရလေသည်။ စင်စစ်မှာ အလ္လာဟ်အသျှင်မြတ် လမ်းမှား၌ ထားရှိသောသူအား တရားလမ်းမှန်ကို ညွှန်ကြားပြသမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (အို၊ တမန်တော်နှင့် မွတ်စ္စလင်မ်အပေါင်းတို့၊ ထိုကာဖိရ်များ၏ မုန်းတီးမှုများမှာ ဤသို့ ဖြစ်သည်။ အကြောင်းမှာ အသင်တို့ရှေ့မှောက်တွင် ရှိသော ကျမ်းတော်မြတ်ကုရ်အာန်သည် 'မုအ်ဂျေဇာဟ်'တစ်ရပ်ဖြစ်ကြောင်း စဉ်းစားတွေးခေါ်ခြင်းဖြင့် နားလည်သဘောပေါက်နိုင်သည်။ ဤကဲ့သို့ မဟုတ်ဘဲ) အကယ်၍ ကျမ်းမြတ်ကုရ်အာန်သည် ယင်း၏ အကြောင်းခံဖြင့် တောင်များကို (မိမိတို့နေရာမှ) ရွေ့လျားစေနိုင်မည်။ သို့မဟုတ် ယင်း၏ အကြောင်းခံဖြင့် မြေပထဝီတွင် လျင်မြန်စွာ သွားလာလှုပ်ရှားနိုင်မည်။ သို့မဟုတ် ယင်း၏ အကြောင်းခံဖြင့် ကွယ်လွန်သွားသူများအား တစ်ဦးတစ်ယောက်ဖြင့် စကားစမြည် ပြောဆိုစေမည်။ (ဆိုလိုသည်မှာ သေပြီးသူ ပြန်လည်ရှင်ထလာကာ တစ်ဦးတစ်ယောက်နှင့် စကားစမြည် ပြောဆိုမည်)၊ ဤသည်တို့သည် အများအားဖြင့် ကာဖိရ်များ တောင်းဆိုလေ့ရှိကြသော 'မုအ်ဂျေဇာဟ်' များဖြစ်သည်။ အချို့သည် ကန့်သတ်ချက်မရှိ တောင်းဆိုကြပြီး အချို့က ကျမ်းတော်မြတ်ကုရ်အာန်ကို လက်ရှိအခြေအနေအတိုင်း 'မုအ်ဂျေဇာဟ်'ဟု ကျွန်ုပ်တို့ လက်မခံနိုင်။ အကယ်၍ ကုရ်အာန်၏ အကြောင်းခံဖြင့် အထက်ပါဖြစ်ရပ်များ ဖြစ်နိုင်ပါမည်ဆိုမှသာ ယင်းကို ကျွန်ုပ်တို့သည် 'မုအ်ဂျေဇာဟ်'တော်ဟု လက်ခံ

မည်ဖြစ်သည်။ အလိုသဘောမှာ ကုရ်အာန်၏ အကြောင်းခံဖြင့် တင်ပြပါ လူတန်းစားနှစ်မျိုးစလုံး၏ တောင်းဆိုချက်များ ပြည့်ဝသည်အထိ 'မုအ်ဂျေဇာဟ်'တော်များ ထွက်ပေါ်လာလျှင်လည်း လူတန်းစားနှစ်မျိုးဆိုသည်မှာ အထက်ပါဖြစ်ရပ်ဆန်းများကို တိုက်ရိုက်တောင်းဆိုကြသူများနှင့် ကုရ်အာန်၏ အကြောင်းခံဖြင့် ဖြစ်ပေါ်ရန် တောင်းဆိုကြသူများ ဖြစ်သည်။)

ဤသို့ ဖြစ်ရှိခဲ့လျှင်လည်း ထိုသူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြမည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ဤအကြောင်းခံများသည် စစ်မှန်သော ထိရောက်မှုများ မဟုတ်သောကြောင့် ဖြစ်သည်။) သို့သာမက ရွေးချယ်ခွင့်အာဏာ ဟူသမျှသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင်သာ ရှိသည်။ (ထိုအသျှင်မြတ် စွမ်းအားချီးမြှင့်တော်မူသောသူသာလျှင် အီမာန်ရရှိမည်ဖြစ်သည်။ ၄င်းနောက် ထိုအသျှင်မြတ်၏ ဓလေ့တော်မှာ လိုလားသူကိုသာ 'သောင်ဖီးက်'စွမ်းအား ချီးမြှင့်လေ့ရှိသည်။ ၄င်းနောက် မုန်းတီးသူများကို လက်မဲ့ပြုလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် အချို့မွတ်စ္စလင်မ်များက ထို 'မုအ်ဂျေဇာဟ်'တော်များ ဖြစ်ပေါ်ရန် လိုလားခဲ့သည်။ ယင်းဖြင့် ၄င်းတို့သည် အီမာန်လက်ခံကောင်း လက်ခံလိမ့်မည်။ ထို့နောက် ရှေ့တွင်ဆက်လက် မိန့်တော်မူသည်မှာ ထိုသူတို့သည် မုန်းတီးကြသူများဖြစ်ပြီး အီမာန်သက်ဝင် ယုံကြည်လိမ့်မည်မဟုတ်။ ၄င်းနောက် အာဏာဟူသမျှသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင်သာ ရှိကြောင်း၊ ၄င်းနောက် အကြောင်းခံများဟူသည် စစ်မှန်သော ထိရောက်မှုမရှိကြောင်း စသည်တို့ကို ကြားနာပြီးသော်လည်း) အီမာန်ရှင်တို့သည် အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါက (လောကတစ်ခွင်ရှိ) လူသားအားလုံးကို လမ်းမှန်ပို့ဆောင်နိုင်ကြောင်း အပြည့်အဝ မယုံကြည်သေးလေသလော။ (သို့သော် အသျှင်မြတ်၏ အချို့သော ဉာဏ်အမြော်အမြင်တော်ကြောင့် အလိုတော်မရှိသဖြင့် အားလုံး အီမာန်လက်မခံကြခြင်း ဖြစ်သည်။ အဓိကအကြောင်းအရင်းမှာ မုန်းတီးမှုကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုရန်လိုမုန်းတီးသူများ၊ အီမာန်လက်မခံခြင်းနှင့် ပတ်သက်ပြီး အဘယ်ကြောင့် သောကဖြစ်နေရသနည်း။)

၄င်းနောက် (ယင်းတို့ အီမာန်လက်မခံသည်ကို အတိအကျ သိရှိပြီးနောက် ဤသို့လည်း တွေးကောင်းတွေးလိမ်မည်။ အကြောင်းမှာ ထိုသို့ဆိုလျှင် ၄င်းတို့အား အဘယ်ကြောင့် အပြစ်မပေးလေသနည်း။ ယင်းနှင့်ပတ်သက်၍ မိန့်တော်မူသည်မှာ) ဤ (မက္ကာဟ်မြို့မှ) ကာဖိရ်တို့သည် အမြဲတစေ (မကြာမီ) ဤသို့သော အခြေအနေတွင် ရှိနေလိမ့်မည်။ အကြောင်းမှာ ၄င်းတို့၏ (မကောင်းသော) လုပ်ရပ်များကြောင့် ၄င်းတို့အပေါ်သို့ ဘေးဗလာတစ်ခုခု ကျရောက် နေလိမ့်မည်။ (တစ်ခါတစ်ရံ အသတ်ခံရပြီး၊ တစ်ခါတစ်ရံ ဖမ်းဆီးခံရပြီး၊ တစ်ခါတစ်ရံ ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရမည်။) သို့မဟုတ် (အချို့သော ဘေးဗလာတို့သည် ၄င်းတို့အပေါ်သို့ မကျရောက်သော်လည်း) ၄င်းတို့၏ ရပ်ရွာအနီးတွင် ကျရောက်နေလေ့ရှိမည်။ (ဥပမာ- အုပ်စုတစ်စုပေါ်သို့ ဘေးဗလာကျရောက်ခဲ့လျှင် ၄င်းတို့သည်လည်း ငါတို့အပေါ် မည်သည့်အခါ ကျရောက်လာမည်နည်းဟု စိုးရိမ်နေကြမည်။) ဤသို့ဖြင့် (ထိုသို့ အခြေအနေမျိုးတွင်) အလ္လာဟ်အသျှင်မြတ်၏ ကတိတော် ကျရောက်လာမည်ဖြစ်သည်။ (ဆိုလိုသည်မှာ တမလွန်၏ ပြစ်ဒဏ်နှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ယင်းကို သေဆုံးသည်နှင့် တစ်ပြိုင်နက် စတင်ခံစားကြရမည် ဖြစ်သည်။ ၄င်းနောက်) မုချဧကန် အလ္လာဟ်အသျှင်

မြတ်သည် မိမိ၏ ကတိတော်ကို ဆန့်ကျင်လေ့မရှိပေ။ (ထို့ကြောင့် ၎င်းတို့အပေါ်သို့ 'အဇားဗ်' အပြစ်ဒဏ်ကျရောက်မည်မှာ မလွဲဧကန် ဖြစ်သည်။ တစ်ခါတစ်ရံ အနည်းငယ် ကြန့်ကြာသည်လည်း ရှိမည်။)

၎င်းနောက် (ထိုသူတို့၏ ငြင်းဆန်မှုနှင့် လှောင်ပြောင်သရော်မှုတို့ကို အသင်တမန်တော်သာလျှင် သီးခြားကြုံတွေ့ရသည် မဟုတ်။ ထိုနည်းတူစွာ ၎င်းတို့၏ 'အဇားဗ်' အပြစ်ဒဏ်ကို ဆိုင်းငံ့ထားခြင်းမှာလည်း ၎င်းတို့အတွက်သာ သီးခြားမဟုတ်။ သို့သာမက လွန်လေပြီးသော တမန်တော်များနှင့် ၎င်းတို့၏ အုမ္မသ်တို့သည်လည်း ဤသို့ ကြုံတွေ့ခဲ့ကြခြင်း ဖြစ်သည်။) အသင် တမန်တော်၏အလျှင် မြောက်မြားစွာသော နဗီတမန်တော်များသည်လည်း ပြက်ရယ်ပြုခြင်း ခံခဲ့ရသည်။ သို့သော်လည်း ငါအသျှင်မြတ်သည် ထိုကာဖိရ်များကို အခွင့်အရေးများ ပေးခဲ့သည်။ တစ်ဖန် ငါအသျှင်မြတ်သည် ၎င်းတို့ကို အရေးယူတော်မူသည်။ ထို့ကြောင့် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ပေးမှုသည် အဘယ်သို့ဖြစ်မည်ကို (နားလည်သင့်သည်။ ဆိုလိုသည်မှာ လွန်စွာ ပြင်းထန်သည်။ အလ္လာဟ်အသျှင်မြတ်သာလျှင် အရာရာကို လုပ်ပိုင်ခွင့်အာဏာရှိတော်မူသော အသျှင်ဖြစ်ကြောင်း သိရှိကြပြီး၊ ၎င်းနောက် ယင်းကို အတည်ပြုပြီးသည့်နောက်) တွင်လည်း အကြင်အသျှင်မြတ်သည် လူတိုင်းလူတိုင်း၏ ကျင့်ကြံမှုများကို သိရှိတော်မူပြီး ၎င်းနောက် (ထိုအသျှင်သည်) ၎င်းတို့၏ တုဖက်နှိုင်းယှဉ်ကြသော အရာနှင့် တူညီနိုင်ပါမည်လော။ ၎င်းနောက် (သို့သော်လည်း) ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ရာ အရာများကို ရွေးချယ်ထားကြသည်။

အသင်တမန်တော် ပြောကြားပါလေ။ အကြောင်းမှာ (အနည်းငယ်) ထို (တုဖက်နှိုင်းယှဉ်မည့်သူများ) ၏ အမည်နာမကို ကိုင်တွယ်ကြလော။ (၎င်းတို့သည် မည်သူများဖြစ်သည်။ ၎င်းနောက် မည်သို့ဖြစ်သည်ကို ကျွန်ုပ်လည်း ကြားနာကြမည်။ အသင်တို့သည် အမှန်ပင် ထိုအရာများကို အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်နိုင်သူများဟု ထင်မှတ်ကာ ကြွေးကြော်နေပါလျှင်) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို လောက (တစ်ခွင်) တွင် ထို (အရာများ တည်ရှိနေကြောင်း) အသျှင်မြတ်က မသိရှိ၍ အသိပေးနေခြင်း (မျိုး ဖြစ်ပေတော့မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အမှန်တကယ်ပင် တည်ရှိနေသော အရာများကိုသာ တည်ရှိနေသည်ဟု သိရှိတော်မူသည်၊ မရှိသော အရာများကို တည်ရှိနေသည်ဟု မှတ်ယူတော်မူခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဤသို့ ပြုမိလျှင် အသျှင်မြတ်၏ အသိဉာဏ်တော် မှားယွင်းရာ ရောက်ပေလိမ့်မည်။ အချုပ်ဆိုရသော် ထိုအရာများကို အမှန်တကယ်ပင် တုဖက်နှိုင်းယှဉ်ရာများဟု ဆိုခြင်းသည် မဖြစ်နိုင်ဖွယ်ရာ ဖြစ်သောကြောင့် ထိုသူတို့၏ တုဖက်နှိုင်းယှဉ်ခြင်းသည်လည်း မဖြစ်နိုင်ဖွယ်ရာပင် ဖြစ်သည်။) သို့မဟုတ် (ထိုအရာများကို အမှန်တကယ် တုဖက်နှိုင်းယှဉ်ရာများဟု မဆိုဘဲ) အပေါ်ယံစာသားများအရသာ တုဖက်နှိုင်းယှဉ်ရာများဟု ဆိုလျှင် (၎င်းနောက် စစ်မှန်သော ဦးတည်ချက်လည်း မရှိကြပေ။ အကယ်၍ ဤအချက်ကို ဒုတိယပိုင်းဟု သတ်မှတ်လျှင် ၎င်းတို့၏ ကိုးကွယ်ရာများသည် အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ရာ မဖြစ်နိုင်သည်ကို ၎င်းတို့ကိုယ်တိုင် ဝန်ခံရာရောက်သည်။ ထို့ကြောင့် အဖြေရလဒ်သည် ရှရစ်ကပ်ပြုခြင်းမှာ မှားယွင်းသော လုပ်ရပ်ဖြစ်ကြောင်း၊ ပုံသဏ္ဌာန်နှစ်မျိုးစလုံးဖြင့် အတည်ဖြစ်ရှိသွားပေမည်။ ပထမပုံသဏ္ဌာန်တွင် အထောက်အထားများဖြင့်လည်းကောင်း၊ ဒုတိယ

သဏ္ဍာန်တွင် အသင်တို့ကိုယ်တိုင် ဝန်ခံခြင်းဖြင့်လည်းကောင်း အတည်ဖြစ်ရှိသွားပေပြီ။ ၎င်းနောက် ဤရှင်းလင်းချက်သည် အဆင့်မြင့်မြင့် ပြည့်ပြည့်စုံစုံ တင်ပြထားခြင်းဖြစ်သော်လည်း ထိုသူတို့သည် လက်ခံကြမည်မဟုတ်။) သို့သာမက ထိုကာဖိရ်များသည် မိမိတို့၏ မှားယွင်းသော စကားရပ်များကို (ယင်းကိုပင် ချုပ်ကိုင်ထားကာ ရှရစ်ကလုပ်ရပ်များတွင် နစ်မွန်းနေကြပြီး) နှစ်သက်ကြလေသည်။ ၎င်းနောက် (ထို့ကြောင့်ပင်) ၎င်းတို့သည် လမ်း (မှန်) မှ လက်မဲ့ဖြစ်ကြရသည်။ ၎င်းနောက် (အဓိကအချက်မှာ အထက်တွင် တင်ပြခဲ့သည့်

بَلْ لِلّٰهِ الْاَمْرُ جَمِيْعًا

၏ အလိုသဘောတွင် တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။ ဆိုလိုသည်မှာ) အလ္လာဟ်အသျှင်မြတ် လမ်းလွဲစေလိုက်သူအား မည်သူမျှ လမ်းမှန်ပြနိုင်မည် မဟုတ်ပေ။ (မှချကေန် ထိုအသျှင်မြတ်သည် ရှင်းလင်းသော အမှန်တရားများ ရှိနေပါလျက် ရန်ငြိုးထားသူများကိုသာ လမ်းမှားစေတော်မူမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

မက္ကာဟ်မြို့မှ မုရှိရစ်ကများရှေ့မှောက်တွင် အစ္စလာမ်သာသနာ၏ မှန်ကန်ကြောင်း ရှင်းလင်းပြတ်သားသော အထောက်အထားများနှင့် တမန်တော်မြတ် ﷺ သည် စစ်မှန်သော တမန်တော်တစ်ပါးဖြစ်ကြောင်း ထင်ရှားပြတ်သားသော အထောက်အထားများသည် တမန်တော်မြတ်ကြီး၏ ဘာဝသက်တမ်းကဏ္ဍအစုံမှ သော်လည်းကောင်း၊ တစ်ဖန် ထူးခြားအံ့ဖွယ်ကောင်းလှသော 'မုအ်ဂျေဇာဟ်' တော်များဖြင့် ထွန်းလင်းတောက်ပခဲ့ပြီး ဖြစ်သည်။ ၎င်းနောက် ထိုမုရှိရစ်ကတို့၏ ခေါင်းဆောင် အဗူဂျဟဲလ်သည်ပင် ဤသို့ပြောဆိုခဲ့ပြီး ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ဗနူဟာရှင်မ်မျိုးနွယ်နှင့် ဆွေဂုဏ်မျိုးဂုဏ် ပြိုင်ဆိုင်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည် ထိုမျိုးနွယ်မှ ပေါ်ထွန်းလာသည်ဟူသော ထွတ်မြတ်မှုကို အဘယ်သို့ လက်ခံနိုင်မည်နည်း။ ထို့ကြောင့် သူသည် မည်သည့်စကားမျိုးကိုပင် ပြောဆိုနေပါစေ ၎င်းနောက် မည်သည့်အထောက်အထားများကိုပင် ပြသနေပါစေ ကျွန်ုပ်တို့သည် မည်သည့်နည်းနှင့်မျှ ၎င်းအပေါ် အီမာန်သက်ဝင် ယုံကြည်မှု မပြုနိုင်ပေ။ ထို့ကြောင့် အဗူဂျဟဲလ်သည် နေရာတိုင်းတွင် ထိုဆန့်ကျင်မှုကို ထုတ်ဖော်သောအနေဖြင့် အဓိပ္ပာယ်မဲ့သော မေးခွန်းများ၊ ၎င်းနောက် တောင်းဆိုမှုများကို ပြုလေ့ရှိသည်။ တင်ပြပါအာယသ်တော်များသည် အဗူဂျဟဲလ်နှင့် ၎င်း၏ အပေါင်းအပါများ မေးမြန်းခဲ့သော မေးခွန်းကို ဖြေကြားသည့်အနေနှင့် ကျရောက်ခဲ့ခြင်း ဖြစ်သည်။

သဖ်စီးရ်ဗဂ်ဝီကျမ်းတွင် တင်ပြထားသည်မှာ မက္ကာဟ်မြို့မှ မုရှိရစ်ကများထံတွင် အဗူဂျဟဲလ်ဗင်န် ဟေရှားမ်နှင့် အဗ်ဒွလ္လာဟ်ဗင်န် အိုမိုင်ယာတို့အကြောင်း အထူးတလည် တင်ပြသင့်ပေသည်။ တစ်နေ့သ၌ ဗိုင်သွလ္လာဟ်၏ အနောက်ဘက်တွင် ထိုင်နေကြပြီး အဗ်ဒွလ္လာဟ်ဗင်န် အိုမိုင်ယာကို တမန်တော် ﷺ ၏ ထံသို့ စေလွှတ်ခဲ့သည်။ ၎င်းက ပြောဆိုသည်မှာ အသင်သည် အသင်၏ မျိုးနွယ်စုနှင့် ကျွန်ုပ်တို့

အားလုံး အသင့်အား တမန်တော်တစ်ပါးအဖြစ် လက်ခံစေလိုလျှင် ၄င်းနောက် အသင်၏ နောက်လိုက်ဖြစ်စေလိုလျှင် ကျွန်ုပ်တို့၏ တောင်းဆိုချက်အချို့ကို အသင့်ကုရ်အာန်ကျမ်း၏ အကြောင်းခံဖြင့် ဖြည့်ဆည်းလော့။ သို့မှသာ ကျွန်ုပ်တို့အားလုံး အစ္စလာမ်သာသနာကို လက်ခံလိုက်ကြမည်။

တောင်းဆိုချက်များအနက် တစ်ခုမှာ မက္ကာဟ်မြို့သည် အလွန် ကျဉ်းမြောင်းလေသည်။ အဘက်ဘက်မှ တောင်များ ဝိုင်းရံလျက် ရှည်မျောသော အနေအထားဖြစ်သည်။ ယင်းတွင် လယ်ယာကိုင်းကျွန်းလည်း လုပ်ကိုင်၍ မရနိုင်ပေ။ ဥယျာဉ်ခြံမြေနှင့် အခြားလိုအပ်ချက်များကိုလည်း ဆောင်ရွက်နိုင်ခြင်းမရှိ။ အသင်သည် 'မှအ်ဂျေဇာဟ်' ၏ အကြောင်းခံဖြင့် ဤတောင်များကို ဝေးရာသို့ ဖယ်ရှားလိုက်လော့။ သို့မှသာ မက္ကာဟ်မြေသည် ကျယ်ဝန်းသွားမည်ဖြစ်သည်။ အသင်ပြောဆိုခဲ့သည့်အတိုင်း တမန်တော်ဒါဝူးဒ် عليه السلام အား တောင်များကို ထိန်းချုပ်နိုင်စွမ်း ချီးမြှင့်ထားသည်ဟုဆိုခဲ့သည်။ ထိုတမန်တော်သည် 'သပ်စ်ဗီးဟ်' ရွတ်ဆိုသောအခါ တောင်များသည်လည်း ၄င်းနှင့်တကွ 'သပ်စ်ဗီးဟ်' ရွတ်ဆိုခဲ့သည်ဟု ဆိုသည်။ အသင်သည် မိမိ၏ အဆိုအတိုင်း အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် တမန်တော်ဒါဝူးဒ် عليه السلام ထက် အဆင့်နိမ့်သည် မဟုတ်ပေ။

ဒုတိယတောင်းဆိုချက်မှာ အသင်ပြောဆိုခဲ့သည့်အတိုင်း တမန်တော်ဆိုလိုမာန် عليه السلام အား အလ္လာဟ်အသျှင်မြတ်သည် လေကို ထိန်းချုပ်နိုင်စွမ်း ချီးမြှင့်ထားကာ ဝေးလံသော ခရီးများကို တိုတောင်းစေခဲ့သည်။ အသင်လည်း ကျွန်ုပ်တို့အတွက် ဤကဲ့သို့ပင် ပြုပေးလော။ သို့မှသာ ကျွန်ုပ်တို့အတွက် ရှားမ်နိုင်ငံနှင့် ရီမင်နိုင်ငံ စသည်တို့ကို သွားလာရန် လွယ်ကူသွားမည် ဖြစ်သည်။

တတိယတောင်းဆိုချက်မှာ အီစာ عليه السلام သည် ကွယ်လွန်ပြီးသူများကို ပြန်လည်ရှင်စေနိုင်သည်ဟု ဆိုသည်။ အသင်သည်လည်း ၄င်းထက် အဆင့်နိမ့်သူတစ်ယောက် မဟုတ်ပေ။ အသင်လည်း ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏ အဘိုးကိုလည်း ပြန်လည် အသက်ရှင်လာအောင် ပြုပေးလော။ သို့မှသာ ကျွန်ုပ်တို့သည် ၄င်းအား အသင်၏ သာသနာမှန်ကန်မှု ရှိမရှိနှင့် ပတ်သက်ပြီး မေးမြန်းနိုင်မည် ဖြစ်သည်။

[မဇ္ဇဟရီးကျမ်း၊ ဗဂ်ဝီးကျမ်း၊ အိဗ်နေအဗီဟာသီမ်၊ အိဗ်နေမွရ်သွဝီယာကျမ်း]

တင်ပြပါအာယသ်တော်များတွင် ထိုမုန်းတီးစွာ တောင်းဆိုမှုများကို ဤသို့ အဖြေပေးထားလေသည်။

وَلَوْ أَنَّ قُرْآنًا سُيِّرَتْ بِهِ الْجِبَالُ أَوْ قُطِّعَتْ بِهِ الْأَرْضُ أَوْ كُلِّمَ بِهِ الْمَوْتَىٰ

بَل لِّلَّهِ الْأَمْرُ جَمِيعًا

ဤအာယသ်တော်တွင် **تسيرجبال** ဆိုသည်မှာ တောင်များကို မိမိနေရာမှ ဖယ်ရှားခြင်း၊ ၄င်းနောက် **قُطِّعَتْ بِهِ الْأَرْضُ** ဆိုသည်မှာ အချိန်တိုအတွင်း ရှည်လျားသော ခရီးကို ဖြတ်သန်းသွားခြင်း၊ ၄င်းနောက် **كُلِّمَ بِهِ الْمَوْتَىٰ** ဆိုသည်မှာ ကွယ်လွန်ပြီးသူများကို ရှင်ထစေ၍ စကားပြောဆိုခြင်းဖြစ်သည်။

၄င်းနောက် သတ်မှတ်ချက်အတွက် သုံးနှုန်းသော لَوۡ ဟူသော 'ရှရည့်'၏ အဖြေမှာ စာသားအသွားအလာ အရ ဖုံးကွယ်ထားသည်ဟု သိရှိရသည်။ ယင်းမှာ لَمَا اٰمَنُوۡا ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ပိုဒ်တွင် ဤသို့သော အကြောင်းအရာနှင့် ပတ်သက်၍ တင်ပြထားရာ ထိုနေရာ တွင်လည်း ဤကဲ့သို့ပင် အဖြေပါရှိသည်။

وَلَوۡ اَنَّنَا نَزَّلۡنَاۤ اِلَيۡهِمُ الۡمَلٰۤـئِكَةَ وَكَلَّمَهُمُ الۡمَوۡتٰى وَحَشَرۡنَا عَلَيۡهِمۡ كُلَّ شَىۡءٍ قُبُلًا مَّا كَانُوۡا لِيُـؤۡمِنُوۡۤا

ဆိုလိုသည်မှာ အကယ်၍ ကုရ်အာန်၏ အကြောင်းခံဖြင့် 'မုအ်ဂျေဇာဟ်'သဘောနှင့် ထိုသူတို့၏ ဤတောင်းဆိုချက်များကို ဖြည့်ဆည်းပေးသည့်တိုင်အောင်လည်း ၄င်းတို့သည် အီမာန်ယူမည့်သူများ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ဤတောင်းဆို မှုများအလျောက် ဤကဲ့သို့သော 'မုအ်ဂျေဇာဟ်'များကို တွေ့မြင်ကြပြီး ဖြစ်လေသည်။ အကြင် 'မုအ်ဂျေဇာဟ်'များသည် ထိုသူတို့၏ တောင်းဆိုသော 'မုအ်ဂျေဇာဟ်'များထက်ပင် သာပို၍ ကြီးမားလေသည်။ တမန်တော်မြတ် ﷺ ၏ လက်ညှိုးညွှန်ခြင်းဖြင့် လ နှစ်ခြမ်းကွဲသွားခြင်းသည် တောင်များ မိမိနေရာမှ ရွေ့လျားသွားခြင်း၊ ၄င်းနောက် လေကို ထိန်းချုပ်စေ ခိုင်းခြင်း စသည်တို့ထက် ပို၍ အံ့သြဖွယ်ရာ ဖြစ်ပေသည်။ ထိုနည်းတူစွာ အသက်ကင်းမဲ့သော ကျောက်ခဲ များသည် တမန်တော်မြတ်၏ မင်္ဂလာရှိသော လက်တော်ပေါ်တွင် စကားပြောဆိုခြင်းနှင့် 'သပ်စ်ဗီးဟ်' ရွတ်ဆိုခြင်းတို့သည် သူသေတစ်ဦး ပြန်လည်ရှင်ထ၍ စကားပြောဆိုခြင်းထက် အဆမတန် ပို၍ ကြီးမား သော 'မုအ်ဂျေဇာဟ်'ဖြစ်သည်။ 'မေ့အ်ရားဂျ်'ညတွင် 'မတ်စ်ဂျိဒ်ဒေ့အက်ဆွာ' သို့ ထိုမှတစ်ဖန် မိုးကောင်း ကင်ပေါ်သို့ ခရီးနှင်ခဲ့ခြင်းနှင့် တိုတောင်းလှသော အချိန်အတွင်း ပြန်လည်ရောက်ရှိလာခြင်းတို့သည် လေ ကို ထိန်းချုပ်စေခိုင်းခြင်းနှင့် တမန်တော်စိုလိုင်မာန် عليه السلام ၏ ပလ္လင်တို့ထက် အဆမတန် ကြီးမားသော 'မုအ်ဂျေဇာဟ်'တော်များပင် ဖြစ်သည်။ သို့သော် ဤဆိုးသွမ်းသူတို့သည် ထိုအရာများအားလုံးကို မြင်တွေ့ခဲ့ ပြီးပါလျက် အီမာန်မယူခဲ့သောကြောင့် ယခုလည်း ထိုသူတို့၏ တောင်းဆိုချက်များအရ ၄င်းတို့၏ ရည်ရွယ် ချက်ကို သိရှိရသည်မှာ ယာယီစကားလွှဲခြင်းမှသာ ဖြစ်သည်။ ယုံကြည်လက်ခံရန်နှင့် လိုက်နာရန် အလျှဉ်း ရှိမည်မဟုတ်ပေ။ ထိုမုရှ်ရစ်က်တို့ တောင်းဆိုချက်များ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ တောင်းဆိုမှုများ ကို မဖြည့်ဆည်းနိုင်ခဲ့လျှင် ကျွန်ုပ်တို့ ပြောဆိုကြမည်။ (မအာဇလ်လာဟ်) အလ္လာဟ်အသျှင်မြတ်သည်ပင် လျှင် ထိုကိစ္စများကို တတ်စွမ်းနိုင်သည် မဟုတ်ပေ။ သို့မဟုတ် တမန်တော်မြတ် ﷺ ၏ စကားသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် နားထောင်ခြင်း၊ လက်သင့်ခံခြင်း မရှိ၍ ဖြစ်သည်။ ထို့ကြောင့် ဆက်လက်၍ မိန့်တော်မူသည်မှာ-

بَلۡ لِّلّٰهِ الۡاَمۡرُ جَمِيۡعًا

ဆိုလိုသည်မှာ လုပ်ပိုင်ခွင့်အာဏာဟူသမျှသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင်သာ ရှိသည်။ အလိုသဘောမှာ တင်ပြပါတောင်းဆိုမှုများကို မဖြည့်ဆည်းခြင်းသည် အလ္လာဟ်အသျှင်မြတ် မတတ်စွမ်း

နိုင်သောကြောင့် မဟုတ်ပေ။ သို့သာမက စင်စစ်တွင် လောက၏ အကျိုးနှင့် အကြောင်းများကို ထိုအသျှင်မြတ်သာလျှင် သိရှိတော်မူသည်။ ထိုအသျှင်မြတ်သည် မိမိ၏ ဉာဏ်အမြော်အမြင်တော်ဖြင့် ထိုတောင်းဆိုမှုများကို ဖြည့်ဆည်းရန် မသင့်ဟု ယူဆတော်မူသည်။ အဘယ်ကြောင့်ဆိုသော် တောင်းဆိုကြသူများ၏ အစွန်းရောက်မှုနှင့် ရည်ရွယ်ချက် မမှန်ကန်မှုတို့ကို သိရှိတော်မူသောကြောင့် ဖြစ်သည်။ တောင်းဆိုမှုများအားလုံး ဖြည့်ဆည်းခဲ့လျှင်လည်း ထိုသူတို့သည် အီမာန်လက်ခံလိမ့်မည် မဟုတ်ကြောင်း အသျှင်မြတ်က သိရှိတော်မူသည်။

أَفَلَمْ يَايْئَسِ الَّذِينَ آمَنُوا أَنْ لَوْ يَشَاءُ اللَّهُ لَهَدَى النَّاسَ جَمِيعًا

အေမာမ်ဗဂ်ဝီ (ရဟ) သခင်က ဆင့်ပြန်ထားသည်မှာ ဆွဟာဗာကြီးများသည် မက္ကာဟ်မြို့နေ မုရှ်ရစ်က်များ၏ အထက်ပါတောင်းဆိုချက်များကို ကြားသိကြသောအခါ 'မုအ်ဂျေဇာဟ်'တော်တစ်ရပ် အနေနှင့် ထိုတောင်းဆိုချက်များကို ဖြည့်ဆည်းပေးလျှင် ကောင်းလေစွဟု မျှော်လင့်ခဲ့ကြသည်။ သို့မှသာ မက္ကာဟ်မြို့သားများ မွတ်စ္စလင်မ်ဖြစ်လာကြမည်။ ၎င်းနောက် အစ္စလာမ်သာသနာတော်တွင် ကြီးမားသော အင်အားတစ်ရပ် ရရှိမည်ဖြစ်သည်။ ထိုထင်မြင်ချက်အပေါ် အထက်ပါအာယသ်တော် ကျရောက်လာခဲ့သည်။ ယင်း၏ အလိုသဘောမှာ အီမာန်ရှင်တို့သည် မုရှ်ရစ်က်တို့၏ လှည့်စားဖြားယောင်းမှု၊ မုန်းတီးခြင်းကြောင့် ငြင်းခုံမှုများ ပြုနေသည်ကို တွေ့မြင်သိရှိကြပါလျက် ယခုတိုင် ထိုသူတို့ အီမာန်လက်ခံလာမည်ကို မျှော်လင့်ချက် မကင်းကြသေးပါသလော။ ဤကဲ့သို့သော မျှော်လင့်ချက်များ ထားနေကြသေးပါသလော။ အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင် လူသားတစ်ရပ်လုံးကို 'ဟေဒါယသ်' ပေးနိုင်ခြင်းနှင့် ထိုအခါ ၎င်းတို့သည် မွတ်စ္စလင်မ်မဖြစ်ဘဲ နေနိုင်ကြမည်မဟုတ်ကြောင်းကိုလည်း အီမာန်ရှင်တို့ သိရှိကြသည်။ သို့သော် အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်အရ ဤသို့ အားလုံးကို အစ္စလာမ်နှင့် အီမာန်အပေါ် အဓမ္မသွတ်သွင်းရန် ဆန္ဒမရှိခဲ့ပေ။ အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်ဖြစ်ပြီး မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အစ္စလာမ်ကို ရွေးချယ်လက်ခံနိုင်သကဲ့သို့ ကုဖွ်ရ်ကိုလည်း ရွေးချယ်လက်ခံနိုင်သည်။

وَلَا يَزَالُ الَّذِينَ كَفَرُوا تُصِيبُهُم بِمَا صَنَعُوا قَارِعَةٌ أَوْ تَحُلُّ قَرِيبًا مِّن دَارِهِمْ

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ قَارِعَةٌ ၏ အဓိပ္ပာယ်သည် ဘေးဗလာ၊ ဘေးဒုက္ခ ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ထိုမုရှ်ရစ်က်များ၏ တောင်းဆိုမှုများကို ၎င်းတို့၏ အစွန်းရောက်မှုနှင့် ရည်စူးချက်မမှန်ကန်ခြင်းကြောင့်၊ အကြောင်းမှာ အီမာန်လက်ခံမည်မဟုတ်ကြောင်း သိရှိတော်မူသောကြောင့် မဖြည့်ဆည်းခဲ့ခြင်း ဖြစ်သည်။ သို့ပါ၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ၎င်းတို့ ရထိုက်သည်မှာ ဒုန္နယာလောကတွင်လည်း ၎င်းတို့အပေါ်သို့ ဘေးဗလာဒုက္ခများ ကျရောက်ခြင်းဖြစ်သည်။ ဥပမာ- မက္ကာဟ်မြို့သားများ မိုးခေါင်ရေရှားသည့် ဘေးဒုက္ခနှင့် ရင်ဆိုင်ခဲ့ရသည်။ တစ်ခါတစ်ရံ အစ္စလာမ့် စစ်တပ်များနှင့် 'ဗဒရ်'၊ 'အူဟုဒ်'စသည့် စစ်ပွဲများတွင် အသတ်ခံရခြင်း၊ ဖမ်းဆီးချုပ်နှောင်ခံရခြင်း စသည့် ဘေးဒုက္ခများနှင့် ရင်ဆိုင်ခဲ့ရသည်။

اَوْ تَحُلُّ قَرِيْبًا مِّنْ دَارِهِمْ

ဆိုလိုသည်မှာ တစ်ခါတစ်ရံ ဘေးဒုက္ခသည် ၎င်းတို့အပေါ် တိုက်ရိုက်ကျရောက်ခြင်းမရှိဘဲ အနီးအနား ရှိ ဒေသများပေါ်သို့ ကျရောက်ကာ ယင်းကြောင့် သံဝေဂရရှိကြမည်။ ၎င်းနောက် မိမိတို့၏ ရလဒ်ဆိုး ကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။

حَتّٰى يَأْتِىَ وَعْدُ اللّٰهِ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ

ဆိုလိုသည်မှာ ထိုဘေးဒုက္ခများ ကျရောက်မှုသည် စဉ်ဆက်မပြတ် တည်ရှိနေမည်ဖြစ်ပြီး အလ္လာဟ် အသျှင်မြတ်၏ ကတိတော် ပြည့်ဝသည့်အထိ ရင်ဆိုင်ခံစားနေရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် မည်သည့်အခါမျှ ပျက်ပြယ်သွားမည် မဟုတ်ပေ။ ကတိတော် ဆိုသည်မှာ မက္ကာဟ်မြို့ကို အောင်နိုင်မည့် ကတိတော်ဖြစ်သည်။ အလိုသဘောမှာ မက္ကာဟ်ရွှေမြို့တော် ကို အောင်နိုင်သိမ်းပိုက်သည့်အချိန်အထိ ၎င်းတို့အပေါ်သို့ ဘေးဗလာအမျိုးမျိုး ကျရောက်နေမည်ဖြစ်သည်။

အထက်ပါအာယသ်တော်တွင် اَوْ تَحُلُّ قَرِيْبًا مِّنْ دَارِهِمْ ဟူသော စာသားများအရ သိရှိရသည် မှာ မျိုးနွယ်စုတစ်စုနှင့် ဒေသတစ်ခု၏ အနီးအနား ဘေးဗလာများ ကျရောက်ခြင်းတွင် အလ္လာဟ်အသျှင် မြတ်၏ လျှို့ဝှက်သော အမြော်အမြင်တော်များ ရှိနေလေ့ရှိသည်။ ယင်းမှာ ထိုဘေးဗလာကျရောက်သော ဒေသ၏ အနီးအနားရှိ ရွာများကိုလည်း သတိပေးနှိုးဆော်ခြင်း ဖြစ်သည်။ ၎င်းနောက် အခြားသူများကို ကြည့်ရှုကာ သံဝေဂတရားရပြီး မိမိတို့၏ 'အမလ်' ကျင့်ကြံမှုများကိုလည်း ပြုပြင်ရန်ဖြစ်သည်။ ဤသည် အခြားသူတို့၏ 'အစားဗ်' အပြစ်ဒဏ်က ၎င်းတို့အတွက် 'ရဟ်မသ်' ကရုဏာ ဖြစ်ရှိသွားခြင်း ဖြစ်သည်။ သို့မဟုတ် အခြားသူများနှင့် ပတ်သက်သော မြင်ကွင်းသည်ပင် တစ်နေ့ ၎င်းတို့၏ ရလဒ်ဖြစ်သွားနိုင်သည်။

မျက်မှောက်ခေတ်တွင် ကျွန်ုပ်၏ နိုင်ငံနှင့် နိုင်ငံ၏ အနီးအပါးတွင် နေ့စဉ်နေ့တိုင်း အုပ်စုတစ်စုစု၊ ဒေသတစ်ခုခုအပေါ်သို့ ဘေးဗလာများ အမျိုးမျိုး ကျရောက်လျက်ရှိသည်။ တစ်ခါတစ်ရံ ရေကြီးမှုကြောင့် ပျက်စီးသွားခြင်း၊ တစ်ခါတစ်ရံ လေမုန်တိုင်း တိုက်ခတ်ခြင်း၊ တစ်ခါတစ်ရံ မြေငလျင်ဘေးဒုက္ခ၊ တစ်ခါ တစ်ရံ အခြားသော ဘေးဒုက္ခများ ကျရောက်လျက်ရှိသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ တင်ပြချက်အရ ဤဘေးဒုက္ခသည် ထိုဒေသနှင့် ထိုအုပ်စုအတွက်သာ ပြစ်ဒဏ်ကျရောက်ခြင်းမဟုတ်ဘဲ အနီးအပါးရှိ လူအများ ကိုလည်း သတိပေးနှိုးဆော်ခြင်း ဖြစ်သည်။ ရှေးယခင်ခေတ်များက လူတို့သည် အသိပညာ၊ အတတ်ပညာ မထွန်းကားခဲ့ကြသော်လည်း ၎င်းတို့၏ နှလုံးသားတွင် အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ရှိသည်။ မည်သည့်နေရာတွင်မဆို ဤသို့ ဘေးအန္တရာယ်များ ကျရောက်လာပါက ထိုဒေသခံများသာမက အနီးအပါး ရှိ လူတို့သည်လည်း ကြောက်ရွံ့သွားကြသည်။ အလ္လာဟ်အသျှင်မြတ်ဘက်သို့ အာရုံပြုလာကြသည်။ မိမိ တို့၏ အကုသိုလ်များကို 'သောင်ဗာဟ်' ပြု အမှားဝန်ခံလေ့ ရှိကြသည်။ ၎င်းနောက် 'အိစ်သိဂ်ဖားရ်' ပြုခြင်း၊ 'ဆွဒ်ကာဟ်'၊ 'ခိုင်ရားသ်' ပေးခြင်းတို့ကို ဘေးဒုက္ခမှ လွတ်မြောက်ရန် အကြောင်းခံဟု မှတ်ယူ ကြသည်။ ထို့ကြောင့်ပင် ၎င်းတို့၏ ဘေးဒုက္ခများသည် အလွန်ပင် လွယ်ကူစွာ ပပျောက်သွားလေ့ ရှိသည်

ကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်သိရှိကြသည်။ ယနေ့ ကျွန်ုပ်တို့၏ ပေါ့လျော့မှုအခြေအနေမှာ ဘေးဒုက္ခကျရောက်သည့်အချိန်တွင် အလ္လာဟ်အသျှင်မြတ်ကို သတိမရကြပေ။ အခြားအရာများအားလုံးကို သတိတရရှိကြသည်။ ဒုန္နယာလောက၏ မွတ်စလင်မ်မဟုတ်သော သာမန်လူတန်းစားများကဲ့သို့ပင် ကျွန်ုပ်တို့သည် သဘာဝအကြောင်းတရားများပေါ်တွင်သာ အာရုံထားလေ့ ရှိကြသည်။ အကြောင်းအရာများ၏ ဖန်ဆင်းရှင်ဘက်သို့ အာရုံထားနိုင်သည့် စွမ်းအားသည် ထိုအချိန်မျိုးတွင်လည်း အချို့သောသူများတွင်သာ ရရှိသည်။ ဤအတွက်ကြောင့်ပင် လောကကြီးသည် ဤကဲ့သို့သော စဉ်ဆက်မပြတ် ဘေးဗလာများနှင့် အမြဲတစေ ရင်ဆိုင်နေရခြင်း ဖြစ်သည်။

حَتّٰى يَأْتِىَ وَعْدُ اللهِ اِنَّ اللهَ لَايُخْلِفُ الْمِيْعَادَ

ဆိုလိုသည်မှာ ထိုကာဖိရ်မုရှ်ရစ်က်များပေါ်သို့ ဒုန္နယာလောကတွင်လည်း 'အဇာဗ်'ပြစ်ဒဏ်အမျိုးမျိုးနှင့် ဘေးဗလာအမျိုးမျိုး ကျရောက်လျက်ရှိနေမည်။ ထိုသို့ ကျရောက်လျက်နှင့်ပင် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ပြုထားသော အချိန်ဆိုက်ရောက်လာမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိကတိတော်နှင့် ဆန့်ကျင်ကာ ဆောင်ရွက်လေ့မရှိပေ။ ဤနေရာတွင် ကတိတော်ဆိုသည်မှာ မက္ကာဟ်မြို့ကို အောင်နိုင်သိမ်းပိုက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ယင်းကတိတော်ကို အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား ပေးထားတော်မူသည်။ ၎င်းနောက် အာယသ်တော်၏ အလိုသဘောမှာ နောက်ဆုံးတွင် မက္ကာဟ်မြို့ကို အောင်နိုင်သိမ်းပိုက်ပြီး ထိုမုရှ်ရစ်က်တို့သည် ကစဉ့်ကလျားဖြစ်ကာ ရှုံးနိမ့်ပြီး ဒဏ်ခတ်ခံရမည်ဖြစ်သည်။ ထိုသို့မဖြစ်မီအလျင်လည်း ၎င်းတို့၏ အပြစ်ဒုစရိုက်များကြောင့် စဉ်ဆက်မပြတ် ပြစ်ဒဏ်များ ခံစားနေရမည်ဖြစ်သည်။ ၎င်းနောက် وَعْدُاللهِ ၏ အဓိပ္ပာယ်မှာ ဤနေရာတွင် 'ကေယာမသ်'နေ့ကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ ထို 'ကေယာမသ်'ဆိုက်ရောက်လာမည့်အကြောင်း နဗီတမန်တော်များအားလုံးကို အစဉ်အမြဲ ကတိတော်ပြုထားသည်။ ထိုနေ့တွင် အပြစ်ရှိသော ကာဖိရ်တိုင်းသည် မိမိတို့၏ ပြုကျင့်မှုများနှင့် ပတ်သက်ပြီး ပြစ်ဒဏ်ခံရမည်ဖြစ်သည်။

အထက်တင်ပြပါ အကြောင်းအရာတွင် မုရှ်ရစ်က်တို့၏ မုန်းတီးစွာ တောင်းဆိုမှုတို့နှင့် ၎င်းတို့၏ အစွန်းရောက်မှုတို့ကြောင့် တမန်တော်မြတ် ﷺ စိတ်သောကခံစားရဖွယ် ရှိသည်။ ထို့ကြောင့် ရှေ့အာယသ်တော်တွင် ကိုယ်တော်မြတ်ကို နှစ်သိမ့်စကား မိန့်တော်မူခဲ့သည်မှာ-

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَاَمْلَيْتُ لِلَّذِيْنَ كَفَرُوْا ثُمَّ

اَخَذْتُهُمْ فَكَيْفَ كَانَ عِقَابِ

အသင်တမန်တော် ရင်ဆိုင်နေရသော အခြေအနေများသည် အသင်တစ်ဦးတည်း ရင်ဆိုင်ခဲ့ရသည် မဟုတ်ဘဲ အသင့်အလျင် နဗီတမန်တော်များသည်လည်း ဤကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ အကြောင်းမှာ အပြစ်ရှိသူများနှင့် ငြင်းဆန်သူများကို ချက်ချင်း အပြစ်ပေးခဲ့သည်မဟုတ်ပေ။

ထိုသူတို့သည် နဗီတမန်တော်များကို လှောင်ပြောင်သရော်ခဲ့ကြသည်။ ဆုံးခန်းတိုင်အောင် မိုက်မှားခဲ့ကြသော အခါမှ ၎င်းတို့အပေါ်သို့ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ် ကျရောက်လာခဲ့သည်။ ထိုသို့ ပြစ်ဒဏ်ကျရောက် လာခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ ရင်ဆိုင်နိုင်စွမ်း မရှိခဲ့ကြပေ။

اَفَمَنْ هُوَ قَآئِمٌ عَلٰى كُلِّ نَفْسٍ

ဤအာယသ်တော်တွင် မုရှရစ်က်တို့၏ ပညာမဲ့မှုနှင့် အသိဉာဏ်မဲ့မှုကို ဤသို့ ရှင်းလင်းစွာ တင်ပြထားသည်မှာ ၎င်းတို့သည် အသက်ဇီဝိန်ကင်းမဲ့သော ၎င်းနောက် အသိဉာဏ်ကင်းမဲ့သော ရုပ်ထုများကို အသိတရားကင်းမဲ့စွာဖြင့် ထိုသန့်ရှင်းစင်ကြယ်တော်မူသော အသျှင်မြတ်နှင့် တစ်ပြေးညီ သတ်မှတ်ခဲ့ကြသည်။ အကြင်အသျှင်မြတ်သည် အသက်ဝိညာဉ်တိုင်းကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်၊ ၎င်းတို့၏ ကျင့်ကြံမှုဟူသမျှကို စစ်ဆေးမေးမြန်းတော်မူသည့် အသျှင် ဖြစ်သည်။ တစ်ဖန် မိန့်တော်မူသည်မှာ အဓိကအကြောင်းအရင်းမှာ ရှိုက်သွာန်သည် ၎င်းတို့၏ ဤအသိတရားကင်းမဲ့မှုကိုပင် ၎င်းတို့ အမြင်တွင် လှပတင့်တယ်စေလျက် ရှိသည်။ ၎င်းတို့သည် ဤသည်ကိုပင် ကြီးမားသော အရည်အချင်းနှင့် အောင်မြင်မှုဟူသရွေ့ မှတ်ယူနေကြသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

لَهُمْ عَذَابٌ فِى الْحَيٰوةِ الدُّنْيَا وَلَعَذَابُ الْاٰخِرَةِ اَشَقُّ ۚ وَمَا لَهُمْ مِّنَ اللّٰهِ مِنْ وَّاقٍ ﴿٣٤﴾

၁၃ : ၃၄ ။ ။ ၎င်း (ကာဖိရ်) တို့၌ ဤပစ္စုပ္ပန် မျက်မှောက်လောကီဘဝ၌လည်း ပြစ်ဒဏ်ရှိ၏၊ သို့ရာတွင် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်မှာမူ (ဆထက်ထမ်းပိုး) ပို၍ ပြင်းထန်လွန်းလှပေသည်။ ထို့ပြင် ၎င်းတို့အား အလ္လာဟ်အသျှင်မြတ် (၏ ပြစ်ဒဏ်) မှ ကယ်တင်မည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။

مَثَلُ الْجَنَّةِ الَّتِىْ وُعِدَ الْمُتَّقُوْنَ ؕ
تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ ؕ اُكُلُهَا دَآئِمٌ وَّظِلُّهَا ؕ تِلْكَ عُقْبَى
الَّذِيْنَ اتَّقَوْا ۖ وَّعُقْبَى الْكٰفِرِيْنَ النَّارُ ﴿٣٥﴾

၁၃ : ၃၅ ။ ။ ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော သူမွန်သူမြတ်တို့အား ကတိပေးခြင်းခံကြရသော 'ဂျန္နသ်' သုခဘုံ၏ အခြေအနေသည် ယင်း 'ဂျန္နသ်' သုခဘုံ၏အောက်၌ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ယင်း 'ဂျန္နသ်' ၏ သစ်သီးဝလံများသည်လည်းကောင်း၊ အရိပ်များသည်လည်းကောင်း အမြဲထာဝရ တည်သော သစ်သီးဝလံများနှင့်

အရိပ်များပင် ဖြစ်ချေမည်။ ဤသည်မှာ ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော သူမွန်သူမြတ်တို့၏ အကျိုးပင် ဖြစ်၏။ သို့ရာတွင် ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ အကျိုးမှာ ငရဲမီးပင် ဖြစ်ချေသည်။

وَالَّذِينَ آتَيْنَاهُمُ
الْكِتَابَ يَفْرَحُونَ بِمَا أُنزِلَ إِلَيْكَ ۖ وَمِنَ الْأَحْزَابِ مَن يُنكِرُ
بَعْضَهُ ۚ قُلْ إِنَّمَا أُمِرْتُ أَنْ أَعْبُدَ اللَّهَ وَلَا أُشْرِكَ بِهِ ۚ إِلَيْهِ
أَدْعُو وَإِلَيْهِ مَآبِ ﴿٣٦﴾

၁၃ : ၃၆ ။ ။ အမှန်စင်စစ် (အို၊ နဗီတမန်တော်) ကျမ်းမြတ်ဒေသနာတော်ကြောင့် ဝမ်းသာရွှင်မြူးလျက် ရှိကြကုန်၏။ သို့ရာတွင် ယင်းအုပ်စုထဲ၌ပင် ထိုကျမ်းမြတ်ဒေသနာတော်၏ အချို့အစိတ်အပိုင်းကို ငြင်းပယ်သော သူများလည်း ရှိကြကုန်၏။ (သို့ဖြစ်ပေရာ) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့၊ အမှန်စင်စစ်မှာမူ) ‘ငါသည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ရန်နှင့် မည်သည့်တစ်စုံတစ်ရာကိုမျှ ထိုအသျှင်မြတ်နှင့် တွဲဖက်နိူင်းယှဉ်ကိုးကွယ်ခြင်း မပြုရန် အမိန့်ပေးတော်မူခြင်းကိုသာလျှင် ခံခဲ့ရလေသည်။ ငါသည် ထိုအသျှင်မြတ်ဘက်သို့သာလျှင် (အသင်တို့အား) ဖိတ်ခေါ်လျက် ရှိပေသည်။ ၎င်းပြင် ငါသည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်၍ သွားရမည် ဖြစ်ချေသည်။

وَكَذَٰلِكَ أَنزَلْنَاهُ حُكْمًا عَرَبِيًّا ۚ وَلَئِنِ
اتَّبَعْتَ أَهْوَاءَهُم بَعْدَمَا جَاءَكَ مِنَ الْعِلْمِ ۙ مَا لَكَ مِنَ اللَّهِ
مِن وَلِيٍّ وَلَا وَاقٍ ﴿٣٧﴾

၁၃ : ၃၇ ။ ။ စင်စစ် ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် ယင်းကျမ်းမြတ်ဒေသနာတော်ကို ရှင်းလင်းပြတ်သားသော အာရဗီဘာသာဖြင့် အမိန့်တော် (စီရင်ဆုံးဖြတ်ချက်) တစ်ရပ်အဖြစ် ထုတ်ပြန်တော်မူခဲ့လေသည်။ သို့ရာတွင် အကယ်၍ အသင်သည် မိမိထံသို့ (ဤမှန်ကန် တိကျသော) အသိပညာ ရောက်ရှိလာခဲ့ပြီးနောက် ၎င်းတို့၏ အလိုဆန္ဒများကို လိုက်နာခဲ့ပါမူ အသင့်အား အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကူညီစောင်မမည့် အဆွေခင်ပွန်းဟူ၍လည်းကောင်း၊ ကာကွယ်စောင့်ရှောက်မည့်သူဟူ၍လည်းကောင်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုကာဖိရ်များအတွက် လောကီဘဝသက်တမ်းတွင် (လည်း) ပြစ်ဒဏ်သင့်မည်။ (ထိုပြစ်ဒဏ်များသည် သတ်ဖြတ်ခံရခြင်း၊ အကျဉ်းချခံရခြင်းနှင့် သေးသိမ်ခြင်း၊ သို့မဟုတ် ရောဂါဘယများနှင့် ဘေးဒုက္ခများဖြစ်သည်။) ၎င်းနောက် နောင်တမလွန်၏ ‘အဇာဗ်’ ပြစ်ဒဏ်သည် ထိုထက်အဆပေါင်းများစွာ သာပို၍

ပြင်းထန်မည်ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် ပြစ်ဒဏ်သည် ပြင်းထန်မည့်အပြင် မြဲမြံမည်လည်း ဖြစ်သည်။) ၎င်းနောက် အလ္လာဟ်အသျှင်မြတ် (၏ 'အဇားဗ်'အပြစ်ဒဏ်) မှ ၎င်းတို့အား ကယ်တင်မည့်သူ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ (၎င်းနောက်) 'မွတ်သက္ကီ' (သူတော်စင်များ ဆိုလိုသည်မှာ ရှရစ်ကနှင့် ကုဖွရ်ကို ရှောင်ရှားကြသူများအား) ကတိပြုထားသော 'ဂျန္နသ်'သုခဘုံ၏ အခြေအနေမှာ ဤသို့ ဖြစ်သည်။ ယင်း (၏ အဆောက်အအုံများနှင့် သစ်ပင်၊ ပန်းမန်များ) အောက်မှ စမ်းရေချောင်း များ စီးတွေလျက်ရှိမည်။ ၎င်းနောက် ထိုသုခဘုံ၏ အသီးများနှင့် အရိပ်အာဝါသတို့သည် အမြဲတစေ တည်ရှိလျက်ရှိမည်။ ဤသည် 'မွတ်သက္ကီ'တို့၏ အာရုံရလဒ်ပင် ဖြစ်သည်။ ၎င်းနောက် ကာဖိရ်များ၏ အဆုံးရလဒ်မှာ 'ဂျဟန္နမ်'ငရဲဘုံဖြစ်မည်။ ၎င်းနောက် အကြင်သူများကို ငါအသျှင်မြတ်သည် (ကောင်းကင် ကျ) ကျမ်း (ဆိုလိုသည်မှာ 'သောင်ရာ့သ်'နှင့် 'အင်န်ဂျီးလ်') ချီးမြှင့်ထားတော်မူသည်။ (၎င်းနောက် ထိုသူတို့သည် ထိုကျမ်းစာကို ပြည့်ပြည့်ဝဝ နာခံလက်ခံကြသည်။)

ထိုသူတို့သည် တမန်တော်မြတ် ﷺ အပေါ်သို့ ချပေးခြင်းခံရသည့် (ကျမ်း) ကိုလည်း နှစ်မြို့ကြ သည်။ (အဘယ်ကြောင့်ဆိုသော် ထိုကျမ်းအကြောင်းကို မိမိတို့၏ ကျမ်းစာများတွင် တွေ့ရှိခဲ့ကြသည်။ ၎င်းနောက် ပျော်ရွှင်စွာဖြင့်ပင် လက်ခံလိုက်ကြသည်။ ၎င်းနောက် သက်ဝင်ယုံကြည်ကြလေသည်။ ဥပမာ- ယဟူဒီများအနက် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်စလာမ်း ﷺ နှင့် ၎င်း၏ အပေါင်းအပါများ၊ ထို့နောက် နဆွာရာနီ များတွင် နဂျာရှီဘုရင်ကြီးနှင့် ၎င်း၏ အပါးအစေများတို့အကြောင်းကို အခြားအာယသ်တော်များတွင်လည်း တင်ပြထားသည်။) ထို့နောက် ထိုအုပ်စုထဲမှ အချို့သည် ဤ (ကျမ်းမြတ်) ၏ အချို့အစိတ်အပိုင်းများကို (ယင်းအစိတ်အပိုင်းများတွင် ၎င်းတို့၏ ကျမ်းနှင့် ဆန့်ကျင်သော ပညတ်ချက်များ ရှိသည်။) ငြင်းဆန်ကြ သည်။ (၎င်းနောက် ကုဖွရ်လုပ်ရပ်များကို ပြုလုပ်ကြလေသည်။) အသင်တမန်တော် (၎င်းတို့အား) ပြောကြား လော။ အကြောင်းမှာ (ပညတ်ချက်ဟူသည် နှစ်မျိုးနှစ်စား ရှိသည်။ အခြေအမြစ်ကျသော ပညတ်ချက်များနှင့် ဆင့်ပွားပညတ်ချက်များ၊ အကယ်၍ အသင်တို့သည် အခြေအမြစ်ကျသော ပညတ်ချက်များတွင် ဆန့်ကျင် သည်ဆိုလျှင် ထိုပညတ်ချက်များသည် ရှရီအသ်၏ လမ်းစဉ်တိုင်းတွင် တူညီသော ပညတ်ချက်များ ဖြစ်သည်) ကျွန်ုပ်အား ('သောင်ဟီးဒ်'တရားနှင့် ပတ်သက်၍) ဤသို့သာ အမိန့်ပေးထားသည်။ အကြောင်းမှာ ကျွန်ုပ် သည် အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ရမည်။ ၎င်းနောက် ထိုအသျှင်မြတ်နှင့် မည်သူ့ကိုမျှ တွဖက်နှိုင်းယှဉ်မှု မပြုရပေ။ (၎င်းနောက် 'နဗူဝသ်'နှင့် ပတ်သက်ပြီး ဤသို့ မိန့်ထားသည်မှာ) ကျွန်ုပ် သည် (လူတို့ကို) အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ ဖိတ်ခေါ်ရမည်။

('နဗူဝသ်'၏ အလိုသဘောမှာ ကျွန်ုပ်သည် အလ္လာဟ့်ဘက်သို့ ဖိတ်ခေါ်သူဖြစ်ရမည်။) ၎င်းနောက် (အဆုံးရလဒ်နှင့် ပတ်သက်၍ ကျွန်ုပ်၏ ယုံကြည်ချက်မှာ ထိုအသျှင်မြတ်ဘက်သို့သာ ကျွန်ုပ်သည် (လောက ကြီးမှ လှည့်ပြန်၍) သွားရမည် ဖြစ်သည်။ (ဆိုလိုသည်မှာ အခြေအမြစ်ကျသော ပညတ်ချက်သည် ဤသုံးမျိုး ဖြစ်သည်။ ယင်းတို့အနက်မှ မည်သည့်အချက်ကိုမှ ငြင်းပယ်နိုင်ခြင်း မရှိပေ။ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်းသည် အားလုံး လက်ခံထားသော အချက်တစ်ချက်ဖြစ်သည်။ ဤကဲ့သို့ သော အကြောင်းအရာသည် အခြားအာယသ်တော်များတွင်လည်း လာရှိသည်။ ၎င်းနောက် 'နဗူဝသ်'နှင့်

ပတ်သက်၍ ငြင်းဆန်ရလောက်အောင် ကျွန်ုပ်သည် မိမိအတွက် မည်သည့်ဂိုဏ်းဃနကိုမျှ လိုလားခဲ့သည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်မှုကိုသာ ပြုခဲ့ခြင်းဖြစ်သည်။ ဤသို့ ဖိတ်ခေါ်မှုများ သည် ယခင်ခေတ်များတွင်လည်း ရှိခဲ့ဘူးသည်။ ယင်းကို အသင်တို့လည်း လက်ခံကြသည်။ ဤသို့သော အကြောင်းအရာများကို အခြားအာယသ်တော်တစ်ပိုဒ်တွင် တင်ပြထားသည်မှာ-

مَاكَانَ لِبَشَرٍ اَنْ يُّعْطِيَهُ اللّٰهُ الْكِتَابَ

ထိုနည်းတူစွာ အဆုံးရလဒ်နှင့် ပတ်သက်သော ယုံကြည်ချက်သည်လည်း ရှရီအသ်တိုင်းတွင် တူညီလျက်ရှိပြီး အများက လက်ခံထားကာ ငြင်းနိုင်ဖွယ်ရာ အလျဉ်းမရှိပေ။ အကယ်၍ ဆင့်ပွားပညတ်ချက် များနှင့် ပတ်သက်ပြီး ဆန့်ကျင်ကြသည်ဆိုလျှင် ထိုအချက်ကို အလ္လာဟ်အသျှင်မြတ်က ဤသို့ ဖြေကြားထား တော်မူသည်။ အကြောင်းမှာ ငါအသျှင်မြတ်သည် အခြားတမန်တော်များကို ဘာသာစကားအသီးသီးဖြင့် ပညတ်ချက်အသီးသီး ချီးမြှင့်ခဲ့သကဲ့သို့) ထိုနည်းတူစွာ ငါအသျှင်မြတ်သည် ဤ (ကျမ်းမြတ်ကုရ်အာန်) ကို ဤနည်းဖြင့် ချပေးတော်မူခဲ့သည်။ အကြောင်းမှာ ထိုကျမ်းမြတ်သည် အာရဗီဘာသာစကားဖြင့် သီးခြား အမိန့်ပညတ်ချက်တစ်ခု ဖြစ်သည်။ အာရဗီဟူသော ရှင်းလင်းချက်ကြောင့် အခြားသော နဗီတမန်တော်များ အား အခြားဘာသာစကားများဖြင့် ပညတ်ချက်များ ချပေးခြင်းကို ရည်ညွှန်းထားပြီး ဘာသာစကားများ ကွဲပြားမှုဖြင့် အွမ္မသ်များ ကွဲပြားမှုကို ရည်ညွှန်းထားခြင်းကို သိရှိရသည်။ သို့ရှိရာ ဖြေကြားချက်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ ဆင့်ပွားပညတ်ချက်များတွင် ကွဲပြားခြားနားနေခြင်းသည် အွမ္မသ်များ၏ ကွဲပြားခြားနားမှုကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အွမ္မသ်များ၏ အကျိုးတရားများသည် တစ်ခေတ်နှင့် တစ်ခေတ် တူညီကြသည်မဟုတ်ပေ။ ထို့ကြောင့် ဤကွဲပြားမှုများသည် ရှရီအသ်လမ်းစဉ် များ၏ အဓိကကျသော ကွဲပြားမှုများ မဟုတ်ပေ။ အသင်တို့ လက်ခံထားသော ရှရီအသ်လမ်းစဉ်များတွင် လည်း ဆင့်ပွားပညတ်ချက်များ ဤသို့ ကွဲပြားလျက်ရှိကြသည်။ ထို့ကြောင့် အသင်တို့သည် မည်သို့မျှ ဆန့်ကျင်ငြင်းဆန်ရန် အခွင့်အလမ်းများ မရှိပေ။) ၎င်းနောက် (အို၊ မိုဟမ္မဒ် ﷺ သခင်) အကယ်၍ အသင် သည် ဖြစ်နိုင်ဖွယ် မရှိသော်လည်း) ၎င်းတို့၏ စိတ်အလိုရမ္မက်များကို (ဆိုလိုသည်မှာ ပယ်ဖျက်ပြီးသော ပညတ်ချက်များကို သို့မဟုတ် ပြောင်းလဲထားသော ပညတ်ချက်များကို) အသင်တမန်တော်ထံသို့ (အဓိက ကျသော ပညတ်ချက်များ၏ စစ်မှန်သော) ပညာရပ် ကျရောက်ခဲ့ပြီးမှ နောက်လိုက်မည်ဆိုလျှင် အသင့်အား အလ္လာဟ်အသျှင်မြတ်နှင့် ရင်ဆိုင်၍ ကူညီမည့်သူတစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ ၎င်းနောက် မည်သူ မျှ ကယ်တင်မည့်သူလည်း ရှိမည်မဟုတ်ပေ။ (နဗီတမန်တော်တစ်ပါးကိုပင် ဤသို့ တိုက်ရိုက်သတိပေး ပြောဆိုနေပါလျှင် အခြားသူများသည် ဤအမိန့်မှ မည်သို့ လွတ်ကင်းနိုင်မည်နည်း။ ဤအာယသ်တော် တွင် ကျမ်းရပုဂ္ဂိုလ်များအား အရိပ်အမြွက်ဖြင့် ပြောကြားနေခြင်း ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်နှစ်မျိုး စလုံးတွင် ငြင်းဆန်သူများနှင့် ဆန့်ကျင်သူများအပေါ် အဖြေပေးပြီးသား ဖြစ်သွားလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ أَرْسَلْنَا رُسُلًا مِّن قَبْلِكَ وَ
جَعَلْنَا لَهُمْ أَزْوَاجًا وَذُرِّيَّةً ۚ وَمَا كَانَ لِرَسُولٍ أَن يَأْتِيَ
بِآيَةٍ إِلَّا بِإِذْنِ اللَّهِ ۗ لِكُلِّ أَجَلٍ كِتَابٌ ٣٨

၁၃ : ၃၈ ။ ။ ၄င်းပြင် ဧကန်အမှန် ငါအသျှင်မြတ်သည် အသင်၏အလျင်လည်း မြောက်မြားစွာသော ရစူလ်တမန်တော်များကို စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းရစူလ်တမန်တော်များအဖို့ ဇနီးကြင်ရာများကိုလည်းကောင်း၊ သားသမီးများကိုလည်းကောင်း စီမံပြုလုပ်၍ ပေးသနားတော်မူခဲ့လေသည်။ စင်စစ် မည်သည့်ရစူလ်တမန်တော်တစ်ပါး၌မျှ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲလျက် (မိမိကိုယ်တိုင်) အာယသ်တော် (သက်သေလက္ခဏာ) တစ်စုံတစ်ရာကို ယူဆောင်လာရန် အခွင့်အာဏာ မရှိချေ။ ခေတ်ကာလတိုင်းအဖို့ ကျမ်းဂန်တစ်စောင် (ဖြင့် သီးသန့် အမိန့်တော်) သည် ရှိချေသည်။

يَمْحُو اللَّهُ مَا يَشَاءُ وَيُثْبِتُ ۖ وَعِندَهُ أُمُّ الْكِتَابِ ٣٩

၁၃ : ၃၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖျောက်ဖျက်တော်မူလေသည်။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် (မိမိအလိုရှိတော်မူသော အရာကို) တည်တံ့စေတော်မူလေသည်။ စင်စစ် မူရင်း (မှတ်တမ်း) စာအုပ်မှာမူ ထိုအသျှင်မြတ်ထံတော်၌သာလျှင် ရှိပေသည်။

وَإِن مَّا نُرِيَنَّكَ بَعْضَ
الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِنَّمَا عَلَيْكَ الْبَلَاغُ وَعَلَيْنَا الْحِسَابُ ٤٠

၁၃ : ၄၀ ။ ။ (အို၊ နဗီတမန်တော်) အမှန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အား ငါအသျှင်မြတ် ၄င်း (ကာဖိရ်) တို့ကို ကတိပေးတော်မူရာ အချို့ကို ပြသတော်မူသည်ဖြစ်စေ၊ သို့တည်းမဟုတ် ငါအသျှင်မြတ်သည် (အသင့်အား) ကွယ်လွန်စေတော်မူသည်ဖြစ်စေ၊ (မည်သို့ပင်ဖြစ်စေ) အသင့်အပေါ်၌မူ (ငါအသျှင်မြတ်၏ အမိန့်ပညတ်တော်များကို လူတို့ထံ) ပို့ဆောင်ရုံမျှပင် တာဝန်ရှိပေသည်။ ငါအသျှင်မြတ်အပေါ်၌မူ စစ်ဆေးရန် တာဝန်ရှိပေသည်။

أَوَلَمْ يَرَوْا أَنَّا نَأْتِي الْأَرْضَ نَنقُصُهَا مِنْ أَطْرَافِهَا ۚ
وَاللَّهُ يَحْكُمُ لَا مُعَقِّبَ لِحُكْمِهِ ۚ وَهُوَ سَرِيعُ الْحِسَابِ ٤١

၁၃ : ၄၁ ။ ။ ငါအသျှင်မြတ်သည် မြေကို ဘေးပတ်ဝန်းကျင်များမှ (တစ်ဖြည်းဖြည်း) ယုတ်လျော့စေအောင် ပြုလုပ်လာတော်မူသည်ကို ၄င်း (ကာဖိရ်) တို့သည် မမြင်ကြလေသလော။ (အစ္စလာမ်သာသနာသည် တစ်နေ့တစ်ခြား ပြန့်နှံ့ထွန်းကား

ကြီးပွားလာသည်နှင့်အမျှ ကုဖွရ်၏ နယ်နိမိတ်သည် ကျဉ်းမြောင်းလာပြီး နေ့စဉ်နှင့်အမျှ မွတ်စ္စလင်မ်တို့၏ လက်တွင်းသို့ သက်ရောက်လျက်ရှိ၏။) အလ္လာဟ်အသျှင်မြတ်သည် (မိမိအလိုရှိတော်မူသည်ကို) အမိန့်တော် ချမှတ်တော်မူလေသည်။ ထို အသျှင်မြတ်၏ အမိန့်တော်ကို ရွှေ့လျားနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် အလျဉ်းမရှိပေ။ ၎င်းပြင် ထိုအသျှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَقَدْ مَكَرَ الَّذِينَ مِن قَبْلِهِمْ فَلِلَّهِ الْمَكْرُ جَمِيعًا ۖ يَعْلَمُ
مَا تَكْسِبُ كُلُّ نَفْسٍ ۗ وَسَيَعْلَمُ الْكُفَّرُ لِمَنْ عُقْبَى الدَّارِ ﴿٤٢﴾

၁၃ : ၄၂ ။ ။ အမှန်စင်စစ် ၎င်းတို့အလျင် ရှိခဲ့ကြကုန်သော (အတိတ်ရှိ ကာဖိရ်) သူတို့သည်လည်း (မိမိတို့ထံသို့ ပွင့်ခဲ့ကြသော တမန်တော်အသီးသီးတို့အား) လျှို့ဝှက်စွာ ကြံစည်ခဲ့ကြကုန်၏။ သို့ရာတွင် အလုံးစုံသော အကြံအစည်တို့သည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေသည်။ ထိုအသျှင်မြတ်သည် လူတိုင်းလူတိုင်း ရှာဖွေဆည်းပူး ပြုလုပ်သမျှတို့ကို သိတော်မူ၏။ ထို့ပြင် တမလွန်ဘဝ၏ အကျိုးဆက်သည် မည်သူ့အဖို့ ဖြစ်သည်ကို ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည် မကြာမီပင် သိရှိသွားကြပေမည်။

وَيَقُولُ الَّذِينَ كَفَرُوا لَسْتَ مُرْسَلًا ۚ قُلْ كَفَىٰ بِاللَّهِ شَهِيدًا
بَيْنِي وَبَيْنَكُمْ وَمَنْ عِندَهُ عِلْمُ الْكِتَابِ ﴿٤٣﴾

၁၃ : ၄၃ ။ ။ စင်စစ် ကာဖိရ်သွေဖည် ငြင်းပယ်ကြကုန်သော သူတို့က 'အသင်သည် ရစူလ်တမန်တော်မဟုတ်' ဟု ပြောဆိုကြ၏။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'ငါနှင့် အသင်တို့ စပ်ကြားဝယ် သက်သေအဖြစ် အလ္လာဟ်အသျှင်မြတ်သည်လည်းကောင်း၊ (ကောင်းကင်မှ ကျရောက်သော ရှေးအတိတ်) ဒေသနာတော် ကျမ်းဂန်၏ အသိပညာရှိသူ (သုခမိန်) တို့ (အား မေးမြန်းခြင်း) သည်လည်းကောင်း လုံလောက်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (ယခင် ကျမ်းရပုဂ္ဂိုလ်များအနက်မှ အချို့သည် 'နဗူဝသ်'နှင့် ပတ်သက်ပြီး ဝေဖန်ကြသည်မှာ နဗီများထံတွင် မြောက်မြားစွာသော ဇနီးမယားများ ရှိသည်။ ထို့ကြောင့် ၎င်းတို့အား ဤသို့ အဖြေပေးထားသည်။) ငါအသျှင်မြတ်သည် မုချဧကန် မြောက်မြားစွာသော တမန်တော်များကို အသင်တမန်တော် အလျင်ကလည်း စေလွှတ်တော်မူခဲ့သည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ထိုနဗီတမန်တော်များအား ဇနီးမယားများနှင့် သားသမီးများလည်း ချီးမြှင့်ခဲ့သည်။ (ဤအချက်သည် တမန်တော်ဖြစ်ခြင်းနှင့် မည်သို့

ဆန့်ကျင်နေပါသနည်း။ ဤသို့သော အကြောင်းအရာကို အခြားအာယသ်တော်တစ်ပိုဒ်တွင်လည်း တင်ပြထားသည်။

اَمْ يَحْسُدُوْنَ النَّاسَ عَلٰى مَآ اٰتٰهُمُ اللّٰهُ ـــ الخ

ငင်းနောက် (ရှရီအသ်တရားတော်များ ကွဲပြားခြားနားမှု သံသယသည် အခြားသံသယများထက် ပို၍ ကျော်ကြားသောကြောင့် ၄င်းနောက် အထက်တွင်လည်း ဤအကြောင်းအရာနှင့် ပတ်သက်ပြီး အကြမ်းဖျင်း တင်ပြခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ရှေ့တွင် ဆက်လက်၍ ဤအကြောင်းအရာကိုပင် အကျယ်တဝင့် ထပ်မံ ရှင်းလင်းတင်ပြထားပေသည်။ အကြောင်းမှာ အကြင်သူသည် တမန်တော်တစ်ဦးအပေါ် ရှရီအသ်တရားတော်များ ကွဲပြားခြားနားခြင်းနှင့် ပတ်သက်ပြီး သံသယရှိခဲ့လျှင် စင်စစ်တွင် ထိုသူသည် နဗီတမန်တော်အား ပညတ်ချက်များကို ပိုင်ဆိုင်သူဟူ၍ ထင်မှတ်ခြင်းသာ ဖြစ်သည်။ ဧကန်စင်စစ်) မည်သည့်နဗီတမန်တော်မျှ အလ္လာဟ်အသျှင်မြတ်၏ အမိန့်မပါဘဲ အာယသ်တော်တစ်ပိုဒ် (ဆိုလိုသည်မှာ ပညတ်ချက်တစ်ခုကို မိမိဘက်မှ) ထုတ်ဖော်တင်ပြရန် အာဏာမရှိပေ။ (သို့သာမက ပညတ်ချက်များကို သတ်မှတ်ရန်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်အာဏာအပေါ် မူတည်လေသည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်တော်အရ ဤအစဉ်အလာကို သတ်မှတ်ထားသည်။ အကြောင်းမှာ) ခေတ်တိုင်းခေတ်တိုင်းတွင် သင့်လျော်သော သီးခြားပညတ်ချက်များ ရှိလေသည်။ (တစ်ဖန် အခြားခေတ်သမယများတွင် အချို့ကိစ္စများ၌ အခြားသော ပညတ်ချက်များ လာရှိလေသည်။ ယခင်ပညတ်ချက်များ ပျက်ပြယ်သွားပြီး အချို့သော ပညတ်ချက်များသည် တည်ရှိမြဲ တည်ရှိနေတတ်သည်။ သို့ပါ၍) အလ္လာဟ်အသျှင်မြတ် (သာလျှင်) မိမိအလိုရှိရာ ပညတ်ချက်ကို ပျက်ပြယ်စေတော်မူသည်။ ၄င်းနောက် အလိုရှိရာ ပညတ်ချက်ကို တည်မြဲစေတော်မူသည်။ ၄င်းနောက် မူရင်းကျမ်းဂန် (ဆိုလိုသည်မှာ 'လောင်ဟေမဟ်ဖူးဇ်' သည်) ထိုအသျှင်မြတ် ထံတော်ပါးတွင်သာ (တည်) ရှိသည်။

(၄င်းနောက် ဤကျမ်းတွင် ပါရှိသော ပယ်ဖျက်သည့် ပညတ်ချက်နှင့် ပယ်ဖျက်ခံရသည့် ပညတ်ချက်၊ ၄င်းနောက် တည်မြဲသည့် ပညတ်ချက်အားလုံးကို ထိုအသျှင်မြတ်သာလျှင် စုဆောင်းထားရှိသည်။ ပမာဆိုရသော် ထိုအသျှင်မြတ်သည် အရာခပ်သိမ်း၏ ချိန်ခွင်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ဤပညတ်တော်များ ထွက်ပေါ်လာခဲ့သော နေရာသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုတွင်သာ ရှိသည်။ ထို့ကြောင့် လွန်လေပြီးသော ပညတ်ချက်များနှင့်အညီ သို့မဟုတ် ဆန့်ကျင်ဘက် ပညတ်ချက်များကို ပညတ်ရန် မည်သူတစ်ဦးတစ်ယောက်မျှ ပြုပိုင်ခွင့်မရှိပေ။) ၄င်းနောက် (ထိုသူတို့ 'နဗူဝသ်' ကို ငြင်းဆန်သည့် အကြောင်းအရင်းမှာ အကယ်၍ ကိုယ်တော်မြတ် ﷺ သည် စစ်မှန်သော နဗီတစ်ပါးဖြစ်လျှင် ကျွန်ုပ်တို့၏ ငြင်းဆန်မှုကြောင့် ကျရောက်လာမည်ဟုဆိုသော 'အဇားဗ်' ပြစ်ဒဏ်သည် အဘယ်ကြောင့် မကျရောက်လာခဲ့သနည်း။ ထိုကိစ္စနှင့် ပတ်သက်ပြီး နားထောင်လော့။) အကြင်အကြောင်းအရာနှင့် ပတ်သက်ပြီး ငါအသျှင်မြတ်သည် ၄င်းတို့အား ('နဗူဝသ်' ကို ငြင်းဆန်မှုအပေါ်) ကတိပြုထားခဲ့သည်။ ထိုအကြောင်း

အရာများအနက်မှ အချို့အကြောင်းအရာများကို အကယ်၍ ငါအသျှင်မြတ်သည် အသင့်အား ပြသခဲ့လျှင် (ဆိုလိုသည်မှာ အသင်တမန်တော် သက်ရှိထင်ရှားရှိနေစဉ် ၎င်းတို့အပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခဲ့လျှင်) သို့မဟုတ် (ထိုပြစ်ဒဏ် မကျရောက်မီအလျင်) ငါအသျှင်မြတ်သည် အသင့်အား ရုပ်သိမ်းခဲ့လျှင် (အသင့်အား ရုပ်သိမ်းပြီးမှ ထို 'အဇာဗ်' ပြစ်ဒဏ်ကို ကျရောက်စေခဲ့လျှင် ဤလောကတွင် ဖြစ်စေ၊ တမလွန်တွင်ဖြစ်စေ အခြေအနေနှစ်ရပ်စလုံးတွင် အသင်တမန်တော် စိတ်သောကမဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော်) အသင်၏ တာဝန်သည် (ပညတ်ချက်များကို) ပို့ဆောင်ရန်သာ ဖြစ်သည်။ ၎င်းနောက် စစ်ဆေးအရေးယူခြင်းမှာ ငါအသျှင်မြတ်၏ တာဝန်ဖြစ်သည်။ (အသင်တမန်တော်သည် အကယ်၍ 'အဇာဗ်' အပြစ်ဒဏ် ကျရောက်ခဲ့လျှင် ကောင်းလေစွ။ ၎င်းတို့ အီမာန်ယူကောင်းယူလိမ့်မည်ဟု အဘယ်ကြောင့် သောကထားနေရသနည်း။ ၎င်းနောက် ထိုသူတို့သည်လည်း အံ့သြဖွယ်ရာ ကောင်းလှပေသည်။ အကြောင်းမှာ ငြင်းဆန်မှုအပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခြင်းအား အဘယ်ကြောင့် တစ်ပြိုင်နက် ငြင်းဆိုနေကြသနည်း။) ၎င်းတို့သည် ('အဇာဗ်'ရှေ့ပြေးအနေဖြင့်) ထိုအကြောင်းအရာများကို မတွေ့မြင်ကြလေသလော။ အကြောင်းမှာ ငါအသျှင်မြတ်သည် (အစ္စလာမ်သာသနာကို အောင်နိုင်စေလျက် ၎င်းတို့အား) လေးဘက်လေးရံမှ တစ်ဖြည်းဖြည်းချင်း နယ်မြေကျဉ်းအောင် ပြုလုပ်လျက်ရှိသည်။ (ဆိုလိုသည်မှာ များမြောင်စွာသော အစ္စလာမ့်အောင်နိုင်မှုများကြောင့် ၎င်းတို့၏ အာဏာစက်များ တစ်နေ့ထက်တစ်နေ့ လျော့နည်းလျက်ရှိနေသည်။ ဤသည်လည်း 'အဇာဗ်'ပြစ်ဒဏ်တစ်မျိုး ဖြစ်သည်။ ယင်းသည် စစ်မှန်သော 'အဇာဗ်' အပြစ်ဒဏ်၏ ရှေ့ပြေးတစ်ခု ဖြစ်သည်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး အခြားအာယသ်တော်တစ်ပိုဒ်တွင် တင်ပြထားသည်မှာ-

وَلَنُذِيْقَنَّهُمْ مِنَ الْعَذَابِ الْاَ دْ نَى دُوْنَ الْعَذَابِ الْاَكْبَرِ

၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် အလိုရှိရာကို ညွှန်ကြားထားတော်မူသည်။ အလ္လာဟ့်အမိန့်ကို ဖယ်ရှားနိုင်သူဟူ၍ မည်သူမျှ မရှိပေ။ (ထို့ကြောင့် သေးငယ်သော 'အဇာဗ်'ဖြစ်စေ၊ ကြီးမားသော 'အဇာဗ်'ဖြစ်စေ ယင်းကို ၎င်းတို့၏ အရှင်သခင်များဖြစ်စေ၊ အရှင်သခင်မဟုတ်သူဖြစ်စေ မည်သူမျှ ဖယ်ရှားနိုင်စွမ်းမရှိပေ။) ၎င်းနောက် (အကယ်၍ ၎င်းတို့အား အနည်းငယ် အခွင့်အရေး ပေးထားခဲ့သော်လည်း မည်သို့မျှ ထူးခြားလာမည်မဟုတ်။) ထိုအသျှင်မြတ်သည် အလွန်လျင်မြန်စွာ စစ်ဆေးမှု ပြုတော်မူသော အသျှင် ဖြစ်သည်။ (အချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် သတ်မှတ်ထားသော ပြစ်ဒဏ်စတင်ကျရောက်လာမည်ဖြစ်သည်။) ၎င်းနောက် (ထိုသူတို့သည် တမန်တော်အား ဒုက္ခပေးရန် သို့မဟုတ် အစ္စလာမ်သာသနာကို မှေးမှိန်စေရန် အမျိုးမျိုး ကြံစည်နေကြသည်။ ၎င်းတို့၏ ကြံစည်မှုများ မည်သို့မျှ ဖြစ်လာမည်မဟုတ်ပေ။) ၎င်းတို့အလျင် (ငြင်းဆန်ခဲ့ကြသော) သူများသည်လည်း (အလားတူ ရည်ရွယ်ချက်များဖြင့် ကြီးမားသော) ကြံစည်မှုများ ပြုခဲ့ကြသည်။ (သို့သော် မည်သို့မျှ အရာမရောက်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်) စစ်မှန်သော ကြံစည်မှုသည် အလ္လာဟ်အသျှင်မြတ်၏ ကြံစည်မှုသာ ဖြစ်သည်။ (ထိုအသျှင်မြတ်၏

ရှေ့တော်မှောက်တွင် မည်သူမျှ ရပ်တည်ရင်ဆိုင်နိုင်သည် မဟုတ်ပေ။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ကြံစည်မှုများကို မအောင်မြင်စေခဲ့ပေ။ ၎င်းနောက်) ထိုအသျှင်မြတ်သည် မည်သူသည် မည်သို့ ပြုကျင့်နေသည်ကို သိရှိတော်မူသည်။ (၎င်းအား သတ်မှတ်ထားသော အချိန်တွင် ပြစ်ဒဏ်ပေးလေ့ ရှိသည်) ၎င်းနောက် (ထိုနည်းတူစွာ) ထိုကာဖိရ်များ (၏ ပြုကျင့်မှုများကိုလည်း အသျှင်မြတ်က သိရှိတော်မူသည်။ သို့ရှိရာ ၎င်းတို့) ကို (လည်း) မကြာမီ ထိုလောကတွင် ရလဒ်ကောင်းမှာ မည်သူ့အတွက် ဖြစ်သည်ကို သိရှိသွားကြမည်။ (ထိုရလဒ်ကောင်းသည် ၎င်းတို့အတွက်လော သို့မဟုတ် မွတ်စ္စလင်မ်များအတွက်လော။ ဆိုလိုသည်မှာ မကြာမီ ၎င်းတို့သည် မိမိတို့၏ ရလဒ်ဆိုးနှင့် ဆိုးကျိုးများ၏ ပြစ်ဒဏ်များကို သိရှိသွားကြလိမ့်မည်။)

၎င်းနောက် ထိုကာဖိရ်တို့သည် (ထိုပြစ်ဒဏ်များကို မေ့လျော့ကာ) ပြောဆိုနေကြသည်မှာ အသင်သည် တမန်တော်မဖြစ်နိုင်။ အသင်တမန်တော် ပြောကြားလော။ အကြောင်းမှာ (အသင်တို့၏ အဓိပ္ပာယ်မဲ့သော ငြင်းဆန်မှုဖြင့် အဘယ်သို့ ဖြစ်လာအံ့နည်း။) ကျွန်ုပ်နှင့် အသင်တို့အကြား (ကျွန်ုပ်၏ 'နဗူဝသ်'နှင့် ပတ်သက်ပြီး) အလ္လာဟ်အသျှင်မြတ်နှင့် (ကောင်းကင်ကျ) ကျမ်းများ၏ အသိပညာ ရရှိထား သူများသည် (ထိုကျမ်းများတွင် ကျွန်ုပ်၏ 'နဗူဝသ်'နှင့် ပတ်သက်ပြီး အထောက်အထားများ ရှိနေသည်) လုံလောက်သော အထောက်အထားများဖြစ်သည်။ (ဆိုလိုသည်မှာ တရားမျှတမှုရှိသော ကျမ်းရပုဂ္ဂိုလ် ပညာရှင်များဖြစ်သည်။ ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် ပတ်သက်သော ကြိုတင်ဟောကြားမှုများကို တွေ့ရှိကာ အီမာန်လက်ခံခဲ့ကြသည်။ အာယသ်တော်၏ အလိုသဘောမှာ ကျွန်ုပ်၏ နဗီဖြစ်ခြင်းနှင့် ပတ်သက်ပြီး အထောက်အထားနှစ်ခုရှိသည်။ တွေးခေါ်မှုအထောက်အထားနှင့် ဆင့်ပြန်မှု အထောက်အထားတို့ ဖြစ်သည်။ တွေးခေါ်မှု အထောက်အထားမှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား 'မုအ်ဂျေဇာဟ်'တော်များ ချီးမြှင့်ထားသည်။ ယင်းတို့သည် 'နဗူဝသ်'၏ အထောက်အထားများ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားဆိုသည်မှာ ဤသည်ကိုပင် ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် ဆင့်ပြန်မှုအထောက်အထားမှာ လွန်လေပြီးသော ကောင်းကင်ကျကျမ်းများတွင် ဤအကြောင်းအရာများပါရှိသည်။ အကယ်၍ ယုံကြည်မှုမရှိခဲ့လျှင် တရားမျှတသော ပညာရှင်များကို မေးမြန်းလော။ ၎င်းတို့ ထုတ်ဖော်တင်ပြလိမ့်မည်။ သို့ပါ၍ တွေးခေါ်မှု အထောက်အထားနှင့် ဆင့်ပြန်မှုအထောက်အထားများ ရှိနေပါလျက် 'နဗူဝသ်' ကို ငြင်းဆန်ခြင်းသည် စိတ်နှလုံး မာကျောခြင်းမှအပ အခြားမည်သည့်အရာ ရှိနိုင်ဦးမည်နည်း။ အသိဉာဏ်ကြွယ်ဝသူတစ်ဦးသည် ဤကဲ့သို့သော သံသယများ မထားသင့်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကာဖိရ်မုရ်ရှစ်ကင်များ၏ ရစူလ်နဗီများနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်တစ်ခုမှာ ဤသို့ ဖြစ်သည်။ အကြောင်းမှာ နဗီရစူလ်များသည် လူသားမှအပ အခြားအဖန်ဆင်းခံတစ်မျိုးမျိုး၊ ဥပမာ- ဖရစ်ရှ်သာဟ်များ

ဖြစ်သင့်သည်။ ဤအတွက်ကြောင့်သာလျှင် လူသားအားလုံးထက် သူ၏ ထွတ်မြတ်မှုသည် ပေါ်လွင်ပေလိမ့်မည်။ ကျမ်းတော်မြတ်ကုရ်အာန်က ထိုသူတို့၏ ဤထင်မြင်ယူဆချက်၏ အဖြေကို မြောက်မြားစွာသော အာယသ်တော်များတွင် ပေးထားလေသည်။ အကြောင်းမှာ အသင်တို့သည် 'နဗူဝသ်'နှင့် 'ရိစာလသ်'၏ အမှန်တရားနှင့် အမြော်အမြင်ကိုပင် နားမလည်ကြပေ။ ထို့အတွက်ကြောင့် ဤကဲ့သို့ ထင်မြင်ယူဆချက်များ၏ နောက်လိုက်နေခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်ကို စံနမူနာတစ်ခုအနေဖြင့် စေလွှတ်ခဲ့သည်။ သို့မှသာ အွမ္မသ်ထု၏ လူသားအားလုံးသည် ထိုတမန်တော်တို့၏ နောက်လိုက်နိုင်မည် ဖြစ်သည်။ ထိုတမန်တော်ကဲ့သို့ပင် ကျင့်ကြံမှုများနှင့် ကိုယ်ကျင့်တရားများကို သင်ယူဆည်းပူးနိုင်မည် ဖြစ်သည်။ ၎င်းနောက် ထင်ရှားသော အချက်မှာ လူသားတစ်ဦးသည် မိမိနှင့် မျိုးနွယ်တူ လူသား၏ နောက်လိုက်မှုကိုသာ ပြုနိုင်မည် ဖြစ်သည်။ လူသားသည် မျိုးနွယ်တူ မဟုတ်သော အခြားအဖန်ဆင်းခံများ၏ နောက်လိုက်ရန်မှာ မဖြစ်နိုင်ပေ။ ဥပမာ- ကောင်းကင်တမန်များသည် ဆာလောင်မွတ်သိပ်ခြင်း မရှိ။ ရေငတ်ခြင်းလည်း မရှိ။ စိတ်အလိုရမ္မက်များနှင့်လည်း မည်သို့မျှ ပတ်သက်မှုမရှိပေ။ ၎င်းတို့သည် ငိုက်မြည်းခြင်းလည်း မရှိပေ။ မောပန်းခြင်းလည်း မရှိကြပေ။ အကယ်၍ လူသားတို့အား ၎င်းတို့၏ နောက်လိုက်သမှုပြုခိုင်းလျှင် ၎င်းလူသားတို့ တတ်စွမ်းနိုင်သည်ထက် ပို၍ တာဝန်ပေးရာ ရောက်ပေလိမ့်မည်။ ဤနေရာတွင်လည်း မုရှ်ရစ်က်တို့သည် ဤသို့ပင် စောဒကတက်ခဲ့ကြသည်။ အထူးသဖြင့် တမန်တော်မြတ် ﷺ တွင် ကြင်ယာတော်များ မြောက်မြားစွာ ရှိနေခြင်းကြောင့် ၎င်းတို့၏ သံသယသည် ပို၍ မြင့်မားလာသည်။ ၎င်းတို့အား တင်ပြပါ ပထမအာယသ်တော်၏ ဝါကျအစတွင် ဖြေကြားထားတော်မူသည်။ အကြောင်းမှာ အသင်တို့သည် ဇနီးမယားတစ်ယောက် သို့မဟုတ် ထို့ထက်ပို၍ 'နေကာဟ်'ပြုခြင်း၊ ၎င်းနောက် ဇနီးမယား၊ သားသမီးများ ထားရှိခြင်းကို 'နဗူဝသ်'၊ 'ရိစာလသ်'နှင့် ဆန့်ကျင်သည်ဟု မည်သည့်အထောက်အထားဖြင့် ထင်မှတ်ကြလေသနည်း။ အလ္လာဟ်အသျှင်မြတ်၏ အစပထမ အဖန်ဆင်းခံများမှစ၍ အစဉ်အလာသည် ဤသို့ပင် ရှိခဲ့သည်။ အကြောင်းမှာ ထိုအသျှင်မြတ်သည် မိမိ၏ တမန်တော်များကို ဇနီး၊ သားသမီး ရှင်များအဖြစ်သာ ဖန်ဆင်းတော်မူခဲ့သည်။ ပွင့်လေ့ခဲ့သမျှသော နဗီတမန်တော်များသည် ၎င်းတို့အနက်မှ အချို့၏ 'နဗူဝသ်'ကို အသင်တို့လည်း လက်ခံကြသည်။ ဇနီးမယား မြောက်မြားစွာ ရှိခဲ့ကြသည်။ သားသမီးရှင်များလည်း ဖြစ်ခဲ့ကြသည်။ ဤအချက်ကို 'နဗူဝသ်'၊ 'ရိစာလသ်'နှင့် ဆန့်ကျင်သည်။ သို့မဟုတ် မြင့်မြတ်ခြင်း၊ အလ္လာဟ်အသျှင်မြတ်၏ အကြည်တော်ဖြစ်ခြင်းနှင့် ဆန့်ကျင်သည်ဟုယူဆခြင်းသည် အသိဉာဏ်ကင်းမဲ့မှုသာ ဖြစ်သည်။

ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ ငါကိုယ်တော်မြတ်သည် 'ရိဇာဟ်'ဥပုသ်လည်း ဆောက်တည်သည်။ မဆောက်တည်သည့်အခါလည်း ရှိပေသည်။ (ဆိုလိုသည်မှာ အမြဲတစေ 'ရိဇာဟ်'ဥပုသ်သာလျှင် ဆောက်တည်နေခြင်း မဟုတ်ပေ။) ၎င်းနောက် မိန့်တော်မူသည်မှာ ငါကိုယ်တော်သည် ညတွင် အိပ်စက်အနားယူသည်လည်း ရှိသည်။ ၎င်းနောက်

'ဆွလားသ်'ဝတ်ပြုနေသည်လည်း ရှိသည်။ (ဆိုလိုသည်မှာ တစ်ညလုံး 'အေဗာဒသ်'တွင်သာ နစ်မွန်းနေသည်မဟုတ်ဘဲ) ၎င်းနောက် အသားလည်း စားသုံးတော်မူသည်။ အမျိုးသမီးများဖြင့်လည်း 'နေကာဟ်' ပြုတော်မူသည်။ အကြင်သူသည် ငါကိုယ်တော်မြတ်၏ ဤလမ်းစဉ်ကို စောဒကတက်ဖွယ်ဟု ယူဆလျှင် ထိုသူသည် မွတ်စ္စလင်မ်မဟုတ်ပေ။

مَاكَانَ لِرَسُوْلٍ اَنْ يَّأْتِىَ بِاٰيَةٍ اِلَّا بِاِذْنِ اللّٰهِ

ဆိုလိုသည်မှာ မည်သည့်တမန်တော်တွင်မျှ အာယသ်တော်တစ်ပိုဒ်ကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်မပါဘဲ မိမိကိုယ်တိုင် တင်ပြရန် အာဏာမပေးထားပေ။

ကာဖိရ်များနှင့် မုရှ်ရစ်က်များသည် နဗီတမန်တော်များရှေ့တွင် အမြဲတစေ မုန်းတီးစွာဖြင့် မေးခွန်းများ မေးမြန်းလေ့ရှိကြသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ ၏ ရှေ့မှောက်တွင်လည်း ထိုခေတ်ကာလက မုရှ်ရစ်က်တို့သည် တောင်းဆိုမှုများ ပြုခဲ့ကြသည်။ ထို့အနက်မှ တောင်းဆိုမှုတစ်ခုမှာ အတော့်ပင် ကျော်ကြားသည်။ ပထမတစ်ခုမှာ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းဂန်တွင် ကျွန်ုပ်တို့၏ ဆန္ဒနှင့်အညီ ပညတ်ချက်များ ပို့ချပေးရမည်။ ဥပမာ- စူရာဟ်ယူနွတ်စ်တွင် ၎င်းတို့၏ ဤတောင်းဆိုချက်အကြောင်း ပါရှိသည်။

اِئْتِ بِقُرْاٰنٍ غَيْرِ هٰذَا اَوْبَدِّلْهُ

ဆိုလိုသည်မှာ 'အသင်တမန်တော်သည် လက်ရှိ ကုရ်အာန်အစား အခြားကုရ်အာန်ကျမ်းကို ယူဆောင်ခဲ့လော့။ ထိုကျမ်းတွင် ကျွန်ုပ်တို့၏ ရုပ်ထုများ ကိုးကွယ်ခြင်းအား တားမြစ်မထားရ။ သို့မဟုတ် အသင် တမန်တော်ကိုယ်တိုင် မိမိယူဆောင်လာသော ပညတ်ချက်များကို ပြောင်းလဲပစ်လော့။ 'အဇားဗ်' အပြစ်ဒဏ်ကို 'ရဟ်မသ်'နှင့်သော်လည်းကောင်း 'ဟာရာမ်'ကို 'ဟလာလ်'နှင့်သော်လည်းကောင်း ပြောင်းလဲပစ်လော့။'

ဒုတိယတောင်းဆိုချက်မှာ နဗီတမန်တော်များ၏ ရှင်းလင်းပြတ်သားသော 'မုအ်ဂျေဇာဟ်'တော်များကို တွေ့မြင်ရပါလျက် ထပ်မံ၍ 'မုအ်ဂျေဇာဟ်'အသစ်များကို တောင်းဆိုခြင်း၊ ဥပမာ- 'မည်သည့်အမျိုးအစား 'မုအ်ဂျေဇာဟ်'ကို ပြသမည်ဆိုပါက ကျွန်ုပ်တို့ အစ္စလာမ်လက်ခံကြမည်'ဟူ၍ ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အထက်ပါအပိုဒ်တွင် اٰيَةٌ ဟူသော စာသား၏ အဓိပ္ပာယ်မှာ နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်၏ ဝေါဟာရအသုံးအနှုန်းတွင် ကုရ်အာန်အာယသ်တော်များကိုလည်း اٰيَةٌ ဟုသုံးပြီး 'မုအ်ဂျေဇာဟ်'တော်များကိုလည်း اٰيَةٌ ဟူ၍ပင် သုံးနှုန်းလေ့ရှိသည်။ ထို့ကြောင့် ဤအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုရာတွင် 'မုဖတ်စ်စီးရ်'ပညာရှင်များအနက်မှ အချို့သည် ကုရ်အာန်အာယသ်တော်များဟု အဓိပ္ပာယ်ဖွင့်ဆိုကာ အလိုသဘောကို ဤသို့ တင်ပြထားသည်။ မည်သည့်တမန်တော်မျှ မိမိဘက်မှ မိမိကျမ်းဂန်တွင် အာယသ်တော်တစ်ခုခုကို ယူဆောင်လာရန် အခွင့်အာဏာမရှိပေ။ ၎င်းနောက် အချို့

ပညာရှင်များက آيَة ၏ အဓိပ္ပာယ်ကို 'မုအ်ဂျေဇာဟ်'ဟု ဖွင့်ဆိုကာ အလိုသဘောကို ဤသို့ တင်ပြထားသည်။ အကြောင်းမှာ မည်သည့်နဗီရစူလ်မျှ မိမိအလိုရှိသည့်အချိန်နှင့် ပုံစံအတိုင်း 'မုအ်ဂျေဇာဟ်'များ ထုတ်ဖော်ပြသရန် အလ္လာဟ်အသျှင်မြတ်ဘက်မှ အခွင့်အာဏာ မပေးထားပေ။ သဖ်စီးရ်ရူးဟွလ်မအာနီ ကျမ်းတွင် တင်ပြထားသည်မှာ عموم مجاز ၏ ဥပဒေအရ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံး ဖွင့်ဆိုနိုင်သည်။ ဖွင့်ဆိုချက်နှစ်မျိုးစလုံးကို မှန်ကန်သည်ဟု ဆိုနိုင်သည်။

ဤသို့ဖြင့် အာယသ်တော်၏ အကြောင်းအရာအနှစ်ချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ကျွန်ုပ်တို့၏ တမန်တော်မြတ် ﷺ အား ကုရ်အာန်အာယသ်တော်များ ပြောင်းလဲရန် တောင်းဆိုခြင်းသည် မှားယွင်းသော လုပ်ရပ်တစ်ခု ဖြစ်သည်။ ငါအသျှင်မြတ်သည် ဤသို့သော အခွင့်အာဏာကို မည်သည့်တမန်တော်မျှ မပေးထားပေ။ ထိုနည်းတူစွာ ဤကဲ့သို့ သီးခြား 'မုအ်ဂျေဇာဟ်'တော်တစ်ရပ် ပြသပါဟု တောင်းဆိုခြင်းသည်လည်း စစ်မှန်သော 'နဗူဝသ်'၏ အကြောင်းတရားများကို နားမလည်သော အထောက်အထားတစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူအများ၏ ဆန္ဒနှင့်အညီ မိမိလိုရာ 'မုအ်ဂျေဇာဟ်'များကို ပြသရန် မည်သည့်နဗီရစူလ်တွင်မျှ အခွင့်အာဏာမျှ မရှိပေ။

لِكُلِّ اَجَلٍ كِتَابٌ

اَجَلٌ ၏အဓိပ္ပာယ်မှာ သတ်မှတ်ထားသော အချိန်ကာလဟူ၍ ဖြစ်သည်။ كتاب ဟူသော စာသားသည် ဤနေရာတွင် နာမဝိသေသန၏ အဓိပ္ပာယ်ဖော်ဆောင်လျက်ရှိသည်။ ဆိုလိုသည်မှာ ရေးသားခြင်းဟု ဖြစ်သည်။ သို့ရှိရာ အာယသ်တော်၏ အလိုသဘောမှာ အရာခပ်သိမ်း၏ အချိန်ကာလနှင့် အတိုင်းအတာကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ရေးမှတ်ထားတော်မူသည်။ ထိုအသျှင်မြတ်သည် ရှေးယခင်ကတည်းက မည်သူသည် မည်သည့်အချိန်တွင် မွေးဖွားမည်။ ၄င်းနောက် ရက်ပေါင်းမည်မျှ ရှင်သန်နေမည်၊ မည်သည့်နေရာများသို့ သွားရောက်မည်၊ မည်သည့်အလုပ်များကို လုပ်ဆောင်မည်၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင် ကွယ်လွန်မည်ကို ရေးမှတ်ထားတော်မူသည်။

ထိုနည်းတူစွာ မည်သည့်ခေတ်ကာလတွင် မည်သည့်တမန်တော်ပေါ်သို့ မည်သည့်ဗျာဒိတ်တော်များနှင့် ပညတ်ချက်များ ချပေးတော်မူမည်ကိုလည်း ရေးမှတ်ထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ပညတ်ချက်များကို ခေတ်ကာလတိုင်း၊ အုပ်စုတိုင်းနှင့် လိုက်လျောညီထွေစွာ ချမှတ်ပေးခြင်းကိုပင် အသိဉာဏ်ကြွယ်ဝခြင်းနှင့် တရားမျှတမှုရှိခြင်းဟု ဆိုနိုင်ပေသည်။ ၄င်းနောက် မည်သည့်တမန်တော်သည် မည်သည့်အချိန်၊ မည်သို့သော 'မုအ်ဂျေဇာဟ်'များကို ပြသမည်ကိုလည်း ရေးမှတ်ထားတော်မူသည်။

ထို့ကြောင့် တမန်တော်မြတ် ﷺ အား ကျမ်းတော်မြတ်ကုရ်အာန်၏ မည်သည့်ပညတ်ချက်အားပြောင်းလဲပေးပါဟု တောင်းဆိုခြင်း သို့မဟုတ် ထူးခြားသော မည်သည့် 'မုအ်ဂျေဇာဟ်'တစ်ခုခုကို ပြသပါဟု

တောင်းဆိုခြင်းတို့သည် ရန်လိုမုန်းတီးသော၊ ၎င်းနောက် မှားယွင်းသော တောင်းဆိုမှုတစ်ခုသာ ဖြစ်သည်။ ယင်းသည် 'ရိစာလသ်'နှင့် 'နဗူဝသ်'၏ အမှန်တရားကို နားမလည်သောကြောင့် ဖြစ်သည်။

يَمۡحُوا اللهُ مَايَشَآءُ وَيُثۡبِتُ وَعِنۡدَهٗۤ اُمُّ الۡكِتٰبِ

اُمُّ الۡكِتٰبِ ၏ လုံးချင်းအဓိပ္ပာယ်မှာ မူရင်းကျမ်းဟူ၍ ဖြစ်သည်။ မည်သည့်ပြောင်းလဲမှုမျှ ဖြစ်နိုင်မည်မဟုတ်သော 'လောင်ဟေမဟ်ဖူးဇ်'ကို ဆိုလိုခြင်းဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြီးပြည့်စုံတော်မူသော 'ကွဒ်ရသ်'တန်ခိုးတော်နှင့် နက်နဲလှသော ဉာဏ်အမြော်အမြင်တော်ဖြင့် အလိုတော်ရှိရာကို ပယ်ဖျက်တော်မူပြီး အလိုတော်ရှိရာကို တည်မြဲကျန်ရှိစေတော်မူသည်။ ၎င်းနောက် ထိုပယ်ဖျက်တည်မြဲစေမှုများ ပြုပြီးနောက် ဖြစ်ရှိလာသော အကြောင်းအရာများသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ထိုအကြောင်းအရာများနှင့် ပတ်သက်ပြီး မည်သူ့တွင်မျှ အာဏာမရှိ။ မည်သည့်အပြောင်းအလဲမျှလည်း ဖြစ်နိုင်မည်မဟုတ်ပေ။

သဖ်စီးရ်ပညာရပ်၏ အေမာမ်ကြီးများအနက်မှ ဟဇရသ်စအီးဒ်ဗင်န်ဂျိုဗိုင်ရ် ﷺ နှင့် ဟဇရသ်ကသာဒါ ﷺ စသည်တို့သည် ဤအာယသ်တော်ကိုလည်း ရှရီအသတ်ပညတ်ချက်များ၏ ပယ်ဖျက်မှုနှင့် တည်ရှိစေမှု ဆိုလိုသည်မှာ 'နတ်စ်ခ်မတ်စ်အလာဟ်'နှင့် သက်ဆိုင်သော အာယသ်တော်ဟု သတ်မှတ်ကြသည်။ ၎င်းနောက် အာယသ်တော်၏ အလိုသဘောကို ဤသို့ ဖွင့်ဆိုကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ခေတ်သမယတိုင်းနှင့် အုပ်စုတိုင်းအတွက် ရစူလ်တမန်တော်များ၏ အကြောင်းခံဖြင့် မိမိ၏ ကျမ်းဂန်များကို ပို့ချပေးတော်မူခဲ့သည်။ ထိုကျမ်းဂန်များတွင် ရှရီအသ်ပညတ်ချက်များနှင့် 'ဖွရဇ်'တာဝန်များကို တင်ပြထားလေသည်။ ဤပညတ်ချက်များသည် အမြဲတစေ တည်ရှိနေပြီး အမြဲတမ်း ကျန်ရှိနေရန် မလိုအပ်ပေ။ သို့သာမက အုပ်စုတိုင်း၏ အခြေအနေများနှင့် ခေတ်ကာလ အပြောင်းအလဲများအလျောက် မိမိ၏ ဉာဏ်အမြော်အမြင်တော်ဖြင့် အလိုရှိရာ ပညတ်ချက်ကို ပယ်ဖျက်ခဲ့သည်လည်း ရှိသည်။ အလိုတော်ရှိရာကို တည်တံ့ကျန်ရှိစေခဲ့သည်လည်း ရှိသည်။ မည်သို့ပင်ဆိုစေ မူရင်းကျမ်းကို ထိုအသျှင်မြတ်ထံတော်ပါးတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ယင်းတွင် အစကနဦးကတည်းက ရေးသားထားသည်မှာ မည်သည့်ပညတ်ချက်ကို မည်သည့်အုပ်စုအတွက် ချပေးတော်မူပြီး ဤပညတ်ချက်သည် သီးခြားသတ်မှတ်ကာလတစ်ခုအတွက် ဖြစ်သည်။ သို့မဟုတ် သီးခြားအခြေအနေတစ်ရပ်ပေါ် မူတည်သည်။ သတ်မှတ်ကာလကုန်ဆုံးသွားသောအခါ သို့မဟုတ် အခြေအနေပြောင်းလဲသွားသောအခါ ထိုပညတ်ချက်သည်လည်း ပြောင်းလဲသွားမည်ဟူ၍ ဖြစ်သည်။ ထို اُمُّ الۡكِتٰبِ ၊ တွင် ပညတ်ချက်၏ သတ်မှတ်ကာလနှင့် အချိန်ကန့်သတ်မှုတို့ကိုလည်း ပြည့်ဝတိကျစွာ ရေးမှတ်ထားတော်မူသည်။ ၎င်းနောက် ထိုပညတ်ချက်ကို ပြောင်းလဲပြီး မည်သည့်ပညတ်ချက် သတ်မှတ်မည်ကိုလည်း ရေးမှတ်ထားတော်မူသည်။

ဤရှင်းလင်းချက်ကြောင့် အလ္လာဟ်အသျှင်မြတ်၏ ပညတ်တော်များသည် မည်သည့်အခါမျှ မပယ်ဖျက်သင့်ပေဟူသော သံသယသည်လည်း ကင်းဝေးသွားမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမိန့်တစ်ခုကို ပညတ်ပြီးနောက် ပယ်ဖျက်ခြင်းသည် အမိန့်ပညတ်သူအနေဖြင့် အခြေအနေအရပ်ရပ်ကို မမှန်းဆနိုင်ခဲ့သည်ဟူသော လက္ခဏာဖြစ်သည်။ ထို့ကြောင့်ပင် အခြေအနေအရပ်ရပ်ကို မြင်တွေ့ရပြီးနောက် ပညတ်ချက်ကို ပယ်ဖျက်ရခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်သည် ဤချို့ယွင်းချက်များမှ ကင်းစင်မြင့်မြတ်တော်မူသည်။ မည်သည့်အရာမျှ ထိုအသျှင်မြတ်၏ အသိဉာဏ်တော်အပြင်ဝယ် မရှိပေ။ အဘယ်ကြောင့်ဆိုသော် အထက်ပါရှင်းလင်းချက်တစ်ခုအရ သိရှိပြီးဖြစ်သည်မှာ ပယ်ဖျက်လိုက်သော အမိန့်ပညတ်ချက်သည်လည်း အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်တွင် အစကနဦးကတည်းက ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ဤပညတ်ချက်သည် ဤသတ်မှတ်ကာလအထိသာ တည်ရှိမည်ဖြစ်ပြီး ဤကာလ ကုန်လွန်ပြီးနောက် ပြောင်းလဲပစ်မည်ဟူ၍ ဖြစ်သည်။ ပမာဆိုရသော် ဆရာဝန် သို့မဟုတ် သမားတော်တစ်ဦးသည် လူနာ၏ အခြေအနေကို ကြည့်ကာ အခြေအနေအချိန်အခါနှင့် သင့်လျော်သော ဆေးတစ်မျိုးကို သတ်မှတ်ပေးလေသည်။ ၄င်းနောက် ထိုဆေးသည် မည်သို့ ထိရောက်မှုရှိမည်။ ထို့နောက် ဆေးကို ပြောင်း၍ အခြားဆေးတစ်မျိုး ပေးရမည်ကိုလည်း ဆရာဝန်က သိသည်။ အချုပ်ဆိုရသော် အာယသ်တော်များကို ပယ်ဖျက်ခြင်းနှင့် တည်တံ့စေခြင်းဟူသော အလိုသဘောမှာ အထက်ပါသဖ်စီးရ်အရ ပညတ်ချက်များကို ပယ်ဖျက်မှုပြုလုပ်ခြင်းနှင့် ကျန်ရှိစေခြင်းတို့ ဖြစ်သည်။

၄င်းနောက် သဖ်စီးရ်ပညာရှင်များ၏ အုပ်စုတစ်စု စွဖ်ယာန်းစောင်ရီ (ရဟ)၊ ဝကီးအ် (ရဟ) အစရှိသည်တို့သည် ဟဇရသ်အိဗ်နေအဗ္ဗာစ် ﷺ ထံမှ ဤအာယသ်တော်၏ အခြားသဖ်စီးရ်တစ်ခုကို ဆင့်ပြန်ကြလေသည်။ ထိုဆင့်ပြန်ချက်တွင် တင်ပြပါအာယသ်တော်၏ အကြောင်းအရာကို 'သက္ကဒီးရ်'နဖူးစာများ ရေးမှတ်ခြင်းနှင့် ပတ်သက်သည်ဟု သတ်မှတ်ဖွင့်ဆိုထားပေသည်။ ၄င်းနောက် အာယသ်တော်၏ အဓိပ္ပာယ်ကို ဤသို့ တင်ပြထားလေသည်။ အကြောင်းမှာ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်သြဝါဒများ၏ ရှင်းလင်းချက်နှင့်အညီ အဖန်ဆင်းခံများ၏ နဖူးစာများ၊ ၄င်းနောက် လူတိုင်း၏ ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ရရှိမည့် ရိဇိရိက္ခာများ၊ ၄င်းနောက် ကြုံတွေ့ရမည့် သုခစည်းစိမ်များ၊ သို့မဟုတ် ဘေဒုက္ခများ၊ ၄င်းနောက် ထိုအရာအားလုံး၏ အတိုင်းအတာများကို အလ္လာဟ်အသျှင်မြတ်သည် ရှေးယခင်ကတည်းက 'မစ်လူးကဲ'များကို မဖန်ဆင်းမီအလျင် ရေးမှတ်ထားတော်မူသည်။ တစ်ဖန် ကလေးငယ်တစ်ဦးဦး၏ မွေးဖွားချိန်တွင်လည်း ကောင်းကင်တမန်များအား ရေးမှတ်ထားတော်မူသည်။ ၄င်းနောက် နှစ်စဉ်နှစ်တိုင်း 'ကဒရ်'ညဉ့်မြတ်တွင် ထိုတစ်နှစ်ပတ်လုံး ဖြစ်ပျက်မည့် အကြောင်းအရာများနှင့် ပတ်သက်သည့် မှတ်တမ်းကို ကောင်းကင်တမန်များအား လွှဲအပ်တော်မူသည်။

အချုပ်ဆိုရသော် အဖန်ဆင်းခံတိုင်း၏ အသက်ရိဇိရိက္ခာ၊ သွားလာနေထိုင်မှုများအားလုံးကို သတ်မှတ်ထားပြီး ရေးမှတ်ထားတော်မူသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် ထိုနဖူးစာရေးမှတ်ထားမှုများအနက်မှ အလိုတော်ရှိရာကို ပယ်ဖျက်တော်မူပြီး အလိုတော်ရှိရာကို ကျန်ရှိစေတော်မူသည်။

وَعِنْدَهٗۤ اُمُّ الْكِتٰبِ

ဆိုလိုသည်မှာ ပယ်ဖျက်တည်တံ့မှုများ ပြုလုပ်ပြီးနောက် ယင်းနှင့်အညီ စီမံဆောင်ရွက်တော်မူသော ရေးမှတ်ထားသည့် မူရင်းကျမ်းမှာမူ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင်သာ ရှိတော်မူသည်။ ထိုကျမ်းတွင် မည်သို့မျှ အပြောင်းအလွဲဖြစ်နိုင်မည်မဟုတ်ပေ။

ထိုအကြောင်းအရာ၏ အကျယ်ဖွင့်ဆိုချက်မှာ မြောက်မြားစွာသော ဆွဟီးဟ်ဟဒီးစ်တော်များအရ သိရှိရသည်။ အချို့သော 'အမလ်'ကျင့်ကြံမှုများကြောင့် လူသား၏ အသက်နှင့် ရိဇိရိက္ခာတွင် တိုးပွားမှုများ ရှိတတ်သည်။ အချို့ 'အမလ်'များကြောင့် လျော့နည်းမှုလည်း ဖြစ်တတ်သည်။ ဆွဟီးဟ်ဘိုခါရီကျမ်းတွင် လာရှိသည်မှာ ဆွေမျိုးသားချင်းတို့အား အဆက်အသွယ်ထားခြင်းသည် သက်တမ်းတွင် တိုးပွားမှုရန် အကြောင်းခံဖြစ်သည်။ မွစ်နဒ်အဟ်မဒ်ကျမ်း၏ ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ တစ်ခါတစ်ရံ လူသားတို့၏ အပြစ် 'ဂိုနာဟ်'ကြောင့် ၎င်းတို့အား ရိဇိရိက္ခာမှ လက်မဲ့ပြုခြင်း ခံရလေသည်။ ၎င်းနောက် မိဘနှစ်ပါးတို့ကို ပြုစုစောင့်ရှောက် အမိန့်နာခံခြင်းဖြင့် သက်တမ်းတွင် တိုးပွားမှု ရရှိသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ 'သက္ကဒီးရ်'အား ဒိုအာမှအပ မည်သည့်အရာမျှ ဖယ်ရှားနိုင်စွမ်းမရှိပေ။

ထိုဆင့်ပြန်ချက်များအရ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ် ရေးမှတ်ထားတော်မူသော သက်တမ်း (သို့) ရိဇိရိက္ခာ စသည့် 'သက္ကဒီးရ်'နဖူးစာများသည် အချို့သော 'အမလ်'များကြောင့် လျော့နည်းသွားသလို တိုးပွားမှုလည်း ရှိတတ်သည်။ ၎င်းနောက် ဒိုအာကြောင့်လည်း 'သက္ကဒီးရ်'တွင် အပြောင်းအလဲများ ဖြစ်တတ်သည်။

ဤအာယသ်တော်တွင်လည်း အထက်ပါအကြောင်းအရာကို ဤသို့ပင် တင်ပြထားသည်မှာ 'သက္ကဒီးရ်'နဖူးစာရေးမှတ်ထားသော ကျမ်းတွင် သက်တမ်း သို့မဟုတ် ရိဇိရိက္ခာ သို့မဟုတ် ဘေးဗလာကျရောက်ခြင်း သို့မဟုတ် သုခစည်းစိမ် စသည်တို့၌ 'အမလ်'တစ်ခုခု သို့မဟုတ် ဒိုအာတစ်ခုခုကြောင့် ပြောင်းလွဲသွားခြင်းသည် ကောင်းကင်တမန်များလက်တွင်ရှိသော သို့မဟုတ် ၎င်းတို့၏ အသိတွင် ရှိသော 'သက္ကဒီးရ်'နဖူးစာကျမ်းတွင် အပြောင်းအလွဲ ဖြစ်ရှိသွားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ထိုကျမ်းတွင် တစ်ခါတစ်ရံ အမိန့်တစ်ခုသည် သီးခြားသတ်မှတ်ချက်တစ်ခုနှင့် ပတ်သက်နေတတ်သည်။ ထိုသတ်မှတ်ချက် မရှိလျှင် ထိုအမိန့်လည်း သက်ရောက်မှုမရှိတော့ပေ။ ၎င်းနောက် ဤသတ်မှတ်ချက်သည်လည်း တစ်ခါတစ်ရံ ရေးမှတ်ထားတော်မူပြီး ကောင်းကင်တမန်များ၏ အသိတွင်လည်း ရှိနေတတ်သလို တစ်ခါတစ်ရံ ရေးမှတ်ထားခြင်း မရှိသည်လည်း ရှိသည်။ အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်တွင်သာ ရှိနေတတ်သည်။ ထိုအမိန့်ပညတ်ချက်အား ပြောင်းလဲလိုက်သည့်အခါမှ အားလုံး တအံ့တသြ ဖြစ်ကြရလေသည်။ ဤကဲ့သို့သော 'သက္ကဒီးရ်'မျိုးကို 'မုအလ္လက်'ဟု ခေါ်ဆိုပါသည်။ ထို 'သက္ကဒီးရ်'မျိုးတွင် အထက်ပါအာယသ်တော်၏ ရှင်းလင်းချက်အတိုင်း ပယ်ဖျက်ခြင်းနှင့် တည်တံ့ခြင်းတို့ ဖြစ်ပေါ်တတ်သည်။ သို့သော် အာယသ်တော်၏ နောက်ဆုံးအပိုဒ်ဖြစ်သော

وَعِنْدَهٗٓ اُمُّ الْكِتٰبِ

က တင်ပြနေသည်မှာ ဤ 'သဏ္ဍဒီးရ်မိုအလ္လာက်'၏ အပေါ်၌ 'သဏ္ဍဒီးရ် မုဗ်ရမ်'တစ်မျိုးလည်း ရှိသေးသည်။ ယင်းသည် 'အွမ္မုလ်ကိသားဗ်'တွင် ရေးသားထားပြီး အလ္လာဟ်အသျှင် မြတ်ထံတော်ပါးတွင် ရှိလေသည်။ ထိုအကြောင်းအရာများကို ရေးသားထားခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ် တော်နှင့်သာ သီခြားသက်ဆိုင်တော်မူသည်။ ရေးသားထားမှုတွင် ကျင့်ကြံမှုများ၏ သတ်မှတ်ချက် ကြောင့် သို့မဟုတ် ဒိုအာကြောင့် နောက်ဆုံးရလဒ်အနေနှင့် ဖြစ်ပေါ်လာမည့် အမိန့်တော်ပညတ်မှုများကို ရေးမှတ် ထားတော်မူသည်။ ထို့ကြောင့် ထိုရေးမှတ်မှု မှတ်တမ်းတွင် ပယ်ဖျက်ခြင်းနှင့် တည်မြဲစေခြင်း၊ ၎င်းနောက် အတိုးအလျော့များမှ လုံး၀ ကင်းစင်ပေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

وَاِنْ مَّا نُرِيَنَّكَ بَعْضَ الَّذِىْ نَعِدُهُمْ اَوْ نَتَوَفَّيَنَّكَ

ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား နှစ်သိမ့်ရန်နှင့် စိတ်အေးချမ်းသာစေရန် မိန့်တော် မူထားသည်မှာ အလ္လာဟ်အသျှင်မြတ် ကတိပြုထားတော်မူသော အစ္စလာမ်သာသနာ ပြည့်ပြည့်၀၀ အောင်မြင်မှုရမည်။ ၎င်းနောက် ကုဖွရ်နှင့် ကာဖိရ်တို့အား သေးသိမ်စေမည်ဟု ဆိုခြင်းတို့သည် မလွဲမသေ ဖြစ်ပေါ်လာမည် ဖြစ်သည်။ သို့သော် အသင်တမန်တော်အနေနှင့် မည်သည့်အခါ ပြည့်၀စွာ အောင်မြင်မှု ရမည်ကို စိုးရိမ်သောက မဖြစ်လေနှင့်။ အသင်တမန်တော်၏ ဘ၀သက်တမ်းတွင် ဖြစ်ပေါ်လာနိုင်သကဲ့သို့ အသင်တမန်တော် ကွယ်လွန်ပြီးမှလည်း ဖြစ်နိုင်သည်။ ၎င်းနောက် အသင်တမန်တော် စိတ်ချမ်းသာမှု ရရန်မှာ ဤအချက်သည်ပင် လုံလောက်ပေသည်။ အကြောင်းမှာ အသင်တမန်တော် တွေ့မြင်ရသည့်အတိုင်း ငါအသျှင်မြတ်သည် ကာဖိရ်များကို လေးဘက်လေးရံမှ နယ်မြေကျဉ်းမြောင်းသွားအောင် ပြုလုပ်နေတော် မူသည်။ ဆိုလိုသည်မှာ လေးဖက်လေးရံမှ နယ်မြေများ မွတ်စ္စလင်မ်တို့၏ လက်အောက်သို့ ရောက်ရှိလာ နေသည်။ ဤသို့ဖြင့် ၎င်းတို့ပိုင်ဆိုင်သော နယ်မြေများ လျော့ပါးသွားလေသည်။ ၎င်းနောက် မွတ်စ္စလင်မ် တို့၏ နယ်မြေများ ကျယ်ပြန့်လာလေသည်။ ဤနည်းဖြင့် တစ်နေ့မဟုတ် တစ်နေ့ ပြည့်၀သော အောင်မြင်မှု ရရှိလာမည် ဖြစ်သည်။ အမိန့်ဟူသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်၌သာ ရှိသည်။ ထိုအသျှင်မြတ် ၏ အမိန့်တော်ကို ဖယ်ရှားနိုင်သူ မည်သူမျှ မရှိပေ။ ထိုအသျှင်မြတ်သည် အလွန်လျင်မြန်စွာ စာရင်းအင်း စစ်ဆေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်အီဗ်ရာဟီမ်

တမန်တော်အီဗ်ရာဟီမ်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓرٰ ۚ كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى
النُّوْرِ ۙ بِاِذْنِ رَبِّهِمْ اِلٰى صِرَاطِ الْعَزِيْزِ الْحَمِيْدِ ①

၁၄ : ၁ ။ ။ အလစ်ဖ်၊ လာ…မ်… ရာ။ (အို, နဗီတမန်တော်) ဤ (ကုရ်အာန်) သည် ငါအသျှင်မြတ် အသင့်ထံသို့ ချပေးတော်မူခဲ့သော ကျမ်းဂန်တစ်စောင်ပင် ဖြစ်၏။ (ချပေးတော်မူခြင်းမှာ) အသင်သည် လူသားအားလုံးတို့ကို ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်နှင့် အမိုက်မှောင်ထုမှ အလင်းသို့ (သို့မဟုတ်) တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ လမ်းသို့ ထုတ်ဆောင် (ကယ်တင်) ရန်အလို့ငှာ ယင်းကျမ်းတော်မြတ်ကို အသင့်ထံသို့ ချပေးသနားတော်မူခဲ့လေသည်။

اللّٰهِ الَّذِيْ لَهٗ مَا
فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۗ وَوَيْلٌ لِّلْكٰفِرِيْنَ مِنْ عَذَابٍ شَدِيْدِ ۙ②

၁၄ : ၂ ။ ။ အကြင်အလ္လာဟ်အသျှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှသော အရာတို့ကို စိုးပိုင်တော်မူ၏။ စင်စစ် အကြင်ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၌မူ အပြင်းအထန်ပျက်စီးစေမည့်ပြစ်ဒဏ်သည် ရှိပေသည်။

الَّذِيْنَ يَسْتَحِبُّوْنَ الْحَيٰوةَ الدُّنْيَا عَلَى الْاٰخِرَةِ وَيَصُدُّوْنَ عَنْ
سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا ۗ اُولٰۤئِكَ فِيْ ضَلٰلٍ ۢ بَعِيْدٍ ③

၁၄ : ၃ ။ ။ အကြင်သူ (ကာဖိရ်) တို့သည် ပစ္စုပ္ပန် မျက်မှောက်လောကီဘဝ၌ အသက်ရှင်ခြင်းကို တမလွန်ဘဝထက် သပို၍ပင် မြတ်နိုးကြကုန်၏။ ထို့ပြင် ၎င်းတို့သည် (လူတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားဆီးကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ယင်းလမ်းတော်၌ (မိမိတို့ စိတ်ကြိုက်) ကွေ့ကောက်မှုကို ရှာဖွေလျက် ရှိကြကုန်၏။ ဤသူတို့မှာ (အမှန်နှင့်) အလွန်ဝေးလံသော လမ်းမှား၌ ရောက်ရှိနေကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

الٓر (ယင်းအဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူသည်။) ဤ (ကုရ်အာန်သည်) ငါအသျှင်မြတ်သည် အသင့်အပေါ်သို့ ချပေးတော်မူသော ကျမ်းတစ်ဆူဖြစ်သည်။ သို့မှသာ အသင်သည် (ထိုကျမ်း၏ အကြောင်းခံဖြင့်) လူသားတို့အား ၎င်းတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ဖြင့် ('သဝ်ဖီးဂ်'နည်းလမ်းဖြင့် ကုဖွရ်၏) အမှောင်ထုမှ ထုတ်ယူကာ (အီမာန်နှင့် 'ဟေဒါယသ်'၏) အလင်းရောင်ဘက်သို့ ဆိုလိုသည်မှာ လွှမ်းမိုးတော်မူသော အသျှင်၊ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ လမ်းတော်ဘက်သို့ ခေါ်ဆောင်လာရန် ဖြစ်သည်။ (အလင်းရောင်သို့ ခေါ်ဆောင်လာခြင်း ဆိုသည်မှာ ဤသို့သောလမ်းကို ပြသခြင်းဖြစ်သည်။) ထိုအသျှင်မြတ်သည် ဤကဲ့သို့သော အသျှင် ဖြစ်သည်။ မိုးနှင့် မြေတွင် ရှိရှိသမျှသော အရာခပ်သိမ်းတို့ကို စိုးပိုင်တော်မူသည်။ ၎င်းနောက် (ဤကျမ်းဂန်သည် အလ္လာဟ့်လမ်းကို ညွှန်ပြနေသည်ဟု ဆိုလျှင်) ထိုကာဖိရ်များအတွက် ကြီးမားသော ဆုံးရှုံးမှုပင်ဖြစ်သည်။ ဆိုလိုသည်မှာ ပြင်းထန်သော 'အဇားဗ်'ပြစ်ဒဏ်ခံရမည်ဖြစ်သည်။ အကြင်သူတို့သည် (ထိုလမ်းစဉ်ကို မိမိတို့ကိုယ်တိုင်လည်း မလိုက်နာကြသည့်အပြင်) လောကီဘဝသက်တမ်းကို တမလွန်ထက် ပို၍ ဦးစားပေးလေသည်။ (ထို့ကြောင့်ပင် သာသနာကို ရှာဖွေခြင်း မရှိကြပေ။) ၎င်းနောက် (အခြားသူတို့ကိုလည်း အထက်ပါလမ်းစဉ်ကို လိုက်ခွင့် မပြုကြပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ (ထိုတင်ပြပါ) လမ်းစဉ်မှ တားမြစ်ကြလေသည်။ ၎င်းနောက် ထိုလမ်းစဉ်တွင် ချွတ်ယွင်းချက်များ (ဆိုလိုသည်မှာ သံသယအမျိုးမျိုး) ရှာဖွေနေလေ့ရှိကြသည်။ (ထိုသံသယများဖြင့် အခြားသူတို့ကို လမ်းလွဲစေနိုင်ရန် ဖြစ်သည်။) ဤကဲ့သို့သော သူတို့သည် လွန်စွာ ဝေးလံသော လမ်းမှားတွင် နစ်မွန်းနေကြသည်။ (ဆိုလိုသည်မှာ ထိုလမ်းမှားမှသည် အမှန်တရားနှင့် အလွန်ပင် ဝေးကွာလျက်ရှိသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

ဤစူရာဟ်ပါအကြောင်းအရာများ

ဤစူရာဟ်တော်သည် ကျမ်းတော်မြတ်ကုရ်အာန်၏ (၁၄) ခုမြောက် စူရာဟ်အီဗ်ရာဟီမ် ဖြစ်သည်။ ၎င်းနောက် မက္ကီစူရာဟ်ဖြစ်သည်။ ဟိဂ်ျရသ်မပြုမီအလျင်က ကျရောက်ခဲ့သော စူရာဟ်ဖြစ်သည်။ ဤစူရာဟ်ရှိ အချို့သော အာယသ်တော်များနှင့် ပတ်သက်၍သာ မဒနီဖြစ်ခြင်းနှင့် မက္ကီဖြစ်ခြင်းတွင် အကွဲအလွဲရှိသည်။

ဤစူရာဟ်အစတွင် 'ရိစာလသ်'နှင့် 'နဗူဝသ်'၊ ၎င်းနောက် ယင်း၏ ထူးခြားချက်များကို တင်ပြထားပေသည်။ ၎င်းနောက် 'သောင်ဟီးဒ်'နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် အထောက်အထားများ အကြောင်း တင်ပြထားသည်။ထိုအကြောင်းများတွင်ပင် တမန်တော်အီဗ်ရာဟီမ် ﷺ ၏ အကြောင်းအရာကိုလည်း တင်ပြထားပေသည်။ ၎င်းနောက် ထိုတမန်တော်၏ အကြောင်းအရာနှင့် ပတ်သက်၍ ဤစူရာဟ်၏ အမည်ကို 'စူရာဟ်အီဗ်ရာဟီမ်'ဟု မှည့်ထားခြင်းဖြစ်သည်။

الٓرٰ ۚ كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ ۙ بِاِذْنِ رَبِّهِمْ

الٓرٰ ထို 'ဟူရူဖေမုကသွာအား' များထဲမှ ဖြစ်သည်။ ထိုအရာများနှင့် ပတ်သက်၍ အကြိမ်ကြိမ် တင်ပြခဲ့ပြီးဖြစ်သည်။ အကြောင်းမှာ ထိုထဲတွင် အထင်အရှား အကျော်ကြားဆုံးနှင့် အငြင်းဝင်ဖွယ်မရှိ သည်မှာ ရှေးယခင် သူတော်စင်များ၏ အလိုသဘောဖြစ်သည်။ အကြောင်းမှာ ထိုစာလုံးများအပေါ် ဤသို့ အီမာန်သက်ဝင် လက်ခံမှု ထားရှိရမည်။ အကြောင်းမှာ ထိုစာလုံးများ၏ အလိုသဘောများ ရှိသည်မှာ အမှန်ဖြစ်သည်။ သို့သော် ထိုစာလုံးများ၏ အဓိပ္ပာယ်ကို စူးစမ်းရှာဖွယ်လိုက်မှုတွင် နစ်မွန်းမနေရ။

كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ

တွင် နဟ်ဝီပညာရပ်၏ 'သရ်ကီးဗ်' အရ ရှင်းလင်းပေါ်လွင်သော အချက်မှာ ဤသို့ဖြစ်သည်။ ဤဝါကျကို မြုပ်ကွယ်နေသော هٰذَا ဟူသောစာလုံးကို 'မွဗ်သဒဟ်' ၏ 'ခဗရ်' ဟု သတ်မှတ်ရမည်။ ၎င်းနောက် ဝါကျ၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်မည်။ ဤကျမ်းဂန်သည် ငါအသျှင်မြတ်က အသင်ဘက်သို့ ချပေးတော်မူသော ကျမ်းဂန်ဖြစ်သည်။ ဤဝါကျတွင် ချပေးမှုကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်ပြီး မိန့်ကြားခံရမှုကို တမန်တော်မြတ် ﷺ ဘက်သို့ ဆက်နွယ်ထားခြင်းအရ အချက်နှစ်ချက်ကို ရည်ညွှန်းလိုကြောင်း သိရှိရလေသည်။ ပထမအချက်မှာ ဤကျမ်းကို မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ် အသျှင်မြတ် ကိုယ်တော်တိုင် ချပေးသနားတော်မူသည်။ ဒုတိယအချက်မှာမူ တမန်တော်မြတ် ﷺ ၏ အဆင့်အတန်းမြင့်မားမှုကို ရည်ညွှန်းခြင်းဖြစ်သည်။ အကြောင်းမှာ ကိုယ်တော်မြတ် ﷺ သည် ဦးစွာပထမ အမိန့်ခံရသူတစ်ဦး ဖြစ်သောကြောင့် ဖြစ်သည်။

لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ بِاِذْنِ رَبِّهِمْ

نَاسٌ ဟူသော စာသားသည် လူသားတစ်ရပ်လုံးအတွက် သုံးသော စာလုံးဖြစ်သည်။ ဆိုလိုသည်မှာ လောကတခွင်တွင် ရှိရှိသမျှသော လူသားအားလုံးနှင့် နောင်တွင် ပေါက်ဖွားလာမည့် လူသားအားလုံးလည်း ပါဝင်ပေသည်။

ظُلُمٰتٌ သည် ظُلْمَةٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ယင်း၏ ကျော်ကြားသော အဓိပ္ပာယ်မှာ အမှောင်ထုဟူ၍ ဖြစ်သည်။ ဤနေရာတွင် ظُلُمٰتٌ ၏ အလိုသဘောမှာ ကုဖွ်ရ်၊ ရှရစ်က်နှင့် မကောင်းသော ကျင့်ကြံမှုများ၏ အမှောင်ထုဟူ၍ ဖြစ်သည်။ ၎င်းနောက် نُوْرٌ ၏ အလိုသဘောမှာ အီမာန်၏ လင်းဝင်းမှု ဖြစ်သည်။ ထို့အတွက်ကြောင့် ظُلُمٰتٌ ဟူသော စာသားကို ဗဟုဝုစ်ကိန်းနှင့် သုံးနှုန်းထားသည်။ အဘယ် ကြောင့်ဆိုသော် ကုဖွ်ရ်နှင့် ရှရစ်က်၏ အမျိုးအစားသည် မြောက်မြားစွာ ရှိသည်။ ထိုနည်းတူစွာ ကောင်း

သော ကျင့်ကြံမှုများလည်း မြောက်မြားစွာ ရှိသည်။ ၎င်းနောက် نُوْرٌ ဟူသော စာသားကို ဧကဝုစ်ကိန်းဖြင့် သုံးနှုန်းထားပေသည်။ အဘယ်ကြောင့်ဆိုသော် အီမာန်နှင့် အမှန်တရားသည် တစ်မျိုးတည်းသာ ရှိသည်။ အာယသ်တော်၏ အလိုသဘောမှာ ငါအသျှင်မြတ်သည် ဤကျမ်းဂန်ကို အသင့်အား ချပေးသနားတော်မူသည်။ အကြောင်းအရင်းမှာ အသင်သည် ဤကျမ်းတော်ဖြင့် လောကတခွင်ရှိ လူသားများအားလုံးကို ကုဖွ်ရ်၊ ရှရစ်က်နှင့် မကောင်းသော ကျင့်ကြံမှုများ၏ အမှောင်ထုမှ ကယ်တင်ကာ အီမာန်နှင့် အမှန်တရား၏ အလင်းရောင်ဘက်သို့ အသျှင်မြတ်၏ အမိန့်တော်ဖြင့် ခေါ်ဆောင်လာရန် ဖြစ်သည်။ ဤနေရာတွင် رَبٌّ ဟူသော စာသားကို သုံးနှုန်းထားကာ ရည်ညွှန်းသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျမ်းဂန်နှင့် တမန်တော်မြတ်၏ အကြောင်းခံဖြင့် လူသားတစ်ရပ်လုံးကို အမှောင်ထုမှ ကယ်တင်ကာ ကျေးဇူးပြုထားတော်မူသည်။ ဤသို့ ချီးမြှင့်ရခြင်း၏ အကြောင်းအရင်းမှာ ထိုအသျှင်မြတ်သည် လူသားတစ်ရပ်လုံး၏ ဖန်ဆင်းရှင်၊ ၎င်းနောက် စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်ခြင်းကြောင့် မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်တစ်ပါး၏ ဂုဏ်အင်္ဂါနှင့်အညီ မေတ္တာကရုဏာ ကြီးမားစွာဖြင့် ချီးမြှင့်ထားတော်မူခြင်းသာ ဖြစ်သည်။ သို့မဟုတ် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပတ်သက်၍ မည်သည့်တာဝန်ဝတ္တရားမှ အလ္လာဟ့် အပေါ်တွင် မရှိပေ။ မည်သည့်ဩဇာအာဏာမျှ ထိုအသျှင်မြတ်ပေါ်သို့ မသက်ရောက်နိုင်ပေ။

'ဟေဒါယသ်' ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ စွမ်းဆောင်မှုတစ်ရပ်သာ ဖြစ်ခြင်း

ဤအာယသ်တော်တွင် အမှောင်ထုမှ ကယ်တင်၍ အလင်းရောင်ဘက်သို့ ခေါ်ဆောင်လာခြင်းကို တမန်တော်မြတ် ﷺ ၏ လုပ်ဆောင်ချက်ဟု သတ်မှတ်ထားပေသည်။ စင်စစ်တွင်မူ 'ဟေဒါယသ်' ချီးမြှင့်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ဆောင်ချက်သာလျှင် ဖြစ်သည်။ ဥပမာ- အခြားသော အာယသ်တော်တစ်ပိုဒ်တွင် အမိန့်ရှိသည်မှာ-

إِنَّكَ لَا تَهْدِىْ مَنْ أَحْبَبْتَ وَلٰكِنَّ اللّٰهَ يَهْدِىْ مَنْ يَّشَآءُ

ဆိုလိုသည်မှာ အသင်တမန်တော်သည် မိမိကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် တစ်ဦးတစ်ယောက်ကို 'ဟေဒါယသ်'မပေးနိုင်ပါ။ သို့သာမက အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသော သူကိုသာလျှင် 'ဟေဒါယသ်' ပေးတော်မူသည်။ ထို့အတွက်ကြောင့် ဤအာယသ်တော်တွင် بِإِذْنِ رَبِّهِمْ ဆိုသော စာသားကို အပိုတိုး၍ ဤသံသယအား အဆုံးသတ်လိုက်ခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ အကြောင်းမှာ ထိုကုဖွ်ရ်နှင့် ရှရစ်က်၏ အမှောင်ထုများမှ ထုတ်ယူ၍ အီမာန်နှင့် 'အမလ်ဆွာလေ့ဟ်'၏ အလင်းရောင်ဘက်သို့ ခေါ်ဆောင်ခြင်းသည် စင်စစ်တွင် စစ်မှန်သော မူအရ တမန်တော်မြတ် ﷺ ၏ လက်တော်၌သာ 'ဟေဒါယသ်'ပေးနိုင်စွမ်း မရှိသော်လည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်နှင့် ခွင့်ပြုမှုဖြင့် တမန်တော်မြတ် ﷺ သည် ပို့ချနိုင်ပေသည်။

အမိန့်ပညတ်ချက်များနှင့် ဩဝါဒလမ်းညွှန်မှုများ

ဤအာယသ်တော်မှ သိရှိရသည်မှာ လူသားအားလုံးကို ထိုမကောင်းမှုများ၏ အမှောင်ထုများမှ ထုတ်ယူ၍ အလင်းရောင်ဘက်သို့ ခေါ်ဆောင်လာခြင်း၏ တစ်ခုတည်းသော အကြောင်းခံနှင့် လူသားအားလုံးကို လောကီလောကုတ္တရာနှစ်ဌာနစလုံး၏ ပျက်စီးယိုယွင်းမှုမှ ကယ်တင်မှုပေးသော တစ်ခုတည်းသော လမ်းစဉ်မှာ ကျမ်းမြတ်ကုရ်အာန်ပင် ဖြစ်ပေသည်။ ထိုကျမ်းအနီးသို့ ရောက်ရှိလာသည်နှင့်အမျှ ထိုသူတို့ကို လောကီတွင်လည်း အေးချမ်းသာယာမှုနှင့် ငြိမ်းချမ်းမှု၊ ၎င်းနောက် တည်ငြိမ်မှုတို့ကို ရရှိပေလိမ့်မည်။ ၎င်းနောက် တမလွန်တွင်လည်း အောင်မြင်မှုများ ရရှိကြပေလိမ့်မည်။ ၎င်းနောက် ထိုကျမ်းနှင့် ဝေးကွာသွားသမျှ ထိုသူအားလုံးကို လောကီနှင့် တမလွန်နှစ်ဌာနစလုံးတွင် မကောင်းကျိုးများ၊ ပျက်စီးမှုများ၊ ဘေးဒုက္ခများ၊ ၎င်းနောက် ဝမ်းနည်းပူဆွေးမှု၏ ချောက်တွင် ကျရောက်ကြပေလိမ့်မည်။

အာယသ်တော်၏ စာလုံးများတွင် ဤအချက်ကိုကား မဖွင့်ဆိုထားပေ။ အကြောင်းမှာ တမန်တော်မြတ် ﷺ သည် ကုရ်အာန်၏ အကြောင်းခံဖြင့် လူတို့အား မည်သို့ အမှောင်ထုများမှ ကယ်တင်၍ အလင်းရောင်ဘက်သို့ ခေါ်ဆောင်လာမည်နည်း။ သို့သော် ပေါ်လွင်သော အချက်မှာ ကျမ်းတစ်ကျမ်း၏ အကြောင်းခံဖြင့် မျိုးနွယ်စုတစ်စုကို ပြုပြင်မည်ဆိုလျှင် ထိုကျမ်း၏ သွန်သင်ညွှန်ကြားချက်များကို ထိုမျိုးနွယ်စုတွင် ပြန့်ပွားစေရမည်။ ၎င်းနောက် ထိုသူတို့ကို လိုက်နာကျင့်သုံးစေရမည်။

ကျမ်းတော်မြတ်ကုရ်အာန်အား ရွတ်ဖတ်ခြင်းသည်လည်း သီးခြားရည်ရွယ်ချက်တစ်ခုဖြစ်ခြင်းအကြောင်း

ကျမ်းတော်မြတ်ကုရ်အာန်၏ အခြားထူးခြားချက်တစ်ခုမှာ ထိုကျမ်းတော်မြတ်ကို ရွတ်ဖတ်ခြင်း၊ ၎င်းနောက် အဓိပ္ပာယ်နားမလည်ဘဲ စာသားများကိုသာ ရွတ်ဖတ်ခြင်းမှာလည်း လူသား၏ စိတ်နှလုံးအပေါ် အထူးပင် ထိရောက်မှုရှိပေသည်။ ၎င်းနောက် မကောင်းမှုဒုစရိုက်များမှ ရှောင်ရှားရာတွင်လည်း အကူအညီတစ်ရပ်ဖြစ်လေသည်။ ကုဖ္ဖရ်၊ ရှရစ်က်၏ မည်မျှပင် လုပသော အန္တရာယ်ကွန်ယက်များ ရှိနေပါစေ၊ အဓိပ္ပာယ်နားမလည်ဘဲ ကုရ်အာန်ကို ရွတ်ဖတ်သူတစ်ဦးသည် အနိမ့်ဆုံးအဆင့်သို့ အန္တရာယ်များမှ လွတ်ကင်းနိုင်မည်ဖြစ်သည်။

ဟိန္ဒူဘာသာသနာပြန့်ပွားရေး လှုံ့ဆော်မှုခေတ်ကာလတွင် ဟိန္ဒူဘာသာဝင်တို့၏ လှုပ်ရှားမှု၌ မြင်တွေ့ခဲ့ကြရပြီးဖြစ်သည်။ ထိုလှုပ်ရှားမှုတွင် ကုရ်အာန်ရွတ်ဖတ်ခြင်းမရှိသူ အချို့သာလျှင် ၎င်းတို့၏ အန္တရာယ်စက်ကွင်းထဲသို့ ကျရောက်ခဲ့ရသည်။ မျက်မှောက်ခေတ်တွင် အီစာအီတို့၏ 'မစ်ရှင်' များသည် မွတ်စ္စလင်မ်တို့၏ ဒေသအသီးသီးတွင် အမျိုးမျိုးအဖုံဖုံသော သာယာနာပျော်ဖွယ် အိပ်မက်များနှင့် ရွှေရောင်လွှမ်းသော အန္တရာယ်ကွန်ယက်များကို ယူဆောင်၍ လှည့်လည်နေကြသည်။ သို့သော် ၎င်းတို့၏ လုပ်ဆောင်ချက် ထိရောက်မှုများသည် ကျမ်းမြတ်ကုရ်အာန် ရွတ်ဖတ်ခြင်းကင်းမဲ့သော မိသားစုများအပေါ်သာ သက်ရောက်ခဲ့သည်။ ပညာမဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်သကဲ့သို့ ဆန်းသစ်သော ပညာရပ်များ၏ မှားယွင်းသော ထိရောက်မှုကြောင့်လည်း ဖြစ်နိုင်သည်။

ဤသို့ပင် ကျမ်းတော်မြတ်ကို ရွတ်ဖတ်ခြင်းသည် စူးရှမှုရှိသည်ကို ရည်ညွှန်းရန်အတွက် ကျမ်းတော်မြတ်၌ တမန်တော်မြတ် ﷺ ကို စေလွှတ်တော်မူသော ရည်ရွယ်ချက်များ တင်ပြမိန့်ဆိုရာတွင် ကုရ်အာန်၏ 'သအ်လီးမ်' ထက်အလျင် 'သေလာဝသ်' ဟူသော စာသားကို သီးခြားတင်ပြထားခြင်းလည်း ဖြစ်နိုင်သည်။

يَتْلُوا عَلَيْهِمْ اٰيٰتِه وَيُزَكِّيْهِمْ وَيُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ

ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ ကို အလုပ်သုံးခုကို ဆောင်ရွက်ရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ပထမအလုပ်မှာ ကျမ်းမြတ်ကုရ်အာန်အား ဖတ်ရွတ်ခြင်းဖြစ်သည်။ ၎င်းနောက် ပေါ်လွင်နေသည်မှာ 'သေလာဝသ်'၏ ဆက်နွယ်မှုသည် စာလုံးများဖြင့်သာ ဖြစ်သည်။ အဓိပ္ပာယ်ကို နားလည်သဘောပေါက်ရုံဖြင့် 'သေလာဝသ်' မဖြစ်နိုင်ပါ။ ဒုတိယအလုပ်မှာ လူတို့အား မကောင်းမှုများမှ စင်ကြယ်အောင် ပြုပြင်ပေးရန် ဖြစ်သည်။ တတိယအလုပ်မှာ ကျမ်းတော်မြတ်ကုရ်အာန်၊ ထို့နောက် အမြော်အမြင်ဆိုသည်သည်မှာ 'စွန္နသေရစူလ်' ကို သင်ကြားပို့ချပေးခြင်းဖြစ်သည်။

အချုပ်ဆိုရသော် ကျမ်းတော်မြတ်ကုရ်အာန်ဆိုသည်မှာ ဤသို့သော လမ်းမှန်ပြကျမ်းတစ်ဆူ ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်များကို နားလည်သဘောပေါက်ကာ လက်တွေ့ကျင့်သုံးရန်မှာမူ အဓိက ရည်ရွယ်ချက်ဖြစ်သည်။ ၎င်းနောက် ထိုကျမ်းဂန်သည် လူ့ဘဝသက်တမ်းကို ပြုပြင်ရာတွင် ထိရောက်လှကြောင်းလည်း ရှင်းလင်းစွာ သိရှိနိုင်သည်။ ထိုနည်းတူစွာ ကျမ်းတော်မြတ်၏ 'သေလာဝသ်' ပြုခြင်းသည်လည်း လူသား၏ စိတ်နှလုံးသားကို ပြုပြင်ရာတွင် မသိမသာဖြင့် လွန်စွာ ထိရောက်ပေသည်။

ဤအာယသ်တော်တွင် အသျှင်မြတ်၏ အမိန့်တော်ဖြင့် လူသားတို့အား အမှောင်ထုမှ အလင်းဘက်သို့ ခေါ်ဆောင်လာခြင်းကို တမန်တော်မြတ် ﷺ ဘက်သို့ ရည်ညွှန်းမိန့်ဆိုထားပြီး တင်ပြလိုသည်မှာ ဧကန်စင်စစ် 'ဟေဒါယသ်' ကို ပေါ်ထွန်းစေခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ဆောင်ချက်သာ ဖြစ်သည်။ သို့သော် တမန်တော်မြတ် ﷺ ၏ အကြောင်းခံမပါဘဲ ထို 'ဟေဒါယသ်' ကို မရရှိနိုင်ပေ။ ကျမ်းတော်မြတ်ကုရ်အာန်၏ အလိုသဘောနှင့် ဖွင့်ဆိုချက်များသည်လည်း တမန်တော်မြတ် ﷺ ၏ ဖွင့်ဆိုမှုနှင့် ကျင့်ကြံမှုများသာလျှင် တရားဝင်ပေသည်။ တမန်တော်မြတ် ﷺ ၏ ပြောဆိုကျင့်ကြံမှုမှအပ အခြားမည်သည့်ဖွင့်ဆိုမှုမျိုးမှ တရားဝင်မည်မဟုတ်ပေ။

اِلٰى صِرٰطِ الْعَزِيْزِ الْحَمِيْدِ اللّٰهِ الَّذِىْ لَهٗ مَافِى السَّمٰوٰتِ وَمَافِى الْاَرْضِ

ဤအာယသ်တော်၏ အစတွင် အမှောင်ထုနှင့် အလင်းရောင်အကြောင်းများ ပါရှိသည်။ ယင်း၏ အလိုသဘောမှာ ကျွန်ုပ်တို့၏ မျက်စိများဖြင့် မြင်တွေ့ကြရသော အမှောင်ထုနှင့် အလင်းရောင်ကို ဆိုလိုခြင်းမဟုတ်သည်မှာ ထင်ရှားနေပေသည်။ ထို့ကြောင့် ပို၍ ရှင်းလင်းသွားစေရန် ဤအပိုဒ်တွင် ထိုအလင်းရောင်သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်ဖြစ်သည်ဟု မိန့်တော်မူထားလေသည်။ ထိုလမ်းတွင် မြဲမြံစွာ ရပ်တည်သူသည် အမှောင်ထုထဲတွင် သွားလာသူပမာ လမ်းမှားမည်မဟုတ်သလို အမှားအယွင်းများလည်း

ကင်းစင်မည်ဖြစ်သည်။ ပန်းတိုင်သို့ ရောက်ရှိရန်လည်း မအောင်မြင်စရာ အကြောင်းမရှိပေ။ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်ဆိုသည်မှာ ထိုလမ်းတွင် လျှောက်လှမ်းခြင်းဖြင့် အသျှင်မြတ်ထံတော်ပါး ရောက်ရှိနိုင်သော လမ်းဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်၏ နှစ်မြို့မှု အဆင့်ကို ရရှိနိုင်မည် ဖြစ်သည်။

ဤအာယသ်တော်တွင် اللّٰه ဟူသော စာသားအား နောက်တွင်ထားပြီး ယင်းအရှေ့တွင် عَزِيْزٌ နှင့် حَمِيْدٌ ဟူသော ဂုဏ်တော်နှစ်ပါးကို တင်ပြထားပေသည်။ عَزِيْزٌ ၏ အဓိပ္ပာယ်သည် အာရုဗီအဘိဓါန် အရ အင်အားကြီး မားသောသူ၊ လွှမ်းမိုးသောသူဟူ၍ ဖြစ်သည်။ ၎င်းနောက် حَمِيْدٌ ၏ အဓိပ္ပာယ်သည် ချီးမွမ်းထိုက်သူဟူ၍ ဖြစ်သည်။ ဤဂုဏ်တော်နှစ်ပါးကို اللّٰه ဟူသော နာမတော်၏အလျှင် ဖော်ပြထားခြင်းမှာ မြင့်မြတ်စင်ကြယ်တော်မူသော အသျှင်မြတ်ဘက်သို့ ပို့ဆောင်ပေးမည့် ထိုလမ်းစဉ်သည် အင်အားကြီးမားကာ လွှမ်းမိုးနိုင်သော လမ်းစဉ်တစ်ရပ်လည်းဖြစ်ကြောင်း ရည်ညွှန်းထားခြင်း ဖြစ်သည်။ ၎င်းနောက် ချီးမွမ်းခြင်းအပေါင်းကိုလည်း ခံထိုက်သည်။ ထို့ကြောင့် ထိုလမ်းစဉ်တွင် လျှောက်လှမ်းသူသည် မည်သည့်အခါမျှ ခလုပ်မထိ ဆူးမငြိနိုင်သလို ၎င်း၏ ကြိုးပမ်းမှုသည်လည်း အချည်းနှီးဖြစ်မည် မဟုတ်ပေ။ သို့သာမက မလွဲမသွေ လိုရာပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည်။ သို့သော် ဤလမ်းစဉ်ကို အလျဉ်း မစွန့်လွှတ်ရန် သတ်မှတ်ချက်လည်း ရှိသည်။

အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်နှစ်ပါးကို ဦးစွာ တင်ပြပြီးနောက် မိန့်တော်မူထားသည်မှာ-

اَللّٰهِ الَّذِىْ لَهٗ مَافِى السَّمٰوٰتِ وَمَافِى الْاَرْضِ

ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် မိုးနှင့် မြေတွင် ရှိရှိသမျှသော အရာခပ်သိမ်းတို့ကို ဖန်ဆင်းထားတော်မူပြီး ထိုအရာများကို အသျှင်မြတ်သာလျှင် သီးခြားပိုင်ဆိုင်တော်မူသည်။ ထိုအသျှင်မြတ်၏ ပိုင်ဆိုင်မှုတွင် မည်သူတစ်ဦးတစ်ယောက်မျှ မပါဝင်ပေ။

وَوَيْلٌ لِّلْكٰفِرِيْنَ مِنْ عَذَابٍ شَدِيْدٍ

وَوَيْلٌ ဟူသော စာသားသည် ပြင်းထန်သော 'အဇာဗ်'ပြစ်ဒဏ်၊ ၎င်းနောက် ပျက်စီးဆုံးရှုံးခြင်းဟု အဓိပ္ပာယ်ရသည်။ အာယသ်တော်၏ အလိုသဘောမှာ အကြင်သူတို့သည် ဤကျမ်းတော်မြတ်ကုရ်အာန်၏ 'နေ့အ်မသ်'တော်ကို ငြင်းဆန်မည်ဆိုလျှင် ၎င်းနောက် ကုဖွ်ရ်၊ ရှုရစ်ကိ်၏ အမှောင်ထုတွင် နေထိုင်ခြင်းကိုသာ နှစ်သက်ကြမည်ဆိုလျှင် ၎င်းတို့သည် ကျရောက်လာမည့် ပြင်းထန်သော 'အဇာဗ်'ပြစ်ဒဏ်ကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။

အနှစ်ချုပ်အလိုသဘော

အာယသ်တော်အနှစ်ချုပ်မှာ လူသားတစ်ရပ်လုံးကို အမှောင်ထုမှ ဆွဲယူကာ အလ္လာဟ်အသျှင်မြတ်၏ ထွန်းလင်းတောက်ပသော လမ်းစဉ်သို့ ခေါ်ဆောင်လာရန် ဤကျမ်းမြတ်ကုရ်အာန်ကို ချပေးတော်မူခဲ့

ခြင်းဖြစ်သည်။ သို့သော် နဖူးစာမဲ့သော သူတို့သည် ဤကျမ်းမြတ်ကိုပင် ငြင်းပယ်ကြမည်ဆိုလျှင် ထိုသူတို့သည် မိမိကိုယ်မိမိ 'အဓားဗ်'ပြစ်ဒဏ်ဘက်သို့ တွန်းပို့နေသကဲ့သို့ ဖြစ်သည်။ အကြင်သူတို့သည် ကျမ်းမြတ်ကုရ်အာန်ကို အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်ကြောင်း ငြင်းပယ်ကြလျှင် ဤပြစ်ဒဏ်သင့်မည်ကို သိရှိကြပြီးဖြစ်သည်။ သို့သော် အကြင်သူတို့သည် ယုံကြည်ချက်အရ မငြင်းပယ်ကြသော်လည်း 'အမလ်' ကျင့်ကြံမှုများတွင် ကျမ်းတော်မြတ်ကုရ်အာန်ကို စွန့်ပယ်ထားလျှင် ဥပမာ- 'သေလာဝသ်'နှင့်လည်း မည်သို့မျှ မပတ်သက်၊ ကျမ်းတော်မြတ်၏ အလိုသဘောကို နားလည်သဘောပေါက်ရန်နှင့် လိုက်နာကျင့်သုံးရန် စိတ်မဝင်စားခဲ့ပါက ထိုနဖူးစာမဲ့သူသည် မွတ်စ္စလင်မ်ဖြစ်ပါလျက် ထိုပြစ်ဒဏ်မှ လုံးလုံးလျားလျား ကင်းဝေးသွားနိုင်မည် မဟုတ်ပေ။

اَلَّذِيْنَ يَسْتَحِبُّوْنَ الْحَيٰوةَ الدُّنْيَا عَلَى الْاٰخِرَةِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا اُولٰٓئِكَ فِىْ ضَلٰلٍ بَعِيْدٍ

ဤအာယသ်တော်တွင် ကုရ်အာန်ကို ငြင်းပယ်ကြသူ ကာဖိရ်များ၏ အခြေအနေသုံးရပ်အား တင်ပြထားပေသည်။ ပထမအခြေအနေတစ်ရပ်မှာ ဤသို့ဖြစ်သည်။ အကြောင်းမှာ ထိုကာဖိရ်များသည် 'အာခေရသ်' ၏ သက်တမ်းနှင့်ယှဉ်လျှင် လောကီ၏ သက်တမ်းကို ပိုမိုနှစ်သက်ကြလေသည်။ ထို့နောက် ပို၍ အလေးပေးကြလေသည်။ ဤအတွက်ကြောင့်ပင် လောကီအကျိုးစည်းစိမ်များအတွက် 'အာခေရသ်'၏ ဆုံးရှုံးမှုများကို ခံယူကြခြင်း ဖြစ်သည်။ ဤအာယသ်တော်တွင် ၎င်းတို့၏ မှားယွင်းသော ရွေးချယ်မှုကို မီးမောင်းထိုးပြထားသည်။ အကြောင်းမှာ အကြင်သူတို့သည် ကျမ်းမြတ်ကုရ်အာန်၏ ရှင်းလင်းပြတ်သားသော 'မုအ်ဂျေဇာဟ်' များကို တွေ့မြင်ကြပါလျက် အဘယ်ကြောင့် ထိုကျမ်းအား ငြင်းပယ်နေကြရသနည်း။ ငြင်းပယ်ရသည့် အကြောင်းအရင်းမှာ ထိုသူတို့ကို လောကီ၏ လက်ရှိသက်တမ်းအား ချစ်ခင်မှုသည် တမလွန်၏ အရေးကိစ္စရပ်များကို ရှုမြင်ရန် မျက်ကန်းများ ဖြစ်စေခဲ့သည်။ ထို့ကြောင့် ထိုသူတို့သည် မိမိတို့၏ အမှောင်ထုကိုသာလျှင် နှစ်ခြိုက်ကြပြီး အလင်းရောင်ဘက်သို့ လာရောက်ကြရန် ဆန္ဒမရှိကြပေ။

ထိုကာဖိရ်တို့၏ ဒုတိယအကျင့် (အခြေအနေ) ကို ဤသို့ တင်ပြထားပေသည်။ အကြောင်းမှာ အကြင်သူတို့သည် ကိုယ်တိုင်ပင်လျှင် အမှောင်ထုထဲတွင် နေရသည်ကို နှစ်ခြိုက်ကြသည်။ ထပ်မံ၍ မိုက်မဲကြသည်မှာ ၎င်းတို့သည် မိမိတို့၏ အမှားများကို ဖုံးဖိရန် အခြားသူများကိုလည်း ထွန်းလင်းတောက်ပသော လမ်းစဉ်ကြီး (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းစဉ်) မှ တားမြစ်ကြသည်။

ကျမ်းမြတ်ကုရ်အာန်ကို လေ့လာရာတွင် မှားယွင်းနိုင်သော အမှားအချို့ကို ထောက်ရှုပြသခြင်း

ထိုကာဖိရ်တို့၏ တတိယမြောက် အကျင့်ဓလေ့တစ်ခုကို يَبْغُوْنَهَا عِوَجًا ဟူသော စာသားတွင် တင်ပြထားပေသည်။ ဤစာသားသည် အဓိပ္ပာယ်နှစ်မျိုး ဖော်ဆောင်နိုင်သည်။ တစ်မျိုးမှာ ထိုသူတို့သည်

မိမိတို့၏ မကောင်းသော အတွင်းစိတ်နှင့် မကောင်းသော ကျင့်ကြံမှုများကြောင့် အစဉ်တွေးတောနေလေ့ ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထွန်းလင်းတောက်ပသော ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်တွင် ကွေ့ကောက်မှုနှင့် ဆိုးရွားမှုတစ်ခုခု တွေ့ရှိခဲ့ပါက စောဒတက်ရန် ၄င်းနောက် ပြစ်တင်ရှုံ့ချရန် အခွင့်အရေးရမည် ဖြစ်သည်။ အိဗ်နေကစီးရ် (ရဟ) သခင်သည် ဤအဓိပ္ပာယ်ကိုပင် ရေးသားဖော်ပြထားလေသည်။

အထက်ပါဝါကျ၏ အခြားအဓိပ္ပာယ်တစ်မျိုးမှာ ထိုသူတို့သည် အစဉ်တွေးတောလျက်ရှိကြသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းစဉ်တွင် ဆိုလိုသည်မှာ ကုရ်အာန်နှင့် ဟဒီးစ်တော်၏ လမ်းစဉ်တွင် ၄င်းတို့၏ သဘောဆန္ဒနှင့် ကိုက်ညီသော အကြောင်းအရာတစ်ခုခု တွေ့ရှိပါက ထိုအကြောင်းအရာကို မိမိတို့၏ မှန်ကန်မှုနှင့် ပတ်သက်ပြီး အထောက်အထားအဖြစ် တင်ပြရန်ဖြစ်သည်။ သဖ်စီရ်ကုရ်သုဗီးကျမ်းတွင် ဤအဓိပ္ပာယ်ကို ရွေးချယ်တင်ပြထားသည်။ ပမာဆိုရသော် မျက်မှောက်ခေတ်တွင် မြောက်မြားစွာသော ပညာရှင်တို့သည် ဤသို့သော ကိစ္စရပ်များတွင် နစ်မွန်းနေကြသည်။ အကြောင်းမှာ တစ်ခါတစ်ရံ မိမိတို့၏ မှားယွင်းမှုကြောင့် ဖြစ်စေ၊ တစ်ခါတစ်ရံ အခြားအုပ်စုတစ်စုကို အားကျ၍ ဖြစ်စေ၊ မိမိစိတ်နှလုံးတွင် အတွေးခေါ်တစ်ခုကို တွေးခေါ်ခဲ့ကြပြီး ထိုအတွေးအခေါ်နှင့် ကိုက်ညီမည့် ကုရ်အာန်ဟဒီးစ်၏ အထောက်အထားများကို ရှာဖွေလေ့ရှိကြသည်။ ၄င်းနောက် မိမိတို့၏ အတွေးအခေါ်နှင့် ကိုက်ညီသော စာသားတစ်ခုခုကို တွေ့မြင်ပါက ယင်းကို မိမိတို့ အတွေးအခေါ်နှင့် ပတ်သက်သည့် ကုရ်အာန်၏ အထောက်အထားဟု ယူဆကြလေသည်။ စင်စစ်တွင် ဤလမ်းစဉ်သည် မူအရ လုံးဝ မှားယွင်းသော လမ်းစဉ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အီမာန်ရှင်တို့ ကျင့်သုံးရမည့် လမ်းစဉ်မှာ မိမိတို့၏ အတွေးအခေါ်နှင့် ဆန္ဒများကို ဦးနှောက်မှ လုံးဝ ဖယ်ရှားပစ်ပြီး ဦးစွာပထမ ကုရ်အာန်ဟဒီးစ်ကို ကြည့်ရှုလေ့လာရမည်။ ယင်းမှ ထင်ရှားပြတ်သားသော အထောက်အထားများကို သိရှိပြီးမှ ဤအချက်ကိုပင် မိမိ၏ လမ်းစဉ်အဖြစ် သတ်မှတ်ရမည်။

أُولَٰئِكَ فِي ضَلَٰلٍ بَعِيدٍ

ဤဝါကျတွင် ထိုကာဖိရ်တို့၏ ရလဒ်ဆိုးကို တင်ပြထားပေသည်။ ၄င်းတို့၏ လက္ခဏာ သုံးမျိုးကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ အချုပ်အလိုသဘောကို တင်ပြရသော် ၄င်းတို့သည် မိမိတို့၏ လမ်းမှားမှုတွင် လွန်စွာ ဝေးကွာသောနေရာသို့ ရောက်ရှိနေကြသည်။ ဆိုလိုသည်မှာ ယခု ၄င်းတို့သည် လမ်းမှန်ပေါ်သို့ ပြန်ရောက်ရန် ခက်ခဲလှပေသည်။

ပညတ်ချက်များနှင့် ဓမ္မသတ်များ

သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် တင်ပြထားသည်မှာ စင်စစ် ဤအာယသ်တော်တွင် ကာဖိရ်တို့၏ အကျင့်ဓလေ့သုံးမျိုးကို ရှင်းလင်းစွာ တင်ပြထားခြင်းဖြစ်သည်။ ထို့နောက် ၄င်းတို့၏ ရလဒ်နှင့် စပ်လျဉ်း၍ တင်ပြထားသည်မှာ ၄င်းတို့သည် လမ်းမှားမှုတွင် အလွန်ပင် ဝေးလံသော နေရာသို့ ရောက်ရှိနေကြသည်၊

သို့သော် မူအရ သုံးသပ်ပြောဆိုရမည်ဆိုလျှင် အကြင်မွတ်စ္စလင်မ်တစ်ဦးထံတွင်လည်း ဤအကျင့်ဓလေ့ သုံးမျိုးရှိနေပါက ၎င်းလည်း ဤပြစ်ဒဏ်ထိုက်သူ ဖြစ်ပေလိမ့်မည်။ ထိုအကျင့်ဓလေ့သုံးမျိုး၏ အချုပ်မှာ

(၁) လောကီအချစ်ကို လောကုတ္တရာအပေါ် လွှမ်းမိုးစေခြင်း၊ သာသနာ့အလင်းရောင်တွင် မရောက်ရှိလာနိုင်အောင်ပင် ခုံမင်ခြင်း၊

(၂) အခြားသူများကိုလည်း မိမိတို့လမ်းစဉ်တွင် ပါဝင်လေ့လာစေရန် အလ္လာဟ့်လမ်းစဉ်မှ တားမြစ်ခြင်း၊

(၃) ကုရ်အာန်နှင့် ဟဒီးစ်တော်များကို အပြောင်းအလဲလုပ်ကာ မိမိတို့၏ အတွေးအခေါ်များ နှင့် ကိုက်ညီမှုရှိရန် ကြိုးပမ်းခြင်းတို့ ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَآ أَرْسَلْنَا مِن رَّسُولٍ إِلَّا بِلِسَانِ قَوْمِهِۦ لِيُبَيِّنَ لَهُمْ ۖ فَيُضِلُّ ٱللَّهُ مَن يَشَآءُ وَيَهْدِى مَن يَشَآءُ ۚ وَهُوَ ٱلْعَزِيزُ ٱلْحَكِيمُ ④

၁၄ : ၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်တိုင်းကို ယင်းရစူလ်တမန်တော်၏ အမျိုးသားတို့ (ပြောဆိုသုံးစွဲသော ဘာသာစကားနှင့်သာ ၎င်းအမျိုးသားတို့အား ထိုရစူလ်တမန်တော်က (ငါအသျှင်မြတ်၏ အမိန့်ပညတ်တော်များကို) ရှင်းလင်းထင်ရှားစွာ ထုတ်ဖော်ပြောဆိုနိုင်ရန်အလို့ငှာ စေလွှတ်တော်မူခဲ့၏။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား လမ်းမှား၌ပင် ထားရှိတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား တရားလမ်းမှန်ကို ပြသတော်မူပေသည်။ စင်စစ် ထိုအသျှင်မြတ်သည်သာလျှင် တန်ခိုးတော်နှင့် လွှမ်းမိုးတော်မူသော အသျှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (ဤကျမ်းတော်မြတ်အား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချပေးခဲ့ခြင်းဖြစ်ကြောင်းကို အချို့ကာဖိရ်များက သံသယရှိခဲ့ကြသည်။ အကြောင်းမှာ ဤကျမ်းသည် အာဘယ်ကြောင့် အာရဗီဘာသာရပ်ဖြင့် ဖြစ်ရှိနေရသနည်း။ ယင်းကြောင့် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ရေးသားပြုစုထားသော ကျမ်းဟူ၍ ထင်မှတ်နိုင်ဖွယ်ရှိသည်။ ထိုသို့ မထင်မှတ်နိုင်အောင် အဂ်ျမီဘာသာရပ်ဖြင့် အဘယ်ကြောင့် မချပေးခဲ့သနည်း။ ၎င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်သည် အခြားကောင်းကင်ကျကျမ်းများကဲ့သို့ အဂ်ျမီဘာသာရပ်ဖြင့် ကျရောက်ခဲ့လျှင်လည်း ဤသံသယသည် အဓိပ္ပာယ်မဲ့သော သံသယဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် (လွန်လေပြီးသော) နဗီတမန်တော်များအားလုံးကို (လည်း)

၎င်းတို့၏ မျိုးနွယ်တူ ဘာသာစကားဖြစ်သော တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်။ သို့မှသာ (ထိုမျိုးနွယ်၏ ဘာသာစကားဖြင့်) ၎င်းတို့အား (အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များကို) တင်ပြနိုင်မည်ဖြစ်သည်။ (အဓိကရည်ရွယ်ချက်မှာ ရှင်းလင်းပြတ်သားစွာ ဟောကြားတင်ပြခြင်းဖြစ်သည်။ ကျမ်းဂန်များအားလုံးကို ဘာသာစကားတစ်မျိုးတည်းဖြင့် ချပေးခြင်းမှာ အဓိကရည်ရွယ်ချက် မဟုတ်ပေ။) တစ်ဖန် (ဟောကြားတင်ပြပြီးနောက်) အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသူကို လမ်းမှားစေပြီး (အဘယ်သို့ဆိုသော် ထိုသူတို့သည် ပညတ်ချက်များကို လက်မခံကြပေ။) ၎င်းနောက် အလိုတော်ရှိသူကို လမ်းမှန်ပြသတော်မူသည်။ (အကြောင်းမှာ ထိုသူတို့သည် ပညတ်ချက်များကို လိုက်နာကြသည်။) ၎င်းနောက် ထိုအသျှင်မြတ်သာလျှင် (အရာခပ်သိမ်းအပေါ်) လွှမ်းမိုးတော်မူသည်။ (၎င်းနောက်) အမြော်အမြင်ရှိတော်မူသော အသျှင် ဖြစ်တော်မူသည်။ (သို့ရှိရာ နိုင်နင်းလွှမ်းမိုးတော်မူခြင်းကြောင့် အားလုံးကို လမ်းမှန်ပို့ဆောင်ပေးနိုင်သော်လည်း မြောက်မြားစွာသော အမြော်အမြင်တရားများဖြင့် ဤသို့ ပြုတော်မမူခဲ့ပေ။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ဤ 'နေအ်မသ်' တော်များနှင့် လွယ်ကူမှုများအကြောင်းကို တင်ပြခဲ့ပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်တစ်ပါးကို မျိုးနွယ်စုတစ်စုဘက်သို့ စေလွှတ်သည့်အခါတိုင်း ထိုမျိုးနွယ်စု၏ ဘာသာစကားဖြင့်သာ စေလွှတ်တော်မူသည်။ သို့မှသာ ထိုတမန်တော်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို ထိုမျိုးနွယ်စုစကား၊ ၎င်းနောက် ထိုသူတို့၏ ဝေါဟာရအသုံးအနှုန်းဖြင့် တင်ပြနိုင်မည်ဖြစ်သည်။ ၎င်းနောက် ထိုမျိုးနွယ်စုကို ထိုပညတ်ချက်များအား နားလည်စေရန် လွယ်ကူမည်ဖြစ်သည်။ အကယ်၍ တမန်တော်၏ ဘာသာစကားနှင့် မျိုးနွယ်စုတို့၏ ဘာသာစကားများ သီးခြားစီဖြစ်နေပါက ပေါ်လွင်သည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များ နားလည်ရန် အွမ္မသ်ထုကို အဓိပ္ပာယ်ပြန်ဆိုပေးခြင်းနှင့် ပြန်ဆိုခိုင်းရာတွင် အခက်အခဲဒုက္ခလည်း ရှိမည်ဖြစ်သည်။ ၎င်းနောက် ထပ်မံ၍လည်း အမိန့်ပညတ်ချက်များကို မှန်ကန်စွာ နားလည်ရာတွင် သံသယရှိနေဦးမည်ဖြစ်သည်။ ဤအတွက်ကြောင့် အကယ်၍ အီဗ်ရာနီစကား ပြောဆိုကြသောသူများဘက်သို့ ရစူလ်တမန်တော်တစ်ပါးပါး စေလွှတ်မည်ဆိုလျှင် ထိုတမန်တော်သည်လည်း အီဗ်ရာနီစကား ပြောဆိုသူသာလျှင် ဖြစ်ရပေမည်။ ဖာရ်စီဘာသာစကား ပြောဆိုသူများ၏ တမန်တော်သည်လည်း ဖာရ်စီစကား ပြောဆိုသူသာလျှင် ဖြစ်ရမည်။ ဗရ်ဗရီဘာသာစကား ပြောသူများ၏ ရစူလ်သည်လည်း ဗရ်ဗရီစကား ပြောဆိုသူဖြစ်ရမည်။ အကြင်သူတစ်ဦးကို တမန်တော်အဖြစ် စေလွှတ်ပါက ထိုသူသည် ကိုယ်တိုင်ပင် ထိုမျိုးနွယ်စု၏ လူတစ်ဦးဖြစ်နေလင့်ကစား ၎င်းနောက် ထိုတမန်တော်၏ မိခင်စကားသည် ထိုမျိုးနွယ်စု၏ ဘာသာစကားဖြစ်နေပါစေ၊ သို့မဟုတ် ထိုတမန်တော်၏ မွေးဖွားရပ်၊ ၎င်းနောက် မိခင်ဘာသာစကားသည် စင်စစ်တွင် အခြားဘာသာစကားတစ်ခုခု ဖြစ်နေပါသော်လည်း အလ္လာဟ်အသျှင်မြတ်သည် ဤသို့သော အကြောင်းခံများ ဖြစ်ပေါ်စေသည်။ အကြောင်းမှာ ထိုတမန်တော်သည် ထိုမျိုးနွယ်စု၏

ဘာသာစကားကို သင်ယူလိုက်လေသည်။ ပမာဆိုရသော် ဟဇရသ်လူးသ် عليه السلام သည် စင်စစ်သော်ကား အီရားက်နိုင်ငံ၏ တိုင်းရင်းသားတစ်ဦးဖြစ်သည်။ ထိုအီရားက်၏ ဘာသာစကားသည် ဖာရ်စီစကားဖြစ်သည်။ သို့သော် ရှားမ်နိုင်ငံဘက်သို့ ဟီဂျ်ရသ်ပြောင်းရွှေ့မှုပြုပြီးနောက်ပိုင်းတွင် ရှားမ်နိုင်ငံ၏ လူမျိုးများနှင့်ပင် 'နေကာဟ်'ပြုခဲ့လေသည်။ ၎င်းနောက် ရှာမ်းနိုင်ငံလူမျိုးတို့၏ ဘာသာစကားသည်ပင် ၎င်း၏ ဘာသာစကား ဖြစ်သွားလေသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းကို ဒေသတစ်ခု၏ နဗီတမန်တော်အဖြစ် စေလွှတ်ခဲ့လေသည်။

၎င်းနောက် ကျွန်ုပ်တို့၏ မြင့်မြတ်လှသော ရစူလ်တမန်တော်မြတ် ﷺ ၏ စေလွှတ်ခံရမှုသည် နေရာဒေသအရဆိုလျှင် လောကတစ်ခွင်လုံးအတွက် ၎င်းနောက် ခေတ်ကာလအရဆိုလျှင် 'ကေယာမသ်'နေ့အထိတိုင်အောင် အကျုံးဝင်ပေသည်။ ဒွန္နယာလောကရှိ မည်သည့်မျိုးနွယ်စုပင်မဆို မည်သည့်နိုင်ငံသားပင်မဆို မည်သည့်ဘာသာစကား ပြောဆိုသူပင်မဆို တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်'နယ်နိမိတ်မှ ကင်းလွတ်သူဟူ၍ မရှိပေ။ ၎င်းနောက် 'ကေယာမသ်'နေ့ထိတိုင် ပေါ်ထွန်းလာမည့် မျိုးနွယ်စုများနှင့် ဘာသာစကားများအားလုံးသည်လည်း တမန်တော်မြတ် ﷺ ၏ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်ခံရသော အွမ္မသ်ထဲတွင် ပါဝင်နေမည်ဖြစ်သည်။ ဥပမာ- ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူသည်မှာ-

يَآ يُّهَا النَّاسُ اِنِّىْ رَسُوْلُ اللّٰهِ اِلَيْكُمْ جَمِيْعًا

ဆိုလိုသည်မှာ အို, လူသားအပေါင်းတို့၊ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ဘက်မှ အသင်တို့ထံ စေလွှတ်ခံရသော ရစူလ်တမန်တော်တစ်ပါး ဖြစ်သည်။ ၎င်းနောက် ဆွဟီးဟ်ဗုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်ဂျာဗိရ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်တစ်ရပ် တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ သည် မိမိနှင့် အခြားတမန်တော်များအားလုံး အကြား ခြားနားသော ထင်ရှားသည့် ထူးခြားချက် (၅) ရပ်ကို တင်ပြမိန့်ဆိုသည်မှာ ငါတမန်တော်၏အလျှင် ရစူလ်တိုင်း၊ နဗီတိုင်းသည် မိမိတို့မျိုးနွယ်စုဘက်သို့သာ သီးခြားစေလွှတ်ခြင်း ခံရသည်။ အလ္လာဟ်အသျှင်မြတ်သည် ငါတမန်တော်အား အာဒမ်၏ သားမြေးများဖြစ်သော မျိုးနွယ်စုများအားလုံးဘက်သို့ စေလွှတ်တော်မူခဲ့သည်။

အလ္လာဟ်အသျှင်မြတ်သည် ဤဒွန္နယာလောကတွင် လူသားမျိုးနွယ်ကို တမန်တော်အာဒမ် عليه السلام မှ စတင်၍ ပေါ်ပေါက်စေခဲ့သည်။ ထို့နောက် ၎င်းကိုပင် လူသားတို့၏ ပထမဦးဆုံး တမန်တော်အဖြစ် သတ်မှတ်တော်မူခဲ့သည်။ တစ်ဖန် လူသားမျိုးနွယ်တို့သည် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရသော်လည်းကောင်း၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှု၊ ဘဝအရသော်လည်းကောင်း ပြန့်ပွားလာပြီး ဖွံ့ဖြိုးတိုးတက်လာသောအခါ ၎င်းတို့နှင့် လျော်ကန်သည့်အတိုင်း 'ဟေဒါယသ်'လမ်းမှန်ရနိုင်သော စီမံမှုများကိုလည်း အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ တမန်တော်အသီးသီးကို စေလွှတ်တော်မူ၍ ဆောင်ရွက်စေခဲ့သည်။ ခေတ်ကာလတိုင်း၊ အုပ်စုတိုင်းနှင့် လျော်ကန်သော ပညတ်ချက်များနှင့် ရှရီအသတ်လမ်းစဉ်များကို ချမှတ်ပေးခဲ့သည်။ ဤသို့ဖြင့် လူသားမျိုးနွယ် ပြန့်ပွားမှုသည် အထွတ်အထိပ်သို့ ရောက်ရှိလာသောအခါ အလ္လာဟ်အသျှင်မြတ်သည် 'ခိုင်ယိဒွလ်အောင်ဝလီးန်ဝလ်အာခိရီးန်' နဗီတမန်တော်များ၏ ခေါင်းဆောင်

မိုဟမ္မဒ်မွတ်စ်သဖဟ် ﷺ ကိုယ်တော်ကို လောကတစ်ခွင်လုံး၏ ရစူလ်တမန်တော်အဖြစ်နှင့် စေလွှတ်တော်မူခဲ့သည်။ ၎င်းနောက် လောကတစ်ခွင်လုံးနှင့် 'ကေယာမသ်' နေ့ထိတိုင် ပေါ်ထွန်းလာမည့်ခေတ်တိုင်း၊ ခေတ်တိုင်းအတွက် ပြီးပြည့်စုံသော ကျမ်းဂန်နှင့် ရှရီအသ်လမ်းစဉ်ကို ကိုယ်တော်မြတ် ﷺ အား ချီးမြှင့်တော်မူခဲ့သည်။ ၎င်းနောက် မိန့်တော်မူသည်မှာ-

اَلْيَوْمَ اَكْمَلْتُ لَكُمْ دِيْنَكُمْ وَاَتْمَمْتُ عَلَيْكُمْ نِعْمَتِىْ

ငါအသျှင်မြတ်သည် ယနေ့ အသင်တို့အတွက် သာသနာကို ပြီးပြည့်စုံစေတော်မူလိုက်ပြီး ၎င်းနောက် မိမိ၏ 'နေ့အ်မသ်' တော်များကိုလည်း အသင်တို့အတွက် ပြည့်ဝစွာ ချီးမြှင့်လိုက်လေပြီ။

လွန်လေပြီးသော တမန်တော်များ၏ ရှရီအသ်လမ်းစဉ်များသည်လည်း မိမိတို့အချိန်၊ မိမိတို့ဒေသအလျောက် ပြီးပြည့်စုံမှု ရှိခဲ့ကြသည်။ ယင်းတို့ကိုလည်း ချို့တဲ့သည်ဟု မဆိုနိုင်ပေ။ သို့သော် တမန်တော်မြတ် ﷺ ၏ ရှရီအသ်လမ်းစဉ်၏ ပြီးပြည့်စုံမှုသည် ကာလဒေသတစ်ခုအတွက် သီးခြားသတ်မှတ်ထားသည်မဟုတ်။ ဤပြီးပြည့်စုံမှုသည်ကား အကန့်အသတ်မရှိပေ။ ထို့ကြောင့်ပင် သာသနာပြီးပြည့်စုံမှုသည် ဤရှရီအသ်နှင့်သာ သီးခြားသက်ဆိုင်သည်ဟု ဆိုရမည်။ ဤအတွက်ကြောင့်ပင် 'နဗူဝသ်' အစဉ်အလာသည် ကိုယ်တော်မြတ် ﷺ အပေါ် အဆုံးသတ်ခဲ့ခြင်း ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်သည် အာရဗီဘာသာစကားဖြင့် အာယ်ကြောင့် ဖြစ်နေရသနည်း။

ဤနေရာတွင် မေးမြန်းဖွယ်ရာတစ်ခု ရှိသည်မှာ လွန်လေပြီးသော အွမ္မသ်များ၏ တမန်တော်များသည် ၎င်းတို့နှင့် ဘာသာစကားတူသူများကိုသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့ကို ကြိုးစားပမ်းစား ဘာသာပြန်ပေးရန် မလိုအပ်ခဲ့ပေ။ တမန်တော်မြတ် ﷺ သည်ကား အာရဗ်နိုင်ငံတွင်သာ အာရဗီဘာသာစကားဖြင့် အာယ်ကြောင့် စေလွှတ်ခြင်းခံရသနည်း။ ၎င်းနောက် ကိုယ်တော်မြတ် ရရှိခဲ့သော ကျမ်းမြတ်ကုရ်အာန်သည်လည်း အာရဗီဘာသာစကားဖြင့်သာ အာယ်ကြောင့် ချပေးခဲ့သနည်း။ သို့သော် သေချာစွာ စဉ်းစားတွေးခေါ်ကြည့်မည့်ဆိုလျှင် ရှင်းလင်းသော အဖြေကို ရရှိပေလိမ့်မည်။ လူတိုင်း သဘောပေါက်ကြသည်မှာ တမန်တော်မြတ် ﷺ ပွင့်တော်မူခြင်းနှင့် ကိုယ်တော်မြတ်၏ ဖိတ်ခေါ်မှုသည် လောကတစ်ခွင်ရှိ မျိုးနွယ်စုတိုင်းအတွက် အကျိုးဝင်ပေသည်။ ၎င်းတို့တွင် မြောက်မြားစွာသော ဘာသာစကားများကို သုံးစွဲလျက် ရှိကြသည်။ ထိုမျိုးနွယ်စုများအားလုံးအတွက် 'ဟေဒါယသ်' လမ်းမှန်ရရန်မှာ နည်းလမ်းနှစ်သွယ်ဖြင့်သာ ဖြစ်နိုင်ဖွယ်ရှိသည်။ တစ်နည်းမှာ ကျမ်းတော်မြတ်ကုရ်အာန်ကို အုပ်စုတိုင်း၏ ဘာသာစကားအသီးသီးဖြင့် သီးခြားစီချပေးရန် ဖြစ်သည်။ ၎င်းနောက် တမန်တော် ﷺ ၏ သွန်သင်ညွှန်ကြားမှုများသည်လည်း မျိုးနွယ်စုတိုင်း၏ ဘာသာစကားအသီးသီးဖြင့် သီးခြားစီရှိသင့်သည်။ အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်' တန်ခိုးတော်တွင် ဤသို့ စီမံရန်လည်း မည်သည့်အခက်အခဲမျှ မရှိပေ။ သို့သော် လောကတစ်ခွင်ရှိ မျိုးနွယ်စုများအားလုံးအတွက် တစ်ပါးတည်းသော တမန်တော်၊ တစ်ဆူတည်းသော

ကျမ်းနှင့် တစ်ခုတည်းသော ရှရီအသ်လမ်းစဉ်ကို ပို့ချရန်ဟူသော ကြီးမားသည့် ရည်ရွယ်ချက်မှာ ၎င်းနောက် ထိုလောကတစ်ခွင်ရှိ မျိုးနွယ်စုများအားလုံးတွင် ထောင်ပေါင်းများစွာသော ကွဲလွဲမှုများ ရှိနေပါလျက် တစ်ခုတည်းသော သာသနာ၊ တစ်ခုတည်းသော အကျင့်သီလနှင့် တစ်ခုတည်းသော လူနေမှုစနစ်၊ ၎င်းနောက် တစ်ခုတည်းသော လမ်းစဉ်ကို ပေါ်ထွန်းစေရန်မှာ အထက်ပါနည်းလမ်းဖြင့် ဖြစ်ရှိနိုင်မည်မဟုတ်ပေ။

ထို့ပြင်တဝ မျိုးနွယ်တိုင်း၊ နိုင်ငံတိုင်း၏ ကုရ်အာန်ဟာဒီးစ်ကို သီးခြားဘာသာစကားများဖြင့် ချပေးခဲ့လျှင် ကျမ်းတော်မြတ်ကုရ်အာန်တွင် အပြောင်းအလဲပြုလုပ်မည့် မြောက်မြားစွာသောနည်းလမ်းများ ပေါ်ပေါက်လာမည်ဖြစ်သည်။ ၎င်းနောက် အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်သော ကျမ်းမြတ်ကုရ်အာန်ကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ထို့နောက် ကျမ်းတော်မြတ်ကုရ်အာန်ကို ငြင်းဆိုသူများနှင့် အခြားအခြားသော သူများပင်လျှင် ထိုကျမ်းမြတ်ကို အပြောင်းအလဲလုပ်ပစ်ရန် လက်မခံဝံ့သည့် ထူးခြားလှသော ဤ 'မုအ်ဂျေဇာဟ်'တော်သည် တည်တံ့နိုင်မည်မဟုတ်တော့ပေ။ ၎င်းနောက် တစ်ခုတည်းသော သာသနာ၊ တစ်ခုတည်းသော ကျမ်းဖြစ်ပါလျက် ယင်းကို လက်ခံကြသော သူတို့၏ လမ်းစဉ်များသည် မြောက်မြားစွာ အကွဲအလွဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ဤသို့ဖြင့် 'သောင်ဟီးဒ်'တရား၏ အရိပ်အရောင်ပင် ကျန်ရှိမည်မဟုတ်တော့ပေ။ ယင်းကို ဤသို့ ခန့်မှန်းနိုင်သည်မှာ ကျမ်းတော်မြတ်ကုရ်အာန်ကို အာရဗီဘာသာစကား တစ်ခုတည်းဖြင့် ချပေးထားပါလျက် ပြုပိုင်သော အတိုင်းအတာအတွင်း ထိုကျမ်း၏ သဖ်စီရ်ဖွင့်ဆိုချက်များ မည်မျှ ကွဲလွဲနေသည်ကို လူတိုင်းအသိပင် ဖြစ်သည်။ ၎င်းနောက် မပြုပိုင်သော နည်းလမ်းများဖြင့် ကွဲလွဲကြသည်များမှာ ခန့်မှန်း၍ပင် ရမည်မဟုတ်ပေ။ သို့သော် ဤအချက်အလက်များ ရှိနေပါလျက် တစ်သင်းတစ်ဖွဲ့ဟူသော စိတ်ဓါတ်နှင့် ထူးခြားသော လူနေမှုစနစ်တစ်ရပ်သည် မွတ်စ္စလင်မ်တိုင်းတွင် ရှိနေပေသည်။ ၎င်းတို့သည် အတိုင်းအတာတစ်ခုအထိ ကုရ်အာန်၏ လမ်းစဉ်အပေါ် လိုက်နာကျင့်သုံးကြသူများ ဖြစ်သည်။

အချုပ်ဆိုရသော် တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်'နှင့် ပွင့်တော်မူခြင်းသည် လောကတစ်ခွင်ရှိ မျိုးနွယ်စုတိုင်းအတွက် အကျုံးဝင်သည်ဟု ဆိုရာတွင် ထိုမျိုးနွယ်စုများကို အထက်ပါပုံသဏ္ဍာန်အတိုင်း အုပ်စုတိုင်းအတွက် ဘာသာစကားအသီးသီးဖြင့် ကျမ်းမြတ်ကုရ်အာန်ကို ချပေးခြင်းသည် မှန်ကန်မှုမရှိနိုင်ဟု အသိဉာဏ်နည်းပါးသူတစ်ယောက်ပင်လျှင် နားလည်သဘောပေါက်လိမ့်မည်။ ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်ကို ဘာသာစကားတစ်မျိုးတည်းဖြင့်ပင် ချပေးရန်နှင့် တမန်တော်၏ ဘာသာစကားသည်လည်း ထိုကျမ်းမြတ်၏ ဘာသာစကားပင် ဖြစ်ရမည်မှာ အရေးကြီးနေပေတော့သည်။ ထို့နောက် အခြားတိုင်းပြည်များနှင့် ဒေသများ၏ ဘာသာစကားများဖြင့် ဘာသာပြန်ဆိုကာ ပို့ဆောင်ပြန့်နှံ့စေရမည် ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ကိုယ်စားလှယ် အာလင်မ်ပညာရှင်များသည် မျိုးနွယ်စုအသီးသီး၊ နိုင်ငံအသီးသီးတွင် ကိုယ်တော်မြတ် ပို့ချခဲ့သော ဩဝါဒတော်များကို မိမိတို့၏ မျိုးနွယ်ဒေသ၏ ဘာသာစကားဖြင့် ရှင်းလင်းတင်ပြပို့ချရမည်ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အသျှင်မြတ်သည် လောကတစ်ခွင်ရှိ ဘာသာစကားများအနက်မှ အာရဗီဘာသာစကားကိုသာ ရွေးချယ်တော်မူခဲ့ခြင်းဖြစ်သည်။ ထိုသို့ ရွေးချယ်ရာတွင်လည်း အကြောင်းအရင်းများစွာ ရှိနေပေသည်။

အာရဗီဘာသာစကား၏ ထူးခြားချက်များ

ဦးစွာပထမ တင်ပြရသော် အာရဗီစကားသည် ကောင်းကင်ဘုံနန်း၏ စကားဖြစ်လေသည်။ ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များ၏ စကားသည်လည်း အာရဗီဖြစ်သည်။ 'လောင်ဟေမဟ်ဖူးဇ်'၏ စကားသည်လည်း 'အာရဗီ'ဖြစ်သည်။ ဥပမာ- ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်ဖြစ်သော

بَلْ هُوَ قُرْآنٌ مَّجِيدٌفِى لَوْحٍ مَّحْفُوْظٍ

နှင့် သိရှိရပေသည်။ ၎င်းနောက် လူသား၏ မူလဌာနေသည် 'ဂျန္နသ်'သုခဘုံဖြစ်သည်။ ၎င်းနောက် ထို 'ဂျန္နသ်'သုခဘုံကိုသာလျှင် လူသားတို့ လှည့်ပြန်ကြရမည်ဖြစ်သည်။ ထိုသုခဘုံ၏ စကားသည်လည်း အာရဗီဘာသာစကားဖြစ်သည်။ ၎င်းနောက် သွဗ်ရာနီကျမ်း၊ မွတ်စ်သဝ်ဒ်ရပ်က်ဟာကင်မ်ကျမ်း၊ ဗိုင်ဟကီကျမ်း၏ ရှုအဗေအီမာန်တွင် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ၏ ဆင့်ပြန်ချက်တစ်ခုကို ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။

اَحِبُّوا الْعَرَبَ اِثْلاَثٍ لاَ نَبِّي عَرَبِيٌّ وَالْقُرْاٰنُ عَرَبِيٌّ وَكَلَمُ اَهْلِ الْجَنَّةِ عَرَبِيٌّ

(ဤဆင့်ပြန်ချက်ကို ဟာကင်မ်သခင်က မွတ်စ်သဝ်ဒ်ရပ်က်ကျမ်းတွင် ဆွဟီးဟ်အဆင့်ရှိသည်ဟု ဆိုထားသည်။ ဂျာမေ့အ်ဆွဂီးရ်ကျမ်းတွင်လည်း ဆွဟီးဟ်အဆင့်ရှိကြောင်း အထောက်အထားများ တင်ပြထားသည်။ အချို့သော ဟဒီးစ်ပါမောက္ခများက ထိုဆင့်ပြန်ချက်ကို 'ဍွအီးဖ်'နှင့် 'မဂ်ျရူးဟ်'အဆင့်သာ ရှိသည်ဟု ဆိုကြသည်။ ဟာဖိဇေဟဒီးစ်အိဗ်နေ့သိုင်မီယာ (ရဟ) သခင်က မိန့်သည်မှာ ဤဟဒီးစ်တော်ပါ အကြောင်းအရာများသည် အတည်ဖြစ်သည်။ ယင်း၏ အဆင့်သည် ဟစန်ထက် မနိမ့်ပေ။

[ဂျာမေ့အ်ဆွဂီး၊ ဖိုင်ဇုလ်ကဒီးရ်ကျမ်း၊ တွဲ-၁၊ စာ-၁၇၉။]

'ဟဒီးစ်တော်၏ အဓိပ္ပာယ်မှာ အသင်တို့သည် အချက်သုံးချက်ကြောင့် အာရဗ်များကို ချစ်ခင်ကြလော။ တစ်ချက်မှာ ငါတမန်တော်သည် အာရဗီလူမျိုးဖြစ်သည်။ ဒုတိယတစ်ချက်မှာ ကျမ်းမြတ်ကုရ်အာန်သည် အာရဗီဖြစ်သည်။ တတိယတစ်ချက်မှာ သုခဘုံသားများ၏ စကားသည် အာရဗီဘာသာစကားဖြစ်သည်။'

သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် ဆင့်ပြန်ချက်တစ်ရပ်ကို ဆင့်ပြန်ထားသည်မှာ 'ဂျန္နသ်'သုခဘုံတွင် ဟဇရသ်အာဒမ် ﵇၏ စကားသည်လည်း အာရဗီဘာသာစကား ဖြစ်ခဲ့ပေသည်။ မြေပထဝီပေါ်သို့ ဆင်းသက်လာပြီး 'သောင်ဗာဟ်'အမှားဝန်ခံမှုကို အသျှင်မြတ်က လက်ခံခဲ့ပြီးနောက် ထိုအာရဗီဘာသာစကားတွင်ပင် အနည်းငယ် အပြောင်းအလဲဖြစ်ကာ စွရ်ယာနီဘာသာစကား ပေါ်ထွန်းလာခဲ့သည်။

ဤအကြောင်းအရာများကြောင့် ထိုဆင့်ပြန်ချက်များတွင်လည်း ခိုင်မာမှုရှိလာသည်။ အကြင်ဆင့်ပြန်ချက်တစ်ရပ်ကို ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် အဗ္ဗားစ် ﷺ သခင် စသည်တို့ထံမှ ဆင့်ပြန်ထားသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ နဗီတမန်တော်များအပေါ်သို့ ချပေးတော်မူခဲ့သော ကျမ်း

ဟူသမျှ၏ မူရင်းဘာသာစကားမှာ အာရဗီပင် ဖြစ်လေသည်။ ကောင်းကင်တမန်ကြီး ဂျိဗ်ရာအီးလ် عليه السلام က ၎င်းတို့၏ မျိုးနွယ်စုဘာသာစကားအသွင်သို့ ဘာသာပြန်ဆို၍ တမန်တော်များထံ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ ၎င်းနောက် ထိုတမန်တော်များက မိမိတို့၏ မျိုးနွယ်စုဘာသာစကားဖြင့် အွမ္မသ်များထံ ပို့ချခဲ့လေသည်။ ဤဆင့်ပြန်ချက်များကို အလ္လာမဟ်ဆယူသွီ (ရဟ) သခင်က အီသ်ကာန်ကျမ်းတွင်သော်လည်းကောင်း၊ သဖ်စီးရ်ပညာရှင် အမြောက်အမြားကလည်း အထက်ပါအာယသ်တော်၏ အကျယ်ဖွင့်ဆိုရာ၌ ဆင့်ပြန်တင်ပြထားပေသည်။ အနှစ်ချုပ်အလိုသဘောကို တင်ပြရသော် ကောင်းကင်ကျကျမ်းကြီးများ၏ မူရင်းဘာသာစကားသည် အာရဗီဖြစ်လေသည်။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်မှအပ အခြားကျမ်းစာများကို နေရာဒေသများနှင့် မျိုးနွယ်စုတို့၏ ဘာသာစကားဖြင့် ပြန်ဆို၍ ပို့ချခြင်းခံရသည်။ ထို့ကြောင့် ယင်းတို့၏ အဓိပ္ပာယ်များသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဖြစ်သော်လည်း စာသားများမူ ပြောင်းလဲသွားသွားပေသည်။ အဓိပ္ပာယ်များကဲ့သို့ပင် စာသားများသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်လာခဲ့သည်ဟူသော ထူးခြားချက်မှာ ကျမ်းတော်မြတ်ကုရ်အာန် တစ်ဆူတည်း၏ ထူးခြားချက်ပင် ဖြစ်သည်။ ၎င်းနောက် ထို့ကြောင့်ပင် ကျမ်းတော်မြတ်ကုရ်အာန်က ကြွေးကြော်ထားခြင်း ဖြစ်နိုင်သည်။ အကြောင်းမှာ စကြဝဠာတစ်ခွင်ရှိ 'ဂျင်န်'များနှင့် လူသားများအားလုံး စုပေါင်းပြီး ကျမ်းတော်မြတ်ကုရ်အာန်၏ သေးငယ်သော စူရာဟ်တစ်ပုဒ်ပင် မဆိုထားနှင့်၊ အာယသ်တော်တစ်ပိုဒ်ပင် ဆင်တူအောင် ပြုလုပ်နိုင်စွမ်း မရှိကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းသည် အဓိပ္ပာယ်အရသော်လည်းကောင်း၊ စာသားအရသော်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်ခြင်း၊ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်တစ်ပါးဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ယင်းကို မည်သူမျှ ဆင်တူအောင် ပြုနိုင်စွမ်း မရှိပေ။ အခြားသော ကောင်းကင်ကျကျမ်းများသည် အဓိပ္ပာယ်အရ အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော် ဖြစ်သော်လည်း ထိုကျမ်းများတွင် မူရင်းအာရဗီစာသားများအစား ဘာသာပြန်ဆိုထားကြသည့်အတွက်ကြောင့် ထိုကျမ်းများတွင် ဤသို့ ကြွေးကြော်မှုမရှိခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် ကျမ်းမြတ်ကုရ်အာန်ကဲ့သို့ပင် အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်သည့်အလျောက် ကျမ်းတိုင်းကျမ်းတိုင်းသည် စံပြဖြစ်ပြီး တုနှိုင်းဖွယ်ရာ မရှိသည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

အာရဗီဘာသာစကားကို ရွေးချယ်ရသော အခြားအကြောင်းအရင်းတစ်ခုမှာ ထိုဘာသာစကားတွင် ပင်ကိုယ်ထူးခြားချက်များ ရှိခြင်းကြောင့်လည်း ဖြစ်သည်။ အကြောင်းမှာ အလိုသဘောတစ်ခုကို ဖွင့်ဆိုရန်အတွက် ထိုဘာသာစကားတွင် မြောက်မြားစွာသော ပုံသဏ္ဌာန်များနှင့် နည်းလမ်းများ ရှိလေသည်။

အခြားအကြောင်းအရင်းတစ်ခုလည်း ရှိနေသေးသည်။ ယင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အစ္စလာမ်ဘာသာဝင်များကို သဘာဝအလျောက် အာရဗီဘာသာစကားနှင့် ပတ်သက်ဆက်နွယ်မှု ချီးမြှင့်ထားသည်။ ထို့ကြောင့်ပင် မွတ်စ္စလင်မ်တိုင်းသည် အာရဗီဘာသာစကားကို လိုအပ်သည့် အတိုင်းအတာခန့် လွယ်လင့်တကူ သင်ယူတတ်မြောက်ကြပေသည်။ ထိုအချက်ကြောင့်ပင် ဆွဟာဗာကြီးများ ရောက်ရှိခဲ့သော နိုင်ငံများတွင် အတင်းအကြပ် ပြုစရာမလိုဘဲ အချိန်တိုအတွင်းမှာပင် ထိုနိုင်ငံ၏ ဘာသာစကားသည် အာရဗီဘာသာ

စကားဖြစ်ရှိသွားသည်ကို တွေ့မြင်နိုင်ပေသည်။ ဥပမာ- အီဂျစ်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ အီရတ်နိုင်ငံတို့တွင် မည်သည့်နိုင်ငံ၏ ဘာသာစကားမျှ အာရဗီမဟုတ်ခဲ့ပေ။ သို့သော် ယနေ့ ထိုနိုင်ငံများကို အာရဗ်နိုင်ငံများဟု ခေါ်ဆိုနေလျက် ရှိကြသည်။

အခြားအကြောင်းအရင်းတစ်ခုမှာ အာရဗ်လူမျိုးတို့သည် အစ္စလာမ်မထွန်းကားမီအလျှင် အမှန်စင်စစ် မကောင်းမှုဒုစရိုက်များတွင် နစ်မွန်းနေကြသူများ ဖြစ်သည်။ သို့သော် ထိုလူမျိုးတို့၏ အရည်အချင်းများနှင့် ဂုဏ်စွမ်းပကားများသည် ထိုအမှောင်ခေတ်တွင်လည်း အနှိုင်းမဲ့ ပြောင်မြောက်ခဲ့ပေသည်။ ဤအတွက်ကြောင့်ပင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အကြီးကျယ်ဆုံးနှင့် နောက်ဆုံးတမန်တော်ကို ထိုမျိုးနွယ်တွင် ပွင့်စေခဲ့သည်။ ၎င်းတို့၏ ဘာသာစကားကို ကျမ်းမြတ်ကုရ်အာန်အတွက် ရွေးချယ်တော်မူခဲ့သည်။ ၎င်းနောက် တမန်တော်မြတ် ﷺ အား ဦးစွာပထမ ၎င်းတို့ကို လမ်းညွှန်မှုပေးရန်နှင့် သွန်သင်ဆုံးမရန် အမိန့်ပေးတော်မူခဲ့သည်။

وَاَنْذِرْ عَشِيْرَتَكَ الْاَقْرَبِيْنَ

၎င်းနောက် အားလုံးထက်အလျှင် ထိုမျိုးနွယ်၏ ဤသို့ မြင့်မြတ်သော ပုဂ္ဂိုလ်များအား မိမိတို့၏ တမန်တော်အပေါ် စုရုံးစေခဲ့သည်။ အကြင်သူတို့သည် တမန်တော်မြတ် ﷺ အပေါ် မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်၊ သားသမီးများပါမကျန် စတေးခဲ့လေသည်။ ၎င်းနောက် ကိုယ်တော်မြတ် ﷺ ၏ သွန်သင်ညွှန်ကြားမှုများကို မိမိတို့၏ အသက်ဇီဝိန်ထက်ပင် ပို၍ မြတ်နိုးခဲ့ကြသည်။ ဤသို့ဖြင့် ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ အပါးတော် ခစားမှုကြောင့်၊ ထို့နောက် သွန်သင်ညွှန်ကြားမှုတို့ကြောင့် ထွန်းလင်းတောက်ပြောင်လာခဲ့သည်မှာ လောကတစ်ခွင်တွင် စံပြလူနေမှုစနစ်တစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ ထိုသို့ စံပြလူနေမှုစနစ်မျိုး ယခင်က မိုးနှင့် မြေကြားတွင် မည်သူမျှ မတွေ့ခဲ့ဘူးပေ။ တမန်တော်မြတ် ﷺ သည် ထိုတုနှိုင်းဖွယ်မရှိသော အုပ်စုကို ကျမ်းတော်မြတ်ကုရ်အာန်၏ သင်ကြားမှုများကို ဖြန့်ချိရန် တာဝန်ပေးခဲ့လေသည်။ ၎င်းနောက် မိန့်တော်မူခဲ့သည်မှာ-

بَلِّغُوْا عَنِّيْ وَلَوْ اٰيَةً

ဆိုလိုသည်မှာ ငါကိုယ်တော်မြတ် ﷺ ထံမှ ကြားနာခဲ့သော အာယသ်တော်များကို အွမ္မသ်သားများထံသို့ ပို့ဆောင်ကြကုန်။ အသက်ပေးမည့် ဆွဟာဗာကြီးများသည် ထိုညွှန်ကြားချက်ကို ရင်ဝယ်ပိုက်၍ လောကတစ်ခွင် အစွန်အဖျားအထိ သွားရောက်ကာ ကျမ်းတော်မြတ်ကုရ်အာန်နှင့် ယင်း၏ သွန်သင်မှုများကို နေရာအနှံ့ ဖြန့်ချီခဲ့လေသည်။ တမန်တော်မြတ် ﷺ ကွယ်လွန်တော်မူပြီး နှစ်ဆယ့်ငါးနှစ် မပြည့်မီပင် ကျမ်းတော်မြတ်ကုရ်အာန်၏ အသံသည် အရှေ့အရပ်နှင့် အနောက်အရပ်သို့ ပြန့်နှံ့သွားခဲ့သည်။

အခြားတစ်ဖက်တွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သတ်မှတ်စီမံတော်မူထားသည့်အတိုင်း တမန်တော်မြတ် ﷺ ၏ 'ဒအ်ဝသ်' ပေး ဖိတ်ခေါ်သော အွမ္မသ်ကို (ထိုအွမ္မသ်တွင် လောကတစ်ခွင်ရှိ မှန်ရှိရစ်ကဲ

များနှင့် 'အဲဟ်လေ့ကိသားဗ်'၊ ယဟူဒီ၊ နဆ္ဓရာနီများလည်း ပါဝင်ပေသည်။) ထူးခြားသော အရည်အချင်း တစ်ခုနှင့် သင်ပေးသင်ယူမှု စွမ်းပကား၊ ၎င်းနောက် သာသနာရေးရာ ရေးသားထုတ်ဝေမှု၊ ၎င်းနောက် 'သဗ်လီးဂ်'၊ 'အိရှာအသ်' သာသနာရေးရာ ပို့ချချက်များကို ဤသို့ စွမ်းဆောင်စေခဲ့သည်မှာ ယခင် ကမ္ဘာ့သမိုင်းတွင် ထိုသို့ စွမ်းဆောင်မှုများ မတွေ့ရှိခဲ့ရပေ။ ထို့ကြောင့် ရလဒ်အနေဖြင့် အာရဗ်မဟုတ်သော အဂျမီမျိုးနွယ်ဝင်များပင် ကုရ်အာန်ဟဒီးစ်၏ ပညာရပ်များကို သင်ယူဆည်းပူးကြသည့် ကြီးမားသော အရည်အချင်းများ ရရှိလာရုံမက အာရဗီဘာသာစကားကို သင်ယူဆည်းပူးခြင်းနှင့် ရေးသားပြုစု ဖြန့်ချီ ခြင်းတို့တွင် အဂျမီများသည်လည်းအာရဗ်များထက် နောက်မကျခဲ့ပေ။

အံ့သြဖွယ်ရာကောင်းသော အမှန်တရားတစ်ခုမှာ မျက်မှောက်ခေတ်တွင် အာရဗီအဘိဓါန်နှင့် ဝေါဟာရ အသုံးအနှုန်းများ၊ ၎င်းနောက် နဟ်စ်၊ ဆွရ်ဖ် စသည့် သဒ္ဒါရေးရာ စာအုပ်များ လောကတစ်ခွင်တွင် ရှိရှိသမျှ သော အာရဗီဘာသာရပ် ကျမ်းကြီးကျမ်းငယ်များအနက် အချို့ကို အဂျမီများက ရေးသားခဲ့ခြင်း ဖြစ်သည်။ ကုရ်အာန်၊ ဟဒီးစ်ကို စုဆောင်းခြင်းနှင့် ရေးသားပြုစုခြင်း၊ တစ်ဖန် ယင်းတို့ကို သဖ်စီးရ် အကျယ်ဖွင့်ဆို ရာတွင်လည်း အဂျမီတို့သည် အာရဗ်များထက် လက်မနှေးခဲ့ပေ။

ဤသို့ဖြင့် တမန်တော်မြတ် ﷺ ၏ ဘာသာစကားနှင့် ကိုယ်တော်မြတ် ﷺ ၏ ကျမ်းသည် အာရဗီ ကျမ်းဖြစ်ပါလျက် လောကတစ်ခွင်တွင် နေရာအနှံ့ ပြန့်နှံ့ခဲ့လေသည်။ ၎င်းနောက် 'ဒအ်ဝသ်'ပေး ဖိတ်ခေါ် ခြင်းနှင့် 'သဗ်လီးဂ်'ပို့ချခြင်းများတွင်လည်း အာရဗ်နှင့် အဂျမီဟူသော ခြားနားချက်သည် ကွယ်ပျောက် သွားခဲ့သည်။ နိုင်ငံတိုင်း၊ မျိုးနွယ်တိုင်းနှင့် အဂျမီစကားပြောဆိုသော အုပ်စုတိုင်းတွင်လည်း ပြောင်မြောက် သော အာလင်မ်ပညာရှင်များ ပေါ်ထွန်းခဲ့ပေသည်။ ၎င်းတို့သည် ကုရ်အာန်နှင့် ဟဒီးစ်၏ သွန်သင်မှုများကို မိမိတို့၏ မျိုးနွယ်ဘာသာစကားဖြင့် ပြန်ဆိုကာ အလွန်လွယ်ကူစွာပင် ပို့ချခဲ့ကြသည်။ ၎င်းနောက် တမန် တော်များကို မျိုးနွယ်တူ ဘာသာစကားတူသူများထဲမှ စေလွှတ်ခြင်းဟူသော 'ဟစ်ကမသ်'သည်လည်း အထမြောက်သွားပေသည်။

အာယသ်တော်၏ နောက်ဆုံးတွင် မိန့်တော်မူထားသည်မှာ ငါအသျှင်မြတ်သည် လူသားတို့အား လွယ်ကူမှု ရရှိစေရန် မိမိ၏ တမန်တော်များကို ၎င်းတို့နှင့် ဘာသာစကားတူသူများအဖြစ် စေလွှတ်ခဲ့ခြင်း အကြောင်းမှာ ထိုတမန်တော်များသည် ငါအသျှင်မြတ်၏ ပညတ်တော်များကို ကောင်းမွန်စွာ တင်ပြနိုင်ရန် ဖြစ်သည်။ သို့သော် လမ်းမှန်ရမှုနှင့် လမ်းလွဲမှုတို့သည်ကား မည်သည့်လူသား၏ လက်တွင် မရှိပေ။ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်၌သာ ရှိသည်။ ထိုအသျှင်မြတ်သည် အလိုတော်ရှိသူ အား လမ်းလွဲစေ၍ အလိုတော်ရှိသူအား လမ်းမှန် ပြသတော်မူသည်။ ထိုအသျှင်မြတ်သာလျှင် ကြီးမားသော စွမ်းအားရှင်၊ ဉာဏ်အမြော်အမြင်တော်ရှင် ဖြစ်တော်မူပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ أَرْسَلْنَا مُوسَىٰ بِآيَاتِنَا أَنْ أَخْرِجْ قَوْمَكَ مِنَ الظُّلُمَاتِ إِلَى النُّورِ
وَذَكِّرْهُم بِأَيَّامِ اللَّهِ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ﴿٥﴾

၁၄ : ၅ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာအား မိမိ၏ သက်သေလက္ခဏာတော်များနှင့် တကွ စေလွှတ်တော်မူ (၍ ဤသို့ ထုတ်ပြန်တော်မူ) ခဲ့၏။ 'အသင်သည် မိမိ၏ အမျိုးသားတို့ကို အမှောင်ထုမှ အလင်းသို့ ထုတ်ဆောင်ပါလေ။ ထို့ပြင် အသင်သည် ယင်းအမျိုးသားတို့အား အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ပြန်လည်၍ သတိရစေပါလေ။ ဧကန်မလွဲ ယင်းကျေးဇူးတော်များတွင် အလွန် သည်းခံတရား ထားရှိသူတိုင်း အလွန် ကျေးဇူးတော်ကို သိတတ်သူတိုင်းအဖို့ သက်သေလက္ခဏာများသည် (အမှန်ပင်) ရှိပေသည်။

وَإِذْ قَالَ مُوسَىٰ لِقَوْمِهِ اذْكُرُوا نِعْمَةَ اللَّهِ عَلَيْكُمْ إِذْ
أَنجَاكُم مِّنْ آلِ فِرْعَوْنَ يَسُومُونَكُمْ سُوءَ الْعَذَابِ وَ
يُذَبِّحُونَ أَبْنَاءَكُمْ وَيَسْتَحْيُونَ نِسَاءَكُمْ ۚ وَفِي ذَٰلِكُم بَلَاءٌ
مِّن رَّبِّكُمْ عَظِيمٌ ﴿٦﴾

၁၄ : ၆ ။ ။ ၎င်းပြင် (ပြန်လည်၍ သတိရကြလေကုန်။) တစ်ရံရောအခါ (နဗီတမန်တော်) မူစာသည် မိမိ၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ (အချင်းတို့) 'အသင်တို့သည် မိမိတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကို သတိရကြလေကုန်။ အကြင်အခါဝယ် ထိုအသျှင်မြတ်သည် အသင်တို့အား ဖိရ်အောင်န်၏ အခြွေအရံတို့၏ (ဘေးအန္တရာယ်များ) မှ ကယ်ဆယ်တော်မူခဲ့လေသည်။ ယင်းဖိရ်အောင်န်၏ အခြွေအရံတို့သည် အသင်တို့၌ ပြင်းထန်လှစွာသော ဘေးအန္တရာယ်များကို သက်ရောက်စေလျက် ရှိခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အသင်တို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်၍ အသင်တို့၏ (သမီး) မိန်းမများကိုမူ အသက်ရှင်စွာ ထားလေ့ရှိခဲ့ကြကုန်၏။ အမှန်စင်စစ် ဤသည်တို့တွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ကြီးကျယ်လှစွာသော စမ်းသပ်မှုသည် ရှိခဲ့ချေသည်။'

وَإِذْ تَأَذَّنَ رَبُّكُمْ لَئِن شَكَرْتُمْ
لَأَزِيدَنَّكُمْ ۖ وَلَئِن كَفَرْتُمْ إِنَّ عَذَابِي لَشَدِيدٌ ﴿٧﴾

၁၄ : ၇ ။ ။ ထို့ပြင် (ပြန်လည်၍ သတိရကြလေကုန်။) အကြင်အခါဝယ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အကယ်၍ အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ခဲ့ကြပါလျှင် အမှန်ပင် ငါအသျှင်မြတ်သည် အသင်တို့အား တိုး၍ ချီးမြှင့်ပေးသနားတော်မူမည် ဖြစ်ကြောင်း၊ သို့ရာတွင် အကယ်၍သာ အသင်တို့သည် ကျေးဇူးကန်းခဲ့ကြသည်ရှိသော် ဧကန်မလွဲ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် ပြင်းထန်လှကြောင်း (အသင်တို့အား) သိစေတော်မူလေသည်။

وَقَالَ مُوسَىٰٓ إِن تَكْفُرُوٓا۟ أَنتُمْ وَمَن فِى ٱلْأَرْضِ جَمِيعًا فَإِنَّ ٱللَّهَ لَغَنِىٌّ حَمِيدٌ ﴿٨﴾

၁၄ : ၈ ။ ။ ထို့ပြင် (နဗီတမန်တော်) မူစာသည် (မိမိ၏ အမျိုးသားတို့အား ဤသို့) ပြောကြားခဲ့လေသည်။ (အချင်းတို့) 'အကယ်၍ အသင်တို့နှင့်တကွ ကမ္ဘာမြေပြင်ဝယ် ရှိရှိသမျှသော လူခပ်သိမ်းတို့သည် ကျေးဇူးကန်းကြပါသော်လည်း (ထိုအသျှင်မြတ်၌ တစ်စုံတစ်ရာ နစ်နာအကျိုးယုတ်မှု အလျှဉ်းရှိမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ ချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းနောက် ငါအသျှင်မြတ်သည် မူစာ عليه السلام ကို မိမိ၏ အထောက်အထားများ ချီးမြှင့်ကာ စေလွှတ်ခဲ့သည်။ အကြောင်းမှာ မိမိ၏ မျိုးနွယ်စုကို (ကုဖွရ်နှင့် ဒုစရိုက်များ၏) အမှောင်ထုအတွင်းမှ (ခေါ်ယူကာ အီမာန်နှင့် 'အိသ္လာအသ်'၏) အလင်းရောင်ဘက်သို့ ခေါ်ဆောင်လာရန် ဖြစ်သည်။ ငင်းနောက် ထိုသူတို့ကို အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုများအား (နေ့အ်မသ်တော်နှင့် အဇားဗ်ပြစ်ဒဏ်များကို) သတိပေးလော။ မုချဧကန် ဤအကြောင်းအရာများတွင် 'ဆွဗရ်'ပြုသူ၊ ရှုကွရ်'ပြုသူတိုင်းအတွက် သံဝေရတရား ရှိလေသည်။ (အဘယ်ကြောင့်ဆိုသော် 'နေ့အ်မသ်'တော်များကို သတိရလျှင် 'ကျေးဇူးတင်ရှိမည်ဖြစ်ပြီး 'အနစ်ကမ်မသ်' ဆိုလိုသည်မှာ ပြစ်ဒဏ်များကို သတိရကာ တစ်ဖန် ထိုပြစ်ဒဏ်များ ပပျောက်သွားသည်ကို သတိရ၍ နောင်တွင် ကြုံတွေ့ရမည့် ဘေးဒုက္ခများတွင်လည်း သည်းခံတရားထားနိုင်မည်ဖြစ်သည်။) ငင်းနောက် ထိုအချိန်ကိုလည်း သတိရကြကုန်။ အကြောင်းမှာ (ငါအသျှင်မြတ်၏ အမိန့်တော်အတိုင်း) မူစာ عليه السلام သည် မိမိမျိုးနွယ်အား ပြောကြားခဲ့သည်။ အကြောင်းမှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က အသင်တို့အပေါ် ချီးမြှင့်ထားသော 'နေ့အ်မသ်'တော်များကို သတိရကြကုန်။ အသင်တို့အား ဖိရ်အောင်န်အုပ်စုရန်မှ လွတ်မြောက်စေခဲ့သည်။ ငင်းတို့သည် အသင်တို့အား ပြင်းထန်သော ဒုက္ခများ ပေးခဲ့ကြသည်။ ငင်းနောက် အသင်တို့၏ သားများကို လည်လှီးပစ်ကြသည်။ ငင်းနောက် အသင်တို့၏ အမျိုးသမီးများကို (ဆိုလိုသည်မှာ သမီးမိန်းကလေးများကို ငင်းတို့ ကြီးပြင်းလာသောအခါ အမျိုးသမီးကြီးများ ဖြစ်ရှိသွားကြသည်။) အသက်ရှင်သန်ခွင့် ပေးခဲ့ကြသည်။ (ထိုသမီးမိန်းကလေးများကို အသုံးချရန်၊ ပြုစုစောင့်ရှောက်စေရန် ဖြစ်သည်။ ဤသည်လည်း လည်လှီးပစ်သကဲ့သို့ပင် 'အဇားဗ်'အပြစ်ဒဏ်တစ်ခု ဖြစ်သည်။) ငင်းနောက် ထို (ဘေးဒုက္ခနှင့် လွတ်မြောက်မှု နှစ်မျိုးစလုံး) သည် အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်တော်မှ ကြီးမားသော စမ်းစစ်မှုတစ်ရပ် ဖြစ်သည်။ (ဆိုလိုသည်မှာ ဘေးဒုက္ခတွင် ဘေးဗလာများရှိပြီး လွတ်မြောက်မှုတွင် 'နေ့အ်မသ်'တော်များ ရှိနေသည်။ ငင်းနောက် ဘေးဗလာနှင့် 'နေ့အ်မသ်'တော်နှစ်မျိုးစလုံးသည်

ဗန္ဒာပ်ကျေးကျွန်များအတွက် စမ်းစစ်မှုများ ဖြစ်သည်။ ဤသို့ဖြင့် တမန်တော်မူစာ عليه السلام သည် 'အိုင်ယာမွလ္လာဟ်' ဟု ခေါ်သော 'နေ့အ်မသ်'နှင့် 'နစ်က်မသ်'နှစ်မျိုးစလုံးကို သတိပေးခဲ့လေသည်။) ၎င်းနောက် မူစာ عليه السلام (က ပြောကြားခဲ့သည်မှာ အို, ကျွန်ုပ်၏ မျိုးနွယ်ဝင်အပေါင်းတို့) ထိုအချိန်ကို သတိရကြလော။ အကြင်အခါက အသင်တို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် (ကျွန်ုပ်မှတစ်ဆင့်) အသင်တို့အား အသိပေးပြောကြားခဲ့သည်မှာ အကယ်၍ (ငါအသျှင်မြတ်၏ 'နေ့အ်မသ်'တော်များ ချီးမြှင့်မည် ဖြစ်သည်။ ၎င်းနောက် အကယ်၍ အသင်တို့သည် (ထို 'နေ့အ်မသ်'တော်များကို ကြားနာကာ) ကျေးဇူးကန်းမည်ဆိုလျှင် (မှတ်သားကြကုန်။) ငါအသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်သည် အလွန်ပြင်းထန်လေသည်။ (ကျေးဇူးကန်းခြင်းဖြင့် သက်ရောက်လာနိုင်သည်။) ၎င်းနောက် မူစာ عليه السلام သည် (ဤသို့လည်း) မိန့်ကြားခဲ့သည်။ အကယ်၍ အသင်တို့သည် လောကတစ်ခွင်ရှိ အခြားသော လူသားများအား အားလုံးနှင့် စုပေါင်းပြီး ကျေးဇူးကန်းကြမည်ဆိုလျှင်လည်း အလ္လာဟ်အသျှင်မြတ် (အဖို့ မည်သို့မျှ မဆုံးရှုံးနိုင်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည်) လုံးဝ တောင့်တမှုကင်းမဲ့သော အသျှင်မြတ် ဖြစ်တော်မူသည်။ (၎င်းနောက် မိမိဇာတိတော်တွင်) ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်။ (ထိုအသျှင်မြတ်တွင် အခြားသူများ အမှီသဟဲဖြင့် ပြီးပြည့်စုံမှု ရယူရန် သံသယဖြစ်ဖွယ်ရာပင် မရှိပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်တွင် နစ်နာဆုံးရှုံးစရာ မည်သို့မျှမရှိ။ အသင်တို့သည်သာ

اِنَّ عَذَابِیْ لَشَدِیْدٌ

ဟူသော အာယသ်တော်အရ မိမိတို့၏ နစ်နာဆုံးရှုံးမှုကို ကြားသိခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတရား သိတတ်ကာ ကျေးဇူးမကန်းကြလေနှင့်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ပထမအာယသ်တော်တွင် တင်ပြထားသည်မှာ ငါအသျှင်မြတ်သည် မူစာ عليه السلام ကို မိမိအာယသ်တော်များ ချီးမြှင့်ကာ စေလွှတ်တော်မူခဲ့သည်။ အကြောင်းမှာ သူသည် မိမိမျိုးနွယ်ဝင်များကို ကုဖွ်ရ်နှင့် ဒုစရိုက်များအမှောင်ထုအတွင်းမှ အီမာန်နှင့် 'အေသ္လာအသ်'၏ အလင်းရောင်ဘက်သို့ ခေါ်ဆောင်ရန်ဖြစ်သည်။

اٰيٰتٌ ဟူသော စာသားသည် 'သောင်ရားသ်'ကျမ်း၏ အာယသ်တော်များကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအာယသ်တော်များကို ချပေးခြင်း၏ ရည်ရွယ်ချက်မှာ အမှန်တရား၏ အလင်း ရောင်ပြန့်နှံ့စေရန် ဖြစ်သည်။ ၎င်းနောက် اٰيٰتٌ ၏ အခြားအဓိပ္ပာယ်တစ်မျိုးမှာ 'မုအ်ဂျေဇာဟ်' တော်များ ဖြစ်သည်။ အာယသ်တော်တွင် ဤအဓိပ္ပာယ်လည်း သက်ရောက်နေပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် မူစာ عليه السلام အား ထူးခြားသော 'မုအ်ဂျေဇာဟ်'တော် (၉) ရပ် ချီးမြှင့်ခဲ့လေသည်။ ယင်းတို့မှာ 'အဆွာ'လက်ကိုင်တုတ်သည် မြွေဖြစ်သွားခြင်း၊ လက်ဝါးတော်မှ အလင်းရောင်များ ဖြာထွက်

လာခြင်း စသည်တို့ကို ကျမ်းမြတ်ကုရ်အာန်၏ မြောက်မြားစွာသော နေရာများတွင် တင်ပြထားပေသည်။ اٰيَاتٌ ကို 'မုအ်ဂျေဇာဟ်'တော်များဟု အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ အကြောင်းမှာ တမန်တော်မူစာ عليه السلام ကို ဤသို့ ထင်ရှားသော 'မုအ်ဂျေဇာဟ်'တော်များ ချီးမြှင့်၍ စေလွှတ် ခဲ့သည်။ ယင်းတို့ကို မြင်တွေ့ပြီးနောက် မည်သည့်မြင့်မြတ်ပြီး အသိဉာဏ်ကြွယ်ဝသော လူသားမျှ မိမိ၏ ငြင်းဆန်မှုနှင့် ဖီဆန်မှုတို့တွင် တည်မြဲနိုင်မည်မဟုတ်ပေ။

မှတ်ချက် ။ ။ ဤအာယသ်တော်တွင် قَوْمٌ ဟူသော စာသားကို သုံးနှုန်းထားပြီး မိမိမျိုးနွယ်ဝင်များကို အမှောင်ထုမှ အလင်းဘက်သို့ ခေါ်ဆောင်လာရန် တင်ပြထားသည်။ သို့သော် အလားတူ အကြောင်းအရာမျိုး ဤစူရာဟ်၏ ပထမအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို ရည်ညွှန်းမိန့်ဆိုရာတွင် قَوْمٌ ဟူသော စာသားအစား نَاسٌ ဟူသော စာသားအသုံးနှုန်းထားပေသည်။

لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ

ဤစာသားများက ရည်ညွှန်းနေသည်မှာ တမန်တော်မူစာ عليه السلام ၏ 'နဗူဝသ်'နှင့် စေလွှတ်ခံရမှုသည် မိမိမျိုးနွယ် ဗနီအိစ်ရာအီးလ်နှင့် အီဂျစ်နိုင်ငံရှိ မျိုးနွယ်စုများဘက်သို့သာ ဖြစ်သည်။ ၎င်းနောက် တမန်တော်မြတ် ﷺ ၏ စေလွှတ်ခံရမှုသည် လောကတစ်ခွင်ရှိ လူသားများအားလုံးအတွက် ဖြစ်သည်။

တစ်ဖန် မိန့်တော်မူသည်မှာ-

وَذَكِّرْهُمْ بِاَيّٰمِ اللّٰهِ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မူစာ عليه السلام အား မိမိမျိုးနွယ်ဝင်များကို 'အိုင်ယာမွလ္လာဟ်' နှင့် ပတ်သက်၍ သတိပေးရန် မိန့်တော်မူခဲ့သည်။

اَيَّامُ اللّٰهِ

اَيَّامٌ သည် يَوْمٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ကျော်ကြားသော အဓိပ္ပာယ်မှာ နေ့ဟူ၍ ဖြစ်သည်။ اَيَّامُ اللّٰهِ ဟူသော စာသားသည် အဓိပ္ပာယ်နှစ်မျိုး ရှိသည်။ ဤနေရာတွင် ထိုအဓိပ္ပာယ်နှစ်မျိုးစလုံး မှတ်ယူ၍ ရသည်။ ပထမအဓိပ္ပာယ်မှာ စစ်ပွဲတစ်ခုခု သို့မဟုတ် အပြောင်းအလဲတစ်ခုခု ဖြစ်ပေါ်ခဲ့သော သီးခြားနေ့ရက်များကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ- 'ဗဒရ်'စစ်ပွဲ၊ 'အူဟူဒ်'စစ်ပွဲ၊ 'အဟ်ဇားဗ်'စစ်ပွဲနှင့် 'ဟိုနိုင်းန်'စစ်ပွဲ စသည့် အကြောင်းအရာများ သို့မဟုတ် လွန်လေပြီးသော အွမ္မသ်များအပေါ်သို့ 'အဇားဗ်'အပြစ်ဒဏ် ကျရောက်ခဲ့သော အကြောင်းအရာများ ဖြစ်သည်။ ထိုဖြစ်ရပ်များတွင် ကြီးမားသော မျိုးနွယ်စုများသည် ကစဉ့်ကလျား ဖြစ်ကုန်ကြသည်။ သို့မဟုတ် ပျက်စီးပျောက်ကွယ်ကုန်ကြသည်။ ဤသို့ဆိုလျှင် 'အိုင်ယာမွလ္လာဟ်'ကို သတိပေးခြင်းဆိုသော အဓိပ္ပာယ်မှာ ထိုမျိုးနွယ်စုများ၏ ငြင်းဆန်မှုရလဒ်ဆိုးအား တင်ပြခြောက်လှန့်ရန်၊ သတိပေးနှိုးဆော်ရန် ဖြစ်ပေလိမ့်မည်။

'အိုင်ယာမွလ္လာဟ်'၏ အခြားအဓိပ္ပာယ်တစ်မျိုးမှာ အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များနှင့် ကျေးဇူးတော်များဟူ၍ ဖြစ်သည်။ ယင်းတို့ကို သတိပေးစေသည့် အကြောင်းအရင်းမှာ မြင့်မြတ်သော လူသားတစ်ဦးကို ကျေးဇူးရှင်တစ်ယောက်၏ ကျေးဇူးအား သတိရစေပါက ထိုကျေးဇူးရှင်အား ဆန့်ကျင်ရန်နှင့် အမိန့်ဖီဆန်ရန် ရှက်ကြောက်လေ့ ရှိကြသောကြောင့် ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်၏ တင်ပြချက်နှင့် ပြပြင်သော နည်းလမ်းမှာ များသောအားဖြင့် ဤသို့ဖြစ်သည်။ အကြောင်းမှာ အမိန့်ပညတ်ချက်တစ်ခုကို မိန့်တော်မူသည့်အခါ ထိုအမိန့်အပေါ် လိုက်နာကျင့်သုံးရာတွင် လွယ်ကူမှုရှိစေရန် နည်းလမ်းများကိုလည်း တစ်ပါတည်း တင်ပြလေ့ရှိပေသည်။ ဤနေရာ၌ ပထမဝါကျတွင် ဘမန်တော်မူစာ ﷺ အား မိန့်တော်မူထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို တင်ပြပြီး သို့မဟုတ် 'မုအ်ဂျေဇာဟ်'တော်များကို ပြသပြီး မိမိမျိုးနွယ်ဝင်များအား ကုဖွရ်၏ အမှောင်ထုမှ ဆွဲထုတ်လော့။ ၎င်းနောက် အီမာန်၏ အလင်းရောင်ဘက်သို့ ခေါ်ဆောင်လော့။ ထိုသို့ ဆောင်ရွက်ရန် နည်းလမ်းကို ဤဝါကျတွင် မိန့်တော်မူထားသည်မှာ အမိန့်ဖီဆန်သူများကို လမ်းမှန်ပေါ်သို့ ခေါ်ဆောင်လာရန် နည်းလမ်းနှစ်သွယ် ရှိလေသည်။ တစ်နည်းမှာ ပြစ်ဒဏ်များမှ ခြောက်လှန့်ခြင်း၊ အခြားတစ်နည်းမှာ 'နေအ်မသ်'တော်များနှင့် ကျေးဇူးတော်များကို သတိရစေကာ အမိန့်နာခံမှုဘက်သို့ ဖိတ်ခေါ်ခြင်းဖြစ်သည်။ ذَكِّرْهُم بِأَيَّامِ اللهِ ဟူသော ဝါကျတွင် ဤအဓိပ္ပာယ်နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ အကြောင်းမှာ လွန်လေပြီးသော အွမ္မသ်များအနက်မှ အမိန့်ဖီဆန်သူများ၏ ရလဒ်ဆိုးများနှင့် ၎င်းတို့အပေါ် ကျရောက်ခဲ့သော 'အဇာဗ်'အပြစ်ဒဏ်များ၊ 'ဂျိဟာဒ်'စစ်ပွဲတွင် ၎င်းတို့ သတ်ဖြတ်ခံရမှု၊ သို့မဟုတ် အရှက်တကွဲဖြစ်ခဲ့ရမှုတို့ကို သတိပေးစေခြင်းဖြစ်သည်။ သို့မှသာ သံဝေဂတရားရကာ ထိုမှ ရှောင်ကြဉ်ကြမည် ဖြစ်သည်။ ထိုနည်းတူစွာ ထိုမျိုးနွယ်စုအပေါ်သို့ အသျှင်မြတ်၏ 'နေအ်မသ်'တော် အများအပြား နွေညမပျက် ကျရောက်ခဲ့မှု၊ ၎င်းနောက် အထူး 'နေအ်မသ်'တော်လည်း အလျဉ်းသင့်သလို ၎င်းတို့အပေါ် ချပေးခဲ့ခြင်း၊ ဥပမာ- 'သီးဟ်'ကွင်းပြင်တွင် ၎င်းတို့အပေါ် တိမ်မိုးပေးထားခြင်း၊ စားသောက်ရန် 'မန်း'နှင့် 'စလ်ဝါ'ကို ချပေးခဲ့ခြင်း၊ သောက်သုံးရေလိုအပ်လာ၍ ကျောက်ခဲအတွင်းမှ စမ်းရေများ စီးထွက်စေခြင်း စသည်တို့ကို သတိရစေကာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုနှင့် 'သောင်ဟီးဒ်'တရားဘက်သို့ ဖိတ်ခေါ်ရန် ဖြစ်သည်။

إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ

ဤအာယသ်တော်တွင် آيَاتٌ ၏ အလိုသဘောမှာ အမှတ်အသားများနှင့် အထောက်အထားများဟူ၍ ဖြစ်သည်။ ၎င်းနောက် صَبَّارٌ ဆိုသည်မှာ صَبْرٌ ၏ လေးနက်မှုအဓိပ္ပာယ် ဖော်ဆောင်သော နာမ်ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ လွန်စွာ သည်းခံတတ်သူ၊ ၎င်းနောက် شَكُورٌ ဟူသော စာသားသည် شُكْرٌ ၏ လေးနက်မှုအဓိပ္ပာယ်ကို ဖော်ဆောင်သော နာမ်ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ အလွန်တရာကျေးဇူးသိတတ်သူ၊ ဝါကျ၏ အဓိပ္ပာယ်မှာ ဤကဲ့သို့ ဖြစ်သည်။ အကြောင်းမှာ 'အိုင်ယာမွလ္လာဟ်'ဆိုသည်မှာ လွန်လေပြီးသော ဖြစ်စဉ်များ၊ ငြင်းဆန်သူများ၏ ပြစ်ဒဏ်၊ ၎င်းနောက် 'အဇာဗ်'နှင့် ပတ်သက်၍ဖြစ်စေ၊ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များ၊ ၎င်းနောက် ကျေးဇူးတော်များနှင့်

ပတ်သက်၍ဖြစ်စေ၊ ထိုလွန်လေခဲ့သော ဖြစ်ရပ်များတွင် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော်၊ ၎င်းနောက် နက်ရှိုင်းသော ဉာဏ်အမြော်အမြင်တော်၏ ကြီးမားသော လက္ခဏာများနှင့် အထောက်အထားများ တည်ရှိနေခြင်းသည် ထိုသို့သော သူအတွက်ဖြစ်သည်။ အကြင်သူသည် လွန်စွာ ခန္တီတရား ထားရှိသူ၊ ၎င်းနောက် အလွန်တရာ ကျေးဇူးသိတတ်သူ ဖြစ်သည်။

အလိုသဘောမှာ ဤသို့ဖြစ်သည်။ ဤပေါ်လွင်ရှင်းလင်းသော နိမိတ်လက္ခဏာများနှင့် အထောက်အထားများသည် စင်စစ်တွင် စဉ်းစားတွေးတောသူတိုင်း၏ 'ဟေဒါယသ်' လမ်းမှန်တရားရရန်အတွက် ဖြစ်သည်။ သို့သော် နဖူးစာဆိုးသော ကာဖိရ်များသည် ထိုအရာများတွင် စဉ်းစားတွေးတောမှုပင် မပြုကြချေ။ ထိုအရာများမှ မည်သည့်အကျိုးကျေးဇူးမျှလည်း မခံစားကြပေ။ သို့သော် အကျိုးကျေးဇူးကို ဤသို့သော သူများသာလျှင် ရယူခံစားကြသည်။ အကြင်သူများတွင် 'ဆွဗရ်' သည်းခံတရားနှင့် ကျေးဇူးသိတတ်မှုများ ပေါင်းစုနေလေသည်။ ဤသည်မှာ မုအ်မင်န်များကို ဆိုလိုနေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗိုင်ဟကီသည် ဟဇရသ်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်ချက်ဖြင့် သိရှိရသည်မှာ တမန်တော်မြတ် ﷺ အမိန့်ရှိခဲ့သည်။ အီမာန်၏ အစိတ်အပိုင်းနှစ်ခု ရှိသည်။ တစ်ခုမှာ 'ဆွဗရ်' ဖြစ်ပြီး ကျန်တစ်ခုမှာ ကျေးဇူးသိတတ်ခြင်းဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေမတ်စ်ဥူဒ် ﷺ သခင်က အမိန့်ရှိသည်မှာ 'ဆွဗရ်' သည် အီမာန်၏ ထက်ဝက်ဖြစ်သည်။ ၎င်းနောက် ဆွဟီးဟ်မွတ်စ္စလင်မ်နှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရသ်ဆိုဟိုင်းဗ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ က အမိန့်ရှိခဲ့သည်။ မုအ်မင်န်၏ အခြေအနေတိုင်းသည် အကောင်းချည်းသာလျှင် ၎င်းနောက် ကောင်းကျိုးများသာလျှင် ဖြစ်ပေသည်။ ၎င်းနောက် ဤအခြေအနေကို မုအ်မင်န်မှအပ အခြားမည်သူကိုမျှ ရရှိလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မုအ်မင်န်ကို အကယ်၍ 'နေအ်မသ်' စည်းစိမ် သို့မဟုတ် သိက္ခာတစ်စုံတစ်ရာ ရရှိပါက ထိုမုအ်မင်န်သည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ရှိမှု ပြုလေသည်။ အကြင်အရာသည် ထိုမုအ်မင်န်အတွက် သာသနာရေးရာနှင့် လောကီရေးရာတွင် ကောင်းကျိုးအကြောင်းခံများ ဖြစ်ရှိသွားလေသည်။ (ဒွန္နယာလောကတွင်မူ အသျှင်မြတ်၏ ကတိတော်နှင့်အညီ 'နေအ်မသ်' တော်များ ထပ်မံတိုးမြင့် ချီးမြှင့်မည် ဖြစ်သည်။ ၎င်းနောက် တည်တံ့စေမည်လည်း ဖြစ်သည်။ ၎င်းနောက် တမလွန်တွင် ထိုသူ၏ ကျေးဇူးသိတတ်မှု၏ ကြီးမားသော အစားကို ယင်းအား ရရှိမည်ဖြစ်သည်။) ၎င်းနောက် အကယ်၍ မုအ်မင်န်တစ်ဦးအား ဒုက္ခတစ်စုံတစ်ရာ ဘေးဗလာများနှင့် ရင်ဆိုင်ကြုံတွေ့ရသောအခါ ထိုဒုက္ခများအပေါ် သည်းခံမှု ထားလေသည်။ ထိုမုအ်မင်န်၏ သည်းခံတရား ထားရှိမှုကြောင့် ယင်းဘေးဒုက္ခများသည်လည်း ၎င်းအတွက် 'နေအ်မသ်' နှင့် စည်းစိမ်၏ အကြောင်းခံ ဖြစ်ရှိသွားလေသည်။ (ဒွန္နယာလောကတွင် ဤသို့ သည်းခံတရား ထားရှိသူကို အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှု ရရှိလေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် လာရှိသည်မှာ-

إِنَّ اللهَ مَعَ الصَّابِرِيْنَ

၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် ၎င်းနှင့်အတူ ရှိပါက နောက်ဆုံးရလဒ်တွင် ဒုက္ခသည်လည်း စည်းစိမ်ဖြင့် ပြောင်းလဲသွားပေသည်။ ၎င်းနောက် တမလွန်တွင်လည်း ဤသို့ပင် 'ဆွဗရ်' ၏

ကြီးမားသော အစားသည် အသျှင်မြတ်၏ ထံပါးတွင် အတိုင်းအဆမရှိ ရရှိမည်ဖြစ်သည်။ ပမာဆိုရသော် ကျမ်းတော်မြတ်ကုရ်အာန်တွင် လာရှိသည်မှာ-

إِنَّمَا يُوَفَّى الصَّٰبِرُونَ أَجْرَهُم بِغَيْرِ حِسَابٍ

ဟူ၍ ဖြစ်သည်။ အနှစ်ချုပ်အလိုသဘောမှာ ဤသို့ဖြစ်သည်။ အကြောင်းမှာ မုအ်မင်န်၏ မည်သည့် အခြေအနေမှ မကောင်းသည်ဟူ၍ မရှိပေ။ အကောင်းချည်းသာလျှင် ဖြစ်သည်။ ထိုအရာသည် နိမ့်ကျသွားလျှင်လည်း ပြန်တိုးတက်လာသည်။ ၎င်းနောက် ပျက်စီးသွားလျှင်လည်း ပြန်လည် ကောင်းမွန်လာသည်။

အီမာန်သည် ဤသို့သော ရတနာတစ်ပါး ဖြစ်သည်။ အကြင်အရာသည် ဘေးဗလာနှင့် ဒုက္ခကို လည်း စည်းစိမ်နှင့် 'နေ့အ်မသ်'ဖြင့် ပြောင်းလဲပစ်လိုက်လေသည်။ ဟဇရသ်အဗူဒါဝူးဒ် رضي الله عنه သခင်က အမိန့်ရှိသည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံမှ ကြားခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်က ဟဇရသ် အီစာ عليه السلام အား မိန့်တော်မူသည်မှာ ငါအသျှင်မြတ်သည် အသင်၏နောက်တွင် ဤကဲ့သို့သော အွမ္မသ်ထု တစ်ရပ်ကို ဖန်ဆင်းမည်ဖြစ်သည်။ အကယ်၍ ထိုသူတို့၏ စိတ်လိုအင်များ ပြည့်ဝခဲ့လျှင် ၎င်းနောက် လိုရာဆန္ဒအရ အလုပ်များ ဖြစ်ရှိသွားခဲ့လျှင် ထိုသူတို့သည် ကျေးဇူးတင်မှု ပြုကြလေသည်။ ၎င်းနောက် အကယ်၍ ထိုသူတို့၏ လိုအင်ဆန္ဒများနှင့် ဆန့်ကျင်၍ မနှစ်သက်၊ မလိုလားသော အခြေအနေနှင့် ရင်ဆိုင် ရပါက ထိုသူတို့သည် ယင်းကို ကုသိုလ်၏ အကြောင်းခံဟု မှတ်ယူကာ 'ဆွဗရ်'ပြုကြပေလိမ့်မည်။ ၎င်းနောက် ဤအမြော်အမြင်ရှိမှုနှင့် သည်းခံမှုတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ဉာဏ်နှင့် သည်းခံမှု၏ ရလဒ် များမဟုတ်ဘဲ ငါအသျှင်မြတ်သည် ယင်းတို့ကို မိမိ၏ အိလ်မ်နှင့် ခန္တီတရား၏ အစိတ်အပိုင်းတစ်ခု ချီးမြှင့် ပေးအပ်လိုက်ခြင်း ဖြစ်သည်။ *[မဇွ်ဟရီကျမ်း]*

ကျေးဇူးသိတတ်မှု၏ အနှစ်သာရမှာ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော 'နေ့အ်မသ်'တော် များကို ထိုအသျှင်မြတ်အား အမိန့်ဖီဆန်ခြင်းနှင့် 'ဟရာမ်'မပြုပိုင်သော လုပ်ငန်းများတွင် အသုံးမချခြင်း ဖြစ်သည်။ ၎င်းနောက် နှုတ်လျှာဖြင့် အသျှင်မြတ်၏ ကျေးဇူးတင်မှုပြုကာ၊ ၎င်းနောက် မိမိ၏ 'အမလ်' လုပ်ရပ်များကိုလည်း ထိုအသျှင်မြတ်၏ သဘောဆန္ဒနှင့်အညီ ပြုလုပ်ကျင့်ဆောင်ခြင်း ဖြစ်သည်။

၎င်းနောက် 'ဆွဗရ်'၏ အနှစ်သာရမှာ စိတ်လိုအင်နှင့် ဆန့်ကျင်သော ကိစ္စရပ်များအပေါ် စိတ်သောက မထားဘဲ မိမိ၏ ပြောဆိုလုပ်ကိုင်မှုတွင် ကျေးဇူးကန်းခြင်းမှ ရှောင်ခြင်းဖြစ်သည်။ ၎င်းနောက် အလ္လာဟ် အသျှင်မြတ်၏ 'ရဟ်မသ်'တော်ကို လောကတွင်လည်း မျှော်လင့်နေခြင်းဖြစ်သည်။ ၎င်းနောက် တမလွန်တွင် 'ဆွဗရ်'၏ ကြီးမားသော ရလဒ်ရရှိမည်ကိုလည်း ယုံကြည်ခြင်းဖြစ်သည်။

ဒုတိယအာယသ်တော်တွင် အထက်ပါအကြောင်းအရာ၏ ထပ်ဆင့် ရှင်းလင်းချက်များ တင်ပြ ထားပေသည်။ အကြောင်းမှာ ဟဇရသ်မူစာ عليه السلام အား အမိန့်ပေးခြင်း ခံခဲ့ရသည်။ မူစာ عليه السلام သည် မိမိ၏ မျိုးနွယ်ဗနီအိစ်ရာအီးလ်ကို အလ္လာဟ်အသျှင်မြတ်၏ ဤထူးခြားသော 'နေ့အ်မသ်'တော်များကို သတိပေးလေသည်။ အဘယ်သို့ဆိုသော် တမန်တော်မူစာ عليه السلام ၏ အလျှင် ဖိရ်အောင်န်ဘုရင်ကြီးသည် ၎င်းတို့အား နိုင်ထက်စီးနင်း ကျေးကျွန်ဘဝသို့ ရောက်စေခဲ့သည်။ ၎င်းနောက် ထိုကျေးကျွန်များကိုလည်း

လူမှုကျင့်ဝတ်နှင့်အညီ မဆက်ဆံခဲ့ပေ။ ၎င်းတို့တွင် သားယောကျ်ားလေး မွေးဖွားလျှင် သတ်ဖြတ်စေခဲ့သည်။ ၎င်းနောက် သမီးမိန်းကလေးများကိုသာလျှင် မိမိအား အလုပ်အကျွေးပြုရန် မွေးမြူထိန်းသိမ်းထားလေသည်။ တမန်တော်မူစာ ﷺ ပွင့်တော်မူပြီးနောက် ၎င်း၏ 'ဗရ်ကသ်' မင်္ဂလာဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင်များအား ဖိရ်အောင်န်၏ ဘေးရန်မှ ကယ်တင်ခဲ့သည်။

ကျေးဇူးသိတတ်ခြင်းနှင့် ကျေးဇူးကန်းခြင်းတို့၏ ရလဒ်များ

وَاِذْتَاذَّنَ رَبُّكُمْ لَئِنْ شَكَرْتُمْ لَاَزِيْدَنَّكُمْ وَلَئِنْ كَفَرْتُمْ اِنَّ عَذَابِىْ لَشَدِيْدٌ

تَاذَّنَ ဟူသော စာသားသည် ခွင့်ပြုခြင်း၊ ၎င်းနောက် အသိပေးကြေညာခြင်းဟူသော အဓိပ္ပာယ်ရသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤစကားသည်လည်း မှတ်သားဖွယ်ရာဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အားလုံးကို အသိပေး ကြေညာလျက်ရှိသည်။ အကယ်၍ အသင်တို့သည် ငါအသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို ငါအသျှင်မြတ်၏ အမိန့်ဖီဆန်မှုများနှင့် မပြုပိုင်သော ကိစ္စရပ်များတွင် အသုံးမချဘဲ ကျေးဇူးတရား သိတတ်မည်ဆိုလျှင် ၎င်းနောက် မိမိတို့၏ ကျင့်ကြံမှုများကို ငါအသျှင်မြတ်၏ သဘောဆန္ဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် ငါအသျှင်မြတ်သည် ထို 'နေ့အ်မသ်' တော်များကို သာ၍ တိုးပွားစေမည် ဖြစ်သည်။ ထို 'နေ့အ်မသ်'တော်များ၏ တိုးပွားခြင်းသည် အရေအတွက် အတိုင်းအတာကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သလို အမြဲတစေ တည်ရှိနေခြင်းကိုလည်း ဆိုလိုသည်ဟု တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ မဗ္ဗဟရီကျမ်းတွင် အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ အိဗ်နေမွရ်ဒဝီယာ၏ ဆင့်ပြန်ချက်တွင် အကြင်သူသည် 'ရှုကွရ်' ပြုရန် 'သောင်ဖီးကျ်' စွမ်းအား ရရှိခဲ့ပါလျှင် ထိုသူသည် မည်သည့်အခါမျှ 'နေ့အ်မသ်'တော်များတွင် 'ဗရ်ကသ်' ဖြစ်ခြင်းနှင့် တိုးပွားခြင်းတွင် လက်မဲ့ဖြစ်မည် မဟုတ်ပေ။

၎င်းနောက် မိန့်တော်မူသည်မှာ အကယ်၍ အသင်တို့သည် ငါအသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို ကျေးဇူးကန်းမည်ဆိုလျှင် ငါအသျှင်မြတ်၏ 'အဇားဗ်' ပြစ်ဒဏ်သည်လည်း ပြင်းထန်လှပေသည်။ ကျေးဇူးကန်းခြင်းဟူသည် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို အသျှင်မြတ်၏ အမိန့်ဖီဆန်ရာ၌ ၎င်းနောက် မပြုပိုင်သော ကိစ္စရပ်များ၌ သုံးစွဲခြင်း ဖြစ်သည်။ သို့မဟုတ် အသျှင်မြတ် ချမှတ်ထားသော 'ဖွရ်ဒ်' တာဝန်များနှင့် 'ဝါဂျိဗ်' တာဝန်များကို ထမ်းဆောင်ရာတွင် ပေါ့လျော့ခြင်းဖြစ်သည်။ ၎င်းနောက် 'နေ့အ်မသ်' တော်များကို ကျေးဇူးကန်းခြင်းဖြင့် ဒွန္နယာလောကတွင်လည်း သက်ရောက်နိုင်သည်။ အကြောင်းမှာ ဤ 'နေ့အ်မသ်'တော်များ ရုပ်သိမ်းခံရမည်ဖြစ်သည်။ သို့မဟုတ် ထို 'နေ့အ်မသ်'တော်များမှ အကျိုးအမြတ် မခံစားနိုင်ရလောက်အောင် ဘေးဒုက္ခထဲတွင် နစ်မွန်းနေလိမ့်မည်ဖြစ်သည်။ ၎င်းနောက် တမလွန်တွင်လည်း အပြစ်ပေးခံရမည်ဖြစ်သည်။

ဤနေရာတွင် မှတ်သားသင့်သည့် အချက်တစ်ချက်မှာ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ကျေးဇူးသိတတ်သူများကို အကျိုးစဝါးဓ်နှင့် 'နေအ်မသ်'တော်များ သာပို၍ ချီးမြှင့်မည်ဖြစ်ကြောင်း ကတိတော်ပြုထားသည်။ ၎င်းနောက် ထိုကတိတော်ကိုလည်း လေးနက်မှုပြသော စာသားကို သုံးနှုန်းကာ မိန့်တော်မူထားသည်မှာ-

لَاَزِيْدَنَّكُمْ

သို့သော် ယင်းနှင့် ဆန့်ကျင်ဘက် ကျေးဇူးကန်းသောသူများနှင့် ပတ်သက်၍

لَاُعَذِّبَنَّكُمْ

ဟူ၍ မိန့်ဆိုတော်မမူထားပေ။ ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် အသင်တို့အား မုချဧကန် 'အဇာဗ်' ပေးတော်မူမည်ဟု မဆိုထားပေ။ ငါအသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ် သက်ရောက်မှုသည်လည်း ပြစ်ဒဏ်ကျခံရသူများအပေါ်သို့ ပြင်းထန်ပေလိမ့်မည်ဟူ၍သာ ခြောက်လှန့်မိန့်ဆိုထားပေသည်။ ဤသို့ ထူးခြားစွာ သုံးနှုန်းမိန့်ဆိုထားခြင်းအရ သိရှိရသည်မှာ ကျေးဇူးကန်းသူတိုင်းအပေါ် မလွဲမသွေ 'အဇာဗ်'အပြစ်ဒဏ် သက်ရောက်မည်မဟုတ်ဘဲ ခွင့်လွှတ်ခံရမည့် အခွင့်အရေးများလည်း ရှိပေသည်။

قَالَ مُوْسٰى اِنْ تَكْفُرُوْا اَنْتُمْ وَمَنْ فِى الْاَرْضِ جَمِيْعًا ، فَاِنَّ اللهَ لَغَنِىٌّ حَمِيْدٌ

ဆိုလိုသည်မှာ တမန်တော်မူစာ عليه السلام သည် မိမိမျိုးနွယ်ဝင်များအား ပြောကြားခဲ့သည်မှာ အကယ်၍ အသင်တို့နှင့် မြေပထဝီပေါ်တွင် ရှိရှိသမျှ လူသားအားလုံး စုပေါင်းပြီး အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များကို ကျေးဇူးကန်ကြလျှင်လည်း အသင်တို့ မှတ်သားကြရန်မှာ ဤလုပ်ရပ်နှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်သည် မည်သို့မျှ ဆုံးရှုံးနစ်နာမည် မဟုတ်ပေ။ ထိုအသျှင်မြတ်သည် လူသားတို့ပြုသော ချီးမွမ်းထောပနာနှင့် ကျေးဇူးသိတတ်ခြင်း၊ ကျေးဇူးကန်းခြင်းများမှ တောင့်တမှုကင်းသော အသျှင်၊ ၎င်းနောက် မြင့်မြတ်တော်မူသော အသျှင်ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်သည် မိမိ၏ ဇာတိတော်အရ 'ဟမီးဒ်' ချီးမွမ်းခံထိုက်တော်မူသော အသျှင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်၏ ချီးမွမ်းထောပနာကို အသင်တို့ မပြုလျှင်လည်း အသျှင်မြတ်၏ ကောင်းကင်တမန်များနှင့် စကြဝဠာအတွင်းရှိ အမှုန်အမွှားများမှအစ အသျှင်မြတ်၏ ချီးမွမ်းထောပနာကို ပြုလျက်ရှိနေကြသည်။

'ရှုကွရ်'တရား၏ အကျိုးကျေးဇူးဟူသမျှမှာ အသင်တို့အတွက်သာလျှင် ဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတရား သိတတ်ရန် တိုက်တွန်းနေခြင်းသည် အသျှင်မြတ်၏ အကျိုးကျေးဇူးအတွက် မဟုတ်ဘဲ အသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်၏ အကြောင်းခံဖြင့် အသင်တို့ကိုပင် အကျိုးသက်ရောက်စေရန် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَلَمْ يَأْتِكُمْ نَبَؤُا الَّذِينَ مِن قَبْلِكُمْ
قَوْمِ نُوحٍ وَعَادٍ وَثَمُودَ ۛ وَالَّذِينَ مِن بَعْدِهِمْ ۛ لَا
يَعْلَمُهُمْ إِلَّا اللَّهُ ۚ جَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرَدُّوا
أَيْدِيَهُمْ فِي أَفْوَاهِهِمْ وَقَالُوا إِنَّا كَفَرْنَا بِمَا أُرْسِلْتُم بِهِ
وَإِنَّا لَفِي شَكٍّ مِّمَّا تَدْعُونَنَا إِلَيْهِ مُرِيبٍ ﴿٩﴾

၁၄ : ၉ ။ ။ အသင်တို့သည် အသင်တို့အလျင် ရှိခဲ့ကြဘူးသော နူးဟ်၏ အမျိုးသားများ၊ အားဒ်၏ အမျိုးသားများ၊ ဆမူးဒ်၏ အမျိုးသားများနှင့် ၎င်းတို့နောက်တွင် ရှိခဲ့ကြဘူးသော သူတို့၏ သတင်းသည် မရောက်ရှိခဲ့လေသလော။ ၎င်းတို့(၏ အသေးစိတ်ဖြစ်ရပ်များ) ကို အလ္လာဟ်အသျှင်မြတ်မှတစ်ပါး မည်သူမျှ (အတိအကျ) မသိပေ။ ၎င်းတို့ထံ ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများကို ယူဆောင်လာခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏ လက်များကို ယင်းရစူလ်တမန်တော်များ၏ ပါးစပ်ထဲသို့ (တစ်နည်း) မိမိတို့၏ ပါးစပ်ထဲသို့ ထိုးသွင်းခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့က (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ အကြင်အရာနှင့်တကွ စေလွှတ်ခြင်းခံကြရသော ထိုအရာ (အမိန့်တော်) ကို ငြင်းပယ်ခဲ့ကြလေပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် အသင်တို့ ကျွန်ုပ်တို့အား ထိုအရာဘက်သို့ ဖိတ်ခေါ်လျက်ရှိသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ ယုံမှားသံသယဖြစ်စေသော ဒွိဟဋ္ဌပင် ဧကန်မလွဲ ရှိကြကုန်သည်။

قَالَتْ رُسُلُهُمْ
أَفِي اللَّهِ شَكٌّ فَاطِرِ السَّمَاوَاتِ وَالْأَرْضِ ۖ يَدْعُوكُمْ
لِيَغْفِرَ لَكُم مِّن ذُنُوبِكُمْ وَيُؤَخِّرَكُمْ إِلَىٰ أَجَلٍ مُّسَمًّى ۚ
قَالُوا إِنْ أَنتُمْ إِلَّا بَشَرٌ مِّثْلُنَا تُرِيدُونَ أَن تَصُدُّونَا
عَمَّا كَانَ يَعْبُدُ آبَاؤُنَا فَأْتُونَا بِسُلْطَانٍ مُّبِينٍ ﴿١٠﴾

၁၄ : ၁၀ ။ ။ ၎င်းတို့၏ ရစူလ်တမန်တော်များက (၎င်းတို့အား) အသို့ပါနည်း။ (အသင်တို့၌) 'အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ဒွိဟသံသယ ရှိနေပါသလော။ (ထိုအသျှင်မြတ်သည်) မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် အသင်တို့အား အသင်တို့၏ ပြစ်မှုများမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူရန်အလို့ငှာလည်းကောင်း၊ အသင်တို့၏ အပြစ်ဒဏ်ကို ကန့်သတ်ထားသော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းတော်မူရန် အလို့ငှာလည်းကောင်း ဖိတ်ခေါ်တော်မူလေသည်' ဟု ပြောဆိုဖြေကြားခဲ့လေသည်။ (ထိုအခါ) ၎င်းတို့က (မိမိတို့၏ ရစူလ်တမန်

တော်များအား) 'အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားမျှသာ ဖြစ်ကြပေသည်။ အသင်တို့သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးများ ကိုးကွယ်လျက် ရှိခဲ့ကြသည်တို့မှ ပိတ်ပင်တားဆီးရန် ကြံရွယ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်တို့ထံ ထင်ရှားသော တန်ခိုးတော်ကို ယူဆောင်ခဲ့ကြလေကုန်' ဟု (တုန့်ပြန်) ပြောဆိုခဲ့ကြလေသည်။

قَالَتْ لَهُمْ رُسُلُهُمْ إِن نَّحْنُ إِلَّا بَشَرٌ مِّثْلُكُمْ وَلَٰكِنَّ اللَّهَ يَمُنُّ
عَلَىٰ مَن يَشَاءُ مِنْ عِبَادِهِ ۖ وَمَا كَانَ لَنَا أَن نَّأْتِيَكُم بِسُلْطَانٍ
إِلَّا بِإِذْنِ اللَّهِ ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١١﴾

၁၄ : ၁၁ ။ ။ ၎င်းတို့အား ၎င်းတို့၏ ရစူလ်တမန်တော်များက (ဤသို့) ပြောဆိုဖြေကြားခဲ့လေသည်။ '(အချင်းတို့) ငါတို့သည် အမှန်ပင် အသင်တို့ကဲ့သို့ လူသားများသာ ဖြစ်ကြပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိကျွန်များ အနက်မှ မိမိအလိုရှိတော်မူသော သူ၏အပေါ်၌ ကျေးဇူးပြုတော်မူလေ့ ရှိပေသည်။ စင်စစ်မှာမူ ငါတို့၌ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်မှအပ အသင်တို့ထံ တန်ခိုးတော်တစ်စုံတစ်ရာကို ယူဆောင်လာကြရန် အခွင့်အာဏာ (လုံး၀) မရှိပေ။ အမှန်စင်စစ် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် အားကိုးအားထား ယုံပုံလွှဲအပ်ကြရာကုန်သည်။

وَمَا لَنَا أَلَّا نَتَوَكَّلَ عَلَى اللَّهِ وَقَدْ هَدَانَا سُبُلَنَا ۚ وَلَنَصْبِرَنَّ عَلَىٰ مَا
آذَيْتُمُونَا ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ ﴿١٢﴾

၁၄ : ၁၂ ။ ။ စင်စစ် 'ငါတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ် ယုံပုံလွှဲအပ်ထားခြင်း မပြုကြရန် ငါတို့၌ မည်သည့် အကြောင်း ရှိပါသနည်း။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် ငါတို့အား ငါတို့၏ (အကျိုးဖြစ်ထွန်းစေမည့်) လမ်းများကို ညွှန်ကြားပြသတော်မူခဲ့လေသည်။ ၎င်းပြင် ငါတို့အား အသင်တို့ ဘေးဒုက္ခပေးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ ငါတို့သည် [illegible] သည်းခံကြပေလိမ့်မည် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အမှန်စင်စစ် ယုံပုံလွှဲအပ် အားကိုးအားထား ပြုလိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ် အားကိုးအားထား ပြုလုပ်ကြရာကုန်သည်။'

وَقَالَ الَّذِينَ
كَفَرُوا لِرُسُلِهِمْ لَنُخْرِجَنَّكُم مِّنْ أَرْضِنَا أَوْ لَتَعُودُنَّ فِي مِلَّتِنَا ۖ
فَأَوْحَىٰ إِلَيْهِمْ رَبُّهُمْ لَنُهْلِكَنَّ الظَّالِمِينَ ﴿١٣﴾

၁၄ : ၁၃ ။ ။ ထို့ပြင် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည် မိမိတို့၏ ရစူလ်တမန်တော်များအား 'ကေန် မလွဲ ကျွန်ုပ်တို့သည် အသင်တို့အား ကျွန်ုပ်တို့၏ မြို့ရွာနယ်မြေအတွင်းမှ မုချနှင်ထုတ်ကြပေမည်။ သို့တည်းမဟုတ် အသင်တို့

သည် ကျွန်ုပ်တို့၏ သာသနာထဲသို့ မုချ ပြန်ဝင်ကြရလိမ့်မည်'ဟု ပြောဆို (ခြိမ်းခြောက်) ခဲ့လေသည်။ ထိုအခါ ရစူလ်တမန်တော်များထံ ၎င်းတို့၏ အသျှင်မြတ်က (ဤသို့) 'ဝဟီ'အမိန့်တော် ပို့တော်မူခဲ့လေသည်။ 'ဧကန်မလွဲ ငါအသျှင်မြတ် မတရားမှုပြုမူသော သူတို့အား မုချ ပျက်စီးစေတော်မူမည်။'

وَلَنُسْكِنَنَّكُمُ الْأَرْضَ مِنْۢ بَعْدِهِمْ ۚ ذٰلِكَ لِمَنْ خَافَ مَقَامِيْ وَخَافَ وَعِيْدِ ﴿١٤﴾

၁၄ : ၁၄ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့ မရှိကြသည့်နောက်တွင် အသင်တို့အား မြို့ရွာနယ်မြေ၌ အမှန်ပင် နေရာချ၍ ပေးတော်မူမည်။ ဤ (ကတိဝန်ခံချက်) သည် ငါအသျှင်မြတ်၏ ရှေ့တော်မှောက်တွင် မတ်တတ်ရပ်ရမည်ကို စိုးရိမ်သော သူ၏အဖို့လည်းကောင်း၊ ငါအသျှင်မြတ် ချိန်းချက်ထားတော်မူသော ပြစ်ဒဏ်ကို ကြောက်ရွံ့သော သူ၏အဖို့ လည်းကောင်း ဖြစ်ပေသည်။

وَاسْتَفْتَحُوْا وَخَابَ كُلُّ جَبَّارٍ عَنِيْدٍ ﴿١٥﴾

၁၄ : ၁၅ ။ ။ ယင်း (ရစူလ်တမန်တော်၊ သို့မဟုတ် ကာဖိရ်သွေဖည်ငြင်းပယ်ကြသော) သူတို့သည် အကူအညီ သို့မဟုတ် အဆုံးအဖြတ်ကို တောင်းခံကြလေသည်။ ထိုအခါ ခေါင်းမာသော၊ မောက်မာသောသူ အသီးသီးတို့သည် ရည်ရွယ်ချက် (မအောင်မြင်၍) ပျက်စီးဆုံးပါးခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ မက္ကာဟ်မြို့မှ ကာဖိရ်အပေါင်းတို့) အသင်တို့သည် ထိုသူတို့ (၏ အကြောင်းအရာများနှင့် ပတ်သက်၍) အကြမ်းဖျင်းမျှလောက်ပင်) သတင်းမရရှိလေခဲ့သလော။ အကြင်သူတို့သည် အသင်တို့အလျှင် တည်ရှိခဲ့ကြသည်။ ဆိုလိုသည်မှာ နူးဟ် ﷺ ၏ မျိုးနွယ်စုနှင့် အားဒ်အုပ်စု (ဟူးဒ်မျိုးနွယ်စု) ၎င်းနောက် စမူးဒ်မျိုးနွယ်အုပ်စု (ဆိုလိုသည်မှာ ဆွာလေ့ဟ် ﷺ ၏ မျိုးနွယ်အုပ်စု) ၎င်းနောက် ထိုသူတို့နောက်မှ ပေါက်ဖွားလာသော အုပစုများ၊ ၎င်းတို့ (၏ အခြေအနေအရပ်ရပ်) ကို အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမျှ မသိရှိခဲ့ကြပေ။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အခြေအနေအကျယ်တဝင့်ကို ရေးမှတ်ဆင့်ပြန်ခဲ့ခြင်း မရှိပေ။ ထိုအကြောင်းအရာများမှာ ဤသို့ဖြစ်သည်။) ၎င်းတို့၏ တမန်တော်သည် ၎င်းတို့ထံ အထောက်အထားများ ယူဆောင်လာခဲ့ရာ ထိုမျိုးနွယ်စုများ (အနက်မှ ငြင်းဆန်သူတို့သည်) မိမိတို့၏ လက်များကို ထိုတမန်တော်၏ ပါးစပ်တွင် ကပ်လိုက်ကြသည်။ (ဆိုလိုသည်မှာ လက်ခံရန်မဆိုထားနှင့်၊ ပြောဆို၍မရအောင်ပင် ကြိုးပမ်းခဲ့ကြသည်။) ၎င်းနောက် ပြောဆိုကြသည်မှာ (အသင်တို့၏ ထင်မြင်ယူဆချက်အရ) အသင်တို့အား အမိန့်ပေးကာ စေလွှတ်လိုက်သော အရာ (ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တရားနှင့် အီမာန်) ကို ကျွန်ုပ်တို့ ငြင်းပယ်သည်၊ ကျွန်ုပ်တို့အား အသင်တို့ ဖိတ်ခေါ်နေသည့် အကြောင်းအရာဘက်သို့ (ဆိုလိုသည်မှာ ထို 'သောင်ဟီးဒ်'တရားနှင့် အီမာန်ကိုပင်) ကျွန်ုပ်တို့သည် ယင်းကိစ္စကို လွန်စွာ သံသယဖြစ်လျက်

ရှိသည်။ ထိုအကြောင်းအရာသည် (ကျွန်ုပ်တို့ကို) ဒွိဟသံသယတွင် နစ်မွန်းထားစေသည်။ (ဆိုလိုရင်းမှာ 'သောင်ဖီးက်' တရားနှင့် 'ရိစာလသ်' တရား နှစ်မျိုးစလုံးကို ငြင်းဆန်ခြင်းဖြစ်သည်။ 'သောင်ဟီးဒ်' တရားကို ငြင်းဆန်ခြင်းကား ပေါ်လွင်နေပေသည်။ ၎င်းနောက် 'ရိစာလသ်' တရားကို ငြင်းဆန်ခြင်းမှာ تَدْعُوْنَا ဟူသော စာသားအရ သိရှိရသည်။ ယင်း၏ အလိုသဘောမှာ အသင်သည် မိမိသဘောဖြင့်သာ 'သောင်ဟီးဒ်' တရားဘက်သို့ ဖိတ်ခေါ်နေခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ဘက်မှ တာဝန်ပေးခြင်းခံရသော ၎င်းနောက် စေလွှတ်ခြင်းခံရသောသူ မဟုတ်ပေ။)

ထိုသူတို့၏ တမန်တော်များသည် (အဖြေကြားသောအနေဖြင့်) မိန့်ဆိုကြသည်မှာ (အသင်တို့သည်) အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ (ဆိုလိုသည်မှာ ထိုအသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်းနှင့် ပတ်သက်၍) သံသယ (နှင့် ငြင်းဆိုခြင်း) ရှိနေကြပါသလော။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းထားတော်မူသော အသျှင် ဖြစ်သည်။ (ဆိုလိုသည်မှာ ထိုအရာများကို ဖန်ဆင်းထားခြင်းသည်ပင် ထိုအသျှင်မြတ်၏ အထောက်အထားတစ်ရပ်နှင့် တစ်ပါးတည်း တည်ရှိတော်မူခြင်း၏ အထောက်အထားတစ်ရပ် ဖြစ်လေသည်။ တစ်ဖန် ထိုအထောက်အထားရှိနေပါလျက် သံသယထားရှိခြင်းသည် လွန်စွာ အံ့သြဖွယ်ကောင်းလှပေသည်။ ၎င်းနောက် အသင်တို့သည် 'သောင်ဟီးဒ်' တရားဘက်သို့ ဖိတ်ခေါ်ခြင်းကို ကျွန်ုပ်တို့ဘက်မှ တီထွင်ပြောဆိုသည်ဟု ယတိပြတ် စွပ်စွဲပြောဆိုခြင်းသည်လည်း မှားယွင်းမှုတစ်ခုသာ ဖြစ်သည်။ 'သောင်ဟီးဒ်' တရားသည် မှန်ကန်ခြင်းကြောင့် အကယ်၍ တစ်ဦးတစ်ယောက်က မိမိအထင်ဖြင့်သာ စဉ်းစားတွေးခေါ်ကာ ထို 'သောင်ဟီးဒ်' ဘက်သို့ ဖိတ်ခေါ်မည်ဆိုလျှင်လည်း ဖိတ်ခေါ်ထိုက်သော ၎င်းနောက် လျော်ကန်သော လုပ်ရပ်သာ ဖြစ်သည်။ သို့သော် အသင်တို့ အငြင်းဝင်လျက်ရှိသော ကျွန်ုပ်တို့၏ ဖိတ်ခေါ်မှုသည်ကား အလ္လာဟ်အသျှင်မြတ်၏ အမိန့်အရ ဖြစ်သည်။ သို့ရှိရာ) ထိုအသျှင်မြတ် (သာလျှင်) အသင်တို့အား ('သောင်ဟီးဒ်' တရားဘက်သို့) ဖိတ်ခေါ်လျက် ရှိသည်။ သို့မှသာ (ထိုဖိတ်ခေါ်မှုကို လက်ခံသော 'ဗရ်ကသ်' မင်္ဂလာဖြင့်) အသင်တို့၏ (လွန်လေပြီးသော) အကုသိုလ်များကို ခွင့်လွှတ်တော်မူရန် ဖြစ်သည်။ ၎င်းနောက် (အသင်တို့ ဘဝသက်တမ်း၏) သတ်မှတ်ထားသော အချိန်ကာလအထိ အသင်တို့အား (ကောင်းချီးမင်္ဂလာများဖြင့်) ရှင်သန်စေရန် ဖြစ်သည်။ (အလိုသဘောမှာ 'သောင်ဟီးဒ်' တရားသည် ပင်ကိုယ်မူလ မှန်ကန်မှုရှိသည့်အပြင် လောကီလောကုတ္တရာ နှစ်ဌာနတွင် အသင်တို့အတွက် အကျိုးရှိသောအရာလည်း ဖြစ်သည်။ ၎င်းနောက် ဤဖြေကြားမှုတွင် အကြောင်းအရာနှစ်ရပ်စလုံးနှင့် ပတ်သက်သော အဖြေပါရှိပေသည်။ اَفِى اللّٰهِ شَكٌّ တွင် 'သောင်ဟီးဒ်' တရားနှင့် ပတ်သက်၍လည်းကောင်း၊ يَدْعُوْكُمْ တွင် 'ရိစာလသ်' တရားနှင့် ပတ်သက်၍လည်းကောင်း၊ ဥပမာဖွင့်ဆိုချက် အနှစ်ချုပ်တွင် ပေါ်လွင်လျက်ရှိသည်။)

တစ်ဖန် ထိုသူတို့သည် (ထိုအကြောင်းအရာနှစ်ရပ်နှင့် ပတ်သက်ပြီး စကားကို ပြန်လည်စတင်ပြောဆိုသည်။ ၎င်းနောက်) ပြောကြားသည်မှာ အသင်တို့သည် (တမန်တော်များမဟုတ်) ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးပင် ဖြစ်သည်။ (၎င်းနောက် လူသားတစ်ဦးသည် တမန်တော်မဖြစ်နိုင်ပေ။ သို့သာမက)

အသင်တို့သည် (မိမိတို့အတွေးဖြင့်သာ) လိုလားနေကြသည်မှာ ကျွန်ုပ်တို့၏ ဘိုး၊ ဘေးများ ကိုးကွယ်ခဲ့ကြသော အရာဝတ္ထုများမှ (ဆိုလိုသည်မှာ ရုပ်တုများမှ) ကျွန်ုပ်တို့အား တားမြစ်ရန်ဖြစ်သည်။ ထို့ကြောင့် (အကယ်၍ တမန်တော်ဖြစ်ကြောင်း ကြွေးကြော်မည်ဆိုလျှင် အထက်ပါ အထောက်အထားများနှင့် သက်သေလက္ခဏာများအပြင် အခြား) ထင်ရှားသော 'မုအ်ဂျေဇာဟ်' တစ်ခုခု ပြသလော။ (ယင်းမှာ ယခင် 'မုအ်ဂျေဇာဟ်' များထက် ပို၍ ရှင်းလင်းပြတ်သားရမည်။ ဤစကားရပ်တွင် 'နဗူဝသ်' နှင့် ပတ်သက်ပြီး အငြင်းပွားနေကြောင်း ထင်ရှားနေပေသည်။ ၎င်းနောက် يَعْبُدُ اٰبَآؤُنَا တွင် 'သောင်ဟီးဒ်' တရားနှင့် ပတ်သက်ပြီး အငြင်းပွားမှုကို ရည်ညွှန်းထားသည်။ ဆိုလိုသည်မှာ ရှုရှစ်ကိတုဖက်နိုင်းယှဉ်ခြင်း၏ မှန်ကန်မှု အထောက်အထားမှာ ကျွန်ုပ်တို့၏ အကြီးအကဲများသည် ထိုလုပ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။) ၎င်းတို့၏ တမန်တော်များက (ဖြေကြားသည့်အနေဖြင့်) မိန့်ဆိုသည်မှာ (အသင်တို့၏ ပြောကြားမှုတွင် ကဏ္ဍာပေါင်းများစွာ ရှိသည်။ ဘိုး၊ ဘေးတို့၏ လုပ်ရပ်ကို ထောက်ထားပြီး 'သောင်ဟီးဒ်' တရားကို ငြင်းဆန်ခြင်း၊ 'နဗူဝသ်' ကို ငြင်းဆန်ကာ ယခင် 'မုအ်ဂျေဇာဟ်' များအပြင် ထပ်မံ၍ ရှင်းလင်းသော 'မုအ်ဂျေဇာဟ်' များ တောင်းဆိုခြင်း၊ ပထမအကြောင်းအရာနှင့် ပတ်သက်၍ အဖြေမှာ

فَاطِرِ السَّمٰوٰتِ الْاَرْضِ

တွင် ပါရှိလေသည်။ အဘယ်ကြောင့်ဆိုသော် အသိဉာဏ်နှင့် ကိုက်ညီသော အထောက်အထားရှေ့တွင် ဝေါဟာရ ထုံးတမ်းစဉ်လာများသည် မည်သို့မျှ အရာမဝင်ပေ။ ဒုတိယအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် လူသားတစ်ဦးဖြစ်ကြောင်း မိမိကိုယ်မိမိ ဝန်ခံကြပေလိမ့်မည်။ မုချဧကန်) ကျွန်ုပ်တို့သည်လည်း အသင်တို့ကဲ့သို့ လူသားများ ဖြစ်ကြသည်။ သို့သော် လူသားတစ်ဦးသည် တမန်တော် မဖြစ်နိုင်သည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် နဗီဖြစ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ မြင့်မားသော ကျေးဇူးတော်တစ်ရပ် ဖြစ်သည်။ ၎င်းနောက်) အလ္လာဟ်အသျှင်မြတ် (တွင် အာဏာရှိသည်။ အကြောင်းမှာ) မိမိဗန္ဒာဟ်များအနက်မှ အလိုရှိသူကို ကျေးဇူးပြုနိုင်သည်။ (၎င်းနောက် ထိုကျေးဇူးတရားကို လူသားများအပြင် အခြားအဖန်ဆင်းခံများကိုသာ သီးခြားချီးမြှင့်ရမည်ဟု မည်သည့်အထောက်အထားမျှ မရှိပေ။) ၎င်းနောက် (တတိယအကြောင်းအရာနှင့် ပတ်သက်၍ ပြောကြားလိုသည်မှာ ကြွေးကြော်ရန်အတွက် 'ယင်းတွင် 'နဗူဝသ်'၏ ကြွေးကြော်မှုလည်း ပါဝင်သည်။' အထောက်အထားတစ်ခုခုနှင့် သတ်မှတ်ချက်မရှိသော သက်သေလက္ခဏာတစ်ခုခု လိုအပ်သည်မှာ မှန်သည်။ ဥပမာ- 'နဗူဝသ်' ကို ကြွေးကြော်ရန် 'မုအ်ဂျေဇာဟ်' တော် လိုအပ်သည်။ ထို 'မုအ်ဂျေဇာဟ်' တော်ကိုလည်း ပြသခဲ့ပြီးဖြစ်သည်။ တစ်ဖန် သီးခြားအထောက်အထားနှင့် 'မုအ်ဂျေဇာဟ်' တော်အား အသင်တို့သည်

سُلْطَانٌ مُّبِيْنٌ

ဆိုလိုသည်မှာ 'ရှင်းလင်းသော အထောက်အထား' ဟု သုံးနှုန်းပြောဆိုနေကြသည်။ ဦးစွာပထမ ဖြေကြားလိုသည်မှာ) အလ္လာဟ်အသျှင်မြတ် အမိန့်မရှိဘဲ ကျွန်ုပ်တို့သည် အသင်တို့အား 'မုအ်ဂျေဇာဟ်' များ ပြသရန် လုပ်ပိုင်ခွင့်အာဏာသည် ကျွန်ုပ်တို့လက်ဝယ် မရှိပေ။

(သို့ရှိရာ အသင်တို့၏ သံသယများအားလုံးကို ဖြေကြားပြီးဖြစ်သည်။ အကယ်၍ အသင်တို့သည် လက်မခံသေးပါဟု ဆိုလျှင်လည်း ဆက်လက်၍ ဆန့်ကျင်ကြကုန်။ ကျွန်ုပ်တို့သည် အသင်တို့၏ ဆန့်ကျင်မှုကြောင့် ကြောက်ရွံ့လိမ့်မည်မဟုတ်။ သို့သာမက အလ္လာဟ်အသျှင်မြတ်အပေါ်သာ မှီခိုအားထားကြသည်) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်အပေါ်သို့သာ အီမာန်ရှင်များအားလုံးသည် မှီခိုအားထားသင့်ပေသည်။ (ကျွန်ုပ်တို့သည်လည်း အီမာန်ရှင်များ ဖြစ်ကြသည့်အလျောက် အီမာန်က တောင်းဆိုလျက်ရှိသော 'သဝလ်ကွလ်' မှီခိုအားထားခြင်းကို ကျွန်ုပ်တို့လည်း ရွေးချယ်လိုက်ကြပြီး) ၎င်းနောက် ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်အပေါ် မှီခိုအားထားမှု မပြုရန် အဘယ်အရာက တားမြစ်နိုင်မည်နည်း။ စင်စစ်တွင် ထိုအသျှင်မြတ်သည် (ကျွန်ုပ်တို့၏ အခြေအနေအရပ်ရပ်အပေါ် ကြီးမားသော ကျေးဇူးတရားများ ထားရှိသည်။ အဘယ်ကြောင့်ဆိုသော်) ကျွန်ုပ်တို့အား (နှစ်ဌာနစလုံးတွင် အကျိုးရှိမည့်) လမ်းများကို ပြသခဲ့သည်။ (ထိုသို့ ကျေးဇူးကြီးမားသော အသျှင်အား မုချဧကန် မှီခိုအားထားရမည်ဖြစ်သည်။) ၎င်းနောက် (ဤသို့ဖြင့် ပြင်ပအန္တရာယ်များမှ သောကကင်းဝေးသွားပြီး အတွင်းအန္တရာယ်များဖြစ်သော အသင်တို့၏ ဆန့်ကျင်မှုကြောင့် ခံစားရသည့် စိတ်ဒုက္ခကိုကား) အသင်တို့သည် (မုန်းတီးဆန့်ကျင်ကာ) ကျွန်ုပ်တို့အား ဒုက္ခပေးခဲ့သမျှကို 'ဆွဗရ်' သည်းခံတရား ထားရှိမည်ဖြစ်သည်။

(ဤသို့ဖြင့် အတွင်းအန္တရာယ်လည်း ရှိမည်မဟုတ်ပေ။ ထိုသည်းခံခြင်း၏ အလိုသဘောမှာလည်း 'သဝလ်ကွလ်' သာလျှင် ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အသျှင် မြတ်ကိုသာ မှီခိုအားထားကြသူများသည် (အမြဲတစေ) မှီခိုအားထားနေသင့်သည်။ ၎င်းနောက် (ထိုပြီးပြည့်စုံသော အထောက်အထားများအားလုံး တင်ပြပြီးသော်လည်း ကာဖိရ်များသည် သိမ်မွေ့ခြင်း မရှိခဲ့ပေ။ သို့သာမက) ထိုကာဖိရ်တို့သည် မိမိတို့၏ တမန်တော်များကို ပြောကြားကြသည်မှာ ကျွန်ုပ်တို့သည် အသင်တို့ကို မိမိတို့ဒေသမှ နှင်ထုတ်မည်ဖြစ်သည်။ ဤသို့မဟုတ်ပါက အသင်တို့သည် ကျွန်ုပ်တို့၏ သာသနာအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြလော့။ (ပြန်လည်ဝင်ရောက်လာရန် ပြောဆိုရခြင်း၏ အကြောင်းအရင်းမှာ 'နဗူဝသ်' မရမီအလျှင် စိတ်ငြိမ်နေမှုကို ကြည့်ပြီး ထိုကာဖိရ်တို့သည် ၎င်းတို့၏ ယုံကြည်ချက်သည်လည်း ငါတို့ကဲ့သို့ပင် ဖြစ်မည်ဟု ယူဆခဲ့သောကြောင့် ဖြစ်သည်။) ထို့ကြောင့် တမန်တော်များအပေါင်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်သည် နှစ်သိမ့်မှုရရန် 'ဝဟီ' ဗျာဒိတ်တော်မှာ ချပေးတော်မူခဲ့သည်မှာ (ဤမတတ်စွမ်းနိုင်သူများက အသင်တို့ကို အဘယ်ကြောင့် နှင်ထုတ်မည်နည်း။) ငါအသျှင်မြတ် (သာလျှင်) ထိုဆိုးသွမ်းသူများကို ဧကန်မုချ ဖျက်ဆီးပစ်မည်ဖြစ်သည်။ ထို့နောက် ၎င်းတို့ကို (ဖျက်ဆီးပြီး) နောက် အသင်တို့ကို ဤမြေပထဝီပေါ်တွင် နေထိုင်စေတော်မူမည်။ (၎င်းနောက်) ဤ (နေထိုင်စေတော်မူမည့် ကတိတော်သည် အသင်တို့ကိုသာ သီးခြားပေးတော်မူသည်မဟုတ်။ (သို့သာမက) ငါအသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ရပ်မည်ကို ကြောက်ရွံ့ကြသော၊ ၎င်းနောက် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့ကြသော သူတိုင်းအတွက် ဖြစ်သည်။

(အလိုသဘောမှာ မွတ်စ္စလင်မ်တိုင်းကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့၏ လက္ခဏာမှာ 'ကေယာမသ်' နေ့ကို ကြောက်ရွံ့ခြင်းနှင့် ပြစ်ဒဏ်ကို ကြောက်ရွံ့ခြင်းဖြစ်သည်။ 'အဇားဗ်' ပြစ်ဒဏ်မှ ကယ်တင်ရန်

ဤကတိတော်သည် ထိုမှတ်စွလင်မ်တိုင်းအတွက် ဖြစ်သည်။ ၄င်းနောက် (နဗီတမန်တော်များသည် အကြင် အကြောင်းအရာများကို ကာဖိရ်များအား တင်ပြရာ အသင်တို့သည် အထောက်အထားများ၏ ဆုံးဖြတ်ချက် ကို နားမထောင်ကြပေ။ ယခု 'အဇာဗ်' ပြစ်ဒဏ်နှင့်သာ ဆုံးဖြတ်ချက် ချရတော့မည်။ ဆိုလိုသည်မှာ 'အဇာဗ်' ပြစ်ဒဏ်ကျရောက်ပေတော့မည်။ သို့ရှိရာ ကာဖိရ်တို့သည် (အဆုံးမဲ့ ပညာမဲ့မှုနှင့် မုန်းတီးမှုများ တွင် နစ်မွန်းနေသောကြောင့် ထို 'အဇာဗ်' ကိုလည်း မကြောက်ရွံ့ကြချေ။ သို့သာမက ရဲရင့်မှု ပြည့်ဝစွာ ဖြင့် ထို) ဆုံးဖြတ်ချက်ကို လိုလားနေကြသည်။ (ဥပမာ- ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်

فَأْتِنَا بِمَا تَعِدُنَا

စသည်တို့ဖြင့် သိရှိနိုင်သည်။ ၄င်းနောက် (ထိုဆုံးဖြတ်ချက် ကျရောက်လာချိန်တွင်) ဆိုးသွမ်းသူများ (၄င်းနောက်) တစ်ယူသန် စိတ်ရှိသူအားလုံးတို့သည် (ထိုဆုံးဖြတ်ချက်တွင်) ဆုံးရှုံးကြရလေတော့သည်။ (ဆိုလိုသည်မှာ ပျက်စီးကြကုန် လေသည်။ ၄င်းနောက် ထိုသူတို့၏ ရည်ရွယ်ချက်ဖြစ်သော မိမိကိုယ်မိမိ လမ်းမှန်ပေါ်တွင် ရှိသည်ဟု ထင်မှတ်၍ အောင်နိုင်မှုကို လိုလားခြင်းကိုလည်း မရရှိခဲ့ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

مِّن وَرَآئِهِۦ جَهَنَّمُ وَيُسْقَىٰ مِن مَّآءٍ صَدِيدٍ ﴿١٦﴾

၁၄ : ၁၆ ။ ။ (ထို့နောက်) ၄င်း၏ရှေ့ဝယ် 'ဂျဟန္နမ်' ငရဲဘုံသည် ရှိနေပေသည်။ ထို့ပြင် ၄င်း (သူ) သည် ပြည်ပုပ်ရေ တိုက်ကျွေးခြင်းကို ခံရပေမည်။

يَتَجَرَّعُهُۥ وَلَا يَكَادُ يُسِيغُهُۥ وَيَأْتِيهِ ٱلْمَوْتُ مِن كُلِّ
مَكَانٍ وَمَا هُوَ بِمَيِّتٍ ۖ وَمِن وَرَآئِهِۦ عَذَابٌ غَلِيظٌ ﴿١٧﴾

၁၄ : ၁၇ ။ ။ ၄င်း (သူ) သည် ယင်းပြည်ပုပ်ရေကို တစ်ကျိုက်စီ တစ်ကျိုက်စီ သောက်မြိုရပေမည်။ သို့ရာတွင် ၄င်း (သူ) သည် ယင်းပြည်ပုပ်ရေကို လည်ချောင်းအောက် ခဲယဉ်းစွာ မြိုချရပေမည်။ ထို့ပြင် သေခြင်းတရားသည် အဘက်ဘက်မှ ၄င်း (သူ) ထံသို့ ရောက်ရှိလာပေမည်။ သို့ရာတွင် ၄င်းမှာ သေဆုံးနိုင်မည် မဟုတ်ပေ။ ထို့ပြင် ၄င်း (သူ) ၏ ရှေ့၌ ပြင်းထန်လှစွာသော (အခြား) ပြစ်ဒဏ်တစ်မျိုးလည်း ရှိပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အထက်ပါဆိုးသွမ်းပြီး တစ်ယူသန်သူတို့အား လောကတွင် 'အဇာဗ်' ပြစ်ဒဏ်ခံမည့်အပြင်) ရှေ့တွင် 'ဂျဟန္နမ်' ငရဲဘုံ (၏ အပြစ်ဒဏ်လည်း လာပေလိမ့်မည်) ဖြစ်သည်။ ၄င်းနောက် ထိုသူတို့ကို (ငရဲဘုံတွင်)

သွေးပြည် (ကဲ့သို့သော) ရေကို တိုက်ကျွေးမည်ဖြစ်သည်။ (အလွန်တရာ ရေငတ်မှုကြောင့်) အငမ်းမရ သောက်ကြလိမ့်မည်။ ၎င်းနောက် (အလွန်တရာ ပူလောင်ပြီး မနှစ်မြို့သောကြောင့်) လည်ချောင်းမှ လွယ်ကူစွာ ဆင်းနိုင်မည်မဟုတ်ပေ။ ၎င်းနောက် (လေးဘက်လေးရံမှ) ၎င်းအပေါ် အသက်အန္တရာယ် ကျရောက်မည့် (အရာများ) ရှိနေလိမ့်မည်။ ၎င်းနောက် ထိုငရဲသားသည် မည်သို့မျှ သေဆုံးနိုင်မည်မဟုတ်ပေ။ (သို့သာမက ဤသို့ပင် သေလုမျောပါး ရှိနေလိမ့်မည်။) ၎င်းနောက် ဤမျှသာမက အထက်ပါပြစ်ဒဏ် သည် ပုံစံတစ်မျိုးတည်းဖြင့် တည်ရှိနေမည်မဟုတ်ဘဲ) ထိုငရဲသားသည် ထိုထက်မက (ပို၍ ပို၍) ပြင်းထန် သော 'အဇားဗ်'ပြစ်ဒဏ်နှင့် (ပုံမှန်) ရင်ဆိုင်နေရသည်သာ ဖြစ်သည်။ (ဤသို့ ပုံသဏ္ဌာန်ပြောင်းလဲနေ မည်ဖြစ်သောကြောင့် အကျင့်သားရရန်လည်း အကြောင်းမရှိပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

مَثَلُ الَّذِينَ
كَفَرُوا بِرَبِّهِمْ أَعْمَالُهُمْ كَرَمَادٍ اشْتَدَّتْ بِهِ الرِّيحُ فِي يَوْمٍ عَاصِفٍ
لَا يَقْدِرُونَ مِمَّا كَسَبُوا عَلَىٰ شَيْءٍ ذَٰلِكَ هُوَ الضَّلَالُ الْبَعِيدُ ﴿١٨﴾

၁၄ : ၁၈ ။ ။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့၏ အကျင့်သီလ များ၏ ဥပမာသည် အကြင်ပြာနှင့် တူပေသည်။ ထိုပြာအား လေမုန်တိုင်းကျသော နေ့တွင် လေသည် ပြင်းထန်စွာ တိုက်ခတ် (လွင့်ပါး) စေခဲ့လေသည်။ ၎င်းတို့သည် မိမိ ရှာဖွေဆည်းခဲ့ကြသော အရာများအနက်မှ မည်သည့်တစ်စုံတစ်ရာ (အကျိုးကျေးဇူး) ကိုမျှ (ခံစားနိုင်ရန်) တတ်စွမ်းနိုင်ကြမည် မဟုတ်ပေ။ ဤသည်ပင်လျှင် အလွန်ဝေးစွာသော လမ်းမှားမှုပင် ဖြစ်ချေသည်။

أَلَمْ تَرَ أَنَّ اللَّهَ خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ إِنْ يَشَأْ يُذْهِبْكُمْ
وَيَأْتِ بِخَلْقٍ جَدِيدٍ ﴿١٩﴾

၁၄ : ၁၉ ။ ။ စကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို (တိကျ) မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်ကို အသင်သည် မမြင်ခဲ့လေသလော။ အကယ်၍သာ ထိုအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့ အား ဖယ်ရှားတော်မူ၍ အဖန်ဆင်းခံအသစ်ကို (အသင်တို့၏ အစား) ယူဆောင်လာတော်မူပေမည်။

وَمَا ذَٰلِكَ عَلَى اللَّهِ بِعَزِيزٍ ﴿٢٠﴾

၁၄ : ၂၀ ။ ။ စင်စစ် ယင်း (သို့ ပြုလုပ်ခြင်း) သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ (လုံးဝ) ခဲယဉ်းသည် မဟုတ်ပေ။

وَبَرَزُوا لِلَّهِ جَمِيعًا فَقَالَ الضُّعَفَٰٓؤُا لِلَّذِينَ اسْتَكْبَرُوٓا إِنَّا
كُنَّا لَكُمْ تَبَعًا فَهَلْ أَنتُم مُّغْنُونَ عَنَّا مِنْ عَذَابِ اللَّهِ مِن
شَيْءٍ ۚ قَالُوا لَوْ هَدَىٰنَا اللَّهُ لَهَدَيْنَٰكُمْ ۖ سَوَآءٌ عَلَيْنَآ أَجَزِعْنَآ أَمْ
صَبَرْنَا مَا لَنَا مِن مَّحِيصٍ ﴿٢١﴾

၁၄ : ၂၁ ။ ။ အမှန်စင်စစ် ၎င်းတို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ရောက်ရှိလာကြမည် ဖြစ်သည်။ ထိုအခါ အင်အားချည့်နဲ့သော (နောက်လိုက်) သူတို့က မောက်မာ ပလွှားခဲ့ကြသော (ရှေ့ဆောင်အကြီးအကဲ) သူတို့အား 'စင်စစ်မလွဲ ကျွန်ုပ်တို့သည် (လောကီဘဝ၌) အသင်တို့၏ နောက်လိုက်များသာ ဖြစ်ခဲ့ကြပေရာ (ယနေ့မှု) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်များအနက်မှ အနည်းငယ်မျှကိုပင် ကျွန်ုပ်တို့ထံမှ ဖယ်ရှားပေးနိုင်ကြပါသလော' ဟု ပြောဆို (မေးမြန်း) ကြပေမည်။ (ထိုအခါ) ၎င်းတို့က 'အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား (တရား) လမ်းမှန်ကို ညွှန်ပြတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်း အသင်တို့အား (တရား) လမ်းမှန်ကို ညွှန်ပြကြမည် ဖြစ်သည်။ (ယခုမူ) အသင်တို့ (ကဲ့သို့) ကျွန်ုပ်တို့သည် ငိုကြွေးကြသည်ဖြစ်စေ၊ သည်းခံကြသည်ဖြစ်စေ အသင်တို့ ကျွန်ုပ်တို့အဖို့မှာ အကြောင်းမထူးတော့ပြီ။ (မည်သို့ပင် ဖြစ်စေ) ကျွန်ုပ်တို့အဖို့မှာမူ ထွက်ပြေး (လွတ်မြောက်) ကြရန် မည်သည့်နေရာမျှ အလျဉ်းမရှိတော့ပြီ' ဟု ပြောဆိုဖြေကြားပေမည်။

وَقَالَ الشَّيْطَٰنُ لَمَّا قُضِيَ الْأَمْرُ
إِنَّ اللَّهَ وَعَدَكُمْ وَعْدَ الْحَقِّ وَوَعَدتُّكُمْ فَأَخْلَفْتُكُمْ ۖ وَمَا كَانَ
لِيَ عَلَيْكُم مِّن سُلْطَٰنٍ إِلَّآ أَن دَعَوْتُكُمْ فَاسْتَجَبْتُمْ لِي ۖ فَلَا
تَلُومُونِي وَلُومُوٓا أَنفُسَكُم ۖ مَّآ أَنَا بِمُصْرِخِكُمْ وَمَآ أَنتُم بِمُصْرِخِيَّ ۖ
إِنِّي كَفَرْتُ بِمَآ أَشْرَكْتُمُونِ مِن قَبْلُ ۗ إِنَّ الظَّٰلِمِينَ لَهُمْ
عَذَابٌ أَلِيمٌ ﴿٢٢﴾

၁၄ : ၂၂ ။ ။ ထို့နောက် (အလုံးစုံ) စီရင်ဆုံးဖြတ်၍ ပြီးသောအခါ ရှိုက်သွာန်သည် (ငရဲသားတို့အား ဤသို့) ပြောဆိုပေမည်။ (အို၊ ကျွန်ုပ်အား ပြစ်တင်ကဲ့ရဲ့သူအပေါင်းတို့) စင်စစ်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား မှန်ကန်သော

ကတိပေးခြင်းကို ကတိပေးတော်မူခဲ့၏။ ၎င်းပြင် ကျွန်ုပ်သည်လည်း အသင်တို့အား ကတိပေးခဲ့၏။ သို့ရာတွင် ကျွန်ုပ်သည် အသင်တို့အား (ပေးခဲ့သည့် ကတိကို) ဖောက်ဖျက်ခဲ့၏။ စင်စစ်မှာမူ ကျွန်ုပ်မှာ အသင်တို့အား ဖိတ်ခေါ်ခဲ့သည်မှအပ အသင်တို့အပေါ်၌ မည်သည့်သြဇာအာဏာ တစ်စုံတစ်ရာမျှပင် ရှိခဲ့သည်မဟုတ်ပေ။ (ကျွန်ုပ်သည်) ထို (ကဲ့သို့ ဖိတ်ခေါ်ခဲ့သော) အခါ အသင်တို့သည် ကျွန်ုပ် (၏ ဖိတ်ခေါ်ချက်) ကို သဘောတူ လက်ခံခဲ့ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်အား ပြစ်တင်ပုတ်ခတ်မည့် အစား မိမိတို့ကိုယ်ကိုသာလျှင် မိမိတို့ ပြစ်တင်ပုတ်ခတ်ကြလေကုန်။ (ယနေ့) ကျွန်ုပ်သည်လည်း အသင်တို့အား ကယ်ဆယ်မည့်သူမဟုတ်။ အသင်တို့သည်လည်း ကျွန်ုပ်အား ကယ်ဆယ်မည့်သူများ မဟုတ်ကြပေ။ အသင်တို့သည် ယခင်မူလက ကျွန်ုပ်အား (အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ်ခဲ့ကြသည်ကို ကျွန်ုပ် ငြင်းပယ်၏။ (အသင်တို့၏ ယှဉ်တွဲကိုးကွယ်မှုသည် ကျွန်ုပ်နှင့် မည်သို့မျှ မပတ်သက်။) ဧကန်အမှန် မတရားသော သူတို့၌ ပြင်းပြနာကျင်ဖွယ်ရာ ဖြစ်သော ပြစ်ဒဏ်သည် ရှိချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထိုကာဖိရ်တို့သည် မိမိတို့ လွတ်မြောက်မှုနှင့် ပတ်သက်၍ တွေးထင်နေကြသည်မှာ ငါတို့၏ ကျင့်ကြံမှုများသည် ငါတို့အား အကျိုးသက်ရောက်လိမ့်မည်။ ဤသို့ဆိုလျှင် ယင်းနှင့် ပတ်သက်၍ သတ်မှတ်ထားသော အခြေခံမှုကိုလည်း နားထောင်ကြကုန်။) အကြင်သူတို့သည် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ငြင်းဆန်ကြသော် ၎င်းတို့၏ ကျင့်ကြံမှုအရ ၎င်းတို့၏ အခြေအနေမှာ ဤသို့ ရှိသည်။ (ဆိုလိုသည်မှာ ၎င်းတို့၏ ကျင့်ကြံမှုများကို ပမာပေးသော်) ပြာမှုန့်များကဲ့သို့ ဖြစ်သည်။ (လွယ်ကူပေါ့ပါးစွာ လွင့်ပျံနိုင်သည်။) ယင်းကို မိုးသက်မုန်တိုင်း ပြင်းထန်သောနေ့တွင် လေပြင်းက တိုက်ခတ်ယူဆောင်သွားမည် ဖြစ်သည်။ (ထိုအခါ ထိုပြာမှုန့်၏ အရိပ်အရောင်ပင် ကျန်ရှိတော့မည်မဟုတ်ပေ။ ထိုနည်းတူစွာ) ၎င်းတို့ ပြုကျင့်ထားသော ကျင့်ကြံမှုများအနက် မည်သည့်အရာကိုမျှ (ဆိုလိုသည်မှာ မည်သည့် အကျိုးကျေးဇူးကိုမျှ) ရရှိနိုင်မည်မဟုတ်ပေ။ (ထိုပြာကဲ့သို့ပင် ပျောက်ပြယ် ပျက်စီးသွားမည်ဖြစ်သည်။) ဤသည်လည်း ဝေးလံခေါင်းတီးလှသော လမ်းများမှုတစ်ရပ်ဖြစ်လေသည်။ (အကြောင်းမှာ ငါတို့၏ ကျင့်ကြံမှုများသည် ကောင်းမွန်ပြီး အကျိုးရှိမည်ဟု ထင်မြင်ချက်ရှိပြီး အမှန်တကယ် ပေါ်လွင်ထင်ရှားလာသည်မှာ မကောင်းမှုနှင့် ဆိုးကျိုးများဖြစ်သည်။ ဥပမာ- ရုပ်တုများကို ကိုးကွယ်ခြင်း၊ ၎င်းတို့အတွက် အကျိုးမခံစားနိုင်သော လုပ်ရပ်များ။ (ဥပမာ- သူကောင်းပြုခြင်းနှင့် ဆွေမျိုးသားချင်းများ အား အဆက်အသွယ်ထားခြင်း) စသည်တို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အမှန်တရားနှင့် လွန်စွာ ဝေးကွာလျက် ရှိနေကြသည်။ ထို့ကြောင့် အထက်ပါနည်းလမ်းများဖြင့် အောင်မြင်မှုရရန်မှာ မဖြစ်နိုင်ဟု ဆိုရပေမည်။ ၎င်းနောက် အကယ်၍ ၎င်းတို့သည် 'ကေယာမသ်' ဆိုသည်မှာ မဖြစ်နိုင်။ ၎င်း 'အဇာဗ်' ပြစ်ဒဏ်သည်လည်း မကျရောက်နိုင်ဟု ယူဆနေကြလျှင် ၎င်းတို့အတွက် အဖြေမှာ အောက်ပါအတိုင်း ဖြစ်သည်။ အို၊ လူသား) အသင်သည် အလ္လာဟ်အသျှင်မြတ်က မိုးကောင်းကင်နှင့် မြေပထဝီကို တိတိကျကျ မှန်မှန်ကန်ကန် (အကျိုးတရားများစွာဖြင့်) ဖန်ဆင်းထားသည်ကို မသိပါ၏လော။

(၄င်းနောက် ထိုအသျှင်မြတ်သည် တတ်စွမ်းနိုင်တော်မူသော အသျှင်ဖြစ်ကြောင်း ပေါ်လွင်လျက် ရှိသည်ကို မသိပါ၏လော။ ထို့ကြောင့် အသျှင်မြတ်သည် အကြွင်းမဲ့ တတ်စွမ်းနိုင်တော်မူသော အသျှင် ဖြစ်သည့်အလျောက်) အကယ်၍ အသျှင်မြတ် အလိုတော်ရှိလျှင် အသင်တို့အားလုံးအား ဖျက်ဆီးပစ်နိုင်သည်။ ၄င်းနောက် အခြားအဖန်ဆင်းခံ အသစ်တစ်မျိုးကို ဖန်ဆင်းနိုင်တော်မူသည်။ ၄င်းနောက် ဤအချက်သည် အလ္လာဟ်အသျှင်မြတ်အတွက် မည်သို့မျှ အခက်အခဲ မရှိနိုင်ပေ။ (သို့ပါ၍ အဖန်ဆင်းခံအသစ်ကိုပင် ဖန်ဆင်း ရန် လွယ်ကူသည်ဟုဆိုလျှင် အသင်တို့အား ပြန်လည်ဖန်ဆင်းရန် အဘယ်မှာ အခက်အခဲ ရှိမည်နည်း။) ၄င်းနောက် (အကယ်၍ ကျွန်ုပ်တို့၏ အကြီးအကဲများသည် ကျွန်ုပ်တို့အား ကယ်တင်လိမ့်မည် မဟုတ်ဟု ထင်ယောင်ထင်မှား ဖြစ်နေလျှင်လည်း အမှန်တရားကို နားထောင်ကြလော။ အကြောင်းမှာ 'ကေယာမသ်' နေ့တွင်) အားလုံး အသျှင်မြတ်ရှေ့တွင် အခစားဝင်ရမည်။ တစ်ဖန် အဆင့်နိမ့်သူတို့သည် (သာမန်လူများ နှင့် နောက်လိုက်များသည်) အဆင့်မြင့်သူများအား (အကြီးအကဲများနှင့် နောက်လိုက်ခြင်း ခံကြရသော သူများအား ရှုံ့ချပြစ်တင်လျက်) ပြောဆိုကြမည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် (လောကတွင်) အသင်တို့၏ နောက်လိုက်ဖြစ်ခဲ့ကြသည်။ (အသင်တို့ ပြသခဲ့သော သာသနာ့လမ်းစဉ်ကိုပင် ရွေးချယ်ခဲ့ကြသည်အထိ ကျွန်ုပ်တို့ လိုက်နာခဲ့ကြသည်။ ယနေ့ ကျွန်ုပ်တို့အပေါ်သို့ ဘေးဒုက္ခဆိုက်ရောက်နေပြီး) အသင်တို့သည် အသျှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ်ကို အနည်းငယ်မျှမဆို ကျွန်ုပ်တို့အပေါ်မှ ဖယ်ရှားပေးနိုင်ပါသလော။ (ဆိုလိုသည်မှာ လုံးဝ မဖယ်ရှားနိုင်လျှင်လည်း အနည်းနှင့်အများဆိုသလို ဖယ်ရှားပေးနိုင်ပါသလော။)

ထိုသူတို့သည် (ဖြေကြားသည့်အနေဖြင့်) ပြောဆိုကြမည်မှာ (ကျွန်ုပ်တို့သည် အသင်တို့အား ကယ်တင်ရန် မဆိုထားနှင့် ကိုယ်တိုင်ပင် လွတ်မြောက်နိုင်စွမ်းမရှိကြပေ။ မုချဧကန်) အကယ်၍ အလ္လာဟ် အသျှင်မြတ်ကိုယ်တော်တိုင် ကျွန်ုပ်တို့အား (လွတ်မြောက်ရန်) နည်းလမ်း (တစ်ခုခု) ပြသမည်ဆိုပါက ကျွန်ုပ်တို့သည်လည်း အသင်တို့အား (ထို) နည်းလမ်းကို ပြသမည်ဖြစ်သည်။ (၄င်းနောက် ယခုအခါတွင်) ကျွန်ုပ်တို့အားလုံးအတွက် ဤနည်းလမ်းနှစ်သွယ်သည် အတူတူပင် ဖြစ်သည်။ ကျွန်ုပ်တို့ ပူဆွေးသောက ရောက်သည်ဖြစ်စေ (ဥပမာ- အသင်တို့၏ ပူဆွေးသောကရောက်မှုသည် فَهَلْ اَنْتُمْ مُغْنُوْنَ ဖြင့် ပေါ်လွင်နေသည်။ ၄င်းနောက် ကျွန်ုပ်တို့၏ ပူဆွေးသောကသည် لَوْهَدَا نَا اللّٰهُ ဟူသော စာသားအရ ပေါ်လွင်လျက်ရှိသည်။) ချုပ်တည်းရသည်ဖြစ်စေ၏။ (အခြေအနေနှစ်ရပ်စလုံးတွင်) ကျွန်ုပ်တို့ လွတ်မြောက် ရန် မည်သည့်လမ်းမျှ မရှိပေ။ (ထို့ကြောင့် ဤအမေးအဖြေအရ သိရှိရသည်မှာ ကုဖ္ဖာရ်လမ်းစဉ်၏ အကြီး အကဲများသည်လည်း မိမိတို့၏ နောက်လိုက်များကို မည်သို့မျှ ကူညီနိုင်မည်မဟုတ်ပေ။ ဤလမ်းစဉ်သည် လည်း လွတ်မြောက်ဖွယ်ရာ လမ်းစဉ် မဖြစ်နိုင်တော့ပေ။) ၄င်းတို့နောက် (အကယ်၍ အလ္လာဟ်အသျှင်မြတ် မှအပ အခြားကိုးကွယ်ရာများသည် အားကိုးရမည်ဟု မျှော်ကိုးနေလျှင်လည်း ယင်းတို့၏ အခြေအနေကို အောက်ပါအကြောင်းအရာအရ သိရှိနိုင်ပေသည်။ အကြောင်းမှာ 'ကေယာမသ်'နေ့တွင်) အမှုအခင်းအားလုံး ကို ဆုံးဖြတ်ချက်ချပြီးသွားသောအခါ (ဆိုလိုသည်မှာ အီမာန်ရှင်များအား 'ဂျန္နသ်'သို့လည်းကောင်း၊ ကာဖိရ်

များအား 'ဂျဟန္နမ်'သို့လည်းကောင်း ပို့ဆောင်ပြီးသည့်အခါ) ထိုအချိန်တွင် ('ဂျဟန္နမ်'တွင်ပင် ရှိမည်ဖြစ်သော ရှိုက်သွာန်အပါးသို့ ငရဲဘုံသားများသည် သွားရောက်ကြကာ ပြစ်တင်ရှုံ့ချကြမည်။ အကြောင်းမှာ 'အို၊ ဆိုးရွာလှသူ၊ အသင်ကိုယ်တိုင်လည်း နစ်မြုပ်နေပြီး မိမိနှင့်အတူ ကျွန်ုပ်တို့ကိုလည်း နစ်မြုပ်စေခဲ့သည်။' ထိုအခါ) ရှိုက်သွာန်က (ပြန်လည်) ပြောကြားမည်မှာ (အသင်တို့ ကျွန်ုပ်တို့အပေါ် ပြစ်တင်ဝေဖန်ခြင်းသည် မတရားပေ။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား (ပြုခဲ့သမျှသော ကတိတော်များသည်) မှန်ကန်သော ကတိတော်များဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်' နေ့ ဆိုက်ရောက်လာမည်။ ၎င်းနောက် ငြင်းဆန်ခဲ့လျှင် ပျက်စီးပြီး အီမာန်ရှိလျှင် အောင်မြင်မည် စသည်တို့ ဖြစ်သည်။)

၎င်းနောက် ကျွန်ုပ်သည်လည်း အသင်တို့အား ကတိပြုခဲ့သည်။ (အကြောင်းမှာ 'ကေယာမသ်'နေ့ ဖြစ်မည်မဟုတ်။ ၎င်းနောက် အသင်တို့၏ ကုဖွ်ရ်လမ်းစဉ်သည်လည်း အောင်မြင်သောလမ်းစဉ်ဖြစ်သည်) စင်စစ် ကျွန်ုပ်သည် ထိုကတိများကို အသင်တို့အား ဆန့်ကျင်စွာ ပြုခဲ့ခြင်းသာ ဖြစ်သည်။ (၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်များ မှန်ကန်ကြောင်းနှင့် ကျွန်ုပ်၏ ကတိများ မှားယွင်းကြောင်း တိကျပြတ်သားသော အထောက်အထားများလည်း တည်ရှိနေသည်။ ဤသို့ တည်ရှိပါလျက် အသင်တို့သည် ကျွန်ုပ်၏ ကတိများကို မှန်ကန်သည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်များကို မှားယွင်းသည်ဟု သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် အသင်တို့သည် မိမိကိုယ်မိမိ နစ်မြုပ်ခဲ့ခြင်းသာ ဖြစ်သည်။) ၎င်းနောက် (အကယ်၍ အသင်တို့သည် မှန်ကန်သော ကတိတော်များကို မှားယွင်းသည်ဟု ထင်မြင်ခြင်းနှင့် မှားယွင်းသော ကတိများကို မှန်ကန်သည်ဟု ထင်မှတ်ခဲ့ရာတွင်လည်း အဓိကအကြောင်းခံသည် ကျွန်ုပ်ပင်ဖြစ်သည်ဟု ပြောဆိုမည်ဆိုလျှင်လည်း စင်စစ်တွင် လှည်းစားဖြားယောင်းခဲ့သော အဆင့်၌ အကြောင်းခံတစ်ခု ရှိရန်မှာ လိုအပ်ပေသည်။ သို့သော် သုံးသပ်သင့်သည်မှာ ကျွန်ုပ်၏ လှည့်စားဖြားယောင်းမှုနောက်တွင် အသင်တို့သည် ရွေးချယ်ရန် အခွင့်အရေးရှိသူများ ဖြစ်နေပါ၏လော။ သို့မဟုတ် ရွေးချယ်ရာလမ်းမရှိလောက်အောင် အကြပ်အတည်းတွင် ကျရောက်နေပါသလော။ ပေါ်လွင်ထင်ရှားနေသည်မှာ) ကျွန်ုပ်သည် ဤသည်ထက်ပို၍ အသင်တို့အပေါ် မပြုစွမ်းနိုင်ခဲ့ပေ။ အကြောင်းမှာ ကျွန်ုပ်သည် အသင်တို့အား (လမ်းမှားဘက်သို့) သာ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန် အသင်တို့သည် (မိမိတို့၏ သဘောဆန္ဒနှင့်) ကျွန်ုပ်သည် အသင်တို့ကို အဓမ္မလမ်းမှားစေနိုင်စွမ်း မရှိပေ။ ဤအချက်ကို သိရှိပြီးနောက်) ကျွန်ုပ်အပေါ် ပြစ်တင်ဝေဖန်မှု (အမျိုးမျိုး) မပြုလုပ်ကြလေနှင့်။ (အဘယ်ကြောင့်ဆိုသော် 'အဇာဗ်'ပြစ်ဒဏ်သင့်ခြင်း၏ အဓိကအကြောင်းအရင်းမှာ အသင်တို့၏ လုပ်ရပ်ပင်ဖြစ်သည်။ ကျွန်ုပ်၏ လုပ်ရပ်သည် အကြောင်းခံမျှသာ ဖြစ်သည်။ ယင်းသည် ဝေးလံလှပြီး အဓိကကျသော အပြစ်မဟုတ်ပေ။ ဤသည် ပြစ်တင်ရှုံ့ချမှု၏ အဖြေဖြစ်သည်။

၎င်းနောက် အကယ်၍ ကာဖိရ်တို့၏ ပြောဆိုသည့် ရည်ရွယ်ချက်မှာ အကူအညီတောင်းခံခြင်းဖြစ်ခဲ့လျှင် ရှိုက်သွာန်က ပြောဆိုမည်မှာ ကျွန်ုပ် အခြားသူများကို အဘယ်မှာ ကူညီနိုင်မည်နည်း။ ကိုယ်တိုင်ပင်

ဒုက္ခတွင် နစ်မွန်းကာ အကူအညီလိုအပ်နေသူတစ်ဦး ဖြစ်သည်။ သို့သော် မည်သူမျှ ကျွန်ုပ်အား ကူညီလိမ့်မည်မဟုတ်ကြောင်း သိရှိနေသည်။ သို့မဟုတ် ကျွန်ုပ်လည်း အသင်တို့ထံမှ မိမိအတွက် အကူအညီတောင်းခံမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့ထံမှ မိမိအတွက် အကူအညီ တောင်းခံမည်ဖြစ်သည်။ အကြောင်းမှာ အသင်တို့နှင့်ပင် များမြောင်စွာ ပတ်သက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ယခု) ကျွန်ုပ်လည်း အသင်တို့ကို ကူညီနိုင်သူမဟုတ်သကဲ့သို့ အသင်တို့သည်လည်း ကျွန်ုပ်အား ကူညီနိုင်သူမဟုတ်ပေ။ (မုချဧကန် ကျွန်ုပ်သည် အကယ်၍ အသင်တို့၏ ရှရစ်ကလမ်းစဉ်ကို မှန်ကန်သည်ဟု ထင်မှတ်ခဲ့လျှင်လည်း ထိုပတ်သက်မှုကြောင့် ကူညီတောင်းခံရန် အခွင့်အလမ်း ရှိနေဦးမည်ဖြစ်သည်။ သို့သော်) ကျွန်ုပ်ကိုယ်တိုင် အသင်တို့၏ လုပ်ရပ်ကို စိတ်ပျက်လှပေသည်။ (၄င်းနောက် ထိုလုပ်ရပ်ကို မှားယွင်းသည်ဟု ယူဆသည်။) အကြောင်းမှာ အသင်တို့သည် ယခင်က (လောကတွင်) ကျွန်ုပ်အား (အလ္လာဟ်အသျှင်မြတ် နှင့်) တုဖက်နှိုင်းယှဉ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

(ဆိုလိုသည်မှာ ရုပ်တုများကို ကိုးကွယ်မှုစသည်တို့ တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံရမည့်အစား ကျွန်ုပ်၏ အမိန့်ကို နာခံခဲ့သည်။ ထို့ကြောင့် ရုပ်တုများကို ယှဉ်ထားကိုးကွယ်ခြင်းသည် ရှိုက်သွာန်ကို အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ထားကိုးကွယ်သကဲ့ သို့ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် အသင်တို့နှင့် မည်သို့မျှ မပတ်သက်ပေ။ ကျွန်ုပ်တို့ထံမှ အကူအညီ တောင်းခံရန်လည်း မထိုက်ပေ။ သို့ရှိရာ) မုချဧကန် ဆိုးသွမ်းသူများအတွက် ကြောက်မက်ဖွယ်ရာ 'အဇာဗ်' အပြစ်ဒဏ် (သတ်မှတ်) ထားပေသည်။ (ထို့ကြောင့် 'အဇာဗ်'အတွင်း နစ်မွန်းနေလော။ ကျွန်ုပ်အား ပြစ်တင်ရှုံ့ချခြင်းဖြင့် အကျိုးရှိလာမည်ဟု မျှော်လင့်ချက် မထားလေနှင့်။ ၄င်းနောက် အကူအညီတောင်းခံ ခြင်းဖြင့်လည်း အကျိုးရှိမည်ဟု မျှော်လင့်ချက် မထားလေနှင့်။ အသင်တို့ ဆိုးသွမ်းခဲ့သမျှအတွက် ပြစ်ဒဏ်ခံကြကုန်။ ကျွန်ုပ်ဆိုးသွမ်းခဲ့သမျှကိုလည်း ကျွန်ုပ်ခံသွားမည်ဖြစ်သည်။ ဤမျှနှင့်ပင် စကားကို အဆုံးသတ်လော။ ဤသည် အီဗ်လီးစ်၏ ဖြေကြားမှု အလိုသဘောဖြစ်သည်။ ထိုဖြေကြားမှုကြောင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ကိုးကွယ်သူများ၏ မျှော်လင့်ချက်သည်လည်း ကုန်ဆုံးသွားမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအီဗ်လီးစ်သည် အခြားအရာဝတ္ထုများကို ကိုးကွယ်မှုအား တည်တီလှုံ့ဆော်ခဲ့သူ ဖြစ်သည်။ ၄င်းနောက် စင်စစ်တွင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ခဝပ်ကိုးကွယ်ခြင်းအား အလွန်တရာ နှစ်မြို့ခဲ့သူသည် ထိုအီဗ်လီးစ်ပင်လျှင် ဖြစ်သည်။ ဤအချက်ကြောင့်ပင် ငရဲသားများသည် 'ကေယာမသ်'နေ့တွင် ငရဲဘုံ၌ ၄င်းဖြင့် ပြောဆိုငြင်းခုန်ကြမည် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားကိုးကွယ်ခဲ့ကြသော အရာများကို ပြောဆိုငြင်းခုန်ကြမည်မဟုတ်ပေ။ အီးဗ်လီးစ်သည်ပင် ရှင်းလင်းပြတ်သားစွာ ဖြေကြားခဲ့ပြီးဟု ဆိုလျှင် အခြားသူများထံမှ အဘယ်သို့ မျှော်လင့်နိုင်ဦးမည်နည်း။ ဤသို့ဖြင့် ကာဖိရ်တို့၏ လွတ်မြောက်ရာ နည်းလမ်းများအားလုံး ပိတ်ဆို့သွားပြီး ဖြစ်သည်။ ဤသည်ပင်လျှင် အကြောင်းအရာ၏ အဓိကဆိုလိုရင်း ဖြစ်သည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَأُدْخِلَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ
جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا بِإِذْنِ رَبِّهِمْ ۖ
تَحِيَّتُهُمْ فِيهَا سَلَامٌ ﴿٢٣﴾

၁၄ : ၂၃။ ။ သို့ရာတွင် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသည့်အပြင် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှု ဆောက်တည်ခဲ့ကြကုန်သော သူတို့သည် ဥယျာဉ်များသို့ ဝင်ရောက်စေခြင်းကို ခံကြရပေမည်။ ထိုဥယျာဉ်များ၏ အောက်တွင် စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်နှင့် ထိုဥယျာဉ်များတွင် အမြဲထာဝစဉ် နေထိုင် စံမြန်းကြရမည့်သူများ ဖြစ်ကြပေမည်။ ထိုဥယျာဉ်များတွင် ၎င်းတို့၏ မေတ္တာပို့သ နှုတ်ခွန်းဆက်သမှုသည် 'စလာမ်'(ငြိမ်းချမ်းသာယာ) ဟူ၍ပင် ဖြစ်ချေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမှုကုသိုလ်များ ကျင့်ကြံကြသည်။ ထိုသူတို့အား ဤသို့သော ဥယျာဉ်များတွင် ဝင်ရောက်စေမည်။ ယင်းတို့၏အောက်မှ စမ်းချောင်းများ စီးတွေလျက်ရှိမည်။ (၎င်းနောက်) ထိုသူတို့သည် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ဖြင့် ယင်းတွင် အမြဲတစေ နေကြရမည်။ (၎င်းနောက်) ထိုနေရာတွင် ၎င်းတို့အား

اَلسَّلَامُ عَلَيْكُمْ

ဟူသော စာသားဖြင့် စလာမ်မေတ္တာ ပို့သခံရမည်။ (ဆိုလိုသည်မှာ အချင်းချင်းသော်လည်းကောင်း၊ ကောင်းကင်တမန်များဘက်မှသော်လည်းကောင်းဟူ၍ ဖြစ်သည်။) အခြားအာယသ်တော်တွင် လာရှိသည်မှာ إِلَّا قِيلًا سَلَامًا سَلَامًا ၎င်းနောက် အခြားအာယသ်တော်တစ်ပိုဒ်တွင်လည်း

وَالْمَلَائِكَةُ يَدْخُلُونَ عَلَيْهِم مِّن كُلِّ بَابٍ ۝ سَلَامٌ عَلَيْكُم بِمَا صَبَرْتُمْ

ဟူ၍ လာရှိပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَلَمْ تَرَ كَيْفَ ضَرَبَ اللَّهُ مَثَلًا كَلِمَةً طَيِّبَةً كَشَجَرَةٍ طَيِّبَةٍ أَصْلُهَا ثَابِتٌ وَفَرْعُهَا فِي السَّمَاءِ ﴿٢٤﴾

၁၄ း ၂၄ ။ ။ (အို့, နဗီတမန်တော်) အလ္လာဟ်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်သော စကားကို မည်သို့ ဥပမာ ခိုင်းနှိုင်းတော်မူခဲ့သည်ကို အသင်သည် မသိမမြင်လေသလော။ (သန့်ရှင်းစင်ကြယ်သော ထိုစကားသည်) အကြင်သန့်စင်သော သစ်ပင်တစ်ပင်နှင့် တူပေသည်။ ယင်းသစ်ပင်၏ အမြစ်သည် မြဲမြံခိုင်ခံ့၍ ၎င်း၏ အကိုင်းအလက်တို့မှာမူ ကောင်းကင်၌ ရှိနေကြကုန်၏။

تُؤْتِي أُكُلَهَا كُلَّ حِينٍ بِإِذْنِ رَبِّهَا وَيَضْرِبُ اللَّهُ الْأَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُونَ ﴿٢٥﴾

၁၄ း ၂၅ ။ ။ ထိုသစ်ပင်သည် မိမိအား ပြုစုပျိုးထောင်တော်မူသော အသျှင်မြတ်၏ အမိန့်တော်နှင့် မိမိ၏ အသီးများကို ရာသီဥတုမရွေး အခါခပ်သိမ်း (သီး) ပေးလျက် ရှိနေပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လူတို့အဖို့ ၎င်းတို့ ဆင်ခြင်သုံးသပ် သိမြင်နိုင်ကြရန် အလို့ငှာ ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော် မသိရှိပါ၏လော။ (ဆိုလိုသည်မှာ ယခု သိရှိသွားလေပြီ။) အကြောင်းမှာ အသျှင်မြတ်သည် မည်မျှ (ကောင်းမွန်ကျနသော) 'ကလေမာဟ်သွိုင်ယိဗာဟ်'၏ ပမာများ တင်ပြခဲ့လေသနည်း။ (ဆိုလိုသည်မှာ 'သောင်ဟီးဒ်'နှင့် အီမာန်၏ 'ကလေမာဟ်'တော်များကို) အကြောင်းမှာ ထို'ကလေမာဟ်'တော်သည် သန့်စင်သော အပင်တစ်ပင်နှင့် တူလေသည်။ (ဆိုလိုသည်မှာ စွန်ပလွံပင်ဖြစ်သည်။) ၎င်း၏ အမြစ်များသည် (မြေကြီးထဲတွင်) ကောင်းမွန်စွာ တွယ်ကပ်လျက်ရှိသည်။ ၎င်းနောက် ထိုအပင်၏ အကိုင်းအခက်များသည် အပေါ်ဘက်သို့ မြင့်တက်နေသည်။ (၎င်းနောက်) ထို (သစ်ပင်) သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖြင့် ရာသီတိုင်းတွင် (၎င်းအပင်၏ ရာသီရောက်ရှိလာပါက) အသီးများ သီးလေသည်။ (ဆိုလိုသည်မှာ ကောင်းမွန်စွာ သီးပွင့်လေသည်။ မည်သည့်ရာသီမျှ သီးနှံမထွက်ဟူ၍ မရှိ။ ထိုနည်းတူစွာ 'ကလေမာဟ်သောင်ဟီးဒ်'မှာ لا إله إلا الله ဟူသည်လည်း အရင်းအမြစ်တစ်ခု ဖြစ်သည်။ မုအ်မင်န်၏ နှလုံးသားတွင်း၌ မြဲမြံစွာ တွယ်ကပ်နေသော ယုံကြည်ချက်ကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် ယင်းတွင် အကိုင်းအခက်များရှိသည်။ 'အအ်မာလေဆွာလေဟဟ်'ကို ဆိုလိုခြင်းဖြစ်သည်။ ယင်းသည် အီမာန်ဟူသော အမြစ်ပေါ်တွင် ပေါက်ရောက်လာပြီး အသျှင်မြတ်၏ လက်သင့်ခံရာ မိုးကောင်းကင်ဘက်သို့ မ,ယူခံရသည်။ တစ်ဖန် ယင်းအပေါ် အသျှင်မြတ်၏ အမြဲတစေ နှစ်မြို့မှုဟူသော အသီးကို ရရှိခံစားရသည်။) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် (ဤကဲ့သို့သော) ဥပမာများကို လူသားတို့အား (တင်ပြရန်) အတွက် မိန့်တော်မူလေ့ရှိသည်။ သို့မှသာ ထို (သူတို့သည် လိုရင်းကို) ကောင်းစွာ နားလည်နိုင်မည်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ပမာပေးတင်ပြခြင်းဖြင့် အဓိကလိုရင်းသည် ကောင်းစွာ ရှင်းလင်းသွားလေသည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَثَلُ كَلِمَةٍ خَبِيثَةٍ كَشَجَرَةٍ
خَبِيثَةٍ اجْتُثَّتْ مِن فَوْقِ الْأَرْضِ مَا لَهَا مِن قَرَارٍ ﴿٢٦﴾

၁၄ : ၂၆ ။ ။ သို့ရာတွင် ညစ်ညမ်းသော စကား၏ ဥပမာပုံဆောင်ချက်သည် အကြင်ညစ်ညမ်းသော သစ်ပင်တစ်ပင် ကဲ့သို့ပင် ဖြစ်၏။ ထိုသစ်ပင်သည် မြေ၏ အပေါ်ယံမှ နုတ်ပစ်ခြင်းကို ခံခဲ့ရလေရာ ၎င်း၌ မြဲမြံခိုင်ခံ့မှု အလျဉ်းမရှိချေ။

يُثَبِّتُ اللَّهُ الَّذِينَ آمَنُوا بِالْقَوْلِ الثَّابِتِ فِي الْحَيَاةِ الدُّنْيَا
وَفِي الْآخِرَةِ ۖ وَيُضِلُّ اللَّهُ الظَّالِمِينَ ۚ وَيَفْعَلُ اللَّهُ مَا يَشَاءُ ﴿٢٧﴾

၁၄ : ၂၇ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ဤတည်တံ့ခိုင်မြဲသော စကားဖြင့် ပစ္စုပ္ပန်လောကီဘဝနှင့် နောင်တမလွန်ဘဝတို့တွင် ကြံ့ခိုင်တည်တံ့ မြဲမြံစေတော်မူ၏။ သို့ရာတွင် မတရားသော (ကာဖိရ်) သူတို့ကိုမူ အလ္လာဟ်အသျှင်မြတ်သည် ချွတ်ချော် တိမ်းပါးစေတော်မူ၏။ စင်စစ်မှာမူ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော ကိစ္စကို ပြုလုပ်ဆောင်ရွက်တော်မူချေသည်။

أَلَمْ تَرَ إِلَى الَّذِينَ بَدَّلُوا نِعْمَتَ اللَّهِ كُفْرًا وَأَحَلُّوا قَوْمَهُمْ دَارَ الْبَوَارِ ﴿٢٨﴾

၁၄ : ၂၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် အကြင်သူတို့အား မမြင်ခဲ့လေသလော။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို သွေဖည်ငြင်းပယ်မှုဖြင့် လဲလှယ်ခဲ့ကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် မိမိတို့၏ အမျိုးသားတို့ကို ပျက်စီးရာဌာနသို့ ဆွဲချ သက်ဆင်းစေခဲ့ကြကုန်၏။

جَهَنَّمَ يَصْلَوْنَهَا ۖ وَبِئْسَ الْقَرَارُ ﴿٢٩﴾

၁၄ : ၂၉ ။ ။ 'ဂျဟန္နမ်'ငရဲဘုံသို့ (ဆွဲချသက်ဆင်းစေခဲ့ကြ၏။) ၎င်းတို့သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံသို့ လားကြပေမည်။ စင်စစ်မှာမူ ယင်း 'ဂျဟန္နမ်'ငရဲဘုံသည် အလွန်ဆိုးရွားလှသော ရပ်တည်ရာဌာနပင် ဖြစ်လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ညစ်ညမ်းသော 'ကလေမာဟ်' (ဆိုလိုသည်မှာ ကုဖွ်ရ်နှင့် ရှရစ်က်၏ 'ကလေမာဟ်') ၏ ပမာသည် ဤသို့ ဖြစ်သည်။ ဥပမာ- မကောင်းသော အပင်တစ်ပင် (ဆိုလိုသည်မှာ ပဒိုင်းပင် ဖြစ်သည်။) အကြောင်းမှာ ယင်းကို မြေ၏အပေါ်လွှာမှပင် နုတ်ယူ၍ရသည်။ (၎င်းနောက်) ယင်းသည် (မြေပထဝီတွင်) မြဲမြံမှုအလျဉ်း မရှိပေ။ (မကောင်းသော အပင်ဟု ခိုင်းနှိုင်းခြင်းမှာ ယင်း၏ အနံ့အရသာ နှင့် အရောင်ကြောင့် ဖြစ်သည်။ သို့မဟုတ် ထိုအပင်၏ အသီးအနံ့၊ အရသာနှင့် အရောင်တို့သည် ကောင်း

သော ဂုဏ်ခြင်းနှင့် ဆန့်ကျင်နေ၍ ဖြစ်သည်။ ၎င်းနောက် အပေါ်လွှာမှပင် နုတ်ယူနိုင်သည်ဟူသော အလို သဘောမှာ ထိုအပင်၏ အမြစ်သည် တိမ်နက်မှုမရှိဘဲ မြေကြီးအပေါ်လွှာ၌သာ ရှိနေတတ်သည်။ ယင်း ဂုဏ်သတ္တိကို أَصۡلُهَا ثَابِتٌ နှင့် နှိုင်းယှဉ်တင်ပြခြင်း ဖြစ်သည်။ ၎င်းနောက် مَا لَهَا مِن قَرَارٍ ဟူသော စာသားသည် ပို၍ လေးနက် စေရန် မိန့်ဆိုထားခြင်းဖြစ်သည်။ ၎င်းနောက် ယင်း၏ အကိုင်းအခက်များသည် မြင့်မားစွာ မရှိခြင်းနှင့် ယင်း၏ အသီးသည်လည်း သစ်သီးဝလံ၏ အသွင်မဆောင်ကြောင်း ပေါ်လွင်လျက်ရှိသည်။ ကုဖ္ဖရ်၏ 'ကလေမာဟ်'သည်လည်း ဤသို့ပင်ဖြစ်သည်။ အကြောင်းမှာ ကာဖိရ်၏ နှလုံးသားတွင် အမြစ်တွယ်လျက် ရှိသော်လည်း အမှန်တရား၏ ရှေ့မှောက်တွင် ချည့်နဲ့သွားခြင်း၊ လွှမ်းမိုးခံရခြင်းတို့သည် အမြစ်မရှိသည့် အပင်ပမာဖြစ်နေသည်။

အခြားအာယသ်တော်တစ်ပိုဒ်တွင် حُجَّتُهُمۡ دَاحِضَةٌ ဟူ၍ မိန့်ဆိုထားပြီး ဤအာယသ်တော်တွင် مَا لَهَا مِن قَرَارٍ ဟူ၍ ထပ်မံ ရှင်းလင်းတင်ပြခြင်းသည် ကုဖ္ဖရ်၏ ဤချို့တဲ့မှုနှင့် လွှမ်းမိုးခံရခြင်း စသည်တို့ကို တင်ပြလို၍ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ 'အမလ်'ကျင့်ကြံမှုများသည် လက်သင့်မခံရပေ။ ထို့ကြောင့် ထိုသစ်ပင်၏ အကိုင်းအခက်များ လေထဲတွင် ပြန့်ကျက်ခြင်း မရှိသည်နှင့် ဆင်တူနေသည်။ ၎င်းနောက် ကာဖိရ်တို့၏ 'အမလ်'ကျင့်ကြံမှုများအပေါ် အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုလည်း မရှိသော ကြောင့် အသီးအပွင့် မဖြစ်ထွန်းသကဲ့သို့ အကျိုးအမြတ်လည်း မခံစားရမည်မှာ ထင်ရှားနေပေသည်။ ၎င်းနောက် လက်သင့်ခံခြင်းနှင့် နှစ်မြို့မှုကို ရရှိခြင်းတို့သည် ကာဖိရ်များအတွက် ဖြစ်နိုင်ဖွယ်မရှိခြင်း ကြောင့် အကိုင်းအခက်များနှင့် အသီးအပွင့်များအကြောင်းကို ပမာပေးတင်ပြခြင်းပင် မပြုတော့ပေ။ ကုဖ္ဖရ် ၏ အကြောင်းအရင်းအား ကိုးကားတင်ပြထားရခြင်းမှာ ယင်းသည် ထိတွေ့ခံစားနိုင်သော အရာဖြစ်သည်။ ၎င်းနောက် 'ဂျီဟားဒ်'၏ ပညတ်ချက် စသည်တို့တွင်လည်း အကျုံးဝင် ပတ်သက်နေပေသည်။ ဤတွင် အကြောင်းအရာနှစ်မျိုးစလုံးကို ပမာပေး တင်ပြထားပြီး ရှေ့တွင် ဆက်လက်၍ ယင်းတို့၏ အကျိုး သက်ရောက်မှုများကို တင်ပြမည်ဖြစ်သည်။ အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အီမာန်ရှင်များ အား ခိုင်မာသော စကားရပ်ဖြင့် (ဆိုလိုသည်မှာ မူလကတည်းက တည်မြဲလျက်ရှိသော 'ကလေမာဟ် သွိုင်ယိဗာဟ်' ၏ ဗရ်ကသ်'ဖြင့်) လောကီလောကုတ္တရာ (နှစ်ဌာနစလုံး) တွင် (သာသနာရေးရာများနှင့် စမ်းစစ်မှုများတွင်) ကြံ့ခိုင်မှု ရှိစေတော်မူသည်။ ၎င်းနောက် (ထိုညစ်ညမ်းသော 'ကလေမာဟ်'၏ မင်္ဂလာ တော်ဖြင့်) ဆိုးသွမ်းသူများကို (ဆိုလိုသည်မှာ ကာဖိရ်များကို နှစ်နေရာစလုံးတွင် သာသနာရေးရာများနှင့် စမ်းစစ်မှုများတွင်) လွဲချော်စေတော်မူသည်။ ၎င်းနောက် (တစ်ဦးတစ်ယောက်ကို မြဲမြံစေခြင်းနှင့် လွဲချော် စေခြင်းတွင် မြောက်မြားစွာသော အမြော်အမြင်တော်များ ရှိသည်။ ထို့ကြောင့်) အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏ ဉာဏ်အမြော်အမြင်တော်ဖြင့်) အလိုရှိရာကို ဆောင်ရွက်တော်မူသည်။ အသင်တမန်တော်သည် ထိုသူများကို မတွေ့ရှိလေသလော။ (အံ့သြဖွယ်ရာဖြစ်ရပ်ကို ဆိုလိုခြင်းဖြစ်သည်။) အကြင်သူတို့သည်

အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို (ကျေးဇူးတင်ရှိရမည့်) အစား ငြင်းဆန်ကြလေသည်။ (ဒွရ်ရေမန်စူးရ်ကျမ်းတွင် အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်ဖြင့်) မက္ကာဟ်မြို့နေ ကာဖိရ်များကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် အကြင်သူတို့သည် မိမိတို့၏ မျိုးနွယ်စုကို ပျက်စီးဆုံးရှုံးရမည့်ဌာနေ ဆိုလိုသည်မှာ 'ဂျဟန္နမ်'သို့ ပို့ဆောင်ခဲ့သည်။ (ဆိုလိုသည်မှာ မျိုးနွယ်ဝင်တို့ကိုလည်း ကုဖွရ်နှင့် ပတ်သက်ပြီး သွန်သင်ခဲ့လေသည်။ ယင်းကြောင့်) ထိုသူတို့သည် ထို (ဂျဟန္နမ်) တွင် ဝင်ရောက်ကြရမည်။ ၎င်းနောက် ထိုအရာသည် ဆိုးရွားသော နေရာဌာနတစ်ခု ဖြစ်သည်။ (ဤသို့ ညွှန်းထားခြင်းမှာ ၎င်းတို့၏ ဝင်ရောက်ခြင်းသည် မလွဲမသွေဖြစ်ပြီး အမြဲတစေအတွက် ဖြစ်မည်ဟူ၍ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ပညတ်ချက်များ

တင်ပြပါအယသ်တော်၏အလျင် အာယသ်တော်တစ်ပိုဒ်တွင် အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်များ၏ ကျင့်ဆောင်မှုများနှင့် စပ်လျဉ်း၍ ဤပမာကို တင်ပြခဲ့လေသည်။ အကြောင်းမှာ ထိုသူတို့၏ ကျင့်ဆောင်မှုများသည် ပြာမှုန်ကဲ့သို့ ဖြစ်သည်။ ထိုပြာပေါ်သို့ ပြင်းထန်ကြမ်းတမ်းသော လေတိုက်ခတ်သွားပါက ထိုပြာ၏ အမှုန်အမွှားများသည် လေတွင် ပြန့်ကျဲသွားပြီး အရိပ်အယောင်မျှပင် မရှိအောင် ဖြစ်သွားလေသည်။ တစ်ဖန် တစ်ဦးတစ်ယောက်သည် ထိုပြာများကို စုပေါင်း၍ ၎င်းဖြင့် တစ်စုံတစ်ရာပြုရန် လိုလားပါက မဖြစ်နိုင်တော့ပါ။

مَثَلُ الَّذِيْنَ كَفَرُوْا بِرَبِّهِمْ اَعْمَالُهُمْ كَرَمَادِ ۨ اشْتَدَّتْ بِهِ الرِّيْحُ فِيْ يَوْمٍ عَاصِفٍ

ဆိုလိုသည်မှာ ဤသို့ဖြစ်သည်။ ကာဖိရ်များ၏ ကျင့်ဆောင်မှုများသည် အပေါ်ယံအားဖြင့် ကောင်းမွန်နေပါစေ ထိုကျင့်ဆောင်မှုသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးဝယ် လက်မခံပေ။ ထို့အတွက်ကြောင့် အားလုံး ပျက်စီးခြင်းနှင့် အချည်းအနှီးပင် ဖြစ်သည်။

ထို့နောက်တွင် ဖော်ပြပါအာယသ်တော်တွင် ဦးစွာပထမ မုအ်မင်န်နှင့် ၎င်း၏ 'အမလ်'ကျင့်ဆောင်မှုများ၏ ပမာတစ်ခုပေးပြီးဖြစ်သည်။ ထို့နောက် ကာဖိရ်များနှင့် မုနာဖစ်က်များ၏ ကျင့်ဆောင်မှုနှင့် ပတ်သက်၍ ပမာပေးခဲ့လေသည်။ ပထမအာယသ်တော်တွင် မုအ်မင်န်နှင့် ၎င်း၏ ကျင့်ဆောင်မှုများ၏ ပမာကို ဤသို့သော အပင်တစ်မျိုးဖြင့် ပေးခဲ့လေသည်။ ထိုအပင်၏ အမြစ်များသည် မြေထဲတွင် နက်ရှိုင်းစွာ ရှိနေလေသည်။ ၎င်းနောက် မြေအောက်ရေ၏ ချောင်းများမှ ရေသောက်သုံးလေသည်။ နက်ရှိုင်းသော အမြစ်များကြောင့် ထိုအပင်ကို ခိုင်မာကျစ်လစ်မှုလည်း ရရှိလေသည်။ အကြောင်းမှာ လေတိုက်ခတ်ခြင်းဖြင့် လဲမကျသွားပေ။ ၎င်းနောက် မြေမျက်နှာပြင်နှင့် ဝေးကွာသည့်အတွက်ကြောင့် ထိုအပင်၏ အသီးသည်လည်း ညစ်ညမ်းမှုများမှ ကင်းစင်လေသည်။ ထိုအပင်၏ ဒုတိယထူးခြားချက်တစ်ခုမှာ ဤသို့ဖြစ်သည်။ ၎င်း၏ အကိုင်းအခက်များသည် မိုးကောင်းကင်ဘက်သို့ မြင့်တက်နေသည်။ ထိုအပင်၏ တတိယထူးခြားချက်တစ်ခုမှာ ဤသို့ဖြစ်သည်။ ၎င်း၏ အသီးကို အချိန်တိုင်းတွင် စားနိုင်ပေသည်။

ဤအပင်သည် မည်သို့သော အပင်ဖြစ်၍ မည်သည့်နေရာတွင် ရှိနေသနည်း။ ထိုအချက်နှင့် ပတ်သက်၍ သဖ်စီးရ်ပညာရှင်များ၏ အဆိုများတွင် ကွဲလွဲမှု ရှိလေသည်။ သို့သော် အနီးစပ်ဆုံး အဆိုမှာ ဤအဆိုဖြစ်သည်။ အကြောင်းမှာ ထိုအပင်သည် စွန်ပလွံပင်ဖြစ်လေသည်။ ထိုအဆိုသည် အတွေ့အကြုံနှင့် တွေ့မြင်ချက်အရလည်း ခိုင်မာမှု ရှိပေသည်။ ၎င်းနောက် ဟဒီးစ်၏ ဆင့်ပြန်ချက်များဖြင့်လည်း ထိုအဆိုသည်သာ ခိုင်မာမှုရှိပေသည်။ စွန်ပလွံပင်၏ ပင်စည်သည် မြင့်မားမှုနှင့် ခိုင်မာမှုတို့ကို တွေ့မြင်နေကြရသော အရာဖြစ်သည်။ အားလုံးလည်း နားလည်သိရှိကြသည်။ ထိုစွန်ပလွံပင်၏ အမြစ်များသည် မြေကြီး၏ နက်ရှိုင်းသော အတိုင်းအတာအထိ ရောက်ရှိနေခြင်းသည်လည်း အများအသိပင် ဖြစ်သည်။ ၎င်းနောက် စွန်ပလွံသီးကိုလည်း အချိန်တိုင်း အခြေအနေအတိုင်း စားနိုင်ကြပေသည်။ စွန်ပလွံသီးသည် အပင်ပေါ်တွင် စတင်သီးနေသည့်အချိန်မှစ၍ မှည့်ဝင်းသွားသည့် ကာလအထိ အခြေအနေတိုင်းနှင့် ပုံစံတိုင်းတွင် ထိုစွန်ပလွံသီးကို နည်းလမ်းအသွယ်သွယ်ဖြင့် သနပ်များ၊ ၎င်းနောက် အချဉ်များအသွင်ဖြင့် (သို့) အခြားအသွင် နည်းလမ်းများဖြင့် စားသုံးကြလေသည်။ တစ်ဖန် အသီးမှည့်ဝင်းသွားပြီးနောက် ၎င်း၏ စုဆောင်းမှုကိုလည်း တစ်နှစ်ပတ်လုံး ထားရှိနိုင်သည်။ နံနက်ခင်းနှင့် ညနေချိန်၊ နေ့နှင့် ည၊ နွေရာသီနှင့် ဆောင်းရာသီ အချုပ်ဆိုရသော် ရာသီတိုင်းနှင့် အချိန်တိုင်းတွင် အသုံးဝင်လေသည်။ ထိုစွန်ပလွံပင်၏ အတွင်းသားကိုလည်း စားသုံးကြလေသည်။ ထိုစွန်ပလွံပင်မှ အချိုရည်ထုတ်ယူကြလေသည်။ ထိုစွန်ပလွံပင်၏ အရွက်များမှ အလွန်တရာ အကျိုးရှိသော အရာများ ဥပမာ- ဖျာ အစရှိသည်တို့ကို ပြုလုပ်ကြလေသည်။ ထိုစွန်ပလွံပင်၏ အစေ့သည်လည်း တိရစ္ဆာန်များ၏ အစားအစာဖြစ်လေသည်။ ထိုစွန်ပလွံပင်၏ အသီးသည် အခြားအပင်များ၏ အသီးများနှင့် ဆန့်ကျင်နေပေသည်။ ထိုအခြားအပင်များ၏ အသီးများသည် သီးခြားရာသီတွင်သာ သီးပွင့်ကြလေသည်။ ၎င်းနောက် တုံးသွားကြလေသည်။ ထိုအပင်များ၏ အသီးများကိုလည်း မစုဆောင်းနိုင်ပါ။ ထို့နောက် ထိုအပင်များ၏ အရာတိုင်းမှလည်း မည်သည့်အကျိုးအမြတ်မှ မခံစားနိုင်ပေ။

၎င်းနောက် သိရ်မေဇီ၊ နစာအီ၊ အိဗ်နေဟဗ္ဗာန်၊ ဟာကင်မ်သခင်တို့က ဟဇရသ်အနတ်စ် ؓ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ကြသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ အကြောင်းမှာ **شجرة طيبة** (ထိုအပင်အကြောင်း ကုရ်အာန်တွင် လာရှိပေသည်။) စွန်ပလွံပင်ဖြစ်သည်။ ၎င်းနောက် **شجرة خبيثة** သည် ပဒိုင်းပင်ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

၎င်းနောက် မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် မိုဂျာဟီဒ် (ရဟ) သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ؓ သခင်က အမိန့်ရှိသည်မှာ တစ်နေ့သ၌ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏ အပါးဝယ် ရှိနေခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးက ကိုယ်တော်မြတ် ﷺ ထံပါးသို့ စွန်ပလွံပင်၏ အတွင်းသား ယူဆောင်လာလေသည်။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ က ဆွဟာဗာများအား မေးခွန်းတစ်ခု မေးမြန်းသည်မှာ ‘အပင်များတွင် ဤသို့သော အပင်တစ်ပင်ရှိသည်။ ၎င်းသည် မုအ်မင်န်၏ ပမာဖြစ်လေသည်။ (၎င်းနောက် ဘိုခါရီကျမ်း၏ ဆင့်ပြန်ချက်တွင် ထိုနေရာ၌ ဤသည်ကိုလည်း တင်ပြထား

ပေသည်။ အကြောင်းမှာ ကိုယ်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ ထိုအပင်၏ အရွက်များသည် မည်သည့် ရာသီတွင်မျှ ကြွေခြင်း အလျဉ်းမရှိပေ။) ထိုအပင်သည် မည်သို့သော အပင်ဖြစ်သည်ကို တင်ပြကြလော။ အိဗ်နေအုမရ် رضي الله عنه သခင် ဆင့်ပြန်သည်မှာ 'ကျွန်ုပ်၏ စိတ်တွင်းဝယ် ထိုအပင်သည် စွန်ပလွံပင် ဖြစ်ကြောင်း ပြောဆိုလိုခဲ့သော်လည်း ထိုအချိန်တွင် ထိုင်ဝိုင်းတွင် အဗူဗကရ် رضي الله عنه သခင်၊ အုမရ် رضي الله عنه သခင်နှင့် ဆွဟာဗာ အကြီးအကဲများလည်း ရှိနေခဲ့သည်။ ၎င်းတို့၏ ဆိတ်ငြိမ်မှုကိုတွေ့ပြီး ကျွန်ုပ်တွင် ပြောဆိုတင်ပြရန် သတ္တိ မရှိခဲ့ပေ။' ထို့နောက်တွင် ကိုယ်တော်မြတ် ﷺ ကပင် 'ထိုအပင်သည် စွန်ပလွံပင်ဖြစ်သည်'ဟု မိန့်တော်မူလေသည်။

မုအ်မင်န်၏ ပမာကို အပင်နှင့် ပေးရခြင်း၏ အကြောင်းတစ်ရပ်မှာ ဤသို့ဖြစ်သည်။ 'ကလေမာဟ် သွိုင်ယိဗာဟ်' တွင် အီမာန်သည် ၎င်း၏ အမြစ်ဖြစ်သည်။ ထိုအမြစ်သည် အလွန်ခိုင်မာတည်တံ့လေသည်။ လောက၏ ပျက်စီးခြင်းများသည် ၎င်းအား လှုပ်ရမ်းနိုင်မည်မဟုတ်ပါ။ ပြည့်ဝသော မွတ်စ္စလင်မ်များ၊ ဆွဟာဗာများနှင့် သာဗေအီးန်များသို့သာမက ခေတ်ကာလတိုင်း၏ စစ်မှန်သော မွတ်စ္စလင်မ်အားလုံးသည် အီမာန်နှင့် ယှဉ်လျှင် အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် အခြားသော အရာများကိုပင် ပဓါနမထားခဲ့သော သာဓကများသည်လည်း နည်းပါးသည်မဟုတ်ပေ။

မုအ်မင်န်၏ ပမာကို အပင်တစ်ပင်နှင့် ပေးရခြင်း၏ ဒုတိယအကြောင်းမှာ ထိုမုအ်မင်န်တို့၏ သန့်ရှင်းစင်ကြယ်မှုများကြောင့် ဖြစ်သည်။ အကြောင်းမှာ လောက၏ ညစ်ညမ်းမှုများသည် ၎င်းတို့အား အလျဉ်း သက်ရောက်မှု မရှိပေ။ ပမာဆိုရသော် အပင်ကြီးပေါ်သို့ မြေမျက်နှာပြင်၏ အညစ်အကြေးများ မသက်ရောက်နိုင်သကဲ့သို့ ဖြစ်သည်။ ဤထူးခြားချက်နှစ်ခုသည် أَصْلُهَا ثَابِتٌ ၏ ပမာများဖြစ်သည်။ တတိယ အကြောင်းမှာ ဤသို့ ဖြစ်သည်။ စွန်ပလွံပင်များ၏ အကိုင်းအခက်များသည် ကောင်းကင်ဘက်သို့ မြင့်တက်နေသကဲ့သို့ မုအ်မင်န်များ၏ အီမာန်အသီးအပွင့်များ ဆိုလိုသည်မှာ ကျင့်ဆောင်မှုများသည်လည်း ကောင်းကင်ဘက်သို့ မ,ယူခြင်း ခံရလေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် လာရှိသည်မှာ-

إِلَيْهِ يَصْعَدُ الْكَلِمُ الطَّيِّبُ

အလိုသဘောမှာ သန့်စင်သော 'ကလေမာဟ်'တော်များသည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ မ,ယူခြင်း ခံရလေသည်။ ဆိုလိုသည်မှာ အကြင်မုအ်မင်န် ပြုကျင့်သော 'ဇိကိရ်'ပြုခြင်း၊ ဘာဝနာစီးဖြန်းခြင်း၊ ကုရ်အာန်ဖတ်ရွတ်ခြင်း စသည်တို့ သည် နံနက်၊ ညနေ အလ္လာဟ်အသျှင်မြတ်ထံပါးသို့ ရောက်ရှိသွားလေသည်။

မုအ်မင်န်၏ ပမာကို အပင်တစ်ပင်နှင့် ပေးရခြင်း၏ စတုတ္ထအကြောင်းမှာ စွန်ပလွံသီးကို အချိန်တိုင်း၊ အခြေအနေတိုင်း၊ ရာသီတိုင်းတွင် နွေရော၊ ညပါ စားသုံးနိုင်သကဲ့သို့ မုအ်မင်န်၏ 'အအ်မာလေဆွာလေဟဟ်' သည်လည်း အချိန်တိုင်း၊ ရာသီတိုင်းနှင့် အခြေအနေတိုင်းတွင် နေ့၊ ည မပြတ် ဆောက်တည်လျက်ရှိနေသည်။ စွန်ပလွံပင်၏ အရာတိုင်း အသုံးဝင်သကဲ့သို့ မုအ်မင်န်၏ ပြောဆိုကျင့်ကြံမှုများ၊ ၎င်းနောက် လှုပ်ရှားမှုနှင့် တည်ငြိမ်မှု၊ ထိုမုအ်မင်န်များမှ ပေါ်ထွက်လာသော နိမိတ်လက္ခဏာများသည် လောကတစ်ခွင်လုံးအတွက်

အကျိုးဖြစ်ထွန်းလေသည်။ စည်းကမ်းချက်မှာ ထိုမုအ်မင်န်သည် ပြည့်ဝသော အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်၏ သင်ကြားမှုများကို လိုက်နာကျင့်ကြံသူ ဖြစ်ရမည်။

အထက်ပါတင်ပြမှုဖြင့် သိရှိရသည်မှာ تُؤْتِیٓ اُکُلَهَا کُلَّ حِیۡنٍ တွင် اُکُل ၏ အလိုသဘောမှာ သစ်သီး၊ စားနိုင်သော အရာများဖြစ်သည်။ ၎င်းနောက် حین ၏ အလိုသဘောမှာ အချိန်တိုင်း၊ အခြေအနေတိုင်းဖြစ်သည်။ သဖ်စီးရ်ပညာရှင်အများစုက ထိုအကြောင်းကိုပင် အသာပေးကြသည်။ အချို့ပညာရှင်များ၏ အခြေားအဆိုများလည်း ရှိပေသည်။

ကာဖိရ်များ၏ ပမာ

အထက်ပါအကြောင်းအရာများနှင့် ယှဉ်၍ ကာဖိရ်များ၏ အခြားပမာတစ်ခုကို شجرة خبيثة နှင့် ပေးခဲ့လေသည်။ 'ကလေမာဟ်သွိုင်ယိဗာဟ်'၏ အလိုသဘောမှာ لَآ اِلٰهَ اِلَّا اللّٰهُ ဆိုလိုသည်မှာ အီမာန်ဖြစ်သကဲ့သို့ كلمة خبيثة ၏ အလိုသဘောမှာလည်း ကာဖိရ်များ၏ 'ကလေမာဟ်'နှင့် ကုဖ္ဖရ်၏ ကျင့်ဆောင်မှုများဖြစ်လေသည်။ شجرة خبيثة ၏ အလိုသဘောမှာ တင်ပြပါဟဒီးစ်တွင် ပဒိုင်းပင်ဟု သတ်မှတ်ထားပေသည်။ ၎င်းနောက် အချို့က ကြက်သွန်ဖြူ စသည်ဖြင့် မိန့်ဆိုကြသည်။

ထို شجرة خبيثة ၏ အခြေအနေကို ကျမ်းမြတ်ကုရ်အာန်က ဤသို့ ဖော်ပြထားပေသည်။ ၎င်း၏ အမြစ်များသည် မြေထဲတွင် အမြောက်အမြား မရှိပေ။ ဤအတွက်ကြောင့် တစ်ဦးတစ်ယောက်သည် ထိုအပင်တစ်ပင်လုံးကို မြေမှ နှုတ်ယူနိုင်သည်။

اُجۡتُثَّتۡ مِنۡ فَوۡقِ الۡاَرۡضِ

မှလည်း ဤအဓိပ္ပာယ်ပင် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် اُجۡتُثَّتۡ ၏ မူရင်းအဓိပ္ပာယ်မှာ အရာတစ်ခု၏ ကိုယ်ထည်တစ်ခုလုံးကို မ,ယူခြင်းဟူ၍ ဖြစ်သည်။

ကာဖိရ်များ၏ ကျင့်ဆောင်မှုများကို ထိုသစ်ပင်နှင့် နှိုင်းယှဉ်၍ ပမာပေးရခြင်းမှာ ပေါ်လွင်နေပေသည်။ အကြောင်းမှာ ဦးစွာပထမ ၎င်းတို့၏ ယုံကြည်ချက်တွင် အခြေမြစ်တစ်စုံတစ်ရာ မရှိပေ။ အနည်းငယ်အကြာတွင် ယိမ်းယိုင်သွားလေ့ရှိသည်။ ဒုတိယအကြောင်းမှာ လောက၏ ညစ်ညမ်းမှုများသည် ၎င်းတို့အား သက်ရောက်လေ့ ရှိပေသည်။ တတိယအကြောင်းမှာ ၎င်းတို့အပင်၏ အသီးအပွင့်များ ('အမလ်' ကျင့်ဆောင်မှုများ) သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အသုံးမဝင်ပေ။

အီမာန်၏ ထူးခြားသော အကျိုးအာနိသင်

ထို့နောက်တွင် မုအ်မင်န်၏ အီမာန်နှင့် 'ကလေမာဟ်သွိုင်ယိဗာဟ်'၏ ထူးခြားသော အကျိုးအာနိသင် တစ်ခုကို အခြားအာယသ်တော်တွင် တင်ပြထားသည်မှာ-

يُثَبِّتُ اللّٰهُ الَّذِيْنَ اٰمَنُوْا بِالْقَوْلِ الثَّابِتِ فِى الْحَيٰوةِ الدُّنْيَا وَفِى الْاٰخِرَةِ

ဆိုလိုသည်မှာ မုအ်မင်န်၏ 'ကလေမာဟ်သွိုင်ယိဗာဟ်'သည် တောင့်တိုင်းခိုင်မာသော သစ်ပင်တစ်ပင်ကဲ့သို့ ဖြစ်သည်မှာ ခိုင်မာသော အဆိုတစ်ရပ်ဖြစ်သည်။ ၎င်းကို အလ္လာဟ်အသျှင်မြတ်သည် လောကီနှင့် တမလွန်တွင် အမြဲတမ်း တည်ခဲ့ခိုင်မာစေသည်။ ဤ 'ကလေမာဟ်'တော်သည် 'အိခ်လားစ်'နှင့်ဖြစ်ရန် အရေးကြီးပေသည်။ ထို့ပြင် لاالٰهالاالله ၏ အလိုသဘောကို ပြည့်ဝစွာ သဘောပေါက်၍ ရွေးချယ်လုပ်ဆောင်ရပေမည်။

ဆိုလိုသည်မှာ ဤ 'ကလေမာဟ်'တော်အပေါ် သက်ဝင်ယုံကြည်သူအား အသျှင်မြတ်သည် ဒွန္နယာ၌လည်း အားအင်ချီးမြှင့်တော်မူသည်။ ထို့ကြောင့် ၎င်းသည် ကွယ်လွန်အနိစ္စ ရောက်သည့်တိုင်အောင် ထို 'ကလေမာဟ်'တော်အပေါ် မြဲမြံစွာ ရပ်တည်နိုင်သည်။ ယင်း 'ကလေမာဟ်'တော်နှင့် ဆန့်ကျင်၍ မည်မျှအခက်အခဲများကို ရင်ဆိုင်ရပါမူ ၎င်းသည် ဂရုမပြုပေ။ ထို့ပြင် အာခေရသ်တွင် ဤ 'ကလေမာဟ်'တော်ကို တည်တံ့စေ၍ ၎င်းသူအား ကူညီတော်မူ၏။ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီစ်တော်တစ်ပိုဒ်တွင် 'အာခေရသ်'၏ အလိုသဘောမှာ ဤအာယသ်တော်တွင် 'ဗရ်ဇခ်'ဆိုလိုသည်မှာ 'ကဗရ်'လောကဖြစ်သည်။

'ကဗရ်'၏ ဖြစ်ဒလာ်နှင့် အကျိုးတရားတို့သည် အမှန်တကယ် ရှိခြင်းကို ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များတွင် အတည်ပြုထားခြင်းအကြောင်း

ဟဒီးစ်တော်မှာ ကိုယ်တော်မြတ်က မိန့်တော်မူခဲ့သည်မှာ အကြင်အခါ 'ကဗရ်'တွင် မုအ်မင်န်အားမေးမြန်းသောအခါ ဤသို့ ကြောက်မက်ဖွယ်အခြေအနေများတွင်လည်း ၎င်းသည် အလ္လာဟ်အသျှင်မြတ်၏ အကူအညီဖြင့် ဤ 'ကလေမာဟ်'ပေါ်၌ မြဲမြံစွာ ရပ်တည်နေမည်။ ထို့ပြင်

لَا اِلٰه اِلَّا اللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ

၏ သက်သေထွက်ဆိုပေမည်။ ထို့အပြင် အမိန့်ရှိသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်ဖြစ်သော

يُثَبِّتُ اللّٰهُ الَّذِيْنَ اٰمَنُوْ بِالْقَولِ الثَّابِتِ فِى الْحَيٰوةِ الدُّنْيَا وَفِى الْاٰخِرَةِ

၏ အလိုသဘောမှာလည်း ဤအတိုင်းဖြစ်သည်။ (ဤဟဒီးစ်တော်သည် ဟဇရသ်ဗရားအ်ဗင်န်အာဇိဗ် ﷺ ထံမှ ဆင့်ပြန်ထားသည်။) ထိုနည်းတူစွာ ဆွဟာဗာအပေါင်း (၄၀) ခန့်ထံမှ တိကျခိုင်မာသောစနဒ်များနှင့်အတူ ဤအကြောင်းအရာနှင့် ပတ်သက်သော ဟဒီးစ်တော်ကို ဆင့်ပြန်ထားကြသည်။ ထိုအကြောင်းကို အေမာမ်အိဗ်နေကစီးရ်သည် မိမိ၏ သဖ်စီးရ်ကျမ်းတွင် စုဆောင်းတင်ပြထားပေသည်။ ထို့ပြင် ရှိုက်ခ်ဂျလာလွဒ်ဒီးန်စယူသွီ (ရဟ) သည် မိမိ၏ ရေးသားထားသော اَلتَّثْبِيْتُ عِنْدَ التَّبْيِيْتِ ကျမ်း

နှင့် ရှရ်ဟွဒ်စူဒူးရ်တွင် ဟဒီးစ်တော်ပေါင်း (၇၀) အား အကိုးအကားများနှင့်တကွ အထက်ပါဆင့်ပြန် ချက်များကို 'မုသာဝါသီရ်'ဖြစ်ကြောင်း အမိန့်ရှိထားသည်။ ထိုဆွဟာဗာအားလုံးတို့သည် ဖော်ပြပါ အာယသ် တော်တွင် 'အာခေရသ်'၏ အလိုသဘောမှာ 'ကဗရ်'နှင့် ၎င်းအာယသ်တော်ကို 'ကဗရ်'၏ ပြစ်ဒဏ်များ နှင့် အကျိုးတရားများနှင့် ပတ်သက်သည်ဟု အမိန့်ရှိထားသည်။

သေဆုံး၍ မြုပ်နှံပြီးသည့်နောက် 'ကဗရ်'တွင် လူသားအား ပြန်လည်ရှင်ပြန်ထစေ၍ ဖရစ်ရှ်သာဟ် များ၏ မေးခွန်းအား အဖြေပေးခြင်း၊ တစ်ဖန် ထိုစာမေးပွဲတွင် အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းအပေါ် 'အဇားဗ်' ပေးခြင်းနှင့် ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော် (၁၀) ခုခန့်မျှတွင် မိန့်ခြွေထား ပေသည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ မုသဝါသီရ်အဆင့်ရှိသော ဟဒီးစ်တော်ပေါင်း (၇၀) တွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားပေသည်။ ထိုအကြောင်းအရာ၌ မွတ်စ္စလင်မ်များကို ဒွိဟဝင်စရာ အကြောင်း မရှိပေ။ သို့ရှိရာ ဒွန္နယာ၏ မျက်စိဖြင့် ကြည့်ရှုသူတို့အား 'ဤအကျိုးစဝါးဗ်နှင့် 'အဇားဗ်'သည် အဘယ် ကြောင့် မတွေ့မြင်ကြရသနည်း'ဟု မျက်ကန်းတစ်ဦးပမာ သံသယထားရှိသူများအတွက် ဤနေရာတွင် အကျယ်တဝင့် ရှင်းလင်းဖြေကြားရန် မသင့်လျော်ပေ။ ဤမျှခန့် ခြုံငုံ၍ နားလည်သဘောပေါက်လျှင် လုံလောက်ပေသည်။ အကြောင်းမှာ အရာဝတ္ထုတစ်ခုအား မတွေ့မြင်ခြင်းသည် မတည်ရှိခြင်း၏ အထောက် အထားမဟုတ်ပေ။ 'ဂျင်န်'များနှင့် ဖရစ်ရှ်သာဟ်များကိုလည်း မည်သူမျှ မတွေ့ရှိရသော်လည်း တည်ရှိ၏။ လေကို မတွေ့ရသော်လည်း တည်ရှိ၏။ စကြဝဠာ လေဟာနယ်၏ ကျယ်ပြန့်မှုကို ယနေ့ခေတ်ကာလတွင် အာကာသယာဉ်ဖြင့် ကြည့်ရှုတိုင်းတာနေကြသည်။ ၎င်းသည် ယခင်က မည်သူမျှ မတွေ့ရှိခဲ့သော်လည်း တည်ရှိခဲ့သည်။ အိပ်မက်မက်သော သူသည် အိပ်မက်တွင် ဒုက္ခတစ်ခုခု သို့မဟုတ် ပြင်းထန်လှသည့် 'အဇားဗ်'တစ်ခုခုတွင် မခံမရပ်နိုင်အောင် ခံစားနေရသည်။ သို့သော် ၎င်းအနီး၌ ထိုင်နေသောသူကို ၎င်းနှင့် ပတ်သက်၍ အကျိုးအကြောင်း တစ်စုံတစ်ရာပင် မသိရှိရပေ။

မူအရ ပြောဆိုရသော် လောကတစ်ခုကို ကြည့်၍ အခြားလောကတစ်ခု၏ အခြေအနေအား ခန့်မှန်း ခြင်းသည်ပင်လျှင် မှား၏။ စကြဝဠာအား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မိမိရစူလ်၏ အကြောင်းခံ ဖြင့် အခြားလောကတွင် ရောက်ရှိပြီးသည့်နောက် 'အဇားဗ်'နှင့် စဝါးဗ်အကြောင်း သတင်းပေးထားရာ ၎င်းအပေါ် အီမာန်သက်ဝင် ယုံကြည်ရန် အရေးကြီးပေသည်။

အာယသ်တော်၏ နောက်ဆုံးပိုင်းတွင် အမိန့်ရှိသည်မှာ-

وَيُضِلُّ اللّٰهُ الظّٰلِمِيْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်များကိုမူ 'ကလေမာဟ်သွိုင်ယိဗာဟ်'နှင့် ခိုင်လုံ သော အဆိုပေါ်တွင် မြဲမြံစွာ ရပ်တည်စေခဲ့၏။ ထို့ပြင် ၎င်းတို့၏ ရလဒ်တွင် 'ကဗရ်'အတွင်း၌ပင် ၎င်းတို့ အတွက် စည်းစိမ်များကို အသင့်ရောက်ရှိစေသည်။ သို့သော် ဇွာလင်မ်များ၊ ကာဖိရ်များနှင့် မုရှ်ရစ်ကမ်များကို အလ္လာဟ်အသျှင်မြတ်၏ ဤကဲ့သို့ ကူညီဖေးမမှု ရရှိမည်မဟုတ်ပေ။ မွန်ကီရ်၊ နကီရ်၏ မေးခွန်းအား မှန်ကန်စွာ မဖြေနိုင်၍ နောက်ဆုံးရလဒ်၏ ပြစ်ဒဏ်တစ်မျိုး၌ ကျရောက်ရပေသည်။

وَيَفْعَلُ اللّٰهُ مَا يَشَآءُ

ဆိုလိုသည်မှာ အသျှင်မြတ်သည် အလိုရှိရာကို ပြုလုပ်လေ့ရှိသည်။ မည်သည့်စွမ်းအားမျှ အလ္လာဟ်အသျှင်မြတ်၏ အလိုဆန္ဒများကို မတားဆီးနိုင်ပေ။ ဟဇရသ်အိုဗိုင်းယိဗ်နုကအဗ် ﷺ သခင်နှင့် အဗ်ဒုလ္လာဟ် အိဗ်နေမတ်စ်အူးဒ်၊ ဟိုဇိုင်ဖာဟ်ဗင်န်ယမာန်း ﷺ သခင် အစရှိသည့် ဆွဟာဗာများက အမိန့်ရှိသည်မှာ အီမာန်ရှင်အတွက် ၎င်း၏ ယုံကြည်ချက်သည် အရေးကြီးပေသည်။ အကြောင်းမှာ ၎င်းရရှိခဲ့သမျှ အရာအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ သဘောဆန္ဒနှင့် ရရှိခဲ့ခြင်းသာ ဖြစ်သည်။ အသျှင်မြတ်အလိုတော်အတိုင်း မရရှိခဲ့ဟူ၍ မဖြစ်နိုင်ပေ။ ထိုနည်းတူစွာ မရရှိခဲ့သော အရာများသည်လည်း အလိုတော်မရှိလျှင် ရရှိရန် မဖြစ်နိုင်ပေ။ ထို့နောက် မိန့်တော်မူသည်မှာ အကယ်၍ အသင်တို့သည် ဤအချက်အပေါ် ခိုင်မာစွာ မယုံကြည်လျှင် အသင်တို့၏ စခန်းသည် 'ဂျဟန္နမ်'ဖြစ်သည်။

اَلَمْ تَرَ اِلَى الَّذِيْنَ بَدَّ لُوْا نِعْمَةَ اللّٰهِ كُفْرًا وَّاَحَلُّوْا قَوْمَهُمْ دَارَالْبَوَارِ

جَهَنَّمَ يَصْلَوْ نَهَا وَبِئْسَ الْقَرَارُ

ဆိုလိုသည်မှာ အသင်တမန်တော် ထိုသူများကို မတွေ့လေသလော။ အကြင်သူများသည် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို တုန့်ပြန်ရာတွင် ကုဖွရ်သွေဖည်ငြင်းဆန်ခြင်းကို ရွေးချယ်ခဲ့ကြသည်။ ထို့ပြင် မိမိ၏ ဆိုဆုံးမမှုအပေါ် လျှောက်လှမ်းခဲ့သော မျိုးနွယ်စုအား ဒုက္ခတွင်း နစ်မွန်းစေခဲ့၏။ ထိုသူများ 'ဂျဟန္နမ်'တွင် လောင်ကျွမ်းပေမည်။ ထို့ပြင် 'ဂျဟန္နမ်'သည် အလွန်ဆိုးရွားသော ဌာနေဖြစ်သည်။

ဤနေရာတွင် نِعْمَةَ اللّٰهِ ဟူသော စာသားဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'အလုံးစုံဟု အလိုသဘော ကောက်ယူနိုင်ပေသည်။ ယင်းကို မျက်မြင်ကိုယ်တွေ့ သိရှိခံစားနိုင်ပေသည်။ ထို့ပြင် အကြင်အရာများသည် လူသားများ၏ ရုပ်ပိုင်းဆိုင်ရာ ကျေးဇူးများနှင့် ပတ်သက်နေသည်။ ပမာဆိုသော် စားသောက်ဖွယ်ရာများနှင့် ဝတ်စားဆင်ယင်မှုဆိုင်ရာ ပစ္စည်းများ၊ အိမ်၊ ခြံ၊ မြေ အစရှိသည့် အရာများဖြစ်သည်။ ၎င်းနောက် သီးသန့် အဓိပ္ပာယ်ဖော်ဆောင်သော 'နေ့အ်မသ်'တော်များလည်း ဖြစ်နိုင်ပေသည်။ အကြင်အရာသည် လူသားများ၏ ဖြောင့်မတ်မှန်ကန်သော လမ်းရရှိရန်အတွက် အလ္လာဟ်အသျှင်မြတ်ဘက်မှ လာသော အရာဖြစ်သည်။ ဥပမာ- နဗီများနှင့် ကောင်းကင်ကျမ်းများနှင့် အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်နှင့် ဉာဏ်အမြော်အမြင်၏ နိမိတ်လက္ခဏာများကို မိမိတို့၏ တည်ရှိခြင်းနှင့် မိမိတို့၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းတိုင်းတွင် တွေ့မြင်ခြင်း၊ တစ်ဖန် မြေပထဝီနှင့် ထိုအတွင်းရှိ မရေမတွက်နိုင်သော အဖန်ဆင်းခံများတွင် သော်လည်းကောင်း၊ မိုးကောင်းကင်နှင့် ထိုအတွင်းရှိ မှန်းဆ၍ မရနိုင်သော စကြဝဠာအတွင်းသော်လည်းကောင်း လူသား၏ လမ်းမှန်တရားရရှိရန် အကြောင်းခံများ ရှိပေသည်။

ထို 'နေ့အ်မသ်'တော်နှစ်ခုစလုံး၏ တောင့်တချက်မှာ လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုနှင့် တန်ခိုးအာဏာတော်ကို နားလည်၍ ၎င်း၏ 'နေ့အ်မသ်'တော်များအပေါ် ကျေးဇူး ဥပေက္ခာပြုလျက် ထိုအသျှင်မြတ်၏ အမိန့်တော်များကို နာခံရပေမည်။ သို့သော် ကာဖိရ် မုရှ်ရစ်က်များသည်

ထို 'နေ့အ်မသ်'တော်များအား တုန့်ပြန်ရာတွင် ကျေးဇူးဥပေက္ခာ မပြုသည့်အပြင် ကျေးဇူးကန်းကာ ဆိုးသွမ်းမှုနှင့် အမိန့်ဖီဆန်မှုများ ပြုခဲ့ကြသည်။ ထိုသို့ ပြုခြင်း၏ ရလဒ်မှာ ၎င်းတို့သည် မိမိကိုယ်တိုင် ထို့ပြင် မျိုးနွယ်စုအားလည်း ပျက်စီးဆုံးရှုံးမှုတွင် ကျရောက်စေခဲ့၏။

အမိန့်ပညတ်ချက်များနှင့် လမ်းညွှန်ချက်များ

ထိုအာယသ်တော်သုံးပိုဒ်လုံးတွင် 'သောင်ဟီးဒ်'တရား၊ 'ကလေမာဟ်'သွိုင်ယိဗာဟ်'၏ ထွတ်မြတ်မှုနှင့် အကျိုးသက်ရောက်မှု၊ ထို့ပြင် ၎င်း 'ကလေမာဟ်'တော်၏ 'ဗရ်ကသ်'မင်္ဂလာများနှင့် အကျိုးတရားများကိုလည်းကောင်း၊ ၎င်း 'ကလေမာဟ်'အား ငြင်းဆန်ခြင်း၏ ဆုတ်ယုတ်မှုနှင့် ရလဒ်ဆိုးအကြောင်းကို တင်ပြခဲ့လေသည်။ ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တရားသည် ဤကဲ့သို့ အမြဲတည်ရှိနေမည့် ရတနာတစ်ပါး ဖြစ်ပေသည်။ ၎င်း 'သောင်ဟီးဒ်'တရား၏ 'ဗရ်ကသ်'မင်္ဂလာဖြင့် ဒွန္နယာလောကတွင်လည်း ကြွံခိုင်မှု ရရှိပေသည်။ ထို့ပြင် အာခေရသ်တမလွန်ဘဝနှင့် 'ကဗရ်'လောကတွင်လည်း ကြွံခိုင်မှု ရရှိပေမည်။ ထို့ပြင် ၎င်းအား ငြင်းဆန်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို 'အဇာဗ်'အပြစ်ဒဏ်များနှင့် ပြောင်းလဲလိုက်သကဲ့သို့ ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَجَعَلُوا لِلَّهِ أَندَادًا لِّيُضِلُّوا عَن سَبِيلِهِ ۗ قُلْ تَمَتَّعُوا فَإِنَّ مَصِيرَكُمْ إِلَى النَّارِ ﴿٣٠﴾

၁၄ : ၃၀ ။ ။ ထို့ပြင် ၎င်းတို့သည် (မိမိတို့ကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးတို့ကိုလည်းကောင်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ချွတ်ချော်တိမ်းပါးစေရန်အလို့ငှာ ထိုအသျှင်မြတ်၏ ဂုဏ်ရည်တူများကို ပြုလုပ် (၍ မှတ်ယူ) ခဲ့ကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား အချင်းတို့) 'အသင်သည် (ဤလောကီဘဝ၌ အနည်းငယ်မျှ) အကျိုးခံစားကြလေကုန်။ တစ်ဖန် အသင်တို့၏ နောက်ဆုံးစခန်းသည် ငရဲမီး၌ပင် ရှိပေသည်'ဟု ပြောကြားပါလေ။

قُل لِّعِبَادِيَ الَّذِينَ آمَنُوا يُقِيمُوا الصَّلَاةَ
وَيُنفِقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً مِّن قَبْلِ أَن
يَأْتِيَ يَوْمٌ لَّا بَيْعٌ فِيهِ وَلَا خِلَالٌ ﴿٣١﴾

၁၄ : ၃၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်၏ ကျွန်များအနက် သက်ဝင်ယုံကြည်ကြကုန်သော သူတို့အား 'ဆွလာသ်'ဝတ်ပြုမှုကို ဆောက်တည်ကြရန်နှင့် ငါအသျှင်မြတ်သည် ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ အကြင်နေ့ မဆိုက်ရောက်မီ၊ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ရှားစွာလည်းကောင်း ပေးကမ်းစွန့်ကြဲ

လှူဒါန်းကြရန် ပြောကြားပါလေ။ ထိုနေ့တွင် ရောင်းဝယ်ဖောက်ကားမှုသည်လည်း ရှိလိမ့်မည်မဟုတ်ပေ။ မိတ်ဖွဲ့ ရင်းနှီးကျွမ်းဝင်မှုဟူသည်လည်း ရှိလိမ့်မည်မဟုတ်ပေ။

اَللّٰهُ الَّذِىْ خَلَقَ
السَّمٰوٰتِ وَالْاَرْضَ وَاَنْزَلَ مِنَ السَّمَآءِ مَآءً فَاَخْرَجَ بِهٖ
مِنَ الثَّمَرٰتِ رِزْقًا لَّكُمْ ۚ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِىَ فِى الْبَحْرِ
بِاَمْرِهٖ ۚ وَسَخَّرَ لَكُمُ الْاَنْهٰرَ ﴿٣٢﴾

၁၄ : ၃၂။ ။ အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ၎င်းရေဖြင့် အသင်တို့အဖို့ သစ်သီးဝလံများကို ရိက္ခာအဖြစ် ထွက်စေတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ရွက်သင်္ဘောများကို အသင်တို့အကျိုးငှာ ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ပင်လယ်သမုဒ္ဒရာ၌ သွားလာရန်အလို့ငှာ အသင်တို့၏ အမိန့်ကို လိုက်နာစေတော်မူခဲ့လေသည်။ ထို့နည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့အကျိုးငှာ မြစ်ချောင်းများကိုလည်း နိုင်နင်းစေတော်မူခဲ့လေသည်။

وَسَخَّرَ لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَيْنِ ۚ وَسَخَّرَ لَكُمُ الَّيْلَ وَالنَّهَارَ ﴿٣٣﴾

၁၄ : ၃၃။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် နေနှင့် လကို အသင်တို့အကျိုးငှာ အမြဲမပြတ် သွားလာစေလျက် လိုက်နာစေတော်မူခဲ့လေသည်။ ထို့နည်းတူစွာ ထိုအသျှင်မြတ်သည် ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း အသင်တို့အကျိုးငှာ အမိန့်တော်ကို လိုက်နာစေတော်မူခဲ့လေသည်။

وَاٰتٰىكُمْ مِّنْ كُلِّ مَا
سَاَلْتُمُوْهُ ۗ وَاِنْ تَعُدُّوْا نِعْمَتَ اللّٰهِ لَا تُحْصُوْهَا ۗ اِنَّ الْاِنْسَانَ
لَظَلُوْمٌ كَفَّارٌ ﴿٣٤﴾

၁၄ : ၃၄။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား အသင်တို့ ထိုအသျှင်မြတ်ထံတော်၌ အသနားခံခဲ့ကြသည့် အရာအလုံးစုံတို့အနက်မှလည်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ စင်စစ် အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော် (များ) ကို ရေတွက်ကြသည်ရှိသော်၊ အသင်တို့သည် ယင်းကျေးဇူးတော် (များ) ကို ရေတွက်နိုင်ကြမည်မဟုတ်ပေ။ ဧကန်မလွဲ လူသား (တို့) သည် အမှန်ပင် မတရားသော သူ (များ)၊ အလွန် ကျေးဇူးကန်းသူ (များ) ပင် ဖြစ် (ကြ) ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အထက်တွင် တင်ပြခဲ့သည်မှာ ၄င်းသူတို့သည် ကျေးဇူးတရား သိရမည့်နေရာတွင် ကျေးဇူးကန်းမှုပြု၍ မိမိ၏ မျိုးနွယ်စုကို 'ဂျဟန္နမ်'အပယ်ငရဲဘုံသို့ ပို့ဆောင်ခဲ့ကြ၏။ ထိုသို့ ကျေးဇူးကန်းခြင်းနှင့် 'ဂျဟန္နမ်'သို့ ပို့ဆောင်ခြင်းအကြောင်းကို ဤသို့ တင်ပြထားသည်မှာ) ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် နှိုင်းယှဉ်တုဖက်ခဲ့ကြ၏။ သို့မှသာလျှင် (အခြားသူများကိုလည်း) ၄င်းတို့၏ သာသနာတော်မှ လမ်းလွဲစေရန်ဖြစ်သည်။ (သို့ရှိရာ နှိုင်းယှဉ်မှုပြုခြင်းသည် ကုဖွရ်ဖြစ်၏။ ထို့ပြင် အခြားသူများကို လမ်းလွဲစေခြင်းသည် 'ဂျဟန္နမ်'သို့ ပို့ခြင်းဖြစ်သည်။) အသင်တမန်တော် (၄င်းတို့အားလုံးကို) ပြောကြားပါလေ။ ရက်အနည်းငယ် အသင်တို့ သက်သာမှု ရယူကြလေကုန်။ အဘယ်ကြောင့်ဆိုသော် အသင်တို့၏ နောက်ဆုံးသွားရမည့် ဌာနသည် 'ဂျဟန္နမ်'ငရဲဘုံဖြစ်သည်။ (သက်သာရာရမှု၏ အလိုသဘောမှာ ကုဖွရ်အခြေအနေ၌ နေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းကို မိမိ၏ ဘာသာတရားတွင် နှစ်မြို့မှုရှိပေသည်။ ဆိုလိုသည်မှာ ရက်အနည်းငယ် ကုဖွရ်ပြုမှုတွင် နေထိုင်ကြလေကုန်။ ဤသည် ခြိမ်းခြောက်မှုဖြစ်လေသည်။ ထို့ပြင် အဘယ်ကြောင့်ဆိုသော် အလိုသဘောမှာ စင်စစ် 'ဂျဟန္နမ်'သို့ သွားခြင်းသည်သာ အသင်တို့အတွက် အရေးကြီးလေသည်။ ထို့ကြောင့်သာ အသင်တို့ ကုဖွရ်ပြုမှုမှ ရှောင်ရန် ခက်ခဲနေခြင်းဖြစ်သည်။ သို့ရှိရာ တစ်ဖန် ရက်အနည်းငယ် နေလိုက်ကြကုန်။ ထို့နောက် ယင်းဒုက္ခနှင့် ရင်ဆိုင်ရမည်မှာ မုချဖြစ်သည်)

အကြင်သူများသည် ငါအသျှင်မြတ်၏ သီးသန့်အီမာန်သက်ဝင်ယုံကြည်သူ ဗန္ဒာဟ်များ ဖြစ်ကြသည်။ (၄င်းတို့ကို ထို 'နေ့အ်မသ်'တော်များအား ငြင်းဆန်ခြင်း၏ ပြစ်ဒဏ်အပေါ် သတိပေး ခြိမ်းခြောက်၍ ထိန်းသိမ်းမှုရရှိစေရန်အတွက်) ၄င်းတို့ကို ပြောကြားပါလေ။ ထိုသူများသည် (အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို ဤသို့ ကျေးဇူးသိတတ်ရမည်မှာ) နမာဇ်ကို စွဲမြဲစွာ ဆောက်တည်ခြင်းနှင့် ငါအသျှင်မြတ်ပေးသနားတော်မူထားသော အရာများအား (ရှရီအသ်နည်းဥပဒေသများနှင့်အညီ) တိတ်တဆိတ်ဖြစ်စေ၊ လူသိရှင်ကြားဖြစ်စေ (သင့်လျော်သည့်ပုံစံဖြင့်) သုံးစွဲမှုပြုရပေမည်။ အကြောင်းမှာ ရောင်းဝယ်ဖောက်ကားခြင်းလည်း မရှိ။ ထို့ပြင် မိတ်ဆွေသင်္ဂဟလည်း မရှိသောနေ့မတိုင်မီအလျင် သုံးစွဲမှုပြုရပေမည်။ (အလိုသဘောမှာ ခန္ဓာကိုယ်နှင့်သော်လည်းကောင်း ဥစ္စာပစ္စည်းနှင့်သော်လည်းကောင်း ကောင်းမှုများပြုကျင့်နေမည်။ ဤသို့ ပြုကျင့်နေခြင်းသည်သာ 'နေ့အ်မသ်'တော်များကို ကျေးဇူးတင်ရှိခြင်း ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့ပြင် ကောင်းကင်ယံမှ မိုးရွာစေခဲ့သည်။ တစ်ဖန် ထိုမိုးစက်မှ သီးနှံအမျိုးမျိုးဖြင့် အသင်တို့အတွက် ရိက္ခာဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် အသင်တို့အကျိုးရှိရန်အလို့ငှာ လှေ (နှင့် သင်္ဘော) ကို (မိမိတန်ခိုးတော်၏ စွမ်းဆောင်ချက်ဖြင့်) စေခိုင်းထားတော်မူခဲ့၏။ သို့မှသာ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (နှင့် တန်ခိုးအာနုဘော်) ဖြင့် ပင်လယ်တွင် သွားလာနိုင်မည်။ (ထို့ပြင် အသင်တို့၏ ကုန်သွယ်မှုနှင့် ခရီးနှင်ရန် ဆန္ဒများ ပြည့်ဝမည်ဖြစ်သည်။)

ထို့ပြင် အသင်တို့ အကျိုးရှိရန်အလို့ငှာ မြစ်ချောင်းများကို (မိမိတန်ခိုးတော်၏ စွမ်းဆောင်ချက်ဖြင့်) စေခိုင်းထားတော်မူသည်။ (သို့မှသာ ထိုမြစ်များမှ ရေကို သောက်သုံး၍ လယ်ယာများတွင် ရေသွင်း

ပက်ဖျန်းရန်နှင့် ထိုမြစ်ချောင်းများတွင် လှေများ မောင်းနှင်နိုင်ရန်ဖြစ်သည်။) ထို့ပြင် အသင်တို့ အကျိုးရှိရန်အလို့ငှာ သူရိယနေမင်းနှင့် စန္ဒာလမင်းကို (မိမိတန်ခိုးတော်ဖြင့်) စေခိုင်းထားတော်မူသည်။ (သို့မှသာ အသင်တို့ ဝမ်းစာရှာဖွေခြင်းနှင့် စည်းစိမ်များမှ အကျိုးရရှိစေရန်ဖြစ်သည်။) ထို့ပြင် အသင်တို့ တောင်းခံခဲ့သမျှသော အရာများ (ယင်းတောင်းခံသော အရာသည် အသင်တို့နှင့် သင့်လျော်သော အခြေအနေ၌ရှိပါမူ) အသင်တို့ကို အရာဟူသရွေ့ ပေးသနားတော်မူခဲ့သည်။ ထို့နောက် (ဖော်ပြပါ အရာများသာမကဘဲ) အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များသည် (မရေမတွက်နိုင်လောက်အောင် များပြားလှပေသည်။) အကယ်၍ (ယင်းတို့ကို ရေတွက်ကြမည်ဆိုလျှင် ရေတွက်နိုင်မည်ပင် မဟုတ်ပေ။ (သို့သော်) စင်စစ်တွင် လူသားသည် လွန်စွာ တရားမျှတမှု ကင်းမဲ့သောသူ၊ လွန်စွာ ကျေးဇူးကန်းသူ ဖြစ်လေသည်။ (အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များကို တန်ဖိုးမထား၊ ကျေးဇူးမသိတတ်ကြချေ။ သို့သာမကဆန့်ကျင်လျက် ငြင်းဆန်မှုနှင့် အကုသိုလ်ဒုစရိုက်များကိုသာ ပြုလုပ်ကြသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း: اَلَمْ تَرَ اِلَى الَّذِيْنَ بَدَّلُوْا نِعْمَةَ اللّٰهِ كُفْرًا ဟူ၍ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ်အိဗ်ရာဟီးမ်၏ အစတွင် 'ရိစာလသ်'နှင့် 'နဗူဝသ်'အကြောင်း၊ ရလဒ်နှင့် တမလွန်စခန်းနှင့်ပတ်သက်၍ အကြောင်းအရာများ ပါရှိလေသည်။ ထို့နောက် 'သောင်ဟီးဒ်'တရား၏ အကျိုးကျေးဇူးများ၊ ကုဖွရ်၊ ရှရစ်က် စကားရပ်များ၏ ဆိုးကျိုးများအကြောင်းကို ပမာများနှင့်တကွ တင်ပြခဲ့သည်။ တစ်ဖန်မုရှ်ရစ်က်များအကြောင်းကို အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များအား ကျေးဇူးတင်ရှိရမည့်အစား ကျေးဇူးကန်းကာ ငြင်းဆန်သော လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသောကြောင့် ပြစ်တင်ဝေဖန်ထားလေသည်။

အထက်ပါအာယသ်တော်များအနက် ပထမအာယသ်တော်တွင် ကာဖိရ်များနှင့် မုရှ်ရစ်က်များအား ပြစ်တင်ပြောဆိုမှုနှင့် ၎င်းတို့၏ ရလဒ်ဆိုးအကြောင်း တင်ပြထားပေသည်။ ဒုတိယအာယသ်တော်တွင် အီမာန်ရှင်များ၏ အကျိုးကျေးဇူးများနှင့် ၎င်းတို့အား ကျေးဇူးသိတတ်ရန် အလ္လာဟ်အသျှင်မြတ်၏ ပညတ်တော်အချို့ကို လိုက်နာကျင့်သုံးရန် တိုက်တွန်းထားလေသည်။ တတိယ၊ စတုတ္ထနှင့် ပဉ္စမအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားသော 'နေအ်မသ်'တော်များအကြောင်း တင်ပြကာ ထို 'နေအ်မသ်'တော်များကို အလ္လာဟ်အသျှင်မြတ်၏ ဖည်ဆန်မှုများတွင် အသုံးမချရန် နှိုးဆော်ထားလေသည်။

သဗ်စီးရ်အကျယ်ဖွင့်ဆိုမှုနှင့် ရှင်းလင်းချက်

اَنْدَادًا သည် نِدٌّ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ 'ဆင်တူခြင်း၊ တန်းတူရည်တူရှိခြင်း' ဖြစ်သည်။ ရုပ်တုများကို اَنْدَادًا ဟု ခေါ်ဆိုရခြင်းအကြောင်းမှာ မုရှ်ရစ်က်များသည် ယင်းတို့အား မိမိ၏ ဆောင်ရွက်ချက်များတွင် အလ္လာဟ်အသျှင်မြတ်နှင့် နှိုင်းယှဉ်ခြင်း၊ သို့မဟုတ် တန်းတူရည်တူ ရှိသည်ဟု သတ်မှတ်ထားကြသည်။ تَمَتُّعٌ ၏ အဓိပ္ပာယ်မှာ အရာဝတ္ထုတစ်ခုကို ရက်အနည်းငယ် ယာယီအကျိုး

ခံစားမှု ရယူခြင်းဖြစ်သည်။ ဤအာယသ်တော်တွင် မုရှ်ရစ်ကိမ်များ၏ ဤမှားယွင်းသော အတွေးအခေါ်အား ငြင်းပယ်ထားလေသည်။ ၄င်းတို့သည် ရုပ်တုများကို အလ္လာဟ်အသျှင်မြတ်နှင့် နှိုင်းယှဉ်ကာ အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်နိုင်သူများဟု သတ်မှတ်ကြပေသည်။ တမန်တော်မြတ်အား ၄င်းတို့၏ ရလဒ်မည်သို့ ရှိမည်ကို တင်ပြရန် မိန့်တော်မူခဲ့သည်။ ရက်အနည်းငယ် လောက၏ 'နေ့အ်မသ်' စည်းစိမ်များဖြင့် အကျိုးအမြတ်ရယူကြကုန်။ သို့သော် အသင်တို့၏ ဌာနစခန်းသည် 'ဂျဟန္နမ်' မီးလျှံဖြစ်မည်။

ဒုတိယအာယသ်တော်တွင် တမန်တော်မြတ်အား မိန့်တော်မူသည်မှာ မက္ကာဟ်မြို့နေ ကာဖိရ်များသည် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို ကုဖ္ဖရ်ငြင်းဆန်မှုနှင့် လဲလှယ်လိုက်ကြလေသည်။ ယခု အသင်တမန်တော်သည် ငါအသျှင်မြတ်၏ အီမာန်ရှင် ဗန္ဒာဟ်များအား 'ဆွလာႏသ်'ဝတ်ပြုမှုကို စွဲမြဲစွာ ဆောက်တည်ရန် ၄င်းနောက် ငါအသျှင်မြတ် ချီးမြှင့်ထားသော ရိဇ္ဇ်ကများအနက်မှ အသျှင်မြတ်၏ လမ်းတော်တွင် တိတ်တဆိတ်သော်လည်းကောင်း၊ ပေါ်လွင်ထင်ရှားစွာလည်းကောင်း သုံးစွဲကြရန် ပြောကြားလော။ ဤအာယသ်တော်တွင် အီမာန်ရှင် ဗန္ဒာဟ်များအတွက် ကြီးမားသော ကောင်းချီးမင်္ဂလာများနှင့် ဂုဏ်သတင်းများ ပါရှိသည်။ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား မိမိ၏ ဗန္ဒာဟ်ဟူ၍ ကင်ပွန်းတပ်ခဲ့လေသည်။ တစ်ဖန် အီမာန်ဟူသော ဂုဏ်ဒြပ်နှင့် ဂုဏ်ပေးမိန့်ဆိုခဲ့သည်။ တစ်ဖန် ၄င်းတို့အား အမြဲထာဝရတည်ရှိမည့် စည်းစိမ်သုခများ၊ ဂုဏ်ဓနများ ချီးမြှင့်ရန် လမ်းစဉ်ကို ပြသခဲ့သည်။ အဘယ်ကြောင့်ဆိုသော် 'ဆွလာႏသ်'ဆောက်တည်မှုကို စွဲမြဲစွာ ပြုလော။ 'ဆွလာႏသ်'၏ အချိန်များနှင့် ပတ်သက်၍ မပျင်းရိကြရန် စည်းကမ်းချက်များတွင် ပေါ့လျော့မှုမရှိရန်၊ ၄င်းနောက် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော ရိဇ္ဇ်ကများအနက်မှ အချို့ကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် သုံးစွဲရန်၊ ၄င်းနောက် သုံးစွဲရမည့် နည်းလမ်းနှစ်သွယ်ကိုလည်း ပြုပိုင်ကြောင်းကို သတ်မှတ်ထားသည်။ အကြောင်းမှာ တိတ်တဆိတ် 'ဆွဒ်ကာဟ်'၊ 'ခိုင်ရာႏသ်'လှူဒါန်းသည်ဖြစ်စေ၊ သို့မဟုတ် ထင်ပေါ်စွာ လှူဒါန်းသည်ဖြစ်စေ၊ ပြုပိုင်ခွင့်ရှိကြောင်း သတ်မှတ်ထားပေသည်။ အချို့ပညာရှင်များက မိန့်ဆိုထားသည်မှာ 'ဖွရဒ်' တာဝန်ဖြစ်သော 'ဇကာႏသ်' နှင့် 'ဖိသ်ရာဟ်' စသည်တို့ကို ပေါ်လွင်စွာ ပေးကမ်းသင့်သည်။ သို့မှသာ အခြားသူများသည်လည်း စိတ်ဝင်စားမည်ဖြစ်သည်။ ၄င်းနောက် 'နဖိလ်ဆွဒ်ကာဟ်'နှင့် 'ခိုင်ရာႏသ်'များကို တိတ်တဆိတ်ပေးကမ်းခြင်းသည် ပို၍ မွန်မြတ်သည်။ သို့မှသာ ကျော်ကြားလိုမှု အန္တရာယ်မှ ကင်းဝေးမည်ဖြစ်သည်။ စင်စစ်တွင် ၄င်း၏ ရည်စူးမှုနှင့် အခြေအနေသည် အဓိကကျသည်။ အကယ်၍ ထင်ပေါ်စွာ ပေးကမ်းလှူဒါန်းရာတွင်လည်း ကျော်ကြားလိုမှု အနည်းငယ်မျှပင် ပါရှိမည်ဆိုပါက 'ဇကာႏသ်'သည် 'ဖွရဒ်'ဖြစ်စေ၊ သို့မဟုတ် 'နဖိလ်ဆွဒ်ကာဟ်'ဖြစ်စေ၊ လှူဒါန်းမှု အကျိုးကျေးဇူး ပပျောက်သွားမည်ဖြစ်သည်။ အကယ်၍ နီယသ်ရည်စူးမှုသည် အခြားသူများအား တိုက်တွန်းလိုသည့် ဆန္ဒရှိခဲ့လျှင် 'ဖွရဒ်ဇကာႏသ်'ကို ပေးကမ်းသည်ဖြစ်စေ၊ 'နဖိလ်ဆွဒ်ကာဟ်' ပေးကမ်းသည်ဖြစ်စေ၊ ထင်ပေါ်စွာ ပေးကမ်းလှူဒါန်းခွင့်ရှိပေသည်။

مِنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا بَيْعٌ فِيْهِ وَلَا خِلٰلٌ

အလိုသဘောမှာ خِلَالٌ သည် خُلَّةٌ ၏ ဗဟုဝုစ်ကိန်းလည်း ဖြစ်နိုင်သည်။ ယင်း၏ အဓိပ္ပာယ်မှာ မည်သည့် ရမ္မက်မျှမရှိဘဲ မိတ်ဖွဲ့ခြင်းဖြစ်သည်။ ၄င်းနောက် ထိုစာသားကို 'ဗာဗေမုဖာအလဟ်'၏ နာမ

ဝိသေသနဟုလည်း ဆိုနိုင်ပေသည်။ ဥပမာ- قِتَالٌ — دِفَاعٌ စသည်တို့ဖြစ်သည်။ ဤသို့ဆိုလျှင် ယင်း၏ အဓိပ္ပာယ်မှာ လူနှစ်ဦး၏ အချင်းချင်းစိတ်ဓါတ်ဖြူစင်စွာ မိတ်ဖွဲ့ခြင်းဟူ၍ ဖြစ်သည်။ ထိုဝါကျသည် အထက်တွင် တင်ပြခဲ့သော ပညတ်ချက်နှစ်ရပ်ဖြစ်သော 'ဆွလားသ်'၊ 'ဆွဒ်ကာဟ်'တို့နှင့် ပတ်သက်လေသည်။

အလိုသဘောမှာ ဤသို့ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ယခုအခါ 'ဆွလားသ်' တည်ဆောက်ရန် အင်အားနှင့် အချိန်နှီးမြှင့်ထားသည်။ အကယ်၍ ကုန်ဆုံးခဲ့သော သက်တမ်းတွင် မေ့လျော့မှုကြောင့် မဆောက်တည်ဖြစ်ခဲ့သော 'ဆွလားသ်'များကို 'ကဇွာ'ပြုကြကုန်။ ထိုနည်းတူစွာ ယနေ့အချိန်အခါတွင် အသင်တို့၏ လက်ဝယ်ပိုင်ဆိုင်မှု၌ ဥစ္စာပစ္စည်းများ ရှိသည်။ ယင်းကို အလ္လာဟ်အသျှင်မြတ်အတွက် သုံးစွဲကာ အမြဲသက်တမ်းအတွက် အကျိုးရှိစေနိုင်သည်။ သို့သော် ထိုနေ့သည် နီးကပ်လာလေပြီ။ အကြင်နေ့တွင် ဤအင်အားနှစ်ရပ်စလုံး အသင်တို့ထံပါးမှ ရုပ်သိမ်းလိုက်လိမ့်မည်။ အသင်တို့၏ ခန္ဓာသည်လည်း 'ဆွလားသ်'ဆောက်တည်နိုင်စွမ်း ရှိတော့မည်မဟုတ်သကဲ့သို့ အသင်တို့၏ ပိုင်ဆိုင်မှုတွင်လည်း မည်သည့် ဥစ္စာပစ္စည်းမျှ ရှိတော့မည်မဟုတ်ပေ။ ထိုဥစ္စာပစ္စည်းဖြင့် ဆုံးရှုံးခဲ့သော အခွင့်အရေးများအား ပေးဆပ်နိုင်တော့မည်မဟုတ်ပေ။ ၎င်းနောက် ထိုနေ့တွင် မည်သူမျှ ရောင်းဝယ်ဖောက်ကားမှုမျိုး ပြုနိုင်မည်မဟုတ်ပေ။မိမိ၏ အပြစ် 'ဂိုနာဟ်'များကို 'ကဖ္ဖာရဟ်'ပေးရန် အရာတစ်ခုခုကို ဝယ်ယူလိုပါက ဝယ်ယူနိုင်မည်မဟုတ်ပေ။ ၎င်းနောက် ထိုနေ့တွင် အချင်းချင်း ထားရှိခဲ့ကြသော မိတ်ဖွဲ့မှုများနှင့် ဆက်နွယ်ပတ်သက်မှုများသည်လည်း အသုံးဝင်လိမ့်မည်မဟုတ်ပေ။ ချစ်လှစွာသော မိတ်ဆွေတစ်ဦးသည် အခြားမိတ်ဆွေ၏ အကူသိုလ် ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်နိုင်မည်မဟုတ်ပေ။ ၎င်း၏ 'အဇားဗ်'အပြစ်ဒဏ်ကိုလည်း မည်သည့် နည်းနှင့်မျှ ဖယ်ရှားနိုင်မည်မဟုတ်ပေ။

ထိုနေ့သည် 'ဟရှ်ရ်'နေ့ (ကေယာမသ်) ကို ဆိုလိုသည်မှာ ထင်ရှားနေပေသည်။ ၎င်းနောက် ကွယ်လွန်သေဆုံးမည့်နေ့ဟူ၍လည်း ဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာများသည် ကွယ်လွန်သေဆုံးသည့်အချိန်မှစ၍ ပေါ်လွင်လာမည့်အရာများ ဖြစ်သည်။ ခန္ဓာကိုယ်သည်လည်း မည်သို့မျှ စွမ်းဆောင်နိုင်ခြင်း မရှိတော့သကဲ့သို့ ဥစ္စာပစ္စည်းများသည်လည်း ၎င်း၏ ပိုင်ဆိုင်မှုတွင် ရှိတော့မည် မဟုတ်ပေ။

ပညတ်ချက်များနှင့် ဩဝါဒများ

ဤအာယသ်တော်တွင် မိန့်ဆိုထားသည်မှာ တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့ထားမှုသည် 'ကေယာမသ်' နေ့တွင် အသုံးဝင်မည်မဟုတ်ဟု ဆိုသည့် အလိုသဘောမှာ လောကီရေးရာ မိတ်ဖွဲ့မှုများသည်သာ ထိုနေ့တွင် အသုံးဝင်လိမ့်မည်မဟုတ်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် အကြင်သူတို့၏ မိတ်ဖွဲ့မှုနှင့် ပတ်သက်ဆက်နွယ်မှုများသည် အလ္လာဟ်အသျှင်မြတ်အတွက်သော်လည်းကောင်း၊ အသျှင်မြတ်၏ သာသနာရေးရာအတွက်သော်လည်းကောင်း ဖြစ်ခဲ့မည်ဆိုလျှင် ၎င်းတို့၏ မိတ်ဖွဲ့မှုများသည် ထိုအချိန်တွင်လည်း အသုံးဝင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ မွန်မြတ်သော၊ နှစ်သက်ခံရသော ဗန္ဒာဟ်များသည် အခြားသူများကို 'ရှဖာအသ်' အသနားခံပေးကြလိမ့်မည်။ ဥပမာ- မြောက်မြားစွာသော ဟဒီးစ်တော်များတွင်

ဤသို့ ဆင့်ပြန်ချက်များ လာရှိထားပေသည်။ ၄င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်တော်မူထားသည်မှာ-

اَلْاَخِلَّاءُ يَوْمَئِذٍۭ بَعْضُهُمْ لِبَعْضٍ عَدُوٌّ اِلَّا الْمُتَّقِيْنَ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ ဒွန္နယာလောကတွင် အချင်းချင်း မိတ်ဆွေဖွဲ့ဖြစ်ခဲ့ကြသူများသည် ထိုနေ့တွင် တစ်ဦးနှင့်တစ်ဦး ရန်သူများ ဖြစ်သွားကြလိမ့်မည်။ အကြောင်းမှာ မိမိ၏ အကုသိုလ်အား မိတ်ဆွေပေါ်သို့ ပုံချကာ မိမိကိုယ်၌မှု လွတ်မြောက်ရန် လိုလားကြလိမ့်မည်။ သို့သော် 'သက္ကဝါ'တရားရှိသူတို့သည် ဤသို့ဖြစ်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် 'သက္ကဝါ'ရှင်တို့သည် ထိုနေရာတွင်လည်း တစ်ဦးကိုတစ်ဦး 'ရှဖာအသ်'အသနားခံကာ ကူညီနိုင်ကြလိမ့်မည်။

တတိယ၊ စတုတ္ထနှင့် ပဉ္စမအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားသော 'နေ့အ်မသ်'တော်များကို သတိရစေလျက် လူသားကို အလ္လာဟ်အသျှင်မြတ်၏ ခဝပ်မှုနှင့် အမိန့်နာခံမှုဘက်သို့ ဖိတ်ခေါ်ခဲ့ပေသည်။ အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်သာလျှင် ဖြစ်သည်။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းတော်မူသည်။ လူသား၏ ရှင်သန်ရပ်တည်မှု အစမှ အဆုံးသည် ထိုမိုးနှင့် မြေကို ဖန်ဆင်းမှုအပေါ် မူတည်နေသည်။ တစ်ဖန် မိုးကောင်းကင်မှ မိုးကို ရွာသွန်းစေသည်။ ထိုမိုးစက်များ၏ အကြောင်းခံဖြင့် အမျိုးမျိုးသော သီးနှံများကို ဖန်ဆင်းတော်မူ၍ အသင်တို့၏ ရိက္ခာဖြစ်စေတော်မူသည်။ **ثمرات** သည် **ثمرة** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အရာတိုင်းမှ ရရှိနိုင်သော ရလဒ်ကို ထိုအရာ၏ **ثمرة** ဟု ခေါ်ဆိုပေသည်။ ထို့အတွက်ကြောင့် **ثمرات** ဟူသော စာလုံးတွင် လူသားများ စားသုံးရန် ဖြစ်နိုင်သော အရာများအားလုံးလည်း ပါဝင်ပေသည်။ ၄င်းနောက် လူသားများ ဝတ်စားဆင်ယင်နိုင်သော အရာများလည်း ပါဝင်ပေသည်။ ၄င်းနောက် လူသားများ နေထိုင်နိုင်သော အိမ်များလည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် **رزق** ဟူသောစာသားကို ထိုအာယသ်တော်တွင် တင်ပြထားပေသည်။ ယင်းစာသား၏ အဓိပ္ပာယ်တွင် လူသားများ၏ အရေးကြီးလိုအပ်သော အရာအားလုံး ပါဝင်နေပေသည်။ *[မဇ္ဖဟရီကျမ်း]*

တစ်ဖန် မိန့်တော်မူသည်မှာ မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် လှေများနှင့် သင်္ဘောများကို အသင်တို့၏ လုပ်ငန်းများတွင် စေခိုင်းထားတော်မူသည်။ အကြောင်းမှာ သင်္ဘောများသည် အသျှင်မြတ်၏ အမိန့်ဖြင့် ပင်လယ်များတွင် သွားလာခုတ်မောင်းနေကြသည်။ ထိုအာယသ်တော်တွင် လာရှိသော **سَخَّرَ** ဟူသော စာသား၏ အလိုသဘောမှာလည်း ဤသို့ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများအား အသုံးပြုရာတွင် အသင်တို့အား လွယ်ကူစေခဲ့သည်။ သစ်၊ သံ၊ ၄င်းနောက် ထိုအရာများဖြင့် လှေသင်္ဘော ပြုလုပ်ရမည့် ကိရိယာများ၊ ၄င်းနောက် လှေသင်္ဘောများကို မှန်ကန်စွာ လုပ်နိုင်သည့် ဉာဏ်အမြော်အမြင် စသည့် အရာအားလုံးသည် အသျှင်မြတ်၏ ချီးမြှင့်မှုများ ဖြစ်သည်။ ထို့ကြောင့် ထိုအရာများကို တီထွင်သူသည် မိမိတီထွင်မှုအပေါ် ဝင့်ကြွားမနေသင့်ပေ။ အကြောင်းမှာ ဤအရာများကို ကျွန်ုပ် တီထွင်သည်၊ သို့မဟုတ် ပြုလုပ်ခဲ့သည်။ အကြင်အရာများဖြင့် ယင်းတို့တွင် အသုံးချခဲ့သည်။ ထိုထဲတွင် အရာတစ်ခုကိုပင်လျှင် အသင် မဖန်ဆင်းနိုင်သကဲ့သို့ လုပ်ဆောင်နိုင်မည်

လည်း မဟုတ်ပါ။ စကြဝဠာကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဖန်ဆင်းထားသော သစ်၊ သံ၊ ကြေးနီ၊ ကြေးဝါတို့ကိုသာ အသုံးပြု၍ ထိုတီထွင်မှုဆွဲကြိုးကို မိမိလည်တွင် စွပ်လိုက်ကြသည်။ ဤသို့ မဟုတ်ပါက အမှန်တရားကို လေ့လာကြည့်မည်ဆိုလျှင် မိမိတို့၏ ရှင်သန်ရပ်တည်မှုနှင့် မိမိတို့၏ ခြေလက်များ၊ ဦးနှောက်အသိဉာဏ် စသည်တို့ကိုလည်း မိမိတို့ကိုယ်တိုင် ဖန်ဆင်းခဲ့ခြင်း မဟုတ်ပေ။

ထို့နောက် မိန့်တော်မူသည်မှာ ငါအသျှင်မြတ်သည် အသင်တို့အတွက် နေမင်းနှင့် လမင်းကို စေခိုင်းတော်မူသည်။ အကြောင်းမှာ ထိုနေနှင့် လ နှစ်စင်းစလုံး အမြဲတမ်း၊ အခြေအနေတစ်မျိုးတည်းပေါ်၌ လှည့်လည်နေစေခဲ့သည်။ دَائِبَيْنِ ဆိုသော စာသားသည် دأب မှ ထွက်ပေါ်လာသော နာမ်ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ အကျင့်ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အချိန်တိုင်းနှင့် အခြေအနေတိုင်းတွင် သွားလာလှည့်လည်ခြင်းကို ထိုဂြိုဟ်နှစ်စင်း၏ အစဉ်အလာ (အကျင့်စလေ့) ဖြစ်စေခဲ့သည်။ သို့ရှိရာ မည်သည့်အခါမျှ ထိုအစဉ်အလာနှင့် မဆန့်ကျင်ကြပေ။ စေခိုင်းထားတော်မူခြင်းဟု ဆိုခြင်းမှာ ယင်းတို့သည် အသင်တို့၏ ညွှန်ကြားမိန့်ဆိုချက်နှင့်အညီ သွားလာလည်ပတ်ကြမည်ဟူ၍ ဆိုလိုခြင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ နေနှင့် လကို ထိုသို့ လူသား၏ စေလိုရာအရာအဖြစ် ဖန်ဆင်းထားမည်ဆိုလျှင် ၎င်းနောက် ထိုဂြိုဟ်များသည် လူသားတို့၏ အမိန့်နှင့်အညီ လှည့်ပတ်သွားလာကြမည်ဆိုလျှင် လူသားတို့အကြား အချင်းချင်း ဤသို့ အကွဲအလွဲများ ဖြစ်ပေါ်လာကြမည်။ တစ်ဦးက နေမင်းကို ယနေ့ နှစ်နာရီခန့်နောက်ကျ၍ ထွက်ပေါ်ရန် ပြောဆိုမည်။ အဘယ်ကြောင့်ဆိုသော် ညက ကျွန်ုပ် အလုပ်များနေခဲ့သည်။ အခြားသူတစ်ဦးက နေ့တွင် အလုပ်များသောကြောင့် နေမင်းကြီး နှစ်နာရီ ကြိုထွက်ရန် လိုလားမည်ဖြစ်ကြသည်။ ထို့ကြောင့် ကြီးကျယ်မြင့်မြတ်တော်မူသော အသျှင်မြတ်က မိုးကောင်းကင်နှင့် ကြယ်တာရာများကို လူသားတို့အတွက် စေခိုင်းထားတော်မူခဲ့သည်။ သို့သော် စေခိုင်းထားသည်ဟူသည့် အဓိပ္ပာယ်မှာ ထိုအရာအားလုံးသည် အချိန်တိုင်း၊ အခြေအနေတိုင်းတွင် အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်နှင့်အညီ လူသားတို့အတွက် အကျိုးပြုရမည်ဖြစ်ပြီး လူသားတို့၏ သဘောဆန္ဒနှင့်အညီ ဝင်ခြင်း၊ ထွက်ခြင်း လှည့်ပတ်သွားလာခြင်းတို့ကို စေခိုင်းထားသည်မဟုတ်ပေ။

ထိုနည်းတူစွာ မိန့်တော်မူထားသည်မှာ ငါအသျှင်မြတ်သည် နေ့နှင့် ညကို အသင်တို့အတွက် သတ်မှတ်ဖန်ဆင်းထားတော်မူသည်။ ယင်း၏ အလိုသဘောမှာလည်း ဤသို့ပင် ဖြစ်သည်။ အကြောင်းမှာ ထိုနေ့နှင့် ညကို လူသားတို့အား အလုပ်အကျွေးပြုရန်နှင့် အနားရရန်အတွက် သတ်မှတ်စီမံထားတော်မူသည်။

وَاٰتَاكُمْ مِنْ كُلِّ مَاسَأَلْتُمُوْهُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ တောင်းခံခဲ့သော အရာအားလုံးအနက်မှ အသင်တို့အား ချီးမြှင့်တော်မူခဲ့သည်။ စင်စစ်တွင် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ပေးကမ်းမှုသည် တစ်ဦးတစ်ယောက်၏ တောင်းဆိုမှုအပေါ် မူတည်နေသည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် မိမိတို့၏ ရှင်သန်ရပ်တည်မှုနှင့် ပတ်သက်ပြီး မည်သည့်အခါကမျှ တောင်းခံခဲ့ခြင်းမရှိပေ။ ထိုအသျှင်မြတ်က မိမိ၏ ကျေးဇူးတော်ဖြင့်သာ မတောင်းခံဘဲ ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ထိုနည်းတူစွာ မိုးကောင်းကင်နှင့် မြေပထဝီ၊ နေနှင့် လ စသည်တို့ကို ဖန်ဆင်းပေးရန် မည်သူက တောင်းခံခဲ့ဖူးပါသနည်း။ ထိုအရာများအားလုံးကို စိုးပိုင်တော်မူသော အသျှင်မြတ်က မတောင်းဘဲ ချီးမြှင့်တော်မူခဲ့သည်။ ထို့ကြောင့် ကာဇီဗိုင်ဇာဝီ (ရဟ) သခင်က အာယသ်တော်၏ အဓိပ္ပာယ်ကို ဤသို့ ဖွင့်ဆိုထားပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား မတောင်းခံသော်လည်း တောင်းခံသင့်သော အရာများအားလုံး ချီးမြှင့်တော်မူခဲ့သည်။ သို့သော် အကယ်၍ စာသားများ၏ အပေါ်ယံအလိုသဘောကိုသာ ကောက်နုတ်မှတ်ယူမည်ဆိုလျှင်လည်း သံသယဖြစ်ဖွယ်ရာ မရှိပေ။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် လူသားတို့ တောင်းခံသော အရာများအား ချီးမြှင့်လေ့သာ ရှိသည်။ ၎င်းနောက် အချို့နေရာတွင် လူသား၏ တောင်းခံမှုကို အပေါ်ယံအားဖြင့် မပြည့်ဝစေသည်ဘဲ ရှိသည်။ ထိုတောင်းခံမှုတွင် တောင်းခံသူအတွက် ဖြစ်စေ၊ စကြဝဠာတစ်ခွင်ရှိ အရာများအတွက်ဖြစ်စေ ထိုတောင်းခံသူကိုယ်တိုင် မသိနိုင်သည့် အကြောင်းကြီးငယ်များ ရှိနေတတ်သည်။ ထိုအကြောင်းအရာများကို 'အလီးမွန်ခဗီးရွန်' ဟူသော အသျှင်မြတ်က သိရှိတော်မူသည်။ အကြောင်းမှာ အကယ်၍ ထိုသူ၏ တောင်းခံမှုကို ဖြည့်ဆည်းပေးလျှင် ထိုတောင်းခံသူကိုယ်တိုင်၌သော်လည်းကောင်း၊ သို့မဟုတ် သူ၏ ဆွေမျိုးသားချင်းများအတွက်သော်လည်းကောင်း၊ (သို့မဟုတ်) စကြဝဠာရှိ လူသားများအတွက်သော်လည်းကောင်း အသက်အန္တရာယ်နှင့် ကြုံတွေ့နိုင်သော ဘေးဒုက္ခဖြစ်ရှိသွားနိုင်သည်။ ဤသို့သော အခြေအနေမျိုးတွင် တောင်းခံမှုကို မဖြည့်ဆည်းပေးခြင်းသည်သာ ကြီးမားသော 'နေ့အ်မသ်' တော်တစ်ရပ်ဟု ဆိုရပေမည်။ သို့သော် လူသားသည် မိမိ၏ ချို့တဲ့သော အသိတရားကြောင့် ထိုအချက်ကို မသိရှိနိုင်ဘဲ ပူဆွေးသောကရောက်ကြသည်။

وَاِنْ تَعُدُّوْا نِعْمَةَ اللّٰهِ لَا تُحْصُوْهَا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်' တော်များသည် လူသားအပေါ် အဘယ်မျှ များပြားသည်ဟုဆိုလျှင် လူသားထုတစ်ရပ်လုံး စုပေါင်း၍ ယင်းတို့ကို ရေတွက်လိုကြလျှင်လည်း ရေတွက်နိုင်ကြမည်မဟုတ်ပေ။ လူသား၏ ရှင်သန်တည်ရှိနေမှုပင်လျှင် သေးငယ်သော လောကတစ်ခုသဖွယ် ဖြစ်သည်။ ထိုလူသား၏ မျက်စိ၊ နှာခေါင်း၊ နားနှင့် ခြေလက်များ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး၊ သို့သာမက အကြောအမျှင်တိုင်းတွင် မြင့်မြတ်တော်မူသော အသျှင်မြတ်၏ ဆုံးခန်းမဲ့ 'နေ့အ်မသ်' တော်များ မြုပ်ကွယ်လျက်ရှိသည်။ ထို 'နေ့အ်မသ်' တော်များဖြင့် ကုဋေပေါင်းများစွာသော နူးညံ့လှသည့် ယန္တရားများဖြင့် သွားလာလှုပ်ရှားလျက်ရှိသည့် အံ့သြဖွယ်ရာ ဤစက်ရုံကြီးသည် အချိန်တိုင်း မအားမလပ် လည်ပတ်နေခြင်း ဖြစ်သည်။ တစ်ဖန် မိုးကောင်းကင်နှင့် မြေပထဝီ၊ ထိုအတွင်းရှိ အဖန်ဆင်းခံများ ပင်လယ်သမုဒ္ဒရာနှင့် တောင်များရှိ အဖန်ဆင်းခံများ စသည်တို့ကို မျက်မှောက်ခေတ်၏ သစ်လွင်တိုးတက်သော စမ်းစစ်မှုများနှင့် မိမိတို့၏ သက်တမ်းများကို စတေးပြီး စမ်းစစ်မှုများ ပြုခဲ့ကြသည်။ ထောင်ပေါင်းများစွာသော ကျွမ်းကျင်ပညာရှင်များသည်လည်း ယင်းတို့ကို ခြုံငုံ၍ မလေ့လာနိုင်ကြသေးပေ။ တစ်ဖန် 'နေ့အ်မသ်' တော်များဟု ဆိုရာတွင် ကျွန်ုပ်တို့ရှေ့မှောက်တွင် တည်ရှိနေသော အများအားဖြင့် 'နေ့အ်မသ်' တော်များဟု ထင်မှတ်ခြင်းခံရသော အရာများသည်သာ 'နေ့အ်မသ်' စာရင်းတွင် ပါဝင်သည်မဟုတ်ဘဲ ရောဂါဘယတိုင်း ဘေးဒုက္ခတိုင်းနှင့် သောက ဗျာပါဒများမှ ကင်းဝေးနေခြင်းသည်လည်း သီးခြား 'နေ့အ်မသ်' တော်များ ဖြစ်လေသည်။ လူသား

တစ်ဦးကို ဒုန်ယာလောကတွင် ရောဂါဘယများ မည်မျှ ကျရောက်နိုင်သည်။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ပိုင်းဆိုင်ရာ ဘေးဒုက္ခများ မည်မျှ ကျရောက်နိုင်သည်ကို ထိုလူသားသည် ရေတွက်နိုင်မည်ပင် မဟုတ်ပေ။ ထို့ကြောင့် ခန့်မှန်းနိုင်သည်မှာ အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုများနှင့် 'နေအ်မသ်'တော် များအားလုံးကို မည်သို့မျှ ရေတွက်နိုင်မည်မဟုတ်ပေ။

တရားမျှတသော လမ်းစဉ်မှာ မြောက်မြားစွာသော 'နေအ်မသ်'တော်များအစား မြောက်မြားစွာသော ခဝပ်ကိုးကွယ်မှုများနှင့် မြောက်မြားစွာသော 'ရှုကွရ်'ကျေးဇူးတရား သိတတ်မှုများကို မလွဲမသွေ ပြုရမည်ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် အခြေမခိုင်သည့် လူသားကို ညာတာထောက်ထားတော်မူသည်။ ထိုလူသားသည် အမှန်တရားကို ကြည့်ရှုနားလည်ကာ ဝတ္တရားရှိသည်နှင့်အညီ ကျေးဇူးတရား နားလည်ရန် မိမိတွင် စွမ်းအားမရှိကြောင်း ဝန်ခံလိုက်လျှင် ထိုဝန်ခံမှုကိုပင် ကျေးဇူးတင်ရာ ရောက်ကြောင်း၊ အသျှင်မြတ်က သိမှတ်ပြုထားတော်မူသည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်ဒါဝူးဒ် ﷺ ၏ အထက်ပါအတိုင်း ဝန်ခံမှုအပေါ်တွင် မိန့်တော်မူခဲ့သည်မှာ-

اَلْاٰ نَ قَدْ شَكَرْتَ يَا دَاوٗدُ

ဆိုလိုသည်မှာ ဤသို့ ဝန်ခံလိုက်ခြင်းပင်လျှင် ကျေးဇူးတင်ရှိရာရောက်ပြီး လုံလောက်ပေသည်။ အာယသ်တော်၏ နောက်ဆုံးအပိုဒ်တွင် မိန့်တော်မူသည်မှာ-

اِنَّ الْاِنْسَانَ لَظَلُوْمٌ كَفَّارٌ

ဆိုလိုသည်မှာ လူသားသည် လွန်စွာ တရားမျှတမှု ကင်းမဲ့သူ၊ ၎င်းနောက် လွန်စွာ ကျေးဇူးကန်းသူ ဖြစ်သည်။ ဆိုလိုသည်မှာ တရားမျှတမှု ထားသင့်သည်မှာ ဘေးဒုက္ခတစ်ခုခုနှင့် ကြုံတွေ့ရသည့်အခါ သည်းခံတရားထားကာ တည်ငြိမ်မှုရှိရမည်။ နှုတ်လျှာနှင့် နှလုံးသားတွင်လည်း ငြီးတွားမှုများ မရှိစေရ။ ၎င်းနောက် မိမိကြုံတွေ့ခဲ့ရသမျှသည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ဘက်တော်မှ ကျရောက်လာခြင်းဖြစ်သည်။ ထိုအရာများသည်လည်း အသျှင်မြတ်၏ အမြော်အမြင်တော်အရ ချပေးခဲ့ခြင်း ဖြစ်သောကြောင့် 'နေအ်မသ်'တော်တစ်ပါးပင် ဖြစ်သည်။ ၎င်းနောက် မည်သည့်စည်းစိမ်သုခနှင့် 'နေအ်မသ်' တော်များကို ရရှိသည်ဖြစ်စေ၊ နှလုံးသားနှင့် နှုတ်လျှာ၊ ၎င်းနောက် ကျင့်ကြံမှုအမျိုးမျိုးဖြင့် ထိုအသျှင်မြတ်ကို ကျေးဇူးတင်ရှိရမည်ဖြစ်သည်။ သို့သော် လူသားတို့၏ အကျင့်ဓလေ့သည် များသောအားဖြင့် အထက်ပါ ပုံသဏ္ဌာန်နှင့် ဆန့်ကျင်လျက်ရှိသည်။ အနည်းငယ် ဘေးဒုက္ခဆိုက်ရောက်လာသည်နှင့် 'ဆွဗရ်'တရား ကင်းမဲ့သွားကြတော့သည်။ လှည့်ပတ်ငြီးတွားနေလေ့ ရှိကြသည်။ ၎င်းနောက် အနည်းငယ်မျှ 'နေအ်မသ်' စည်းစိမ်များ ရရှိလိုက်သည်နှင့် ထိုစည်းစိမ်များတွင် နစ်မွန်းကာ အသျှင်မြတ်ကိုပင် မေ့လျော့သွားတတ်သည်။ ထို့ကြောင့်ပင် ထူးခြားသော အီမာန်ရှင်များ၏ ဂုဏ်အင်ကို ယခင် အာယသ်တော်တစ်ပိုဒ်တွင် صَبَّارٍ شَكُوْرٍ ဟူ၍ တင်ပြထားခြင်းဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاِذْ قَالَ اِبْرٰهِيْمُ رَبِّ اجْعَلْ هٰذَا
الْبَلَدَ اٰمِنًا وَّاجْنُبْنِيْ وَبَنِيَّ اَنْ نَّعْبُدَ الْاَصْنَامَ ﴿٣٥﴾

၁၄ : ၃၅ ။ ။ ထို့ပြင် (ပြန်လည်၍ သတိရကြလေကုန်။) တစ်ရံရောအခါ၀ယ် (နဗီတမန်တော်) အီဗ်ရာဟီမ်သည် (အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ဤမြို့တော် (မက္ကာဟ်) ကို ငြိမ်းချမ်းသာယာသော မြို့အဖြစ် ပြုလုပ်ပေးသနားတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ သားများကိုလည်းကောင်း ကျွန်တော်မျိုးတို့သည် ရုပ်ပွားဆင်းတုများကို မကိုးကွယ်မိကြရန် ကင်းဝေးစွာ ထားရှိတော်မူပါ။'

رَبِّ اِنَّهُنَّ اَضْلَلْنَ كَثِيْرًا مِّنَ النَّاسِ ۚ فَمَنْ
تَبِعَنِيْ فَاِنَّهٗ مِنِّيْ ۚ وَمَنْ عَصَانِيْ فَاِنَّكَ غَفُوْرٌ رَّحِيْمٌ ﴿٣٦﴾

၁၄ : ၃၆ ။ ။ အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်မလွဲ ယင်းရုပ်ပွားဆင်းတုများသည် များစွာသော သူတို့အား လမ်းလွဲစေခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မည်သူမဆို ကျွန်တော်မျိုး၏ စကားကို နာခံခဲ့ပါလျှင် စင်စစ် ထိုသူသည် ကျွန်တော်မျိုး (၏ အုပ်စု) အနက်မှပင် ဖြစ်ပါသည်။ သို့ရာတွင် မည်သူမဆို ကျွန်တော်မျိုး၏ အမိန့်ကို ဖီဆန်ခဲ့ပါမူ ဧကန်မလွဲ အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။

رَبَّنَآ اِنِّيْٓ اَسْكَنْتُ مِنْ ذُرِّيَّتِيْ بِوَادٍ غَيْرِ
ذِيْ زَرْعٍ عِنْدَ بَيْتِكَ الْمُحَرَّمِ ۙ رَبَّنَا لِيُقِيْمُوا
الصَّلٰوةَ فَاجْعَلْ اَفْـِٕدَةً مِّنَ النَّاسِ تَهْوِيْٓ اِلَيْهِمْ
وَارْزُقْهُمْ مِّنَ الثَّمَرٰتِ لَعَلَّهُمْ يَشْكُرُوْنَ ﴿٣٧﴾

၁၄ : ၃၇ ။ ။ 'အို, ကျွန်တော်မျိုးတို့၏ အသျှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုးသည် မိမိ၏ သားသမီးအချို့ကို အသျှင်မြတ်၏ မြင့်မြတ်လှစွာသော အိမ်တော်အနီး လယ်ယာကိုင်းကျွန်းမရှိသော တောင်ကြားဒေသတစ်ခု၌ နေရာချ၍ ထားခဲ့ပါသည်။ အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ (ယင်းကဲ့သို့သော နေရာချထားခြင်းမှာ) ၎င်းတို့သည် 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ကြရန်အလို့ငှာ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသျှင်မြတ်သည် လူတို့၏ စိတ်နှလုံးများကို ၎င်းတို့ဘက်သို့ ယိမ်းညွတ်အောင် ပြုလုပ်၍ ပေးသနားတော်မူပါ။ ထို့ပြင် ၎င်းတို့သည် ကျေးဇူးတော်ကို သိတတ်ကြရန်အလို့ငှာ အသျှင်မြတ်သည် ၎င်းတို့အား သစ်သီးဝလံများကို စားနပ်ရိက္ခာအဖြစ် ချီးမြှင့်တော်မူပါ။'.

رَبَّنَآ إِنَّكَ تَعْلَمُ مَا نُخْفِي وَمَا نُعْلِنُ ۗ وَمَا يَخْفَىٰ عَلَى ٱللَّهِ
مِن شَيْءٍ فِي ٱلْأَرْضِ وَلَا فِي ٱلسَّمَآءِ ﴿٣٨﴾

၁၄ : ၃၈ ။ ။ 'အို့၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့ လျှို့ဝှက်ကြသည့် အချက်တို့ကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့ ထင်ရှားစေကြကုန်သော အချက်တို့ကိုလည်းကောင်း ဧကန်မလွဲ သိရှိတော်မူပါ၏။ စင်စစ် ပထဝီမြေ၌လည်းကောင်း၊ မိုးကောင်းကင်များ၌လည်းကောင်း မည်သည့်တစ်စုံတစ်ရာမျှပင် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ဖုံးကွယ်လျက် အလျဉ်းမရှိပေ။'

ٱلْحَمْدُ لِلَّهِ ٱلَّذِي
وَهَبَ لِي عَلَى ٱلْكِبَرِ إِسْمَٰعِيلَ وَإِسْحَٰقَ ۚ إِنَّ رَبِّي لَسَمِيعُ ٱلدُّعَآءِ ﴿٣٩﴾

၁၄ : ၃၉ ။ ။ 'ချီးမွမ်းထောပနာအပေါင်းတို့သည် အကြင်အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထိုအသျှင်မြတ်သည် ကျွန်တော်အား အသက်အရွယ် အိုမင်းကြီးရင့်ပါလျက်နှင့်ပင် (သားတော်) အီစ်မာအီလ်နှင့် (သားတော်) အီစ်ဟာက်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ဧကန်စင်စစ် ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အမှန်ပင် ဆုတောင်းပတ္ထနာ ပြုခြင်းကို အလွန်ကြားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။'

رَبِّ ٱجْعَلْنِي مُقِيمَ ٱلصَّلَوٰةِ وَمِن ذُرِّيَّتِي ۚ
رَبَّنَا وَتَقَبَّلْ دُعَآءِ ﴿٤٠﴾

၁၄ : ၄၀ ။ ။ 'အို့၊ ကျွန်တော်မျိုးအား၊ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား 'ဆွလာတ်' ဝတ်ပြုမှုကို အမြဲမပြတ် ဆောက်တည်သူအဖြစ် ပြုလုပ်တော်မူပါ။ ထို့နည်းတူစွာ ကျွန်တော်မျိုး၏ နောင်လာနောက်သားတို့အနက်မှလည်း ('ဆွလာတ်' ဝတ်ပြုမှုကို အမြဲမပြတ် ဆောက်တည်သူများ ပြုလုပ်တော်မူပါ။) အို့၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုး၏ (ဤ) ဆုမွန်ဒိုအာကို သဘောတူလက်ခံတော်မူပါ။'

رَبَّنَا ٱغْفِرْ لِي وَلِوَٰلِدَيَّ وَلِلْمُؤْمِنِينَ يَوْمَ يَقُومُ ٱلْحِسَابُ ﴿٤١﴾

၁၄ : ၄၁ ။ ။ 'အို့၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားလည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အားလည်းကောင်း စစ်ဆေးမှု ဖြစ်ပေါ်လာမည့်နေ့တွင် (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းနောက် (ထိုအချိန်ကိုလည်း အမှတ်ရသင့်ပေသည်။) အကြင်အခါ အီဗ်ရာဟီးမ် عليه السلام သည် ဟဇရတ်အိစ်မာအီးလ် عليه السلام နှင့် ဟဇရတ်ဟာဂျေရဟ်သခင်မတို့ကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် မက္ကာဟ်မြို့ရှိရာ ကွင်းပြင်တွင် ခေါ်ဆောင်လာကာ ဆုမွန်ဒိုအာ တောင်းခံသည့်အနေနှင့်) ပြောဆိုခဲ့လေသည်။ 'အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ဤမြို့ (မက္ကာဟ်) ကို ငြိမ်းချမ်းသာယာသော နေရာဖြစ်စေတော်မူပါ။ (အဘယ်ကြောင့်ဆိုသော် ထိုနေရာတွင် နေထိုင်သူများအား အေးချမ်းသာယာမှု ပေးသနားတော်မူပါ။ ဆိုလိုသည်မှာ 'ဟရာမ်'နယ်နိမိတ်အဖြစ် ပြုပေးသနားတော်မူပါ။) ငင်းနောက် ကျွန်ုပ်နှင့် ကျွန်ုပ်၏ သီးခြားသားစဉ်မြေးဆက်တို့အား ရုပ်တုများ ကိုးကွယ်ခြင်းမှ (ထိုသို့ ကိုးကွယ်ခြင်းသည် ထိုအခါ ပညာမဲ့များအကြား ပြန့်နှံ့နေခဲ့သည်။) စောင့်ရှောက်တော်မူပါ။ (ယခုအချိန်အထိ ထိန်းသိမ်းတော်မူခဲ့သကဲ့သို့ နောင်လည်း ထိန်းသိမ်းတော်မူပါ။)'

'အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ (ကျွန်ုပ်သည် ရုပ်တုများကို ကိုးကွယ်ခြင်းမှ ကင်းဝေးရန် ဆုပန်ရခြင်း၏ အကြောင်းအရင်းမှာ) ထိုရုပ်တုများသည် မြောက်မြားစွာသော သူတို့ကို လမ်းမှားစေခဲ့သည်။ (ဆိုလိုသည်မှာ လမ်းမှားရာအကြောင်းခံများ ဖြစ်ခဲ့သည်။ ထို့ကြောင့် ကြောက်ရွံ့စွာဖြင့် အသျှင်မြတ်၏ ထံတော်ပါးသို့ ခိုလှုံပါ၏။ ငင်းနောက် ကျွန်ုပ်သည် သားစဉ်မြေးဆက်များလည်း ကင်းဝေးနိုင်ရန် ဆုပန်ခဲ့သကဲ့သို့ ငင်းတို့အား ပြောဆိုဆုံးမလျက် ရှိနေမည်ဖြစ်သည်။) တစ်ဖန် (ကျွန်ုပ်၏ ပြောဆိုဆုံးမမှုကို ကြားနာပြီး) ကျွန်ုပ်၏ လမ်းစဉ်ပေါ်သို့ လျှောက် လှမ်းသူသည် ကျွန်ုပ်လူ ဖြစ်သည်။ (ငင်းနောက် ဤကဲ့သို့သောသူနှင့် ပတ်သက်ပြီး လွတ်ငြိမ်းခွင့်ရရန် ကတိတော်ရှိပြီး ဖြစ်သည်။) ငင်းနောက် အကြင်သူသည် (ဤကဏ္ဍတွင်) ကျွန်ုပ်၏ စကားကို မနာခံပါမူ (ထိုသူ့အား အသျှင်မြတ်သာလျှင် လမ်းမှန်ပြတော်မူပါ။ အဘယ်ကြောင့်ဆိုသော်) အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ (ငင်းနောက်) အလွန်တရာ သနားကြင်နာတော်မူသော အသျှင် ဖြစ်တော်မူသည်။ (ငင်းတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာသက်မှု အကြောင်းခံများလည်း ဖန်ဆင်းနိုင်တော်မူပြီး ငင်းတို့အား လမ်းမှန်ပြသနိုင်သည်။ ဤဆုမွန်ဒိုအာ၏ ရည်ရွယ်ချက်မှာ အီမာန်ရှင်များအတွက် 'ရှဖာအသ်' အသနားခံရန်နှင့် အီမာန်မရှိသူများအတွက် 'ဟေဒါယသ်'လမ်းမှန်တရား တောင်းခံခြင်းဖြစ်သည်။)

အို၊ ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်သည် မိမိ၏ သားတော်ကို (ဆိုလိုသည်မှာ အိစ်မာအီးလ် عليه السلام ၏ သဟဲဖြင့် ထိုသူ၏ သားစဉ်မြေးဆက်ကို) အသျှင်မြတ်၏ ထွတ်မြတ်သော အိမ်တော် (ဆိုလိုသည်မှာ 'ကအ်ဗာဟ်'ကျောင်းတော်) ၏အနီး (ယင်းကို ဤနေရာတွင် မူလအစကတည်းက တည်ဆောက်ထားခဲ့သည်။ ငင်းနောက် အမြဲတစေ လူအများ သိခဲ့ကြသည်။ သေးငယ်သော) ကွင်းပြင် တစ်ခုတွင် ယင်းသည် (ကျောက်မြေဖြစ်သောကြောင့်) စိုက်ပျိုး၍ (လည်း) မရသော နေရာတွင် နေထိုင်စေခဲ့သည်။ အို၊ ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ('ဗိုင်သွလ်ဟရာမ်'အနီး၌ နေထိုင်စေရခြင်း

အကြောင်းအရင်းမှာ) ၎င်းတို့သည် 'ဆွလားသ်'တည်ဆောက်မှု ကို (အထူး) ဂရုပြုကြရန်ဖြစ်သည်။) ၎င်းနောက် ထိုအချိန်က ထိုနေရာသည် သေးငယ်သော ကွင်းပြင်တစ်ခု ဖြစ်သောကြောင့်) အသျှင်မြတ်သည် လူသားတို့၏ စိတ်နှလုံးများအား ထိုနေရာဘက်သို့ ယိမ်းယိုင်စေတော်မူပါ။ (ဤနေရာတွင် စိုက်ပျိုး၍ မရသောကြောင့်) ယင်းကို (မိမိ၏ 'ကွဒ်ရသ်'တန်ခိုးတော်ဖြင့်) အသီးအနှံများ စားသုံးနိုင်ခွင့် ချီးမြှင့်တော်မူပါ။ သို့မှသာ ၎င်းတို့သည် (ထို 'နေ့အ်မသ်'တော်များကို) 'ရှုကွရ်'ပြုနိုင်မည် ဖြစ်သည်။

အို, ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ (ဤတောင်းဆုဒိုအာများသည် မိမိ၏ ခဝပ်ကိုးကွယ်မှုနှင့် တောင့်တရာများကို ထုတ်ဖော်ရန်အတွက်သာ တောင်းဆိုနေခြင်း ဖြစ်ပေသည်။ မိမိလိုအပ်ချက်ကို အသျှင်မြတ်အား အသိပေးနေခြင်း မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်) အသျှင်မြတ်သည် အရာခပ်သိမ်းကို သိရှိတော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့၏ နှလုံးသားတွင်းဝယ် ရှိသည့်အရာများနှင့် ပေါ်လွင်စေသော အရာများကိုလည်း သိရှိတော်မူသည်။ ၎င်းနောက် (ကျွန်ုပ်တို့၏ အတွင်းအပြင်မျှသာ မဟုတ်ဘဲ) မည်သည့်အရာမျှ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တွင် ဖုံးကွယ်နေသည်ဟူ၍ မရှိပေ။ မြေပထဝီတွင်လည်း မရှိသကဲ့သို့၊ မိုးကောင်းကင်တွင်လည်း မရှိပေ။ (ရှေ့တွင်လည်း ဆုမွန်ဒိုအာချို့ကို တင်ပြပေလိမ့်မည်။ အလယ်တွင် ယခင် 'နေ့အ်မသ်'တော်အချို့နှင့် ပတ်သက်ပြီး ချီးမွမ်းထောပနာပြုခြင်းနှင့် ရှုကွရ်ပြုခြင်းအကြောင်း တင်ပြထားသည်။ သို့မှသာ ရှုကွရ်၏ 'ဗရ်ကသ်'မင်္ဂလာဖြင့် ဤတောင်းဆိုဒိုအာများ လက်သင့်ခံ နီးစပ်မှုရမည်ဖြစ်သည်။ မိန့်ဆိုခဲ့သည်မှာ) ချီးမွမ်းထောပနာပြုခြင်းဟူသမျှသည် အသျှင်မြတ်အဖို့သာ (ထိုက်တန်တော်မူ) သည် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား အိုမင်းမစွမ်းအရွယ်တွင် အိစ်မာအီးလ် ﷺ နှင့် အိစ်ဟားက် ﷺ (သားတော်နှစ်ပါး) ချီးမြှင့်တော်မူခဲ့သည်။ ဧကန်စင်စစ် ကျွန်ုပ်၏ အသျှင်သခင်သည် တောင်းဆိုဒိုအာများကို အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ (ဆိုလိုသည်မှာ လက်ခံတော်မူသော အသျှင်) ဖြစ်တော်မူသည်။ (အကြောင်းမှာ သားသမီးချီးမြှင့်မှုနှင့် ပတ်သက်ပြီး ကျွန်ုပ်၏ တောင်းဆုဒိုအာဖြစ်သော

رَبِّ هَبْ لِى مِنَ الصّٰلِحِيْنَ

ကို လက်ခံတော်မူခဲ့သည်။ တစ်ဖန် ဤ 'နေ့အ်မသ်'တော်ကို ကျေးဇူးတင်ရှိပြီးနောက် ဆက်လက်၍ ကျန်ရှိဒိုအာများကိုလည်း တောင်းဆိုခဲ့လေသည်။)

အို, ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ (ကျွန်ုပ်၏ရည်စူးချက်ဖြစ်သော မိမိ၏ သားစဉ်မြေးဆက်ကို 'ဗိုင်သွလ်ဟရာမ်'၏ အနီး နေထိုင်စေခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့သည် 'ဆွလားသ်' ဆောက်တည်မှုကို စွဲမြဲစွာ ပြုကြရန်ဖြစ်သည်။ ထိုရည်စူးချက်ကို ပြည့်ဝစေတော်မူပါ။ ထို့နောက် ၎င်းတို့ 'ဆွလားသ်'ဆောက်တည်မှုကို စွဲမြဲစွာ လိုလားသကဲ့သို့ မိမိအတွက်လည်း လိုလားပါသည်။ ထို့ကြောင့် ကျွန်ုပ်နှင့် ၎င်းတို့အားလုံးအတွက် ဆုပန်ပါသည်။ ၎င်းနောက် ထိုသူတို့အနက်မှ အချို့သည် အီမာန်ရှင်ဖြစ်မည်မဟုတ်ကြောင်း 'ဝဟီ'ဗျာဒိတ်တော်အရ သိရှိခဲ့ရပါသည်။ ထို့ကြောင့် အားလုံးအတွက်မူကား ဒိုအာ ဆုမွန်မပြုနိုင်ပေ။ သို့ပါ၍ ထိုအကြောင်းအရာများအားလုံးအပေါ် ထောက်ရှုကာ ဆုမွန်ဒိုအာပြုပါသည်။)

ကျွန်ုပ်ကိုလည်း 'ဆွလားသ်' ဆောက်တည်မှုကို (အထူးပင်) စွဲမြဲနိုင်သူအဖြစ် ဖန်တီးပေးတော်မူပါ။ ၎င်းနောက် ကျွန်ုပ်၏ သားစဉ်၊ မြေးဆက်များအနက်မှ အချို့သူများကို ('ဆွလားသ်' စွဲမြဲသူများအဖြစ် ဖန်တီးပေးတော်မူပါ။) အို့၊ ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ထို့နောက် ကျွန်ုပ်၏ (ဤ) တောင်းဆုဒိုအာကို လက်ခံတော်မူပါ။ (၎င်းနောက်) အို့၊ ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်အား လွတ်ငြိမ်းချမ်းသာခွင့် ချီးမြှင့်တော်မူပါ။ ၎င်းနောက် ကျွန်ုပ်၏ မိဘနှစ်ပါးကိုသော်လည်းကောင်း၊ အီမာန်ရှင်များအားလုံးကိုသော်လည်းကောင်း စာရင်းအင်း စစ်ဆေးမည့်နေ့တွင် (ဆိုလိုသည်မှာ 'ကေယာမသ်' နေ့တွင် တင်ပြပါ ပုဂ္ဂိုလ်များအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ယခင်အာယသ်တော်များတွင် 'သောင်ဟီးဒ်' တရားအား သက်ဝင်ယုံကြည်ခြင်း၏ သဘာဝ ကျမှုနှင့် အရေးကြီးမှုအကြောင်း ၎င်းနောက် ရှရစ်က်တုဖက်နိုင်းယှဉ်ခြင်း၏ အသိတရားကင်းမဲ့မှုနှင့် ပြစ်တင်ရှုံ့ချမှုအကြောင်းတို့ကို တင်ပြခဲ့လေသည်။ 'သောင်ဟီးဒ်' တရား၏ ကဏ္ဍတွင် နဗီတမန်တော်များအုပ်စု၌ အားလုံးထက် သာပို၍ အောင်မြင်စွာ ဆင်နွှဲခဲ့သော တိုက်ပွဲမှာ ဟဇရသ်ခလီလွလ္လာဟ်အီဗ်ရာဟီးမ် ﷺ ၏ တိုက်ပွဲဝင်မှုပင် ဖြစ်သည်။ တို့ကြောင့်ပင် တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ သာသနာကို အထူးသဖြင့် 'ဒီးနေဟနီးဖ်' ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

ထိုပတ်သက်မှုကြောင့်ပင် ဤနေရာတွင် အထက်ပါအာယသ်တော်များ၌ ဟဇရသ်အီဗ်ရာဟီးမ် ﷺ ၏ အကြောင်းအရာများကို တင်ပြခဲ့ခြင်းဖြစ်သည်။ အကြောင်းအရင်းတစ်ခုမှာ ယခင်အာယသ်တော်တစ်ပိုဒ်ဖြစ်သော

اَلَّذِيْنَ بَدَّلُوْا نِعْمَةَ اللّٰهِ كُفْرًا

တွင် မက္ကာဟ်မြို့နေ ကိုရိုက်ရှ်အနွယ်ဝင်များအနက် ထိုသူတို့ကို ပြစ်တင်ရှုံ့ချသည့်အကြောင်း တင်ပြခဲ့လေသည်။ အကြင်သူတို့သည် ဘိုးစဉ်ဘောင်ဆက် လမ်းစဉ်ကို နောက်လိုက်သည့်အနေဖြင့် အီမာန်ကို ကုဖွရ်နှင့် ၎င်းနောက် 'သောင်ဟီးဒ်' ကို ရှရစ်က်နှင့် ပြောင်းလဲပစ်ကြသည်။ ထိုအာယသ်တော်များတွင် ၎င်းတို့ကို ဖော်ပြထားသည်မှာ အသင်တို့၏ အဘိုးများ၏ အဘိုးဖြစ်သူ အီဗ်ရာဟီးမ် ﷺ ၏ ယုံကြည်ချက်နှင့် ကျင့်ဆောင်မှုသည် မည်သို့နည်း။ သို့မှသာ ဘိုးစဉ်ဘောင်ဆက်လမ်းစဉ်ကို နောက်လိုက်သည့် ဓလေ့ကို ထောက်ရှုပြီး မိမိတို့၏ ကုဖွရ်လုပ်ရပ်များမှ ရှောင်ကြဉ်ကြရန် ဖြစ်သည်။

[ဗဟ်ရေမုဟီးသွ်ကျမ်း]

၎င်းနောက် ပေါ်လွင်နေသည်မှာ နဗီတမန်တော်များ၏ အကြောင်းအရာများနှင့် အခြေအနေများကို တင်ပြခြင်းဖြင့် ကျမ်းမြတ်ကုရ်အာန်၏ ရည်ရွယ်ချက်သည် ထိုသူတို့၏ သမိုင်းကြောင်းများကိုသာ တင်ပြရန်မဟုတ်ဘဲ ယင်းအကြောင်းအရာတွင် လူသားတို့၏ ဘဝသက်တမ်း ကဏ္ဍအစုံနှင့် ပတ်သက်ပြီး လမ်းညွှန်

မှုများ ရှိနေပေသည်။ ထိုအခြေခံမှုများကိုပင် ဆက်လက်တည်တံ့စေရန်အတွက် ဤအကြောင်းအရာများကို ကျမ်းတော်မြတ်ကုရ်အာန်တွင် ထပ်ဖန်တလဲလဲ တင်ပြနေခြင်းဖြစ်သည်။

ဤနေရာတွင် ပထမအာယသ်တော်၌ တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ ဆုမွန်ဒိုအာကြောင်း တင်ပြထားပေသည်။ ပထမဆုမွန်ဒိုအာမှာ

رَبِّ اجْعَلْ هٰذَا الْبَلَدَ اٰمِنًا

ဖြစ်သည်။ ဆိုလိုသည်မှာ 'အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ဤ (မက္ကာဟ်) မြို့တော်ကို ငြိမ်းချမ်းသော ဌာနေဖြစ်စေတော်မူပါ။ စူရာဟ်ဗကရာဟ်တွင်လည်း ဤတောင်းဆိုဒိုအာကို တင်ပြထားသည်။ သို့သော် ထိုနေရာတွင် بَلَدٌ ဟူသော စာသားအား 'အလီဖ်လာမ်' မပါဘဲ بَلَدًا ဟု မိန့်တော်မူထားသည်။ ယင်း၏ အဓိပ္ပာယ်မှာ မသတ်မှတ်ထားသော မြို့ဟူ၍ ဖြစ်သည်။ အကြောင်းအရင်းမှာ ထိုဆုမွန်ဒိုအာကို တောင်းခံစဉ်အခါက မက္ကာဟ်မြို့တော်သည် မတည်ရှိသေးပေ။ ထို့ကြောင့် သတ်မှတ်ချက် မရှိသော စာသားဖြင့် ဤဒိုအာကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ ဤနေရာတွင် ငြိမ်းချမ်းသာယာသော မြို့တစ်မြို့ ပေါ်ထွန်းလာစေရန်ဖြစ်သည်။

၎င်းနောက် ဒုတိယဒိုအာကို မက္ကာဟ်မြို့တော် ပေါ်ပေါက်လာပြီးမှ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ထိုမက္ကာဟ်မြို့တော်ကို ရည်ညွှန်းသတ်မှတ်၍ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ ထိုမြို့တော်အား ငြိမ်းချမ်းသောဌာနေတစ်ခု ဖြစ်ရှိစေတော်မူပါဟူ၍ ဖြစ်သည်။ ဒုတိယဆုမွန်ဒိုအာမှာ ကျွန်ုပ်နှင့် ကျွန်ုပ်၏ သားစဉ်မြေးဆက်ကို ရုပ်တုများကို ကိုးကွယ်ခြင်းမှ ကင်းဝေးစေတော်မူပါဟူ၍ တောင်းခံခဲ့ခြင်းဖြစ်သည်။

စင်စစ်တွင် နဗီတမန်တော်များသည် 'မအ်ဆူးမ်' အပြစ်မဲ့သူများ ဖြစ်သောကြောင့် ၎င်းတို့သည် ရှရစ်က် တုဖက်နိုင်းယှဉ်ခြင်းနှင့် ရုပ်တုများကို ကိုးကွယ်ခြင်း၊ သို့သာမက မည်သည့်အကုသိုလ်မျှ ကျူးလွန်နိုင်ဖွယ်ရာ မရှိပေ။ သို့သော် ဤနေရာတွင် ထည့်သွင်းတောင်းခံခဲ့လေသည်။ ဤသို့ တောင်းခံရခြင်း အကြောင်းအရင်းမှာ လူ့သဘာအလျောက် စိုးရိမ်ကြောင့်ကြမှုကြောင့် နဗီတမန်တော်များသည်လည်း အချိန်တိုင်းလိုလို မိမိတို့နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်နေတတ်ကြသောကြောင့်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် အဓိကမှာ မိမိ၏ သားစဉ်မြေးဆက်ကို ရှရစ်က်တုဖက်နိုင်းယှဉ်ခြင်းနှင့် ရုပ်တုများကိုးကွယ်ခြင်းမှ ထိန်းသိမ်းကာကွယ်ရန် ဆုပန်ခြင်းဖြစ်သည်။ သို့သော် သားစဉ်မြေးဆက်အား ဤအချက်ကို အထူးဂရုပြုရမည်ဟု တင်ပြလိုခြင်းကြောင့် မိမိကိုယ်ကိုလည်း ဆုမွန်ဒိုအာတွင် ထည့်သွင်းတောင်းဆိုလိုက်ရခြင်း ဖြစ်သည်။

ကြီးကျယ်ထွတ်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် မိမိအဆွေတော်၏ ဒိုအာကို 'ကဗူလ်' ပြုလက်ခံခဲ့သည်။ ၎င်း၏ သားစဉ်မြေးဆက်ကိုလည်း ရှရစ်က်နှင့် ရုပ်တုများကိုးကွယ်ခြင်းမှ ထိန်းသိမ်းတော်မူခဲ့သည်။ ထိုအချက်အပေါ် ဤမေးခွန်းမေးမြန်းနိုင်သည်မှာ မက္ကာဟ်မြို့သူမြို့သား အများစုသည် အီဗ်ရာဟီးမ် ﷺ ၏ သားစဉ်မြေးဆက်များ ဖြစ်ကြပြီး ၎င်းတို့တွင် ရုပ်ကိုးကွယ်ခြင်း ရှိနေသည်။ ဗဟ်ရေမုဟီးသ်ကျမ်းတွင် ယင်း၏ အဖြေကို စွဖ်ယာန်းဗင်န် အိုယိုင်နဟ်၏ အဆိုကို ကိုးကား၍ ဤသို့ ဖြေကြား

ထားသည်။ အိစ်မာအီးလ် ﷺ ၏ သားစဉ်မြေးဆက်တွင် စင်စစ် ရုပ်တုကိုးကွယ်သူဟူ၍ အလျဉ်း မရှိပေ။ သို့သော် မက္ကာဟ်မြို့အား ဌူရ်ဟွမ်မျိုးနွယ်စုများက သိမ်းပိုက်၍ အိစ်မာအီးလ် ﷺ ၏ သားစဉ်မြေးဆက်အား 'ဟရာမ်'မှ နှင်ထုတ်သောအချိန်တွင် ၄င်းတို့သည် 'ဟရာမ်'အား သီးသန့်ချစ်ခင် ဂုဏ်ပေးသောအနေဖြင့် ယင်းမှ ကျောက်ခဲအချို့ကို အတူယူဆောင်လာခဲ့သည်။ ယင်းကျောက်ခဲများကို အမြတ်တနိုးဖြင့် ၄င်းနောက် 'ဗိုင်သွလ္လာဟ်'၏ အမှတ်တရအဖြစ် မိမိတို့ရှေ့တွင် ထား၍ 'အေဗာဒသ်'ပြုကြလေသည်။ ၄င်းနောက် ယင်း၏ အနားတစ်ဝိုက်တွင် 'သွဝါးဖ်'လှည့်လည်ကြလေသည်။ ဤသို့ 'သွဝါးဖ်'ပြုရာတွင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ဘက်မှ ရည်ရွယ်ကိုးကွယ်ခဲ့ခြင်း မဟုတ်ပေ။ သို့သာမက 'ဗိုင်သွလ္လာဟ်'ဘက်သို့ မျက်နှာမူ၍ နမာဇ်ဖတ်ခြင်း၊ သို့မဟုတ် 'ဗိုင်သွလ္လာဟ်'၏ အနီးတဝိုက် 'သွဝါးဖ်' ပြုခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ခြင်းဖြစ်သကဲ့သို့ ၄င်းတို့သည် ထိုကျောက်တုံးဘက်သို့ မျက်နှာမူခြင်း၊ ၄င်းနောက် ယင်း၏ အနီးတဝိုက်တွင် 'သဝါးဖ်'ပြုခြင်းကို အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာမရောက်ဟူ၍ မထင်မှတ်ကြပေ။ ထို့နောက်တွင် ဤလမ်းစဉ်သည်ပင် ရုပ်ကိုးကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သွားလေသည်။

ဒုတိယအာယသ်တော်တွင် မိမိဆုပန်ရခြင်း၏ အကြောင်းကို ဤသို့ တင်ပြထားသည်။ အကြောင်းမှာ ရုပ်တုများကိုးကွယ်ခြင်းအား ကျွန်ုပ် ဤအတွက်ကြောင့် ခိုလှုံခွင့်တောင်းခံခဲ့ပါသည်။ သို့ရှိရာ ထိုရုပ်တုများသည် လူအများကို လမ်းလွဲမှု ရောက်စေသည်။ ဤအချက်ကို ထို့အတွက်ကြောင့် အမိန့်ရှိခဲ့ခြင်း ဖြစ်သည်။ အကြောင်းမှာ အီဗ်ရာဟီးမ် ﷺ သည် မိမိဖခင်နှင့် မျိုးနွယ်စုတို့နှင့် အတွေ့အကြုံ ရရှိခဲ့ပြီး ဖြစ်သည်။ အကြောင်းမှာ ရုပ်တုကိုးကွယ်ခြင်းဓလေ့သည် ၄င်းတို့ကို ကောင်းမွန်မှုအပေါင်းမှ လက်မဲ့ ဖြစ်စေသည်။

နောက်ဆုံးအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

فَمَنْ تَبِعَنِىْ فَاِنَّهٗ مِنِّىْ وَمَنْ عَصَا نِىْ فَاِنَّكَ غَفُوْرٌ رَّحِيْمٌ

ဆိုလိုသည်မှာ ထိုသူများထဲတွင် အကြင်သူသည် ကျွန်ုပ်၏ နောက်လိုက်ပြုမည်။ ဆိုလိုသည်မှာ အီမာန်နှင့် 'အမလ်ဆွာလေဟ်'ကို လိုက်နာကျင့်သုံးသူဖြစ်မည်ဆိုလျှင် ထိုသူသည် ကျွန်ုပ်၏လူပင် ဖြစ်သည်။ အလိုသဘောမှာ ထိုသူ့အပေါ် ကျေးဇူးတရားနှင့် ဂုဏ်ပေးမှုရရန် မျှော်လင့်ချက်ထားနိုင်သည်မှာ ပေါ်လွင်နေပေသည်။ ထို့ပြင် အကြင်သူသည် ကျွန်ုပ်၏ အမိန့်ဖီဆန်မှုပြုမည်ဆိုပါက အသျှင်မြတ်သာလျှင် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်မြတ်နှင့် လွန်စွာ သနားကြင်နာမှုတရား ထားရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ဤဒိုအာတွင် အမိန့်ဖီဆန်မှုအား အကယ်၍ ကျင့်ကြံမှုအရ ဖီဆန်မှုဟု သတ်မှတ်လျှင် ဥပမာ- မကောင်းသော ကျင့်ဆောင်မှုဟူ၍ သတ်မှတ်မည်ဆိုလျှင် အဓိပ္ပာယ်မှာ ရှင်းလင်းပေါ်လွင်နေ ပေသည်။ အကြောင်းမှာ အသျှင်မြတ်၏ ကျေးဇူးတရားဖြင့် ၄င်းတို့ကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ရရန် မျှော်လင့်ချက်ရှိမည် ဖြစ်သည်။ ၄င်းနောက် အကယ်၍ အမိန့်ဖီဆန်မှုအား ကုဖွရ်နှင့် ငြင်းဆန်မှုဟု သတ်မှတ်

မည်ဆိုပါက ဤအချက်သည် ပေါ်လွင်နေပေသည်။ အကြောင်းမှာ ကာဖိရ်နှင့် မုရှ်ရစ်က်များအတွက် လွတ်ငြိမ်းချမ်းသာခွင့် မရှိခြင်းနှင့် ၎င်းတို့အတွက် 'ရှဖာအသ်'မလုပ်ရန် တမန်တော်အီဗ်ရာဟီးမ် عليه السلام အား မူလပထမကတည်းက အမိန့်ပေးထားလေသည်။ တစ်ဖန် ၎င်းတို့၏ လွတ်ငြိမ်းချမ်းသာခွင့်၏ မျှော်လင့်ချက်အား ထုတ်ဖော်ခြင်းသည် မသင့်လျော်နိုင်ပေ။ ထို့အတွက်ကြောင့် ဗဟ်ရေမုဟီးသ်ကျမ်းတွင် အမိန့်ရှိသည်မှာ ထိုနေရာတွင် ဟဇရသ်ခလီလွလ္လာဟ် عليه السلام သည် ၎င်းတို့၏ အသနားခံပေးမှုနှင့် ဆုမွန်ဒိုအာပြုခြင်း၏ စာလုံးများကို မရွေးချယ်ခဲ့ပေ။ အသျှင်မြတ်သည် ၎င်းတို့အား 'မဂ်ဖွေရသ်' ပေးပါဟူ၍လည်း အမိန့်မရှိခဲ့ပေ။ သို့ရှိရာ တမန်တော်များ၏ သနားကြင်နာမှုဘောင်အတွင်းတွင် ကာဖိရ်များလည်း ပါဝင်ကြပေသည်။ ကာဖိရ်တစ်ဦးတစ်ယောက်ကိုပင်လျှင် 'အဇားဗ်'အပြစ်ဒဏ်တွင် မနစ်မွန်းစေလိုခြင်းမှာ တမန်တော်တိုင်း၏ စိတ်လိုလားချက်ဖြစ်သည်။ မိမိတို့၏ ဤစိတ်လိုလားချက်များအား ထုတ်ဖော်ရာတွင် ဤအသုံးအနှုန်းများဖြင့် ပြောဆိုကြလေသည်။ ယင်းမှာ အသျှင်မြတ်သည် လွန်စွာ ခွင့်လွှတ်တော်မူသော အသျှင်မြတ်နှင့် လွန်စွာ ကရုဏာထားတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်ဟူ၍ ဖြစ်သည်။

ယင်းတို့အား 'မဂ်ဖွေရသ်'နှင့် 'ရဟ်မသ်'ပြုပေးသနားတော်မူပါဟူ၍ မပြောဆိုကြပေ။ ပမာဆိုရသော် ဟဇရသ်အီစာ عليه السلام က မိမိအွမ္မသ်၏ ကာဖိရ်များနှင့် ပတ်သက်၍ ပြောဆိုသည်မှာ-

وَاِنْ تَغْفِرْ لَهُمْ فَاِنَّكَ اَنْتَ الْعَزِيْزُ الْحَكِيْمُ

ဆိုလိုသည်မှာ အကယ်၍ ယင်းကာဖိရ်များအား လွတ်ငြိမ်းခွင့်ပေးမည်ဆိုလျှင် အသျှင်မြတ်သည် အင်အားရှိသော ၎င်းနောက် အမြော်အမြင်ရှိသော အသျှင်မြတ် ဖြစ်တော်မူသည်။ အရာအားလုံးကို ပြုလုပ်ဖန်ဆင်းနိုင်သည်။ အသျှင်မြတ်အား တားမြစ်သူ တစ်ဦးတစ်ယောက်ပင် မရှိပေ။

ဤသူတော်စင်ကြီးနှစ်ပါးသည် ကာဖိရ်များနှင့် ပတ်သက်၍ ကြားဝင်အသနားခံရာတွင် အသျှင်မြတ်အား မရိုမသေရာရောက်မည် ဖြစ်သောကြောင့် ရဲဝင့်စွာ ရှေ့တိုးပြီး မတောင်းဆိုခဲ့ပေ။ သို့သော် ထိုကာဖိရ်များအပေါ်သို့ အသျှင်မြတ်၏ 'အဇားဗ်'ပြစ်ဒဏ်များ ချပေးတော်မူပါဟူ၍လည်း မတောင်းဆိုခဲ့ပေ။ သို့သာမက ရိုသေကိုင်းရှိုင်းစွာဖြင့် သီးခြားအသုံးအနှုန်းများကို သုံးကာ ၎င်းတို့ လွတ်ငြိမ်းချမ်းသာခွင့် ရရန် သဘောဆန္ဒကိုသာ ထုတ်ဖော်ခဲ့သည်။

ပညတ်ချက်များနှင့် ပြဿနာများ

ဒိုအာဆုမွန်တောင်းခံခြင်းကို လူသားတိုင်း ပြုလုပ်ကြသည်။ သို့သော် ဒိုအာတောင်းခံခြင်း၏ နည်းလမ်းကိုမူ လူတိုင်း၊ နားမလည်နိုင်ပေ။ နဗီတမန်တော်များ၏ တောင်းဆုဒိုအာများသည် သင်ခန်းစာယူဖွယ် ဖြစ်သည်။ ယင်းတို့ဖြင့် မည်သည့်အရာများကို တောင်းခံထိုက်သည်ကို ချင့်ချိန်နိုင်မည် ဖြစ်သည်။ ဤဒိုအာ အီဗ်ရာဟီးမ် عليه السلام ၏ အပိုဒ်နှစ်ပိုဒ် ရှိလေသည်။ တစ်ပိုဒ်မှာ မက္ကာဟ်မြို့တော်အား စိုးရိမ်ကြောင့်ကြမှုများမှ လွတ်မြောက်စေရန်နှင့် ငြိမ်းချမ်းသာယာမှုရှိစေရန် ဖြစ်သည်။ ကျန်တစ်ပိုဒ်မှာ မိမိ၏ သားစဉ်မြေးဆက်အား ရုပ်တုများ ကိုးကွယ်ခြင်းမှ အမြဲတမ်းအတွက် ကင်းရှင်းစေရန်ဖြစ်သည်။

သေချာစွာ တွေးတောမည်ဆိုလျှင် လူ့ဘဝသက်တမ်းတွင် အောင်မြင်မှုရရန်မှာ ဤအခြေခံမူ နှစ်ရပ်သည်သာ လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့သည် အကယ်၍ မိမိတို့နေထိုင်ရာ နေရာတွင် ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရန်သူများ၏ ကျူးကျော်တိုက်ခိုက်မှုမှ ငြိမ်းချမ်းမှုမရှိပါက လောကီရေးရာနှင့် လောကီအကြောင်းခံများအရ ၎င်းတို့၏ ဘဝသက်တမ်းသည် နှစ်မြို့ဖွယ်ရာ မရှိနိုင်ပေ။ ၎င်းနောက် သာသနာရေးရာနှင့် နာမ်ပိုင်းဆိုင်ရာများအရလည်း နှစ်မြို့ဖွယ်ရာ မရှိပေ။ ဒွန်နယာလောက၏ အကြောင်းကြီးငယ်များနှင့် သုခစည်းစိမ်ရရန်မှာ အေးချမ်းသာယာမှုရှိမှ ဖြစ်နိုင်မည်မှာ ပေါ်လွင်နေပေသည်။ အကြင်သူသည် ရန်သူများ၏ ဝိုင်းရံမှုနှင့် အန္တရာယ်အမျိုးမျိုး ဝိုင်းရံခံရစဉ် ၎င်း၏ရှေ့တွင် လောက၏ ကြီးမားသော 'နေ့အ်မသ်'တော်များ၊ စားသောက်ဖွယ်ရာများ၊ နားနေသွားလာနိုင်ရန် အကောင်းဆုံးသော ဝန်ဆောင်မှုများ၊ အဆင့်မြင့် နေအိမ်တိုက်တာများနှင့် ဥစ္စာခနေ ကြွယ်ဝမှုများသည် ခါးသီးသောအရာများ ဖြစ်ရှိသွားလိမ့်မည်။

သာသနာရေးရာအရလည်း အမိန့်နာခံမှုဟူသမျှနှင့် ခဝပ်ကိုးကွယ်မှုဟူသမျှ စသည့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို လူသားတို့သည် ငြိမ်းချမ်းသာယာမှုရှိသောအခါမှ အေးချမ်းတည်ငြိမ်စွာ လိုက်နာကျင့်သုံးနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဟဇရသ်ခလီလုလ္လာဟ် ﷺ ၏ ပထမဒိုအာတွင် လူ့ဘဝသက်တမ်း၏ အောင်မြင်မှုနှင့် ပတ်သက်သော လိုအပ်ချက်များ၊ စားဝတ်နေရေး၊ သမာသမတ်ရှိစွာ နေထိုင်ရေးနှင့် သာသနာရေးရာ တမလွန်ရေးရာ ကိစ္စရပ်များအားလုံး ပါဝင်နေပေသည်။ ဤဝါကျတစ်ပိုဒ်ဖြင့် ခလီလုလ္လာဟ် ﷺ သည် မိမိသားစဉ်မြေးဆက်အတွက် လောကီရေးရာ အရေးကြီးလိုအပ်သော အရာများအားလုံးကို တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

ဤတောင်းဆုဒိုအာအရ သိရှိရသည့် အချက်တစ်ချက်မှာ သားသမီးများအား ကရုဏာသက်ခြင်းနှင့် ၎င်းတို့၏ စားဝတ်နေရေး ဖူလုံရန် မိမိတတ်နိုင်သရွေ့ စီမံဆောင်ရွက်ပေးရန် ဖခင်၏ 'ဖွရ်ဇ်'ဝတ္တရားများ ဖြစ်သည်။ ယင်းနှင့် ပတ်သက်၍ ကြိုးပမ်းခြင်းသည် ဘာသာတရားကိုင်းရှိုင်းခြင်းနှင့် လောကီရေးရာများကို ပဓာနမထားခြင်းတို့နှင့် မဆန့်ကျင်ပေ။

ဒုတိယဒိုအာတွင်လည်း လွန်စွာ ပြည့်စုံမှု ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် လွတ်ငြိမ်းချမ်းသာခွင့်ရရန် လမ်းမရှိသော အပြစ်ဒုစရိုက်ဖြစ်သည့် ရှရစ်က်တုဖက်နှိုင်းယှဉ်ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်းတို့မှ ထိန်းသိမ်းစောင့်ရှောက်မှုရရန် ဆုပန်ခဲ့သည်။ ထို့နောက်တွင်လည်း တစ်ဦးတစ်ယောက်သည် အကယ်၍ အကုသိုလ်တစ်ခုခုကို ကျူးလွန်မိသည်ဆိုပါက ယင်းကို ချေဖျက်ရန် အခြားသော 'အမလ်'ကျင့်ကြံမှုများလည်း ရှိနေပေသည်။ ၎င်းနောက် တစ်ဦးတစ်ယောက်၏ ကြားဝင်အသနားခံမှုဖြင့်လည်း လွတ်ငြိမ်းချမ်းသာခွင့် ရနိုင်သည်။ ၎င်းနောက် အကယ်၍ ရုပ်တုများကိုးကွယ်ခြင်းဟူသော စာသားသည် ဆူဖီသူတော်စင်များ၏ ဆင့်ပြန်ချက်အရ ထိုစာသား၏ ကျယ်ပြန့်သော အဓိပ္ပာယ်အတိုင်း လူသားအား အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့စေသော အရာဟူသမျှသည် ယင်းတွင် အကျုံးဝင်သည်ဟု မှတ်ယူမည်ဆိုလျှင် ထိုအရာတိုင်းသည် ၎င်းတို့၏ ရုပ်တုများဖြစ်လိမ့်မည်။ ၎င်းနောက် ထိုအလ္လာဟ်ကို မေ့လျော့စေသော အရာများ၏ အချစ်သည် လွှမ်းမိုးကာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို ရဲဝံ့စွာ ဖီဆန်လိုက်ခြင်းသည် တစ်နည်းအားဖြင့်

ရုပ်တုကိုးကွယ်ခြင်းဖြစ်သည်။ သို့ရှိရာ ဤရုပ်တုကိုးကွယ်ခြင်းမှ ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော ဆုမွန်ဒိုအာတွင် အမျိုးမျိုးသော အကုသိုလ်များမှ ထိန်းသိမ်းစောင့်ရှောက်ရန် အကြောင်းအရာလည်း ပါဝင်သွားပေသည်။ အချို့သော ဆူဖီသူတော်စင်များက ဤအဓိပ္ပာယ်ကိုပင် မှတ်ယူကာ အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့ခြင်းနှင့် အကုသိုလ်ကျူးလွန်ခြင်းတို့ကြောင့် မိမိကိုယ်မိမိ ပြစ်တင်ရှုံ့ချလေ့ ရှိကြသည်။

တတိယအာယသ်တော်တွင် ဟဇရသ်အိဗ်ရာဟီးမ်ခလီလွလ္လာဟ် ﷺ ၏ အမြော်အမြင်ရှိသော အခြားဆုမွန်ဒိုအာတစ်ပုဒ်ကိုလည်း ဤသို့ တင်ပြထားသည်။

رَبَّنَا اِنِّىٓ اَسۡكَنۡتُ

အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်တော်မျိုးသည် မိမိ၏ မျိုးဆက်အချို့ကို ဆိုလိုသည်မှာ မိသားစုကို ဤသို့သော တောင်ခြေတွင် ထားရစ်ခဲ့လေသည်။ ယင်းတောင်ခြေတွင် မည်သည့်စိုက်ပျိုးမှုမျိုးကိုမှ ပြုလုပ်၍ မရပေ။ (၎င်းနောက် အပေါ်ယံအားဖြင့် ထိုနေရာတွင် ဘဝရှင်သန်ရပ်တည်ရန် မည်သည့်အကြောင်းခံမျှ မရှိပေ။) ဤတောင်ခြေသည် အသျှင်မြတ်၏ ထွတ်မြတ်လှသော အိမ်တော်အနီးတွင် တည်ရှိလေသည်။ ၎င်းတို့အနေနှင့် 'ဆွလားသ်' ဆောက်တည်မှုကို စွဲမြဲစေရန် ဖြစ်သည်။ ထို့ကြောင့် အသျှင်မြတ်သည် အချို့သူများ၏ နှလုံးသားကို ထိုအိမ်တော်ဘက်သို့ ယိမ်းယိုင်စေတော်မူပါ။ သို့မှသာ ကျွန်ုပ် မိသားစုအတွက် စိတ်ချမ်းမြေ့ဖွယ်ရာနှင့် ဘဝရှင်သန်ရပ်တည်ရန် အကြောင်းခံများ ဖြစ်ပေါ်လာပေလိမ့်မည်။ ထို့နောက် ၎င်းတို့အား အသီးအနှံများလည်း ချီးမြှင့်တော်မူပါ။ သို့မှသာ ၎င်းတို့သည် ကျေးဇူးသိတတ်သူများ ဖြစ်လာကြလိမ့်မည်။

အလ္လာဟ်အသျှင်မြတ်၏ အဆွေတော် အိဗ်ရာဟီးမ် ﷺ ၏ ဆုပန်ခဲ့သော အကြောင်းအရာမှာ ဤသို့ဖြစ်သည်။ အကြောင်းမှာ 'ဗိုင်သွလ္လာဟ်' ကျောင်းတော်ကြီးသည် နူးဟ် ﷺ ၏ ခေတ်ကာလတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားကာ အရိပ်အယောင်မျှပင် မကျန်တော့ပေ။ အလ္လာဟ်အသျှင်မြတ်သည် ယင်းကို တစ်ဖန်ပြန်လည် တည်ဆောက်ရန် ရည်ရွယ်တော်မူပြီး မိမိ၏ အဆွေတော် အိဗ်ရာဟီးမ် ﷺ ကို ထိုအတွက် ရွေးချယ်တော်မူကာ ၎င်းအား ဆီးရီးယားနိုင်ငံမှ ဟိဂျရသ်ပြုစေ၍ ကြင်ယာတော်ဟာဂျေရဟ် ﷺ သခင်မနှင့် သားတော်အိစ်မာအီးလ် ﷺ တို့နှင့်အတူ ထိုစိမ်းလန်းစိုပြေမှု ကင်းမဲ့သော နေရာတွင် နေထိုင်ကြရန် အမိန့်ရှိတော်မူခဲ့သည်။

ဆွဟီးဟ်ဘိုခါရီကျမ်းတွင် လာရှိသည်မှာ တမန်တော်အိစ်မာအီးလ် ﷺ သည် ထိုအချိန်က နို့စို့အရွယ်မျှပင် ရှိသေးသည်။ တမန်တော်အိဗ်ရာဟီးမ် ﷺ သည် အသျှင်မြတ်၏ အမိန့်အရ ၎င်းတို့နှစ်ဦးအား လက်ရှိ 'ကအ်ဗာဟ်' ကျောင်းတော်နှင့် 'ဇမ်ဇမ်' ရေတွင်းအကြား နေထိုင်စေခဲ့သည်။ ထိုအချိန်က ဤနေရာသည် တောင်များ ဝိုင်းရံလျက်ရှိသော လွင်တီးခေါင်ပြင်တစ်ခု ဖြစ်သည်။ ထိုမှ ဝေးလံလှသော နေရာများအထိ ရေလည်းမရှိ။ ရပ်ရွာလည်း မရှိပေ။ တမန်တော်အိဗ်ရာဟီးမ် ﷺ သည် ၎င်းတို့အတွက် ရိက္ခာအိတ်ထဲတွင် အစားအသောက် အနည်းငယ်နှင့် ရေအိတ်တစ်ခုတွင် ရေအနည်းငယ် ထားခဲ့လေသည်။

ထို့နောက် တမန်တော်အီဗ်ရာဟီးမ် ﷺ ကို ဆီးရီးယားနိုင်ငံဘက်သို့ ပြန်သွားရန် အမိန့်ကျရောက်လာလေသည်။ အမိန့်တော်ကို ကြားနာရသည့်နေရာမှပင် အမိန့်တော်ကို လိုက်နာသည့်အနေဖြင့် ထွက်ခွာခဲ့သည်။ ကြင်ယာတော်နှင့် နို့စို့အရွယ် သားငယ်ကို လွင်တီးခေါင်ပြင် တောထဲတွင် ထားခဲ့ရခြင်းကြောင့် သဘာဝအလျောက် ဖြစ်ပေါ်လာသည့် ခံစားချက်ကို ဤတောင်းဆုဒိုအာဖြင့် ထုတ်ဖော်တင်ပြခဲ့လေသည်။ ယင်းဒိုအာကို နောက်မှ တောင်းဆိုပြီး အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံရာတွင် ကြင်ယာတော်အား သတင်းပေးသည့်အချိန်ခန့်မျှပင် ကြန့်ကြာသွားမည်ကို မလိုလားခဲ့ပေ။ ၎င်းနောက် ကြင်ယာတော်အား နှစ်သိမ့်စကားများ ပြောဆိုရန်ပင် မလိုလားခဲ့ပေ။

အချုပ်ဆိုရသော် ဟာဂျေရဟ် ﷺ သခင်မကြီးက ခင်ပွန်းသည် ထွက်သွားသည်ကို တွေ့မြင်လျက် အကြိမ်ကြိမ် အသံပေးပြောဆိုခဲ့သည်။ အကြောင်းမှာ ဤတောထဲတွင် ကျွန်တော်မျိုးမတို့ကို မည်သို့သော အားကိုးအားထားဖြင့် ထားရစ်ခဲ့လေသနည်း။ ဤနေရာတွင် မည်သူမျှလည်း မရှိ။ ဘဝရှင်သန်ရပ်တည်ရန် မည်သည့်အကြောင်းခံမျှလည်း မရှိပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ အခွေတော်သည် လှည့်၍ပင် မကြည့်ခဲ့ပေ။ ထိုအခါမှသာ ကြင်ယာတော်ဟာဂျေရဟ်သခင်မသည် အတွေးဝင်လာသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အခွေတော်သည် ဤသို့ သစ္စာမဲ့မှုမျိုး ပြုလုပ်နိုင်မည်မဟုတ်ပေ။ အသျှင်မြတ်ဘက်တော်မှ အမိန့်တော်ရှိ၍ ဖြစ်မည်။ ဤသို့ဖြင့် အသံပေး မေးမြန်းခဲ့သည်မှာ အသင့်အား အလ္လာဟ်အသျှင်မြတ်က ဤနေရာမှ ထွက်ခွာသွားရန် အမိန့်ပေးလေသလော။ ထိုအခါမှ တမန်တော်အီဗ်ရာဟီးမ် ﷺ သည် လှည့်၍ ဟုတ်မှန်ကြောင်း ဖြေဆိုခဲ့လေသည်။ ထိုစကားကို ကြားပြီး ဟဇရတ်ဟာဂျေရဟ် ﷺ သခင်မသည်

إِذًا لَا يُضَيِّعُنَا

ဟူ၍ ရေရွတ်ခဲ့လေသည်။ ဆိုလိုသည်မှာ ယခု ပူပန်စရာ အလျဉ်းမရှိတော့ပေ။ အသင့်အား ဤနေရာမှ ထွက်ခွာသွားရန် မိန့်တော်မူသော အသျှင်သခင်သည် ကျွန်တော်မျိုးမတို့ကိုလည်း ပျက်စီးစေမည်မဟုတ်ပေ။

တမန်တော်အီဗ်ရာဟီးမ် ﷺ သည် ရှေ့သို့ ဆက်လက်၍ သွားရာ တောင်တစ်တောင်၏ အနောက်သို့ ရောက်ရှိသွားပြီး ကြင်ယာတော် ဟာဂျေရဟ်သခင်မနှင့် သားတော်အီစ်မာအီးလ် ﷺ တို့အမြင်မှ ပျောက်ကွယ်သွားသောအခါမှ 'ဗိုင်သွလ္လာဟ်'ဘက်သို့ လှည့်ကာ အထက်တွင် ကင်ပြခဲ့သည့် တောင်းဆုဒိုအာအား တောင်းဆိုခဲ့လေသည်။ တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ အထက်ပါတောင်းဆုဒိုအာတွင် မြောက်မြားစွာသော ဩဝါဒတရားများနှင့် ပညတ်ချက်များ ပါရှိသည်။ ယင်းတို့ကို ဆက်လက် ဖော်ပြပါမည်။

တမန်တော် အီဗ်ရာဟီးမ် ﷺ ၏ တောင်းဆုတော်ရှိ လျှို့ဝှက်ချက်များနှင့် အမိန့်ပညတ်ချက်များ

(၁) တမန်တော်အီဗ်ရာဟီးမ် ﷺ သည် တစ်နည်းအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ အခွေတော်ဟူသော ဘွဲ့တော်နှင့်အညီ တာဝန်ကျေပွန်ခဲ့လေသည်။ အကြောင်းမှာ ဆီးရီးယားနိုင်ငံသို့ ပြန်လည်

ထွက်ခွာလော့ဟူသော အမိန့်တော် ကျရောက်လာသည့်အချိန် ထိုနေရာမှပင် အစာရေစာမရှိသည့် လွင်တီးခေါင်ပြင်၌ ကြင်ယာတော်နှင့် နို့စို့အရွယ် သားငယ်ကို ထားခဲ့ရန်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာရာတွင် အနည်းငယ်မျှပင် တုန့်လှုပ်မှု မရှိခဲ့ပေ။ ၄င်းနောက် ကြင်ယာတော်အပါးသို့ သွားကာ 'ကျွန်ုပ်အား အသျှင်မြတ်ဘက်တော်မှ ဤသို့ အမိန့်တော်ကျ ရောက်လာခဲ့သည်'ဟု နှစ်သိမ့်စကား ပြောဆိုသည်ခန့်မျှ ကြန့်ကြာမှုကိုပင် မနှစ်မြို့ဘဲ ချက်ချင်းပင် အမိန့်တော်အတိုင်း ဦးလည်မသုန် ဆောင်ရွက်ခဲ့လေသည်။ ထိုအမိန့်တော် ကျရောက်သောနေရာမှပင် ချက်ချင်း အမိန့်တော်အတိုင်း ဆောင်ရွက်သည့်အနေဖြင့် ထွက်ခွာသွားလေတော့သည်။

အခြားတစ်ဖက်တွင် မိသားစု၏ ဝတ္တရားနှင့် ၄င်းတို့အား သံယောဇဉ်ထားသည့် အနေဖြင့် တာဝန်ကျေပွန်ခဲ့သည်မှာ ၄င်းတို့၏ အမြင်ကွယ်ရာ တောင်နောက်သို့ သွားကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ၄င်းတို့အား စောင့်ရှောက်ရန်နှင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ရန် ဆုမွန်ဒိုအာတောင်းခံကာ ၄င်းတို့၏ သုခချမ်းသာရရှိရန် အကြောင်းခံများအဖြစ် ဖန်တီးခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်ကြီးသည် ယုံကြည်မှုအပြည့် ရှိနေခဲ့သည်။ အကြောင်းမှာ အမိန့်နာခံမှုနှင့်တကွ တောင်းခံသော တောင်းဆုဒိုအာကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အလျှဉ်းပယ်ခံရမည်မဟုတ်ပေ။ ၄င်းနောက် ထိုအတိုင်းပင် ဖြစ်ရှိခဲ့သည်မှာ ဤမစွမ်းသာသော အမျိုးသမီးနှင့် ကလေးတို့သည် ကောင်းမွန်စွာ တည်မြဲနေထိုင်ခဲ့ကြသည့်အပြင် ၄င်းတို့၏ 'ဗရ်ကသ်'မင်္ဂလာဖြင့် မြို့တစ်မြို့ပေါ်ထွန်းလာခဲ့သည်။ ထို့နောက် ၄င်းတို့၏ ဘဝသက်တမ်းလိုအပ်ချက်များကို အေးချမ်းသာယာစွာဖြင့် ရရှိခဲ့ကြသည့်အပြင် ၄င်းတို့၏ 'ဗရ်ကသ်'ဖြင့် ယနေ့ထက်တိုင် မက္ကာဟ်မြို့သားများအား အဘက်ဘက်မှ 'နေ့အ်မသ်'တံခါးများ ဖွင့်ပေးထားလေသည်။

ဤသည်ပင် တမန်တော်များ၏ ကြံ့ခိုင်မှုနှင့် ကောင်းမွန်သော စီမံမှုများဖြစ်သည်။ အကြောင်းမှာ တစ်ဘက်ကို ငဲ့ညှာသောကြောင့် အခြားတစ်ဖက်တွင် လစ်ဟင်းမှုမရှိခဲ့ပေ။ ၄င်းတို့သည် သာမန်သူတော်စင်များကဲ့သို့ အခြေအနေအချိန်အခါ၏ လွှမ်းမိုးမှု ခံရခြင်း မရှိတတ်ပေ။ ၄င်းနောက် ဤသို့သော သွန်သင်မှုဖြင့်သာ လူသားသည် ပြည့်ဝသော လူသားတစ်ဦး ဖြစ်ရှိနိုင်မည် ဖြစ်သည်။

(၂) غَيْرِ ذِي زَرْعٍ တမန်တော်အီဗ်ရာဟီးမ် عَلَيْهِ السَّلَام အား နို့စို့ကလေးငယ်နှင့် ၄င်း၏ မိခင်ကို ဤခြောက်သွေ့သော ကွင်းပြင်တွင် ထားကာ ဆီးရီးယားနိုင်ငံဘက်သို့ ထွက်ခွာသွားရန် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အမိန့်တော် ကျရောက်လာသောအခါ ထိုအမိန့်ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား ပျက်စီးစေမည်မဟုတ်ဟူသော ယုံကြည်ချက်သည် ရှိနေခဲ့သည်။ သို့သာမက ၄င်းတို့အတွက် အစာရေစာလည်း အသင့်ပြုလုပ်ပေလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့်ပင် بِوَادٍ غَيْرِ ذِي مَاءٍ ဟု ပြောဆိုမည့်အစား غَيْرِ ذِي زَرْعٍ ဟူ၍ ပြောဆိုကာ ၄င်းတို့အား အသီးအနှံများ အခြားနေရာများမှမဆို ယူဆောင်လာကာ ချီးမြှင့်တော်မူပါဟူ၍ တောင်းခံခဲ့လေသည်။ ထို့ကြောင့်ပင် မက္ကာဟ်ရွှေမြို့တော်တွင်

ယနေ့ထိတိုင် စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး သီးခြားအစီအမံများ မရှိပေ။ သို့သော် လောကတစ်ခွင်မှ အသီးအနှံများနှင့် အမျိုးမျိုးသော စားသောက်ဖွယ်ရာများ အမြောက်အမြား ရောက်ရှိလာလေ့ရှိသည်။ အခြားသော မြို့များတွင် ဤသို့ ရရှိရန် ခဲယဉ်းလှပေသည်။ *[မဲဟ်ရေမုဟ်ဆီးသွ်ကျမ်း]*

(၃) عِنْدَ بَيْتِكَ الْمُحَرَّمِ ဤစာသားအရ သိရှိရသည်မှာ 'ကအ်ဗာဟ်' ကျောင်းတော်ကြီးသည် တမန်တော်အီဗ်ရာဟီးမ် ﷺ ခေတ်မတိုင်မီကတည်းက တည်ဆောက်ခဲ့ပြီးဖြစ်သည်။ အဲမာမ် ကွရ်သူဗီ (ရဟ) သခင်က စူရာဟ်ဗကရာဟ်၏ သဖ်စီးရ်တွင် မြောက်မြားစွာ ဆင့်ပြန်ချက်များဖြင့် ဤသို့ပင် တင်ပြထားလေသည်။ အကြောင်းမှာ ဦးစွာပထမ 'ဗိုင်သွလ္လာဟ်' ကို တမန်တော်အာဒမ် ﷺ က တည်ဆောက်ခဲ့လေသည်။ ၎င်းကို မြေပထဝီပေါ်သို့ စေလွှတ်စဉ်က 'မုအ်ဂျေဇာဟ်' တော်တစ်ရပ်အနေဖြင့် 'စရန်ဒီးဗ်' တောင်ပေါ်မှ ထိုကျောင်းတော်တည်ရှိရာ အရပ်သို့ ပို့ဆောင်တော်မူခဲ့သည်။ ၎င်းနောက် ကောင်းကင်တမန်တော်ကြီး ဂျိဗ်ရီးလ် ﷺ သည်လည်း 'ကအ်ဗာဟ်' ကျောင်းတော်ကြီး၏ နေရာကို အမှတ်အသားပြုခဲ့သည်။ ထိုအမှတ်အသားတိုင်း တမန်တော်အာဒမ် ﷺ သည် ယင်းကို တည်ဆောက်ခဲ့သည်။

သားမြေးများနှင့်တကွ ၎င်းကိုယ်တိုင်လည်း ယင်းကို 'သွဝါးဖ်' ပြု လှည့်ပတ်ခဲ့သည်။ တမန်တော်နူးဟ် ﷺ ၏ လက်ထက်တွင် မုန်တိုင်းကျရောက်လာစဉ် 'ဗိုင်သွလ္လာဟ်' ကို မ,ယူခဲ့သည်။ ယင်း၏ အုတ်မြစ်များ မြေထဲတွင်ရှိနေခဲ့သည်။ ထိုအုတ်မြစ်များပေါ်တွင် 'ဗိုင်သွလ္လာဟ်' ကို အသစ်ပြန်လည် တည်ဆောက်ရန် တမန်တော်အီဗ်ရာဟီးမ် ﷺ အား အမိန့်ရှိခဲ့သည်။ ကောင်းကင်တမန်ကြီး ဟဇရသ် ဂျိဗ်ရာအီးလ် ﷺ သည် အုတ်မြစ်ဟောင်းကို အမှတ်အသားပြုပေးခဲ့သည်။ တစ်ဖန် အီဗ်ရာဟီးမ် ﷺ တည်ဆောက်ခဲ့သော ဤကျောင်းတော်ကြီးသည် အာရဗ်လူမျိုးတို့၏ အမှောင်ခေတ်တွင် ပျက်စီးသွားခဲ့သည်။ ထိုအမှောင်ခေတ်ရှိ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစမှ ပြန်လည် တည်ဆောက်ခဲ့သည်။ ထိုသို့ တည်ဆောက်ရာတွင် အဗူသွာလိဗ်နှင့်အတူ တမန်တော်မြတ် ﷺ သည်လည်း 'နဗူဝသ်' မရမီအလျင် ပါဝင်ခဲ့သည်။

ထိုအာယသ်တော်တွင် 'ဗိုင်သွလ္လာဟ်' ၏ ဂုဏ်ပုဒ်ကို مُحَرَّم ဖြင့် ဖော်ပြထားသည်။ مُحَرَّم ၏ အဓိပ္ပာယ်မှာ ဂုဏ်ပေးခံရမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရမှုဟူ၍ ဖြစ်သည်။ 'ဗိုင်သွလ္လာဟ်' ကျောင်းတော်တွင် ဤဂုဏ်ဒြပ်နှစ်ခုစလုံး ရှိသည်။ အကြောင်းမှာ အမြဲတမ်း ဂုဏ်ပေးမှု ခံရပေလိမ့်မည်။ ထို့နောက် ရန်သူများ၏ ရန်မူခြင်းမှလည်း အမြဲတမ်း ထိန်းသိမ်းခံရမည်ဖြစ်သည်။

(၄) لِيُقِيمُوا الصَّلَوٰةَ တမန်တော်အီဗ်ရာဟီးမ် ﷺ သည် ဒိုအာ၏ အစတွင် မိမိကလေးငယ်နှင့် ၎င်းမိခင်တို့၏ မစွမ်းသာမှုနှင့် ယိုယွင်းသော အခြေအနေကို တင်ပြပြီးနောက် ဦးစွာ ဤဒိုအာကို ပြုလေသည်မှာ ၎င်းတို့အား နမာဇ်ကို စွဲမြဲစွာ ဆောက်တည်စေပါ။ အဘယ်ကြောင့်ဆိုသော် နမာဇ်သည် လောကီလောကုတ္တရာနှစ်ဌာနစလုံးရှိ ကောင်းခြင်းမင်္ဂလာအပေါင်း၏ အနှစ်ချုပ်ဖြစ်သည်။ ထိုအကြောင်းအရာမှ သိရှိရသည်မှာ သားသမီးများ၏ ဝတ္တရားတွင် ၎င်းတို့အား နမာဇ်ကို စွဲမြဲစွာ ဆောက်တည်သူများ

အဖြစ် ဆောင်ရွက်ပေးခြင်းထက် ပို၍ပင် ကရုဏာထားခြင်းနှင့် ကောင်းကျိုးကို လိုလားခြင်းဟူ၍ ရှိနိုင်မည် မဟုတ်ပေ။ ၎င်းနောက် စင်စစ်တွင် ထိုနေရာ၌ ထိုအခါက ကြင်ယာတော်တစ်ပါးနှင့် သားတော်တစ်ပါးကိုသာ ထားခဲ့သော်လည်း တောင်းဆုတော်တွင်ကား ဗဟုဝုစ်ကိန်းဖြင့် သုံးနှုန်းတောင်းဆိုခဲ့လေသည်။ ထို့ကြောင့် သိရှိရသည်မှာ တမန်တော်ခလီလွလ္လာဟ် ﷺ သည် ဤနေရာ၌ မြို့တစ်မြို့ပေါ်ထွန်းလာမည်။ ၎င်းနောက် ဤကလေး၏ မျိုးဆက်သည်လည်း ပြန့်ပွားလာမည်ကို သိရှိနေသည်။ ထို့ကြောင့် ဆုမွန်ဒိုအာ တောင်းခံရာတွင် အားလုံးအတွက် ထည့်သွင်းတောင်းဆိုခဲ့လေသည်။

(၅) اَفْئِدَةً مِّنَ النَّاسِ တွင် اَفئدة သည် فُؤَادٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ နှလုံးသားဟူ၍ ဖြစ်သည်။ ဤနေရာတွင် اَفْئِدَةً ကို 'နကိရဟ်'အများသုံးနာမ်ဖြင့် သုံးနှုန်းထားပြီး مِنْ ဟူသော စာသားကိုပါ တွဲထားလေသည်။ ယင်းသည် အချို့၊ အနည်းငယ်ဟူသော အဓိပ္ပာယ်ဖော်ဆောင်ရန် ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်မှာ အချို့သော သူတို့၏ နှလုံးသားများကို ထို 'ဗိုင်သွလ္လာဟ်'ဘက်သို့ ယိမ်းယိုင်စေတော်မူပါဟူ၍ ဖြစ်သည်။ သဖ်စီးရ်ပညာရှင်ကြီး ဟဇရသ်မုဂျာဟိဒ် (ရဟ) သခင်က မိန့်ဆိုသည်မှာ အကယ်၍ ဤတောင်းဆုဒိုအာတွင် အချို့နှင့် အနည်းငယ်ဟူသော ဤစာသားမပါရှိဘဲ اَفْئِدَةَ النَّاسِ ဟူ၍ တောင်းဆိုခဲ့လျှင် လောကတစ်ခွင်ရှိ မွတ်စ္စလင်မ်များနှင့် မွတ်စ္စလင်မ်မဟုတ်သူများ၊ ယဟူဒီ၊ နဆွ်ရာနီများ၊ အရှေ့အရပ်နှင့် အနောက်အရပ်ရှိ လူအားလုံးတို့သည် မက္ကာဟ်မြို့တော်သို့ စုရုံးရောက်ရှိလာကြပြီး မြောက်မြားစွာသော အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ထိုအချက်ကို ထောက်ထားပြီး တမန်တော်အိဗ်ရာဟီးမ် ﷺ သည် တောင်းဆု ဒိုအာတွင် 'အချို့သောသူများကို ယင်းဘက်သို့ ယိမ်းယိုင်စေတော်မူပါ'ဟူ၍ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

(၆) وَارْزُقْهُمْ مِنَ الثَّمَرَاتِ တွင် ثمرات သည် ثمرة ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ သစ်သီးဝလံများဟု အဓိပ္ပာယ်ရသည်။ ၎င်းနောက် များသောအားဖြင့် စားသုံး၍ရသော သစ်သီးဝလံများကိုသာ သုံးနှုန်းလေ့ရှိကြသည်။ ဤအချက်အရ တောင်းဆုတော်၏ အလိုသဘောမှာ ၎င်းတို့စားသုံးရန် အမျိုးမျိုးအဖုံဖုံသော သစ်သီးဝလံများ ချီးမြှင့်တော်မူပါဟူ၍ ဖြစ်သည်။

၎င်းနောက် တစ်ခါတစ်ရံ ثمرة ဟူသောစာသားသည် ရလဒ်နှင့် သီးနှံထွက်ရှိမှုဟူသော အဓိပ္ပာယ်အတွက်လည်း သုံးနှုန်းလေ့ရှိသည်။ ယင်းအဓိပ္ပာယ်သည် စားသောက်ဖွယ်ရာများဟူသော အဓိပ္ပာယ်ထက် ပို၍ ကျယ်ပြန့်သည်။ အကျိုးရှိသော အရာတိုင်း၏ ရလဒ်နှင့် အလိုသဘောကိုလည်း ثمرة ဟူ၍ သုံးနှုန်းလေ့ရှိကြသည်။ စက်ယန္တရားများနှင့် ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်သော စက်ရုံများ၏ ثمرة သည် ယင်းတို့၏ ထွက်ကုန်များဖြစ်သည်။ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ ثمرة သည် ၎င်းတို့၏ လုပ်အားခနှင့် လစာဟု ဆိုနိုင်ပေသည်။ ယင်းတို့အား ရလဒ်အနေဖြင့် ရရှိကြခြင်း ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်

၏ အာယသ်တော်တစ်ပိုဒ်တွင် ဤတောင်းဆိုဒိုအာနှင့် ပတ်သက်ပြီး ثَمَرَاتُ كُلِّ شَيْءٍ ဟူသော စာသားဖြင့်လည်း သုံးနှုန်းတင်ပြထားပေသည်။ ဤစာသားတွင် شَجَرٍ ဟူသော စာသားအစား شَيْءٍ ဟူသော စာသားကို သုံးနှုန်းကာ တမန်တော်ခလီလွလ္လာဟ် عليه السلام သည် ၎င်းတို့အတွက် စားသုံးရန် သစ်သီးဝလံများကိုသာ တောင်းခံခဲ့ခြင်းမဟုတ်ဘဲ အရာခပ်သိမ်း၏ ရလဒ်များနှင့် ရရှိနိုင်သော အကျိုးရလဒ်များနှင့် ပတ်သက်ပြီး ဆုပန်ခဲ့ခြင်း ဖြစ်သည်။ ထိုရလဒ်များတွင် လောကတစ်ခွင်ရှိ ထုတ်ကုန်များနှင့် အကျိုးရှိနိုင်သော အရာများအားလုံးလည်း ပါဝင်နေသည်ဟူ၍ ရည်ညွှန်းထားခြင်း ဖြစ်နိုင်သည်။ ဤဒိုအာ၏ စူးရှမှုပင်ဖြစ်လိမ့်မည်။ အကြောင်းမှာ မက္ကာဟ်ရွှေမြို့တော်သည် မည်သည့်လယ်ယာ ထွက်ကုန်မျိုးမှလည်း မထွက်ရှိ၊ မည်သည့်ကုန်စည်၊ သို့မဟုတ် စက်မှုထုတ်ကုန်များ မထွက်ရှိပါလျက် လောကတစ်ခွင်ရှိ အရှေ့အရပ်၊ အနောက်အရပ်မှ ပစ္စည်းဥစ္စာအမျိုးမျိုးသည် မက္ကာဟ်ရွှေမြို့တော်သို့ ရောက်ရှိလာလေ့ရှိသည်။ လောကတစ်ခွင်ရှိ မည်သည့်ကြီးမားသော မြို့တွင်မျှ ဤကဲ့သို့ ထူးခြားသော အခွင့်အရေးမျိုး မရရှိနိုင်ပေ။

(၇) တမန်တော်ခလီလွလ္လာဟ် عليه السلام သည် မိမိသားစဉ်မြေးဆက်အတွက် မက္ကာဟ်မြေအား စိုက်ပျိုးမြေအဖြစ် ဖြစ်ရှိသွားရန် ဆုမွန်မတောင်းခဲ့ပေ။ သို့မဟုတ်ပါက မက္ကာဟ်မြို့၏ တောင်ခြေများနှင့် တောင်များအားလုံး စိမ်းလန်းစိုပြေသွားရန် မခဲယဉ်းလှပေ။ ယင်းတွင် ဥယျာဉ်များနှင့် လယ်ယာကိုင်းကျွန်းများ ဖြစ်ထွန်းလာရန်မှာလည်း မခဲယဉ်းပေ။ သို့သော် ခလီလွလ္လာဟ် عليه السلام သည် မိမိ၏ သားစဉ်မြေးဆက်အား လယ်ယာလုပ်ကိုင်စေရန် မနှစ်သက်ခဲ့ပေ။ တို့ကြောင့်သာ အချို့သောသူများ၏ စိတ်နှလုံးသားများကို ဤသည့်ဘက်သို့ ယိမ်းယိုင်စေတော်မူပါဟူ၍ ဆုပန်ခဲ့ခြင်းဖြစ်သည်။ ဤသို့ပင် အရှေ့အရပ်နှင့် အနောက်အရပ်မှ လောကတစ်ခွင်ရှိ အဘက်ဘက်မှ ဤနေရာသို့ စုရုံးရောက်ရှိလာကြပြီး ၎င်းတို့၏ ဤစုရုံးမှုအား လောကတစ်ခွင်ရှိ လူများအတွက် လမ်းမှန်ရရန် အကြောင်းခံနှင့် မက္ကာဟ်မြို့သားများ စည်ပင်ဝပြောမှုရရန် အကြောင်းခံဖြစ်ရှိလာမည် ဖြစ်သည်။ ၎င်းနောက် လောကတစ်ခွင် အဘက်ဘက်မှ ပစ္စည်းပစ္စယများသည်လည်း ဤနေရာသို့ ရောက်ရှိလာမည်ဖြစ်သည်။ ၎င်းနောက် မက္ကာဟ်မြို့သားများသည်လည်း ဝမ်းစာရှာဖွေရန်အကြောင်းခံများ လက်ဝယ်ရရှိမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤတောင်းဆုဒိုအာကို လက်ခံတော်မူပြီး ယနေ့ထိတိုင် မက္ကာဟ်မြို့သူ မြို့သားတို့သည် လယ်ယာကိုင်းကျွန်းများ လုပ်ကိုင်ရန် မလိုအပ်ဘဲ ဘဝသက်တမ်း လိုအပ်ချက်များအားလုံး ဖူလုံစွာ ရရှိနေကြသည်။

(၈) لَعَلَّهُمْ يَشْكُرُونَ တွင် ရည်ညွှန်းထားသည်မှာ သားစဉ်မြေးဆက်အတွက် ဝမ်းစာရှာဖွေရာတွင် တည်ငြိမ်း အေးချမ်းမှုရရန် ဆုမွန်ဒိုအာတောင်းခံရသည့် အကြောင်းအရင်းမှာလည်း ထိုသားစဉ်မြေးဆက်တို့သည် အသျှင်မြတ်၏ ကျေးဇူးတရားများကို သိတတ်ကာ အကျိုးကုသိုလ်များရယူနိုင်ကြရန် ဖြစ်သည်။ ဤနည်းဖြင့် တောင်းဆုဒိုအာကို နမာဇ်အား စွဲမြဲစွာ ဆောက်တည်စေပါဟူ၍ အစပြုခဲ့လေသည်။ ၎င်းနောက် အဆုံးတွင် ကျေးဇူးတရားသိတတ်မှုရှိရန် ၎င်းနောက် အလယ်တွင် ဝမ်းစာရှာဖွေရာ၌

တည်ငြိမ်အေးချမ်းမှုရှိရန် အကြောင်း ပါရှိလေသည်။ ဤတောင်းဆုတော်တွင် မွတ်စ္စလင်မ်တို့သည် ဤကဲ့သို့ ပင် လိုက်နာကျင့်သုံးရမည်ဟူ၍ သွန်သင်ထားခြင်း ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့၏ ကျင့်ကြံမှုများ နှင့် အခြေအနေများ၊ အတွေးအခေါ်များနှင့် သုံးသပ်မှုများတွင် တမလွန်၏ အောင်မြင်မှုသည် လွှမ်းမိုးနေ ရမည်။ ၎င်းနောက် လောကီရေးရာ များသည် လိုအပ်သည့်အတိုင်းအတာမျှသာ ရှိရမည်ဟူ၍ ဖြစ်သည်။

رَبَّنَا اِنَّكَ تَعْلَمُ مَانُخْفِىْ وَمَانُعْلِنُ ؕ

وَمَا يَخْفٰى عَلَى اللّٰهِ مِنْ شَىْءٍ فِى الْاَرْضِ وَلَا فِى السَّمَآءِ

ဤအာယသ်တော်တွင် တောင်းဆုဒိုအာကို မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ခြုံငုံ လွှမ်းမိုးနိုင်သော အသိဉာဏ်တော်ကို ကိုးကား၍ အဆုံးသတ်ထားလေသည်။ ၎င်းနောက် رَبَّنَا ဟူသော စာသားကို ရိုကျိုးခယစွာ တောင်းခံသည့် သဘောဖြင့် ထပ်မံရွတ်ဆိုခြင်း ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ အသျှင်မြတ်သည် ကျွန်ုပ်တို့၏ အခြေအနေအရပ်ရပ်ကို သိရှိတော်မူသည်။ ၎င်းနောက် ကျွန်ုပ်တို့၏ နှလုံးသားတွင်း၌ ကိန်းအောင်းနေသော အရာများကိုသော်လည်းကောင်း၊ ပြင်ပရုပ်ပိုင်းဆိုင်ရာ လျှောက်ထားချက်များကိုလည်းကောင်း သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အတွင်းပိုင်းဆိုင်ရာ အခြေအနေများဆိုသည်မှာ နို့စို့အရွယ်ကလေးနှင့် သူ၏ မိခင်ကို မည်သည့်အကြောင်းခံမှ မရှိသော လွင်တီးခေါင်ပြင်တွင် အသျှင်မြတ်အား တမ်းတကာ ထားရစ်ခဲ့ရသော ပူဆွေးသောကကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် ၎င်းတို့နှင့် ခွဲခွာရခြင်းကြောင့် သဘာဝအလျောက် ဖြစ်ပေါ်လာသည့် သောကကို ဆိုလိုခြင်း ဖြစ်သည်။ ၎င်းနောက် ပြင်ပရုပ်ပိုင်းဆိုင်ရာ လျှောက်ထားချက်များဆိုသည်မှာ တမန်တော်အီဗ်ရာဟီမ် عليه السلام ၏ တောင်းဆုဒိုအာနှင့် ဟာဂျေရဟ် عليها السلام သခင်မ၏ အလ္လာဟ်အသျှင်မြတ်၏ အမိန့်အရ ဤသို့ ပြုခဲ့သည် ဆိုလျှင် ထိုအသျှင်မြတ်သာလျှင် ကျွန်တော်မျိုးမတို့အတွက် လုံလောက်တော်မူသည်။ ထိုအသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ပျက်စီးစေမည်မဟုတ်ဟု ပြောဆိုခဲ့သော စကားများကို ဆိုလိုပေသည်။ အာယသ် တော်၏ နောက်ဆုံးအပိုဒ်တွင် အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော် ကျယ်ပြန့်နက်နဲမှုကို ထပ်မံ တင်ပြ ထားပေသည်။ အကြောင်းမှာ အသျှင်မြတ်၏ အသိဉာဏ်တော်သည် ကျွန်ုပ်တို့၏ အတွင်းအပြင် အခြေအနေ များကို မဆိုထားနှင့်၊ မိုးနှင့် မြေတွင် ရှိရှိသမျှ အရာအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက် တွင် ဖုံးကွယ်နေသည်ဟူ၍ မရှိပေ။

اَلْحَمْدُ لِلّٰهِ الَّذِىْ وَهَبَ لِىْ عَلَى الْكِبَرِ اِسْمٰعِيْلَ وَ اِسْحٰقَ ؕ اِنَّ رَبِّىْ لَسَمِيْعُ الدُّعَآءِ

ဤအာယသ်တော်၏ အကြောင်းအရာသည်လည်း အထက်ပါဒိုအာ၏ အဆုံးသတ်ဖြည့်စွမ်းမှုပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တောင်းဆုဒိုအာတွင် အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းထောပနာပြုခြင်း ကို ယှဉ်တွဲတောင်းဆိုခြင်းသည် ဒိုအာ၏ စည်းမျဉ်းစည်းကမ်းထဲမှ ဖြစ်သည်။ တမန်တော်အီဗ်ရာဟီးမ် عليه السلام သည် ဤနေရာတွင် အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်၏ ထို 'နေအ်မသ်' တော်အား ရှုကွက်ပြု အမွမ်းတင်

ထားပေသည်။ အကြောင်းမှာ အိုမင်းမစွမ်းသည့် အရွယ်တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံတော်မူပြီး သားကောင်းရတနာများဖြစ်သော အိစ်မာအီးလ် عليه السلام နှင့် အိစ်ဟားက် عليه السلام တို့အား ချီးမြှင့်တော်မူခဲ့သည်။

ထိုချီးမွမ်းထောပနာပြုခြင်းတွင် အခြားရည်ညွှန်းချက်တစ်ခုလည်း ရှိနေသည်။ ယင်းမှာ အကူအညီ ကင်းမဲ့စွာ ခြောက်သွေ့နေသော ကွင်းပြင်တွင် ကျွန်ုပ် ထားရစ်ခဲ့သော ထိုကလေးငယ်သည် အသျှင်မြတ်က ချီးမြှင့်ခဲ့သော ကလေးငယ် ဖြစ်သည်။ အသျှင်မြတ်သာလျှင် ၎င်းအား ထိန်းသိမ်းစောင့်ရှောက်တော်မူပါ။ နောက်ဆုံးတွင် ချီးမွမ်းထောပနာပြုခြင်းကို اِنَّ رَبِّیْ لَسَمِیْعُ الدُّعَآءِ ဟူသော စာသားဖြင့် ပြည့်စွက်ကာ အဆုံးသတ်ထားလေသည်။ ဆိုလိုသည်မှာ မုချဧကန် ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် တောင်းဆု ဒိုအာများကို ကြားတော်မူသော အသျှင်၊ လက်ခံတော်မူသော အသျှင် ဖြစ်သည်။

ထိုချီးမွမ်းထောပနာကို ရွတ်ဆိုပြီးနောက် တစ်ဖန် ဆက်လက်၍ ဒိုအာဆုမွန်တောင်းခံလေသည်။ ၎င်းနောက် မိန့်ဆိုသည်မှာ

رَبِّ اجْعَلْنِیْ مُقِیْمَ الصَّلٰوةِ وَمِنْ ذُرِّیَّتِیْ رَبَّنَا وَتَقَبَّلْ دُعَآءِ

ဤဒိုအာတွင် မိမိအတွက်နှင့် မိမိသားစဉ်မြေးဆက်များအတွက် နမာဇ်ကို စွဲမြဲစွာ ဆောက်တည် နိုင်ရန် ဒိုအာပြုခဲ့လေသည်။ တစ်ဖန် ဒိုအာ၏ အဆုံးတွင် ခယရိုကျိုးသောအနေနှင့် လျှောက်ထားတောင်း ဆိုခဲ့သည်မှာ အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်၏ ဤဒိုအာအား 'ကဗူလ်'ပြု လက်ခံတော်မူပါ။

တစ်ဖန် အဆုံးတွင် ပြည့်ဝစုံလင်သော ဒိုအာတစ်ခု ပြုခဲ့သည်။

رَبَّنَا اغْفِرْ لِیْ وَلِوَالِدَیَّ وَلِلْمُؤْمِنِیْنَ یَوْمَ یَقُوْمُ الْحِسَابُ

ဆိုလိုသည်မှာ အို၊ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိဘနှစ်ပါး၊ ထို့နောက် မုအ်မင်န်များအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ 'ဟရှရ်'ကွင်းပြင်တွင် သက်တမ်းတစ်လျှောက်လုံး၏ ကျင့်ဆောင်မှုများနှင့် ပတ်သက်ပြီး စာရင်းစစ်ဆေးခံရမည့်နေ့တွင် လွတ်ငြိမ်း ခွင့်ပေးတော်မူပါ။

ထိုဒိုအာတွင် မိဘနှစ်ပါးအတွက်လည်း 'မဂ်ဖွေရသ်'၏ ဒိုအာတောင်းခံခဲ့သည်။ စင်စစ်တွင် ဖခင် ဖြစ်သူ ဆိုလိုသည်မှာ အာဇရ်သည် ကာဖိရ်ဖြစ်ကြောင်းကို ကျမ်းတော်မြတ်ကုရ်အာန်တွင် တင်ပြထား ပေသည်။ ဖြစ်နိုင်ဖွယ်ရှိသည်မှာ ဤဒိုအာတောင်းခံချိန် တမန်တော်အိဗ်ရာဟီးမ် عليه السلام အား ကာဖိရ်များကို အသနားခံပေးမှုနှင့် 'မဂ်ဖွေရသ်'ဒိုအာပြုပေးခြင်းမှ မတားမြစ်ခံရသေးသည်လည်း ဖြစ်နိုင်သည်။ ဥပမာ- ကျမ်းမြတ်ကုရ်အာန်၏ အခြားတစ်နေရာတွင် وَاغْفِرْ لِاَبِیْٓ اِنَّهٗ كَانَ مِنَ الضَّآلِّیْنَ ဟူ၍ ဖြစ်သည်။

ပညတ်ချက်များနှင့် သြဝါဒများ

ဖော်ပြပါအာယသ်တော်ဖြင့် ဒိုအာတောင်းခံခြင်း၏ စည်းစနစ်များကို ဤသို့ သိရှိရသည်။ အကြောင်းမှာ အကြိမ်ကြိမ် ခယရိုကျိုးစွာဖြင့် တောင်းခံရမည်ဖြစ်သည်။ ထို့ပြင် ယင်းနှင့်အတူ အသျှင်မြတ်၏ ချီးမွမ်းထောပနာလည်း ပြုရပေမည်။ ဤနည်းဖြင့် ဒိုအာလက်သင့်ခံရန် ကြီးမားသော မျှော်လင့်ချက် ရရှိနိုင်မည်ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَا تَحْسَبَنَّ
اللَّهَ غَافِلًا عَمَّا يَعْمَلُ الظَّالِمُونَ ۚ إِنَّمَا يُؤَخِّرُهُمْ
لِيَوْمٍ تَشْخَصُ فِيهِ الْأَبْصَارُ ﴿٤٢﴾

၁၄ : ၄၂ ။ ။ ထို့ပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်အား မတရားသောသူများ ကျင့်မူကြကုန်သော အမှုကိစ္စတို့မှ အမှုမဲ့အမှတ်မဲ့ နေတော်မူသော အသျှင်မြတ်ဟူ၍ အလျဉ်း မထင်မှတ်လေနှင့်။ ထိုအသျှင်မြတ်သည် ၎င်းတို့အား အကြင်နေ့တိုင်အောင် ရွှေ့ဆိုင်းခွင့် ပေးတော်မူခြင်းသာလျှင် ဖြစ်ပေသည်။ ထိုနေ့တွင် (ကာဖိရ်တို့၏) မျက်စိမျက်ဆန်များသည် (မျက်တောင်မခတ်) စူးစိုက်လျက်ပင် ရှိနေကြပေမည်။

مُهْطِعِينَ مُقْنِعِي
رُءُوسِهِمْ لَا يَرْتَدُّ إِلَيْهِمْ طَرْفُهُمْ ۖ وَأَفْئِدَتُهُمْ هَوَاءٌ ﴿٤٣﴾

၁၄ : ၄၃ ။ ။ (ထိုနေ့တွင် ၎င်းတို့သည်) မိမိတို့၏ ဦးခေါင်းများကို မော့၍ ပြေးလွှားလျက်ပင် ရှိနေကြပေမည်။ (ထိုနေ့တွင်) ၎င်းတို့၏ မျက်စိများသည် ၎င်းတို့ဘက်သို့ ပြန်လှည့်မည်မဟုတ်ပေ။ (မျက်တောင်မခတ်ဘဲ ရှိကြပေမည်။) ထို့ပြင် ၎င်းတို့၏ စိတ်နှလုံးများသည်လည်း လွင့်ပျံလျက်ပင် ရှိနေကြပေမည်။ (သတိရှိကြမည် မဟုတ်ပေ။)

وَأَنذِرِ النَّاسَ يَوْمَ يَأْتِيهِمُ الْعَذَابُ فَيَقُولُ الَّذِينَ
ظَلَمُوا رَبَّنَا أَخِّرْنَا إِلَىٰ أَجَلٍ قَرِيبٍ نُّجِبْ دَعْوَتَكَ وَنَتَّبِعِ
الرُّسُلَ ۗ أَوَلَمْ تَكُونُوا أَقْسَمْتُم مِّن قَبْلُ مَا لَكُم مِّن زَوَالٍ ﴿٤٤﴾

၁၄ : ၄၄ ။ ။ ၎င်းပြင် (အို, နဗီတမန်တော်) အသင်သည် လူတို့အား ၎င်းတို့ထံ ပြစ်ဒဏ်ရောက်ရှိလာမည့် နေ့နှင့် စပ်လျဉ်း၍ သတိပေး နိုးဆော်ပါလေ။ ထိုအခါ ဤမကောင်းမှုများကို ကျူးလွန်ခဲ့ကြသော သူတို့က 'အို, ကျွန်တော်မျိုး၏

အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား အနည်းငယ်မျှသော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းခွင့် ပေးသနားတော်မူပါ။ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ ဖိတ်ခေါ်ချက်ကို သဘောတူ လက်ခံကြပါမည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ရစူလ်တမန်တော်များ၏ အမိန့်ကိုလည်း လိုက်နာကြပါမည်' ဟု ပြောဆိုလျှောက်ထားကြလိမ့်မည်။ (ထိုအခါ အလ္လာဟ်အသျှင်မြတ်က ၎င်းတို့အား ဤသို့ ပြန်ကြားတော်မူပေမည်။) 'အသို့ပါနည်း။ အသင်တို့သည် ယခင်မူလက 'မိမိတို့၌ မည်သို့မျှ လွဲဖယ်တိမ်းယိုင် ပျက်စီးယိုယွင်းမှုသည် အလျှင်းရှိလိမ့်မည်မဟုတ်' ဟူ၍ ကျိန်ဆို (ပြောဆို) ခဲ့ကြသည်မဟုတ်ပါလော။'

وَسَكَنتُمْ فِي مَسَٰكِنِ ٱلَّذِينَ ظَلَمُوٓا۟ أَنفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ
وَضَرَبْنَا لَكُمُ ٱلْأَمْثَالَ ﴿٤٥﴾

၁၄ : ၄၅ ။ ။ အမှန်စင်စစ် အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ နှိပ်စက်ကလူ ပြုမူခဲ့ကြကုန်သော သူတို့၏ နေထိုင်ရာ အရပ်များ၌ပင် နေထိုင်ခဲ့ကြကုန်၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား မည်သို့ ပြုလုပ်တော်မူခဲ့သည်ကိုလည်း အသင်တို့ရှေ့၌ ထင်ရှားခဲ့ပြီးဖြစ်၏။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အကျိုးငှာ ဥပမာပုံဆောင်ချက်များကိုလည်း ခိုင်းနှိုင်းပြတော်မူခဲ့လေသည်။

وَقَدْ مَكَرُوا۟ مَكْرَهُمْ وَعِندَ ٱللَّهِ مَكْرُهُمْ وَإِن كَانَ مَكْرُهُمْ لِتَزُولَ مِنْهُ ٱلْجِبَالُ ﴿٤٦﴾

၁၄ : ၄၆ ။ ။ အမှန်စင်စစ် ၎င်းတို့သည် မိမိတို့၏ လျှို့ဝှက်ကြံစည်မှုများကို ကြံစည်ခဲ့ကြလေသည်။ စင်စစ် ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုများသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ပင် ရှိခဲ့လေသည်။ အမှန်စင်စစ် ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုများသည် ယင်းကြံစည်မှုကြောင့် တောင်များပင် ရွေ့သွားနိုင်ကြပေသည်။

فَلَا تَحْسَبَنَّ ٱللَّهَ مُخْلِفَ وَعْدِهِۦ رُسُلَهُۥٓ ۗ إِنَّ ٱللَّهَ عَزِيزٌ ذُو ٱنتِقَامٍ ﴿٤٧﴾

၁၄ : ၄၇ ။ ။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်အား မိမိရစူလ်တမန်တော်များနှင့် ချိန်းချက်ထားရှိတော်မူသော ကတိတော်ကို ဖောက်ဖျက်တော်မူမည့် အသျှင်မြတ်ဟူ၍ အလျှင်း မထင်မှတ်လေနှင့်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ လက်စားချေတော်မူသော အသျှင်မြတ်ဖြစ်တော်မူပေသည်။

يَوْمَ تُبَدَّلُ ٱلْأَرْضُ
غَيْرَ ٱلْأَرْضِ وَٱلسَّمَٰوَٰتُ ۖ وَبَرَزُوا۟ لِلَّهِ ٱلْوَٰحِدِ ٱلْقَهَّارِ ﴿٤٨﴾

၁၄ : ၄၈ ။ ။ (ဤသည်တို့မှာ ထိုနေ့၌တွင် ဖြစ်အံ့။) အကြင်နေ့တွင် (ဤ) ပထဝီမြေသည် အခြားသော ပထဝီမြေဖြင့်လည်းကောင်း၊ (ဤ) မိုးကောင်းကင်များသည် (အခြားသော မိုးကောင်းကင်များဖြင့်) လည်းကောင်း ပြောင်းလဲသွားခြင်း

ခံရပေလိမ့်မည်။ ထို့ပြင် (ခပ်သိမ်းကုန်သော လူသတ္တဝါတို့သည်) တစ်ဆူတည်း ဖြစ်တော်မူသော၊ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ (အထင်အရှား) ထွက်ပေါ်လာခဲ့ကြပေမည်။

وَتَرَى الْمُجْرِمِينَ يَوْمَئِذٍ مُّقَرَّنِينَ فِي الْأَصْفَادِ ﴿٤٩﴾

၁၄ : ၄၉ ။ ။ ၎င်းပြင် အသင်သည် ထိုနေ့တွင် ပြစ်မှုကျူးလွန်သော သူတို့အား သံကြိုးများဖြင့် (ကိုယ့်အုပ်စုနှင့် ကိုယ် အသီးသီး) ပူးတွဲချုပ်နှောင်၍ ထားလျက် (ရှိသည်ကို) တွေ့မြင်ရပေမည်။

سَرَابِيلُهُم مِّن قَطِرَانٍ وَتَغْشَىٰ وُجُوهَهُمُ النَّارُ ﴿٥٠﴾

၁၄ : ၅၀ ။ ။ ၎င်းတို့၏ အင်္ကျီအဝတ်အစားများသည် 'ကတ္တီရာန်' ကျောက်မီးသွေး၊ ကတ္တရာစေးဖြင့် ပြီးသော အဝတ်အစားများပင် ဖြစ်ကြပေမည်။ ထို့ပြင် ငရဲမီးသည် ၎င်းတို့၏ မျက်နှာများကို ဖုံးအုပ်လျက် ရှိချေမည်။

لِيَجْزِيَ اللَّهُ كُلَّ نَفْسٍ مَّا كَسَبَتْ ۚ إِنَّ اللَّهَ سَرِيعُ الْحِسَابِ ﴿٥١﴾

၁၄ : ၅၁ ။ ။ (ဤသည်တို့မှာ) အလ္လာဟ်အသျှင်မြတ်သည် လူတိုင်းလူတိုင်းအား ၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြသည်များ နှင့် စပ်လျဉ်း၍ အစားပေးတော်မူရန် ဖြစ်ပေသည်။ စင်စစ်အမှန် အလ္လာဟ်အသျှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

هَٰذَا بَلَاغٌ لِّلنَّاسِ وَلِيُنذَرُوا

بِهِ وَلِيَعْلَمُوا أَنَّمَا هُوَ إِلَٰهٌ وَاحِدٌ وَلِيَذَّكَّرَ أُولُو الْأَلْبَابِ ﴿٥٢﴾

၁၄ : ၅၂ ။ ။ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် လူခပ်သိမ်းတို့အဖို့ အကြောင်းကြားချက်သည်လည်းကောင်း၊ ထို့ပြင် ယင်းသူတို့သည် (ယင်းကုရ်အာန်ကျမ်းတော်မြတ်ဖြင့်) သတိပေးနိုးဆော်ခြင်း ခံကြရန်အလို့ငှာလည်းကောင်း၊ ၎င်းပြင် ထိုအသျှင်မြတ်သည် တစ်ဆူတည်းသော ကိုးကွယ်ရာအသျှင်မြတ် ဖြစ်တော်မူကြောင်းကို ထိုသူတို့ သိရှိယုံကြည်ကြရန် အလို့ငှာ လည်းကောင်း၊ ထို့ပြင် ဉာဏ်ရှင်တို့သည် တရားရကြရန်အလို့ငှာလည်းကောင်း ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (အသင်တို့သည်) ဤဆိုးသွမ်းသူ (ကာဖိရ်) များ ပြုမူနေသမျှကို အလ္လာဟ်အသျှင်မြတ် သည် (လျင်မြန်စွာ ပြစ်ဒဏ်မခတ်သည့်အပေါ်) မေ့လျော့နေသည်ဟု မထင်မှတ်ကြနှင့်။ (အဘယ်ကြောင့် ဆိုသော်) ၎င်းတို့အား ထိုနေ့အထိသာလျှင် အခွင့်အရေးပေးထားခြင်း ဖြစ်သည်။ အကြင်နေ့တွင် ၎င်းတို့၏ မျက်ဝန်းများသည် (ကြောက်လန့်အံ့ဩကာ) ပြူးထွက်နေပေလိမ့်မည်။ (၎င်းနောက် ထိုသူတို့သည် စာရင်း

အင်းစစ်ဆေးသော နေရာဘက်သို့ ခေါ်ဆောင်ခံရ၍) ပြေးလွှားနေကြလိမ့်မည်။ (၄င်းနောက်) ထိုသူတို့၏ မျက်ဝန်းများသည် မိမိတို့ဘက်သို့ လှည့်ပြန်ကြည့်ရှုနိုင်ကြမည်မဟုတ်။ (ဆိုလိုသည်မှာ မျက်တောင်ပင် မခတ်နိုင်လောက်အောင် ငေးမောတွေဝေလျက် ရှိကြမည်။) ထို့နောက် ၄င်းတို့၏ နှလုံးသားသည် (လွန်စွာ ကြောက်ရွံ့လျက်) လုံးဝ အာရုံကင်းမဲ့သွားကြမည်။ ထို့နောက် (ထိုနေ့ ဆိုက်ရောက်လာသောအခါ အခွင့်အရေးရမည် မဟုတ်တော့ပေ။ ထို့ကြောင့်) အသင်တမန်တော် ၄င်းတို့အား ထိုနေ့ (ဆိုက်ရောက် လာခြင်းကို) ခြိမ်းခြောက်လော။ အကြင်နေ့တွင် ၄င်းတို့အပေါ် 'အဇာဗ်' အပြစ်ဒဏ်သက်ရောက်မည် ဖြစ်သည်။ တစ်ဖန် ဤဆိုးသွမ်းသူတို့ ပြောဆိုကြမည်မှာ အို၊ ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်တို့အား ရက်အနည်းငယ်မျှ (ထပ်မံ၍) အခွင့်အရေးပေးတော်မူပါ။ (၄င်းနောက် ဒွန္နယာ လောကသို့ တစ်ဖန် စေလွှတ်တော်မူပါ။) ကျွန်ုပ်တို့သည် (ထိုအနည်းငယ်မျှသော အချိန်ကာလတွင်) အသျှင် မြတ် ပြောဆိုသမျှကို နာခံကြမည်။ ၄င်းနောက် တမန်တော်များ၏ လမ်းစဉ်ကို လိုက်နာကြမည်။ (ပြန်လည် ဖြေကြားမိန့်တော်မူမည်မှာ ငါအသျှင်မြတ်သည် ဒွန္နယာလောကတွင် အသင်တို့အား ကာလကြာမြင့်စွာ အခွင့်အရေးများ မပေးခဲ့လေသလော။ ၄င်းနောက်) အသင်တို့သည် (ထိုကာလကြာမြင့်စွာ ရရှိခဲ့သော အခွင့်အရေးကြောင့်) ဤအလျင်က (ဒွန္နယာလောကတွင် ဤလောကမှ) မည်သည့်နေရာမျှ သွားရမည် မဟုတ်တော့ပေဟု ကျိန်တွယ်ကာ မပြောဆိုခဲ့ကြလေသလော။ (ဆိုလိုသည်မှာ ၄င်းတို့သည် 'ကေယာမသ်' ကို ငြင်းဆန်သူများ ဖြစ်ခဲ့ကြသည်။ ၄င်းနောက် ထိုငြင်းဆန်မှုကိုလည်း ကျိန်တွယ်ကာ ပြောဆိုခဲ့ကြသည်။ ဥပမာ- အခြားအာယသ်တော်တစ်ပိုဒ်တွင်

وَاَقْسَمُوْ بِاللّٰهِ جَهْدَ اَيْمَانِهِمْ لَا يَبْعَثُ اللّٰهُ مَنْ يَّمُوْتُ

ဟူ၍ တင်ပြထားသည်။) စင်စစ်တွင် (ထိုငြင်းဆန်မှုမှ အမြင်မှန်ရရန် အကြောင်းခံများ အမြောက် အမြား တည်ရှိနေသည်။ ဥပမာ-) အသင်တို့သည် ထို (လွန်လေပြီးသော) သူတို့၏ နေထိုင်ခဲ့ရာ နေရာ များတွင် နေထိုင်လျက်ရှိကြသည်။ အကြင်သူတို့သည် (ကုဖွ်ရ်ပြု၍ 'ကေယာမသ်' ကို ငြင်းဆန်ကာ) မိမိကိုယ်မိမိ ဆုံးရှုံးစေခဲ့သည်။ ၄င်းနောက် အသင်တို့သည် (တိကျမှန်ကန်သော သတင်းများဖြင့်) ဤအကြောင်းအရာကိုလည်း သိရှိပြီးဖြစ်သည်။ အကြောင်းမှာ ငါအသျှင်မြတ်သည် ၄င်းတို့အား မည်သို့ ဆက်ဆံခဲ့သည်။ (အကြောင်းမှာ ၄င်းတို့၏ ကုဖွ်ရ်ပြုမှုနှင့် ငြင်းဆန်မှုကြောင့် ၄င်းတို့အား အပြစ်ပေးခဲ့ သည်။ ထို့ကြောင့် ငြင်းဆန်ခြင်းသည် အမျက်ဒေါသစူးရှခံရဖွယ် ဖြစ်သည်ကို အသင်တို့ သိရှိနိုင်သည်။ ထို့ကြောင့် ဤအချက်ကို ထောက်ခံရန်လည်း အရေးကြီးသည်။ ၄င်းနောက် ယခင်အွမ္မသ်များ၏ နေရာ ဒေသ၌ နေထိုင်ကြခြင်းသည်လည်း အချိန်တိုင်းလိုလို ၄င်းတို့၏ အခြေအနေများကို အမှတ်ရစေမည့် အကြောင်း ခံများ ဖြစ်နိုင်သည်။ ထို့ကြောင့် မည်သည့်အချိန်တွင်မျှ ငြင်းဆန်ရန် အခွင့်အရေးမရှိပေ။) ၄င်းနောက် (ထိုအကြောင်းအရာများကို ကြားနာပြီးသည့်အပြင် သံဝေဂတရားရရန် လုံလောက်သော အကြောင်းအရာ များမှာ) ငါအသျှင်မြတ်သည် (လည်း) အသင်တို့အား ပမာများပေး၍ တင်ပြခဲ့သည်။ (ဆိုလိုသည်မှာ

ကောင်းကင်ကျကျမ်းများတွင် ငါအသျှင်မြတ်သည်လည်း ထိုအကြောင်းအရာများကို ပမာပေး၍ တင်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုခဲ့လျှင် ဤကဲ့သို့ပင် အမျက်စူးရခြင်းခံရပြီး 'အဇာဗ်' အပြစ်ဒဏ်သင့်မည်ဖြစ်သည်။ ထို့ကြောင့် ဦးစွာပထမ အကြောင်းအရာများကို အဆင့်ဆင့် ကြားခဲ့ကြသော သတင်းများအရလည်းကောင်း၊ တစ်ဖန် ငါအသျှင်မြတ်သည် ကျမ်းဂန်များတွင် ယင်းတို့ကို တင်ပြခြင်းကြောင့်လည်းကောင်း၊ တစ်ဖန် ပမာပေးတင်ပြမှုများအရလည်းကောင်း၊ တစ်ဖန် သတိပေးနှိုးဆော်မှုအရသော်လည်းကောင်း၊ ဤအကြောင်းခံများအားလုံးအရ အသင်တို့သည် 'ကေယာမသ်' နေ့ကို မငြင်းဆန်သင့်ကြပေ)

ငင်းနောက် (ငါအသျှင်မြတ်သည် ယခင် အွမ္မသ်များအား ၎င်းတို့၏ ကုဖွ်ရ်ပြုခြင်းနှင့် ငြင်းဆန်ခြင်းကြောင့် ပြစ်ဒဏ်ခတ်ခဲ့သည်။) ၎င်းတို့သည် (စစ်မှန်သော သာသနာကို ဖျောက်ဖျက်ရန်) မိမိတို့ဘက်မှ ကြီးမားသော အကြံအစည်များ၊ မြောက်မြားစွာ ပြုခဲ့ကြသည်။ ၎င်းနောက် ထိုသူတို့၏ (ဤ) အကြံအစည်များသည် အသျှင်မြတ်၏ ရှေ့တော်မှောက်တွင်သာ ရှိနေခဲ့သည်။ (ထိုအသျှင်မြတ်၏ အသိဉာဏ်တော်မှ ဖုံးကွယ်နေခဲ့ပေ။) ၎င်းနောက် မုချဧကန် ထိုသူတို့၏ အကြံအစည်များသည် ဤသို့ ရှိခဲ့သည်။ ယင်းကြောင့် တောင်သည်လည်း (မိမိနေရာမှ) ရွေ့လျားသွားမည်ဆိုလျှင် (အံ့ဩဖွယ်ရာဖြစ်နိုင်မည် မဟုတ်ပေ။ သို့သော်လည်း အမှန်တရားသည်သာ လွှမ်းမိုးနိုင်ခဲ့သည်။ ၎င်းနောက် ထိုသူတို့၏ အကြံအစည်များအားလုံးသည် အချည်းအနှီးဖြစ်ခဲ့သည်။ ထို့နောက် ၎င်းတို့သည်သာ ပျက်စီးကြကုန်သည်။ ဤအချက်ကြောင့် သိရှိရသည်မှာ နဗီတမန်တော်များ မိန့်ဆိုခဲ့ခြင်းသည်သာ အမှန်တရားများ ဖြစ်ပေသည်။ ၎င်းနောက် ထိုသူတို့၏ ငြင်းဆန်မှုသည် အမျက်စူးရခံရဖွယ်ရာနှင့် ပြစ်ဒဏ်သင့်ခံရဖွယ်ရာသာ ဖြစ်သည်။ 'ကေယာမသ်' နေ့တွင် ထိုသူတို့သည် လွှမ်းမိုးခံရမည်ကို သိရှိကြပြီးနောက် အသင်တို့သည်လည်း) အလ္လာဟ်အသျှင်မြတ်သည် မိမိတမန်တော်များအား ပြုထားသည့် ကတိတော်ကို ဆန့်ကျင်မည့်သူဟူ၍ မထင်မှတ်ကြလေနှင့်။ ('ကေယာမသ်' နေ့တွင် ငြင်းဆန်သူများကို ပြစ်ဒဏ်ခတ်ရန် ပေးထားသော ကတိတော်ကို ပြည့်ဝစေတော်မူမည်။ အထက်ပါအာယသ်တော်တွင်လည်း ဤသို့ပင် တင်ပြထားတော်မူသည်။) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ နိုင်နင်းတော်မူသော အသျှင် (၎င်းနောက်) ပြည့်ပြည့်ဝဝ အစားယူတော်မူသော အသျှင်ဖြစ်တော်မူသည်။

(အကြောင်းမှာ အစားယူသည့်နေရာတွင် မည်သူမျှ ထိုအသျှင်မြတ်ကို တားဆီး နိုင်မည်မဟုတ်ပေ။ 'ကွဒ်ရသ်' တန်ခိုးတော်သည်လည်း ပြီးပြည့်စုံတော်မူပြီး အလိုတော်ရှိရာ ဆောင်ရွက်နိုင်ကြောင်းကိုလည်း အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ သို့ပါ၍ ကတိတော်ကို ဆန့်ကျင်ရန် မည်သို့မျှ အကြောင်းမရှိတော့ပေ။ ၎င်းနောက် ဤအစားယူမှုသည် ထိုနေ့တွင်ဖြစ်မည်။) အကြင်နေ့တွင် လက်ရှိမြေပထဝီအစား အခြားမြေပထဝီ တစ်ခုကို ပြောင်းလဲပစ်တော်မူမည်။ ၎င်းနောက် မိုးကောင်းကင်ကိုလည်း (အခြားမိုးကောင်းကင်ဖြင့် ပြောင်းလဲပစ်လိုက်မည်။ အဘယ်ကြောင့်ဆိုသော် ပထမတစ်ကြိမ် စူရ်တံပိုးခရာမှုတ်လိုက်ခြင်းကြောင့် မိုးနှင့် မြေများ ပျက်စီးကုန်ကြမည်။ ဒုတိယတစ်ကြိမ် 'စူရ်' မှုတ်သောအခါမှ မိုးနှင့် မြေသည် အစမှ ပြန်လည် ဖြစ်ပေါ်လာပေမည်။) ၎င်းနောက် အရာခပ်သိမ်းသည် လွန်စွာ နိုင်နင်းတော်မူသော၊ တစ်ပါးသော အသျှင် အလ္လာဟ်၏ ရှေ့တော်မှောက်၌ အခစားဝင်ရမည်။ ('ကေယာမသ်' နေ့ကို ဆိုလိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ 'ကေယာမသ်'

နေ့တွင်သာ အစားယူတော်မူမည် ဖြစ်သည်။) ၎င်းနောက် (ထိုနေ့တွင် အသင်သည်) တရားခံများအား (ဆိုလိုသည်မှာ ကာဖိရ်များအား) သံကြိုးများဖြင့် တုပ်နှောင်ထားသည်ကို မြင်တွေ့ရမည်။ (၎င်းနောက်) ထိုသူတို့၏ အဝတ်အစားများသည် 'ကသွိရာန်'ဖြင့် ပြုလုပ်ထားပေလိမ့်မည်။ (ဆိုလိုသည်မှာ ခန္ဓာကိုယ် တစ်ခုလုံးကို ကတ္တရာဖြင့် ရစ်ပတ်ထားမည်။ သို့မှသာ ယင်းတွင် လျှင်မြန်ပြီး ပြင်းထန်စွာ မီးစွဲတောက်လောင် နိုင်မည်ဖြစ်သည်။ အဘိဓါန်စာအုပ်များနှင့် ဆေးကျမ်းများတွင် 'ကသွိရာန်'သည် ထင်းရှူးပင်၏ အဆီကို ခေါ်ဆိုသည်။)

၎င်းနောက် ထိုသူတို့၏ မျက်နှာပေါ်တွင်လည်း ရစ်ပတ်ထားမည်ဖြစ်သည်။ (ဤအကြောင်းအရာများကို ပြုရခြင်းမှာ) သို့မှသာ အလ္လာဟ်အသျှင်မြတ်သည် (အပြစ်ရှိ) သူတိုင်းကို ၎င်းတို့၏ အပြစ်များအတွက် ပြစ်ဒဏ်ခတ်ရဖြစ်သည်။ (၎င်းနောက် ဤသို့သော တရားခံများမြောင်စွာ ရှိသော်ငြားလည်း) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် (၎င်းတို့ကို စာရင်းအင်းစစ်ဆေးရာတွင် မည်သို့မျှ အခက်အခဲရှိမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည်) အလွန်လျှင်မြန်စွာ စာရင်းအင်းစစ်ဆေးတော်မူသော အသျှင် ဖြစ်သည်။ (အရာခပ်သိမ်းနှင့် ပတ်သက်သော စီရင်မှုကို စတင်ပြီး ချက်ချင်းပင် အဆုံးသတ်တော်မူလိမ့်မည်။) ဤ (ကုရ်အာန်) သည် လူသားတို့အတွက် ပညတ်တော်များ ပို့ဆောင်ခြင်း ဖြစ်သည်။ ('မုဗလ်လီးဂ်' ဆိုသည်မှာ တမန်တော်ကို အသိအမှတ်ပြု ထောက်ခံရန်ဖြစ်သည်။) ၎င်းနောက် ယင်း၏ အကြောင်းခံဖြင့် ('အဇားဗ်'ပြစ်ဒဏ်မှ) ခြောက်လှန့်ရန် ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်တစ်ပါး တည်းသာလျှင် အမှန်တကယ် ခဝပ်ကိုးကွယ်ထိုက်သော အသျှင်ဖြစ်ကြောင်း ယုံကြည်ကြရန် ဖြစ်သည်။ ၎င်းနောက် အသိဉာဏ်ကြွယ်ဝသူများသည် ဆုံးမသြဝါဒတရားများကို နာခံကြရန် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်အီဗ်ရာဟီးမ်တွင် နဗီတမန်တော်များ၏ အကြောင်းအရာများနှင့် ၎င်းတို့၏ မျိုးနွယ်စုများ ၏ အခြေအနေများနှင့် အကြောင်းအရာများကို အကျယ်တဝင့် တင်ပြထားပြီး အလ္လာဟ်အသျှင်မြတ်၏ ပညတ်တော်များအား ဆန့်ကျင်သူတို့၏ ရလဒ်ဆိုးများအကြောင်း၊ နောက်ဆုံးတွင် တမန်တော်အီဗ်ရာဟီးမ် ﷺ ကို တင်ပြထားပေသည်။ တမန်တော်ကြီးသည် 'ဗိုင်သွလ္လာဟ်ကအ်ဗာဟ်'ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သည်။ ထို့နောက် ၎င်း၏ သားမြေးများအတွက် အလ္လာဟ်အသျှင်မြတ်သည် မက္ကာဟ်ရွှေ မြို့တော်ကို ပေါ်ထွန်းစေခဲ့သည်။ ၎င်းနောက် ထိုမြို့တော်တွင် နေထိုင်သူများအား အဘက်ဘက်မှ ငြိမ်းချမ်း သာယာမှုအပေါင်းနှင့် မြောက်မြားစွာသော စားဝတ်နေရေး ချောင်လည်မှုများ ချီးမြှင့်တော်မူခဲ့သည်။ ထိုတမန်တော်ကြီး၏ သားစဉ်မြေးဆက်ဖြစ်သော ဗနီအီစ်မာအီလ်သည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် တမန်တော်မြတ် ﷺ ၏ ပထမဦးဆုံး သြဝါဒ နာခံကြရသူများဖြစ်ခဲ့သည်။

စူရာဟ်အီဗ်ရာဟီးမ်၏ ဤနောက်ဆုံးရုကူအ်တွင် အချုပ်သဘောဖြင့် ဤမက္ကာဟ်မြို့သားများကိုပင် ယခင်မျိုးနွယ်စုများ၏ အဖြစ်အပျက်များမှ သံဝေဂရယူရန် တိုက်တွန်းပြောဆိုခဲ့ပြီး ယခုလည်းဘဲ သတိမမူ

ခဲ့လျှင် 'ကေယာမသ်'၏ ကြောက်မက်ဖွယ်ရာ 'အဇာဗ်'ပြစ်ဒဏ်များ သက်ရောက်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်တော်မူခဲ့သည်။

ပဌမအာယသ်တော်တွင် တမန်တော်မြတ် ﷺ နှင့် ညှဉ်းပန်းနှိပ်စက်ခံရသူတိုင်းအား နှစ်သိမ့်စကား ပြောဆိုပြီး ဆိုးသွမ်းသူများအတွက် ပြင်းထန်သော 'အဇာဗ်'ပြစ်ဒဏ် သက်ရောက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားတော်မူသည်။ အကြောင်းမှာ ညှဉ်းပန်းနှိပ်စက်သူများနှင့် အပြစ်ရှိသူများသည် အလ္လာဟ်အသျှင်မြတ်၏ အခွင့်အရေးပေးထားခြင်းဖြင့် သောကမကင်းလေနှင့်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အပြစ်များကို မသိရှိပေဟူ၍ မထင်မှတ်လေနှင့်။ ထို့ကြောင့် အပြစ်ဒုစရိုက်များကို ကျူးလွန်နေပါလျက် မည်သည့် 'အဇာဗ်'အပြစ်ဒဏ်မျှ ၎င်းတို့အပေါ် မကျရောက်လာသောကြောင့် မောက်မာနေကြသည်။ ၎င်းတို့ ပြုကျင့်နေသည့် အရာများအားလုံး အလ္လာဟ်အသျှင်မြတ် တွေ့မြင်နေတော်မူသည်။ သို့သော် ထိုအသျှင်မြတ်သည် မိမိ၏ ကရုဏာတော်နှင့် ဉာဏ်အမြော်အမြင်တော်အရ အခွင့်အရေးပေးထားတော်မူခြင်းဖြစ်သည်။

لَا تَحْسَبَنَّ اللّٰهَ غَافِلًا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ် မေ့လျော့နေသည်ဟု မထင်မှတ်ကြလေနှင့်။ ဤမိန့်ဆိုချက်သည် အပေါ်ယံအားဖြင့် ထိုကဲ့သို့သော လူတိုင်းကို မိန့်ဆိုခြင်းဖြစ်သည်။ အကြင်သူတို့အား ၎င်းတို့၏ ပေါ့လျော့မှုနှင့် ရှိုက်သွာန်သည် လှည့်စားဖြားယောင်းထားသည်။ အကယ်၍ ဤမိန့်ဆိုချက်ကို တမန်တော်မြတ် ﷺ နှင့် ပတ်သက်သည်ဟု မှတ်ယူလျှင်လည်း ဆိုလိုရင်းမှာ အုမ္မသ်ထုအတွင်းရှိ ပေါ့လျော့နေသူများကို တင်ပြပြီး တိုက်တွန်းနှိုးဆော်ရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် 'မအာဇလ်လာဟ်'အလ္လာဟ်အသျှင်မြတ်သည် အခြေအနေအရပ်ရပ်ကို မေ့လျော့ကာ မသိရှိပေဟူ၍ ထင်မှတ်ရန်မှာ မည်သို့မျှ ဖြစ်နိုင်ဖွယ်ရာမရှိပေ။

ဒုတိယအာယသ်တော်တွင် တင်ပြထားသည်မှာ ထိုသို့ ဆိုးသွမ်းသူများအပေါ် 'အဇာဗ်'ပြစ်ဒဏ် ချက်ချင်း မကျရောက်ခြင်းမှာ ၎င်းတို့အတွက် ကောင်းသော လက္ခဏာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်း၏ ရလဒ်မှာ ထိုသူတို့သည် ရုတ်တရက် 'ကေယာမသ်'နှင့် တမလွန်၏ 'အဇာဗ်'ပြစ်ဒဏ်တွင် ကျရောက်သွားနိုင်ပေသည်။ ဆက်လက်၍ စူရာဟ်အဆုံးအထိ ထိုတမလွန်၏ 'အဇာဗ်'ပြစ်ဒဏ်များ အကြောင်း၊ ထို 'အဇာဗ်'ပြစ်ဒဏ်သည် ကြောက်မက်ဖွယ်ရာ ကျရောက်မည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြထားပေသည်။

لِيَوْمٍ تَشْخَصُ فِيْهِ الْاَبْصَارُ

ဆိုလိုသည်မှာ ထိုနေ့တွင် မျက်ဝန်းများ ပြူးကျယ်လျက်ရှိနေကြမည်။

مُهْطِعِيْنَ مُقْنِعِيْ رُءُوْسِهِمْ

ဆိုလိုသည်မှာ ကြောက်ရွံ့ခြောက်ခြားကာ ခေါင်းများ အပေါ်သို့ မော့၍ ဦးတည်ရာမဲ့ ပြေးလွှား နေကြမည်ဖြစ်သည်။

لَا يَرْتَدُّ اِلَيْهِمْ طَرْفُهُمْ

ငင်းတို့သည် မျက်တောင်ပင် ခတ်နိုင်မည် မဟုတ်ပေ။

وَاَفْئِدَ تُهُمْ هَوَاءٌ

ငင်းတို့၏ နှလုံးသားများသည် ထိန်းချုပ်၍ မရဘဲ အာရုံခံစားမှု ကင်းမဲ့နေကြမည်။

ဤအခြေအနေများကို တင်ပြပြီးသည့်နောက် တမန်တော်မြတ် ﷺ အား မိန့်တော်မူသည်မှာ 'အသင်သည် မိမိ၏ အွမ္မသ်သားအား ထိုနေ့၏ 'အဇာဗ်'ပြစ်ဒဏ်များမှ ခြောက်လှန့်လော။ အကြင်နေ့တွင် ဆိုးသွမ်းသူ၊ အပြစ်ရှိသူတို့သည် မတတ်သာသည့်အဆုံး အော်ဟစ်ကြမည်မှာ 'အို, ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်တို့အား အနည်းငယ်မျှ အခွင့်အရေးပေးတော်မူပါ။' ဆိုလိုသည်မှာ တစ်ဖန် ဒွန္နယာလောကသို့ ရက်အနည်းငယ်အတွက် ပြန်လည်စေလွှတ်တော်မူပါ။ သို့မှသာ ကျွန်ုပ်တို့သည် အသျှင်မြတ်၏ ဖိတ်ခေါ်မှုကို လက်သင့်ခံနိုင်မည်။ ငင်းနောက် အသျှင်မြတ်၏ တမန်တော်များ လမ်းစဉ်ကို လိုက်၍ ထို 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ရယူနိုင်မည် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ငင်းတို့၏ လျှောက်ထားချက်အား ဖြေကြားမည်မှာ ယခုမှ အသင်တို့ ဤသို့ ပြောဆိုနေကြသလော။ အသင်တို့သည် ယခင်က ငါတို့၏ ဥစ္စာစည်းစိမ် ဂုဏ်ပကာသနများသည် မည်သည့်အခါမျှ ကျဆင်းနိုင်မည်မဟုတ်ပေ။ ငါတို့သည် အမြဲတစေ ဒွန္နယာလောကတွင် ဤသို့ပင် စည်းစိမ်ဥစ္စာများနှင့် နေကြရမည်ဟု ကျိန်တွယ်၍ပင် ပြောဆိုခဲ့ကြသည်မဟုတ်ပါသလော။ ငင်းနောက် ပြန်လည်ရှင်ထရမည့် တမလွန်တွင် လောကကို ငြင်းဆန်ခဲ့ကြသည် မဟုတ်ပါသလော။

وَسَكَنْتُمْ فِىْ مَسَاكِنِ الَّذِيْنَ ظَلَمُوْٓا اَنْفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الْاَمْثَالَ

ဤသည် အာရဗ်နိုင်ငံသား မုရှ်ရစ်ကင်များကို ရည်ညွှန်းမိန့်ဆိုနေသည်မှာ ထင်ရှားပေသည်။ ငင်းတို့နှင့် ပတ်သက်ပြီး တမန်တော်မြတ် ﷺ အား မိန့်တော်မူသည်မှာ اَنْذِرِ النَّاسَ ဆိုလိုသည်မှာ ငင်းတို့အား ခြောက်လှန့်လော။ ဤမိန့်ဆိုချက်တွင် ငင်းတို့အား သတိပေးထားသည်မှာ လွန်လေပြီးသော အွမ္မသ်များ၏ အခြေအနေများနှင့် အပြောင်းအလဲများသည် အသင်တို့အတွက် အကောင်းမွန်ဆုံး ဩဝါဒတရားများဖြစ်သည်။ အသင်တို့သည် ထိုအကြောင်းအရာများမှ သံဝေဂတရား မရယူကြသည်မှာ အံ့သြဖွယ်ရာ ဖြစ်သည်။ စင်စစ်တွင် အသင်တို့သည် ထိုပျက်စီးသွားသော အွမ္မသ်များ၏ နေရာဒေသများတွင်သာ သွားလာနေထိုင်လျက် ရှိကြသည်။ ငင်းနောက် အသင်တို့သည် အခြေအနေအချို့ကို တွေ့မြင်ကြရ၍သော်လည်းကောင်း၊ ဆင့်ကဲဆင့်ကဲ ကြားသိခဲ့ကြရသော သတင်းစကားများကြောင့်သော်လည်းကောင်း အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ ဖီဆန်မှုများကြောင့် ငင်းတို့အပေါ် မည်သို့ 'အဇာဗ်'ပြစ်ဒဏ်များ ကျရောက်စေခဲ့သည်ကို

သိရှိကြပြီး ဖြစ်သည့်အပြင် ငါအသျှင်မြတ်သည်လည်း အသင်တို့အား လမ်းမှန်ရောက်စေရန် ပမာများ အမြောက်အမြား တင်ပြမိန့်ဆိုခဲ့သည်။ သို့သော်လည်း အသင်တို့သည် သတိမမူနိုင်ကြသေးပေ။

وَقَدْ مَكَرُوْامَكْرَهُمْ وَعِنْدَ اللهِ مَكْرُهُمْ وَاِنْ كَانَ مَكْرُهُمْ لِتَزُوْلَ مِنْهُ الْجِبَالُ

ဆိုလိုသည်မှာ အကြင်သူတို့သည် မှန်ကန်သော သာသနာကို ဖြိုဖျက်ရန်နှင့် မှန်ကန်သော ဖိတ်ခေါ်မှုအား လက်ခံသော မွတ်စလင်မ်များကို ဒုက္ခရောက်စေရန် ပြည့်ဝသော အကြံအစည်များ ပြုခဲ့ကြသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ၎င်းတို့၏ ပေါ်ထင်သော အကြံအစည်များနှင့် လျှို့ဝှက်ချက်များအားလုံး ရှိနေသည်။ ထိုအသျှင်မြတ်သည် အားလုံးထက် သာပို၍ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့နောက် ယင်းအကြံအစည်များအားလုံးကို အသုံးမဝင်အောင်လည်း ပြုစွမ်းနိုင်တော်မူသည်။ စင်စစ်တွင် ၎င်းတို့၏ အကြံအစည်များသည် အဘယ်မျှ ကြီးမားပြင်းထန်သည်ဆိုသော် ယင်းတို့ကို ရင်ဆိုင်မိလျှင် တောင်များသည်ပင် မိမိတို့နေရာမှ ရွေ့သွားပေသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူသော တန်ခိုးတော်ရှေ့တွင် ဤအကြံအစည်များအားလုံးသည် အသုံးမဝင် အောင်မြင်ခြင်း မရှိခဲ့ပေ။ ဤအာယသ်တော်တွင် တင်ပြထားသော ဆန့်ကျင်ဘက် အကြံအစည်များနှင့် ပတ်သက်ပြီး ဖြစ်နိုင်ဖွယ်ရှိသည်မှာ ယင်းတို့သည် လွန်လေပြီးသော ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရသည့် အွမ္မသ်များ၏ အကြံအစည်များလည်း ဖြစ်နိုင်သည်။ ဥပမာ- နမ်ရူးဒ်၊ ဖိရ်အောင်န်၊ အားဒ်မျိုးနွယ်စုနှင့် စမူးဒ်မျိုးနွယ်စု စသည်တို့ ဖြစ်သည်။ ၎င်းနောက် အာယသ်တော်တွင် လက်ရှိအာရဗ်မျိုးနွယ်ဝင် မုရှ်ရစ်က်များ၏ အခြေအနေကို တင်ပြထားခြင်းလည်း ဖြစ်နိုင်သည်။ အကြောင်းမှာ ၎င်းတို့သည် တမန်တော်မြတ် ﷺ အား ဆန့်ကျင်၍ ကြီးမားနက်ရှိုင်းသော ရေရှည်ကြံစည်မှုများ ပြုခဲ့ကြသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် ယင်းတို့ကို မအောင်မြင်စေခဲ့ပေ။

၎င်းနောက် မြောက်မြားစွာသော သဖ်စီးရ်ပညာရှင်များသည်

وَاِنْ كَانَ مَكْرُهُمْ

တွင် اِنْ ကို အငြင်းစာသားဟု သတ်မှတ်ကာ ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။ စင်စစ်တွင် ၎င်းတို့သည် မြောက်မြားစွာသော အကြံအစည်များကို ပြုခဲ့ကြသည်။ သို့သော် ၎င်းတို့၏ အကြံအစည်များကြောင့် တောင်သည်ပင် မိမိနေရာမှ မရွေ့လျားနိုင်ခဲ့ပေ။ ၎င်းနောက် ဤနေရာတွင် တောင်ဟူသည့် အလိုသဘောမှာ တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ ခိုင်မာသော ရည်ရွယ်ချက်နှင့် မြဲမြံတည်တံ့မှုပင် ဖြစ်သည်။ အကြောင်းမှာ ကာဖိရ်တို့၏ မည်သည့်အကြံအစည်မျှ ဤမြဲမြံမှုကို မထိရောက်နိုင်ခဲ့ပေ။

ဤနောက်တွင် အွမ္မသ်သားများအား ကြားနာစေရန်အတွက် တမန်တော်မြတ် ﷺ အား သို့မဟုတ် ရည်ညွှန်းမိန့်ဆိုခံရသူတိုင်းအား ဤသို့ အသိပေး နှိုးဆော်ထားပေသည်။

فَلَاتَحْسَبَنَّ اللّٰهَ مُخْلِفَ وَعْدِهٖ رُسُلَهٗ اِنَّ اللّٰهَ عَزِيْزٌذُوا انْتِقَامٍ

ဆိုလိုသည်မှာ အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်များအား အောင်နိုင်မှုနှင့် အကူအညီများ ချီးမြှင့်မည်ဟု ပေးထားသော ကတိတော်များကို ဆန့်ကျင်မှုပြုလိမ့်မည်ဟု မည်သူမျှ မထင်မှတ်ကြလေနှင့်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် နိုင်နင်းတော်မူသော အသျှင်၊ ၎င်းနောက် အစားယူတော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် ဧကန်မုချ မိမိတမန်တော်များ၏ ရန်သူများကို လက်စား ချေတော်မူမည်။ ၎င်းနောက် တမန်တော်များအား ပေးထားသော ကတိတော်များကို ပြည့်ဝစေတော်မူမည်။

ရှေ့လာမည့် အာယသ်တော်များတွင် 'ကေယာမသ်' နေ့၏ ကြောက်မက်ဖွယ်ရာ အခြေအနေများနှင့် အကြောင်းအရာများကို ထပ်မံတင်ပြထားပြီး မိန့်တော်မူသည်မှာ-

يَوْمَ تُبَدَّلُ الْاَرْضُ غَيْرَالْاَرْضِ وَالسَّمٰوٰتُ وَبَرَزُوْالِلّٰهِ الْوَاحِدِ الْقَهَّارِ

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့သည် ဤသို့ ဖြစ်ရှိမည်။ အကြောင်းမှာ ထိုနေ့တွင် လက်ရှိ မြေပထဝီနှင့် မိုးကောင်းကင်ကြီးကို ပြောင်းလဲပစ်လိမ့်မည်။ ၎င်းနောက် အရာခပ်သိမ်းတို့သည် တစ်ပါးတည်း တည်ရှိတော်မူသော၊ နိုင်နင်းတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာကြ မည် ဖြစ်သည်။

မိုးနှင့် မြေကို ပြောင်းလဲပစ်တော်မူမည်ဆိုသော အဓိပ္ပာယ်မှာ ယင်းတို့၏ ဂုဏ်အင်္ဂါလက္ခဏာများ နှင့် ပုံသဏ္ဌာန်ကို ပြောင်းလဲလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်၏ အခြား အာယသ်တော်များနှင့် ဟဒီးစ်ဩဝါဒတော်များတွင် လာရှိသည်မှာ မြေပထဝီအား ညီညာသော မျက်နှာပြင် ရှိသည့် အသွင်သို့ ပြောင်းလဲဖန်ဆင်းတော်မူလိုက်မည်။ ယင်းမြေမျက်နှာပြင်တွင် မည်သည့်တိုက်တာများ၏ အကာအကွယ်နှင့် မည်သည့်အပင်များ၏ အကာအကွယ်လည်း ရှိမည်မဟုတ်ပေ။ မည်သည့်တောင်များနှင့် တောင်ပူစာများလည်း ရှိမည်မဟုတ်သကဲ့သို့ လှိုဏ်ဂူများ ချောက်ကမ်းပါးများလည်း ရှိမည်မဟုတ်ပေ။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ယင်း၏ အခြေအနေကို ဤသို့ တင်ပြမိန့်ဆိုထားသည်။

لَاتَرٰى فِيْهَاعِوَجًاوَّلَا اَمْتًا

ဆိုလိုသည်မှာ အမှောင်ခေတ်တွင် တိုက်တာအဆောက်အအုံများနှင့် တောင်များကြောင့် လမ်းများ ကွေ့ကောက်စွာ ဖောက်လုပ်ထားရပြီး အချို့နေရာတွင် မြင့်နေပြီး အချို့နေရာများတွင် နိမ့်နေသကဲ့သို့ မဟုတ်ဘဲ ရှင်းလင်းသော ကွင်းပြင်ကြီးဖြစ်မည်။ ၎င်းနောက် မိုးနှင့်မြေကို ပြောင်းလဲပစ်မည်ဟူသော အဓိပ္ပာယ်မှာ ဤသို့လည်း ဖြစ်နိုင်သည်။ အကြောင်းမှာ လက်ရှိမြေမျက်နှာပြင်နှင့် မိုးကောင်းကင်ကြီး လုံး၀ ပြောင်းလဲပစ်ပြီး ယင်းတို့အစား မြေပထဝီအသစ်နှင့် မိုးကောင်းကင်အသစ်ကို ဖန်ဆင်းတော်မူမည် ဖြစ်သည်။ ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ဆင့်ပြန်ထားသော ဟဒီးစ်တော်များတွင်လည်း အချို့ဟဒီးစ် တော်များတွင် မိုးနှင့် မြေ၏ အသွင်သဏ္ဌာန်ကိုသာ ပြောင်းလဲပစ်တော်မူမည်ဟု လာရှိထားပြီး အချို့တွင် မိုးအသစ်၊ မြေအသစ်ကို ဖန်ဆင်းပြောင်းလဲတော်မူမည်ဟူ၍ လာရှိထားသည်။

ဟဒီးစ်တော်ပညာရပ်၏ အေမာမ်တစ်ဦးဖြစ်သူ ဗိုင်ဟကီသခင်က ဆွဟီးဟ်စနဒ်ဖြင့် အဗ်ဒုလာဟ် ဗင်န်မတ်စ်အူးဒ် رضي الله عنه သခင်ထံမှ ဤအာယသ်တော်နှင့် ပတ်သက်ပြီး ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်။ ၎င်းမှာ 'ဟရှရ်'ကွင်းပြင်၏ မြေသည် လုံးဝ သစ်လွင်သော မြေပထဝီဖြစ်ပြီး ငွေကဲ့သို့ ဖြူဖွေးလျက်ရှိမည်။ ၎င်းနောက် ထိုမြေပထဝီသည် ယင်းပေါ်၌ မည်သူတစ်ဦးတစ်ယောက်မှ 'ဂိုနာဟ်'အကုသိုလ်တစ်ခုခုကို ကျူးလွန်ခဲ့ဘူးမည်မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်မျှလည်း မတရားသဖြင့် သွေးမြေခခဲ့ဘူးမည် မဟုတ်ပေ။ ထိုနည်းတူစွာ မွစ်နဒ်အေဟ်မဒ်နှင့် သဖ်စီးရ်အိဗ်နေကျစီးရ်၏ ကျမ်းရှိ ဟဒီးစ်တော်များတွင်လည်း အနတ်စ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်အရ ဤအကြောင်းအရာကိုပင် တင်ပြထားသည်။ *[မဇ္ဇဟရီးကျမ်း]*

ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတွင် စဟလ်ဗင်န်ဆအဒ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ကေယာမသ်'နေ့တွင် လူသားတို့အား ဂျုံမှုန့်ဖြူနှင့် ပြုလုပ်ထားသော မုန့်ပမာ ဖြူဖွေးသန့်ပြန့်သော မြေပေါ်တွင် စုရုံးစေမည်ဖြစ်သည်။ ထိုမြေပေါ်တွင် မည်သည့်အမှတ်အသားမှ (ဥပမာ– တိုက်တာ၊ ဥယျာဉ်သစ်ပင်၊ တောင်ကုန်းမြင့် စသည့်အရာများ) ရှိမည်မဟုတ်ပေ။ ဤအကြောင်းအရာကိုပင် ဗိုင်ဟကီကျမ်းရှင်က အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် رضي الله عنه သခင်ထံမှ ဤအာယသ်တော်၏ သဖ်စီးရ်တွင် ဆင့်ပြန်တင်ပြထားသည်။

၎င်းနောက် ဟာကင်မ်ကျမ်းရှင်သည် ခိုင်မာသော ဆနဒ်ဖြင့် ဂျာဗိရ် رضي الله عنه သခင်ထံမှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်။ 'ကေယာမသ်'နေ့တွင် ဤမြေပထဝီကြီးကို သားရေတစ်ချက်အား ဆွဲဆန့်သကဲ့သို့ ဆွဲဆန့်လိမ့်မည်။ ယင်းကြောင့် မြေပထဝီ၏ အနိမ့်အမြင့်များ ပျောက်သွားပေလိမ့်မည်။ ဤသို့ဖြင့် မြေပထဝီ၏ လှိုဏ်ဂူများ၊ တောင်များအားလုံး တစ်ပြေးညီဖြစ်သွားပြီး ညီညာသော မြေမျက်နှာပြင်ကြီး ဖြစ်ရှိသွားလိမ့်မည်။ ထို့နောက် အာဒမ် عليه السلام ၏ သားစဉ်မြေးဆက်သည် ထိုမြေပေါ်တွင် စုရုံးကြမည်။ ထိုစုရုံးမှုကြောင့် လူသားတစ်ဦးသည် မိမိမတ်တတ်ရပ်နိုင်သော နေရာအကျယ်အဝန်းမှသာ နေရာရမည်ဖြစ်သည်။ တစ်ဖန် 'ဟရှရ်'ကွင်းပြင်တွင် အားလုံးထက်အလျင် ငါကိုယ်တော်မြတ်အား ခေါ်ယူတော်မူမည်။ ငါကိုယ်တော်သည် မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရှေ့တွင် 'စဂျ်ဒဟ်'ဦးချမည်။ တစ်ဖန် ငါကိုယ်တော်မြတ်အား 'ရှဖာအသ်'အသနားခံခွင့် ရရှိမည်။ ထိုအခါ ငါကိုယ်တော်သည် အဖန်ဆင်းခံအားလုံးအတွက် 'ရှဖာအသ်'ပြုတော်မူမည်။ အားလုံး၏ စာရင်းအင်းစစ်ဆေးမှု လျင်မြန်စွာ ပြီးမြောက်သွားရန် ဖြစ်သည်။

ဤနောက်ဆုံး ဆင့်ပြန်ချက်အရ သိရှိရသည်မှာ မြေပထဝီတွင် သွင်ပြင်လက္ခဏာသည်သာ အပြောင်းအလဲဖြစ်မည်။ အကြောင်းမှာ လှိုဏ်ဂူများ၊ တောင်များ၊ တိုက်တာများနှင့် သစ်ပင်များ ရှိတော့မည် မဟုတ်ပေ။ သို့သော် မူလမြေပထဝီဇစ်မြစ်သည် ကျန်ရှိနေမည်ဖြစ်သည်။ ၎င်းနောက် ယခင် ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ 'ဟရှရ်'မြေပြင်သည် လက်ရှိမြေပထဝီအစား အခြားမြေပထဝီတစ်ခု ဖြစ်မည်။ ၎င်းနောက် အာယသ်တော်တွင် ပါရှိသော ပြောင်းလဲမှုသည် မြေပထဝီဇစ်မြစ်တစ်ခုလုံးကို ပြောင်းလဲပစ်ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။

ဗယာနွလ်ကုရ်အာန်သဖ်စီးရ်ကျမ်းတွင် ဟာကီမွလ်အွမ္မသ် ဟာဇရသ်ထာနဝီ (ရဟ) သခင်ကြီးက မိန့်တော်မူသည်မှာ ဤအဆိုနှစ်ရပ်စလုံးတွင် အကွဲအလွဲမရှိပေ။ ဖြစ်နိုင်ဖွယ်ရှိသည်မှာ ပထမအကြိမ် 'စူရ်' တံပိုး မှုတ်သည့်အခါ လက်ရှိ မြေပထဝီကြီး၏ အသွင်သဏ္ဌာန်များ ပြောင်းလဲသွားပြီး တစ်ဖန် စာရင်း စစ်ဆေးရန်အတွက် လူသားတို့သည် အခြားမြေပထဝီတစ်ခုဘက်သို့ ပြောင်းရွှေ့ခံရမည် ဖြစ်သည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် မွတ်စ်နဒ် အဗ်ဒွလ် အိဗ်နှ ဟုမိုင်းကျမ်းမှ အိကဲရမဟ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ခုကို ဆင့်ပြန်ထားသည်။ ထိုဆင့်ပြန်ချက်သည် အထက်ပါအဆိုနှင့် ကိုက်ညီနေသည်။ ထိုဆင့်ပြန်ချက်၏ အဓိပ္ပာယ်မှာ လက်ရှိမြေပထဝီကြီးသည် ကျုံ့သွားမည်ဖြစ်သည်။ ၎င်းနောက် ယင်း၏ တစ်ဖက်တစ်ချက်တွင် အခြားမြေပထဝီတစ်ခု ရှိမည်။ ထိုမြေပေါ်တွင် စာရင်းအင်း စစ်ဆေးရန်အတွက် စုရုံးစေမည်ဖြစ်သည်။

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် စောင်ဗာန် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ ထံပါးသို့ ယဟူဒီအာလင်မ်တစ်ပါး ရောက်ရှိလာခဲ့သည်။ ၎င်းနောက် မေးမြန်းသည်မှာ ဤမြေပထဝီကြီးကို ပြောင်းလဲပစ်တော်မူသည့် အချိန် လူသားများသည် မည်သည့်နေရာတွင် ရှိမည်နည်း။ ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ပွလ်စွေရာသ်'အနီးရှိ အမှောင်ထုထဲတွင် ရှိနေမည်။

ဤဆင့်ပြန်ချက်အရ သိရှိရသည်မှာ လက်ရှိမြေပထဝီမှ အခြားမြေပထဝီဘက်သို့ 'ပွလ်စွေရာသ်' မှ တစ်ဆင့် ကူးပြောင်းရမည်ဖြစ်သည်။ ၎င်းနောက် အိဗ်နေဂျရီးရ်သခင်သည် မိမိသဖ်စီးရ်ကျမ်းတွင် မြောက်မြားစွာသော ဆွဟာဗီများနှင့် သာဗေအီးန်များ၏ အဆိုများကို ဆင့်ပြန်ထားသည်မှာ ထိုအချိန်တွင် လက်ရှိ မြေပထဝီနှင့် ယင်းအပေါ်ရှိ မြစ်၊ ချောင်း၊ သမုဒ္ဒရာအားလုံး မီးဖြစ်သွားပေလိမ့်မည်။ ပမာဆိုရသော် ဤဒွန္နယာလောက၏ နေရာဒေသအားလုံးသည် ထိုအချိန် 'ဂျဟန္နမ်'၏ နေရာဒေသများ ဖြစ်ရှိသွားလိမ့်မည်။ ယင်း၏ ပြောင်းလဲမှု ပုံသဏ္ဌာန်အစစ်အမှန်ကို အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူသည်။ ဗန္ဒာဟ် များအတွက်မူကား ဤသို့ သုံးသပ်ရုံမှအပ အခြားနည်းလမ်းမရှိပါ။

နောက်ဆုံးအာယသ်တော်များတွင် ငရဲဘုံသားများ၏ အခြေအနေများကို တင်ပြထားသည်။ အကြောင်းမှာ အပြစ်ရှိသူများကို သံကြိုးတစ်ချောင်းဖြင့် တုပ်နှောင်စေမည်။ ဆိုလိုသည်မှာ အပြစ်တိုင်း နှင့် ပတ်သက်သော တရားခံများကို သီးခြားစီ စုပြီး တစ်နေရာတွင် ချည်နှောင်ထားလိမ့်မည်။ ၎င်းတို့ကို ဝတ်ဆင်စေမည့် အဝတ်အစားမှာ 'ကသွိရာန်'ဖြစ်သည်။ 'ကတ္တရာ'ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုကတ္တရာ သည် မီးတောက်စေနိုင်သော အရာတစ်ခုဖြစ်သည်။ ချက်ချင်း မီးစွဲနိုင်သည်။

နောက်ဆုံးအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ 'ကေယာမသ်'၏ အခြေအနေအရပ်ရပ်ကို တင်ပြထားခြင်းမှာ လူသားတို့အား သတိပေးနှိုးဆော်ရန်ဖြစ်သည်။ အကြောင်းမှာ ခဝပ်ကိုးကွယ်ထိုက်သော၊ အမိန့်နာခံထိုက်သော အသျှင်သည် တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူသည်ကို ယခု လည်း နားလည်သဘောပေါက်နိုင်သည်။ ၎င်းနောက် အနည်းငယ်မျှပင် အသိဉာဏ်ရှိသူသည် ရှရစ်ကတ်ဖက် နှိုင်းယှဉ်ခြင်းမှ ရှောင်ရှားနိုင်ရန် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဟာဇ်ဂ်ျရ်

ကျောက်ဆောင်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓرٰ تِلْكَ اٰيٰتُ الْكِتٰبِ وَقُرْاٰنٍ مُّبِيْنٍ ①

၁၅ : ၁ ။ ။ အလစ်ဖ်၊ လာ…မ်..ရာ။ ဤသည်မှာ (အဘက်ဘက်မှ ပြီးပြည့်စုံသော) ကျမ်းဂန်၏ အာယသ်တော်များသည်လည်းကောင်း၊ ထင်ရှားလှစွာသော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များသည်လည်းကောင်း ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

الٓرٰ (ဤစာသား၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူသည်။) ဤအာယသ်တော်များသည် ပြီးပြည့်စုံသော ရှင်းလင်းပြတ်သားသည့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များပင် ဖြစ်သည်။ (ဆိုလိုသည်မှာ ဤဂုဏ်ပုဒ်နှစ်ခုစလုံးသည် ဤကျမ်းတော်မြတ်၏ ဂုဏ်ပုဒ်ဖြစ်သည်။ တစ်ခုမှာ ပြီးပြည့်စုံသော ကျမ်းဖြစ်၍ အခြားတစ်ခုမှာ ရှင်းလင်းပြတ်သားသော ကုရ်အာန်ကျမ်းတော်မြတ်ဖြစ်သည်။ ဤစာသားများကို ထောက်ရှုခြင်းအားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်သည် မှန်ကန်သော ကျမ်းဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း တင်ပြပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်မှုမရှိသူများ၏ ဝမ်းနည်းကြေကွဲဖွယ်ရာအကြောင်းနှင့် 'အဇားဗ်' ပြစ်ဒဏ်များအကြောင်းကို တင်ပြပေလိမ့်မည်။ (သို့) ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်တော်များကို မလိုက်နာသူများအတွက် ဝမ်းနည်းဖွယ်ရာနှင့် ပြစ်ဒဏ်များအကြောင်း တင်ပြခြင်းဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၃]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''